အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်၊ ဒုတိယနာယက
ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသ ၏

# အောင်ခြင်းရှစ်ပါး
# တရားတော်



၁၅၉၂၈

အမရပူရမြို့

မဟာဂန္ဓာရုံကျောင်းတိုက်

ဒုတိယ-နာယကဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားအပ်သော

# အောင်ခြင်းရှစ်ပါး

# တရားတော်

လွင်-ပုံနှိပ်တိုက်၊ ၈၂-လမ်း, မန္တလေးမြို့။

# အမှာ

"စာသင်တိုက်ကြီး တတိုက်အနေဖြင့် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသောသာမှုနာမှုကိစ္စများ၌ သက်ဆိုင်ရာ အနုမောဒနာ တရား ဟောစွမ်းနိုင်သော ပုဂ္ဂိုလ်မျိုး အနည်းဆုံး တပါးတလေ တော့ ရှိထိုက်သည်၊ ရှိစကောင်းသည်"ဟူသော ခံယူချက်ဖြင့်ရင်း၊

" ဗဟုဇနဿ ဓမ္မကထာဒိနာ ပညာသံဝတ္တနိယကမ္မံ တတ္ထ= လူအပေါင်းအား တရားစကား ဟောပြောမှု စသည်ဖြင့် ပညာ ပါရမီ တိုးပွားကြောင်း ကောင်းမှုကံကိုပြုလုပ်၍"ဟု (ထေရီ အဋ္ဌ ကထာ နှာ-၁၃၁)၌ လာသော ပညာ ဧတဒဂ်ဘွဲ့ရများ ဖြစ်ကြ သော လက်ျာတော်ရံ အရှင်သာရိပုတြာနှင့်၊ ခေမာထေရီ ရဟန္တာ ပုဂ္ဂိုလ်ကြီးများ၏ ပါရမီဖြည့်လုပ်ငန်းများကို အားကျ အတုယူလို သဖြင့်ရင်း၊

ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ်ကပင် ဆရာတော်ကြီး မအားလပ်သောအခါ ကူညီ၍ တရားဟောပြောမှုကိုပြုနိုင်အောင် ကြိုးစား၍ စာချတာဝန်အပြင်၊ တရားဟောပြောမှု တာဝန်ကိုပါ တွဲဘက်၍ ထမ်းဆောင်နေလာ ခဲ့သည်။

ထိုသို့ ဟောပြောမှု တာဝန်ကိုပါ တွဲဘက်၍ ထမ်းဆောင်နေခဲ့ ရာမှ ကျောင်းတိုက်အတွင်းသာ မက၊ မကင်းရာ မကင်းကြောင်း အနေအားဖြင့် ကျောင်းတိုက်၏အပြင်ဘက် ကိစ္စများ၌ပါ ဟော ပြော ပေးခဲ့ရပါသည်။

တပည့်ပါ ကြိုးစားမှု ဖြစ်နိုင်သည်၊ ဒါ့ကြောင့် ဘုန်းကြီးက တရားဟောဘုန်းကြီးထက်, စာချဘုန်းကြီး ဖြစ်ဘို့ကိုသာ ရှေ့ရှုသည်၊ သို့သော် ယခုလို မလွဲမကင်းသာသော, ကျောင်းတိုက်မှာ ကျေးဇူး များနေသော ဒကာ — ဒကာမ များက ပင့်လျှင်တော့ ထည့်ပါသည်၊ ပင့်သွားကြပါ"ဟု မိန့်တော်မူဘူးသည်။

**မှတ်ချက်။** ။ထို ရေဦးမြို့မှ ဒကာ - ဒကာမ များမှာ သံဃာ (၆၀၀) ကျော်ရှိ အမရပူရမြို့ မဟာဂန္ဓာရုံ တိုက်ကြီးအား နှစ်စဉ် ဆွမ်းဆန်တော် တင်း (၇၀၀) (၈၀၀) ရရှိအောင် ဦးဆောင် နှိုးဆော်၍ လှူဒါန်း ထောက်ပံ့ နေကြသော ဒကာ-ဒကာမများ ဖြစ်ကြသည်။

## အမရပူရ မော်တော်ယာဉ် အသင်းမှ ပင့်ခြင်း

အမရပူရ မန္တလေး အမှတ် (၈) မော်တော်ယာဉ် အသင်းကြီးသည် နှစ်စဉ် တန်ဆောင်မုန်းလ၌ မဟာ ဘုံကထိန်ပွဲ ခင်းကျင်း၍ မဲကျရာ ကျောင်းတိုက်၌ လှူဒါန်းလေ့ရှိသည်၊ ၁၃၃၇-ခုနှစ် မဟာ ဘုံကထိန်၌မူ တရားပွဲထည့်ရန် အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ကြသည်၊ ထိုသို့ ဆုံးဖြတ်၍ တရားပွဲဖြစ်မြောက်ရေး ဆပ်ကော်မတီ အဖွဲ့ဝင် တားပိုင်ရှင်များ ဖြစ်ကြသော ဒကာဦးဘရင်, ရှုပါရုံ ဦးလှမောင်, ဦးအောင်ရွှေ တို့သည် မဟာဂန္ဓာရုံ ဆရာတော်ကြီးထံသို့ လာ၍ တရားဟော ဘုန်းကြီးတပါး ချီးမြှင့်ရန် လျှောက်ထားကြသည်။

အမရပူရမြို့ မော်တော်ယာဉ် အသင်းကြီးသည် ကျောင်းတိုက်မှ ကားဖြင့် သွားစရာ လာစရာရှိတိုင်း ကားများကို အထူး ဂရုတစိုက်

စိစဉ် ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းတိုက်အား ကျေးဇူးရှိနေခဲ့သည်ကို ထောက်ထား၍ ဆရာတော်ကြီးက နာယက ဆရာတော် ဦးကုဏ္ဍလာဘိဝံသ ကို လွှယ်လွှယ်ပင် တရားဟောခွင့်ပြုလိုက်သည်။

## အမရပူရမြို့တွင်း၌ ခွင့်ပြု

အမရပူရမြို့တွင်း၌ ကိစ္စကြီးငယ်ရှိ၍ တရားဟော ပင့်လာလျှင်လည်း ဆရာတော်ကြီးက ခွင့်ပြုပါသည်၊ မိမိတို့ ကျောင်းတိုက်ကြီးအား ပစ္စည်းလေးပါးဖြင့် နေ့စဉ် အနီးကပ် ကူညီ ထောက်ပံ့နေကြသော ကျေးဇူး တရားများကို ထောက်ထား၍ ခွင့်ပြုခြင်းလည်း ဖြစ်ပါသည်။

ဤသို့ဖြင့် နာယက ဆရာတော် အရှင် ကုဏ္ဍလာဘိဝံသ သည် အမရပူရမြို့ အမှတ် (၈) မော်တော်ယာဉ်၌ဂိုဏ်း, မြို့တွင်း ဟိုနေရာ ဒီနေရာ၌ဂိုဏ်း တရားပွဲများ လက်ခံ၍ ဟောပြောပေးခဲ့ပါသည်၊ ထို တရားတော်များကို နာကြား ကြရသော ဒကာ - ဒကာမ များက ထပ်တလဲလဲ ကြည့်ရှု လေ့လာ နိုင်ရန် စာအုပ် စာတမ်း ဖြစ်ဘို့ တောင်းပန် တိုက်တွန်းကြသည်၊ အထူးသဖြင့် နာယက ဘုန်းကြီး တရားဟောရင်း ချပေးသော တရားလက်ာများ, ဆောင်ပုဒ်များ စသည်တို့ကို အထူး ရလိုကြသည်၊ တိတ်ခွေများဖြင့် ကူးယူထားသည် မှန်သော်လည်း ၎င်းတိတ်ခွေများမှာ စာအုပ်စာတမ်းလောက် မပြန့်နှံ့ မကျယ်ပြန့်ပါချေ။

ထို့ကြောင့် နာယကဆရာတော် ဟောပြောထားပြီး တရားတော်များလည်း မပျောက်မပျက်စေရန်, ထပ်တလဲလဲ လေ့လာ နာယူ

လိုသူ ဒကာ-ဒကာမများ၏ အလိုဆန္ဒလည်း ပြည့်ဝစေရန် ရည်သန်၍ တိတ်ခွေများမှ တရားများကို တဖြည်းဖြည်း စာမူကြမ်းဖြစ်အောင် ကူးယူခဲ့ရပါသည်။

ထိုသို့ ကူးယူပြီး တရားတော်များမှ "အောင်ခြင်းရှစ်ပါး တရားတော်" များကို ရွေးဦးစွာ ပုံနှိပ်၍ ဖြန့်ဝေလိုက်ရပါသည်၊ ဤအထက်ဖေါ်ပြပါ အကြောင်းများသည်ပင် ဤ"အောင်ခြင်းရှစ်ပါး တရားတော် စာအုပ်" ဖြစ်ပေါ်လာရခြင်း၏ အကြောင်း ဖြစ်ပါသတည်း။

၁၃၄၄-ခု၊
ဝါခေါင်လဆုတ်(၉)ရက်၊

အရှင် ပညာဇောတ
ဂဏဝါစက စာချဝန်ဆောင်
မဟာဂန္ဓာရုံတိုက်
အမရပူရမြို့

# မာတိကာ

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မာရ်နတ်ကို အောင်မြင်တော်မူပုံ | .... | .... | ၁ |
| အမရပူရမြို့ သတ္တဌာနဘုရားတည်သူ | .... | .... | ၅ |
| အနေကဇာတင်နှင့် ပန်းပေါက်ပေါက် | .... | .... | ၂၇ |
| လက်နက်ပီးဆေး ဂါထာတော် | .... | — | ၂၈ |
| အာဠဝကဘီလူးကို အောင်မြင်တော်မူပုံ.... | | .... | ၃၆ |
| ရှင်ဘုရင်များ တောကစားထွက်ခြင်း အကြောင်း ၃ ပါး | | | ၃၈ |
| လူကြီးနှင့် လူငယ်, ဘယ်သူများတာကောင်း | | .... | ၄၄ |
| ကောင်းတဲ့စကားပေမဲ့ နားခါးရာ ၄ ဌာန | | .... | ၅၅ |
| ဇမ္ဗူကကြား အသံ ၄ ပါး | — | .... | ၅၈ |
| နွားမကြီး လုံနဲ့ ထိုးသတ်လို့ မရ | .... | .... | ၆၂ |
| နို့မစို့လိုတဲ့ကလေးနဲ့ အာဠဝကဘီလူး.... | | .... | ၆၉ |
| မတုမရူပူးနဲ့ အာဠဝကဘီလူး | .... | .... | ၇၀ |
| အကောင်း ၄ ပါး သိလိုတဲ့ အာဠဝက.... | | .... | ၇၂ |
| သဒ္ဓါ (ယုံကြည်မှု)တရား ၄ မျိုး | .... | .... | ၇၆ |
| အကောင်းဆုံးဥစ္စာ ဘယ်ဟာလဲ | .... | .... | ၈၂ |
| သဒ္ဓါနှင့်သာ, တန်းတူစွာ စသော လင်္ကာ.... | | .... | ၈၂ |
| လူချင်းတူသော်လဲ အသက်ရှုချင်းကွဲ | ... | .... | ၈၇ |
| ပညာရှိသူက ရှေ့, ပညာမဲ့သူက နောက် | .... | .... | ၈၉ |
| တရားနာလာရာ ဝိပဿနာ | .... | .... | ၉၂ |

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| တရားနာသွားရာ သက္ကာယဒိဋ္ဌိဝင် | .... | .... | ၉၃ |
| ရုပ် နာမ် ၂ ရုပ်, ပရမတ်တွေကို(လက်ဘ).... | | .... | ၉၄ |
| သုဘာမယညာဏ် (ကြားသိ) | .... | .... | ၉၅ |
| မြင်ထဲက ရေလိုဘဲ | .... | .... | ၉၇ |
| ဝိပဿနာတမဂ် သစ္စာ ၄ ချက် ပါပုံ | .... | .... | ၁၀၀ |
| ဘီလူးကျွတ်ပြန် ကလေးရောက်လာ | .... | .... | ၁၀၂ |
| အာဠာဝကဘီလူးကြီး ရှက်နေရှာ | .... | .... | ၁၀၂ |
| ဟတ္ထာဠဝက ဥပါသကာတင်ပုံ | .... | .... | ၁၀၃ |
| အသားစားဘီလူးတောင် တရားထူးရလျှင် | | .... | ၁၀၄ |
| နာဠာဂိရိဆင် အောင်မြင်တော်မူပုံ | .... | .... | ၁၀၅ |
| မဉ္ဇူသက နတ်ပန်းခိုင်ကြီးတော့ | .... | .... | ၁၀၅ |
| ဝက်သား ကြက်သားနဲ့ အချိုပွဲ | .... | .... | ၁၀၉ |
| အရှင်ဗာကုလထိုး နှလုံးမူ | .... | .... | ၁၁၀ |
| အရှင်ဒေဝဒတ် သာသနာဝင်လာပုံ | .... | .... | ၁၁၆ |
| ဘုရားရှင်ကို လုပ်ကြံဘို့ | .... | .... | ၁၁၈ |
| ဘုရားရှင်များ သူဘာပါးသတ်လို့ မရ | .... | .... | ၁၂၃ |
| ဘုန်းကြီးနဲ့ ကျွဲ | .... | .... | ၁၂၆ |
| နာလံထနဲ့ လိပ်ကြီး | .... | .... | ၁၂၈ |
| ဟော့-နင်မပါဘူး, ပြန်ဝင် | .... | .... | ၁၂၉ |
| အင်္ဂုလိမာလကို အောင်မြင်တော်မူပုံ | .... | .... | ၁၃၃ |
| လက်နက်တွေ မီးရောင်တောက် | .... | .... | ၁၃၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| တက္ကသိုလ်ဆရာကြီးထံ ဂုံးတိုက် | .... | .... | ၁၃၅ |
| ပညာသိဒ္ဓိတင်ဘို့ လက်ညှိုး | .... | .... | ၁၃၇ |
| အကျွမ်းမဝင်သင့်သော ၃ မျိုး | .... | .... | ၁၄၁ |
| မိခင်ကြီးကို ခေါ်ဖြင့်လိုက် | .... | .... | ၁၄၁ |
| ဘုရားရှင်က ကြားဝင်ရ | .... | .... | ၁၄၂ |
| ငါ့ဘုရားက ရပ်နေသူ, သင်က အပြေးသမား | | .... | ၁၄၄ |
| အပြေးသမားလား, အရပ်သမားလား | .... | .... | ၁၄၉ |
| မို့လျှင် လှုပ်မည် | .... | .... | ၁၅၁ |
| အမှို ၃ ပါး, အမှား ၃ ချက် | .... | .... | ၁၅၂ |
| ရုပ်နာမ် ၂ တန်, မသိပြန်, အမှန် မေးဟာသာ | | .... | ၁၅၃ |
| မမိုဘဲ ရပ်အောင်ပြုတယ်ဆိုဒါ | .... | .... | ၁၅၆ |
| တရားနာလာရာ ရုပ်နာမ်ခွဲ | .... | .... | ၁၅၈ |
| မီးရထားနဲ့ ပမာတင် | .... | .... | ၁၆၀ |
| မင်္ဂဖိုလ်ပေါ်မှု နာရီ ဥပမာပြု | .... | .... | ၁၆၄ |
| အဖြစ်အပျက်မြင်မှ ဝိပဿနာ | .... | .... | ၁၆၅ |
| အင်္ဂုလိမာလ ရဟန်းပြု | .... | .... | ၁၆၉ |
| အင်္ဂုလိမာလဖမ်းဘို့ ကောသလမင်းကြီး တပ်ချီထွက် | .... | | ၁၇၁ |
| ပရိတ်ကြီး အင်္ဂုလိမာလသုတ် ပေါ်လာပုံ | .... | .... | ၁၇၃ |
| စိဥ္စမာဏကို အောင်မြင်တော်မူပုံ | .... | .... | ၁၇၇ |
| သားရေသံနဲ့ လေသံ အကွဲကြီးပါ | .... | .... | ၁၇၇ |
| ရာဇဂြိုဟ်သေဌေးရဲ့ စန္ဒကူးသပိတ် | .... | .... | ၁၈၀ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မင်းတုန်းမင်းကြီးနဲ့ ဖွာလုဒါ | .... | .... | ၁၉၁ |
| အရှင်မောဂ္ဂလ္လာန်နဲ့ အရှင်ပိဏ္ဍောလ | .... | .... | ၁၉၂ |
| ဘုရားရှင်ကိုယ်တိုင် တန်ခိုးပြရ | .... | .... | ၁၉၃ |
| မန်ကျီးပင်က သီးပျို | .... | .... | ၁၉၅ |
| လူတွေ သံသယဖြစ်အောင် ဉာဏ်ဆင် | .... | .... | ၁၉၆ |
| ပရိသတ်စုံရာမှာ စွပ်စွဲပြီ | .... | .... | ၁၉၇ |
| နတ်သုဒ္ဓါထမင်းပွဲ မစင်ခဲနဲ့ ထုသလို | .... | .... | ၁၉၉ |
| ဝိပါက်တော်လည်ပြီ | .... | .... | ၂၀၁ |
| စိဉ္စမာဏ, မိန်းမစေကျွန် လင်္ကာ | .... | .... | ၂၀၂ |
| မုနာဥ္ပိဟု, မည်ရှိလောင်းတော် လင်္ကာ | .... | .... | ၂၀၄ |
| ကိုယ့်ကာယကံ, ကိုယ့်ထံပြန် လင်္ကာ | .... | .... | ၂၀၄ |
| နဲ့နဲကလေးကိုပင် သတိထားတဲ့ ဆရာတော် | | .... | ၂၀၆ |
| ဝိပါက်ရောက်ရေး, ကြောက်သွေးတုံ့ဘွယ် လင်္ကာ | | .... | ၂၀၇ |
| လူမုန်းတာထက် ကံမုန်းတာကို ကြောက် | | .... | ၂၀၈ |
| ကြင်နာထောက်ထား, သနားမြှော်ခေါ် လင်္ကာ | | .... | ၂၀၈ |
| သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူပုံ | .... | .... | ၂၁၁ |
| ပါမောက္ခကြီး သစ္စကနဲ့ ကြုံးဝါးသံ | .... | .... | ၂၁၄ |
| သစ်ငုတ်တောင် ခေါင်းညိမ့်ရ | .... | .... | ၂၁၆ |
| သစ္စကရဲ့ မိဘမျိုးရိုး | .... | — | ၂၁၇ |
| သစ္စကနဲ့ အရှင်အဿဇိ တွေ့ကြပြီ | .... | .... | ၂၂၃ |
| ဘုရားရှင်ကို သစ္စက က ဓာ ချွတ်ဘို့ကြံ | .... | .... | ၂၂၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သစ်ပင်မှန်သမျှ မြေကြီးမှာ မှီရသလို .... .... | ၂၂၈ |
| သူခိုး သေဖေါ် ညှိတဲ့ သစ္စက .... .... | ၂၃၀ |
| သစ္စက အဖြေမပေးတော့ .... .... | ၂၃၁ |
| သိကြား ကူရပြီ .... .... | ၂၃၄ |
| အမလေးအော်ရတဲ့ ဒုက္ခနဲ့ မအော်ရတဲ့ ဒုက္ခ .... | ၂၃၆ |
| ကျွမ်းကျင်တဲ့ မြွေခဆေးကုသမားတော်ကြီးလို .... | ၂၃၈ |
| မြင် သိ ခံစား, မှတ်သားပြုပြင် လင်္ကာ .... .... | ၂၄၀ |
| သက္ကာယဒိဋ္ဌိ ဆူးငြောင့်ကြီးကို အပ်နဲ့ထွင် ဇာဂနာနဲ့နှုတ် | ၂၄၃ |
| ခန္ဓာ ၅ ပါး .... .... | ၂၄၅ |
| မြင်မှုကိစ္စ၌ ခန္ဓာ ၅ ပါး ပါပုံ .... .... | ၂၄၉ |
| ကြားသိနဲ့ ပွားသိဉာဏ် .... .... | ၂၅၁ |
| တွေးသိနဲ့ ပွားသိဉာဏ် .... .... | ၂၅၂ |
| ဆယ်ဘဝနဲ့ အိုနာသေ ငြိမ်းလျှင်လဲ အရှုံးမရှိပါဘူး | ၂၅၄ |
| သစ္စကမှာ အထုံဇာလေးရ ... .... | ၂၅၅ |
| နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်တော်မူပုံ .... | ၂၅၉ |
| ဘုရားရှင်နဲ့ ရဟန္တာ (၅၀၀) တာဝတိံသာခရီး .... | ၂၆၃ |
| နန္ဒောပနန္ဒရဲ့ သေသောက်ပွဲကြီး .... .... | ၂၆၄ |
| တာဝတိံသာက ဝေဇယန္တာပြာသာဒ်ကို ကွယ်ထား.... | ၂၆၇ |
| ဓူဝံကြွယ်ဆိုဒါ .... .... | ၂၆၈ |
| တန်ခိုးရတာချင်း တူပေမဲ့ .... .... | ၂၆၉ |
| အရှင်မောဂ္ဂလ္လာန်နှင့် နဂါးမင်း တန်ခိုးပြိုင် .... | ၂၇၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
| --- | --- | --- | --- |
| နားရွက်ထဲ ပရွက် ဝင်သလို | .... | .... | ၂၇၃ |
| နန္ဒောပနန္ဒ သရဏဂုံဘည် | .... | .... | ၂၇၆ |
| ဓအောင်ပွဲဂုဏ်ပြု ဆုမ်း (၇) ထပ် | .... | .... | ၂၇၇ |
| ဗကပြဟ္မာကြီး အောင်မြင်တော်မူပုံ | .... | .... | ၂၈၁ |
| သားငယ် လည်ချောင်းထဲက ချိပ်အပ် | .... | .... | ၂၈၆ |
| လူတွေရဲ့ သက်တမ်းနဲ့ ပလူကောင်တွေ | .... | .... | ၂၈၇ |
| ဆက်မှား, ပြွတ်မှား အယူ ၂ ပါး | .... | .... | ၂၈၈ |
| ဆက်မှား ပြွတ်မှား သား ၂ ယောက်ရဲ့ မိခင် | | .... | ၂၈၉ |
| ဗုဒ္ဓဘာသာနဲ့ သဿတဒိဋ္ဌိ | .... | .... | ၂၈၉ |
| ဘဝကူး ပြဿနာ | .... | .... | ၂၉၀ |
| သေတဲ့သူ ကူလိင့်းရမလို | .... | .... | ၂၉၁ |
| တံဆိပ်ထုနဲ့ ဖဲယောင်းမီးကူး ဥပမာ | .... | .... | ၂၉၂ |
| မှန်နဲ့ မှန်ထဲကအရိပ် ဥပမာ | .... | .... | ၂၉၄ |
| နင့်အဖေကလဲ မြင်းတစီး ပေးလိုက်တယ် | | .... | ၂၉၅ |
| ဗုဒ်ဂိုဏ်းလား, ဗဂိုဏ်းလား | .... | .... | ၃၀၁ |
| ဗထပြဟ္မာကြီးရဲ့ ရှေးဖြစ်ရပ်တွေ | .... | .... | ၃၀၃ |
| ဗကပြဟ္မာက တန်ခိုးပြိုင် | .... | .... | ၃၀၆ |
| ဘဝေဝါ ဟံ ဘယံ ဒိသွာ ဂါထာ | .... | .... | ၃၀၇ |
| ဘဝဇာတိ သူရှိပြန်လျှင် | .... | .... | ၃၀၉ |
| ဗကပြဘဲ့ သစ္စာ ၄ ပါး | .... | .... | ၃၀၉ |
| ဘဝပြစ်ချက်မြင်, သစ္စာ ၄ ပါးဝင် | .... | .... | ၃၁၀ |

ဤဓမ္မဒါန ဓမ္မဒေသနာကုသိုလ်ဖြင့်

အနန္တဂုဏ်အင် ကျေးဇူးရှင်များ ဖြစ်ကြသော

စဉ့်ကူးမြို့နယ် ဆီသည်ရွာ၊ အသက် (၉၀) ရွယ်ရှိ
ခမည်းတော်ကြီး ဦးဖေဘာ၊

အသက် (၈၆) နှစ်ရှိ မယ်တော်ကြီး ဒေါ်မယ်မနှင့်

စဉ့်ကူးမြို့နယ် ဆီသည်ရွာ၊ သီရိမင်္ဂလာ ဆရာတော်၊

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် စသော

ကျေးဇူးရှင်များအား ကျေးဇူးဆပ်ပါ၏။

အရှင် ကုဏ္ဍလာဘိဝံသ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်

ဒုတိယ နာယကဆရာတော်

အရှင် ကုဏ္ဍလာ ဘိဝံသ

ဟောကြားအပ်သော

# အောင်ခြင်းရှစ်ပါး တရားတော်

## (၁) မာရ်နတ်ကို အောင်မြင်တော်မူပုံ

[အမရပူရမြို့ သတ္တဌာနဘုရားပွဲတော်၌ ဟောတော်မူသည်။]

မာရံ ယက္ခံ ဂဇံ စောရံ,
စိဥ္စမာဏဝ္ဇ သစ္စကံ၊
နာဂံ ဗကံ ဇိနော ဇိနိ,
ဟောတု မေ ဇယမင်္ဂလံ။

ဇိနော - အောင်သူတကာတို့၏ အထွဋ္ဌ, တမွတ်ဦးသျှောင်, ဘုန်းခေါင် ဘုန့်ဖျား, ငါတို့ မြတ်စွာဘုရားသည်၊ မာရဇ္ဇ - ဂိရိမေခလာ, ဆင်မဟာကို, လျှင်စွာတက်စီး, ပလ္လင်နိုးဝယ်, လေကြီးမိုးသည်းကြီး ပြာပူမိုးနှင့်, မြောင်ကြီးတတန်, ဓါးလှံ မကြွင်း, ပစ်ခတ်ခွင်းလျက်, အချင်း သိဒ္ဓတ်, ပလ္လင်မြတ်မှ အမြန်ထလော့, စိန်းမြ

ညိုလွင်, ဗေဒမိပင်နှင့်, ပလ္လင်တော်ကား, ထင်အရှားပင်, သင်ကား မဆိုင်, ငါသာပိုင်ဟု, စွဲကိုင်လက်နက်, ရဲစစ်မက်ဖြင့်, အောက်ထက် ငန်းရံ, သောသောညံအောင်, အသံဟစ်ကြွေး, မယဉ်ကျေးသည့်, ရန်ဘေးတသင်း, မာရ်နတ်မင်းကိုရင်း။

ယက္ခဥ္စ – ပါးမိုဃ်း, လုံမိုဃ်း, မိုးကြီးမိုဃ်းကို, ရွာဖြိုးသွန်းချ, ယမ်းမီးကျသို့, ကောဓပြင်းထန်, ငါ့ဒိမာန်မှ အမြန် ထွက်သွား, နှင်ရက်အားသည့်, တရားကင်းကွာ, ကြမ်းကြုတ်စွာသော, အာဠဝက, တေဇထန်ပြင်း ဘီလူးမင်းကိုရင်း။

ဂဇဥ္စ – အစွယ်ထက်ချွန်, အရက်မွန်လျက်, အာလွန်ဆိုညစ်, အမုန် ရစ်၍, ရှုံ့ချစ်ခြောင့်နင်း, သုံးလူမင်းကို, အောင်းအကြပ်, ဝိညာဏ် ပြတ်အောင်, ထိုးသတ်အံ့ငှါ ရှေ့ရှုလာသည့်, နာဠာဂိရိ, တောင်ရှိ နိုးနိုး, ဆင်ပြောင်ကြီးကိုရင်း။

စောရဥ္စ – ခရီးဝေးကွာ, ယုဇနာကို, လျင်စွာပြေးစွမ်း, ဘော မြိုင်တန်းက, လူဖမ်း လက်ဖြတ်, သေအောင်သတ်၍, နန်းရပ်က ကျော်, မွေ့မယ်တော်ကို, မြင်သော် စိုက်စိုက်, ဓါးဖြင့် လိုက်၍, မကိုင်နိုင်ထွင်နိုင်တင်, ဘုရားရှင်ကို, အသင် ရှောင်မဝေး, ဘယ့်ကြောင့် ပြေးဟု, ဓါးရေးပြကာ, သတ်မည့် လာသား, လွန်စွာ ဆိုးဘိ, အင်္ဂုလိခေါ်, သူခိုးကျော်ကိုရင်း။

စိဥ္စမာဏဝဥ္စ – အလွန်ကောက်ကျစ်, တိတ္ထိညစ်တို့, အပြစ်ရှာကြံ, မကောင်းဉာဏ်ဖြင့်, စီမံ ဆို့ဖြတ်, စေလွှတ်လတ်၍, ပရိသတ်ထဲ, အရက်ကွဲအောင်, စွပ်စွဲတတ်စွာ, စိဥ္စမာဟု, သညာဖေါ်ထုတ်, မိန်းမယုတ်ကိုရင်း။

သစ္စကံ - မစင်မဖြူ, မိစ္ဆာယူဖြင့်, မည်သူ့ကိုမျှ, မာန်မချဘဲ, ဝါဒချင်းပြိုင်, သူကပိုင်အောင်, အနိုင်လွှမ်းမိုး, အယူဆိုးသည့်, တိတ္ထိမျိုးမိုက်, သစ္စကပရိဗိုဇ်ကိုရင်း။

နာဂဥ္စ-ဒေါသလွှမ်းမိုး, မျက်စောင်းထိုးက, အရိုးကျေမွ, ဖွဲ့ပြာကျသို့, တေဇထန်ပြင်း, နန္ဒောပနန္ဒ နဂါးမင်းကိုရင်း။

ဗကဥ္စ - ဉာဏ်မြင်ကင်းကွာ, နိစ္စသာဟု, မိစ္ဆာလွှမ်းမိုး, အယူဆိုးသည့်, တန်ခိုးအခရာင်, ထိန်ပြောင်ညီးညီး, ဗက ဗြဟ္မာကြီးကိုရင်း။

အဇိနိ - ဒိဋ္ဌိကိုချ ဒေါသကိုပယ်, မာန်စွယ်ကိုချိုး, သဒ္ဓါဖြိုးလျက်, ရှိခိုးတုပ်ကွ, ပြားပြားကျအောင်, ဆုံးမသွန်သင်, အောင်ပွဲတော် ယင်ခဲ့လေပြီ၊ တေန သစ္စဝဇ္ဇေန – အောင်ခြင်း ရှစ်ချက်, ဂုဏ်တော်နက်ကို, နှုတ်မြွက် ဖေါ်ကြား, ဤသစ္စာစကားကြောင့်၊ မေ – မအောင်သေးခင်, အောင်ကြွေးတင်ရှိ, အောင်မြင်ရန်မြှော်, တပည့်တော်၏၊ (ဝေါ တုမှာကံ - မအောင်သေးခင်, အောင်ကြွေးတင်ရှိ, အောင်မြင်ရန် မြှော်တောင်း, သင် တရားနာ ပရိသတ် အပေါင်း, သူတော်ကောင်းတို့၏၊) ဇယမင်္ဂလံ- အောင်ရန်အတိတ်, အောင်နိမိတ်နှင့်, အောင်ဘိသိက်သွင်း, အောင်ဟိတ် ကျင်းလျက်, အောင်ခြင်းစဉ်ကာ မင်္ဂလာသည်၊ ဟောတု - ဘက်သစ် နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ် ပန်းသို့, ဆန်း အဖုံဖုံ, စခန်း စုံအောင်, အစွမ်းကုန်မသွေ, ဖြစ်ပေါ်ပါစေသတည်း။

သာဓု....သာဓု....သာဓု....။

ဒီနေ့ညဘုရားပွဲက အမရပူရမြို့ သတ္တဌာနဘုရားပွဲကို အကြောင်းပြုပြီး ဖြစ်ပေါ်လာခဲ့တဲ့ တရားပွဲ၊ သဗ္ဗညုတ ရွှေညာဏ်တော်သခင် ဘုရားရှင် ဂိုဏ်တော်မြတ် ဘုရားဖြစ်တော်မူစ အချိန်တုန်းက တဌာန တဌာနမှာ ခုနစ်ရက် ခုနစ်ရက် လှည့်လည်ပြီးတော့ သီတင်းသုံးတော်မူရာ ဝိမုတ္တိသုခဖလသမာပတ် ချမ်းသာကို ခံစားတော်မူပြီးသကာလ လှည့်လည်ပြီး သီတင်းသုံးတော်မူရာ ခုနစ်ဌာနကို အကြောင်းပြု၍ တည်ထားအပ် ကိုးကွယ်အပ်တဲ့ ဘုရား စေတီ ဆင်းတုများကို သတ္တဌာန ဘုရားလို့ ခေါ်ကြတယ်၊ သတ္တဆိုဒါ ခုနစ်ပါး၊ ဌာနဆိုဒါ သီတင်းသုံးရာဌာန၊ ယခုတရားပွဲကလဲ အမရပူရမြို့မှာ ရှိနေတဲ့ သတ္တဌာန ဘုရားပွဲတော်ကြီးကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့တဲ့ တရားပွဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၉၀) လောက်က ပြို့ဘော့ အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရား နှင့်တကွ ကုန်းဘောင်မင်း (၁၁) ဆက်တွင် ဘိုးတော်မင်းတရား၊ ဘကြီးတော်၊ ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်းလို့ ဆိုတဲ့ မင်းခြောက်ဆက် တိုင်တိုင် မပျက်မကွက် ကျင်းပလာခဲ့ပြီး နောက်ပိုင်း ခေတ်ကာလတွေမှာလဲ ခေတ်အဆက်ဆက် ဆိုင်ရာ ဆိုင်ရာ ဒကာ ဒကာမတွေက မပျက်မကွက် သံဃာတော် တထောင်ကျော် တထောင်ကျော်ကို စုပေါင်းပြီး ဆွမ်းတော်ကြီးများ လောင်းလှူကြပြီး ပူဇော်ခဲ့ကြတဲ့ သဗ္ဗညုဘ ရွှေညာဏ်တော်သခင်ကို ရည်မှန်းပြီး ဆွမ်းတော် ရေချမ်းတော် ပန်းတော်တင်ခြင်း အစရှိသော ပူဇော်ဘွယ်တို့ဖြင့် ပူဇော်ခဲ့ကြတဲ့ သတ္တဌာနဘုရားပွဲတော်လဲ ဖြစ်ပါတယ်။

## အမရပူရ သတ္တဌာနဘုရား တည်သူ

ဒီ သတ္တဌာနဘုရား ရုပ်ပွားနှင့် စေတီတော်များကို ဘယ်သူ တည်ထား ကိုးကွယ်ခဲ့သလဲဆိုရင်ဖြင့် ဘိုးတော်မင်းတရား လက်ထက်က စာဆိုတော်ပြင်ဝန်, ဝတ်မြေဝန်, ဈေးကောက်ဝန် ရာထူး ဖြင့် ချီးမြှောက်ခြင်းခံရတဲ့ ဝန်ကြီးတပါး တည်ထား ကိုးကွယ်တာလို့ အမရပူရ ကုံပညာ (စာရေးဆရာ)ထံမှ သိရတယ်။

အဲဒီ ပုဂ္ဂိုလ်ကြီးက ဘာပြုလို့ တည်ထားရတာလဲလို့ ဆိုတော့ အခါတပါးမှာ ဘိုးတော်က ဦးပေါ်ဦးကို မေးတယ်၊ ပေါ်ဦးရာ.... ဒို့ မြတ်စွာဘုရား ဘုရားဖြစ်တော်မူစက သတ္တဌာနလို့ ခေါ်တဲ့ ခုနစ်ရက် ခုနစ်ဌာနတို့မှာ တဌာန တဌာန ခုနစ်ရက် ခုနစ်ရက် သီတင်းသုံးပြီးတော့ သတ္တဌာနတဌာနမှာ ခုနစ်ရက် ခုနစ်လီ သီတင်း သုံးတော်မူဘယ်လို့ ငါကြားဘူးတယ်။

အဲဒါ ဘယ်လိုအချိန် ဘယ်လို ဌာနတွေမှာ ဘယ်လိုများ မြတ်စွာဘုရား သီတင်းသုံးပြီးတော့ ကြွတော်မူဘယ်လို့ ဆိုတာကို ငါသိပြီး ကြည်ညိုချင်လွန်းလို့ မင်းသိလို့ရှိရင် ငါ့ကို ပြောပါလို့, ဦးပေါ်ဦးက ပညာရှိအမတ်ကြီး ဆိုတော့ ဘိုးတော်က ဦးပေါ်ဦးကို အားကိုးပြီး မေးတယ်ပေါ့။

ဒီတော့ ဦးပေါ်ဦးက ယုတ်တရက် မပြောနိုင်ဘူး၊ မှန်လှပါ, ကျွန်တော်မျိုးကို အချိန်ပေးတော်မူပါ ဘုရား၊ အချိန် ၃-၄ ရက် ပေးပြီးမှ လေ့လာပြီး ကျွန်တော်မျိုး ပြန်ပြီး သံတော်ဦးတင်ပါ့ မယ်လို့ လျှောက်တယ်၊ ဒါနဲ့ ဦးပေါ်ဦးကို ဘိုးတော်က ၃-၄ ရက် အချိန်ပေးလိုက်တယ်။

ဒီလိုနဲ့ နှစ်ရက် သုံးရက်အတွင်း ဦးပေါ်ဦးက လှည့်ပြီးတော့ စုံစမ်းလိုက်တော့ ဟို– အင်းဝ မြို့ဟောင်းဘက်မှာ ကြိုးကျစ်ပြီး အသက်မွေးဝမ်းကြောင်းပြုနေတဲ့ ဦးပညာလို့ ဆိုတဲ့ ဒကာကြီး တယောက် အထံမှ သတ္တဋ္ဌာနရဲ့ အကြောင်းကို စုံလင်အောင် ကြားသိခဲ့ရတယ်၊ အဲဒီ ဦးပညာက နေ့စဉ် ဘုရားရှိခိုးရာမှာ သတ္တဋ္ဌာန စံနေပုံနဲ့ ရှိခိုးလေ့ရှိသတဲ့၊ ဒါ့ကြောင့် သူက ဦးပေါ်ဦး ကို လွယ်လွယ်ကူကူဘဲ ( ၇ ) ဌာန အကြောင်း ပြောပြလိုက်နိုင် တာပေါ့။

“ သတ္တဋ္ဌာန ” ဆိုလို့ ဒီဘုရားပွဲ ပြုလုပ်တဲ့ သတ္တဋ္ဌာနကို ပြောနေတာ မဟုတ်သေးဘူး၊ ဘုရားသက်ထက်က တကယ့် သက်တော်ထင်ရှား မြတ်စွာဘုရား ခုနစ်ရက် ခုနှစ်လီ၊ တဌာန တဌာန၊ ဘယ်လို သီတင်းသုံးသွားတယ်လို့ ဆိုတဲ့ အကြောင်းကို ပြောတာ ဖြစ်ပါတယ်၊ အဲဒီ ဦးပညာက တဆင့် ဦးပေါ်ဦးက ဘိုးတော်ခင်ကြီးထံ ပြန်ပြီး သံတော်ဦးတင်လို့ သိရတော့– ဘိုးတော်က၊ ပေါ်ဦးရာ– ဒါ မင်းဉာဏ်ချည်း မဟုတ်ဘူး၊ မင်း ဘာသာ မင်းသိတဲ့ အသိလဲမဟုတ်ဘူးလို့ ထင်တယ်၊ ခင်းဘယ်သူ့ ဆီက သိခဲ့ရတုန်းလို့ မေးတော့- မှန်လှပါ၊ ဘုန်းတော်ကြောင့် ဟို– အင်းဝ မြို့ဟောင်းက ကြိုးကျစ်ပြီးတော့ အသက်မွေးဝမ်း ကြောင်း ပြုရတဲ့ “ ဦးပညာ ” လို့ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးအထံမှ သိရ ကြောင်းပါ ဘုရား။

အို–ငါလို သာသနာတော်မြတ်ကြီးကို ကြည့်ရှုပြီး သာသနာ တော်ကို ပြုစုနေတဲ့မင်းရဲ့ လက်ထက်မှာ ဒီလို အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်

တယောက်ကို အဘယ့်ကြောင့် ဆင်းဆင်းရဲရဲ အခြေအနေသို့ ရောက်စေရပါမလဲ သွားပြီးတော့ခေါ်ပါလို့ဆိုပြီး အဲဒီ ဦးပညာ ဆိုတဲ့ပုဂ္ဂိုလ်ကြီးကို အခေါ်ခိုင်းပြီး စောစောကပြောခဲ့တဲ့ စာတော် ပြင်ဝန်, ဝတ်မိုးဝတ်မြေ နှ်, ဈေးကောက်ငန်လို့ ဆိုပြီး တာဝန် ပေးပြီး ရာထူးခန့်အပ်လိုက်တယ်။

အဲဒီ ဦးပညာဟာ စဉ်းစားလာတယ်ပေါ့၊ ဩော်.... ငါ့မှာ ဆင်းဆင်းရဲရဲ လုပ်ကိုင် စားသောက်နေရာမှ ယခုလို ရှင်ဘုရင် ကိုယ်တိုင်က အဆောင်အယောင်တွေနဲ့ ရာထူးများပေးပြီးသကာလ အချီးအမြှောက် ခံရတဲ့ ဒီအဖြစ်ဟာ ငါကိုယ်တိုင် သက်တော် ထင်ရှား မြတ်စွာဘုရားကို အာရုံပြုပြီး "သတ္တဋ္ဌာန=ခုနစ်ဋ္ဌာန" ဆိုတဲ့ သဗ္ဗညုတ ရွှေညာဏ်တော်သခင် ဘုရားရှင် ကိုယ်တော်တိုင် လှည့်လည်ပြီး သီတင်းသုံးတော်မူခဲ့တဲ့ အဖြစ်တွေကို နေ့စဉ် ရှိခိုး ပူဇော် ဖူးမြော်မာန်လျှော့ကာ အာရုံပြုပြီး ကန်တော့ခဲ့ရတဲ့ကုသိုလ် တွေဟာ ငါ့မှာ အကျိုးပေါ်ပြီ, အကျိုးပေါ်ပြီလို့ ပီတိဖြစ်မိတယ်။

အဲဒီ ဒကာကြီးက အမြဲတန်း သူက ဘုရားကို အာရုံပြုရင်း တမနက်-တမနက်, သတ္တဋ္ဌာန တခု-တခု, အာရုံပြု ရှိခိုးလေ့ရှိတယ်၊ ပဌမဆုံး ဗောဓိသတ္တာဟ-ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင် တော်မူပြီး သီတင်းသုံးနေတော်မူပုံ၊ ညအိပ်ရာဝင်, မနက်အိပ်ရာထ ဗောဓိသတ္တာဟကို ရှိခိုးတယ်ဆိုလို့ရှိရင်, နောက်တရက် အနိမိသ သတ္တာဟလို့ ခေါ်တဲ့ သတ္တာဟတမျိုး ပြောင်းပြီးတော့ ရှိခိုးတယ်၊ တတိယရက်ကြတော့ ရတနာစင်္ကမသတ္တာဟ၊ စတုတ္ထရက်ကြတော့ ရတနာဃရသတ္တာဟ၊ ပဥ္စမနေ့ကြတော့ အဇပါလ သတ္တာဟ၊

ဆင္ဓမနေ့ကြတော့ မုစလိန္ဒသတ္တာဟ၊ သတ္တာနေ့ကြတော့ ရာဇာ ရာနသတ္တာဟ လို့၊ အဲဒီလို သတ္တဌာနခုနစ်လီ လှည့်လည်ပြီးတော့ သက်တော်ထင်ရှား ဘုရားရှင် အထိ အာရုံပြုပြီး ဘုရားရှိခိုး လို့ ရှိတော့ သတ္တဌာနခုနစ်ပါးကိုလဲ သူက ကောင်းကောင်းမှတ်မိလို့၊ အဲဒီ ဘုရားရှိခိုးရတဲ့ အကျိုးဟာဖြင့် ငါ့မှာ ပေါ်ပြီလို့ ပီတိဖြစ် လာတယ်။

ငါ ဒီလိုဝန်ကြီးဖြင့်ပြီးသကာလ ရာထူးဂုဏ်သိရ်စည်းစိမ်တွေနဲ့ ပြည့်စုံရတဲ့ အဖြစ်မျိုးဟာ ဘုရားက ပေးလိုက်တာဘဲ, ဘုရားက ပေးလိုက်တာဘဲလို့ ယုံကြည်တယ်၊ ကိုင်း.... သတ္တဌာနဘုရားကို အာရုံပြုနေလို့ ဒီ ရာထူး ဂုဏ်သိရ် စည်းစိမ် ဥစ္စာတွေကို ရတယ်၊ ဒီတော့ ငါ သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုပြီးတော့ (ရည်စူးပြီးတော့) သတ္တဌာနဘုရားကို တည်မယ်လို့၊ အဲဒီလိုအာရုံ ပြုပြီးတော့ ဒီသတ္တဌာနဘုရားကို တည်ထား ကိုးကွယ်ခဲ့ပါတယ်။

"သတ္တဌာန" ဆိုတဲ့ အတိုင်းဘဲ ခုနစ်ဌာန ရှိပါတယ်၊ ဗောဓိ သတ္တာဟ လို့ ခေါ်တဲ့ အလယ် ဗဟိုမှာ, ဗောဓိပင်အောက်မှာ သီတင်းသုံးတော်မူနေပုံ၊ အဲဒီရဲ့ အရှေ့မြောက်ဘက်က အနိမိသ သတ္တဟလို့ ခေါ်တဲ့ မြတ်စွာဘုရား ဘုရားဖြစ်တော်မူပြီးတဲ့နောက် ဗောဓိပင်အောက်မှာ ခုနစ်ရက်လုံးလုံး သီတင်းသုံးတော်မူပြီးတဲ့ နောက်ပိုင်းမှာ ဗောဓိပင်နှင့် ရွှေပလ္လင်ရဲ့ အရှေ့မြောက်ဘက်က နေပြီးတော့, အဲဒီ ဗောဓိပင်နှင့် ရွှေပလ္လင်ကို မမှိတ်သောမျက်လုံး တော်အစုံဖြင့် ပြန်လှည့်ကြည့်တော်မူပြီး....

ဪ.... ငါလေးသင်္ချေနှင့် ကမ္ဘာ ကသိန်းကာလပတ်လုံး ပါရမီဖြည့်လာခဲ့တဲ့, ဖြည့်ဆည်းပူးလာခဲ့တဲ့ ပါရမီတော်တွေရဲ့ အသွင့်အထိပ် ရောက်တဲ့နေရာဘဲ၊ ငါ့ကို ကမ္ဘာလောကကြီးထဲမှာ အတုမရှိ "ဘုန်းတော်အနန္တ, ဂုဏ်တော်အနန္တ, ဉာဏ်တော်အနန္တ, ဘုရားသခင်အဖြစ်သို့ ရောက်အောင် ပို့ဆောင်လိုက်တဲ့နေရာဘဲ" လို့ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ခုနစ်ရက်လုံးလုံး မမှိတ်သော မျက်လုံးတော်ဖြင့် ရပ်တော်မူပြီး ကြည့်တော်မူတဲ့နေရာ...

အဲဒီ ဗောဓိပင်ရဲ့ အရှေ့မြောက်ဘက် အရပ်ကျကျလောက်က နေပြီး ခုနစ်ရက်လုံးလုံး မမှိတ်သောမျက်လုံးတော်ဖြင့် ကြည့်တော်မူပါတယ်၊ အဲဒါကို အနိမိသသတ္တာဟလို့ ခေါ်တယ်၊ အနိမိသ သတ္တာဟလို့ ဆိုဒါ "မမှိတ်သော မျက်လုံးတော်ဖြင့် ကြည့်တော်မူတဲ့ နေရာ" လို့ ဆိုလိုတယ်၊ မနက်ဖန် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဆွမ်းတော်ကြီးလောင်းသာကြရင် သတ္တဋ္ဌာနဘုရားကို သွားပြီးတော့ ဖူးကြ၊ အလယ်ခေါင်က ဗောဓိသတ္တာဟကို တွေ့ရပါလိမ့်မယ်၊ ဗောဓိညောင်ပင်အောက်မှာ အရှေ့ဘက်ကို မျက်နှာမူပြီးတော့ ပရဝိုဏ်ကြီးကြီးနဲ့ စေတီတော်ကြီး တွေ့ရပါလိမ့်မယ်၊ အဲဒါရဲ့ အရှေ့မြောက်ဘက်ကို ကြည့်လိုက်ရင် ဗောဓိသတ္တာဟဘက်ကို မျက်နှာမူပြီး အနိမိသသတ္တာဟမှ ကြည့်နေတော်မူပုံကို ဖူးတွေ့ရမယ်။

အဲဒီနောက် တတိယသတ္တာဟကြတော့ အဲဒီ အနိမိသသတ္တာဟ လို့ ခေါ်တဲ့ ရပ်ပြီးတော့ကြည့်တော်မူတဲ့နေရာရဲ့ အနောက်ဘက်, မူလ ဗောဓိသတ္တာဟနဲ့ ပြောရလျှင် မြောက်ဘက်မှာ အရှေ့

အနောက် ခုနစ်ရက်လုံးလုံး စင်္ကြံလျှောက်ပြီးတော့ နေပြန်တယ်၊ အဲဒါကြတော့ စင်္ကမနသတ္တာဟလို့ ခေါ်တယ်၊ စင်္ကမနသတ္တာဟ ဆိုတာ စင်္ကြံကြွတော်မူရာဌာနပေါ့။

နောက် အဲဒီရဲ့ အနောက်ဘက်၊ မူလ ဗောဓိသတ္တာဟနဲ့ ပြောရလျှင် အနောက်မြောက်ဘက် အရပ် ကျူကျ နေရာမှာ အဘိ ဓမ္မာဒေသနာတော်ကို အထူးအားဖြင့် ပဋ္ဌာန်း ဒေသနာတော် ကြီးကို ဆင်ခြင်တော်မူတဲ့၊ ခုနစ်ရက်လုံးလုံး အဘိဓမ္မာ ပဋ္ဌာန်း ဒေသနာတော်ကြီးကို ဆင်ခြင်နေတော်မူလို့ (ပိဘ)လို့ ခေါ်တဲ့ ရောင်ခြည်တော်တွေ ကွန့်မြူးပြီး ထွက်ပေါ်မှုဘဲ နေရာ၊ အဲဒါ ကြတော့ ရတနာဃရသတ္တာဟလို့ ခေါ်တယ်၊ ပဋ္ဌာန်းဒေသနာ တော် တည်းဟူသော တရားဒေသနာတော်တွေကို ဆင်ခြင်သုံးသပ် တော်မူတဲ့ နေရာဖြစ်လို့ ရဘနာဃရသတ္တာဟ၊ ဝါဒတခုကတော့ နတ်တွေက အဲဒီနေရာမှာ ရဘနာအိမ်ကြီး ဖန်ဆင်းပေးဘာတဲ့၊ အဲဒီ ရတနာအိမ်ကြီးထဲမှာ မြတ်စွာဘုရား အဘိဓမ္မာပဋ္ဌာန်း ဒေသနာတော်ကြီးကို ခုနစ်ရက်လုံးလုံး သီဘင်းသုံးတော်မူပြီး ဆင်ခြင်တော်မူတယ်လို့ ဆိုဘယ်၊ လေး သတ္တာဟရှိသွားပြီ။

အဲဒီနောက်မှာ ဘုရားရှင်ကိုယ်တော်မြတ်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ရဲ့ အရှေ့ဘက်ကုကျ အရပ်မှာ အဇပါလသတ္တာဟလို့ ခေါ်တဲ့ ညောင်ပင်ကြီးတပင် ရှိတယ်၊ ဆိတ်ကျောင်းသား၊ နွား ကျောင်းသားတွေ ဝင်ဝင်ပြီး ခိုအောင်းတဲ့ နားနေတဲ့ ညောင်ပင် ကြီး၊ "အဇ"ဆိုတာ ဆိတ်၊ "ပါလ"ဆိုဘာ စောင့်ရှောက်တာ၊ ဆိတ်ကျောင်းသားလေးတွေ ဝင်ခိုတဲ့ ညောင်ပင်ကြီးမို့လို့ အဇ

ပါလ ညောင်ပင်၊ အဲဒီ အဇပါလညောင်ပင်အောက်မှာ မြတ်စွာဘုရား ဝိမုတ္တိသုခလို့ ခေါ်ဆိုရတဲ့ ဖလသမာပတ် ချမ်းသာကို ခံစားတော်မူပြီး သီတင်းသုံးတော်မူလို့ မို့ အဲဒါ အဇပါလ သတ္တာဟ၊ မြန်မာလို " ဆိတ်ကျောင်းညောင် သတ္တာဟ " လို့ ခေါ်ပါတယ်။

အဲဒီမှာ ခုနစ်ရက်သီတင်းသုံးတော်မူပြီးနောက် အဲဒီ အဇပါလ ညောင်ရဲ့ အနောက်တောင်ဘက်ကျကျ၊ ပဥ္စမ ဘုရားဖြစ်တော်မူတဲ့ ဗောဓိသတ္တာဟနဲ့ ကြည့်လိုက်ရင်တော့ အရှေ့တောင်ယွန်းယွန်း အရပ်၊ အဲဒီမှာ မုစလိန္ဒသတ္တာဟ၊ အဲဒီ မုစလိန္ဒအိုင်ကြီးထဲမှာ ကျည်းပင်ကြီးဆိုတာ ရှိတယ်၊ အဲဒီ မုစလိန္ဒအိုင်ကြီးရဲ့ နှုတ်ခမ်းက ကျည်းပင်အောက်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူ၊ ဖလ သမာပတ်ချမ်းသာကိုလဲ ခုနစ်ရက်လုံးလုံး ခံစားပြီးတော့ သီတင်း သုံးတော်မူတဲ့အချိန်မှာ မိုဃ်းကြီးကလဲ ခုနစ်ရက်လုံးလုံးစွေပြီးတော့ ရွာနေတယ်။

မုစလိန္ဒနဂါးမင်းက မြတ်စွာဘုရားအား အအေးဖြင့် မနှိပ်စက် ပါစေနဲ့၊ မိုဃ်းရေဒဏ် မခံရပါစေနဲ့လို့ ဆိုပြီး ဖလသမာပတ် ချမ်းသာကို ဝင်စံ ခံစားတော်မူနေတဲ့ ဘုရားရှင်ကို မုစလိန္ဒ နဂါး မင်းက အခွေများ ခွေပြီးတော့၊ အဲဒီ အခွေပေါ်မှာ မြတ်စွာ ဘုရားကို တင်ထားပြီးတော့ အပေါ်က သူ့ရဲ့ ပါးပျဉ်းကြီးနဲ့ မိုးအုပ်ထားပေးတယ်၊ အဲဒါကို မုစလိန္ဒသတ္တာဟလို့ ခေါ်တယ်၊ မြတ်စွာဘုရား သီတင်းသုံးတော်မူနေရာ ဗောဓိသတ္တာဟရဲ့ အရှေ့ တောင်ဘက်မှာ မြတ်စွာဘုရားကို အခွေပေါ်တင်ပြီး ပါးပျဉ်းနဲ့

အုပ်ထားတာကို သတ္တဌာနဘုရားထဲမှာ တွေ့ရပါမယ်၊ ဒါ ဆဋ္ဌမ သတ္တာဟပါဘဲ။

အဲဒီ နောက်ဆုံး သတ္တာဟကြတော့ မုစလိန္ဒသတ္တာဟရဲ့ အနောက်ဘက်, ဗေ ဓိပင်က နေပြီး ပြောမယ် ဆိုရင်တော့— တော ်င်ဘက်ကုကျအပေါ်မှာ "လင်းလွန်းပင်" လို့ ခေါ်တဲ့ (ပါဠိလို) ရာဇာယတနဲ၊ မြန်မာလိုတော့ လင်းလွန်ပင်၊ အဲဒီ လင်လွန်းပင် သတ္တာဟမှာကြတော့ ဘုရားရှင် ခုနစ်ရက်လုံးလုံး ဝိမုတ္တိသုခကို ခံစားတော်မူပြီးနေတဲ့ နောက်ဆုံး သတ္တာဟဘဲ၊ ခုနစ်ရက် ခုနစ်လီ ပြည့်သွားပြီ၊ အဲဒါ ရာဇာယတနသတ္တာဟရဲ့ အဆုံးမှာပေါ့၊ ဘုန်းကြီးတို့ တပုဿနဲ့ ဘလ္လိကာတို့ ရောက်လာပြီးတော့ ဘုရားရှင်ကို ပူဇော်ကန်တော့ပြီး၊ ယခု ရန်ကုန် ရွှေတိဂုံဘုရားစေတီ တော်ကြီးထဲမှာ ဌာပနာထားတဲ့ ဆံတော်ဓာတ်တွေ ရလာခဲ့ကြ တာ၊ သူတို့ ယူလာခဲ့တဲ့ ဆံတော်ဓာတ်တွေဟာ နောက်ဆုံး ရာဇာ ယတနလို့ ခေါ်တဲ့ လင်လွန်းပင် သတ္တာဟမှာ ဘုရားရှင်က ချီးမြှင့် လိုက်တာဘဲ။

အဲဒီလို သတ္တာဟ ခုနစ်လီကို အမတ်ကြီး ဦးပညာ, ဈေးကောက်ဝန်ဦးပညာ, စာတော်ပြင်ဝန်ဦးပညာ, ဝက်မြေဝန် ရာထူး ခန့်အပ်ခံရတဲ့ ဦးပညာဟာ ငါ့မှာ ဒီ သတ္တာဟ ခုနစ်လီ ဘုရားကို အာရုံပြုခဲ့လို့, ဘုရားအာရုံထုံပြီးတော့ နေလာခဲ့လို့, ဒီ ရာထူး ဂုဏ်သိရ်တွေ ရနေတယ်၊ ဘုရားအာရုံပြုလို့ ရတဲ့အကျိုး ဘဲလို့ ဆိုပြီးတော့ ယောဒီနားမှာ သတ္တဌာနဘုရားကို တည်ထား ကိုးကွယ်ခဲ့တယ်၊ သူ့ချည်း စွမ်းသလား ဆိုတော့ သူ့ချည့်တော့

မစွမ်းရှာပါဘူး၊ အဲဒီလိုဆိုရင် ဘယ်လိုလုပ်တန်းလို့ ဆိုတော့ သမိုင်းက ဆိုတယ်။

အဲဒီအမတ်ကြီး ဦးပညာဟာ သူတစ်ယောက်ထဲ မစွမ်းနိုင်တော့ သူက ဘယ်လိုလုပ်ရတုန်းလို့ ဆိုတော့ သူက ဘုရားတည်ဖို့ငွေ မတည်ပြီး၊ သူဟာ ဈေးကောက်ဝန်ကလဲဖြစ်နေလေတော့ အမရပူရ ကသည်းဈေးကနေပြီး တနေ့ခြောက်ပြားခြောက်ပြား ဈေးကောက်ငွေ ကောက်ယူပြီးတော့ ထို ခြောက်ပြားခြောက်ပြားကို စုဆောင်းထားပြီး ဈေးသူ ဈေးသား မြို့သူ မြို့သားတွေရဲ့ ကုသိုလ်လဲ ပါဝင်ကြရအောင် ဆိုပြီး အဲဒီလိုနဲ့ ဟောဒီ သတ္တဌာန ဘုရားကြီးကို တည်ထားခဲ့ပါတယ်တဲ့၊

အဲဒီလိုနဲ့ သတ္တဌာနဘုရား သမိုင်းကို သိရသမျှ အဲဒီ ဦးပညာ တည်ထား ကိုးကွယ်ခဲ့တဲ့ သတ္တဌာနဘုရားကို ဘိုးတော်လက်ထက်က စပြီးတော့ ယနေ့တိုင်အောင် ဘုရားပွဲ ကျင်းပလာခဲ့ကြရာ အလယ်ခေါင်မှာ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူတဲ့ ဗောဓိသတ္တာဟာ၊ ပဌမဆုံးတော့ အဲဒီ ဗောဓိသတ္တာဟာအချိန်မှာ ဘုရားရှင်သည် မာရ်နတ်မင်းရဲ့ အနှောက်အယှက် အချုပ်အချယ် အတားအဆီးကို မေတ္တာ ခန္တီ ပါရမီ လက်နက်ကောင်းတို့ဖြင့် သုံးသပ်ပြီး အောင်မြင်တော်မူခဲ့ရပါသည်။

အဲဒီ မေတ္တာ ခန္တီ ပါရမီဓာတ်တော် အစရှိသည်တို့ဖြင့် အနှောက်အယှက် ပေးလာခဲ့တဲ့ မာရ်နတ်မင်းရဲ့ ရန်ကို အောင်မြင်ရသလို

ဘုရားရှင်ရဲ့ သက်တော်ထင်ရှား တဘဝတာ အတွင်းမှာ အဲဒီလို အနှောက်အယှက်အဖျက်အဆီးတွေကိုအောင်မြင်ပုံပြတဲ့ အောင်ခြင်းရှစ်ချက်လို့ ခေါ်ရတဲ့ "အောင်ခြင်းရှစ်ပါးတရားတော်"ကို ဒီနေ့ည ဘုန်းကြီးအနေနဲ့ ဟောမယ်လို့ ဆိုပြီးတော့ ပဌမဆုံး အောင်ခြင်းရှစ်ချက် ဂါထာတော်လို့ ဆိုပြီး စချီ ရွတ်ဆိုခဲ့ပါတယ်။

ဒီတော့ ယနေ့ အဲဒီ အောင်ခြင်းရှစ်ပါးထဲက နှစ်ပါးလောက် ဟောမယ်လို့ ရည်ရွယ်ထားပေမဲ့ ပြီးမယ်မထင်တော့ဘူး၊ ဘပါးဘဲ ဟောရတော့မယ်၊ နောက်လဲ ဒီလိုဘဲ ဆက်ပြီးတော့ မပြီးမခြင်း ဟောသွားပါ့မယ်၊ ဒီနေ့ည အနေနဲ့ မာရ်နတ်မင်းကို ဘုရားရှင် အောင်မြင်တော်မူပုံကို ပရိသတ်တို့ ကြည်ညိုကြစေရန်........

ဇိနော-အောင်သူတကာတို့အထွဋ်၊ တမွတ်ဥဒသျှောင်၊ ဘုန်းခေါင် ဘုန်းဖျား၊ ငါတို့ မြတ်စွာဘုရားသည်၊ မာရဇ္ဈ - ဂိရိမေခလာ၊ ဆင် မဟာကို၊ လျင်စွာတက်စီး၊ ပလ္လင်နီးဝယ်၊ လေကြီး မိုးကြီး၊ ပြာပူ မီးနှင့်၊ မှောင်ကြီး တတန်၊ ဓါးလှံ မကြွင်း၊ ပြစ်ခတ် ခွင်းလျက်၊ အချင်း သိဒ္ဓတ်၊ ပလ္လင်မြတ်မှ၊ အမြန်ထလော့၊ စိန်းမြ ညိုလွှင်၊ ဗောဓိပင်နှင့်၊ ပလ္လင်တော်ကား၊ ထင်အရှားပင်၊ သင်ကား မဆိုင်၊ ငါသာပိုင်ဟု၊ စွဲကိုင်သက်နက်၊ ရဲစစ်ခက်ဖြင့်၊ အောက် ထက်ဝန်းရံ၊ သောသောညံအောင်၊ အသံဟစ်ကြွေး၊ ခယဉ် ကျေးသည့်၊ ရန်ဘေး တသင်း၊ မာရ်နတ်မင်းကိုလည်း၊ အစိနိ - ဇိဋ္ဌကိုချ၊ ဒေါသကိုပယ်၊ မာန်စွယ်ကိုချိုး၊ သဒ္ဒါဖြိုးလျက်၊ ရှိခိုး တုပ်ကွ၊ ပြားပြားကျအောင်၊ ဆုံးမသွန်သင်၊ အောင်ပွဲတော် ယင်ခဲ့လေပြီ၊ တံ ဗုဒ္ဓ – တမွတ်

ဥသျှောင်, ဘုန်းခေါင်ဘုန်းဖျား, ထိုအောင်တော်မူမြတ်စွာဘုရားကို၊ အဟံ - ခန္ဓာငါးခု, ပေါင်းစုမှည့်ခေါ်, တပည့်တော်သည်၊ (မယံ- ခန္ဓာငါးစု, ပေါင်းစုမှည့်ခေါ်, တပည့်တော်, တပည့်တော်မတို့သည်၊) ဝန္ဒေဝန္ဒာမ-ရှိခိုးသမြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့လိုက်ပါကုန်တော့သည် ဘုရား။

သာဓု........သာဓု........သာဓု။

ဘုန်းကြီးတို့ ဘုရားရှင် ဘုရားမဖြစ်ခင် အလောင်းတော်ဘဝနဲ့ ဥရုဝေလတောထဲမှာ ခြောက်နှစ်လုံးလုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးတော့နေစဉ် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် တခုသော နံနက်စောစော ကဆုန်လပြည့်နေ့ အချိန်မှာ အဲဒီဥရုဝေလတောကြီးရဲ့ မနီးမဝေး သေနာလို့ဆိုတဲ့ နိဂုံးကြီးတခုရှိတယ်၊ အဲဒီ သေနာနိဂုံးကြီးရဲ့ အပြင်ဘက်မှာ အင်မတန် ကြီးမားခန့်ထယ်တဲ့ ပညောင်ပင်ကြီး တပင်ကလဲ ရှိတယ်။

အဲဒီ ပညောင်ပင်ကြီးရဲ့ အောက်မှာ ဘုရားအလောင်းတော် နံနက်စောစော ရောက်လာပြီးတော့ ဆွမ်းခံချိန် စောနေသေးလို့ ထိုင်ပြီးတော့ တရားနှလုံးသွင်းလျက် နေဘယ်၊ အဲဒီလို တရားနှလုံးသွင်းနေတဲ့ အချိန်မှာ သေနာနိဂုံးကြီးထဲမှ အမျိုးသမီးကလေးတဦး တံမျက်စည်းကလေးတချောင်း ကိုင်ပြီးတော့ ညောင်ပင်ကြီးအနီး ရောက်လာတယ်။

ရောက်လာပြီဆိုရင်ဘဲ အင်း....ဒီနေ့တော့ ရုက္ခစိုး မင်းကြီးက ကိုယ်ရောင် အထင်အရှားပြပြီး အပူဇော် အပသခံမယ်လို့နဲ့ တူတယ်လို့ ဆိုပြီးတော့ ဘုရား အလောင်းတော်က ရုက္ခစိုး မင်းကြီး ထင်ပြီးဘော့ အဲဒီကလေးမလေးက ကဗျာကယာ ပြန်ပြေးတယ်၊ သူက ဘာလုပ်ဘို့ လာခဲ့တာလဲလို့ ဆိုတော့ ဒီညောင်ပင်ကြီးအောက်မှာ သုတ်သင် ရှင်းလင်းဘို့ လာခဲ့တာဘဲ ဖြစ်တယ်၊ သူ့ကို ဘယ်သူက လွှတ်လိုက်သလဲလို့ဆိုတော့ အဲဒီ သေနာနိဂုံးကြီးထဲက သူဌေးသမီး သုဇာတာလက လွှတ်လိုက်တာ၊ သုဇာတာ သူဌေးသမီးက အဲဒီ နေ့ ဘာလုပ် မလို့တုန်းဆိုရင် အဲဒီ ညောင်ပင်ကြီးက ရုက္ခစိုးမင်းကြီးကို တနှစ် တနှစ် တသိန်းတန် တသိန်းတန် အကုန်ခံပြီး ဗလိနတ်စာ ပူဇော် ပသလေ့ ရှိတယ်။

ဒီလို တသိန်းကုန် တသိန်းကုန် ဘာပြုလို့ အကုန်ခံပြီး ပူဇော် ပသနေရတုန်းလို့ ဆိုတော့ သူ အပျိုဘဝ တုန်းက မေ့ဒေပ်ရင်း အကြောင်းအားလျော်စွာ ထွက်လာရင်းနဲ့ ဒီပညောင်ပင်ကြီးမှာ ရုက္ခစိုးနတ်မင်းကြီးဘော့ ရှိတန်ရာရဲ့လို့ ဆိုပြီးတော့—

အရှင် ရုက္ခစိုးမင်းကြီး.... ကျွန်မကို အရည်အချင်းတူ ရုပ်ရည်တူ ပစ္စည်းတူ အရွယ်တူ ဂုဏ်ရည်တူ သူဌေးသားနဲ့ အကြောင်းပါ လက်ဆက်နိုင်အောင် စောင်မတော်မူပါ၊ အဲဒီလို စောင်မတော် မူရာဖြင့် အရှင် ရုက္ခစိုးမင်းကြီးကို တပည့်တော်မ နှစ်စဉ် နှစ်စဉ် တသိန်းကုန်ခံ ပူဇော် ပသပါ့မယ်လို့ တိုင်တည် တောင့်တခဲ့ ဘူးတယ်။

ထန်းသီး ကြွေခိုက်၊ ကျီးနင်းခိုက်လားတော့ မသိဘူး၊ သူ တောင့်တတိုင်းဘဲ သောဌေးသား ယသဦးနဲ့ အကြောင်းပါတယ်၊ နောက် သားဦးရတနာကလေး ရတယ်၊ အဲဒါကြောင့်မို့ သူက အဲဒီ ကဆုန်လပြည့်နေ့ကြရင် ဗလိနတ်စာ ပူဇော် ပ-သ နေကြ၊ ဒါနဲ့ သူ့အိမ်စေကျွန်မလေးကို ညောင်ပင်အောက်မှာ သုတ်သင် ရှင်းလင်းစေနှင့်ရန်ဆိုပြီးတော့ လွှတ်လိုက်တာ၊ အိမ်စေမကလေးက တံမျက်စီးကိုထမ်းပြီးတော့ အလာ၊ ဘုရားအလောင်းတော်ကလဲဘဲ နံနက်စောစော ဒီညောင်ပင်အောက်မှာဆွမ်းခံချိန်မရောက်သေးလို့ အရှေ့ဘက်ကို မျက်နှာမူပြီးတော့ တရား နှလုံးသွင်းနေတဲ့ အချိန်၊ အဲဒီ ကလေးမလေးက ရုက္ခစိုးကြီးလို့ ထင်သွားတယ်။

အင်း...ဒီနှစ်တော့ ရုက္ခစိုးကြီးက ကိုယ်ထင်ပြပြီးတော့ အလှူခံ တော့မယ်နဲ့တူရဲ့လို့ ဆိုပြီးတော့၊ ကမျာကယာ အိမ်ပြန်ပြေးပြီး တော့ သူ့သခင်မကို သွားပြောတယ်။

ယဒ္ဓေ အဟေ့ ဇာနေယျာသိ၊ ဒေဝရာဇာ သဟတ္တေနေဝ
အဇ္ဇ ဗလိံ ပဋိဂ္ဂဏှိဿတိ—

အရှင်မ-သိတော်မူပါ၊ ဒီနေ့ အရှင်ရုက္ခစိုးမင်းကြီးဟာ အရှင်မရဲ့ အပူဇော် အပသခံဘာကို သူကိုယ်တိုင် လက်နဲ့ခံယူဘို့ရာ ညောင်ပင် ရင်းမှာ ဆင်းပြီးတော့ ထိုင်နေပါတယ် အရှင်မ၊ ဟဲ့- ဟုတ်ကဲ့သား၊ အဟုတ်ပြောနေတာလား၊ အဟုတ်ကို ပြောနေတာပါ အရှင်မ၊ အို.... အဟုတ်သာ ပြောရင်တော့၊ ညီးကိုလေ ကျွန်မအဖြစ်က

လွှတ်ပြီးတော့ သမီးအဖြစ် မွေးစားမယ်၊ အဟုတ်ပြောနေတာလား၊ ဪ.... အဟုတ်ကို ပြောနေတာပါ သခင်မ၊ မယုံရင် လိုက်ကြည့်ပါ၊ အင်း– အဲဒီလိုဆိုရင် လိုက်ကြည့်မယ်လို့ ဆိုပြီး သေဋ္ဌေးသမီး သုဇာတာက ကဗျာကယာ ဝတ်စားတန်ဆာကိုဝတ်၊ ကျိုပြီးသား နို့ဃနာကိုလဲ ကသိန်းတန်ရွှေခွက်ထဲမှာ ထည့်ပြီး အပေါ်ကလဲ ရွှေခွက်တခုနဲ့ အုပ်ပြီးတော့ စင်ကြယ်တဲ့ အဝတ်တထည်နဲ့ ထည့်ထုပ်ပြီး ခေါင်းပေါ်မှာ တင်ရွက်ကာ ခတ်သုတ်သုတ် ထွက်လာခဲ့တယ်။

ဒီကြတော့ ကျွန်မကလေးပြောတဲ့ အတိုင်းဘဲ, ဘုရားအလောင်းတော်ကို မြင်လိုက်တော့ ဘုရားအလောင်းတော်မှန်း မသိဘဲ သူတို့ ရုက္ခစိုးကြီးဘဲ ထင်မှတ်ပြီးတော့ ခပ်ဝေးဝေး ကတည်းက ရွှေခွက်ကို လက်ထဲမှာပိုက်ပြီး ရိုသေစွာကိုင်းညွှတ်သော အမူအရာနဲ့ ဘုရားအလောင်းတော်ရဲ့ အနီးသို့ ကပ်လာ, ဘုရားအလောင်းက ဘာစကားမှ မပြောလို့ ဘုရားအလောင်းလက်ထဲကို ရွှေခွက်နဲ့ ထည့်ထားတဲ့ နို့ဃနာကို ကပ်လှူခဲ့ပြီး "ပဋ္ဌပတိဋ္ဌိတ"လို့ ခေါ်တဲ့ ...

"လက်-ခြေ-နဖူး, တတောင်-ဒူး, ငါးဦးတင်ခြင်းသာ" ဆိုတဲ့ ငါးမျိုးသော ထိခြင်းဖြင့် ရှိခိုးဝပ်ချပြီး ဝမ်းမြောက် ဝမ်းသာ ပြန်သွားတယ်၊ ဒီတော့ ဘုရားအလောင်းတော်က "အင်း.... ဒီနေ့တော့ ကံထူးတဲ့နေ့ဘဲ၊ ဆွမ်းခံတောင် မဝင်ရသေးဘူး၊ ရွှေခွက်ကြီးနဲ့ နို့ဃနာဆွမ်းတွေ ရနေပြီ၊ ဒီနေ့တော့ ငါဘုရားဖြစ်မှာ

သေချာပြိုန့်တူတယ်၊ ၆-နှစ်လုံးလုံး ဒုက္ကရစရိယာကျင့်ပြီး ရှာဖွေလိုက်ရတာ ဒီနေ့တော့ဖြင့် အတိတ်ကောင်း နိမိတ်ကောင်းတွေနဲ့ တွေ့ရပြီ၊ မနေ့ညတုန်းကလဲ အိပ်မက်- မက်လိုက်တာ၊ တယ်ပြီး အိပ်မက်တွေ ကောင်းတယ်၊ မြောက်ဘက်က ဟိမဝန္တာကို ခေါင်းအုံး၊ တောင်သမုဒ္ဒရာမှာ ခြေဆန့်၊ အရှေ့ဘက် သမုဒ္ဒရာမှာ လက်ဝဲလက်ထား၊ အနောက်ဘက် သမုဒ္ဒရာမှာ လက်ျာလက်ထားပြီးတော့ အိပ်ရတယ်လို့ မက်တယ်။

ကေန္တ-ဒီအိပ်မက်ဟာ ငါဘုရားဖြစ်မဲ့ လက္ခဏာဘဲ၊ တလောကလုံးကို လွှမ်းခြုံ သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကိုရမဲ့ အတိတ်နိမိတ်ဘဲ၊ ဘုရားအလောင်းတော်က စဉ်းစားနေတာ၊ ညကလဲ အိပ်မက်က မက်ခဲ့တာကိုး၊ ဒါတင် မကသေးဘူး၊ ဒုတိယ အဲဒီလို ပက်လက်လှန်ပြီးတော့ ကျိန်းစက်နေတဲ့အချိန်မှာ ငါ့ရဲ့ ချက်ကနေပြီးတော့ နတ်မျက်ရှင်ကြီး ထွက်သွားလိုက်တာ မိုးကောင်းကင်အာကာသအထိ ထိုးဖေါက်ထွက်သွားတာကို မြင်ရတယ်၊ ကေန္တ-ဒီဟာလဲဘဲ သဒေဝက လောကညီသုံ့ နတ်ပြဟ္မာနှင့် တကွသော လောကကြီးကို ငါသိနိုင်တယ်, သိတော့မယ်, ငါပိုင်သတော့မယ်, ငါဟောပြောရနိုင်တဲ့လက္ခဏာ ဖြစ်ရမယ်၊ ဘုရားအလောင်းတော်သူ့အိပ်မက်နဲ့သူ သူ့ဘာသာ သူကြည့်ပြီး လက္ခဏာ ဖတ်နေတာ၊ အိပ်မက်တိတ္ထု ဖတ်နေတာ၊ ပြီးတော့ ဒါတင် မကသေးဘူး၊ ငါ့ ခြေဖမိုးပေါ်ကနေပြီးတော့ ဒူးဆစ်ထိအောင် အင်မတန်ဖြူဆွတ်တဲ့ ပိုးသောက်တွေ, ခေါင်းမဲကလေးတွေနဲ့ ပိုးလောက်တွေ ငါ့ ခြေသလုံးတိုင်အောင် စုပုံတက်နေတာကိုလဲ ငါမြင်တယ်၊ ကေန္တ-

ဒါဟာဖြင့် ဥပသကာ-ဥပါသိကာ၊ တကာ-တကာမတွေ ဝိုင်းပြီး တော့ ကုံးကွယ်ကြမယ်ဆိုတဲ့ အတိတ်နိမိတ်ဘဲ ဖြစ်ရမယ်။

ငါ့ခြေရင်း စုပုံပြီးတော့ ရောက်လာကြပါလိမ့်မယ်ဆိုတဲ့ အတိတ် နိမိတ်ဘဲ၊ ဒါတင် မကသေးဘူး၊ အရပ်လေးမျက်နှာက အရောင် အဆင်း အမျိုးမျိုးရှိတဲ့ ငှက်တွေ၊ တချို့က နီ၊ တချို့က နက်၊ တချို့က ဖြူ၊ အမျိုးမျိုးသော ငှက်တွေ ငါ့ဆီ ပျံလာလိုက်ကြတာ ငါ့နားရောက်တယ်ဆိုရင်ဘဲ အားလုံး အဖြူရောင်တွေချည့် ဖြစ်ကုန် တယ်လို့ ငါ့အိပ်မက်ထဲ မြင်မက်ရတယ်။

ကေန္တ- ဒါဟာလဲဘဲ ခတ္တိယမင်းမျိုးက လာတဲ့ သူတွေရော၊ ပုဏ္ဏားမျိုး၊ လယ်လုပ်မျိုး၊ ဆင်းရဲသားမျိုး၊ အမျိုးလေးပါးလုံး ငါ့ထံ မရောက်ခင်က အမျိုမျိုးသောဇာတ်တွေ ကွဲပြားနေကြပေမဲ့ လို့ ငါ့ထံမှောက်ရောက်ရှိလို့ ငါ့တရားနာ၊ ငါ့တရား ကျင့်ခဲ့ရင် မြင့်မြတ် ဖြူစင်တဲ့ သူတော်ကောင်းတွေချည့် အကုန်ဖြစ်မဲ့ လက္ခဏာဘဲ။

အင်း....ကောင်းလိုက်တဲ့ အိပ်မက်တွေ၊ ညကမက်တဲ့ အိပ်မက် တွေက နောက်ဆုံးမက်တဲ့ အိပ်မက်များ ပိုပြီးတောင်မှ ကောင်း သေးတယ်၊ မစင်ပုံကြီးပေါ် ငါ လမ်းလျှောက် နေရတယ်လို့ ငါအိပ်မက်တယ်၊ မစင်ပုံကြီးပေါ် လမ်းလျှောက်နေရပေမဲ့ ငါ့ခြေ ထောက်ကို မစင် တစက်မှ မလူးဘူး၊ ကေန္တ- ဒါဟာဖြင့် ဆွမ်း- သင်္ကန်း -ကျောင်း-ဆေး ဆိုတဲ့ ပစ္စည်းလေးပါးကို ဝိုင်းအုံပြီး

လျှဒါန်းကြပေမယ်လို့ ထိုငှစ္စည်းလေးပါးရဲ့အပေါ်မှာ တွယ်တာတတ်တဲ့ ငြိကပ်တတ်တဲ့ လောဘ–ဒေါသ–မာနစတဲ့ အပြစ်တွေကင်းစင်မဲ့ လက္ခဏာဘဲ၊ အလောင်းတော်ဟာ မနေ့ညက မက်တဲ့ အိပ်မက်ကို သူ့ဟာသူပြန်ပြီး နိမိတ်ဖတ်နေတာ။

မနေ့ညက အိပ်မက်ကလဲ ကောင်းလိုက်တာ၊ ယခုလဲ စောစောစီးစီး လာဘ်တိုက်တဲ့အနေနဲ့ ဆွမ်းခံတောင်မှ မထွက်ရသေးဘူး၊ ကြည့်ပ အုန်း၊ ရွှေခွက်နဲ့ နို့ဃနာဆွမ်းတွေ လာပြီး လှူနေတယ်၊ ကိုင်း....ဒီနေ့အတွက် ဆွမ်းခံတောင် မဝင်ရတော့ဘူးလေ၊ ဆက်ပြီးတော့ တရားနှလုံး သွင်းပြီးတော့ အချိန်ကျမှဘဲ ဘုဉ်းပေးရတော့မှာဘဲလို့ ဆိုပြီးတော့ (၇) နာရီလောက်ထိအောင် တရားဆက်ပြီး နှလုံးသွင်းနေတယ်၊ တော်တော်လေး ကြာတော့မှ နို့ဃနာဆွမ်းနဲ့ ရွှေခွက်ကို ပိုက်ပြီး နေရဉ္ဇရာမြစ်ကမ်း ဆင်းလာခဲ့တယ်၊ နေရဉ္ဇရာမြစ်ကမ်းအနီးမှာ နို့ဃနာဆွမ်းနဲ့ ရွှေခွက်ကို ချထားပြီး သုပတိဋ္ဌလို့ ခေါ်တဲ့ ကောင်းမြတ်တဲ့ ဆိပ်ကမ်းမှာ ဆင်းပြီးတော့ ရေသုံးသပ်တော်မူပြီးမှ တက်လာလျက် သင့်တော်တဲ့နေရာ သစ်ပင်အောက်မှာ လေးဆဲ့ကိုးလုပ် နို့ဃနာဆွမ်းကို မယုတ်မလွန် ဘုဉ်းပေးတော်မူတယ်။

စောစောကပြောခဲ့တဲ့ ခုနစ်ဌာနမှာ သတ္တသတ္တာဟ ၄၉ ရက်သီတင်းသုံးဘို့ရာအတွက် ဒီ ၄၉ လုပ်ဟာ အစာ ဖြစ်သွားမှာဘဲ၊ အဲဒီလိုနဲ့ ၄၉ လုပ် ဆွမ်းဘုဉ်းပေး[illegible]
ကိုင်ပြီး "ငါဘုရားဖြစ်မှာ ကေန်, [illegible]

၁၅၉၂၂

နေရဉ္စရာမြစ်ညာသို့ ဟသ်ာ ဝမ်းဘဲအသား ဆန်တက်၍ သွားပါ စေသား၊ ယနေ့ ငါဘုရားမဖြစ်သေးဘူးလို့ ဆိုရင်ဖြင့် အောက်သို့ စုံပါစေသား” အဲဒီလို ဓိဋ္ဌာန်ပြီးတော့ ရွှေခွက်ကို မြစ်ထဲမှာ မြော လိုက်တယ်၊ တခါထဲ ရွှေခွက်က ဝမ်းဘဲ ဟသ်ာမျှားလို မြစ်ညာသို့ ဆန်တက်သွားတယ်၊ ကောင်းလိုက်တဲ့နိမိတ်ပါဘဲ။

ဒီနေ့ ငါတော့ဖြင့် ဘုရားဖြစ်တော့မှာ ကေန်ဘဲ၊ ဒါလောကမှာ ဟိုပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်တွေလဲ ဒီလိုဘဲ ရှိကြသားဘဲ၊ ကိုယ့်ရဲ့ အောင် မြင်မှုအတွက် တစုံတခုကို ကြိုးစား အားထုတ်နေတဲ့ အချိန်မှာ အဲဒီလို အိပ်မက်တွေ အတိတ်တွေ နိမိတ်တွေ တွေ့ရ ကြုံရ မြင်ရတာ တွေ့ ကောင်းလာပြီလို့ ဆိုချင် ဒါ ငါရတော့မှာဘဲ အောင်တော့ မှာဘဲ ဆိုတာလိုဘဲ ဘုရားအလောင်းတော်လဲ ငါ ဒီနေ့တော့ ဘုရား ဖြစ်တော့မယ်လို့ ဆိုပြီး အားတက်သရောနဲ့ အဲဒီနေ့ တနေ့လုံး နေရဉ္စရာမြစ်ကမ်းအနီး အင်ကြင်းတောကြီးထဲမှာ တရားနှလုံးသွင်း သီတင်းသုံး နေတော်မူပြီး သကာလ ညနေချမ်းအချိန် ဗောဓိပင် ရှိရာ အရပ်ဆီသို့ ကြွတော်မူတယ်၊ အဲဒီလို ကြွတော်မူပြီလို ဆိုရင်ဘဲ လမ်းမှာ မြက်ရိတ်နေတဲ့ ပုဏ္ဏားဘယောက်နဲ့ တွေ့လို့ ဘုရား အလောင်းတော်က မြက်အလှူခံလိုတဲ့ အမူအရာကို ပြတာနဲ့ ပုဏ္ဏား က မြက်ရှစ်ဆုပ် လက်ထဲထည့်ပြီး လှူလိုက်တယ်။

အဲဒီ မြက်ရှစ်ဆုပ်ကို ပွေ့ယူလာခဲ့ပြီး ဗောဓိပင်ရောက်တဲ့အခါ အဲဒီမြက်ကို ဗောဓိပင်ရဲ့ အရှေ့ဘက်က နေပြီးတော့ ခင်းတော်မူပါ တယ်၊ ဖြန့်ခင်းလိုက်တယ်လို့ ဆိုရင်ဘဲ အဲဒီ မြက်ရှစ်ဆုပ်ဟာ တဆဲ့ လေးတောင်လောက် ကျယ်ပြန့်တဲ့အခင်း ဖြစ်သွားတယ်။

တချို့ကတော့လဲဘဲ ရွှေပလ္လင်ကြီး ပေါက်တယ်လို့ ဆိုကြတယ်၊ ဒီနေရာမှာ ဋီကာတစောင်က ရွှေပလ္လင်ကြီးပေါက်တာ မဟုတ်ပါဘူးတဲ့၊ မြက်ခင်းကနေပြီးတော့ ပလ္လင်သဘောမျိုး အခင်းဖြစ်သွားတာပါတဲ့၊ တဆဲ့လေးတောင်ခန့် ကျယ်တဲ့ အခင်းတမျိုး ဖြစ်သွားတာပါတဲ့၊ ကဲ–ဘာဘဲပြောပြောပေါ့လေ၊ ဘုရားရှင်ရဲ့ ဘုန်းတော်ကံတော် ဉာဏ်တော် အနန္တနဲ့ ပြောရင် ရွှေပလ္လင်ကြီး ပေါက်သွားတာလဲ ဖြစ်နိုင်ပါတယ်။

ဒီလိုမဟုတ်ပါဘူး၊ သဘာဝအတိုင်း ခင်းလိုက်တဲ့ မြက်အခင်းက ညီညီညာညာ ဖြစ်သွားပါတယ်လို့ ဆိုရင်လဲ ဒါယုတ္တိ သဘာဝနဲ့ ကိုက်ညီတာပါဘဲ၊ ဘာဘဲပြောပြော ဘုရားဖြစ်တော်မူမဲ့ နေ့ဟာ ဒီနေ့ပါဘဲ၊ ကဆုန်လလို ဆိုတော့ အင်မတန်ပူပြင်းတဲ့ နွေရာသီပေါ့၊ အင်မတန် စိမ်းလန်းစိုပြေတဲ့ မြက်အခင်းလေးပေါ်မှာ ထိုင်လိုက်ရတယ်လို့ ဆိုတာ အင်မတန်ကို သမာဓိရစေတာပေါ့၊ အဲဒီလိုနဲ့ အလောင်းတော်ဟာ စိမ်းစိုတဲ့ မြက်အခင်းလေးပေါ်မှာ ထိုင်ပြီးတော့ ဒီနေ့တော့ ငါ ဘုရားဖြစ်မှာ သေချာတယ်၊ အတိတ်နိမိတ်တွေလဲ ကောင်းတယ်လေလို့ ဆိုပြီးတော့....

န တာဝိ မံ ပလ္လင်္ကံ ဘိန္ဒိဿာမိ, ယာဝ မေ အနုပါဒါယ
အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု–လို့ အဓိဋ္ဌာန်လိုက်ပါတယ်။

တဘောင့်ငါးရာ ကိလေသာ အာသဝေါတွေ ပယ်ခွါ သက်လျှောပြီး မသွားသမျှ မကုန်သမျှ ငါတော့ဖြင့် ဤနေရာ ဤဒေသ

ဤပလ္လင်မှ မကတော့ဘူးလို့ အဲဒီလို အဓိဋ္ဌာန်ပြီးတော့ ထိုင်လိုက်ပါတယ်၊ အဲဒီလို ထိုင်လိုက်တယ်လို့ဆိုရင် သုံးဆဲ့တဘုံကို လွှမ်းခြုံပိုင်နင်းတဲ့ အမျိုးမျိုးသော အနှောက်အယှက် အဖျက်အဆီးတွေ ပေးပြီးသကာလ လူမိုက်လုပ်နေတဲ့ မာရ်နတ်မင်းက မြင်တယ်။

အင်း.... သိဒ္ဓတ္ထ ဒီနေ့ ငါ့နယ်က လွတ်တော့မယ်၊ ငါ့နယ်က လွတ်တော့မယ်၊ သူ ဒီနေ့ ဖြစ်ပုံ နေပုံ သွားပုံ လာပုံ အခြေအနေတွေကလဲ တယ်ပြီး ကောင်းနေတယ်၊ ယခု ထိုင်နေတာကလဲ အဓိဋ္ဌာန်နဲ့ ထိုင်တာဆိုတော့ စေ့န္တ ငါ့နယ်က လွတ်တော့မယ်၊ မာရ်နတ် ဆိုတာက သူ့နယ်ထဲမှာ ပျော်ပါး မမော်ကြွားပြီး စားသောက် အချိန်ကုန်နေမှ ကြိုက်တယ်။

လောကမှာ အထက်က နေရတဲ့သူတွေကလဲဘဲ သူ့နယ်ထဲမှာ နေတဲ့သူတွေကို သူ့ ၊ မိုက်နေရင် နောက်လိုက် တွေကလဲ မိုက်နေမှ ကြိုက်တယ်၊ သူတော်ကောင်း လုပ်နေရင် သူက နံနဲ့ မျက်စောင်းထိုးတတ်တယ်၊ ဒါဟာ လောကရဲ့ ထုံးစံဘဲ၊ ဒီတော့ မာရ်နတ်ကလဲ ဘုရားအလောင်း သိဒ္ဓတ္ထရဲ့ အမူအရာ အသွားအလာ ဣန္ဒြေ ကျင့်ကြံ ကြိုးကုတ် အားထုတ်ပုံကို ကြည့်ပြီးတော့ ဒီနေ့တော့ သိဒ္ဓတ္ထဟာ ငါ့လက်တွင်းက လွတ်တော့မယ်လို့ ဆိုပြီးတော့ တခါထဲ သူ့ရဲ့တပ်သားတွေ ရနိုင်သမျှ စုရုံးပြီး သူကိုယ်တိုင်လဲ လက်နက်ပေါင်းစုံနဲ့ လာကြတော့တာဘဲ။

ပလ္လင်လုမယ်လို့တော့ ဆိုတယ်၊ တကယ်တော့ မဟုတ်ပါဘူး၊ ဒီမြက်ခင်း ပလ္လင်မျိုးတော့ သူ့ရဲ့ ဝသဝတ္တီနတ်ပြည်မှာ ပြည့်လို့၊

အနှောက်အယှက် ပေးချင်လို့ပါဘဲ၊ ရွှေပလ္လင်ကြီးလို့ ဆိုရင်လဲဘဲ သူ့ ဒီလောက်မမက်ပါဘူး၊ သူ့ ဝသဝတီက ရွှေပလ္လင်တွေ လူ့ပြည်က ရွှေပလ္လင်ထက်တော့ သာရမယ်ပေါ့၊ တကယ်တော့ သက်သက် အနှောက်အယှက်ကို ပေးချင်တာပါဘဲ၊ အဲဒီလိုနဲ့ မာရ်နတ်မင်း ကြီးဟာ—

မာရဠ— ဂိရိမေခလာ၊ ဆင်မဟာကို၊ လျင်စွာတက်စီး၊ ပလ္လင် နှီးဝယ်၊ လေကြီ မိုးကြီး၊ ပြာပူမီးနှင့်၊ မှောင်ကြီးတဘန်၊ ဓားလှံ မကြွင်း၊ ပစ်ခတ်ခွင်းလျက် ..

တခါထဲ ငါ့မဆုံး မြတ်စွာဘုရားကို သာမာဝိ ပျက်အောင်လို့ ဆိုပြီးတော့ လေကြီးတွေတိုက်ပေးတယ်၊ တဝေါခဝေါနဲ့ လေကြီး ဘေ့ဘိုက်၊ တဝေါခဝေါနဲ့ မိုးကြီးတွေရွာချ၊ အုံးအုံး ဂျုံးဂျုံးနဲ့ မိုးချုန်းသံကြီးတွေခပြီး မိုးရွာဟန်နဲ့ ခြိမ်း ခြောက်ပြီးတော့ ပြတယ်၊ မြတ်စွာဘုရားက သိတော်မူပါတယ်၊ ဩော်.... မာရ်နတ် တော့ အနှောက်အယှက် ပေးနေပြီ၊ အဲဒီလို အနှောက်အယှက် ပေးနေတယ်လို့ သိနေပေမဲ့လို့ သူ့အပေါ်မှာ ဒေါသမထွက် ပါဘူး၊ မေတ္တာနဲ့ သည်းခံတဲ့ ခန္တီနဲ့ တရားကို ရှုမြဲ ရှုနေပါတယ်။

သူတို့ဘတွေ လေးကြီးတွေ မီးကြီးတွေ ဓားတွေ လှံတွေ ပြာပူ မိုးကြီးတွေ အမျိုးမျိုးနဲ့ ခြိမ်းခြောက်ကြ၊ ဓားတွေ လှံတွေ မြှိန်းတွေ မြှားတွေ ပေါက်ဆိန်တွေ အစရှိတဲ့ လက်နက်တွေနဲ့ ပစ်ကြ ခတ်ကြသော်လဲ ဘုရားရှင်က မေတ္တာနဲ့ နေမြဲ နေတာပါဘဲ၊

အဲဒီလက်နက်တွေ မှန်သမျှ မြတ်စွာဘုရားအနား ရောက်လာပြီဆိုရင်ဘဲ မေတ္တာနဲ့နေတဲ့ ဘုရားဖြစ်တော့ အကုန်လုံး ပန်းပွင့်တွေ ပန်းကုံးတွေ ပန်းဆိုင်းတွေ ဖြစ်ကုန်ကြတယ်၊ မြတ်စွာဘုရားက မာရ်နတ်ကို ပုဂ္ဂိုလ်သတ်ရယ်လို့ မမြင်ဘူး၊ ဩော်... မာရ်နတ် အတွင်းက လောဘ ဒေါသ မာန်မာန စတဲ့ ဆိုးညစ်တဲ့ ဓာတ်တရားတွေကို လက်ခံပြီး အလိုလိုက်ပြီးသကာလ အနှောက်အယှက်တွေ ပေးမိပြီး နေရှာတယ်၊ သူ့ရဲ့ လောဘ ဒေါသဖြစ်မှုဓာတ်တွေကိုတော့ဖြင့် သူပြန်ပြီး ခံရတော့မှာဘဲလို့ သနားနေတာ။

သားသည်မိခင်က သားကလေးရဲ့အပေါ်မှာ သနားတဲ့စိတ်ထားမျိုး၊ သားလေးက သူ့ဒီလိုမကျလို့ ရင်ခွင်ထဲမှာ ရှိနေတဲ့ သားကလေးက သူ့အလိုမကျလို့ အမေ့ရင်ခွင်ထဲမှာ နေပြီးတော့ အမေရဲ့ဆံပင်ကို ဆွဲ၊ မျက်နှာကို ကုပ်၊ ပါးကိုပုတ်နဲ့ တလှုပ်လှုပ် တလွဲလွဲ နေငြားသော်လည်းဘဲ မိခင်ဆိုတဲ့သူက သူ့ရဲ့သားကလေး အပေါ်မှာ မုန်းစိတ်တွေ မဝင်တဲ့အပြင် တိုးရှဲတိုးရှဲပင် ပွေ့ပိုက်သလို ချစ်ခင်သလို။

ဘုရားအလောင်းတော် တည်းဟူသော အမေကို မာရ်နတ် တည်းဟူသော ကလေးက အမျိုးမျိုး အနှောက်အယှက်ပေးနေသော်လည်းဘဲ ဩော်.... မာရ်နတ်ဟာ သူ့သန္တာန်မှာ ဖြစ်နေတဲ့ လောဘ ဒေါသတရားတွေရဲ့ စေခိုင်းချက်အရ ငါ့ကို အနှောက်အယှက် ပေးနေမိရှာပြီ၊ ဒီ လောဘ ဒေါသ အညစ်အကြေးတွေရဲ့ ဒဏ်ကို သူခံရချေသေးရဲ့လို့၊ မိခင်က သားကလေး အပေါ်

သနားနေတဲ့ မေတ္တာမျိုး ကရုဏာမျိုးနဲ့ အလောင်းတော်က မာရ်နတ်ရဲ့အပေါ် သနားနေတော်မူပါတယ်၊ မေတ္တာပို့ပြီးတော့ နေတော်မူတယ်။

အဲဒီလို မေတ္တာပို့ပြီးတော့ နေတော်မူတဲ့အတွက် သူကိုယ်တိုင် နှောက်ယှက်တဲ့ အနှောက်အယှက်တွေ မှန်သမျှ၊ တပ်သားတွေ ပစ်လိုက်တဲ့ လက်နက်တွေမှန်သမျှ ဘုရားရှင်ရဲ့ ရှေ့တော်မှောက် ရောက်လို့လာပြီဆိုရင် တချို့က ပန်းပေါက်ပေါက်တွေဖြစ်ကုန်၊ တချို့က မြလေးပန်းတွေ ဖြစ်ကုန်၊ တချို့က နှင်းဆီ၊ သော်က၊ စပါယ် အစရှိသော ပန်းတွေဖြစ်ပြီးတော့ လက်နက်တွေကကို ရှက်လွန်းလို့တဲ့လေ။

အမယ်လေး.... ဘုရား၊ တပည့်တော်တို့ လက်နက်တွေဟာ လူမိုက် မာရ်နတ်ကြီးက လွှတ်လို့သာ ပြေးလာခဲ့ရတာဖြစ်ပြီး အရှင်ဘုရားက မေတ္တာနဲ့ နေတာ ဆိုတော့ ရှင်တော်ဘုရားရဲ့ ရှေ့မှောက်မှာ လက်နက် အဖြစ်နဲ့တောင် မကျရဲ မနေရဲပါဘူး ဘုရားလို့ လက်နက်တွေက မပြောသော်လဲ ပြောသကဲ့သို့၊ လက်နက်တွေဟာ ပန်းပွင့် ပန်းကုံး ပန်းဆိုင်း အမျိုးမျိုး အသွင်ပြောင်းပြီး မြတ်စွာဘုရားရဲ့ ခြေတော်အစုံ ကြာပဒုံကို ခိုလှုံ ဦးခိုက်နေကြတယ်။

## အနေကဇာတင်နှင့် ပန်းပေါက်ပေါက်

ဒီလို ပန်းပွင့် ပန်းကုံးတွေ ဖြစ်တာကို အတုယူပြီး ယခုကာလ ဘုရားအနေကဇာတင်မှာလဲ ပန်းပေါက်ပေါက်တွေ၊ တံခွန် ကုက္ကားတွေနဲ့ ဘုရားကို ပူဇော်ကြတာဖြစ်ပါတယ်။

မာရာရိဗလဝိဿဠ္ဌာ, ကုဏ္ဍာ နာနာဝိဓာဝုဓာ၊
လဋ္ဋမာနည၀ေ‌ေသန, ဇိန ပါဒါနတော တဝ။

ဇိနေ – ငါးပါးအောင်မြင်, ရှင်တော်မြတ်ဘုရား၊ မာရာရိဗလ ဝိဿဠ္ဌာ-မာရ်မင်း၏ စစ်သည်တော်တပ်သားတို့ ထပ်မနား ပင်လွှင့် အပ်ကုန်သော၊ နာနာဝိဓာ-အမျိုးမျိုး အစားစား, များပြားကုန် သော၊ အာဝုဓာ – လက်နက်တို့သည်၊ ကုဏ္ဍာ– မထက်လုံးလုံး, တုံးကြကုန်သည် ဖြစ်၍၊ လဋ္ဋမာနာ - ရှက်စနိုးကုန်လျက်၊ အည ၀ေ‌ေသန- လက်နက်အသွင်မှ တပါး, ငန်းပွင့် ပန်းကုံး ပန်းဆိုင်း အသွင်အားဖြင့်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ ပါဒနဘာ-ခြေတော် အစုံ ကြာပဒုံကို, ခိုလှုံ ဦးခိုက်ကြပါကုန်တော့သည် ဘုရား။

သာဓု.... သာဓု.... သာဓု။

---

## လက်နက်ပီးဆေး ဂါထာတော်

ဒီဂါထာနဲ့ ဂါထာနက်ကတော့ အလင်္ကာကျမ်းမှာ လာပါ တယ်၊ ဒီဂါထာနဲ့ ဂါထာနက်ကို ယုံယုံကြည်ကြည်နဲ့ နေ့စဉ် ရွတ်ဆိုပြီး ဘုရားအာရုံယူတဲ့ အမျိုးသား အမျိုးသမီးများမှာ လက်နက်ဘေးဒဏ် ရန်မာန်အဝေပါင်းမှ ကင်းလွတ်နိုင်ပါတယ်လို့ အကိုးရအမှုကမ်း အရာရှိကြီးတဦး က ပြောဘူးတယ်။

သူဟာ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက လေယာဉ်ပျံတွေ, စက်သေနတ်တွေ, အမြောက်ဆံ, ဗုံးဆံတွေကြားမှာ အစိုးရတာဝန်တွေနဲ့ သွားလာနေရင်း ဆရာတော်ကြီးတပါးက သူ့ကို ပေးတဲ့ ဒိဂါထာနဲ့ ဂါထာနက်ကို မကြာမကြာ ရွတ်ဆိုပြီး ဘုရား အာရုံပြုသွားလေ့ ရှိသတဲ့၊ အဲဒါကြောင့် သူ့မှာ အဲဒီ စက်သေနတ် အစရှိတဲ့ ဘေးရန်တွေနဲ့ တွေ့ရ တိုးရပေမဲ့ ကိုယ်မှာ မထိမရှ ဒုက္ခမရောက်ခဲ့ရဘဲ အဖန်ဖန် လွတ်ခဲ့ရပုံကို ကိုယ်တွေ့ ကြုံခဲ့ရပါသတဲ့၊ လက်နက်ပီးဆေး ဂါထာတော်လို့ ဆိုနိုင်ဘာပေါ့။

ဒကာ ထွန်းရှိန်တို့, ဒကာရီတို့ ယုံရဲ့လား။

ယုံပါတယ် ဘုရား။

ယုံတာက "ဟုတ်မှာဘဲ" ဆိုပြီး ယုံတာလား၊ "ဟုတ်နိုင်တယ်" ဆိုပြီး ယုံဘာလား၊ "ဟုတ်မှာဘဲ" ဆိုတဲ့ အယုံက ပသာဒသဒ္ဓါ= အပေါ်ယံ ရုပ်ပြီး ယုံတဲ့အယုံ၊ "ဟုတ်နိုင်ဘယ်" ဆိုဒါက ဩကပ္ပနသဒ္ဓါ= အတွင်းလိုက်ပြီး ယုံတဲ့အယုံ။

ဘုန်းကြီး ရှင်းပြမယ်၊ – ပြဆိုခဲ့တဲ့ ဂါထာနဲ့ ဂါထာနက်ကို ရွတ်ဆိုတဲ့ အမျိုးသား အမျိုးသမီး သဏ္ဍာန်မှာ လက်နက် ရန်မာန် အန္တရာယ်တွေက လွတ်တော်မူတဲ့ ဘုရားရှင်ကို အာရုံပြုတဲ့ စိတ်တွေ တဖွားဖွား ဖြစ်နေတယ်၊ အဲဒီ စိတ်ကြောင့်ဖြစ်တဲ့ (စိတ္တဇ) ရုပ်လို့ခေါ်တဲ့ သွေးတွေဟာ နှလုံးပေါ်မှာ ဖြစ်လာတယ်၊ အဲဒီ သွေးက တကိုယ်လုံး လှည့်ပတ် ပြေးနေတော့ သူ့ခန္ဓာကိုယ်တခုလုံးရှိ ရုပ်တွေမှာ အဲဒီသွေးနဲ့ အနှံ့ ထိတွေ့ရတယ်၊ ဒီတော့ အဲဒီသွေး, အဲဒီရုပ်

တွေ့ အဲဒီ စိတ်တွေမှာ ရန်မာန် အနူရာယ်ကင်းတဲ့ ဘုရားရှင်ရဲ့ အရှိန်တွေ အဟုန်တွေ သတ္တိတွေ တန်ခိုးတွေ ပျံ့နှံ့ ရောက်ရှိနေတယ်၊ အဲဒါကြောင့် လက်နက်တွေ မစူးမရှခြင်းစတဲ့ အကျိုးတွေ ရတာဘဲ၊ သဘောပေါက်ကြပလား။....

ပေါက်ပါပြီး ဘုရား။

အဲဒီလိုနဲ့ မာရ်နတ်ဟာ အမျိုးမျိုးသောလက်နက်တွေ ပစ်လိုက် ခတ်လိုက်နဲ့ ကြိုးစားလိုက်တာ ဘယ်လို လုပ်လို့မှမရတော့ ဘုရား ရှင်ကို အခဲမကျေနေပြီး အော်ပြောတယ်၊–"အို သိဒ္ဒတ္ထ....ဤပလ္လင်မှ အမြန် ထ၍ ထွက်သွားပါ၊ ဤပလ္လင်ကား သင်နှင့်မဆိုင်, ငါသာ ပိုင်သော ပလ္လင်တည်း"လို့ အော်ပြီး ပြောတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက " မာရ်နတ်.... ဒီဗောဓိပင်နှင့် ဒီပလ္လင်ကို ရဘို့, ငါ လေးအသင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီတွေကို ဖြည့်ခဲ့ရတယ်၊ အခြားဘဝတွေ ထားလိုက်ပါဦး၊ နောက်ဆုံး လူ့ ဘဝ အနေနှင့် ဝေဿန္တရာမင်း ဘဝတုန်းက သတ္တ သတ္တကဟု– ၇ နှစ် ၇ လီ အလှူကြီး ပေးစဉ်ကနှင့် အသက်ထက်မျှ ချစ်မြတ်နိုးတဲ့ သားလှူရတနာ သမီးလှူရတနာ များကို လှူစဉ်ကရင်း, အသက်နှင့် ထပ်တူ ချစ်ကြည်ဖြူရတဲ့ အိမ်သူသက်ထား မဒ္ဒီမိဖုရားကို လှူစဉ်က ရင်း, ဟောဒီ ၂ သိန်း ၄ သောင်း ထုထပါင်း ယူဇနာ, သညာဝှဲချီး, ဤမြေကြီးသည် ရိုက်တီး ဆော်ခတ် ပဲ့တင်ထပ်လျက် ငါ့ကက်ာ သက်သေ အဖြစ်နှင့် ရပ်ဘည်ခဲ့ဘူးပြီ "–လို့ ပြောပြီး မြေကြီးကို သက်သေ ထူပြီး လက်ျာလက်တော်နဲ့ မြေကြီးကို သုံးသပ်တော် မူလိုက်တယ်။

မြေကြီး သက်သေထူပြီး လက်ျာတော်နဲ့ မြေကြီး သုံးသပ်လိုက်တယ်ဆိုရင်ဘဲ အိုးထိန်းစက်ခလုတ် ဖြုတ်လိုက်သည့်ပမာ ပြင်းထန်စွာ မြည်ဟီးပြီးသကာလ မဟာပထဝီမြေကြီးသည် ရိုက်တီးဆော်ခတ် ပဲ့တင်ထပ်၍ ဆတ်ဆတ်ခါ လှုပ်လေသတည်း၊ အဲဒီမဟာပထဝီမြေကြီးက မပြောသော်လဲ ပြောသကဲ့သို့ "ငါလေတဲ့ မဟာသမုဒ္ဒရာကြီးနဲ့ တောအသီးသီး တောင်အထပ်ထပ် ဟိမဝန္တာတောင်ကြီးတွေနဲ့ လူနေ အိမ်ခြေ တိုက်ဘာတွေကို ထမ်းထားရတာ မလေးသော်လဲ ဤကဲ့သို့သော ဘုရားရှင်လို အပြစ်ကင်းတဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားတဲ့ သင်ကဲ့သို့မာရ်နတ်လို လူယုတ်ကို ထမ်းမထားနိုင်တော့ဘူး" လို့ မပြောသော်လဲ ပြောသကဲ့သို့ ဆတ်ဆတ်ခါ တုန်ဟီးပြီးသကာလ မဟာပထဝီမြေကြီး တုန်ဟီးရိုက်ခတ်လိုက်ဘာ မာရ်နတ်ရော မာရ်နတ်ရဲ့ စစ်သည်တွေရော တခါထဲ ထိတ်လန့်ကြောက်ရွံ့ပြီး သကာလ အကုန်လုံး ထွက်ပြေးကုန်ကြဘာယ်။

ဒါ့ကြောင့်—

မာရစ္ဆ- ဂိရိမေခလာ, ဆင်မဟာကို, လျင်စွာတက်စီး, ပလ္လင်နီးဝယ်, လေကြီး မိုးကြီး, ပြာပူမီးနှင့်, မှောင်ကြီးတတန့်, ခါးလုံ့မကြွင်း, ပစ်ခတ်ခွင်းလျက်, အချင်း သိဒ္ဓတ်, ပလ္လင်မြတ်မှ, အမြန်ထလော့, စိန်းမြည်ိုလွင်, ဗေဒမိုပင်နှင့်, ပလ္လင်တော်ကား, ထင်အရှားပင်, သင်ကား မဆိုင်, ငါသာ ပိုင်ဟု, စွဲကိုင် လက်နက်, ရဲစစ်မက်ဖြင့်, အောက် ထက် ဝန်းရံ, သောသောညံ့အောင်, အသံဟစ်ကြွေး, မယဉ်ကျေးသည့်, ရန်ဘော းတသင်း, မာရ်နတ်မင်း

ကိုလည်း၊ အဇိနိ- ဒိဋ္ဌိကိုချ, ဒေါသကိုပယ်, မာန်စွယ်ကိုချိုး, သဒ္ဒါ ဖြိုးလျက်, ရှိခိုးတုပ်ကွ, ပြားပြား ကျအောင်, ဆုံးမ သွန်သင်, အောင်ပွဲတော် ယင်ခဲ့လေပြီ၊ တံဗုဒ္ဓ- အောင်ဘုရင် ထိပ်တင်, ထို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ မယံ - ခန္ဓာ ငါးခု, ပေါင်းစုမှည့်ခေါ်, တပည့်တော်တို့သည်၊ ဝန္ဒေ (ဝန္ဒာမ) - သဒ္ဒါ ညွတ်ကျိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ကြပါကုန်၏ ဘုရား။

သာဓု.... သာဓု.... သာဓု။

ကဲ ယခုအခါ အဲဒီ မာရ်နတ်ရန်အောင်မြင်တော်မူတဲ့ ဘုရားကို အာရုံပြုပြီး အားလုံး ရှိခိုးရအောင် လင်္ကာချပေးမယ်၊ ၃ ခေါက် လောက် လိုက်ဆိုကြပါ။ [လက်အုပ်လဲ ချီထားကြပါ။]

[ဆောင်] မာရ်ညစ် ရန်ဆိုး, ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊
လက်စုံမိုး၍, ရှိခိုးဦးတင်၊
အောင်စေကြောင်း, ဆုတောင်း ပဏာဆင်။

(၃-ခေါက် ချ-ဆို)

ည အိပ်ရာဝင် တခါ၊ နံနက် အိပ်ရာထ တကြိမ်၊ ဟောဒီ အောင်တော်မူ အောင်ခြင်းရှစ်ပါးထဲက တပါးပါးသော အောင် တော်မူပုံကို အာရုံပြုပြီး ရှိခိုးနိုင်အောင်လို့ လင်္ကာ ချပေးရတာ၊ ဒီလင်္ကာလေးနဲ့ များ ည-နံနက် ရှိခိုပြီး နေမယ်ဆိုလို့ရှိရင် ခေတ် ကူးလာမယ်၊ ဘာပြုလို့တုန်းဆိုတော့ မြတ်စွာဘုရားရဲ့ အောင်မြင်

ဘော်မူပုံ၊ ယခု ပြောလိုက်တာတွေကို နားထောင်ပြီးတော့ ကိုယ့်စိတ်ထဲ ဘယ်ညောင်ပင်ကြီးအောက်မှာဘဲ ဘုရားသိတင်းသုံးနေနေ၊ အာရုံ ပြုကြတော့၊ မာရ်နတ်က နှောက်ယှက်လို့ မေတ္တာနဲ့ အောင်မြင်တော်မူနေပုံတွေ၊ မာရ်နတ်ရဲ့ စစ်သည်တွေ ပြေးကြပုံတွေ အာရုံပြုလိုက်တော့၊ ဘုရားက ကိုယ့်နှလုံးသားထဲ စိတ်ထဲ ရောက်နေတယ်၊ စိတ်ဆိုတာ နှလုံးသားထဲက ဖြစ်ပေါ်လာတာ ဆိုတော့ မြတ်စွာဘုရားရဲ့ အောင်မြင်တော်မူပုံ အာရုံပြုလိုက်တယ် ဆိုရင်၊ တပြိုင်နက် အဲဒီစိတ်က ဘုရားအာရုံ ယူနေတာဆိုတော့ အောင်တော်မူမြတ်စွာဘုရား မိမိနှလုံးသားထဲ ရောက်လာပြီ။

ယခု သိပ္ပံဆရာတွေ ပြောသလို ဥကျောက်ထဲမှာ ဆိုရင်လဲ ဥကျောက်ထဲရောက်လာတော့တာ ပေါ့၊ မရောက်ဘူးလား (ရောက်ပါဘုရား)၊ ဟော– အောင်တော်မူ မြတ်စွာဘုရား နှလုံးသားထဲ ရောက်နေတယ်လို့ ဆိုတော့ ဒီ ခန္ဓာကိုယ်ကြီးဟာ စေတီထိုက်သွားတယ်၊ ဗုဒ္ဓါနုဿတိ ဘုရားအာရုံပြုနေတဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ကိုယ်ဟာ စေတီထိုက်တယ် စေတီနဲ့တူတယ်လို့ ဆိုတာ စာမှာ လာပါတယ်။

ဒီတော့ အောင်တော်မူ မြတ်စွာဘုရားကို အာရုံပြုပြီးတော့ နှုတ်နဲ့ဘဲရွတ်ရွတ် စိတ်ထဲကဘဲ အာရုံပြုပြု၊ ည–နံနက် ရှိခိုးတယ်လို့ ဆိုရင် အောင်တော်မူမြတ်စွာဘုရား မိမိနှလုံးသားထဲမှာ ရောက်လာပြီ ဖြစ်သောကြောင့် ခေတ်တွေကူးပြီးသကာလ ဒုက္ခ–ဒုက္ခမ ဘေးမှာ စီးပွားရေးတွေအောင်၊ သွားရေး သိမ်းရေးတွေအောင်၊

ကျန်းမာရေးတွေအောင်၊ ပညာရေးတွေအောင်၊ အကုန်ရှိသမျှ ရပ်ရေး ရွာရေး လူမှုရေးတွေပါ အောင်ပြီး နောက်ဆုံး မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်စခန်းထိအောင် အောင်မယ်။

ဒါကို ယုံယုံကြည်ကြည်နဲ့ ရှိခိုး၊ " ဉူးပညာ "ဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဒီသတ္တဌာနကို နေ့စဉ်ရှိခိုးလို့ သူ ဒီလိုဖြစ်လာတယ်ဆိုတာ ယုံကြည်သွားတယ်။

ဒါ့ကြောင့် အောင်တော်မူမြတ်စွာဘုရားကို မိမိရဲ့ ဝမ်းထဲမှာ ည တကြိမ်ပင့်၊ နံနက် တကြိမ်ပင့်၊ မိမိ ဝမ်းထဲမှာ ခေတ်ကူးယူ၊ အဲဒီလို ခေတ်ကူးနိုင်အောင်လို့ အောင်ခြင်းရှစ်ပါး လင်္ကာလေးတွေကို တပါးခြင်း တပါးခြင်း ရွတ်လို့လွယ်အောင် စီပြီး ဇိနေ့ညမာရ်နတ်မင်းကို အောင်တော်မူပုံ လင်္ကာကို ရွတ်ပြီး တရားပွဲသိမ်းရအောင်။

ဘုန်းတော်ရောင်တွေနဲ့ တောက်ပနေတဲ့ အောင်ပန်းရဘော်မူနေတဲ့ အောင်ပန်းသခင်လို့ မြတ်စွာဘုရားကိုအာရုံပြု၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ပါရမီတော် အနန္တကို သက်သေတင်ပြီးဘော့ အောင်မြင်သွားတဲ့ ဘုရားဘဲလို့ အာရုံပြုပြီး၊ ရှိခိုးပြီး တပည့်တော်တို့လဲ အရာရာ အောင်စေကြောင်း အတွက် ဆုတောင်း ပဏာဆင်ပါတယ်၊ ပဏာဆင်လို့ ဆိုတာ (ပဏာမ) ရှိခိုးပါတယ်လို့ ဆိုလိုတာ၊ အဲဒီလို အချိန်မှန်မှန်ထားပြီးတော့သာ ရှိခိုးကြည့်စမ်းပါ၊ အောင်စရာရှိတာတွေ အောင်လာပါလိမ့်မယ်။

အဲဒါ အရာရာအောင်ချင်ကြရင် အောင်တော်မူမြတ်စွာဘုရားကို ညှ-နံနက် တကြိမ်တကြိမ် အာရုံပြုပြီး ရှိခိုးပါ၊ အဲဒီလို ရှိခိုးနိုင်ခဲ့ရင် လောကီ-လောကုတ္တရာ အရေးတွေ အောင်ပါလိမ့်မယ်၊ ဒါ့ထက်တိုးပြီး သွားရင်း လာရင်း လုပ်ရင်း ကိုင်ရင်း အာရုံပြုလို့ ရတာဘဲ၊ ဘယ်နည်းနဲ့ အာရုံပြုပြု ဘုရား မိမိဝမ်းထဲ ရောက်လာတယ်လို့ ဒီလို ယုံကြည်လိုက်လို့ရှိရင် တကယ်လဲ ခေတ်ကူးတာဘဲ၊ ဘုရားအာရုံပြုသူတွေ အထူးသဖြင့် အောင်တော်မူမြတ်စွာဘုရားကို အာရုံပြုပြီး နေနိုင်ခဲ့ကြရင် မိမိဝမ်းထဲမှာ အောင်တော်မူဘုရား ရောက်လာပြီဖြစ်သောကြောင့် အဲ့ဒီ အောင်တော်မူဘုရားရဲ့ ပါရမီခေတ်တွေ ကူးစက်ပြီးသကာလ မိမိမှာ လောကီ-လောကုတ္တရာ အရေးတွေ အောင်မြင်နိုင်တယ်လို့ မှချ ကြိမ်းသေမှတ်ပြီးသကာလ **အောင်**တော်မူ မြတ်စွာဘုရားကို ဒီနေ့ကစ နေ့-ည ကြိုးစားပြီး အာရုံပြုနိုင်ကြပါစေသတည်း။

သာဓု.... သာဓု.... သာဓု။

မာရ်နတ်ကို အောင်မြင်တော်မူပုံ
ပြီး၏။

# (၂) အာဠဝကဘီလူးကို အောင်မြင်တော်မူပုံ

[ အမရပူရမြို့ ရွှေသစ်ရပ်၊ မဟာပရိတ္တစာရီအသင်း ကထိန်ပွဲ၌ ဟောတော်မူသည်။ ]

ဘုန်းကြီး ဒီနေ့ည အဆက်ရှိတဲ့ အောင်ခြင်းရှစ်ပါးတရားကိုဘဲ ရည်ရွယ်လာခဲ့ပါတယ်၊ အဲဒီ အောင်ခြင်းရှစ်ပါးတရားထဲက သတ္တဌာန တရားပွဲမှာ မာရ်နတ်မင်းကို အောင်တော်မူပုံကို ဟောပြီးခဲ့ပြီ၊ ဒီနေ့ည အာဠဝကဘီလူး အောင်မြင်တော်မူပုံ ဆက်ပြီးတော့ ဟောရမယ်၊ အောင်တော်မူနှင့် ဆုတောင်းကိုတော့ သိပြီးဖြစ်ကြပါလိမ့်မယ်။

အဲဒီလို အောင်ခြင်းရှစ်ချက်, ဂုဏ်တော်နက်ကို, နှုတ်မြွက်ပေါ်ကြားရသော ဝစီသစ္စာ စကားကြောင့် အားလုံးသော တရားဟော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ အတွက် အောင်ခြင်းမင်္ဂလာ အဖြာဖြာ ဖြစ်ပါစေလို့ ဆုတောင်း ပတ္ထနာ ပြုပြီးတဲ့နောက်, အာဠာဝကဘီလူးကို ချတ်တော်မူပုံ, အောင်တော်မူပုံ၊ အဲဒီ အာဠဝကဘီလူးက မေးပြီးတော့ မြတ်စွာ ဘုရားက ဖြေတော်မူတဲ့နေရာမှာ ယခုကွယ်လွန်သူ မဟာပရိတ္တစာရီ အသင်းကြီးရဲ့ ဥက္ကဋ္ဌ ဒကာကြီး ဦးကျော်ငြိမ်းတို့ရဲ့ အသင်းကြီး ဘယ်လို ပါဝင်သွားပါသလဲလို့ ဆိုတဲ့ အကြောင်းလေးသိရအောင် ( ၃၄ ) ကြိမ်မြောက် ကထိန်ပွဲကြီးနှင့် ပတ်သက်ပြီး တရား စကြ ရအောင်....

ဘီလူးမင်း အောင်တော်မူပုံ လင်္ကာလေးကို ဆိုလိုက်ကြဦးစို့။

ဘီလူးရန်ဆိုး, ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊
လင်းစုံမိုးရွှဲ, ရှိခိုးဦးတင်၊
အောင်စေကြောင်း, ဆုတောင်း ပကာသင်။

ဟောဒီ လင်္ကာလေးနဲ့ အားလုံး တရားနာ ပရိသတ်တို့က အကြောင်းအရာ အကျယ်အတ္ထုပ္ပတ္တိကို သိရတော့မှ အာဠဝက ဘီလူးကို မြတ်စွာဘုရား အောင်မြင်တော်မူပုံ, အာဠဝီပြည်ကြီးရဲ့ အနီး ညောင်ပင်ကြီး ဗိမာန်ထက်မှာ အာဠဝက ဘီလူးအား မြတ်စွာဘုရား အောင်မြင်တော်မူပုံကို အာရုံပြုပြီးတော့ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ ဒီတရားပွဲကြီးကို ဖွင့်ချင်ပါတယ်။

ဒါ့ကြောင့် အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့က လက်အုပ်ကလေး ချီလိုက်ကြပါ၊ လက်အုပ်ကလေး ချီပြီးတော့ စိတ်ထဲမှာ မိမိတို့ စိတ်ထဲမှာ အာရုံယူတတ်တဲ့အရပ်, စိတ်ထဲမှာ ထင်ချင်ရာ ထင်လာပါစေ၊ မြတ်စွာဘုရား အာဠဝက ဘီလူးကို အောင်မြင်တော်မူနေပုံ, အာဠဝီပြည်ကြီးရဲ့ အနီး ညောင်ပင်ကြီး အောက်မှာ ထိုင်နေတော်မူပြီး ပလ္လင်ထက်က အာဠဝက ဘီလူးအား တရား ဟောတော်မူနေပုံ, အာဠဝက ဘီလူး မာန်စွယ်ကျိုးပြီး ဘုရားရှင်အား လက်အုပ်ချီမိုး ရှိခိုးနေပုံ, မိမိနှလုံးသားထဲမှာ အာရုံရောက်အောင်ယူပြီး တရားပွဲဖွင့်ရအောင် လိုက်ဆိုကြပါ။

ဘီလူးရန်ဆို၊ ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း၊ အောင်ပန်းသခင်၊
လက်စုံမိုး၍၊ ရှိခိုးဦးတင်၊
အောင်စေကြောင်း၊ ဆုတောင်း ပဏ္ဏာဆင်။

(၃-ခေါက် ချပေး)။

မြတ်စွာဘုရား အာဠဝကဘီလူးကို အောင်မြင်တော်မူပုံကို လက်အုပ်ချီမိုး ရှိခိုးပြီးသကာလ တရားပွဲကြီး ဖွင့်လိုက်ပါပြီ၊ ဒီတော့ အားလုံးသော ဒကာ-ဒကာမတွေက ဒီ အောင်ခြင်းရှစ်ပါးလို့ ဆိုလိုက်ရင် ငယ်စဉ်ကထဲက အကျဉ်းချုပ်ပြီး သိကြပြီးသားဘဲ၊ အာဠဝကဘီလူးကို အောင်မြင်တော်မူပုံက–

ရှင်ဘုရင်များ တောကစားထွက်ခြင်း အကြောင်း ၃ ပါး

အဲဒီ အာဠဝီပြည်ကြီးမှာ ဘုရင်တပါး ထီးနန်း အုပ်ချုပ် မင်းလုပ်ပြီးနေတဲ့အချိန် အဲဒီဘုရင်ကလဲ ခုနစ်ရက်တကြိမ် ခုနစ်ရက် တကြိမ် တောကစားထွက်လေ့ရှိတယ်၊ ဘာအကျိုးငှါ တောကစား ထွက်တုန်းလို့ဆိုရင်.... စောရ နိသေဓနတ္ထံ– သူပုန်၊ ဓားမြ၊ သူခိုး တွေကို တားမြစ်ရန် အကျိုးငှါရင်း၊ ပဋိရာဇ နိသေဓနတ္ထံ – တိုင်း တပါးသော မင်းတွေက နယ်စပ်မှာ နှောက်ယှက် ကျူးကျော်မှုကို တားမြစ် ပိတ်ပင်သောအားဖြင့်ရင်း၊ ဗျာယာမကရဏတ္ထံစ – ကိုယ် လက် လှုပ်ရှား သူ့ရဲ့ ကျန်းမာရေးအတွက်ရင်း၊ အဲဒီ သုံးမျိုးသော အကျိုးကို မြော်ပြီးတော့ ခုနစ်ရက် တကြိမ် သူ့ရဲ့ နောက်လိုက်

နောက်ပါ ငယ်သား စစ်သည် ဗိုလ်ပါတွေနဲ့ တခါတော့ သမင် ဖမ်းရန်ဆိုပြီး တောကစား ထွက်လာခဲ့တယ်။

သမင်တကောင်ကို ဝိုင်းမိထားတော့ ကိုယ့်မှာပါတဲ့ လက်နက်နဲ့ ကိုယ့်ဘက်က ထွက်မသွားရအောင် တားဆီးရင်း ဝိုင်းကြ ပစ်ခတ်ကြရာ ဝိုင်းထားရင်းက အာဠဝီပြည့်ရှင် ဘုရင်မင်းမြတ်ဘက်က သမင်က လွတ်ပြီး ထွက်ပြေးသွားတော့ ဒါနဲ့ စစ်သူကြီးတွေ ဗိုလ်မှူးတွေ ဗိုလ်ချုပ်တွေ မှူးကြီးမတ်ရာ သေနာပတိတွေက....

"ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာက ထွက်တယ်လေး"လို့ လှောင်ကြ ပြောင်ကြ အော်ဟစ်ကြတာနဲ့ ရှင်ဘုရင်က မခံချင်လို့ သမင်နောက် ကောက်ကောက် ပါအောင် ပြေးပြီး လိုက်တယ်၊ တယူဇနာ နှစ်ယူဇနာ လောက် လိုက်မိတော့ နောက်ပါသက်တော် စောင့် တပ်သား အခြံအရံတွေနဲ့ ဝေးပြီး ကွာပြီးတော့ တယောက် ထဲ ကွဲပြီး တောထဲ ရောက်လာ၊ သိပ်မကြာပါဘူး သမင်ကို မိ သမင်ကို ဖမ်းပြီ ယူခဲ့ဘိုရန် စိတ်မကူးသော်လဲဘဲ အခြံအရံ စစ်သည် ဗိုလ်ပါတွေ ယုံကြည်ပါစေတော့လို့ ဆိုပြီး သမင်ရဲ့ ပေါင်သား နှစ်ခုကို ဖြတ်ပြီး ဟိုဘက် ဒီဘက် ထမ်းပိုးနှင့် ထမ်းပြီး ယူအလာ—

ပြန်လာလို့ တော်တော် ခရီးရောက်တော့ အာဠဝီပြည်နှင့် အဝေး်နီးနီး အရောက်မှာ ပညောင်ပင်ကြီးတပင်ရဲ့ အောက်မှာ မောမောပန်းပန်းနှင့် ဝင်ပြီးတော့ နားမိကယ်၊ အဲဒီလို ဝင်နား လိုက်တယ် ဆိုရင်ဘဲ အဲဒီ ပညောင်ပင်ကြီးပေါ်မှာ နေတဲ့ ဘီလူး က

သူ့ရဲ့ အထက် ဝေဿဝဏ်နတ်မင်းကြီးက အမိန့်ပေးထားတာက ဒီညောင်ပင်ကြီးရဲ့ အောက်ကို ဝင်ပြီး တည်းခိုလာသူမှန်ရင် စားခွင့်ပြုထားတယ်၊ အဲဒီလို အမိန့်ပေးထားတယ် ဆိုတော့ ရှင်ဘုရင်နှင့် သမင်ပေါင်သား နှစ်ခုကို အမိဖမ်းတော့တာဘဲ။

အဲဒီအခါ ရှင်ဘုရင်က လန့်သွားပြီးတော့ အသင် ဘာလဲ၊ ဟာ- ကျွန်ုပ် ဘီလူးဘဲ၊ ကျွန်ုပ်က ဒီသစ်ပင်အောက်ကို ဝင်ရောက်လာသူမှန်ရင် စားပိုင်ခွင့် ရှိတယ်လို့ အထက်ဝေဿဝဏ်နတ်မင်းကြီးက အမိန့် ချမှတ်ပေးထားပါတယ်၊ ဒါ့ကြောင့် သင့်ကို စားရပါလိမ့်မယ်၊ အို- ကျုပ်ဟာ သာမန်လူသား မဟုတ်ပါဘူး၊ ကျွန်ုပ် ရှင်ဘုရင်ပါ၊ အာဠဝီပြည်ကြီးကို ထီးနန်းအုပ်ချုပ် မင်းလုပ်နေတဲ့ ရှင်ဘုရင် ဖြစ်ပါတယ်၊ ကျွန်ုပ်ကို မစားပါနဲ့၊ ကျွန်ုပ်ကိုစားရင် တနေ့စာ တနပ်စာ တခါစားသာ ဖြစ်ပါလိမ့်မယ်၊ ကျွန်ုပ် ရှင်ဘုရင် ဖြစ်ပါတယ်။

ကျွန်ုပ်ကို ယခုလွှတ်လျှင် နေ့စဉ် လူတယောက် နှင့် ထမင်းတထုပ် ပို့ပါမယ်၊ သင်အလိုရှိသလို တနေ့ကို ထမင်းတထုပ်နှင့် လူတယောက် အမြဲတန်း လွှတ်ပေးပါမယ်လို့ တောင်းပန်တယ်၊ အံမာ- သင်တို့ ရှင်ဘုရင်တွေဆိုတာ ပရိယာယ် တယ်ပြီး များတယ်၊ တော်တော်ကြာတော့ သင် လွှတ်ချင်မှ လွှတ်မှာ၊ အကယ်၍ သင်မလွှတ်ခဲ့ရင် ကျွန်ုပ် ဘယ်လို လုပ်ရမှာတုန်း၊ ကောင်းပြီ- "မင်းမှာ သစ္စာ၊ လူမှာ ကတိ" ဆိုတဲ့အတိုင်း ကျွန်ုပ် မလွှတ်နိုင်တဲ့နေ့မှာ ကျွန်ုပ်နန်းတော် အထိ ကိုယ်တိုင် လာရောက်ပြီး စားသောက်နိုင်ပါတယ်လို့ ကတိပေးလိုက်တော့ အာဠဝကဘီလူးက လွှတ်လိုက်တယ်။

ဒါနဲ့ ရှင်ဘုရင်ဟာ သခင်ပေါင်သား နှစ်ခု ထမ်းပြီးတော့ စိတ်ပျက်ပျက်နဲ့ ခေါင်းအောက်စိုက်ပြီး အလာ၊ မြို့အနီးရောက်တဲ့ အခါကျတော့ စစ်သည့်ဗိုလ်ပါတွေက ဆီးကြိုကြပြီး သမင်ရလာ တယ်လို့ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဆီးကြိုနေပေမဲ့ ဘုရင်ကတော့ ဒီကိစ္စကို ထုတ်လဲမပြောရဲဘူး၊ စိတ်ကလဲ မချမ်းမသာနဲ့ နန်းတော် ထဲ ဝင်လာပြီး နန်းတွင်းရောက်တော့မှ မြို့ဝန်ကြီး တယောက်ထဲ ခေါ်ပြီး ပြောတယ်၊ "မောင်ရေ- ကျုပ်တော့ ဒီလိုဒီလို ဖြစ်လာ ပြီ"လို့ ပြောတယ်၊ ဩော်....ဟုတ်ကဲ့လား၊ ဒီလိုဆို ဘယ်လိုလုပ်ရ မှာတုန်း။

ဒီလို ဒီလိုဘဲ၊ တနေ့ ထမင်းတထုပ်နဲ့ လူတယောက် ပို့ပါ့ မယ်လို့ ဝန်ခံခဲ့ရဘယ်၊ အရှင်မင်းမြတ် ကောင်းပါပြီ၊ သို့သော် သူ့ကို လ အပိုင်းအခြားများ နှစ်အပိုင်းအခြားများ ပေးခဲ့မိပါ ရဲ့လား၊ ဟာ– အဲဒါတွေ မေ့ပြီ၊ ကြောက်ကြောက် လန့်လန့်နဲ့ လ-နှစ် အပိုင်းအခြား ဘယ်ပေးမိခဲ့လိမ့်မတုန်း၊ အရှင်မင်းမြတ် အဲဒါ ခက်ဘာဘဲ၊ အဲဒီ ဘီလူးယက္ခ ကုမ္ဘန် ရက္ခိုသ် နာနာဘာဝ ဝိနာဘာဝ ဆိုတဲ့ အကောင်မျိုးတွေဟာ သူတို့ကို လ အပိုင်း အခြား နှစ်အပိုင်းအခြားနဲ့ သတ်မှတ်ပြီးကျွေးမှတော်ရုံရှိပါတယ်၊ ဒီလိုမှ မဟုတ်လို့ရှိရင် တလျှောက်လုံး ဒုက္ခပေးနိုင်တဲ့ အခြေ အနေမျိုး ရှိပါတယ် အရှင်မင်းမြတ်။

အဲဒီ လ-နှစ် အပိုင်းအခြားကို မသတ်မှတ်ခဲ့ဘာကိုတော့ဖြင့် အရှင်မင်းမြတ် အမှားကြီး မှားတော့တာဘဲ၊ သို့သော်– အရှင်

မင်းမြတ် စိတ်ချမ်းသာ ကိုယ်ချမ်းသာအောင်သာ စံနေတော်မူပါ၊ ကျွန်တော်မျိုး သင့်လျော်လျောက်ပတ်အောင် ရွက်ဆောင်ပါမယ် လို့ မြို့တော်ဝန်က တာဝန်ယူလိုက်ပြီးတော့, မြို့တော်ဝန်ကလဲ သူ့အောက်က ငယ်သားတွေနဲ့ တိုင်ပင် ယူရတော့တာပေါ့သေ၊ ဘယ့်နှယ်လုပ်ကြမတုန်း ဒို့ရှင်ဘုရင်ကတော့ ဒီလို ဒီလို တာဝန် ခံလာခဲ့ပြီ။

ကဲလေ—ထောင်ထဲမှာ သေမိန့်ကျထားတဲ့သူတွေ အရှိသားဘဲ၊ အဲဒီသူတွေကစပြီး ပို့တာပေါ့လို့ ဆိုပြီးတော့ ထောင်ထဲမှာ သေမိန့် သတ်မိန့် ကျနေတဲ့သူတွေကို ပဉ္စမဆုံးထုတ်ပြီးတော့ ထမင်း ထုပ်ကိုပေးပြီး ဘီလူးမင်းထံသို့ အပို့ခိုင်းတယ်၊ ဒီလိုနဲ့ တဖြေးဖြေး ဘယ်လိုဖြစ်လာတုန်းလို့ဆိုတော့ ထောင်ထဲရောက်လာတဲ့သူတွေကို ဘီလူးစားကျွေးသတဲ့ဆိုတာ တတိုင်းပြည်လုံး ဂယက်ရိုက်လာတော့ တာဘဲ။

အဲဒီလို ဂယက်က ပြန့်သွားတော့ နောက်ထပ် ထောင်ထဲ ဘယ်သူမှ မရောက်လာတော့ဘူး၊ ခိုးတဲ့ ဝှက်တဲ့သူတွေ, ဒုစရိုက် ကျူးလွန်တဲ့သူတွေ မရှိသလောက် ရှားသွားတယ်၊ ဒီတော့ မြို့တော်ဝန်နဲ့ ရှင်ဘုရင် တိုင်ပင်ကြပြန်တယ်၊ ထောင်ထဲရောက်တဲ့ သူတွေ မရှိတော့ဘူး၊ ဒါကို ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီလိုဆိုရင် ရွှေတိုးငွေစ, ရွှေထုပ် ငွေထုပ်တွေကို ဟိုနား ဒီနား ပြင်ထားကွ၊ အဲဒါကို ကောက်ယူတဲ့သူတွေကို သူခိုးဘဲလို့ဆိုပြီး ဖမ်းပြီးတော့ ပို့ပေတော့လို့ ဆိုပြီးတော့, ရွှေထုပ် ငွေထုပ်တွေကို ဟိုနား

ဖြစ်ထား, ဒီနားဖြစ်ထားသော်လဲ ဘယ်သူမှ ကောက်မဲ့သူ မရှိဘူးတဲ့။

ဟန်ကျလိုက်တာ သူခိုးလဲမရှိ ဒါးမြလဲမရှိ တိုင်းပြည်ကို အေးလို့၊ မြို့တွေ ရွာတွေ အိမ်တွေ ယာတွေ အကုန်တံခါးဖွင့်အိပ်၊ ဘယ်သူမှ ခိုးမဲ့သူမရှိဘူး၊ ဘီလူးဆီကို ပို့မှာကြောက်လို့ အားလုံး ထိတ်လန့် နေလိုက်ကြတာ၊ ဘုန်းကြီးက ဟန်ကျလိုက်တာလို့ ဘာပြုလို့တုန်းဆိုရင် ဒီဘီလူးကြီး ဒီနား ခဏခဏ ထားလိုက်ရရင် အတော်ဘဲလို့၊ ဒါမှ မကောင်းမှု ဒုစရိုက်ပြုလုတွေ မရှိမှာကိုး၊ အဲဒီလိုနဲ့ အာဋ္ဌဝကဘီလူးကြီးက စားတယ် စားတယ်၊ ဘီလူးစာ ကျွေးတယ်လို့ ကြားတော့ တိုင်းပြည်ကြီး အေးချမ်းပြီးတော့ ဒုစရိုက်မှုတွေ ကင်းပြီးတော့ သူတော်ကောင်းတွေချည့် ဖြစ်သွား လိုက်ကြတာ ရှင်ဘုရင်နဲ့ မြို့တော်ဝန် အခက်အခဲကိုတွေ့လို့။

ဘယ့်နှယ် လုပ်ကြမတုန်း၊ ထောင်ထဲကလူတွေလဲ ကုန်ပြီလို့ မူးကြီး မတ်ရာတွေ တိုင်ပင်ကြတော့ ဘယ့်နှယ် လုပ်ရမတုန်း၊ သက်ကြီးရွယ်အို အဘိုးအို အဖွားအိုတွေဆိုတာ လူပိုတွေဘဲ၊ သူတို့ အနေနဲ့ လူ့လောကမှာ ဘာမှ အသုံးကျတော့တာ မဟုတ်တော့ ဘူး၊ အဲဒီ အဘိုး အဖွားတွေကို အလှည့်ကျခေါ်ပြီးတော့ ထမင်း ထုပ် အပို့ခိုင်းမယ်လို့ အမတ်ကြီးတယောက်က အဆိုတင်တယ်၊ တော်တော်မိုက်တဲ့ အမတ်ကြီးဘဲ။

## လူကြီးနှင့် လူငယ်, ဘယ်သူများတာကောင်း

အဲဒါ သက်ကြီး ရွယ်ကြီးတွေရဲ့ တန်ဘိုးကို သူ နားမလယ်လို့ ဒီလို အဆိုတင်လိုက်ခြင်း ဖြစ်တယ်၊ လောကမှာ လူကြီးနဲ့ လူငယ် ဆိုတာ ဘယ်သူ များများ ရှိတာ ကောင်းတယ်ထင်သလဲ၊ (လူကြီး များတာက ကောင်းပါတယ်ဘုရား၊) အင်း.... ကိုယ်က လူကြီးပိုင်း ပါနေတာနဲ့ ကိုယ့်ဘက်ကိုဆွဲသွားကြတယ်၊ ပြောမှာပေါ့ လူငယ် တွေကလဲ လူငယ်တွေ များမှ လုပ်ငန်းတွေတိုးတက်တယ်၊ စီးပွားရေး တွေ လုပ်နိုင်မယ်၊ အရာရာ တိုးတက်နိုင်တယ်လို့ ပြောမှာပေါ့၊ မပြောကြပေဘူးလား၊ ပြောကြမှာပေါ့၊ အမှန်စင်စစ် လူကြီး လူငယ် ဘယ်ဟာကများတာ ကောင်းသလဲလို့မေးခဲ့ရင် သူတော် ကောင်းမြတ်တွေ ကိန်းဝပ်ပြီး, သူတော်ကောင်း တရား များစွာ တည်လေ လောကကြီး အေးချမ်းလေ ဆိုတော့ လူကြီး လူငယ် ဆိုတာ ခန္ဓာငါးပါး ဓာတ်ဘုရားတွေချည့် ဖြစ်ခဲ့မဲ့။

လူကြီးတွေမှာတော့ နံနက် လင်းလာရင် ဆွမ်းတော်တင်, ပန်းတော်တင်, မေတ္တာပို့လို့၊ ညအိပ်ယာဝင်မှာလဲ ဒီလိုဘဲ ပရိတ်တော်များ ရွတ်လို့၊ ဓမ္မစကြာ အနတ္တလက္ခဏသုတ် တရားတွေ ရွတ်ဖတ်လို့ ဆိုတာတွေကို ဘယ်သူက ပိုပြီးတော့ ပြုသလဲ၊ လူကြီး တွေက ပိုပြီးတော့ ပြုတယ်၊ ရပ်ကွက် တခုထဲမှာဘဲ လူကြီး တွေက မေတ္တာပို့ အမျှဝေ ဘုရားရှိခိုးပြီးတော့ နေရင် အန္တရာယ် မကင်းပေဘူးလား၊ (ကင်းပါတယ်ဘုရား၊) တအိမ်ထောင်စု အနေ နဲ့ဘဲ ကြည့်ပါအုံး။

အိမ်တအိမ်မှာ လူကြီးမရှိဘူးလို့ဆိုရင် ကလေးသူငယ်တွေချည်း ဆိုရင် အဲဒီအိမ်မှာ ဘုရားရှိခိုးသံ မကြား၊ မေတ္တာပို့သံ မကြား၊ တရားထိုင်သံ မကြား၊ သူတော်ကောင်းဆိုင်ရာ အသံတွေ ဘာသံမှ မကြားနိုင်ပါဘူး၊ သူတော်ကောင်းတရားတွေ ဆိတ်သုဉ်းသွားနိုင်တယ်၊ များသောအားဖြင့် ပြောတာပါ၊ ဒါ့ကြောင့် လူကြီးတွေ များများရှိတဲ့ ရပ်ကွက်၊ အိမ်မှာ ကုသိုလ်ပြုတယ်၊ အမျှဝေတယ်၊ မေတ္တာပို့ တရားထိုင်တယ်၊ အဲဒီလို အဘိုး အဖွားတွေက ပြုလုပ်နေလိုက်ရင် ပတ်ဝန်းကျင်က သား သမီး မြေး မြစ် သူ့ဆိုင်ရာ ရပ်ကွက် မြို့နယ်တခုလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာတွေ မလာပေဘူးလား။ (လာပါဘုရား)။

ကုသိုလ်ကောင်းမှုဆိုင်ရာတွေ လုပ်နေရင် အေးချမ်းတဲ့သဘော ရှိတယ်၊ ရေသဘောရှိတယ်၊ အေးတဲ့သဘော ရှိတယ်၊ လူငယ်တွေချည်း ရှိနေပြီဆိုရင် ဒီအလုပ်တွေကို မလုပ်မိနိုင်ကြဘဲ အပူဓာတ်တွေ များတတ်တယ်၊ ဒီတော့ လူကြီးများတဲ့ နေအိမ်၊ ရပ်ကွက်၊ မြို့နယ် တိုင်းပြည်တွေ ဆိုတာ အအေးဓာတ် များနိုင်တယ်၊ သူ့ဆိုင်ရာ ရပ်ကွက် တိုင်းပြည်ထဲမှာ ကျမ္မာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြပါစေ၊ သွားရာ လာရာ ခလုတ်မထိ ဆူးမငြိကြပါစေနဲ့လို့ သူ့ရဲ့ သား သမီး မြေး မြစ် ဆိုင်ရာ နယ်ပယ်ကို ခြုံပြီးပို့နေတဲ့ အဘိုး အဘွား နှစ်ယောက်ရဲ့ မေတ္တာ၊ ဟိုအိမ် ဒီအိမ်က အဘိုးအို အဘွားအိုတွေရဲ့ မေတ္တာဟာ ရပ်ကွက်တခုလုံး ခြုံပြီး ပို့နေတော့ မလုံပေဘူးလား၊ (လုံပါဘုရား)၊ လူတွေက ဘေးက သေနတ်ကြီးတကားကား ထမ်းပြီး စောင့်နေမှ လုံတယ်လို့

ထင်ကြတယ်၊ မေတ္တာခြံလို့ လုံတာကို သူတော်ကောင်းတွေမှ သိပါတယ်၊ သူတော်ကောင်းတွေမှ နားလည်နိုင်ပါတယ်၊ သာမန်လူတွေ မမြင်နိုင်ကြပါဘူး။

အန္တရာယ်အမျိုးမျိုး ဘေးအမျိုးမျိုးတွေနဲ့ တွေ့ကြုံရတဲ့အခါမှာ လူကြီးတွေများတဲ့ အဘိုး အဘွားတွေ များတဲ့ နေရာမှာ မကျမရောက်နိုင်၊ ကျရောက်အုန်းတော့ အများစုထက် သက်သာတယ်၊ ဒါဟာ ဒီအဘိုး အဘွားတွေရဲ့ မေတ္တာကြောင့် ဖြစ်တယ်၊ အဲဒါ မေတ္တာဆိုတဲ့ အအေးဓာတ်နဲ့ ကာကွယ်ထားလို့၊ ဒါဖြင့် လောကမှာ အဘိုး အဘွားတွေ များတာ ကောင်းသလား၊ လူငယ်တွေ များတာ ကောင်းသလား၊ (အဘိုး အဘွားတွေများတာ ကောင်းပါတယ်ဘုရား)၊ အင်း–ထောက်ခံတဲ့ဒကာကြီးတွေ တရားပွဲပြီးလို့ ဝိုင်းရိုက်ရင် ဘုန်းကြီး မပါဘူးနော်၊ အဘိုး အဘွားများတာ ကောင်း ဘယ်ဆိုတဲ့ သူတွေဘဲထ ခံကြပေတော့နော်။

အဲ-ယနေ့တော့ လူကြီး နဲ့ လူငယ် ဘယ်သူကများတာ ကောင်းသလဲလို့ဆိုတဲ့ ပြဿနာ ပေါ်လာပြီ၊ အာဋ္ဌာနကဇာတ်တော်မှာနော်၊ တဘက်က မြင်နေတာကလဲ အဘိုးအို အဘွားအိုတွေဆိုတာ အလုပ်မရှိဘူးတဲ့၊ အလကား ပိုနေတာဘဲတဲ့ ဘီလူးစာ ကျွေးလိုက်တာဘဲ ကောင်းတော့တာဘဲတဲ့၊ ဒါက တဖက်ကပြောတာ၊ ဟိုတဖက်ကလဲ ဟာ- ဘယ်ဟုတ်နိုင်ပါ့မလဲတဲ့၊ ဒီ အဘိုး အဘွားတွေ ရှိနေကြလို့ ရပ်ကွက် နိုင်ငံ မြို့ရွာတွေမှာ အေးချမ်းနေတာတဲ့၊ ဒါ လူကြီးကို မှတ်ပြီး ပြောလိုက်တာ၊ သူတော်ကောင်းတွေ များလေ ကမ္ဘာ

လောဘကြီး ငြိမ်းချမ်းလေဖြစ်ရမှာပေါ့၊ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ကထိန်ခေတ်လောက်ကြတော့ ကထိန်သင်္ကန်း လှူကြ ဝါဆိုဦးကြတော့လဲ ဝါဆိုသင်္ကန်းတွေ ကပ်ကြ၊ အလှူတွေပေးကြ၊ ရတနာသုံးပါးကို ဆည်းကပ်ကြ၊ တရားထိုင်ကြ၊ ဓမ္မစကြာ ပဋ္ဌာန်းတွေ ရွတ်ဆိုကြ။

ဟိုမှာ ဒီမှာ ရိပ်သာတွေမှာ ကမ္မဋ္ဌာန်းတရား အားထုတ်ကြ၊ သီလတွေ ဆောက်တည်ကြနဲ့ တနိုင်ငံလုံး အားတွေ စုပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုလုပ်ကြတော့ တနိုင်ငံလုံး အအေးဓာတ်တွေ များမလာပေဘူးလား၊ (များလာပါဘုရား)၊ ဒီလို များလာလို့ ကမ္ဘာနဲ့ချီပြီး ကြည့်မယ်လို့ ဆိုရင် အနောက်ဘက်နားက ဣန္ဒိယတို့၊ ပါကစ္စတန်တို့၊ ဘင်္ဂလားဒေ့ရှ်တို့မှာ မိုးဘေး၊ လေဘေး၊ ရေဘေးတွေ သင့်ကြ၊ ဣန္ဒိယနဲ့ ပါကစ္စတန်လို့ဆိုတာ ဘုန်းကြီးတို့ မြန်မာနိုင်ငံနဲ့ မြေရေချင်း ဆက်စပ်နေပါတယ်။

ဟော-အဲဒီဘေးကြီးတွေ ဒီကို ရောက်မလာဘဲနဲ့ အရှေ့ဘက်က လာအိုတို့ ယိုးဒယားတို့ ဗီယက်နမ်တို့ကို ကျော်သွားပြီးတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ကျန်ရစ်တယ်၊ ဒါဟာ ရတနာသုံးပါးက ကျေးဇူးပြုထားကြတဲ့၊ ရတနာသုံးပါးရဲ့ ဂုဏ်တွေ ထုံနေကြတဲ့ ကျေးဇူးတွေ မဟုတ်ဘူးလား၊ (ဟုတ်ပါဘုရား)၊ မမြင်တတ်ချင်တော့လဲ မသိဘူးပေါ့နော်၊ မြင်တတ်မယ်လို့ ဆိုရင်တော့ သာယာချမ်းတဲ့ အကျိုးတွေကို ရနိုင်တယ်။

မြင်တတ်တဲ့သူများဘို့ ပြောနေတာ၊ မမြင်တတ်ရင်တော့လဲဘဲ ကုသိုလ်ကောင်းမှုတွေ ပြုနေတာနဲ့ တိုင်းပြည်ကြီး အေးချမ်းတာ ဘာဆိုင်သလဲလို့ မေးစရာရှိဘာပေါ့၊ အဲဒီလို လူကြီးတွေ သူတော်ကောင်းတွေ များလို့ရှိရင် သူတို့က မေတ္တာများ ပို့ကြခြင်း၊ တရားထိုင်ခြင်း၊ သီလ ဆောက်တည်ခြင်း၊ ကုသိုလ်ကောင်းမှုတွေ ပြုကြခြင်း ဆိုတဲ့ ခတ်ကောင်းတွေ၊ ခတ်အေးတွေကြောင့် တိုင်းပြည်ကြီး ငြိမ်းအေး နိုင်တယ်လို့ ယုံကြည်တာကို သဒ္ဒါတရားလို့ ခေါ်တယ်၊ တော်တော်ကြာတော့ ဒီသဒ္ဒါအကြောင်းပြောလာမယ်။

အဲဒီလိုနဲ့ အင်္ဂုဝက ဘိလူးအား လူကြီးတွေ ကျွေးမလား၊ လူငယ်တွေ ကျွေးမလားလို့ ဆိုတဲ့ ပြဿနာ ပေါ်လာရတယ်၊ ခုနက အမတ်တယောက်က လူကြီးဆိုတာအပိုဘဲလို့ ဆိုတဲ့ အဆိုတင်သွင်းတာကို ကန့်ကွက်တဲ့ဘက်က ကန့်ကွက်တယ်၊ ကန့်ကွက်တာကလဲ လူကြီးတွေနဲ့ပါး အအေးခတ်တွေ ပျောက်ပြီး အပူတွေ များလာခဲ့ရင် တိုင်းပြည်ကြီး မငြိမ်မသက်ဖြစ်ပြီ ဆူလာလိမ့်မယ်လို့၊ ငါတို့ အဘိုး ဘိလူးစာအကျွေးခံရတယ်၊ ငါတို့အဘွား ဘိလူးစာ အကျွေးခံလိုက်ရတယ်လို့ ဆိုပြီးလဲ တိုင်းပြည်ကြီး ဆူလာလိမ့်မယ်။

ဒီတော့ လူကြီးတွေကျွေးဘို့ဆိုတဲ့ ပြဿနာကိုတော့ အားလုံးသော အစည်းအဝေးကြီးက လက်မခံဘဲ ကန့်ကွက်ကြတယ်၊ ကိုင်း- ဒါဖြင့် ကောင်းပြီ၊ ကလေးတွေကို ကျွေးမှဘဲ၊ မွေးကကလေးတွေ၊ ကလေးသူငယ်ကလေးတွေကို ကျွေးရမယ်လို့ အဆိုတင်သွင်းကြလို့ နောက်ဆုံး အဲဒါကို အတည်ပြုလိုက်ကြရတယ်၊ အတည်ပြုပြီးတော့

ကလေးတွေကို လိုက်ရှာပြီး ထမင်းထုပ်နဲ့ ကလေးတယောက်နဲ့ နေ့တိုင်း ဘီလူးစာကျွေးနေတော့ အဲဒီ တိုင်းပြည်က ကလေး သူငယ်တွေ ကိုယ်ဝန်ဆောင်တွေ ထွက်ပြေးကြရတယ်။

နောက်ဆုံး ဘယ်မှာမှ ကလေးတွေရှာလို့ မရတော့ဘဲ အာဠဝီ ပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ နန်းတော်ထဲမှာ အာဠဝီပြည့်ရှင် ဘုရင် မင်းမြတ်ရဲ့ သားတော်ကလေးတယောက်ဘဲ ကျန်ရစ်တော့တယ်၊ အဲဒီလို ဘယ်မှာမှ ရှာလို့မရတော့ ဒီကလေးရဲ့ အလှည့်တော့ ကျပြီလို့ ဆိုပြီး အာဠဝီဘုရင်ကို သံတော်ဦးတင် ကြတော့ အေးလေ၊ ဒီလိုဆိုရင် ကိုယ့်ကိုယ်ကိုထက်တော့ ဘယ်သူမှ ပိုပြီး မချစ်နိုင်တော့ဘူးကွယ်တို့—ငါ့အသက်ထက်တော့ဖြင့် ဘာကိုမျှ ပိုပြီး မချစ်နိုင်တော့ပါ၊ ငါ့အသက်ကို ကာကွယ်တဲ့အနေနဲ့ တရက်ဘဲ ကာကွယ်လို့ရရ၊ အဲဒီ သားတော်ကလေးကိုဘဲ ပို့လိုက်ကြပါ တော့လို့ သားတော်ကလေးကိုဘဲ ထမင်းထုပ်နဲ့ ဘီလူးစာကျွေးဘို့ စီမံလိုက်ရတယ်။

နက်ဖန်ခါ နံနက်ဆိုရင် အဲဒီ သားတော်ကလေးရဲ့ အလှည့် ကျပြီပေါ့နော်၊ (မှန်လှပါဘုရား)၊ အဲဒီနေ့ နံနက်စောစောမှာဘဲ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်က အဲဒီအာဠဝီ ပြည်နဲ့ ယူဇနာ ၃၀ လောက် ဝေးတဲ့ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူနေစဉ်၊ နေ့စဉ် ကျွတ်ထိုက်တဲ့ သတ္တဝါကို သဗ္ဗညုတဉာဏ်တော် ကွန်ယက်ဖြင့် ဖြန့်ကျက်လို့ ကြည့်တော်မူလိုက်တဲ့အခါမှာ အာဠဝကဘီလူးနဲ့ ဘီလူးစားခံရမဲ့

ကလေးတို့ ပေါ်လို့လာ၊ ဒီကလေးက နေ့ခင်းအခါမှာ " ဟတ္ထာဠဝက ဥပါသကာ "လို့ ဆိုတဲ့ နာမည်နဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တိုင်အောင်တည်မဲ့ ဥပါသကာတယောက် ပါလားလို့ ရှေးပါရမီဓာတ်ခံတွေကို ဘုရားရှင်က မြင်တော်မူတယ်။

အဲဒီနေ့မှာ ဘုရားရှင် တပါးတည်း သင်္ကန်း-သပိတ်တော်များကို ယူတော်မူပြီး ကြွတော်မူလိုက်တာ အာဠဝကဘီလူးရဲ့ နေထိုင်ရာ ညောင်ပင်ကြီး ရဲ့အနီး ရောက်လာတော့ အဲဒီအချိန်မှာ အာဠဝကဘီလူးက ဘယ်ကိုသွားနေတုန်း ဆိုတော့ ဟိမဝန္တာ တောင်မှာ ဘီလူးအစည်းအဝေးရှိလို့ သွားနေတယ်၊ ဒီ ဗိမာန်မှာတော့ " ဂဒြဘ "လို့ ဆိုတဲ့ ဒရဝမ် တံခါးစောင့်တယောက်ဘဲ ရှိတယ်၊ အာဠဝကရဲ့ မိဖုရားအခြွေအရံတွေ ဗိမာန်ထဲမှာ ကျန်ရစ်တယ်၊ တံခါးစောင့် ဂဒြဘက ရတနာသုံးပါးကို ကြည်ညိုတဲ့သူ ဆိုတော့ မြတ်စွာဘုရား တံခါးပေါက်ကို ရောက်လို့ လာတယ် ဆိုရင်ဘဲ ကြွတော်မူပါဘုရား၊ အဘယ်ကိစ္စနဲ့ ဘယ်ကိုများကြွတော်မူမလို့ပါလဲ ဘုရားလို့ မေးလျှောက်တယ်၊ ဒီတော့ ဘုရားရှင်က....

သစေ တေ ဂဒြဘ အဂရု၊ ဝသေယျာမ ဧကရတ္တိံ =

အို ဂဒြဘ.... သင် ဝန်မလေးဘူးလို့ဆိုရင် ဟောဒီ အာဠဝကရဲ့ ဗိမာန်ထဲမှာ ငါ့ကို တညဉ့်တာမျှ နားနေခွင့်ပြုစေလိုတယ်၊ ဒီနေ့ တညဉ့် ဟောဒီ အာဠဝကရဲ့ ဗိမာန်ထဲမှာ နားနေပါရစေ၊ ဒီတော့ ဂဒြဘက အရှင်ဘုရား တပည့်တော်ကတော့ ဝန်မလေးလှပါဘူး ဘုရား၊ အာဠဝကဘီလူးဆိုတာ အင်မတန် ကြမ်းတမ်း

ပါတယ် ဘုရား။ အင်မတန် ဒေါသလဲ ခက်ထန်ပါတယ် ဘုရား၊ သူ့အစည်းအဝေးက ပြန်လာတဲ့အချိန်မှာ အရှင်ဘုရားကိုတွေ့လို့ ရှိရင် ရှင်တော်ဘုရားကို ရန်လုပ်ချင် လုပ်ပါလိမ့်မယ် ဘုရား၊ ဒါ့ကြောင့် ဒီဗိမာန်ထဲမှာ နားခိုမယ်ဆိုတဲ့ အကြံတော်ကိုတော့ဖြင့် လက်လျှော့တော်မူပါ ဘုရား၊ သင့်တင့်လျောက်ပတ် သင့်လျော်သော နေရာမှာသာ သွားပြီးတော့ သီတင်းသုံးတော်မူပါဘုရားလို့ ဂဒြဘက လျှောက်လိုက်တော့၊ ငါသိပါတယ် ဂဒြဘ....သင့်မှာသာ ဝန်မလေးဘူးဆိုရင် တညဉ့်ဘာမျှ နားနေခွင့် တည်းခိုခွင့်ပြုပါလို့ ဒုတိယအကြိမ် ဘုရားရှင်က တောင်းပန်ပြန်တယ်၊ ဒီတော့ ဂဒြဘက အရှင်ဘုရား တပည့်တော်အတွက်တော့ မခဲရင်းပါဘူး, ဝန်မလေး ပါဘူး၊ အာဠဝကဘီလူး ဆိုတာ အင်မတန် ကြမ်းတန်းခက်ထန် ပါတယ်၊ မိဘကိုသော်မှ မိဘလို့ မမှတ်တဲ့ အစားမျိုး ဖြစ်ပါတယ် ဘုရား၊ ကျေးဇူးရှိတဲ့ ဆရာသမား လေးစားထိုက်တဲ့ သူတွေကိုလဲ ကျေးဇူးသိတတ်တဲ့သူစားမျိုး မဟုတ်ပါဘူးဘုရား။

အမေ-အဖေ သရာသမားတွေကိုသော်မှ ထော်လော်ကန့်လန့် လုပ်တဲ့လူစားမျိုးပါဘုရား၊ ကျေးဇူးကိုလဲ မသိတတ်ဘဲ ကျေးဇူး ကန်းတတ်တဲ့ ဘီလူးပါဘုရား၊ ဒါ့ကြောင့် အခြားသင့်လျော်ရာ ဌာနမှာကြွပြီး သီတင်းသုံးစေချင်ပါတယ်ဘုရား၊ မိဘ ဆရာသမား တွေကို ကျေးဇူး မသိတတ်တဲ့ ထော်လော်ကန့်လန့်သမားတွေကို အာဠဝက ဂိုဏ်းသားလို့ မဆိုထိုက် ဘူးလား ဒကာ အေးမောင် (ဆိုထိုက်ပါတယ်ဘုရား)၊ ဒီတော့ မြတ်စွာဘုရားက ဂဒြဘ....အဲဒီ တာဝန်က ငါဘုရားရဲ့တာဝန်ထားလိုက်ပါ၊ ကိစ္စမရှိပါဘူး၊ ငါ့ကို

နားနေခွင့် တည်းခိုခွင့်ကိုသာ သင်ခွင့်ပြုပါလို့ မိန့်တော်မူလိုက်တော့ ဂဒြဘကလဲဘဲ ဒီလိုဆိုရင် အရှင်ဘုရားဘဲကြည့်ပြီးတော့ သိတင်းသုံးတော်မူပါလို့ လျှောက်လိုက်တယ်၊ တပည့်တော်ကတော့ တည်းခိုခွင့်ပြုဘယ်ဆိုတဲ့ သက်မှတ်ကိုတော့ မထိုးရပါဘူးဘုရားတဲ့၊ ဘာပြုလို့လဲ ဆိုတော့ တပည့်တော်က တည်းခိုခွင့်လက်မှတ်ထိုးလိုက်ရင် တပည့်တော်ကို သဘာရင်လဲ ပြစ်လိုက်ပါလိမ့်မယ် ဘုရား၊ ခြေနှစ်ချောင်းကိုကိုင်ပြီး သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းကိုသော်လဲ ပြစ်ပါလိမ့်မယ် ဘုရား။

အရှင်မြတ်ဘုရား ကိုယ်တိုင်သာ ကြည့်ပြီးတော့ သိတင်းသုံးရစ်ပါတော့၊ တပည့်တော်တော့ အာဠဝကဘီလူးရှိတဲ့ အစည်းအဝေးကို သွားပြီးတော့ ပြောလိုက်ပါအုံးမယ်ဘုရားလို့ လျှောက်လိုက်တော့၊ အေး အေး– သွားပြောချေ သွားပြောချေလို့ မြတ်စွာဘုရားက ခွင့်ပြုတော်မူလိုက်တယ်၊ ဂဒြဘကလဲ ခတ်သုတ်သုတ် အာဠဝကဘီလူးရှိရာသို့ အသွား၊ အဲဒီအချိန်မှာ မြတ်စွာဘုရားက အာဠဝကဘီလူးနေတဲ့ ဗိမာန်အတွင်းကိုဝင်ပြီး အာဠဝကဘီလူး မင်္ဂလာယူတဲ့ ဗိုလ်ရှုခံတဲ့ အမြတ်နိုးဆုံးသော ပလ္လင်ထက်မှာ သီးတင်းသုံးတော်မူနေတယ်။

အဲဒီမှာမှ အာဠဝကဘီလူးရဲ့ နတ်မိဖုရားတွေ အခြွေအရံတွေက မြတ်စွာဘုရားကို ဝင်ပြီး ဖူးနံတော့ကြ၊ မြတ်စွာဘုရားက တရားဟောပြီးတော့ သိတင်းသုံးတော်မူနေတယ်၊ အဲဒီ အချိန်မှာ ဂဒြဘက အာဠဝကဘီလူးရှိရာ အစည်းအဝေးကို သွားပြီးတော့ ပြောတယ်။

ယဉ္စေ အယျ ဇာနေယျာသိ၊ သော ဘဂဝါ တုမှာကံ ဘဝနေ နိသိန္နော– အရှင် သိတော်မူပါ၊ သံတော်ဦးတင်ပါရစေ၊ အရှင်ရဲ့ ဗိမာန်ထဲမှာ ကျွန်ုပ်တို့ရဲ့ လောကထွဋ်ထား သမ္ဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးတော်မူနေပါတယ်၊ ရောက်တော်မူနေပါတယ် လို့လဲ သတင်းပေးလိုက်ရော၊ အာဠဝကက ထောင်းကနဲဆို စိတ်ဆိုး သွားတယ်၊ အသာနေ အသာနေ၊ ဂဒြဘ....တိုးတိုးပြော၊ မင်္ဂလာ မရှိတဲ့ ရဟန်းကတုံးစုတ်က ငါ့ဗိမာန်ထဲ ဝင်တဲ့ အကြောင်းကို မင်း တိုးတိုး ပြောစမ်းကွာ၊ ဘေးက များ ကြားကုန်ကြရင် ရှက်စရာကြီး။

ဘုန်းကြီးတို့ ယခုကာလပေါ့၊ အားလုံးသောသူတွေက အထင်သေး အမြင်သေး ခံနေရတဲ့ သူတယောက်၊ ဘယ်သူကမှ အပေါင်း အသင်း မလုပ်လိုတဲ့သူတယောက် အိမ်မှာရောက်နေပါတယ်လို့ များ အိမ်က လူတယောက်က လူကောင်း သူကောင်း ဂုဏ်သိက်ရှိတဲ့ ပရိသတ်ထဲ လာပြီး ပြောလိုက်ရင် ရှက်တတ်ကြတယ် မဟုတ်သား၊ (မှန်ပါဘုရား)၊ ဒီလို အမူးသမား အရူးသမား၊ အဘယ်သူမှ အသုံး မပြုတဲ့ အမူးသမား အရူးသမား၊ ဘိန်းစား၊ ဖဲသမား၊ ဘယ်သူမှ မပေါင်း မသင်းတဲ့ကောင်က မင့်အိမ်ကို ရောက်နေသတဲ့လားလို့ များ မပြောတတ်ကြဘူးလား၊ ( ပြောတတ်ကြပါဘုရား၊ ) အာဠဝကဘီလူးကလဲ မြတ်စွာဘုရားအပေါ်ကို အဲဒီလိုအမြင်နဲ့ ဟော့– ဂဒြဘ တိုးတိုးပြောစမ်း၊ တိုးတိုး ပြောစမ်း၊ ဘေးက ကြားကုန်မယ်ကွ၊ ငါလုပ်သင့်တာကို သွားပြီးတော့ လုပ်မယ်လို့ ပြောပြီး ဟိမဝန္တာ အစည်းအဝေးတာနေပြီးတော့ ထွက်အလာ။

အဲဒီ အချိန်မှာလဲ သာတာဂိရနဲ့ ဟေမဝတဆိုတဲ့ နတ်မင်းကြီး နှစ်ယောက်ကလဲ ဟိမဝန္တာအစည်းအဝေး ရောက်အလာ၊ သာတာ ဂိရနဲ့ ဟေမဝတတို့ ဒီအစည်းအဝေးကို ကောင်းကင်က နေပြီး လာကြရင်းနဲ့ အာဠဝကရဲ့ ဘုံဗိမာန်အထက်က ဖြတ်လာရင်း အဲဒီ ဘုံဗိမာန်ရဲ့ အထက်ကြတော့ ရထားသွားလို့ မရတော့ဘူး၊ ဒါနဲ့ ဘာများ ဖြစ်ပါလိမ့်မလဲလို့ ဆိုပြီး အောက်ကို ကြည့်လိုက်တော့ မြတ်စွာဘုရား အာဠဝကဘီလူးရဲ့ ဗိမာန်ထဲမှာ သီတင်းသုံးပြီး နတ် မိဖုရားတွေကို တရား ဟောနေတာကို တွေ့ရလို့ ဆင်းပြီးတော့ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုး ကန်တော့ကြပြီး တော့မှ ဘေးကင်းတိမ်းပြီး သူဟို လာခဲ့ကြတယ်၊ အဲဒါနဲ့ လမ်းမှာ အာဠဝက နဲ့ တွေ့တဲ့အခါကြတော့ ဝမ်းမြောက် ဝမ်းသာ ဖြစ်လိမ့်မယ်လို့ ထင်ပြီးတော့ ပြောကြတယ်။

လာဘာ ဝတ တေ အာဝုသော အာဠဝက၊
ယဿ တေ ဘဝနေ ဘဂဝါ နိသိန္နော။

အာဝုသော အာဠဝက- ငါ့ရှင့် အာဠဝက၊ ယဿ တေ- အကြင် သင်၏၊ ဘဝနေ- ဗိမာန်ထဲ၌၊ ဘဂဝါ- ဘုန်းတော်ကြီး မြတ်စွာဘုရားသည်၊ နိသိန္နော-ဝင်၍ ဆိုင်နေပါပြီ၊ တဿ တေ-ထို သင်၏၊ လာဘာ-လာဘ်တို့သည်၊ သုလဒ္ဓါဝတ-အရတော်လေစွာ တကား....။

ကိုအာဠဝကတို့များ ကြည့်ပါအုန်း၊ တယ်ပြီး အရတော်တယ်၊ တခြားသူတွေဆိုရင် မြတ်စွာဘုရားကို မရ-ရအောင် ပင့်ကြရတယ်၊

မကြွ-ကြွအောင် ပင့်ဆောင်ကြရတယ်၊ ဒါတောင်မှ ကြွချင်မှ ကြွ, ရချင်မှ ရကြတယ်၊ ကိုအာဠဝကတို့များကြတော့ ကံကောင်းလိုက်တာ၊ ကိုအာဠဝကရဲ့ ဗိမာန်ထဲမှာ မပင့်ရ, မလျှောက်ရဘဲနဲ့ ဘုရားရှင် ရောက်နေတော်မူတယ်၊ ကိုအာဠဝကတို့များ ကံကောင်းလိုက်လေခြင်းလို့ သာတာဂိရနဲ့ ဟေမဝတတို့က ပြောလိုက်တော့ ဟိုက အမြင်ကပ်နေတာ၊ ဘုရားကို မုန်းနေတာကို ကိုအာဠဝကတို့များ အရတော်လိုက်လေခြင်း, ကံကောင်းလိုက်လေခြင်းလို့ သူ့ရှေ့ကို သွားပြီး ပြောလိုက်တော့ သူက ကြိမ်းတယ်။

ကော နာမ သော ဘဂဝါ ယော မမ ဘဝနေ နိသိန္နော။

နေစမ်းပါအုန်း၊ - ခင်ဗျားတို့ ဘုန်းတော်ကြီးဘုရားဆိုတဲ့သူက ကျုပ်ဗိမာန်ထဲ ကျုပ်ကို ခွင့်မတိုင်ဘဲနဲ့ ကျုပ်ဗိမာန်ထဲ ဝင်နေတယ် ဆိုဘာ ဘာ ဘဂဝါလဲဗျ, ဘာ ဘဂဝါလဲ၊ ဒေါသနဲ့ မေးတယ်၊ ဒီလောကထဲမှာလဲ သဒ္ဓါတရားမရှိတဲ့သူ ရှေ့ကို သဒ္ဓါတရားနဲ့ စပ်တဲ့ စကားကို မပြောနဲ့တဲ့၊ အဲဒီလို သွားပြောလိုက်ရင်တော့ ဆဲရာ ရောက်တော့တာဘဲတဲ့။

ကောင်းတဲ့စကားပေမဲ့ နားခါးစရာဖြစ်ရာ ၄ ဌာန

အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ၊ = အသဒ္ဓဿ - သဒ္ဓါတရား မရှိသူရှေ့မှာ၊ သဒ္ဓါကထာ - သဒ္ဓါတရားနှင့် စပ်သော စကားကို ပြောဆိုခြင်းသည်၊ ဒုက္ကထာ - ဆဲတာဘဲတဲ့။

သူ့အဘို့တော့ အဆဲခံရတာနဲ့ အတူတူဘဲတဲ့၊ မလှူချင်၊ မပေးချင်၊ မကမ်းချင်၊ ကုသိုလ်ကောင်းမှုဘက် ဆိုင်ရာကို မျက်နှာလွှဲပြီး နေသူရဲ့ရှေ့ကို လှူဘို့ ဒါန်းဘို့ ပေးဘို့ကမ်းဘို့နဲ့ စပ်တဲ့စကားတွေ ပြောလာရင် သူ့နားထဲမှာတော့ ရန်စကားနဲ့ အတူတူဘဲတဲ့။

ဒုဿီလဿ သီလကထာ ဒုက္ကထာ = ငါးပါးသီလ လောက်မှ မလုံဘဲ ပေတေ မိုက်ဂဏန်း ဆိုးတေပြီ နေတဲ့သူရဲ့ ရှေ့ကို သွားပြီး ငါးပါးသီလထိန်းရတာ ဘယ်လိုအကျိုး ရတယ်၊ ပေါက်ပြန်စင် ဘယ်လိုအပြစ်ရှိတယ်နဲ့ သွားပြီး ပြောလိုက်ရင် အဲဒါ ဒုက္ကထာဘဲ၊ နားခါးတယ်တဲ့၊ ဘယ်တော့မှ သွားပြီးတော့ မပြောရဘူး၊ မှတ်ထား။

ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ= ပညာမရှိသူရှေ့မှာ ပညာနဲ့ စပ်တာတွေ ပြောရင်လဲ နားခါးစရာ စကား ဖြစ်တော့တာဘဲ။

ကုသိတဿ ဝီရိယာရမ္ဘကထာ ဒုက္ကထာ=အပျင်းထူတဲ့သူရှေ့မှာ လုံ့လ ဝီရိယနဲ့ အားထုတ် ကြိုးစားမှုနဲ့ စပ်တဲ့စကားဟာ နားခါး စရာ ဖြစ်တော့တာဘဲ။

အဲဒီလိုဘဲ အာဠဝကဘီလူးရဲ့ရှေ့မှာ သာတာဂိရနဲ့ ဟေမဝတ နတ်မင်းကြီးနှစ်ယောက်ဟာ ဝမ်းသာလိမ့်မယ်အထင်နဲ့ ပြောမိတော့ ကျုပ်ဗိမာန်ထဲ ကျုပ်ခွင့်မပေးဘဲ ဝင်နေတဲ့ ခင်ဗျားတို့ ဘဂဝါက ဘာ ဘဂဝါတဲ့လဲ၊ ဟိုနတ်မင်းကြီးနှစ်ယောက်ကလဲ အို—ကိုအာဠဝကက ဒီလိုမပြောနဲ့လေ၊ ဘုရားရှင်ဆိုတာ လူ၊ နတ်၊ ဗြဟ္မာ

သတ္တဝါတွေရဲ့ ဘုံသုံးပါးမှာ ရှိခိုး ဦးတိုက်ခံရတဲ့ မြတ်စွာဘုရား, ကိုအာဠဝကရဲ့ ဒီလိုမပြောနဲ့ ဒီလိုမပြောနဲ့၊ အို- ပြောမယ် ပြောမယ်၊ ကျုပ်ကတော့ ပြောကို ပြောရလိမ့်မယ်။

ခင်ဗျားတို့ ဘဂဝါက ကြည့်ပါအုံး၊ ကျုပ်မရှိခိုက် ကျုပ် ဗိမာန်ထဲဝင်ပြီး စော်စော်ကားကား, ကျုပ်ကိုလဲ ခွင့်မတိုင်ဘူး၊ ကျုပ် နယ်နိမိတ်ထဲကိုလဲ ကျူးကျော်ပြီး နေတယ်၊ ခင်ဗျားတို့ ဘုရား တရားသလားဗျ, တရားသသားတဲ့၊ အမောင် အာဠဝက, ဘုရားကို အဲဒီလို တုမယ်မကြံလိုက်နဲ့ ဘုရားကို အဲဒီလို တုမယ် ပြိုင်မယ် သွားပြိုးကြံမယ် ဆိုရင် အမောင်ဟာ တယူဇနာလောက် ခန္ဓာကိုယ်ကြီး မြင့်မားနေတဲ့ ဂဠုန်မင်းကြီးရဲ့ အနီးမှာ အတောင် ကျိုးနေတဲ့ ကျီးကန်းစုတ်ကလေးက သွားပြီးတော့ ပြိုင်တာနဲ့ တူလိမ့်မယ်။

အဲဒီလိုပြောလေ သူက စိတ်ထဲက ဒေါသထလေတဲ့၊ ခင်ဗျားတို့ ဘုရားနဲ့ ကျုပ်ရဲ့အစွမ်း သိကြသေးတာပေါ့လို့ ဆိုပြီး ကြိမ်းတယ်၊ သာတာဂိရနဲ့ ဟေမဝတတို့ကလဲ ကိုင်း- ဒီလောက် ပြောမရတဲ့ ဘီလူးမိုက် တုပြောနေလို့တော့ မဖြစ်တော့ဘူး၊ ဗုဒ္ဓနဲ့ တွေ့တော့မှ အကြောင်း သိကြလိမ့်မယ်ပေါ့လေ, သွားပါစေတော့လို့ ဆိုပြီး မျက်နှာလွှဲလိုက်ကြတယ်၊ အဲဒါနဲ့ အာဠဝကဟာ စိတ်ဆိုးဆိုးနဲ့ လာတဲ့ပြီး တခါထဲ မြတ်စွာဘုရားဝင်နေတဲ့ ဘုံဗိမာန်ရဲ့ အနီး “ကေလာသပဗ္ဗတ”လို့ ခေါ်တဲ့ ကေလာသတောင်ထိပ် ရောက်တဲ့ အခါကျတော့ တောင်ထိပ်ကို ဖနောင့်နဲ့ ပေါက်လိုက်ပြီး “ငါဟာ

အာဠဝက ”လို့ တအား ကြုံးဝါးပြီး အော်လိုက်ဘယ်၊ အဲဒီ အသံဟာ ဇမ္ဗူဒိပ်တကျွန်းလုံးကို မိုးသံချုန်းလိုက်သလို မိုးသံကြိုး ပစ်လိုက်သလို ဖြစ်သွားတယ်တဲ့။

ဇမ္ဗူကကြား, အသံလေးပါး

“ဇမ္ဗူကကြား, သံလေးပါး”ရယ်လို့ ဘုန်းကြီးတို့ သာသနာ ဝင်မှာ ရှိခဲ့တယ်၊ ဇမ္ဗူဒီပါတကျွန်းလုံးက ကြားရတဲ့ အသံကြီး လေးပါးတဲ့၊ အဲဒီ အထဲမှာ အာဠဝကရဲ့ ကြုံးဝါးသံလဲပါတယ်၊ အဲဒီ ဇမ္ဗူကကြား, အသံ ၄ ပါးဆိုတာ—

၁။ ဘုန်းကြီးတို့ ဘုရားအလောင်း ကုသမင်း, ပပဝတီကို ခုနစ်ပြည်ထောင်မင်းတွေကဝိုင်းပြီးတောင်းကြလို့ ပပဝတီကို သူ့ရဲ့ ခမည်းတော်ကြီးက ခုနစ်ပိုင်း ပိုင်းပြီး ပေးစေလို့ အမိန့်ချလိုက်တဲ့ အချိန်မှာ ပပဝတီဟာ သေရမှာကြောက်လွန်းလို့၊စောစောတုန်း ကတော့ ဘုရားအလောင်းတော်က နောက်က လိုက်ပြီးတော့ အိုးတော်တွေလုပ်ပြီး ဆက်ရ, ဖျာတော်တွေလုပ်ပြီး ဆက်ရတုန်း ကတော့ အရေးမစိုက်ဘူး၊ ခုနစ်ပြည်ထောင်မင်းတွေကို ခုနစ်ပိုင်း ပိုင်းပြီး ဝေတော့မယ်လို့ ဆိုတော့မှ ကုသမင်းထံ တောင်းပန် တိုးလျှိုးလို့၊ ကုသမင်းက ပပဝတီကို ဆင်ပေါ်တင်, မိမိလဲ ဆင်ပေါ်မှာ တက်ပြီးတော့ တိုင်းပြည်ကို ဝိုင်းသားတဲ့ ခုနစ်ပြည် ထောင်မင်းတွေကို ‘ငါဟ ကုသ”လို့ ဆိုပြီး အော်လိုက်တဲ့အသံ၊ အဲဒါ ဇမ္ဗူဒီပါတကျွန်းလုံးက ကြားရတဲ့ အသံတသံ။

၂။ အဲဒီနောက် ဘုန်းကြီးတို့ ဝိဓုရဇာတ်တော်မှာ ကောရဗျ မင်းနဲ့ ပုဏ္ဏကစစ်သူကြီးတို့ ကြွေအံကစားကြတဲ့နေရာမှာ ကြွေအံ ကစားလို့ ရှုံးလို့ရှိရင် ဝိဓုရအမတ်ကို ပေးရမယ်လို့ အလောင်း အစား ကစားကြရာမှာ ကောရဗျမင်းက ရှုံးပြီး ပုဏ္ဏကစစ်သူ ကြီးက နိုင်တဲ့အခါမှာ "ဇိတံ မေ- ငါနိုင်ပြီဟေ့" လို့ ပုဏ္ဏက စစ်သူကြီး အော်တဲ့အသံ၊ အဲဒီ အသံလဲ ဇမ္ဗူဒီပါ တကျွန်းလုံး ကြားရသတဲ့။

၃။ တတိယကတော့ ဘုန်းကြီးတို့ ကဿပ ဘုရားရှင်ရဲ့ နောက်ပိုင်း သာသနာမှာ လူ့လောကကြီး ထဲမှာ ရဟန်းတွေ ဘိက္ခုနီမတွေ လူဝတ်ကြောင် ဥပါသကာ-ဥပါသိကာမတွေ တရား ပျက်ကြ၊ ငါးပါးသီလတွေ ဖေါက်ဖျက်ပြီး ဒုစရိုက်တွေ ကျူးလွန် ကြနဲ့ အကုန်လုံး တရားပျက်လွန်းအားကြီးတဲ့ အခါမှာ သိကြား မင်းက မုဆိုးယောင်ဆောင်၊ မာတလိကို ခွေးနက်ကြီး အယောင် ဆောင်ခိုင်းပြီးတော့ လည်ပင်းမှာလဲ လည်ပတ်ကြီးနဲ့၊ ကြိုးချီလို့ အယောင်ဆောင်ထားတဲ့ ခွေးကြီးကို ကြိုးနဲ့ဆွဲပြီးတော့ ဟိုမြို့ ဒီမြို့ ဟိုရွာ ဒီရွာကို လှည့်ပြီးတော့ သကြား မုဆိုးက ဒီခွေးကြီးနဲ့ လှည့်ပြီးတော့ "ဟိန်း" စေ သတဲ့၊ အဲဒီခွေးကြီးဟိန်းလိုက်ပြီဆိုရင်လဲ သူ့အသံကို ဇမ္ဗူဒီပါတကျွန်းလုံး ကြားရသတဲ့။

အဲဒီလို ခွေးကြီးက ဟိန်းလိုက်ပြီဆိုရင် ဘေးက လူတွေက မေးကြတယ်၊ အသင်မုဆိုးကြီး ခွေးကြီးက ဘာပြုလို့ ဟိန်းတာ တုန်း၊ ခွေးကြီးကို မြဲမြဲ ဆွဲထားပါနော်, မြဲမြဲ ဆွဲထားပါလို့

ပြောကြရတယ်၊ ဟေး.... ငါ့ခွေးကြီးက ငါးပါးသီလမှ မလုံတဲ့ အကောင်တွေ ဒုစရိုက်သမားတွေကို စားချင်တာတဲ့၊ စားချင်နေတာတဲ့နဲ့ မုဆိုးကြီးက ပြောတယ်၊ ဒုစရိုက်တွေ ကျူးလွန်နေသူတွေ စားချင်တာတဲ့၊ ခွေးကြီးကလဲ ဟိန်း... ဟိန်း... ဟိန်း.... ဟဲ....ဟဲ....ဟဲ ပေါ့ခလေ၊ အသံကြီးကလဲ မြည်လို့။

မုဆိုး သကြားမင်းကြီးကလဲ မနဲဆွဲထားရတဲ့ ဟန်ပေါ့လေ၊ သကြားမင်းကြီးက လိုက်ခြောက်နေတာ၊ဘုန်းကြီးက အဲဒီခွေးကြီးခဏငါးစမ်းချင်တယ်၊ ဘာပြုလို့တုန်းဆိုတော့ ဒီအရပ်ကမတရားတဲ့ အကောင်တွေ အကိုက်ခိုင်းချင်လို့၊ ပရိသတ်ကြီး ခဏငှါးရမကောင်းဘူးလား ( ကောင်းပါတယ်ဘုရား )၊ ကောင်းမနေနဲ့ ကိုယ့်အရင်ကိုက်သွားလို့ ခက်နေအုံးမယ်၊ အဲဒီလို သကြားမုဆိုးကြီးက ဆွဲပြီး မာတလိခွေးနက်ကြီးက တဟိန်းဟိန်း တဟဲဟဲနဲ့ ဟဲတဲ့အသံ ဇမ္ဗူဒီပါ တကျွန်းလုံး ကြားရသတဲ့။

၄။ အာဠဝကဘီလူး ကြိမ်းဝါးတဲ့အသံ ဆိုပြီး ဇမ္ဗူဒီပါ တကျွန်းလုံး ကြားရတဲ့ အသံကြီး လေးပါးကို ဗဟုသုတအဖြစ် မှတ်ထားကြရမယ်၊ အဲဒီလိုနဲ့ အာဠဝကဘီလူးကြီးဟာ သူ့ဗိမာန်ထဲ ငင်နေတာက တကြောင်း, အင်မတန်ကြက်သရေရှိတဲ့ မင်္ဂလာအပေါင် စုံတဲ့ ပလ္လင်ပေါ်မှာ တက်ဆိုင်နေတာကလဲ တဖုံ၊ သူ့စိတ်ထဲ မခံနိုင် မရပ်နိုင် ဖြစ်နေတာ၊ ဒီထက် ဆိုးနေတာက သူရဲ့နတ်မိဖုရားတွေက မြတ်စွာဘုရားဘေးက ဝိုင်းပြီး တရားနာနေတာကို မြင်လိုက်ရတော့ သာပြီးတော့ စိတ်ထဲမှာ ကလိကလိနဲ့နေတာပေါ့လေ။

မယားထိတော့ ဘာကြည့်တဲ့တုန်း ဒကာကြီး ဦးအေးမောင်၊ ( မချိအောင် နာတာပါဘုရား )၊ အော်.... မချိအောင် နာတာတဲ့လား၊ ဘုန်းကြီးက မယားထိ ဓားကြည့်လို့ ဆိုမှတ်တာ၊ စကားပုံချင်းကလဲ တကျောင်း တဂါထာ, တရွာ တပုဒ်ဆန်း ဆိုတာလိုပေါ့နော်, မတူချင်ဘူးပေါ့၊ ဒကာကြီး ဦးအေးမောင်က " မယားထိတော့ မချိအောင်နာတဲ့ "နော်၊ ခင်ဗျားဟာက မချိအောင်နာရုံနာသေးတာ၊ " မယားထိ ဓားကြည့် "က ပိုပြီး မကြမ်းဘူးလား၊ ( ကြမ်းပါဘုရား )။

ကိုင်း- အဲဒီလိုနဲ့ ဘုရားရှင်က သူ့မယားတွေရဲ့အသယ် တရားဟောနေရမလားလို့ ဒေါ်ထပြီး လေကြီးတွေ မိုးကြီးတွေ တိုက်အောင် ရွာအောင် လုပ်ပြီး ခြောက်တယ်၊ နောက်ပြီး ဓားမိုးလုံမိုး မီးကြီးမိုးတွေရွာချနဲ့ လုပ်လိုက်တာ စုံပါရော။

ယက္ခဥ္စ – ဓားမိုး, လုံမိုး, မီးကြီးမိုးကို, ရွာဖွိုးသွန်းချ, ရန်းမီးကျသို့, ကောပြေင်းထန်, ငါ့ဝိမာန်မှ, အမြန် ထွက်သွား, နှင်ရက်အားသည့်, တရားကင်းကွာ, ကြမ်းကြုတ်စွာသား, အာဠဝက, တေဇထန်ပြင်း, ဘီလူးမင်းကိုရင်း။

အဲဒီကစပြီး မြတ်စွာဘုရားထံ ဓားမိုး ရွာချတော့ဘာဘဲ၊ ဓားမိုးရွာတယ်လို့ဆိုတာလဲ မြတ်စွာဘုရားထံ ဓားတွေနဲ့ပေါက်တာပါဘဲ၊ မြတ်စွာဘုရားကို ရည်ရွယ်ပြီးတော့ ဓားမိုးတွေရွာပြီး တဖြုန်းဖြုန်း တရှိုးရှိုးနဲ့ ဓားတွေနဲ့ပြစ်လို့၊ ဘုရားအနားရောက်

တယ်ဆိုရင်ဘဲ အဲဒီ ခေါးတွေက ပန်းစပါယ်တွေ မြတ်လေးပန်းတွေ အကုန်လုံး ဖြစ်ကုန်တယ်၊ လှံမိုးတွေ ရွာပြန်တော့လဲ အကုန်လုံး ပန်းကုံးတွေချည့် ဖြစ်ကုန်တော့တာဘဲ၊ မြတ်စွာဘုရားက မေတ္တာနဲ့ နေပြီး သူ့ကို ချတ်မယ်လို့ လာတာမဟုတ်လား၊ (မှန်ပါဘုရား)။

ဘုရားရှင်က ဖခင်စိတ်နဲ့ မိခင်စိတ်နဲ့ ကြွလာတော်မူခဲ့တဲ့ ဘုရားရှင်ပါ၊ ဒါနဲ့ မြတ်စွာဘုရားက မေတ္တာနဲ့ အာဠဝကကြည့် ပြီးတော့၊ အော် - အာဠဝက၊ အတွင်းက ဒေါသ ခေါတ်တွေ ပြင်းထန်ပြီး အဲဒီ ခေါတ်တွေရဲ့ အလို ပြီး မပြစ်မှား ထိုက်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပြစ်မှားနေရှာပြီ၊ ငါဘုရား ရှင်က တရားရေအေး အမြိုက်ဆေး တိုက်ကျွေးမယ်လို့ လာခဲ့တဲ့ ကိစ္စကြီးကို သူက ခေါတ်ဆိုး ခေါတ်ညစ်တွေရဲ့ အလို လိုက်ပြီးတော့ ဒုက္ခ ရောက်နေရှာလေပြီလို့ မြတ်စွာဘုရားက ဟော-ဒီလိုမြင်ပြီး တော့ သနားပြီးတော့ မေတ္တာပို့နေတာ။

## နွားပကြီး လှံနဲ့ထိုး သတ်လို့မရ

မေတ္တာနဲ့ နေတယ်လို့ဆိုတော့ ဘုရားထံ ပစ်လွှတ်လိုက်တဲ့ သူ့ လက်နက်တွေက စူးပါအုန်းမလား၊ ( မစူးပါဘုရား )၊ ဘုရားလို ပုဂ္ဂိုလ် မပြောနဲ့၊ ဘုန်းကြီးတို့စာထဲမှာ လာတယ်၊ နွားသတ်သမား တယောက်ကတဲ့ နွားကို သတ်နေကြအတိုင်း သူ့အိမ်မှာရှိတဲ့ နွားမ တကောင်ကို ရှောကနေပြီး လက်ပြင်နှစ်ခုရဲ့အကြားထဲ ထိုးသတ်ရင် တချက်ထဲ သေတယ် ဆိုပြီးတော့ လှံနဲ့ထိုးတာ၊ ပထမ တချက်

ထိုးလိုက်တဲ့လှံဟာ တုံးသလိုဖြစ်ပြီး မစူးဘဲနဲ့ မြေကြီးပေါ် ပြုတ်ကြ သွားတယ်၊ နောက်တချီ ကောက်ထိုးတော့ လှံက ကွေးသွားတယ်၊ ဘာဖြစ်တာပါလိမ့်မတုန်း ဆိုပြီး နွားသတ်သမားက ကြည့်လိုက်တော့ နွားမကြီးက နွားကလေးကို နို့တိုက်နေတဲ့အချိန် ဖြစ်နေတယ်။

နွားကလေးနို့တိုက်နေတော့ နွားမကြီးရဲ့စိတ်မှာ သားကလေး အပေါ်မှာ မေတ္တာ ရောက်မနေဘူးလား၊ ( ရောက်ပါဘုရား )၊ သူ့သားလေး နို့တွေ စို့ပါစေဆိုပြီး နို့တွေ ချပြီးပေးလို့ မေတ္တာတွေ အပြည့်အဝနဲ့ ချပေးနေတာ၊ နွားမကြီးရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ မေတ္တာစိတ်တွေဟာ စိတ္တဇရုပ်တွေကြားထဲ ရောပါသွားပြီး အဲဒီ စိတ်တွေနဲ့ လွှမ်းခြုံပြီးထားတဲ့ ခန္ဓာကိုယ်ကို နွားသတ်သမားက လှံနဲ့ထိုးလို့မရဘူးလို့ စာထဲမှာ သက်သေ အထင်အရှား ပြခဲ့တယ်နော်၊ လောကမှာ တကယ့် ဖြစ်ရပ်တွေဆိုတာ လုပ်ကြံပြီး ပြောတာထက် အံ့သြစရာ ကောင်းတာတွေကို တွေ့ရတယ်။

အဲဒီ တိရစ္ဆာန်ဖြစ်တဲ့ နွားမကြီးက သားကလေး နို့တိုက်ချင်း မေတ္တာဖြစ်နေလို့ လှံမစူးမယူဘူးလို့ဆိုခဲ့ရင်၊ ဘုရားရှင်လိုပုဂ္ဂိုလ်က အာဠဝကဘီလူးအပေါ် မေတ္တာနဲ့ ခြုံပြီး ပို့နေတယ်ဆိုတော့ လှံစူးပါ့မလား၊ (မစူးနိုင်ပါဘုရား)၊ ဒီတော့- အားလုံးသော ဒကာ-ဒကာမတွေ အတူယူဘို့ တယ် ကောင်းတယ်နော်၊ ကိုယ့်ကို မလိုမုန်းထားတဲ့ သူတွေက ရန်သူတွေက ရန်မူနေကြတယ်, အန္တရာယ် ပြုနေကြတယ်လို့ ဆိုရင်လဲ မေတ္တာနဲ့ ခံဘို့ တယ်ပြီး ကောင်းတယ်၊

ဒါဟာ သူတော်ကောင်းတွေရဲ့ လမ်းစဉ် လက်နက်တခုဘဲ၊ မြတ်စွာဘုရား အာဋ္ဌဝကဘီလူးရဲ့အပေါ် မေတ္တာနဲ့ ဆီးကာနေပုံကို အတုယူပြီးသဘာလ ခုခံတတ်ရမယ်၊ ကိုယ်က သူ့ကို ပြန်ပြီးတော့ ရန်လုပ်ရင်တော့ သိပ်မကြာပါဘူး၊ နှစ်ယောက်စလုံး ဒုက္ခရောက်တော့တာဘဲ။

ကိုယ်က မေတ္တာနဲ့ ခံပြီလို့ဆိုရင် လုံတာဘဲ၊ မေတ္တာ ဆိုပေမဲ့ မေတ္တာစစ်လိုတယ်နော်၊ ကိုယ်မကြိုက်တဲ့သူ၊ ကိုယ်မုန်းတဲ့သူကို ကွင်းပြီး ကိုယ်ပို့ချင်တဲ့သူကို ပို့တဲ့ မေတ္တာမျိုးတော့ တယ်ပြီး မကိုက်လှဘူးနော်။

အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ခုနစ်အိမ်စီ လှည့်ပြီး ပို့တာလေးမှာပင် ချန်ပို့ ကျော်ပို့တဲ့ ကွက်ကြား မေတ္တာမျိုးကလဲ ရှိသေးတယ်၊ တခါက- အမယ်နီဆိုတဲ့ ဒကာမကြီးတဲ့၊ သူက အရပ်လေးမျက် နှာ လျှောက်ပြီး မေတ္တာပို့ပြီဆိုရင်....

အရှေ့ဘက်မှာ ရှိကြတဲ့ အိမ်ထောင်စု ခုနစ်အိမ်က မောင်မင်းကြီးသား၊ မယ်မင်းကြီးမတို့ ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ၊ တောင်အရပ်ကိုလဲ ဒီလိုဘဲပို့သေးတယ်၊ အနောက်အရပ်ကြတော့ မယ်ရင်တို့က လွဲရင် ကျန် ခြောက်အိမ်မှာ ရှိကြတဲ့ သူတွေ ကျန်းမာကြပါစေ ချမ်းသာကြပါစေလို့ဆိုပြီး ပို့တယ်တဲ့၊ မယ်ရင်တို့အိမ်က သူနဲ့ ရန်ဖြစ်ထားတာကိုး၊ ခုနစ်အိမ်ထောင်လေး ပို့တာတောင် အနောက်အရပ်ကြတော့ ဟို- သေချင်းဆိုးမ

မယ်ရင်တို့အိမ်ချန်၊ ကျန်တဲ့ခြောက်အိမ် ကျန်းမာ ချမ်းသာကြပါ
စေလို့ ပို့တော့ သူ့မေတ္တာ ဘယ်မှာစပ်တော့လို့တုန်း။

မြောက်အရပ်ကျတော့လဲ ဟို မြောက်အရပ်မှာ ရှိကြတဲ့
ဖိုးတေတို့ မိတာတို့ နှစ်အိမ်ကလဲ့ရင် ကျန်တဲ့ငါးအိမ် ကျန်းမာ
ချမ်းသာကြပါစေတဲ့၊ နှစ်အိမ်က သူ ဆန့်ချေးတာ မရလို့တဲ့ဗျ၊
အဲဒီလို မေတ္တာပို့မျိုးတော့ ကောင်းပါ့မလား၊ ( မကောင်းပါ
ဘုရား)၊ ပုဇ္ဇန်ခြေကျိုး အဲဒီလို မေတ္တာမျိုး ပို့လို့တော့ ဘယ်
တော့မှ မတူးဘူးလို့မှတ်ထား။

မေတ္တာဆိုတာ ရေနဲ့တူတယ်၊ ရေဆိုတာ နောက်က ရေအား
နဲ့ရင် ရှေ့မှာရှိတဲ့ ကမူတို့ ကုန်းတို့ကို မကျော်နိုင်သလို၊ အဲဒါ
လိုဘဲ မေတ္တာအား အထုံနဲ့နေသေးတယ်လို့ဆိုရင် ကျော်ချင်တယ်၊
အရှေ့အရပ်ကို မှန်းပြီးတော့ ပို့တယ် ဆိုရင်၊ ကိုယ့်ကိုရန်မူပြီး
အန္တရာယ်ပြုထားဘူးသူ မုန်းသူကို ပေါ်လာတယ်လို့ဆိုရင် စိတ်
ထဲက ရှောင်ချင်ကြတယ်၊ စောစောက မယ်နီ မေတ္တာပို့တာလို
သေခြင်းဆိုးမ မယ်ရင်တို့အိမ်ချန်၊ ကျန်တဲ့ခြောက်အိမ်လို့ ပို့သလို
ပေါ့၊ ဘယ် ဒီလိုလုပ်လို့ ဖြစ်ပါ့မလဲ။

နောက်က ရေအားကောင်းလာပြီ၊ ရေစီးအားသန်လာပြီလို့
ဆိုရင် ရှေ့မှာရှိတဲ့ ကမူတွေ ကုန်းတွေကို လွှမ်းသွားတာဘဲမဟုတ်
လား၊ ( မှန်ပါ့ဘုရား )၊ အဲဒါလိုဘဲ ရန်သူသော မိတ်ဆွေသော
မခွဲခြားဘဲ မိမိတို့ရဲ့မေတ္တာကို မခွဲခြားဘဲ တသားထဲ ရောက်အောင်

ပို့နိုင်ရတယ်၊ ရန်သူပင်ဖြစ်သော်လဲ ကိုယ့်ကို ကောင်းကျိုးဆောင်ဘူးတဲ့ အချက်စလေးကို အာရုံပြုပြီးတော့ ပို့နိုင်ရတယ်၊ ဒါမှ မေတ္တာက စူးတယ်၊ ကာကွယ်နိုင်တယ် ဆီးတားနိုင်တယ်။

ယခု မြတ်စွာဘုရားရဲ့ မေတ္တာတဲ့ဆိုတော့ ဘယ် ပြောဘွယ်ရာ ရှိပါ့မလဲ၊ အဲဒီလိုနဲ့ အာဠဝကဘီလူးဟာ မြက်စွာဘုရားရဲ့အပေါ် ဓားမိုးတွေ လှံမိုးတွေ မီးကြီးမိုးတွေနဲ့ အမျိုးမျိုးသော ရန် အန္တရာယ်တွေပြုလိုက်တာ တညလုံးပါဘဲ၊ သို့သော်- ဘုရားရှင်က ခန္တီမေတ္တာဆိုတဲ့ တရားတွေနဲ့ သည်းခံပြီးသကာလ မေတ္တာပွားပြီး တော့ နေတယ်၊ ဒါ့ကြောင့်

ယက္ခဋ္ဌ–ဓားမိုး လှံမိုး မီးကြီးမိုးတို့ ရှားဖြိုး သွန်းချ, ယမ်းမီး ကျသို့, ကောဓပြောင်းထန်, ငါ့ဗိမာန်မှ, အမြန်ထွက်သွား, နှင်ရက် အားသည့်, တရား ကင်းကွာ, ကြမ်းကြုတ်စွာသား, အာဠဝက, တေဇထန်ပြင်း, ဘီလူးမင်းကို ရှုင်း။

အဲဒီလိုနဲ့ တညလုံး စစ်ပွဲဆင်နွဲလိုက်တာ နောက်ဆုံး သူ့ရဲ့ အစွမ်းဆုံးဖြစ်တဲ့ အထက်မြက်ဆုံးဖြစ်တဲ့ ဘွဲ့ဖြူလက်နက်နဲ့ ပစ်ခတ် သော်လဲ မြတ်စွာဘုရားက မေတ္တာနဲ့နေတာဆိုတော့ သူ မနိုင်ပါ၊ ဒီတော့မှ သူက စဉ်းစားတယ်၊ ကေန္တ- သူဟာ မေတ္တာနဲ့နေလို့ ဖြစ်မှာဘဲ၊ ငါဒီလောက်ကြံနေတာကို သူ့မှာဘာမှ မထိခိုက်ဘူးလို့ ဆိုတော့ ကေန် မေတ္တာနဲ့နေလို့သာ ဖြစ်ရမယ်၊ သူရဲ့မေတ္တာ ပျက်ပြယ်သွားအောင် စိတ်ဆိုးအောင်လုပ်ပြီးမှ နှင်ထုတ်ရရင်တော့

ကေန် ရမှာဘဲလို့ ဆိုပြီးတော့ သူကလှမ်းပြီးတော့ အော်လိုက်တယ်။

နိက္ခမ မဟာသမဏ၊ မဟာသမဏ–ရဟန်းကြီး၊ နိက္ခမ– ကျွန်ုပ် ဗိမာန်မှ ယခုချက်ခြင်း ထွက်ပေးပါလော၊ အို....ရဟန်း၊ သင်ဟာ ကျွန်ုပ်ရဲ့ ဗိမာန်ထဲကို ကျွန်ုပ်ခွင့်ပြုချက် မရှိဘဲနဲ့ ဝင်နေတယ်၊ ဝင်နေရုံတင် မကသေးဘူး၊ ကျွန်ုပ်ရဲ့ ဗိမာန်ထဲဝင်ပြီး မာတုဂါမ တွေရဲ့ အလယ်မှာ ပိုင်စိုးပိုင်နင်း ဝင်ပြီး နေတယ်၊ ထိုင်တယ်၊ မာတုဂါမတွေရဲ့ အလယ်မှာ ဝင်ပြီး ထိုင်နေတယ်ဆိုတာ ရသေ့ ရဟန်းများမှာ လျောက်ပတ် သင့်လျော်ရဲ့လား၊ ဒါ့ကြောင့် ယခုချက်ခြင်း ကျွန်ုပ်ရဲ့ ဗိမာန်အတွင်းက ထွက်လိုက်ပါလို့ လှမ်း အော်လိုက်တယ်၊ ဒီတော့ မြတ်စွာဘုရားက....

သာဓာဝုသောတိ ဘဂဝါ နိက္ခမိ.... ထွက်ဆိုလဲ ထွက်ရတာပေါ့ လေ-လို့ ဆိုပြီးတော့ မြတ်စွာဘုရားက ခတ်အေးအေးဘဲ သပိတ် ကလေးကို ကောက်လွယ်ပြီး ထွက်သွားတယ်၊ အဲ့ဒီလို ထွက်သွား တော့ အာဠဝကက အံ့ဩသွားတယ်၊ ဟင်း.... ဒီလိုဆိုတော့လဲ အလွယ်သား၊ အဟုတ်သား၊ အကောင်းသားပါလားတဲ့။

ငါ့မှာတော့ တညလုံး ခေါးတွေနဲ့ပစ် လှံတွေနဲ့ပစ် ပစ်လိုက် ရတာ စောစောက ဒီလို တခွန်းထဲနဲ့ထွက်မှန်းသိရင် စောစောက ဏထဲက ဒီလိုနှင်လိုက်ရရင် အပြီးသားဗျာ၊ ငါ့မှာတော့ တိုက်လိုက် ခိုက်လိုက်ရတာ တညလုံးမောလို့ ပမ်းလို့၊ ကြည့်လေ အခုထွက်

ဆိုတာနဲ့ တပြိုင်နက် အသာလေးထွက်သွားတယ်၊ ဒီလိုဆိုတော့လဲ ဒီရဟန်းကြီးက ဟန်ကျသွားပါလားတဲ့။

ဒါပေမယ်လို့ သူ တကယ်ဘဲ ငါ့စကားကို နားထောင်တာလား၊ ငါ့အမိန့်ကို တကယ်ဘဲ နာခံဘာလား၊ ငါပြန်ပြီး အဝင်ခိုင်းကြည့်လိုက်အုံးမှဘဲသေ ဆိုပြီးတော့ "ပဝိသ မဟာသမဏ"- အို ရဟန်းကြီး၊ ဗိမာန်ထဲကို ပြန်ပြီးဝင်လိုက်အုံး၊ အဲဒီလို လှမ်းပြီးတော့ အမိန့်ပေးလိုက်တယ်၊ ဒါနဲ့ မြတ်စွာဘုရားက– "သာဓာဝုသောတိ ဘဂဝါ ပါဝိသိ– အေးလေ ဝင်ဆိုတော့လဲ ပြန်ပြီး ဝင်ရသေးတာပေါ့''လို့ ဆိုပြီး ဝင်ထိုင်နေလိုက်တယ်၊ မြတ်စွာဘုရားကို အာဠဝကက ဒရေပြနေတာ၊ ထွက်လိုက်အုံး ဝင်လိုက်အုံးနဲ့၊ ဘုရားရှင်ကလဲ သူ့အလိုလိုက်နေရတယ်။

တစုံဘခု အလိုမကျလို့ ငိုနေတဲ့ကလေးကို သူလိုချင်တဲ့အရာကို ယူကာပေး၊ သူလုပ်ချင်တဲ့အလုပ်ကို လုပ်ကာပေးမှ ကျေအေးမှာဖြစ်သလို့ ဒေါသ မာန တည်းဟူသော အလိုဆိုးတွေနဲ့ ငိုကြွေးနေသော အာဠဝကကို သူထွက်ဆိုရင် ထွက်ပေး၊ ဝင်ဆိုရင်ဝင်ပေးခြင်းဖြင့် ကျေအေးအောင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက လုပ်ပေးနေရရှာတယ်၊ မြတ်စွာဘုရားကလဲ အာဠဝကကို အာဠဝကလို့ မမြင်ပါဘူး၊ ကလေးလို မြင်နေတာနော်၊ ကလေးများ သူတို့အလိုမကျလို့ ငိုကြွေးနေတဲ့အခါကြတော့ သူတို့ လိုချင်တာလေးကို ယူပေး၊ လုပ်ချင်တာလေး လုပ်ပေးလိုက်တော့ မကျေအေးဘူးလား (ကျေအေးပါဘုရား)၊ ပျော့ပြောင်းမသွားဘူးလား (ပျော့ပြောင်းသွားပါ ဘုရား)။

အဲဒီလိုဘဲ ဒေါသမာနတွေနဲ့ ခက်ထန်ပြီး ငိုကြွေးနေတဲ့ အာဠဝကကို မြတ်စွာဘုရားက ထွက်ဆို ထွက်လိုက်၊ ဝင်ဆို ဝင်လိုက် တော့ ကျေအေးမသွားဘူးလား၊ အာဠဝက စိတ်ကောင်းသွားတာ ကိုဘဲ ကြည့်လေ၊ အံမယ်—ရဟန်းကြီးက ဒီလိုတော့လဲ အဟုတ်သား ဘဲတဲ့၊ ငါ့ကို ပေတီးပေကပ် လုပ်နေလိမ့်မယ်လို့ ထင်နေတာ၊ ငါခိုင်းသလို ရသားပါလားလို့ ဆိုပြီး အာဠဝကကြီး ပျော့ပြောင်း သွားတယ်။

## နို့မစို့လိုတဲ့ ကလေးနဲ့ အာဠဝကဘီလူး

မြတ်စွာဘုရားကလဲ ဒီဟာကို ဖမ်းပြီးတော့ စိတ်ကို ဖမ်းစားနေ တာ၊ ကုစားနေတာ၊ ယခုဝင်လိုက်အုံးလို့ ဆိုတော့လဲ ဝင်ပြန်တယ်၊ ထွက်ဆို ထွက်ပြန်တယ်၊ ခုနက ပြောတာလိုပေါ့၊ ကလေးဘဲလေ၊ နို့စို့ချိန်တန်ပါလျက်နဲ့ နို့စို့ရန် ညင်းဆန်နေတဲ့ကလေးကို ကိုယ် နှုတ် စိတ်ပျော့ဘို့ ချော့မော့ပြီးမှ နို့ချိုတိုက်ကျွေးလို့ရသလို့ တခါ တလေ နို့စို့ချိန်တန်ရဲ့နဲ့ ကောကောကန်ကန်၊ စားချိန်တန်ရဲ့နဲ့ မစားဘဲ၊ အိပ်ချိန်တန်ရဲ့နဲ့ မအိပ်ဘဲဖြစ်နေတဲ့ ကလေးတွေ မရှိဘူး လား၊ (ရှိပါဘုရား)။

အဲဒီအခါမျိုးမှာ မိဘလုပ်သူတွေက တစုံတခုနဲ့ပြုပြီး ဖြားယောင်း ပြီး ချော့မော့ရသလို၊ မင်္ဂလေးတန် ဖိုလ်လေးတန် နို့ရည်ကို တိုက် ကျွေးလိုသော ဘုရားရှင်ကိုယ်တော်မြတ်သည် အာဠဝက တည်းဟူ သော ကလေးကို လောကုတ္တရာတရားဟူသော နို့ရည်ကို တိုက်ကျွေး

လိုသော ဘုရားရှင် ကိုယ်တော်မြတ်သည် နို့မသောက်လိုဘူး၊ နို့မစို့လိုဘူးလို့ မပြောသော်လဲ ပြောသကဲ့သို့ ဒေါသ မာန တည်းဟူသော တရားတွေနဲ့ ခက်ထန်နေတဲ့ အာဠဝက တည်းဟူသော ကလေးကို သူခိုင်းတာကို လုပ်ပေး၊ သူလိုချင်တဲ့အတိုင်း ဖြစ်စေပြီး ချော့မော့နေတော်မူတဲ့ ဘုရားရှင်။

## စတုမဓုဗူးနဲ့ အာဠဝကဘီလူး

စတုမဓုကို တစုံဘုခုသော ဗူးအုံအတွင်း ထည့်သွင်းလိုသော သူတယောက်သည် အင်မတန် မွှန်မြတ်တဲ့ စတုမဓုဆိုတဲ့ ဆေး အာဟာရကို စင်ကြယ်သော ဗူးအုံ အတွင်းသို့ သွတ်သွင်းလိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် အဲဒီ ဗူးအုံအတွင်းမှာ ရှိနေရင်းဖြစ်တဲ့ အညစ်အကြေးတွေကို ရှေးဦးစွာ သုတ်သင်ပြီးမှ စတုမဓု ထည့်ရသလို၊ အာဠဝက ခန္ဓာ တည်းဟူသော ဗူးအုံရဲ့ အတွင်းမှာ ရှိနေတဲ့ ဒေါသ မာန စသော အညစ်အကြေးတွေကို ဆေးကြော သုတ်သင်ပြီးမှ သစ္စာလေးတန်ဆိုတဲ့ စတုမဓုကို ထည့်သွင်းလိုတဲ့ ဘုရားရှင်သည် အာဠဝက တည်းဟူသော ဗူးအုံရဲ့ အတွင်းမှာ ရှိရင်း ကောဓ မာန စသော အညစ်အကြေး တွေကို ဆေးကြောတော် မူလိုသောကြောင့် ထွက်ဆို ထွက်၊ ဝင်ဆို ဝင် စသည်တို့ကို ပြုတော်မူနေရရှာသည်။

ကိုယ့်ကို တရားပေးဘို့ ကြွလာတော်မူတဲ့ ဘုရားရှင်တောင်မှ ရန်မူနေတယ်၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ မြတ်စွာ

ဘုရားကို ထွက်လိုက်အုန်း၊ ဝင်လိုက်အုန်းလို့ များ သုံးကြိမ် သုံးခါ ခိုင်းလိုက်သေးတယ်၊ မြတ်စွာဘုရားကလဲ မငြင်းပါဘူး၊ သူခိုင်းတဲ့ အတိုင်း ထွက်လိုက် ဝင်လိုက် လုပ်တော်မူရှာတယ်၊ နောက်ဆုံး တော့ အာဠ္ဝက က ထွက်လိုက်အုန်း၊ ဝင်လိုက်အုန်းဆိုလဲ ထွက် ဝင်နေတာဘဲ၊ ဒီအတိုင်းဆိုရင်တော့ ဟန်တော့ကြတာဘဲ၊ အဲဒီလို ထွက်လိုက် ဝင်လိုက် ခိုင်းပြီး ဒီတခါ ထွက်လိုက်အုန်းလို့ ခိုင်းလိုက် ပြီး ထွက်လာရင် သတိအလစ်မှာ ခြေထောက်နှစ်ချောင်း ဆွဲပြီး သမုဒ္ဒရာ ဟိုဘက်ကမ်းကို ပစ်လွှတ်လိုက်ရသေးတာပေါ့လို့ ကြံပြီး၊ "ထွက်လိုက်အုန်း ရဟန်းကြီး"လို့ အော်ပြောလိုက်တော့ "တော်ပြီ မထွက်တော့ဘူး"တဲ့၊ ကောင်း ဒီရဟန်းကြီး ငါ့အကြံကို သိသွားပြီ၊ အခု ကြည့်ပါအုန်း၊ ငါက ခြေထောက်နှစ်ချောင်း ကိုင်ပြီး သမုဒ္ဒရာ ဟိုဘက် ပစ်လိုက်မယ်လို့ ကြံပြီး ထွက်လိုက်အုန်းလို့ ဆိုတော့ တော်ပြီ– မထွက်တော့ဘူးတဲ့။

ကောင်း၊ ငါ့အကြံတွေ သိတော်မူတဲ့ တန်ခိုးကြီးတဲ့ ရဟန်းကြီး ပါလားလို့ ဆိုပြီးတော့ အနေး ချဉ်းကပ်လာတယ်၊ မြတ်စွာဘုရား ကလဲ ဒါကိုလိုချင်လို့ မနည်းကြီး သယ်နေရတယ်နော်၊ ဒီလိုနဲ့ အာဠ္ဝကဘီလူး အနားရောက်လာတော့၊ အရှင်ဘုရား– ဘာပြုလို့ မထွက်တော့တာတုန်း၊ ဘယ် ထွက်တော့မှာတုန်း၊ မင်းက ငါ့ ခြေထောက်နှစ်ချောင်း ကိုင်ပြီး သမုဒ္ဒရာ ဟိုဘက် ပြစ်မဲ့ အကြံနဲ့ အထွက်ခိုင်းတာကိုး။

အော်.... ကိုယ်တော်က ကျုပ် ပါးစပ်နဲ့လဲ ထုတ်မပြောဘဲနဲ့ ကျုပ်စိတ်က ကြံရုံ ကြံတာနဲ့ သိသလား၊ သိတာပေါ့ အာဠ္ဝကရာ၊

ငါက သတ္တဝါတွေအားလုံးရဲ့ အကြံကိုသိတယ်၊ ဩော်....ဒီလိုလား ကိုယ်တော်၊ ဒီလိုဆိုရင် တော်တော် တန်ခိုးကြီးတဲ့ ကိုယ်တော်ပါ လား၊ အာဠဝကရယ် ဒီလိုတန်ခိုးကြီးအောင် ငါ့မှာ မနဲကျင့်ထား ကြံထားရတာကွဲ့၊ ဒီလိုဆိုရင်ကောင်းပြီ ကိုယ်တော်၊ ပြဿနာတခု မေးမယ် ကိုယ်တော်၊ ဒီပြဿနာကို ဖြေနိုင်ရင်ဖြင့် ကိုယ်တော်နဲ့ တပည့်တော်နဲ့ ဒီနေ့ ကျေအေးကြစတမ်း၊ တပည့်တော် ဗိမာန် ထဲမှာ ကိုယ်တော် ဆက်လက်ပြီး သီတင်းသုံးနိုင်တယ်၊ အဲ- တပည့် တော် မေးတဲ့ ပြဿနာကို မဖြေနိုင်ရင်တော့ ကိုယ်တော် တပည့် တော်ကို အရှုံးပေးရလိမ့်မယ်။

ကောင်းပြီ - အာဠဝက၊ မေးချင်ရာမေး၊ အဲဒီအခါမှာ အာဠဝက က....

အကောင်း ၄ ပါး သိလိုတဲ့ အာဠဝက

ကိံ သူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ,
ကိံသု သုစိဏ္ဏော သုခ မာဝဟာတိ၊
ကိံသု ဟဝေ သာဒုတရံ ရသာနံ,
ကထံ ဇီဝိံ ဇီဝတမာဟု သေဋ္ဌံ။

ဒီပြဿနာလေးချက်ကို မေးတယ်၊ သူကမေးတာက အကောင်း မေးတာ မဟုတ်ဘူး၊ သူမေးတဲ့ ပြဿနာကို မဖြေနိုင်ရင် အနိုင် ယူအုန်းမှာ၊ စိတ်က သိပ် ကျေအေးသေးတာ မဟုတ်ဘူးနော်၊ အထင်တော့ ကြီးလာပြီ၊ ဒါပေမဲ့ မကျေအေးသေးဘူး၊ သူက

ဒီပြဿနာတွေ ဘယ်ကရသလဲဆိုတော့ သူ့မိဘတွေ လက်ထက်က အဆက်ဆက်ဆောင်ရွက်လာတဲ့ ပြဿနာပါတဲ့၊ အဲဒါ သူ့မိဘတွေ လက်ထက်က ရှိခဲ့တဲ့ပြဿနာ၊ သူလဲ ငယ်ငယ်တုန်းက ရခဲ့ဘူးတယ်၊ အမေးရော အဖြေရော ငယ်ငယ်တုန်းက ရတယ်၊ အခုတော့ အဖြေတွေ ပျောက်ကုန်ပြီတဲ့၊ ရေးထားတဲ့ စာအုပ်ကလဲ မရှိဘူး၊ ဘယ်ရောက်သွားလဲ မသိဘူး။

သူ့ဗိမာန်ရဲ့ အမိုးမှာ အမေးသက်သက်ဘဲ ဟင်္သပြဒါးနဲ့ ရေးထားလို့ကျန်တယ်၊ အဲဒီအမေးရဲ့ အဖြေကို သူက သိချင်နေတယ်၊ ဒါ့ကြောင့် တန်ခိုးကြီးမားပါတယ်ဆိုတဲ့ ရသေ့ပရဗိုဇ်တွေ လာတိုင်းလာတိုင်း မေးလေ့ရှိတယ်၊ ဒါနဲ့ သူက အဲဒါမေးတာ။

ကွမ–ဤလောက၌၊ ပုရိသဿ– ပုဂ္ဂိုလ်သတ္တဝါရဲ့၊ သေဋ္ဌံဝိတ္တံ– အကောင်းဆုံးဖြစ်တဲ့ ဥစ္စာကား၊ ကိံသု– အဘယ် ဥစ္စာပါနည်း၊ နံပါတ်(၁)မေးတယ်၊ အရှင်ဘုရား....လောကမှာ ဥစ္စာရတနာတွေဆိုတာ အမျိုးမျိုး ရှိကြပါတယ်၊ သိမ်းဆည်းထားထိုက်တဲ့ ဥစ္စာရတနာတွေထဲက အကောင်းဆုံး သိမ်းဆည်းထားထိုက်တဲ့ ဥစ္စာဆိုတာက အဘယ်ဥစ္စာရတနာပါလဲ ဘုရားလို့ မေးတယ်။

## သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ။

အာဠဝက- သိလိုရေးနဲ့ မေးလျှောက်တဲ့ အာဠဝက၊ ပုရိသဿ–သံသရာခရီးမှာ သွားလာနေတဲ့ ပုဂ္ဂိုလ်အပေါင်း၏၊ သဒ္ဓါ-

ရတနာသုံးတန်, ကံ ကံ အကျိုး, ဝိပဿနာ မဂ်ဖိုလ်မျိုးကို, မြတ်နိုးကြေနပ်, ယုံကြည်တတ်သော သဒ္ဓါဓာတ်သည်၊ သေဌ ဝိတ္တံ– အကောင်းဆုံး အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ ဥစ္စာပေတည်း၊ ဣတိ– ဤသို့၊ အာဟ- ဘုရားစတောင်း, ဗောဓိလောင်းတို့, ညိမ့်ညောင်း ကြည်ဖြူ, မိန့်မြွက်တော်မူကြလေကုန် သတည်း။

သာဓု.... သာဓု.... သာဓု။

အာဠဝက– လောကမှာရှိနေတဲ့ ဥစ္စာတွေထဲက သိမ်းဆည်းထားထိုက်တဲ့, ကိုယ့်သန္တာန်မှာ သိမ်းထားထိုက်တဲ့, သိမ်းထားရင် မိမိရဲ့ ကောင်းကျိုးချမ်းသာကို ဆောင်တဲ့၊ ဝါ-ဝယ်လိုတဲ့ပစ္စည်းတွေကို အရဝယ်နိုင်တဲ့ တန်ဖိုးအရှိဆုံးပစ္စည်းဆိုတာ သူများမဟုတ်ဘူး, သဒ္ဓါတရားဘဲ၊ ဖြေပြီနော်၊ မြတ်စွာဘုရားက၊ အာဠဝက– အကောင်းဆုံးပစ္စည်းဆိုတာ သဒ္ဓါတရား၊ "သဒ္ဓါတရား" ဆိုတာ ဘာတုန်းဆိုတော့ ယုံကြည်ချက်၊ ယုံကြည်တတ်တဲ့ သဘောကလေးကို "သဒ္ဓါ"လို့ ခေါ်တယ်။

ဘာတွေ ယုံကြည်တုန်း, ရတနာသုံးပါးနဲ့ ကံ-ကံ၏အကျိုး, မဂ်ဖိုလ်တရားမျိုးကို ယုံကြည်တယ်၊ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဒကာ-ဒကာမတွေ ဘုရား မယုံကြည်ဘူးလား (ယုံပါတယ်ဘုရား)၊ ဘုရားယုံလို့မို့ မြတ်စွာဘုရားကို ရှိခိုးရင်, ညအိပ်ယာဝင်ရှိခိုးရင်, နံနက်အိပ်ယာထ ဆွမ်းတော်တင်, ပန်းတော်တင်နှင့် ရှိခိုး၊ဘုရားကို ကြည်ကြည်ညိုညို မြတ်မြတ်နိုးနိုးနဲ့ ရှိခိုး ဦးတင်နိုင်ရင် ဘေးရန်

ခပ်သိမ်းတွေ ကင်းနိုင်တယ်၊ အန္တရာယ်ကင်း ဘေးရှင်းနိုင်တယ်လို့ မယုံကြဘူးလား၊ (ယုံပါတယ်ဘုရား)၊ အဲဒါ သဒ္ဓါတရားဘဲ။

အခု တရားနာလာကြတယ်ဆိုတာ သဒ္ဓါတရားရှိလို့ လာတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ သဒ္ဓါမရှိရင် မလာပါဘူး၊ အလကားကွာ တရားသွားနာ မနေပါနဲ့၊ ခါးပူတာနဲ့ နားအူတာ အဖတ်တင်မှာပါကွာ၊ သဒ္ဓါမရှိတဲ့သူက ဒီလို မပြောပေဘူးလား၊ (ပြောမှာပါဘုရား)၊ သဒ္ဓါတရားရှိတဲ့သူဆိုရင် တရားသွားနာတယ် ဆိုတာ ဟော့– ဘာဘဲပြောပြော တလုံးမှတ်မိ နှစ်လုံးမှတ်မိနဲ့ ဗာဟုသစ္စမင်္ဂလာဖြစ်တယ်၊ အကြားအမြင် မင်္ဂလာတွေ တက်လာ တယ်၊ တက်လာရင် အဲဒီမင်္ဂလာကို အခြေခံပြီး အသိတွေ ဉာဏ်တွေ တိုးလာတော့ ကိုယ့်ရဲ့ ကောင်းကျိုးချမ်းသာပေးမဲ့ ကုသိုလ် ကောင်းမှုတွေကို တိုးပြီး ပြုလာတတ်တယ်၊ အန္တရာယ်ကင်း ဘေး ရှင်းတဲ့ အလုပ်တွေကို လုပ်လာတတ်တယ်၊ တရားသွားပြီးတော့ နာတယ်ဆိုရင် တရားဟောတဲ့ ပုဂ္ဂိုလ်ရဲ့ ခန္ဓာထဲက နေပြီးတော့ ထွက်လာတဲ့ အသံတွေသည် မြတ်စွာဘုရားက ဟောတော်မူတဲ့ တရားတော်တွေဖြစ်တယ်၊ အဲဒီ အသံတွေကို ငါတို့ နားပေါက်က နေပြီးတော့ တရားပွဲပြီးလို့ မမှတ်မိရင်နေပါစေ၊ နာနေတဲ့အခိုက် လေးမှာပင်လျှင် "သဝနာနုတ္တရိယ" လို့ ခေါ်တဲ့ အကောင်းဆုံး အမြတ်ဆုံးဖြစ်တဲ့ အသံကို ကြားနာနေရခြင်းဘဲ၊ အဲဒီနေ့ တရား နာနေရတဲ့ တနာရီ နှစ်နာရီ နာနေတဲ့ ဟောဒီနားသည် မြတ်သော နားဖြစ်သည်။

## သဒ္ဓါ ( ယုံကြည်မှု ) တရား ၄ မျိုး

ဟောဒီ နားပေါက်မှာ မြတ်သောအသံတွေ ကြားနေရတယ်၊ မြတ်သော မင်္ဂလာတွေ ဖြစ်နေတယ်လို့ ယုံဘယ်၊ အဲဒါ သဒ္ဓါ မဟုတ်ဘူးလား၊ ( ဟုတ်ပါတယ် ဘုရား )၊ အဲဒီလိုယုံတာ သဒ္ဓါ ဆိုတာက (၁) အာဂမသဒ္ဓါ၊ (၂) သြကပ္ပနသဒ္ဓါ၊ (၃) ပသာဒ သဒ္ဓါ၊ (၄) အဓိဂမသဒ္ဓါ-လို့ သဒ္ဓါ ၄ မျိုးရှိတယ်။

" အာဂမသဒ္ဓါ " ဆိုတာကြတော့ ဘုရားအလောင်းတွေနဲ့ ဆိုင်တယ်၊ ဘုရားအလောင်းတော်တွေ အဆက်ဆက် ရှေးအတိတ်က ဘုရားဆုပန်လာတာ ဆိုတော့ ဒီဘဝရောက်တော့လဲ ဘုရားဆုဘဲ ပန်တယ်၊ ဘယ်သူကမှ မပြောဘဲနဲ့ ဆက်ပြီး ဆုပန်ကြတယ်၊ ခင်ဗျား ဟိုဘက်ဘဝက ဘုရားဆုပန်လာတာ, ဒီဘဝလဲ ဆက်ပန် လို့ ဘယ်သူကမှမပြောဘူး၊ သူ့ဟာသူဘဲ ဘုရားဆု ဆက်ဆက်ပြီး ပန်နေတယ်၊ အဲဒါကို "အာဂမသဒ္ဓါ"လို့ ခေါ်တယ်၊ ဒို့ ဒကာ ဒကာမတွေ ဘုရားဆုပန်ချင်စိတ်များ ပေါက်ကြသလား, မပေါက် ကြသေးဘူးနော်၊ ဒီလိုဆိုရင် ဆုကြီးနဲ့ဝေးပြီ၊ ပစ္စေကဆုများကော ပန်ဖြစ်ရဲ့လား(မပန်ဖြစ်ပါဘုရား)၊ ဒီလိုဆိုရင် သာဝကဆုလောက် တော့ ပန်တယ်ပေါ့(အဲဒါလောက်တော့ မှန်းပါတယ်ဘုရား )၊ အခု ရရင် အခုယူမယ်လား(ယူပါ့မယ်ဘုရား)၊ မစဉ်းစားတော့ဘူးလား၊ (မစဉ်းစားတော့ပါ ဘုရား )၊ တော်ကြာတော့ နင် မစဉ်းစား ငါ စဉ်းစားမယ်ဆိုတာ ကြားဘူးတယ် မဟုတ်လား၊ ရှေးက ဒကာကြီး တယောက် ကျောင်းဥပုသ်စောင့်သွားရင်း ဆင်းတုတော်ကြီး တဆူ

ရွှေမှာသွားပြီးဆုတောင်းလေ့ရှိတယ်တဲ့၊အရှင်ဘုရား ဤကဲ့သို့ ဘုရား တပည့်တော် ရှိခိုးရသောကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန် မြန်မြန် ရရ, ရောက်ရပါလို၏ အရှင်ဘုရားနဲ့ တယ်ပြီး ဆုတောင်းတယ်၊ တခါတော့ ရွာထဲက တကာတယောက်က အလုပ် မလုပ်ချင် တာနဲ့ ပေတေတေ ကပ်တတ်တတ်လုပ်ပြီး ဆင်းတုတော်ကြီးရဲ့ နောက်ဘေး လာပုန်းအိပ်နေရာမှာ ခုနင်က ဒကာကြီးကလဲ ဘုရား ရှိခိုးပြီးပြီဆိုရင် နိဗ္ဗာန်မြန်မြန်ရောက်အောင် ပို့တော်မူပါဘုရားလို့ ဆုတောင်းလိုက်တော့ နောက်က ပုန်းအိပ်နေတဲ့ ဒကာက "အဟုတ် လား" လို့ မေးလိုက်သတဲ့။

ဒီတော့- ဒကာကြီးက ဆင်းတုတော်ကြီးက မေးတယ်မှတ်ပြီး လန့်သွားတယ်၊ ဟော့ဗျ, ဆင်းတုတော်ကြီးက အဟုတ်လားလို့ မေးနေတယ်၊ အဟုတ်ပါဘုရားလို့ ဒကာကြီးက ဖြေလိုက်တော့ အဟုတ်ဆို့, ကဲ- သွားစို့လို့ နောက်က အကောင်က ထအော်လိုက် တော့၊ ဟာ-ငါကလဲ နိဗ္ဗာန် ခဏခဏ လိုချင်တယ်လို့ ဆုတောင်းနေ တာ၊ အဟုတ်လားဆိုတော့ အဟုတ်လို့လဲ ပြောလိုက်ရော ခုသွားစို့ လို့ ဆိုတော့ ခက်ပြီ၊ ဘုရားက ခုခေါ်နေတယ်။

အရှင်ဘုရား.... သည်းခံတော်မူပါအုန်း ဘုရား၊ အိမ် သွားပြီး ခဏလေး တိုင်ပင်ပါရစေအုန်း ဘုရားလို့ ဆိုပြီး ခပ်သုတ်သုတ် ပြေးကာ ပြန်လာပြီး၊ ရှင်မရေ, ရှင်မရေ၊ ဘာတုန်းတော့၊ ငါ ဒီလို ဒီလိုဘဲဗျ ဘုရားက နိဗ္ဗာန်သွားရအောင်လို့ ဆိုတော့ အေး, သွားရ အောင်၊ လိုက်မှာလားဆိုတော့ လိုက်ပါ့မယ်လို့ ငါ ဝန်ခံလိုက်မိ

တယ်၊ အဟုတ် ဝန်ခံမိရင် လိုက်သွားပေါ့တော့လို့ ပြောလိုက်တော့ သူလိုချင်တာက ရှင် ဖြစ်ပါ့မလား, သား သမီးတွေနဲ့ ဇနီးတွေနဲ့ ဘယ်လိုက်လို့ ဖြစ်ပါ့မလဲ ဆိုတာကို လိုချင်တာ၊ အဲဒီကို မရောက်ဘဲ ခေါ်ရင်လဲ လိုက်သွားပေါ့တော့၊ တော် လိုက်သွားတော့လဲ ကျမ သားတွေ သမီးတွေနဲ့ ဖြစ်သလို နေရစ်ခဲ့မှာပေါ့လို့ ပြောလိုက်ရာ၊ မဟုတ်ဘူး, နင့် သား သမီးတွေ အတွက် ပြန်စဉ်းစားအုံး၊ အို– စဉ်းစားနေစရာ မလိုပါဘူးတော်၊ တော့ဟာ တော်သာ စိတ်ချ လက်ချနဲ့ လိုက်သွားပါလို့ ပြောလိုက်တော့ နိဗ္ဗာန်လိုချင်တဲ့ ဒကာကြီးက နင်မစဉ်းစား, ငါ စဉ်းစားအုန်းမယ်ဟာလို့ ဆိုလိုက်သတဲ့၊ ဒို့ ဒကာကြီး ဥုးအေးမောင်လဲ နင် မစဉ်းစား, ငါ စဉ်းစားနေရ အုန်းမယ်နော်။

အဲဒီတော့ ဘုရားအလောင်းတော်တွေဆိုတာ ဟိုဘဝလဲ ဘုရား ဆုပန်တယ်၊ ဒီဘဝလဲ ဘယ်သူကမှ မပြောဘဲနဲ့ ဘုရားဆုပန်တယ်၊ နောက်ဘဝလဲ ဘုရားဆု ဆက်ပန်တယ်၊ အဲဒီလို သဒ္ဓါမျိုးကို အာဂမ သဒ္ဓါလို့ ခေါ်တယ်။

ပသာဒ သဒ္ဓါ ဆိုတာကြတော့ မြင်လိုက်ရင် ကြည်ညို, ကြား လိုက်ရင် ကြည်ညိုလို့ ဆိုတဲ့ ကြည်ညိုသွားတတ်တဲ့ သဘောလေး တွေ ရှိတယ်၊ သူတော်ကောင်းတွေရဲ့ သန္တာန်မှာကြတော့ ရတနာ သုံးပါးသံ ကြားရင်, မြင်ရရင် ကြည်ညိုတယ်၊ ဝိနည်းတရားတော်နဲ့ အညီ နေထိုင်တော် မူကြတဲ့ သံဃာ ရဟန်းကို တွေ့မြင်ရရင် ကြည်ညိုတဲ့ သဒ္ဓါဓာတ် ပေါ်လာတယ်၊ အဲဒီ သဒ္ဓါမျိုးကြတော့ ပသာဒသဒ္ဓါလို့ ခေါ်တယ်။

သြကာပွနသဒ္ဒါလို့ ဆိုတာကြတော့ အပေါ်ရံ ကြည်ညိုတာ မဟုတ်ဘဲ အကြောင်း အကျိုး စဉ်းစားပြီးတော့ အတွင်းထိအောင် သက်ဝင် ကြည်ညိုတာကို "သြကာပွနသဒ္ဒါ"လို့ ခေါ်တယ်၊ ပသာဒ သဒ္ဒါ ဆိုတာက လွဲတတ် သေးတယ်နော်၊ ဟန်ဆောင် ကောင်း ကောင်းနဲ့ သင်္ကန်းလေး ကောင်းကောင်း ဝတ်၊ စက္ခုန္ဒြေချ၊ ယပ်တောင်လေး ထမ်းပြီး သပိတ်လွယ်ကလေးနဲ့ ကြွလာပြီဆိုရင် ကြည်ညိုတတ်ကြတယ်၊ တော်တော်ကြာတော့ ဒီ ကိုယ်တော်ရဲ့ ခေါင်းထဲ အရက်ပုလင်းပါမှန်းမသိ၊ သပိတ်ထဲ ဖဲထုပ်ပါမှန်း မသိနော်၊ အဲဒီလိုဆိုရင် ပသာဒသဒ္ဒါက လွဲဘတ်တယ်၊ သြကာပွန သဒ္ဒါလို့ ဆိုတာကြတော့မှ ခိုင်တယ်၊ ဘယ်လိုခိုင်တုန်း၊ သြ....ငါတို့ ရတနာ သုံးပါး ဆည်းကပ် ကိုးကွယ် ပူဇော်တဲ့ အတွက် ဘုရားပန်းတော်၊ ရေတော်၊ ဆွမ်းတော်၊ ဆီမီးတော်ကပ်ပြီး တရားထိုင်၊ မေတ္တာပို့၊ ပရိတ်တရားများရွတ်ရတာ ငါတို့မိသားစု အန္တရာယ်ကင်း၊ ဘေးရန် ရှင်းရတယ်လို့ ယုံကြည်တယ်။

ရတနာသုံးပါးကို အားကိုးလို့ ငါတို့မိသားစု အန္တရာယ် ကင်း တယ်၊ စီးပွားတွေ တက်တယ်၊ ကျန်းမာတယ်၊ ချမ်းသာတယ်လို့ ယုံတဲ့ အယုံမျိုးကြတော့ သက်ဝင်ယုံကြည်ပြီး ယုံတဲ့အယုံ ဖြစ်တယ်၊ အကြောင်း အကျိုး ဝေဘန် စီစစ်ပြီး ယုံတဲ့အယုံ၊ ကိုယ့်ရဲ့ လက်တွေ့ လေးတွေပေါ်မှာ မှီပြီး တိုးတိုးပြီး ယုံလာတဲ့ အယုံ၊ အဲဒီ အယုံ မျိုးကို သြကာပွနသဒ္ဒါလို့ ခေါ်တယ်။

အဲဒီ အာဂမ၊ ပသာဒ၊ သြကာပွနသဒ္ဒါ သုံးမျိုးနှင့်တကွ အဓိဂမ သဒ္ဒါလို့ ဆိုတာကြတော့ မဂ်ဖိုလ်ရသည့်အထိ ပါတဲ့ သဒ္ဒါကို

ခေါ်ပါတယ်၊ သောတာပန်ဖြစ်ပြီလို့ဆိုတော့ အဲဒါ အဝိဇ္ဇမသဒ္ဓါ ပါသွားပြီ၊ အားလုံး ဒကာ-ဒကာမတွေ အတွက်ကြတော့ ပသာဒ သဒ္ဓါနဲ့ ဩကပ္ပနသဒ္ဓါဆိုတာ ပါသွားပြီ၊ အဲဒါ အကောင်းဆုံး ဖြစ်တဲ့ ဥစ္စာဘဲ။

လောက တန်ဖိုးကြီးတဲ့ပစ္စည်း ကိုယ့်မှာ ရှိနေပြီလို့ ဆိုတော့ ဝယ်ချင်ရာ ဝယ်လို့ ရနိုင်သလို သုံးဆောင် ခံစားစရာ တွေကို သုံးဆောင် ခံစားနိုင်ကြသလို သုံးဆောင် ခံစားပြီးတော့ ကိုယ်စိတ် နှစ်ပါး ချမ်းသာတွေကို ရကြသလို ဟောဒီ သဒ္ဓါဆိုတဲ့ ပစ္စည်းရှိပြီ ဆိုရင်လဲဘဲ ဒီတရား နာလာပြီလို့ ဆိုရင်ဘဲ ဓမ္မသဝနကုသိုလ်ကြီး မရကြပေဘူးလား၊ (ရပါဘုရား)၊ အပူခံတတ်တွေ ကင်းနေတယ်၊ အေးနေတယ် မဟုတ်လား၊ ( မှန်ပါဘုရား )၊ အဲဒီ အပူခံတတ်တွေ အေးနေတယ်၊ ကင်းနေတယ်လို့ ဆိုတာ ဟောဒီ တရားနာနေတဲ့ အတွက် အေးနေတယ် ကင်းနေတယ်။

ဒီတရားတွေ နာရ-ကြားရရင် လောဘ ဒေါသတွေ တခဏ ကလေး ပယ်သတ်ရာရောက်တယ်လို့ ယုံကြည်တာကို သဒ္ဓါခံတတ်လို့ ခေါ်တယ်၊ ဒါဖြင့် ဓမ္မဿဝနတရားနာရလို့ ရနေတဲ့ ကုသိုလ် ထူးကြီး ယခု တနာရီ တနာရီခွဲလောက် တရားနာရလို့ ကုသိုလ် ထူးကြီး ရနေတယ်လို့ဆိုတာ ဘယ်ဥစ္စာအခြေခံပြီး ရနေသလဲဆိုရင် သဒ္ဓါဆိုတဲ့ပစ္စည်း အခြေခံ အခြေခံပြီး ရနေတဲ့ဥစ္စာ, သဒ္ဓါဆိုတဲ့ ဥစ္စာနဲ့ ဝယ်လို့လဲ ဒီဓမ္မဿဝနကုသိုလ်ထူးကြီး ရနေတယ်။

ဟောဒီ မဟာပရိတ္တစာရီ အသင်းကြီးက တနှစ်တခါ ဧည့်ခံပွဲ ကြီး ကျင်းပပြီး သံဃာတော်တွေကို သင်္ကန်းတွေ လှူကြတယ်၊

ပူဇော်ကြဘယ်၊ ထောက်ပံ့ကြတယ်၊ ပေးကမ်းကြတယ်လို့ ဆိုတာ သဒ္ဓါတရားမရှိဘဲနဲ့ ပေးလှူနိုင်ပါ့မလား၊ (မလှူနိုင်ပါဘူးရား)၊ သဒ္ဓါ တရားဆိုတဲ့ဥစ္စာ ကိုယ့်သန္တာန်မှာစွဲကပ်နေလို့ ဥက္ကဋ္ဌ အတွင်းရေးမှူး နှင့်တကွ အမှုဆောင်လူကြီးတွေ ယခု ဆရာကြီး ဦးကျော်ငြိမ်းရဲ့ မိသားစု သန္တာန်မှာ သဒ္ဓါဆိုတဲ့ ဓာတ်က စွဲကပ်နေလို့ သဒ္ဓါ ဆိုတဲ့ ဥစ္စာကို သိမ်းဆည်း ထားနိုင်လို့၊ ဟော – ယခု သုံးဆဲ့ လေးကြိမ်မြောက် တိုင်အောင် မပျက်မကွက် အလှူထုပ်ကြီးတွေကို ပေးလှူဖြစ်ကြတယ်။

ဒီကုသိုလ်ထုပ်ကြီးတွေကို ပြုလုပ်မိထားတော့ ဒီ အထုပ်ကြီး တွေက အလကား ဖြစ်သွားပါ့မလား၊ ( မဖြစ်ပါဘူးရား )၊ လူ့ရွာ နတ်ထံ ချမ်းသာစံလျက် နိဗ္ဗာန်အထိ အကျိုးတွေကို ပေးနိုင် တယ်၊ ရစေနိုင်တယ်၊ ဒီလူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ ချမ်းသာတွေကို ဝယ်ယူ ရယူနိုင်ခြင်းသည် ဘယ်ပစ္စည်းနဲ့ ဝယ်ယူနိုင်သလဲ၊ သဒ္ဓါပစ္စည်း ရှိလို့ ဝယ်ယူနိုင်တယ်၊ သဒ္ဓါဆိုတဲ့ ပစ္စည်းမရှိရင် မဝယ်နိုင်ပါ၊ ဈေးထဲရောက်သွားပြီး လိုချင်စရာတွေ ပြည့်လို့, ပိုက်ဆံမပါတဲ့သူက ဝယ်နိုင်ရဲ့လား(မဝယ်နိုင်ပါဘူးရား)၊ ပိုက်ဆံ လက်ထဲပါလာမှ မိမိလိုချင်တဲ့ ပစ္စည်းကို ကောက်ခါ ငင်ခါ ဝယ်ယူနိုင်သလို။....

သာသနာတည်းဟူသော ဈေးရုံကြီးထဲ ရောက်လာတဲ့သူတွေ ဟာလဲဘဲ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ စတဲ့ အမျိုး မျိုးသော ပစ္စည်းတွေကို ဝယ်ချင်တဲ့သူတွေဟာ သဒ္ဓါတရား ဆိုတဲ့

ပစ္စည်း မပါတဲ့သူက ဝယ်နိုင်ရဲ့လား, မဝယ်နိုင်ပါ၊ ဟော-သဒ္ဓါ ပစ္စည်း ပါလာကြသူများကြတော့ ဒီကထိန် အလှူပစ္စည်းကြီးကို ဝယ်နိုင်ကြတယ်, ယူနိုင်ကြတယ်။

## အကောင်းဆုံးဥစ္စာ ဘယ်ဟာလဲ

"သဒ္ဓါနှင့်သာ, တန်းတူစွာ, ဥစ္စာဘယ်မရှိ"တဲ့၊ သဒ္ဓါတရားနဲ့ တူတဲ့ ဥစ္စာဆိုတာ လောကမှာ မရှိဘူးတဲ့၊ မြတ်စွာဘုရားကနေ၁— သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ-လို့ ဆိုတဲ့ စာပိုဒ်ကလေးရဲ့ ဆိုလို ချက်က....

> သဒ္ဓါနှင့်သာ, တန်းတူစွာ, ဥစ္စာဘယ်မရှိ၊
> လူ့ရွာနတ်ဌာန်, ချမ်းသာစံ, နိဗ္ဗာန်ဘုံအထိ။
> ရရှိစေကြောင်း, ဥစ္စာကောင်း, စုဆောင်းပါလေဘိ။

ဟော....အဲဒီလင်္ကာလေးနဲ့ မြတ်စွာဘုရားကိုယ်စား တိုက်တွန်း ခဲ့မယ်၊ ဒီ သဒ္ဓါတရား တည်းဟူသော ဥစ္စာကို စုဆောင်းထား ပါတဲ့၊ ဘာပြုလို့ စုဆောင်းထားရမလဲလို့ ဆိုတော့, လူ့ရွာ နတ်ဌာန် ချမ်းသာစံဘို့ဆိုတဲ့ ဝယ်နိုင်တဲ့ပစ္စည်းက ဒီ သဒ္ဓါဥစ္စာ ပါတဲ့၊ တဘဝသာမက, ဘဝများစွာ ချမ်းသာဆောင်နိုင်တဲ့ ကုန်ပစ္စည်းကြီး ဆိုတာ ဒီ သဒ္ဓါကုန်ပစ္စည်းကြီးပါ၊ သဒ္ဓါဆိုတဲ့ ကုန်ပစ္စည်းကြီးမရှိရင် လှူမှု ဒါန်းမှုဆိုတဲ့ ကိစ္စကို မလုပ်နိုင်ပါ၊ သီလတွေကို ဥပုသ်သီတင်းတိုင်း ဆောက်တည်တယ်ဆိုတာလဲ သဒ္ဓါ မပါဘဲနဲ့ မလုပ်နိုင်ပါ။

ပါဏာတိပါတ– သူ့အသက်တွေ သတ်မိလို့ရှိရင် တချိန်မှာ ပြန်လည်ပြီးတော့ သတ်မှု ဖြတ်မှု ညှဉ်းဆဲမှုတွေ ပြန်ပြီး ခံရတတ်တယ်၊ မသတ် မဖြတ်ဘဲ ရှောင်ကြဉ်လိုက်မှ မဂ်ဖိုလ်နိဗ္ဗာန်ရောက်သည်အထိ ခြေလက်အင်္ဂါ အပြည့်အစုံနဲ့၊ သူတပါး နှိပ်စက်မှုဒဏ်တွေ ကင်းပြီးသကာလ ဘေးရန်ခပ်သိမ်း အေးငြိမ်းပြီးသွားနိုင်တယ်၊ အဲဒီလို ယုံကြည်လိုက်တယ်ဆိုတာ သဒ္ဓါ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)၊ အဲဒီ သဒ္ဓါတရားရှိလို့ ပါဏာတိပါတအမှုကြီးတွေကို မသတ် မဖြတ်ဘဲ ရှောင်တယ်။

အဒိန္နာဒါန– သူတပါးပစ္စည်းတွေကို မတရား ခိုးဝှက် လိမ်ညာပြီး ယူတယ်, ခိုးဝှက် တိုက်ခိုက်နေတယ်လို့ ဆိုရင်လဲ....

အဒိန္နာ , ခိုးမိပါမူ, ဥစ္စာနည်းမွဲ, ဆင်းရဲငတ်ဘိ...

ဘဝသံသရာမှာ အဒိန္နာဒါနသမားဆိုတာ မွဲတတ်တယ်, ဆင်းရဲတတ်တယ်၊ အကြောင်းအားလျော်စွာ ပစ္စည်းတွေ ပြည့်စုံနေပြန်ရင်လဲ မီးလောင် ရေမျော သူခိုးခိုး, မင်းဆိုးရာဇာတွေဖျက်ဆီးလို့ ပျက်စီးရတတ်တယ်လို့ ယုံကြည် နေတာဟာ သဒ္ဓါရဲ့ သတ္တိ၊ ဒါ့ကြောင့် ငါးပါးသီလကို လုံလုံခြုံခြုံ ထိမ်းမှ ဘဝသံသရာမှာ ချမ်းသာစွာသွားရမယ်၊ နိဗ္ဗာန်ရောက်သည်အထိ သီလကို လုံခြုံစွာ ထိမ်းမှ ရောက်လိမ့်မယ်လို့ ယုံကြည်တာ သဒ္ဓါ။

ဒီတော့ သဒ္ဓါပစ္စည်းရှိမှ ငါးပါးသီလပစ္စည်းကြီးကို ဝယ်နိုင်တယ်၊ သမထ ဝိပဿနာ ဆိုတဲ့ အလုပ်ကြီးကိုလဲ သဒ္ဓါမရှိဘဲနဲ့

မလုပ်နိုင်ပါ၊ သဒ္ဓါတရားရှိတော့ သမထဆိုတဲ့ ပုတီးစိတ်ခြင်း၊ မေတ္တာပို့ခြင်းဆိုတဲ့ အလုပ်တွေ လုပ်နေမှ စိတ်ကလေး အေးငြိမ်း တည်ကြည်မယ်၊ တည်ငြိမ်တဲ့စိတ်ရှိမှ မဂ်ဖိုလ်နိဗ္ဗာန် မြင်နိုင်တယ်လို့ ဟောဒီလို ယုံကြည်လိုက်တာကို "သဒ္ဓါ" လို့ ခေါ်တယ်၊ ဒါ့ကြောင့် သဒ္ဓါတရားဆိုတဲ့ ပစ္စည်းဟာ အကောင်းဆုံးပစ္စည်းပါလို့ ဘုရားရှင်က မိန့်တော်မူတယ်။

သဒ္ဓိဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ- အာဠဝကရေ သတ္တဝါတိုင်း အတွက် အကောင်းဆုံး ပစ္စည်းဆိုတာ သဒ္ဓါတရားဘဲလို့ မိန့်တော် မူတယ်၊ ဒီတော့ အာဠဝကက ရှေ့တဆင့်သိလိုတာကို မေးတယ်၊ အရှင်ဘုရား ဒီလိုဆို နေပါအုံး။

ကိံသု သုစိဏ္ဏော သုခမာဝဟာတိ၊—

အမြဲတန်း ချမ်းသာကိုဆောင်တဲ့ အလေ့အလာက ဘယ်အလေ့ အလာပါလဲ ဘုရားလို့ မေးတယ်၊ ဒီတော့ မြတ်စွာဘုရားက....

ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ၊—

ဓမ္မော - ဒါန သီလ ဘာဝနာဆိုတဲ့ တရားသည်၊ သုစိဏ္ဏော— အခါခပ်သိမ်း မပြတ်မလပ် အလေ့အလာပြုအပ်သည်ရှိသော်၊ သုခံ- လူ့ရွာ နတ်ဌာန် ချမ်းသာစံလျက် နိဗ္ဗာန်အထိ အကောင်းဆုံး ဖြစ်သော ချမ်းသာဂတိကို၊ အာဝဟတိ-ရောက်စေနိုင် ရွက်ဆောင် နိုင်၏။

အမြဲတန်း အလေ့အလာများ၍ ကောင်းတဲ့ဓမ္မဆိုတာ ဒါန သီလ ဘာဝနာဆိုတဲ့ တရားတွေဟာ အမြဲတန်း အလေ့အလာ များလေ ကောင်းလေဆိုတဲ့ တရားတွေဘဲတဲ့။

ယခု (၃၄) နှစ်တိုင်အောင် ကထိန်ဒါနကြီး ပြုနေတယ်ဆိုတာ နှစ်စဉ် အလေ့အလာ ပြုနေတာ မဟုတ်လား၊ (မှန်ပါ ဘုရား)၊ အားလုံးသော ဒကာ-ဒကာမတွေ နေ့စဉ် ဆွမ်းလောင်းကြ, ဘုရား ပန်းလှူ, ရေလှူပြုကြ၊ လက်လှမ်းမှီရာ ကုသိုလ်တွေကို အားထုတ်နေ ကြတယ်ဆိုတာ အမြဲတန်း အလေ့အလာ ပြုနေတဲ့ ကုသိုလ်လို့ ခေါ်တယ်၊ အဲဒါ ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်တွေဘဲ။

တတိယ ပြဿနာကြတော့ အာဠဝက က ဘာမေးလိုက်တုန်း ဆိုတော့....

**ကိံသု ဟဝေ သာဓုတရံ ရသာနံ–**

အရှင်ဘုရား- အားလုံးသော အရသာတွေထဲမှာ အကောင်းဆုံး ဖြစ်တဲ့ အရသာ ဆိုတာ အဘယ် အရသာမျိုးပါလဲ ဘုရား၊ ဒီတော့ မြတ်စွာဘုရားက....

**သစ္စံ ဟဝေ သာဓုတရံ ရသာနံ–**

ရသာနံ–အားလုံးသော အရသာတို့တွင်၊ ဟဝေ-စင်စစ်၊ သစ္စံ- သစ္စာဆိုတဲ့ တရားသည်၊ သာဓုတရံ-အကောင်းဆုံးဖြစ်တဲ့ အရသာ ပေတည်း။

အာဠဝက–လောကမှာ သစ္စာမရှိတဲ့သူနဲ့ ပေါင်းရတယ်ဆိုတာ အခက်ဆုံးဘဲ၊ မယုံရဘူး ဆိုမှတော့ ဘယ်နေရာမျိုးကိုမှ သူ့အတွက် စိတ်မချရဘူး၊ ဒါ့ကြောင့် ပေးမယ်ဆို ပေး, ယူမယ်ဆို ယူ, သွားမယ်ဆို သွား, လုပ်မယ်ဆို လုပ်တဲ့သူ၊ အဲဒီလို သစ္စာရှိတဲ့သူနဲ့ ပေါင်းရတာမှ လောကမှာ အကောင်းဆုံးဘဲတဲ့။

ဒါတင်မကသေးဘူးတဲ့–(မိမိ မှန်တာလုပ်တာကို မှန်တဲ့အတိုင်း, မှားရင်လဲ မှားတဲ့အတိုင်း သစ္စာဆိုနိုင်ရင် လောင်နေတဲ့မီးတွေ ငြိမ်းနိုင်တယ်၊ ကြီးနေတဲ့ ရေဇာတွေ ကျနိုင်တယ်၊ သင့်နေတဲ့ ဘေးကြီးတွေ သည်ပင် ပြေပျောက်နိုင်တယ်၊ ဒါ့ကြောင့် ဝစီသစ္စာလို့ ဆိုတဲ့ မှန်ကန်စွာ နှုတ်ဖြင့် ဆိုမှုဟာလဲဘဲ လောကမှာ အကောင်းဆုံး အရသာ၊ နောက်ဆုံး–ပရမတ္ထသစ္စာလို့ ခေါ်တဲ့ နိဗ္ဗာနဓာတ်ကြီး သည် အကောင်းဆုံး အရသာလို့ ဘုရားရှင်က ဖြေတော်မူတယ်။

နောက်ဆုံး(၄)နံပါတ် ပြဿနာကို အာဠဝကက ဘာမေးတုန်းလို့ ဆိုတော့....

ကထံ ဇီဝိံ ဇီဝတ မာဟု သေဋ္ဌံ–

ဇီဝတံ–အသက်ရှင်နေတဲ့ သူတွေထဲမှာ၊ ကထံဇီဝိံ – အဘယ်ကဲ့သို့သော အသက်ရှင်နေသူကို၊ သေဋ္ဌံ–အမြတ်ဆုံးဟူ၍၊ အာဟု–ဘုရားစတောင်း, ဗောဓိလောင်းတို့, ငြိမ့်ညောင်းကြည်ဖြူ, မိန့်မြွက်တော် မူကြပါကုန်သနည်း ဘုရား။

အာဋ္ဌဝက က-စတုတ္ထ(၄)ခုမြောက်ဖြစ်တဲ့ ပြဿနာမှာ မေးတာက....ဘယ်လို အသက်ရှင်ခြင်းဟာ အကောင်းဆုံး အမြတ်ဆုံးဖြစ်တဲ့ အသက်ရှင်ခြင်းပါလဲ ဘုရားတဲ့၊ ဘယ်လို အသက်ရှုခြင်းမျိုးနဲ့ အသက်ရှုနေသူဟာ အကောင်းမြတ်ဆုံး ဖြစ်တဲ့ အသက် ရှုခြင်း ဖြစ်ပါသလဲဘုရား၊ မေးပြီနော်၊ ဘုရားရှင်က ဖြေတယ်။

ပညာ ဇီဝိံ ဇီဝတ မာဟု သေဋ္ဌံ–

ဇီဝတံ - အသက်ရှုနေတဲ့ ပုဂ္ဂိုလ်တွေထဲမှာ၊....ပညာဇီဝိံ – ပညာဖြင့် အသက်ရှုရှိုက်နေတဲ့ ပုဂ္ဂိုလ်မျိုးကို၊ သေဋ္ဌံ - အမြတ်ဆုံး ဟူ၍၊ အာဟု-ဘုရား စ သား, ပုဂ္ဂိုလ်များတို့, လေးစား ကြည်ဖြူ, မိန့်မြွက်တော်မူကြပေကုန် သတည်း။

သာဓု....သာဓု....သာဓု။

အာဋ္ဌဝကတဲ့ အသက်ရှုရှိုက်သူတွေထဲမှာဖြင့်၊ ဝါ-အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်တွေထဲမှာဖြင့်၊ (ပညာဇီဝိံ)ပညာဖြင့် အသက်ရှုရှိုက်နေတဲ့ ပုဂ္ဂိုလ်သည် အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တယ်။

လူချင်းတူ, အသက်ရှုချင်း ကွဲ

ဝိပဿနာ ရောက်လာပြီးနော်၊ အားလုံး ဒကာ- ဒကာမတွေ ယခု တရားနာနေဆဲမှာပင် အသက်ကလေး ရှုရှိုက် မနေကြဘူးလား၊ ( ရှုရှိုက်ပါ ဘုရား )။

ကိုင်း- ဟိုနားမှာ ဒုစရိုက်သမားကြီး တယောက် ရှိတယ်ဆိုပါတော့၊ သူက အကောင်အလျှောင်တွေ သတ်ပြီးတော့ နေတယ်၊ ဒုတ်နဲ့ ရိုက်, ဓားနဲ့ ခုတ် လုပ်နေတယ်၊ အဲဒီသူလဲဘဲ ရှုရှိုက်မနေဘူးလား၊ (မှန်ပါဘုရား)၊ ဒုစရိုက်သမားကလဲ ရှုရှိုက်နေတယ်၊ ယခု တရားနာတဲ့ သူတွေကလဲ ရှုရှိုက်နေတယ်၊ ရှုရှိုက်တာချင်း အတူတူဘဲ၊ ဒါပေမဲ့ ဘာထူးလဲလို့ဆိုတော့ သတ်ဖြတ်ပြီး ရှုရှိုက်တာနဲ့ တရားနာနေရင်း ရှုရှိုက်တာ မတူနိုင်ပါ၊ လူချင်းတူသော်လည်း အသက်ရှုချင်းကြတော့ ကွဲကြသည်၊ သတ်ဖြတ်နေသူကလဲ လူဘဲ၊ တရားနာနေသူတွေကလဲ လူဘဲ။

လူချင်းတော့ တူတယ်၊ ဟိုက အသက်ရှုနေတာက ဒေါသစတဲ့ တရားတွေနဲ့ ရှုနေတာ၊ ဒီက အသက်ရှုရှိုက်နေတာက ကုသိုလ်စိတ်နဲ့ ရှုနေတာ၊ အသက်ရှုတယ် ဆိုတဲ့ အာနာပါန- ထွက်လေဝင်လေ ကလေးဟာ ဘယ်သူကြောင့် ဖြစ်တုန်းလို့ ဆိုတော့ စိတ်ကြောင့်ဖြစ်တာ၊ စိတ်ကြောင့် ရှုရှိုက်နေရသည်၊စိတ္တ-စိတ်ကြောင့်၊ ဇ- ဖြစ်သော ဝါယော-လေ၊ စိတ် မရှိလို့ သေသွားတဲ့သူမှာ ဒီရှုရှိုက်မှု မဖြစ်တော့ဘူး၊ ဒါဖြင့် ရှုရှိုက်တာ ဘယ်သူကြောင့် ဖြစ်သလဲဆိုရင် စိတ်ကြောင့်ဖြစ်ပါသည်၊ ရှုတယ် ရှိုက်တယ်ဆိုတာ စိတ်ကြောင့် ဖြစ်တယ်လို့ သေချာစွာ မှတ်ထားပါ။

ယခု နင်က သတ်ဖြတ်နေသူ ရှုရှိုက်နေတာက ဒေါသစိတ်နဲ့ ရှုရှိုက်နေတယ်၊ တရားထိုင်နာတဲ့ပုဂ္ဂိုလ်တွေ ရှုရှိုက်နေတာကြတော့ မဟာကုသိုလ်စိတ်ဆိုတာနဲ့ ရှုရှိုက်နေကြတယ်၊ ဒါ့ကြောင့်

လူချင်းတူပေမဲ့ အသက်ရှူခြင်း ကွဲပါတယ်၊ ယခု တရားနာနေတဲ့ အခိုက်ဟာဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာတွေကို ရစေတတ်တယ်လို့ ပညာလေးဦးစီးပြီး နာနေကြတယ်ဆိုတော့ ပညာနဲ့ အသက်ရှူရှိုက်နေခြင်း ဖြစ်တယ်။

## ပညာရှိသူက ရှေ့က, ပညာမဲ့က နောက်က

စာက ဆိုလိုက်တာကတော့ ဝိပဿနာ မထိုင်ခင် မရောက်ခင်လဲ ပါတယ်၊ ပညာသမားဆိုတာဟာတဲ့ ဘယ်ကိစ္စမျိုး မဆို အထက်တန်း ရောက်သည်အထိ ရှေ့ကသွားတာကချည့် များပါတယ်။

"ပညာ အရောင်, ထွန်းလင်းပြောင်, ရှေ့ဆောင် မားမားမတ်" တဲ့၊ ပညာသမားဟာ ဘယ်နေရာမျိုးမဆို, ရှေ့က မားမားမတ်မတ် ရှိတယ်တဲ့၊ ဘယ်နေရာမျိုး မဆို, အိမ်ထောင်တခုမှာဘဲကြည့်၊ ဘယ်နေရာမျိုး မဆို, ဌာနဌာန ကောသလ္လဉာဏ်နဲ့ အသိအလိမ္မာရှိတဲ့ ယောကျ်ားဆိုရင်, ဒီယောကျ်ားကဘဲ ရှေ့ဆောင်ပြီး မားမားမတ်မတ် လုပ်ကိုင်တတ်တယ်၊ ဇနီးက ပညာအသိသာရင် ဇနီးလုပ်သူက ရှေ့ဆောင်သွားတော့တာဘဲ၊ အရပ်တခုထဲမှာလဲ ပညာရှိတဲ့ သူတွေက ရှေ့ဆောင်တယ်။

"ပညာမရှိ, လူငတိ, တုံးတိ နောက်ကရပ်"တဲ့၊ ပညာမရှိဘူး ဆိုတဲ့သူကြတော့ နောက်လိုက်ချည့်ဘဲ၊ ရှေ့ဆောင် ဘယ်တော့မှ မဖြစ်ဘူး၊ ဒါ့ကြောင့် ပညာနဲ့ အသက်ရှင်ကြတာကို မြတ်စွာ

ဘုရားက မြတ်တယ်လို့ ဟောတော်မူတယ်၊ မြတ်စွာဘုရားကိုဘဲ ကြည့်လိုက်ရင် အနာထပိဏ်သဌေးတို့များ ပစ္စည်းတွေ ပေါလိုက်တာ ကုဋေကုဋာ မရေမတွက်သာဘူး၊ မြတ်စွာဘုရားမှာတော့ ပစ္စည်းမရှိဘူး၊ ဒါပေမဲ့ သုံးလောကမကိုဋ် သုံးထိုက်တို့ရဲ့ သရဖူ ဖြစ်ပြီး ရှေ့ဆောင်ဦးစီး ကိုးကွယ်ရာပုဂ္ဂိုလ်ကြီး ဖြစ်လာတာဟာ ပစ္စည်းရှိလို့မဟုတ်ဘဲ ပညာရှိလို့ ဖြစ်လာတယ်၊ အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီး ပညာတေဒဂ်ရတယ်ဆိုတာ ဥစ္စာရှိလို့ မဟုတ်, ပညာရှိလို့ပါ၊ ဥစ္စာကတော့ သူ့မှာ သပိတ်ဘလုံး သင်္ကန်း သုံးထည်ပါဘဲ။

ဒါ့ကြောင့် ပညာရှိတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကကြီးတွေမှ စပြီး, ရပ်ထဲရွာထဲ ဒကာ- ဒကာမတွေ တိုင်အောင် ပညာရှိတဲ့ ပုဂ္ဂိုလ်တွေက ခေါင်းဆောင်နေကြတယ်၊ တိုင်းပြည် မြို့ရွာ ရပ်ကွက်တွေမှာ အိမ်ထောင်စုတွေ ခေါင်းဆောင် လုပ်နေသူတွေဆိုတာ ပညာရှိလို့၊ အဲဒါတွေကို ဘုရားရှင်က အကုန် သိမ်းဟောပြီးတော့ နောက်ဆုံးတော့ ဘယ်ရောက် လာတုန်းလို့ ဆိုတော့, ဒ် ဝိပဿနာ ရောက်လာတယ်၊ ဒါ့ကြောင့် ပညာနဲ့ အသက်ရှင်တဲ့ပုဂ္ဂိုလ်တွေဆိုတာ အသာဆုံးဘဲ အာဠဝကရေ-တဲ့။

ဒီထိအောင် မြတ်စွာဘုရားက ဟောပြီ၊ ဘုန်းကြီးက ဝိပဿနာနဲ့ အဆုံးသတ်ခြင်လို့ ဒါလဲ ဆွဲပြောနေပါတယ်၊ အားလုံးသော ဒကာ—ဒကာမတွေ ပညာနဲ့ အသက်ရှူရှိုက်နေတာ ကောင်းပါတယ်၊ သာပါတယ်လို့ ဆိုတော့ သူ့အသက် သတ်နေတဲ့ လူလဲ

ရှုရှိုက်နေတယ်၊ တရားနာနေကြတယ်၊ ကထိန်အတွက် အားထုတ်နေကြတယ်၊ ဝယ်ကြ ချမ်းကြ သွားကြ လာကြတဲ့ နေရာမှာလဲ အသက် ရှုရှိုက်နေကြတယ်၊ သူများပစ္စည်း ခိုးဘို့ ဓါက်ဘို့ ကြံနေတဲ့ သူကလဲ ရှုရှိုက်နေတယ်၊ အဲဒီလို ခိုးဘို့ ဓါက်ဘို့ နှိုက်ဘို့ ကြံစည်ပြီး အသက်ရှုရှိုက်နေသူက လောဘနဲ့ အသက်ရှုရှိုက်နေတယ်၊ လှူမယ်ဒါန်းမယ် ကထိန်ပွဲကြီးလုပ်မယ်၊ ဆေးရုံဆဲ ဒို့ဘယ်လောက် ပါဝင်လှူအုံးမယ်ဟော့လို့ ရှုရှိုက်နေတာက "အလောဘ"လို့ခေါ်တဲ့ ကုသိုလ်စေတနာနဲ့ ရှုရှိုက်နေခြင်း ဖြစ်တယ်၊ ဤသို့စသည်ဖြင့် ပညာပါပြီး ဒါန သီလ ဘာဝနာဘက် အားထုတ်နေတဲ့ ရှုရှိုက်မှုဟာ မြတ်သော ရှုရှိုက်ခြင်း ဖြစ်ပါတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားက....

## ပညာဇီဝိံ ဇီဝတ မာဟု သေဋ္ဌံ။

အသက်ရှင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ ပညာဦးစီးပြီး ပညာဖြင့် အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သည်သာ အမြတ်ဆုံးလို့ ဟောတော်မူပါတယ်၊ သူတော်ကောင်းတွေ အဆက်ဆက်လဲ ဒီလိုဘဲ ပြောကြပါတယ်တဲ့၊ ဒီတော့ ဉာဏ်နဲ့ ရှုရှိုက်နေတယ် ဆိုသာ မြတ်သော ဝိပဿနာဉာဏ်ဖြင့် ရှုရှိုက်တာကို ဟောတော်မူတာ၊ အသာဆုံး ရှုရှိုက်နည်းဆိုဒါ ရုပ် နာမ် နှစ်ပါးကို ဝိပဿနာနဲ့ ရှုပြီး အဲဒီ ဝိပဿနာဉာဏ်ပညာနဲ့ ရှုရှိုက်မှုပြုနေတာကို ပြောတာပါ။

## တရားနာလာရာ ဝိပဿနာ

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမ တရားနာလာသူတွေ ဝိပဿနာဖြစ်အောင် ဒီတရားနာလာတဲ့ကိစ္စမှာဘဲ ပြောရလိမ့်မယ်၊ တရားနာလာကြတဲ့ ကိစ္စမှာဘဲ တရားနာသွားခြင်တယ် ဆိုတဲ့ ဆန္ဒလေး ပေါ်လာမယ်၊ အဲဒီ သွားခြင်တယ် ဆိုတဲ့ ဆန္ဒကလေးသည် နာမ်၊ သွားချင် လာချင် စားချင် စသည်ဖြင့် "ချင်"ဆိုတဲ့ စကားတပ်ရလောက်အောင် ဆန္ဒဖြစ်နေမှ သွားလာ စားသောက်ဆိုတဲ့ တရားတွေ ပေါ်လာနိုင်တယ်၊ ယခု တရားနာသွားခြင်တယ် ဆိုတဲ့ ဆန္ဒဉူးစီးတဲ စိတ်ကို"နာမ်တရား"လို့ ခေါ်တယ်။

ဘာပြုလို့ သူ့ကို " နာမ် "လို့ ခေါ်တုန်းလို့ဆိုတော့ သူက အာရုံကို ညွတ်တတ်လို့ " နာမ် "လို့ ခေါ်တယ်၊ ဒီတရားနာလာချင်တယ်ဆိုတဲ့ ဆန္ဒဉူးစီးတဲ့ စိတ်ကလေးဟာ ဘယ်အာရုံပြုနေတုန်းလို့ ဆိုရင် ဒီတရားပွဲ အခမ်းအနားဆီကို ညွတ်နေတယ်၊ လူကတော့ အိမ်မှာဘဲ ရှိသေးတယ်၊ စိတ်ကတော့ ဟိုနားမှာ တရားပွဲရှိသတဲ့၊ ငါသွားနာလိုက်အုံးမှဘဲ၊ တရားပွဲအခမ်းအနားက ဘယ်လိုနေမှာဘဲ ပြင်ထားတဲ့ပစ္စည်းတွေက ဘယ်လိုနေလိမ့်မယ်နဲ့ အာရုံတွေပေါ်နေတယ်၊ အဲဒီ အာရုံတွေဆီကို သွားချင်တဲ့စိတ်က ညွတ်နေတယ်၊ ဒါ့ကြောင့်—

အာရုံကဆွဲ, နာမ်ကနွဲ့, ဓာတ်ခဲ ခန္ဓာကိုယ်၊....ဒီ တရားပွဲမှာ ခင်းကျင်းထားတဲ့ အာရုံကြီးက ဆွဲလိုက်တော့ လူကသာ အိမ်မှာ

ရှိနေသေးပေမဲ့ စိတ်က ဒီတရားပွဲအာရုံကို ညွတ်နေပြီ၊ တရားပွဲ ရောက်သွားတာကိုဘဲ " ညွတ်သွားတယ် "လို့ ခေါ်ဘယ်၊ အဲဒီ ညွတ်သွားမှုကို ပါဠိလို နာမ၊ မြန်မာလို "နာမ်"လို့ ခေါ်တယ်၊ နမတီတိ နာမံ၊ နာမဆိုတာ ညွတ်သွားတတ်တဲ့ သဘောကလေးကို "နာမ်"ဆို့ ခေါ်တယ်။

အာရုံကနေပြီး တရားပွဲ အခင်းအကျင်း အာရုံက ဆွဲလိုက်တဲ့ အခါကြတော့ စိတ်ကလေးက ဒီကို ညွတ်ညွတ်ပြီးနေတော့ စိတ်က သွားလိုတဲ့ဆန္ဒ ဖြစ်ပြီး စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇ ဝါယောရုပ်တွေ ခန္ဓာကိုယ်ထဲမှာ ပေါ်လာရတယ်၊ သွားချင်တဲ့ ဝါယောရုပ်တွေ ခန္ဓာကိုယ်နှင့်တကွ ခြေထောက်ထဲမှာ တလှုပ်လှုပ်တိုး၊ စိတ်ကြောင့် ဖြစ်တဲ့ ဝါယောရုပ်၊ လေရုပ်တွေ လှုပ်ရှား ယိမ်းယိုင်ပြီး ခန္ဓာကိုယ် ကြီး ရောက်လာရတယ်၊ လှုပ်လှုပ်ရှားရှားနဲ့ သွားဟန် လာဟန် ဖြစ်နေတဲ့ ရုပ်စု ရုပ်ပုံကြီး ပေါ်လာရတယ်။

## တရားနာသွားရာ သက္ကာယဒိဋ္ဌိဝင်

ဒါဖြင့် သွားချင်တာလေးက နာမ်၊ သွားဟန် တလှုပ်လှုပ်ပြနေ တာက ရုပ်၊ ဒီတရားပွဲကို ရုပ်စု ရုပ်ပုံနဲ့ နာမ်စု နာမ်ပုံ ဒီနှစ်ခုနဲ့ လာခဲ့ကြတယ်၊ အဲဒီထဲမျာ း ငါပမါ သူမပါ၊ ဒါပေမယ်လို့ ဒို့ ဒကာ ဒကာမတွေက ငါတရားနာသွားတယ်လို့ ရုပ်နာမ် သွားတာ ကို ငါသွားတယ်လို့ လုပ်လိုက်တယ်၊တရားနာသွားလိုတဲ့ နာမ်တရား နဲ့ သွားဟန်ပြနေတဲ့ ရုပ်စုရုပ်ပုံနဲ့ လုမ်းလာခြင်းဖြစ်တယ် ဆိုတာကို

"ငါသွားတယ်"လို့ ငါတတ်လိုက်ကြတယ်၊ အဲဒါကို သက္ကာယဒိဋ္ဌိ ဝင်တယ်လို့ ခေါ်တယ်။

သက္ကာယဒိဋ္ဌိဆိုတာ ပရမတ္ထအားဖြင့် တကယ် ထင်ရှားရှိနေတဲ့ ရုပ်နာမ်ရဲ့အပေါ်မှာ ငါရယ်၊ သူရယ်၊ အတ္တကောင်ရယ်၊ ဝိညာဏ်ကောင်ရယ်လို့ စွဲတဲ့အစွဲ၊ ခန္ဓာကိုယ်ထဲမှာ သွားတတ်တဲ့အကောင်လေး ရှိတယ်လို့ မှတ်ထင်နေတာကိုဘဲ သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်၊ သက္ကာယ ဆိုတာ တကယ် ထင်ရှားရှိနေတဲ့ နာမ်ရယ်၊ ထိုနာမ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယော (လေ)ရုပ်တွေရယ်၊ အကြောင်းအားလျော်စွာ သူ့အလိုကျ သွားတယ်ဆိုပြီး လှမ်းလာတဲ့ ရုပ်စုရုပ်ပုံရယ် ဖြစ်တာက ဒါဘဲရှိတယ်။

အဲဒီအပေါ်မှာ ငါသွားတယ်၊ သူသွားတယ်လို့ ဆိုတော့ ငါသူတွေ ဝင်ပြီး စွဲလာကြပြန်တယ်၊ ယခုလို သွားချင်တဲ့ နာမ်ရယ်၊ သွားဟန်ပြုနေတဲ့ ရုပ်စုရုပ်ပုံရယ်၊ ဒီနှစ်ခုထဲဘဲ ရှိတယ်လို့ မြင်လိုက်တော့ အဲဒီ ငါဆိုတာ မရှိတော့ဘူး။

ရုပ် နာမ် နှစ်ရပ်၊ ပရမတ်တွေကို၊
ငါဘဲ သူဘဲ၊ အစွဲ ထိုထို၊
ဉာဏ်ဖြင့် ခွဲလို့၊ အစွဲကိုဖြို၊
ရုပ် နာမ် ကွဲ၊ ဘယ်လဲ ငါနဲ့ ကိုယ်။

ရုပ် နာမ် ကွဲလိုက်သည်နှင့် တပြိုင်နက် ငါ သူ ဆိုတာ ပျောက်သွားတယ်၊ အဲဒီ ရုပ် နာမ်ကို ရုပ် နာမ်အတိုင်း သိပြီလို့ ဆိုရင်လဲ

သက္ကာယဒိဋ္ဌိ ဆိုတာ ပြုတ်သွားတော့တယ်၊ အဲဒါ တဒင်္ဂ တခဏ ပြုတ်သွားတယ်လို့ ခေါ်တယ်၊ ဒို-ဒကာ ဒကာမတွေရဲ့ သန္တာန်မှာ အဲဒီ သက္ကာယဒိဋ္ဌိ စွဲလာကြတာက သံသရာလဆန်း ကမ္ဘာလဆန်း တရက်ကစပြီးတော့ စွဲလာတာမို့လို့ အတော်ကြီး ကြိုးစား ဖြုတ်ယူရမယ်၊ အစွဲက ကြာလဲကြာ၊ နာလဲ နာလှပြီ။

## သုတမယဉာဏ် ( ကြား သိ )

သို့သော်— ယခုပြောလိုက်လို့ တရားနာနေတဲ့ အခိုက်အတန့်ကလေးမှာတော့ ပြုတ်သွားတယ်၊ တကယ် ရှိနေတာက ရုပ်နာမ် နှစ်ခုသာ ရှိတယ်၊ အဲဒီ ရုပ်နာမ်နှစ်ပါးကိုဘဲ သူဘဲ ငါဘဲလို့ စွဲပြီး ဝိပဿနာနဲ့ မရှုပွားလိုက်ရင် ငါ သူလို့ဘဲ ထင်စွဲနေကြတယ်၊ အဲဒါကိုကွဲအောင် ဘာနဲ့ ခွဲရမတုန်းလို့ဆိုတော့ ပညာလို့ခေါ်တဲ့ ဉာဏ်နဲ့ ခွဲရမယ်၊ အဲဒီအစွဲတွေကို ခဏလေး ဖြိုလိုက်ပါတဲ့၊ ပြိုသွားတော့ ဘာဖြစ်တုန်းလို့ ဆက်လိုက်တော့ ငါ သူ ကိုယ်ဆိုတာတော့ မရှိဘဲ ပျောက်သွားတယ်၊ ယခု ဘုန်းကြီး ဟောနေခိုက်မှာဘဲ ပြောတဲ့အတိုင်း လိုက်နားထောင်နေခိုက် တခဏလေး ပျောက်ကွယ်သွားနိုင်တယ်၊ ဒါကိုတော့ နာသိ ကြားသိ သိနေတယ်လို့ ခေါ်တယ်၊ ဒီ ကြားလို့သိတဲ့ အသိကို “သုတမယဉာဏ်” လို့ ခေါ်တယ်။

ဒီ အသိကလေးက နေပြီး တဆင့် တက်ပြီးတော့မှ ပွားသိနဲ့ သိရမယ်၊ ဒီတော့ ပဌမဆုံး ကြားသိကလေးကို အာရုံပြုပြီး ရှေ့တိုးတိုးပြီး ပွားပေးလိုက်တော့ လေ့လာပြီးတော့ ပွားသိဆိုက်လာမှ

တကယ် မြင်တယ်တဲ့၊ အရေးကြီးတာက ရှေးဦးစွာ ကြားသိ သိဘို့ အရေးကြီးတယ်၊ ကြားသိ သိတယ်ဆိုတာ ပရိယတ္တိသာသနာကို ပြောနေတာ။

အဲဒီလို ရုပ် နာမ် ကွဲသွားတော့ ငါ, သူ, ကိုယ် ဆိုတာ ရှာမရ၊ အဲဒီလို ရုပ်နာမ် ကွဲနေတဲ့ အချိန်မှာလဲဘဲ အသက် ရှူရှိုက်နေကြ တယ်၊ ဒီပြင် သွားရေး သွီးရေး စီးပွားရေး တိုင်းရေး ပြည်ရေး ဆိုတာတွေ လုပ်နေတဲ့ အချိန်မှာလဲ ရှူရှိုက် နေကြတယ်၊ မိမိ တကိုယ်ထဲမှာပင် ဒီအရေးတွေ တွေးနေတဲ့အချိန်မှာ ရှူရှိုက်နေ တယ်၊ ရုပ်နာမ်ကွဲပြီး တရားကို နားစိုက်နာနေတဲ့အချိန်လဲ ရှူရှိုက် နေတယ်၊ ရှူရှိုက်တာချင်း တူပေမဲ့ စိတ်ချင်းမှာတော့ မတူနိုင်ဘူး။

ရုပ်နာမ်ကွဲပြီး ရှူရှိုက်နေတဲ့ အချိန်က ပညာ ဦးစီးနေသည်၊ အဲဒါကိုဘဲ မြတ်စွာဘုရားက ဇီဝတံ- အသက်ရှူရှိုက်နေတဲ့ ပုဂ္ဂိုလ် တွေထဲမှာဖြင့်၊ ပညာဇီဝိံ - ရုပ် နာမ် နှစ်ပါးကို ပညာ ဦးစီးနဲ့ ကွဲပြား၍ အသက်ရှင်နေသူကို၊ သေဋ္ဌံ — မဂ်ဖိုလ် နိဗ္ဗာန် ရရန် အကြောင်း အကောင်းဆုံး ဟူ၍၊ အာဟု - ငါဘုရားနှင့် တကွ သူတော်ကောင်း အပေါင်းတို့က မိန့်ဆိုတော်မူကြကုန်၏။

ပညာဦးစီးပြီး အသက် ရှူနေတာသာ မဂ်ဖိုလ် နိဗ္ဗာန် ရရန် အကြောင်း အကောင်းဆုံးဘဲ အာဋ္ဌဝက၊ ဒါက ရုပ်နာမ် ကွဲတုန်း ရှိသေးတယ်၊ ဝိပဿနာ မရောက်သေးဘူးနော်၊ အဲဒီ ရုပ် နာမ် နှစ်ပါးက ဘယ်သဘောရှိသလဲဆိုတော့ အနုမြင် အခုပျောက်၊ အခု

ဖြစ်, အခုပျက် သဘောရှိတယ်၊ ကြာကြာ မနေဘူး၊ အခုပေါ်, အခု ပျောက်နေတယ်ဆိုတဲ့ သဘောရှိတယ်၊ ရုပ်နာမ် တင်ပြီးတော့ စောစောက ရုပ်နာမ်ကွဲတဲ့အပေါ်မှာ ထပ်လောင်းပြီး သုံးသပ်လိုက်တော့မှ ရုပ်စု နာမ်စု, ခုဖြစ် ခုပျက် "ရုပ်နာမ် ဖြစ်-ပျက်" လို့ ရှုပွားပြီးနေတော့, သန္တတိ အစဥ်နဲ့ ပြောရမယ်ဆိုရင်....

အားလုံး ဒကာ–ဒကာမတို့မှာ တရားနာလာချင်တယ်ဆိုတဲ့ ဆန္ဒလေးရယ်၊ လာတယ်ဆိုတဲ့, လာခဲ့တဲ့အချိန်က ရုပ်နာမ်တွေရယ်, အခုအထိ ရှိသေးရဲ့လား၊ (မရှိတော့ပါဘုရား၊) ယခု တရားထိုင်နာနေတဲ့ အချိန်မှာရှိတဲ့ ရုပ်နာမ်တွေဘဲရှိတယ်၊ တရားနာလာတုန်းက ရုပ်နာမ်တွေ မရှိတော့ဘူး ဆိုတော့, ပျောက်သွားလို့ ပျက်သွားလို့ပေါ့၊ ပျောက်သွား ပျက်သွားရင် ဘာပြုလို့ ရုပ်ခန္ဓာကိုယ်ကြီးက ပျောက်မသွားတာလဲ, ကွယ်မသွားတာလဲဆိုရင် "ကံ-စိတ်-ဥတု-အာဟာရ" ဆိုတဲ့ အကြောင်းတရား လေးပါးက ဆက်ဆက်ပြီး ကျေးဇူးပြုနေလို့ မပျောက်တာ, မကွယ်တာဘဲ။

## မြစ်ထဲက ရေလိုဘဲ

ဧရာဝတီမြစ်ထဲက ရေတွေ တစီးထဲ စီးနေပါလျက်နဲ့ ဘာပြုလို့ ပြတ်မသွားတာလဲဆိုတော့, အထက်မှလာတဲ့ရေက မပြတ်စီးလာနေလို့ဘဲ၊ အထက်ကရေ လာနေသမျှ ပြတ်မသွားဘဲ စီးနေတယ်၊ အထက်က မိုးတွေရွာချရင် ရေတွေတိုးလာတယ်။

အဲဒီလိုဘဲ ခန္ဓာကိုယ်ကြီးမှာလဲ ရုပ်တွေ ပြတ်မသွားတာကလဲ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားတွေကြောင့် ရုပ်တရားတွေ ဆက်ဆက်ပြီး ဖြစ်ဖြစ်နေလို့ဘဲ၊ စိတ်ဆိုတဲ့ နာမ်တရားများလဲ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ အာရုံရယ်၊ ဒွါရရယ်၊ ဒီအကြောင်းတွေကြောင့် စိတ်အစဉ် ရေစီးကြောင်း မပြတ်ဘူး၊ နားလည်အောင်ပြောရရင် မျက်စိပေါက်ထဲက "စက္ခုပသာဒ"လို့ခေါ်တဲ့ မျက်စိအကြည်၊ အဲဒီ ဒွါရနဲ့ အပြင်က မြင်စရာ အာရုံဖြစ်တိုင်း စိတ်တွေက တဖွားဖွားပေါ်နေတယ်၊ ဖြစ်နေတယ်၊ အဲဒီစိတ်ကလေး ဖြစ်ပေါ်ဘို့ရာမှာလဲဘဲ အပြင်က မြင်စရာ အာရုံ၊ အတွင်းက ပသာဒလို့ခေါ်တဲ့ မှန်ရုပ်ရှိနေရင် မြင်စိတ်ကလေးတွေ ပေါ်လာတယ်။

ပသာဒရုပ် ပျက်လာတဲ့သူကြတော့ မြင်စိတ်ဆိုတာ မပေါ်ဘူး၊ ဒီတော့ မြင်စိတ်တွေ ဖြစ်နေတာ ဘယ်သူ့ကြောင့် ဖြစ်နေပါလိမ့်မလဲဆိုရင်၊ မြင်စရာအာရုံနဲ့ အတွင်း အခံခွတ်လို့ခေါ်တဲ့ စက္ခုပသာဒနဲ့တွေ့လို့ ပေါ်လာနိုင်တယ်၊ ဒါဖြင့် မြင်စိတ်ကလေးပေါ်လာအောင် ဗြဟ္မာကြီးဖန်ဆင်းတာ ဟုတ်ရဲ့လား၊(မဟုတ်ပါဘုရား၊ ) သိကြားမင်း ဖန်ဆင်းတာလဲ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား၊)ဘယ်သူ့ကြောင့် ပေါ်လာသလဲဆိုတော့ သူ့အကြောင်းနဲ့ သူ့အာရုံ တိုက်ဆုံလို့ ပေါ်တယ်။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ သူဘဲ၊ ပဋိစ္စ—သူ့အကြောင်းနဲ့ သူ့အာရုံတွေစွဲ၍၊ ဥပ္ပါဒ—ဖြစ်ပေါ်လာတဲ့ တရား၊ ( စိတ်ကလေး )၊

စက္ခုဝိညာဉ် မြင်စိတ်ကလေး တခု အပေါ်မှာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် သောတ ဃာန စတဲ့ (နား နှာခေါင်း စတဲ့) တရား တွေကို အကုန်လုံးသိနိုင်တယ်၊ ဒါဖြင့် မြင်စိတ်ကလေး ဘယ်သူ့ ကြောင့် ပေါ်လာသလဲဆိုရင် အာရုံနဲ့ အတွင်းက စက္ခုပသာဒလို့ ခေါ်တဲ့ ( အကြည် ) ဓာတ်ရှိမှ တွေ့ဆုံမှ ပေါ်တယ်လို့ ဆိုတော့ ဘယ်သူ့ကမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ ဘယ်ဝိညာဉ်ကောင်မှ ဖန်ဆင်းတာမဟုတ်ဘူး။

အဲဒီလို ပဋိစ္စသမုပ္ပါဒ်ဖြစ်တာကို မြင်တာနဲ့ "အတ္တ" ဆိုတာ ပျောက်သွားတယ်၊ ဒီလိုဆို ဒီမြင်စိတ်ကလေးဘယ်လောက်ကြာတုန်း ဆိုတော့ မြင်စရာအာရုံလေးမြင်ပြီး ဟိုဘက်ကြည့်လိုက်ရင် ပျောက် သွားတယ်၊ ဟိုဘက်လှည့်မှ ပျောက် ဆိုတာ မြင်လွယ်အောင် ပြောလိုက်တာပါ၊ တကယ်တော့ အာရုံကိုမြင်နေတဲ့ အခိုက်အတန့် မှာဘဲ စက္ခုဝိညာဉ်စိတ်တွေဟာ တဖြုန်းဖြုန်း တရုံးရုံး ဖြစ် ပျက် နေကြတယ်။

ဒီခန္ဓာကိုယ်ကြီးနဲ့ တကွ ရုပ်နာမ်ဓမ္မ သဘာဝတွေဟာ အမြဲ တန်း ဖြစ်လိုက် ပျက်လိုက်, ပေါ်လိုက် ပျောက်လိုက်၊ ဒီအတိုင်း ချည့်ဘဲလို့ နေ့စဉ်မှန်မှန် အဲဒီ ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ ဖြစ်-ပျက်ပုံကို ဉာဏ်နဲ့ကြည့်နေပြီး သုံးသပ်နေပြီ ဆိုလို့တော့ ဖြစ်တာ ပျက်တာလေးတွေ ဉာဏ်ထဲမှာ ထင်းကနဲ လင်းတနဲ ပေါ်လာလိမ့် မယ်၊ ထင်းကနဲ ရှင်းကနဲ ဖြစ်လာလိမ့်မယ်၊ အဲဒီ ဖြစ်လာတဲ့အချိန် ဟာ ရုပ်နာမ် ဖြစ်ပျက်ကို မြင်တာဘဲ၊ "ဝိပဿနာ"လဲ ဖြစ်ပြီ၊ "ဉဒယဗ္ဗယဉာဏ်"လို့ ဆိုတာလဲ ဒီဉာဏ်ကို ခေါ်တာဘဲ။

ဒါဖြင့် ဝိပဿနာဖြစ်နေတဲ့ အချိန်မှာ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို မြင်တယ်ဆိုတာ ပညာရဲ့သတ္တိ ဖြစ်တယ်၊ အဲဒီ ပညာနဲ့ ဖြစ်ပျက်ကို မြင်နေတဲ့ အခိုက်အတန့်မှာရော ရှုရှိုက် မနေဘူးလား၊ ( ရှုရှိုက်နေပါတယ် ဘုရား )၊ ဒါဖြင့် အဲဒီ ရှုရှိုက်နေတဲ့ အချိန်ဟာ ပညာနဲ့ အသက်ရှင်နေတယ်လို့ ဆိုရမယ်။

## ဝိပဿနာတမဂ်, သစ္စာ ၄ ချက် ပါပုံ

အဲဒီအချိန်မှာ ခါတိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ လောဘ ဒေါသ စတဲ့ တရားတွေကို မဖြစ်အောင် ပယ်သတ်ထားရာ ရောက်လို့ သမုဒယသစ္စာ တဏှာဒိဋ္ဌိကိုလဲ ပယ်သတ်ထားတယ်လို့ ခေါ်ရတယ်၊ ဒီ ဖြစ်ပျက်ကို မြင်နေတယ်ဆိုတော့ ဒီ ဖြစ်တာ ပျက်တာကို သူ့သဘာဝအတိုင်း မြင်နေတဲ့ အချိန်ဟာ ဒုက္ခသစ္စာကို ပိုင်းခြားသိနေတာလဲ ဖြစ်တယ်၊ ဒုက္ခကို ဒုက္ခမှန်းသိတဲ့ အခိုက်မှာဘဲ ဒုက္ခလွတ်ရာကို ဉာဏ်က ညွှန်နေတယ်၊ အဲဒီ ဒုက္ခလွတ်ရာ ဆိုတာကလေးဟာ နိရောဓသစ္စာ နိဗ္ဗာန်ဘဲ၊ ညွှတ်တဲ့ဉာဏ်က မဂ္ဂသစ္စာဘဲ။

အဲဒီလို အခိုက်အတန့်လေးကို မိမိသန္တာန်မှာ နေ့စဉ် ပွားယူရမယ်၊ လုပ်ယူရမယ်၊ များအောင် လုပ်ယူရမယ်၊ ဒါ့ကြောင့် ဗောဇ္ဈင်္ဂသုတ်တော်ကြတော့ ဘုရားရှင်က....

ဘာဝိတ– ကြိမ်ဖန်များစွာ ပြုလုပ်ရမယ်၊ ဗဟုလီကတ- အဖန်ဖန်အထပ်ထပ် လုပ်ယူရမယ်၊ အဲဒီလို လေ့လာပါများလာတော့ ဘာဖြစ်တုန်း၊ သမ္ဗောဓာယ ဥပသမာယ = မဂ်ဖိုလ်နိဗ္ဗာန် ဆိုတဲ့ တရားထူး တရားမြတ်ကို တွေ့မြင်ဘို့ ကိလေသာ အပူမီးတွေ ငြိမ်းဘို့ဖြစ်လိမ့်မယ်၊ နိဗ္ဗာနာယ– နိဗ္ဗာန်ဆိုတဲ့ တရားမြတ်အကျိုးငှါ

ဖြစ်လိမ့်မယ်၊ ဒီဘော့ နိဗ္ဗာန်မြင်မှာ၊ ကိလေသာတွေ အေးသွား မှာက အကျိုးတရားဘဲ၊ သူ့ဘာသာပေါ်လာမှာ၊ အားထုတ်ရမဲ့ အလုပ်ကို ငါ ပညာလေးနဲ့ကြိုးစားမယ်၊ ပညာလေးနဲ့ အသက်ရှူ ကြိုးစားမယ်လို့၊ အဲဒီ အနိစ္စသဘောလေးတွေကို မြင်လာအောင် ထင်လာအောင် ကြိုးစားတာက အကြောင်းတရားဘဲ။

ပညာဇီဝိ ဇီဝတ မာဟု သေဋ္ဌံ-ပညာနဲ့ အသက်ရှူရှိုက်နေ ခြင်းဆိုတာ အမြတ်ဆုံးဘဲ အာဋ္ဌဝက၊ မဂ်ဖိုလ်နိဗ္ဗာန် ရမဲ့အကြောင်း အကောင်းမြတ်ဆုံးဘဲလို့ မြတ်စွာဘုရားက အာဋ္ဌဝကကို ဒီတရား ဟောလိုက်တာ အဲဒီနားမှာဘဲ သောတာပန် တည်သွားတယ်။

အာဋ္ဌဝကတော့ သောတာပန် တည်သွားပြီ၊ ဒကာကြီး ဦးအေးမောင်တော့ ဘာတရားတည်သွားပြီလဲ၊ ကိုင်း-နောက်ပိုင်း အသာထားအုန်း၊ နင် မစဉ်းစား ၊ ငါစဉ်းစားအုန်းမယ် ဆိုတာ ပြောရအုန်းမှာကိုနော်၊ အဲဒီလိုနဲ့ အာဋ္ဌဝက သောတာပန်တည်ပြီး သစ္စာလေးပါး တချက်ထဲမြင်သွားတယ်၊ ဒကာ-ဒကာမများမှာလဲ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကို မြင်လိုက်တော့ ဒုက္ခသစ္စာကို ပိုင်းခြား သိတယ်၊ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း ပိုင်းခြားပြီး သိတယ်ဆိုတော့ ပညာရဲ့သတ္တိ မဟုတ်လား၊ (မှန်ပါဘုရား)။

အဲဒီ ဉာဏ်ပညာကို "မဂ္ဂသစ္စာ" လို့ ခေါ်တယ်၊ ဝိပဿနာမဂ် ပေါ့နော်၊ တကယ့် လောကုတ္တရာမဂ်တော့ မဟုတ်သေးဘူးနော်၊ အဲဒီ လောကုတ္တရာ မဂ်ကြီးရဲ့ ရှေ့ပြေး ဖြစ်တဲ့ ဝိပဿနာမဂ်ကို တဖွားဖွားနဲ့ဖြစ်အောင် ပွားများနိုင်ရင် မြတ်စွာဘုရား ဟောတော် မူတဲ့ တရားအတိုင်း လိုက်ပြီးနာရင်းနဲ့ နိဗ္ဗာနဓာတ်ကြီးကို ဖြတ်ဆို

မြင်နိုင်တယ်၊ အာဠဝကလဲ အဲဒီလိုနဲ့ နိဗ္ဗာန် မြင်ပြီး တကယ့် သောတာပန် အရိယာကြီး ဖြစ်သွားတယ်။

## ဘီလူးကျွတ်ချိန် ကလေးရောက်လာ

အာဠဝကလဲ့ သောတာပန်ဖြစ်ပြီး နံနက်အလင်းသို့လဲရောက်ပြီ၊ အဲဒီအချိန်မှာ အာဠဝီပြည် ဘုရင်မင်းမြတ်ရဲ့သားကို ထမင်းထုပ်နဲ့ ဆက်သတဲ့ သူတွေလဲ ဗိမာန်နား ရောက်လာကြပြီ၊ အာဠဝက သောတာပန် တည်ပြီး ဘုရားရှင် တရားတော်ကလဲ ဆုံးတဲ့အခါ အာဠဝကရဲ့ ဗိမာန်ထဲက နတ်မိဖုရားတွေ နှင့်တကွ အားလုံးက သာဓု....သာဓု....သာဓုလို့ သာဓု သုံးကြိမ်ခေါ်တဲ့အချိန်မှာ အာဠဝီ ပြည့်ရှင် မင်းရဲ့ သားလေး ထမင်းထုပ်နဲ့ ဆက်သတဲ့သူတွေကလဲ ရောက်အလာ၊ "ဟာ– ဦးအာဠဝကရဲ့ ဗိမာန်ထဲက သာဓု ခေါ်သံ ကြားရတယ်ဟေ့"လို့ ဆိုပြီးတော့ ဗိမာန်ထဲ ဝင်ရောက် လာပြီး မြတ်စွာဘုရားနား ရောက်လာတော့ ဘုရားကိုမြင်, အာဠ ဝက ဘီလူးကြီးလဲ လက်အုပ်ချီမိုး ရှိခိုးနေတာ မြင်ရတယ်။

## အာဠဝကဘီလူးကြီး ရှက်နေရှာ

ဒီလိုမြင်တော့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး သူတို့ဝတ္တရား အတိုင်း အရှင်ဘီလူးမင်း-အရှင်ဘီလူးမင်းအတွက်ဟောဒီကလေးနဲ့ ထမင်းထုပ်ကို ဆက်သပါတယ်လို့ ဆိုပြီး ဆက်သတော့ အာဠ ဝက, က ရှက်နေရှာတယ်၊ သောတာပန် ဖြစ်သွားပြီလို့ ဆိုတော့ စိတ်က ပြောင်းသွားပြီ၊ အာဠဝက ရှက်ပြီး ခေါင်းကြီး အောက် စိုက်ပြီး ကလေးကို မယူတော့, မြတ်စွာဘုရားက– "အာဠဝက၊

ယူလိုက်ပါ၊ ယူလိုက်ပါ”လို့ ဆိုတော့မှ အာဠဝကက ကလေးလေးကို လက်လှမ်းပြီး ယူတယ်။

## ဟတ္ထာဠဝက ဥပါသကာ တွင်ပုံ

ယူပြီးတော့ မြတ်စွာဘုရားကို လှူတယ်၊ လှူတော့မှ မြတ်စွာဘုရားက လက်တော်ဖြင့် ပွေ့ပိုက်ပြီးတော့မှ မင်းချင်းယောကျ်ားတွေ လက်ထဲကို ပြန်ထည့်ပေးတော်မူတယ်၊ ဒီကလေးကို သင်တို့ကြည့်ရှု စောင့်ရှောက်ကြ၊ အချိန်အရွယ် ရောက်တဲ့အခါမှ ငါ့ထံပြန်ပြီး ပို့ရမယ်လို့ မှာတော်မူပြီး ဘုရားရှင်က သူ့သားတော်အဖြစ်နဲ့ မွေးတော်မူလိုက်တယ်၊ နောင်တချိန်မှာ အရွယ်ရောက်လို့ မြတ်စွာဘုရားထံပြန်ပို့တော့ ဘုရားရှင်ရဲ့ တရားနာရလို့ အနာဂါမ်အထိ ရောက်သွားတယ်၊ သူ့လဲဘဲ ဟတ္ထာဠဝက ဥပါသကာရယ်လို့ နာမည် တွင်သွားတယ်၊ ဘာပြုလို့ ဟတ္ထာဠဝကလို့ ခေါ်ရသလဲ ဆိုတော့ ဟတ္ထ ဆိုဘာ လက်၊ အာဠဝကဆိုတာ အာဠဝီမြို့သားလို့ အဓိပ္ပါယ်ရတယ်၊ လက်ပြောင်း လက်ကူးတွေ များတဲ့ အာဠဝီသား ကလေးမို့ ဟတ္ထာဠဝကလို့ နာမည်တွင်သွားတယ်။

သာသနာ့သမိုင်းမှာ ပရိသတ် ၄ ပါးကို သင်္ဂဟဝတ္ထုနဲ့ ချီးမြှောက်တဲ့နေရာမှာ အသာဆုံးဆိုတဲ့ ဧတဒဂ် ဘွဲ့ထူးရတဲ့ ဥပါသကာ တယောက်အဖြစ်နဲ့ ထင်ရှားခဲ့တယ်၊ အဲဒီ ဟတ္ထာဠဝက သတို့သားလေး ကိုယ်တိုင်လဲ အနာဂါမ်တိုင် ထိအောင် တည်ပြီး ကျွတ်တန်း ခိုသွားခဲ့တယ်၊ အာဠဝက ဘီလူးကြီး ကိုယ်တိုင်လဲဘဲ သောတာပန်တည်ပြီး ကျွတ်တမ်းဝင်သွားခဲ့တယ်။

## အသားစားဘီလူးတောင် တရားထူးရလျှင်

ဒါ့ကြောင့် မြတ်စွာဘုရားရဲ့ ခန္တီတော်၊ မေတ္တာတော်၊ သစ္စာ ပါရမီတော် အစရှိသော ပါရမီတော်တွေနှင့်တကွ ဟောဖော် ညွှန်ပြ တော်မူသော ဂုဏ်သတ္တိ အစွမ်းကြောင့် အာဠဝက ဘီလူးကဲ့သို့ အသားစားဘီလူးပင်လျှင် (အသားစားပေမဲ့ သူက တိဟိတ်ပုဂ္ဂိုလ် တဲ့)၊ ရိုင်းစိုင်းတဲ့ခါတ်တွေ ကိန်းအောင်းနေတဲ့ ပုဂ္ဂိုလ်သည်ပင်လျှင် သောတာပန်တည်ပြီးသကာလ ကျွတ်တန်းခိုနိုင်ခဲ့တယ်ဆိုရင် ကထိန် ခင်းခြင်း အစရှိသော ဒါန သီလ ဘာဝနာ အလုပ်တွေ ကြိုးစား လုပ်နေကြတဲ့ ဒကာ-ဒကာမတွေ ကြိုးစားရင် အာဠဝကတည်သွား တဲ့ သောတာပန်မျိုးတော့ ဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် မလျှော့ရ ဘူးနော်။

ဘုန်းကြီးမှန်းထားတဲ့ အချိန်လဲ စေ့ရောက်ပြီ၊ မြတ်စွာဘုရား အာဠဝကဘီလူးအောင်မြင်တော်မူပုံ ဆောင်ပုဒ်လင်္ကာကို သုံးကြိမ် ဆိုပြီး ဒီတရားပွဲ သိမ်းရအောင်၊ အာဠဝကဘီလူးကို မြတ်စွာဘုရား အောင်မြင်တော်မူပုံကို အာရုံပြုပြီး လက်အုပ်ချီမိုး ရှိခိုးပြီး ဒီတရားပွဲ သိမ်းကြရအောင်၊ ကဲ....လိုက်ဆိုကြ။

ဘီလူးရန်ဆိုး, ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊
လင်္ကာစုံမိုး၍, ရှိခိုးဦးတင်၊
အောင်စေကြောင်း, ဆုတောင်းပဏာဆင်။

သာဓု.... သာဓု.... သာဓု။

အာဠဝကဘီလူး အောင်မြင်တော်မူပုံ ပြီး၏။

# (၃) နာဠာဂိရိဆင် အောင်မြင်တော်မူပုံ

[ အမရပူရမြို့ အမှတ် (၈) မော်တော်ယာဉ်အသင်းကြီး၏ မဟာဘုံကထိန်၌ ဟောတော်မူသည်။ ]

ဒီနေ့ တရားပွဲက အမှတ် (၈) မော်တော်ယာဉ်အသင်းကြီးရဲ့ (၂၂)ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့တရားပွဲ။

## မဉ္ဇူသက နတ်ပန်းခိုင်ကြီးတွေ

လွန်ခဲ့တဲ့ (၂)ညကလဲ ဆရာတော်ကြီး ၂ပါးက ပိဋကတော် တည်းဟူသော ပန်းခြံ ဥယျာဉ်ကြီး အတွင်းမှ ယနေ့ ညီးဝေး ညီညာ ရောက်လာကြကုန်သော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား သာသနာ့ဥယျာဉ်ခြံကြီးထဲခေါ်ပြီး သစ္စာ ၄ပါး ဒါန သီလ ဘာဝနာ အစရှိသော မဉ္ဇူသက တရားနတ် ပန်းခိုင်ကြီးတွေကို ဒေသနာဉာဏ်တော် တည်းဟူသော တံချူကြီး တွေနဲ့ ချူပြီး ဝေငှ ကမ်းလှမ်း ပေးဝေ လှူဒါန်းတော်မူခဲ့ကြပြီ၊ အဲဒီ ၂ ညလုံး ရောက်လာကြသော ဓမ္မမာမက, ဓမ္မမိတ်ဆွေ သူတော်စင်တို့အား သစ္စာ ၄ပါး, ပဋိစ္စသမုပ္ပါဒ် အစရှိတဲ့ မဉ္ဇူသက တရား နတ်ပန်းခိုင်ကြီးတွေကို ဒေသနာတော်ဉာဏ် တည်းဟူသော တံချူကြီးတွေနဲ့ ချူပြီး ချထားပေးတော်မူခဲ့ကြပြီ၊ အားလုံး တလုံးမှတ်မိ နှစ်လုံးမှတ်မိနဲ့၊ တိပိဋက ဆရာတော်ဘုရားကြီးကလဲ

ခုတ်(၁၈)ပါးဖြင့် ရှုပ္ပားပုံ ဟောသွားပြီ၊ မဥ္ဇူသက နတ်ပန်း ခိုင်ကြီးတွေကို ချပြီး ပေးခဲ့တော့၊ နှလုံးသား တည်းဟူသော ခေါင်းမှာ ပန်ဆင်ပြီး အသီးအသီး ရှိနေကြတယ်။

တရားနာပရိသတ်ကြီးက ပန်းပင်အထက်ကို မမှီတဲ့၊ တံချူလဲ မပါလာတဲ့၊ ပန်းကိုတော့ ပန်ချင်ပါလျက်၊ ပန်းကိုမှဘဲ ပန်းကို ချူလို့ရတဲ့ တံချူမပါဘဲ ပန်းပင် ပန်းခြုံကြီးအောက် ရောက်လာ သူတွေနဲ့ တူတယ်၊ ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက တံချူ မရှိလို့၊ မရလို့ မပန်ရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး သူတော်စင်တွေကို ပိဋကသုံးပုံ နိကာယ်ငါးရပ် ဆိုတဲ့ ပန်းခြုံကြီး ပေါ်က " ခုတ်ကမ္မဋ္ဌာန်း "လို့ ခေါ်တဲ့ မဥ္ဇူသက နတ်ပန်းခိုင် ကြီးကို ချူပေးသွားပြီ။

မန္တလေးမြို့ မစိုးရိမ်တိုက်က ဆရာတော် ဦးသာဂရာဘိဝံသကလဲ သစ္စာအနက် ( ၁၆ ) ချက်လို့ ဆိုတဲ့ မဥ္ဇူသက နတ်ပန်းခိုင်ကြီး တွေကို ချူပေးသွားတယ်၊ ဒါ့ကြောင့် ယနေ့ တရားနာပရိသတ်ရဲ့ သန္တာန်မှာ ပကတိမျက်လုံးနဲ့ မဟုတ်ဘဲ သူတော်ကောင်းတွေရဲ့ ဉာဏ်မျက်လုံးသုံးပြီး ဟောဒီ ပရိသတ်ကြီးကို ကြည့်လိုက်မယ်ဆိုရင် အားလုံးရဲ့ နှလုံးသားတည်းဟူသော ခေါင်းမှာ ပန်းတွေ ဝေနေ တာကို မြင်ရတယ်၊ မြင်ရမယ်၊ မော်တော်ယာဉ် ဥက္ကဋ္ဌ၊ အတွင်း ရေးမှူးတို့ရဲ့ ခေါင်းမှာ ကြည့်လိုက်ရင်လဲ တွေ့ရမယ်၊ တလုံး မှတ်မိရင် ပန်းတခိုင်၊ နှစ်လုံးမှတ်မိရင် ပန်းနှစ်ခိုင် ပင်ဆင်ရတယ်လို့ ခေါ်ရမယ်၊ ဒါဟာ ပန်းချူပေးသွားလို့ ရလိုက်တာဘဲ၊ ဒေသနာ

တော် ဉာဏ်တည်းဟူသော ကိုယ်ပိုင်တံချူနဲ့ မချူနိုင်လို့ ဒေသနာ တော် ဉာဏ်ကြီးတွေနဲ့ ချူပေးသွားလို့ ဒီပန်းတွေကို ဆက်ပြီး ပန်ထားလိုက်ကြရင် ဘုရားအမျိုးရှိတဲ့ သူတော်ကောင်းကြီးတွေက ဒီပန်း ပန်လာသူတွေကို မြင်ကြတယ်၊ ရှေးက စာဆိုတော်ကြီး တယောက်က ရေးခဲ့တယ်။ ...

" စပါယ်တဲ့— လေးရုံ၊
ပန်ချင်သူ မပန်ထိုက်တယ်၊ ပန်းပြတ်ခိုက်ကြုံ၊
အပွင့်ရယ်ကုန်၊ တငုံ ကျန်ပါသေးတယ်၊
ပန်ချင်သူ မမလေးတို့ရယ်၊(ပန်ချင်သူ ကိုကိုလေးတို့ရယ်)
ခေါင်းဖြီးခဲ့လေး"လို့ ရေးခဲ့တယ်။

ဒီကမ္ဘာမှာ ဘုရားငါးဆူပွင့်တာကို တင်စားပြီး ဆိုထားခဲ့တယ်၊ ဘုန်းကြီးတို့ ဒီ ဘဒ္ဒကမ္ဘာမှာ ဘုရား(၅)ဆူ ပွင့်တော်မူတယ်၊ အဲဒီ ဘုရား (၅)ဆူ ပွင့်တော်မူတဲ့အထဲက " ကကုသန်ဘုရား " ဆိုတဲ့ စပါယ်ရုံကြီးတရုံ၊ " ကောဏာဂုမ်ဘုရား " ဆိုတဲ့ ပန်းရုံကြီး တရုံ၊ " ကဿပဘုရား "ဆိုတဲ့ ပန်းရုံ၊ " ဂေါတမဘုရား "ဆိုတဲ့ ပန်းရုံ ကြီးတွေ ပွင့်တော်မူသွားကြပြီ။

ဟို ရှေးတုန်းကတော့ ဒါနယုဂ၊ သီလယုဂ၊ သုတယုဂ၊ သမာဓိ ယုဂ ခေတ်တွေနဲ့ ချိန်ကိုက်ပြီး ဒီလေးချိုးကို လှမ်းပြီးတော့ စပ်ထားခဲ့တာ၊ " ပန်းပြတ်ခိုက်ကြုံ "ဆိုတာ သစ္စာလေးပါး ဆိုတဲ့ ပန်းခိုင်ကြီးတွေကို ဒေသနာတော်ဉာဏ်တည်းဟူသော တံချူကြီး

တော့နဲ့ ချူပေးမဲ့ပုဂ္ဂိုလ်၊ ဟောပေးမဲ့ပုဂ္ဂိုလ် မရှိတာလို့ ဆိုတာ၊ အပွင့်ရယ်ကုန်၊ တငုံကျန်ပါသေးတယ် ဆိုတာ ဒီ ဘဒ္ဒကမ္ဘာမှာ ဘုရား (၅)ဆူ ပွင့်မဲ့အထဲက အရိမေတ္တေယျဘုရား တဆူပွင့်ဖို့ ကျန်သေးတာကို ဆိုတာ၊ အဲဒီ အရိမေတ္တေယျဘုရား ပွင့်လို့ရှိရင် သစ္စာ ၄ ပါး အစရှိတဲ့ ပန်းတွေကို ပန်ချင်ကြရင် ဒါန သီလ ဘာဝနာမှုတွေ ပြုပြီး ခေါင်းဖြီးလာခဲ့ကြပါလို့ ဆိုလိုတာ။

နောက်ဘုရားရောက်အောင်တောင် စောင့်မနေရတော့ဘူး၊ ယခု ဂေါတမဘုရား လက်ထက်မှာပင် အပွင့်ကုန်တယ်လို့ ဆိုပေမယ်လို့ "ဝိမုတ္တိယုဂ" ဆိုတဲ့ သစ္စာလေးပါးသံကြိုးတွေက လွမ်းပြီးတော့ ပန်းခြိုကြိုးတွေ လက်လှမ်းမှီတဲ့ အခြေအနေသို့ ရောက်လာကြပြန်တယ်၊ ဒီ သစ္စာလေးပါး ပန်းပွင့်တွေကို ၂ ညတိုင်တိုင် ဆရာတော်ကြီး နှစ်ပါးက ချူပေးသွားလို့ ယနေ့ ဒကာ-ဒကာမတွေမှာ ပန်ကြရ ဆင်ကြရပြီ။

ဘုန်းကြီးကလဲ ဒီနေ့ည ပန်ပြီးသား ပုဂ္ဂိုလ်တွေကို အမှန်း တင်တဲ့အနေနဲ့ ဘာလုပ်ပေးရမှာတုန်း ဒကာမြသန်းရဲ့ (ခေါင်းဖြီး ပေးရအုံးမှာပါဘုရား၊) (ပရိသတ်က ရယ်ကြသည်၊) ဩော်.... ခေါင်းထပ်ဖြီးပေးရအုံးမှာလား၊ ပန်းပန်ပြီးသားခေါင်းကို ထပ် ဖြီးလို့ ပန်ပြီးသားပန်းတွေ ပြုတ်ကျသွားမှာပေါ့၊ (ရယ်သံများ)၊ အချို့ ပန်းခိုင်သေးနေတာလေးတွေ၊ တချို့ နောက်ကျလို့ ပန်း မရလိုက်တာလေးတွေကို ဘုန်းကြီးတို့ အနေနဲ့ လက်ကျန်ကလေး တွေ အဖြစ်ဖြင့် ပန်းထပ်ပြီး ခူးပေးရအုံးမှာပေါ့၊ ချူပေးရအုံး မှာပေါ့၊ (မှန်ပါဘုရား)။

## ဝက်သား ကြက်သားနဲ့ အချိုပွဲ

တနည်းပြောရမယ် ဆိုရင်လဲ ရှေးကဟောသွားတဲ့ ဆရာတော်ဘုရားကြီး နှစ်ပါးက "ပိဋကသုံးဖြာ" ဆိုတဲ့ သာသနာတော် တည်းဟူသော ကျွေးရုံကြီးထဲက အဆီအနှစ်တွေကို ထုတ်ပြီး ကြက်သား, ဝက်သားတွေလို အိနေအောင် ချက်ပြုတ်ပြီး ကျွေးသွားကြပြီ၊ အဲဒီအဆီ အအိမ့်တွေ စားပြီးတဲ့နောက် လိမ္မော်သီးတို့လို ကမ္ဘာသီးတို့လို အချိုပွဲလေးများ တဲရသလို ငံနေ့ညသဲ ဘုန်းကြီးက အဆီအအိမ့်တွေ ထပ် မကျွေးဘဲ အချိုပွဲလေး တဲဘို့ လာခဲ့တာပါ ဦးမြသန်းရဲ့၊ ဒီနေ့ အရှင်ဘုရားအနေနဲ့ ဘာကြွေးမှာတုန်းလို့ ဆိုတော့- ဘုန်းကြီး လက်စမသိမ်းသေးတဲ့ အောင်ခြင်းရှစ်ပါးကိုဘဲ ဒီနေ့ည ဟောမယ်။

လက်စက ဘယ်က လက်စ ရှိလာတုန်းဆိုရင် တောင်မင်းကြီး မြတ်စွာဘုရား အနီးက သတ္တဋ္ဌာန ဘုရားပွဲကို အကြောင်း ပြုပြီး အမရပူရ အကီးစုရပ်ကွက်က စခဲ့ပါတယ်၊ အဲဒီတုန်းက မာရ်နတ်အောင်မြင် တော်မူပုံ၊ နောက် ရွှေ သစ်ရပ် သမားတော်ကြီး ဦးကျော်ငြိမ်းရဲ့ မဟာပရိတ္တစာရီ အသင်းကြီးရဲ့ ( ၃၄ ) ကြိမ်မြောက် မဟာဘုံကထိန်မှာ အာဠဝက အောင်မြင်တော်မူပုံ ဟောခဲ့ရတယ်။

ဦးမြသန်း၊ တရားပွဲမစခင် အသံချဲ့စက်က ဘာတွေကြေငြာနေတာတုန်း၊ ( ဆေးရုံ အတွက် အလှူငွေ ကုသိုလ်ရှင်တွေ ကြေငြာ

တာပါဘုရား၊ ) ခြေဘ်.... ဒီလိုလား၊ ဒီဘုန်းကြီး သိရက်သားနဲ့ မေးနေတာနော်၊ ( ရယ်သံများ )၊ ဒီဟာ ကြားချင်လို့ နားစွင့်ထောင်ရင်း သိရက်နဲ့ မေးနေတာ၊ တရားထောက်ဆိုတာ ဒီနေရာမျိုးမှာ ပါးရတယ်၊ အရှင်ဘုရားသိလျက်သားနဲ့ မေးမနေစမ်းပါနဲ့လို့ လျှောက်ရတယ်၊ ဘာပြုလို့ အလူခံနေရတာတုန်းလို့ ဆိုတော့ ဘုန်းကြီးအတွက် မဟုတ်ပါဘူး၊ အကြောင်း အားလျော်စွာ ဖြစ်သွားတဲ့ ကိစ္စပါ၊ ဘုန်းကြီးဟာ ကျန်းမာရေးက မပြည့်စုံတော့ ဆေးရုံကို ခဏခဏ သွားရတယ်၊ အဲဒီလိုသွားရင်း ဆေးရုံရဲ့ ဆေးပစ္စည်း၊ ဆေးကိရိယာ စတဲ့ လိုအပ်ချက် ကလေးတွေ သိရတယ်။

## အရှင် ဗာကုလထုံး နှလုံးမူ

အဲဒီ လိုအပ်ချက်ကလေးတွေကို ကြည့်ပြီး ငါလဲ ကျန်းမာရေးက မကောင်းတော့ ကျန်းမာရေးရဲ့ အထောက်အပံ့ဖြစ်စေရန် ဒီတရားပွဲက ရတဲ့ နဝကမ္မကို စတင်ပြီး ဆေးရုံမှာ လှူမှဘဲလို့ စိတ်ကူးပေါက်ပြီး စလိုက်ပါတယ်၊ စလိုက်တယ်ဆိုရင်ဘဲ ယခု ဒကာ ဒကာမတွေက ဘုန်းကြီးရဲ့ ပါရမီ ကူညီ ဖြည့်တဲ့အနေနဲ့ မိမိတို့ကိုယ်တိုင်ကလဲ ရှင်ဗာကုလတို့ ထုံး နှလုံးမူပြီး သကာလ ဝိုင်းလှူကြတယ်၊ သာသနာတော်မှာ အသက် (၁၆၀)ရှည်ပြီး လူ့ဘဝနဲ့ အသက် (၈၀), ရဟန်းဘဝနဲ့ အသက်(၈၀)နေရပြီး ဟတ်ချိုးလို့ တခါမှ မချီရ၊ ချောင်းတချက်မဆိုးရဘူးလို့ သာသနာ့သမိုင်းမှာ မှတ်တမ်းတင်ရတဲ့ ကျန်းမာရေး ဂုဏ်နဲ့ ပြည့်စုံတဲ့ အရှင်ဗာကုလရဲ့ မူရင်းကောင်းမှု ကြည့်လိုက်တော့ ဟောဒီ ဆေးပစ္စည်း၊ ဆေးကရိယာ

တွေကို လှူခဲ့တဲ့ ကောင်းမှုကို မှုရင်း ရေသောက်မြစ် အဖြစ်နဲ့ တွေ့ရတယ်။

ဒါနဲ့ ဘုန်းကြီးကလဲ အားကျပြီးတော့ မိမိအားနဲ့ မိမိ ဆေးပစ္စည်းတွေ လှူအုံးမှာဘဲလို့ စိတ်ကူးရတာနဲ့ လှူမယ်လို့ ဆိုပြီး ဓမ္မပူဇာတွေကို လှူပြီး၊ စပ်ရာစပ်ရာတွေကလဲ မေးကြလို့ ပြောရင်းပြောရင်းက အခုတော့ ရည်မှန်းတဲ့အတိုင်း ဖြစ်လာလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ်။

ယခုအခါမှာဆိုရင် အမရပူရမြို့နယ် ဆေးရုံကြီးမှာ လိုနေတဲ့ လူနာတင် လက်တွန်းလှည်း (၂)စီး (၂၀၀၀)ကျော်တန်ကို အမှတ် (၇)မော်တော်ယာဉ် လုပ်သားများက လှူကြတယ်၊ အိုးတော်ရပ်က ဦးအောင်မြင့်-ဒေါ်သိန်းမြ မိသားစုက ငွေ ၂ သောင်းနှင့် စောင်အထည် နှစ်ထောင်ဘိုး၊ အိုးတော်ရပ် ဦးချမ်း-ဒေါ်ခင် မိသားစုက တထောင်ကျပ်၊ မန္တလေးမြို့ မေ့ရာတန်း ဒေါ်ကျင် မိသားစုက တထောင်ကျပ်မှစပြီး အမရပူရ မြို့မ (၇) ရပ်ကွက်နှင့် မြို့နယ်မှာ နေကြတဲ့ ဒကာ-ဒကာမတွေက စုပေါင်း လှူကြတဲ့ အလှူငွေနဲ့ ဆေးပစ္စည်း၊ ဆေးကိရိယာတန်ဘိုးဟာ တသိန်းကျော် ရသွားဘယ်။

လူနာများအအေးခမ်းနှင့် အအေးစက်ကို မန္တလေးမြို့ ဝါးတန်း ဒေါ်ညွန့်ညွန့်၊ ဒေါ်သန်းသန်း တို့က လှူပြီး၊ လူနာများ ချိုချဉ်စက်ကို မန္တလေးမြို့ စီပီလိုင်းရပ် ဒေါ်တင်တင်က ကုသိုလ်ပြုတယ်၊ ဆေးရုံကြီး ပတ်လည် တံတိုင်းကိုတော့ မန္တလေးမြို့ ရွှေမြင်း ဦးထွန်းလှိုင်-ဒေါ်သိန်း တို့က လှူဒါန်းကြတယ်။

အမရပူရမြို့နယ် ပါတီ ကောင်စီက ဦးဆောင်ပြီး အမှတ်(၈) မော်တော်ယာဉ် အသင်း၊ အမရပူရ အ ထ က၊ ဆောင်းဒွါးရက္ကန်း ကျောင်း တို့နှင့်တကွ ဒကာ - ဒကာမများက လူနာများ အတွက် ခုတင်များ၊ စားပွဲများ၊ ဘီဒိုများ၊ ဆေးများ လှူဒါန်းကြလို့ ယခု တော့ အဆောင်ကလေး ပြည့်စုံသွားပါပြီ၊ ဝမ်းမြောက်စရာ, သာဓု ခေါ်စရာတွေပါဘဲ။

ကဲ– ဒီနေ့ ဘုန်းကြီး ဟောလက်စဖြစ်တဲ့ အောင်ခြင်းရှစ်ပါးကို ဆက်ပြီး ဟောမယ်လို့ ဆိုတဲ့အတိုင်း၊ အထူးသဖြင့် နာဠာဂိရိဆင်ကို အောင်မြင်တော်မူပုံနဲ့ အင်္ဂုလိမာလ ခိုးသူကို အောင်မြင်တော်မူပုံကို ဟောရင်း အမှတ် (၈) မော်တော်ယာဉ် အသင်းကြီးနဲ့ ဒကာ- ဒကာမတွေကို ဘုရားရှင်ကိုယ်တော်မြတ်က သိစေချင်တဲ့အကြောင်း အရာများနှင့်တကွ မဟာဘုံကထိန်ကြီးရဲ့ အကြောင်းကိုလဲ နာကြား ကြရမယ်၊ အားလုံး ပူလုပ်ကြတဲ့ ကိုယ့် ကောင်းမှုတွေကိုလဲဘဲ အင်္ဂုလိမာလ ခိုးသူကြီးကို ဘုရားရှင်ကဟောပြတော်မူရင်း နာကြား ကြရ ပါလိမ့်မယ်လို့။......

မာရံ ယက္ခံ ဂဇံ စောရံ,
စိဥ္စမာဏဥ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနော ဇိနိ,
ဟောတု မေ ဇယမင်္ဂလံ။

ဇိနော– အောင်သူတကာတို့၏ အထွဋ်, တမွတ်ဥသျှောင်, ဘုန်းခေါင် ဘုန်းဖျား, ငါတို့ မြတ်စွာဘုရားသည်၊ မာရဥ္စ – ဂိရိ

မေခလာ, ဆင်မဟာကို, လျင်စွာတက်စီး, ပလ္လင်နီးဝယ်, လေကြီးမိုဃ်းကြီး, ပြာပူမီးနှင့်, မှောင်ကြီးတတန်, ဓားလှံမကြွင်း, ပစ်ခတ်ခွင်းလျက်, အချင်း သိဒ္ဓတ်, ပလ္လင်မြောက်မှ, အမြန်ထခလော့, စိန်းမြညိုလွင်, ဗောဓိပင်နှင့်, ပလ္လင်တော်ကား, ထင်အရှားပင်, သင်ကားမဆိုင်, ငါသာပိုင်ဟု, စွဲကိုင်လက်နက်, ရဲစစ်မက်ဖြင့်, အောက်ထက်ဝန်းရံ, သောသောညံအောင်, အသံဟစ်ကြွေး, မယဉ်ကျေးသည့်, ရန်ဘေးတသင်း, မာရ်နတ်မင်းကိုရှင်း။

ယက္ခဋ္ဌ — ဓားမိုး လှံမိုဃ်း, မီးကြီးမိုဃ်းကို, ရွာဖြိုး သွန်းချ, ယမ်းမီးကျသို့, ကောဓပြင်းထန်, ငါ့ဗိမာန်မှ, အမြန်ထွက်သွား, နှင်ရက်အားသည့်, တရားကင်းကွာ, ကြမ်းကြုတ်စွာသား, အာဠဝက, တေဇထန်ပြင်း, ဘီလူးမင်းကိုရှင်း။

ဂဇဋ္ဌ - အစွယ်ထက်ချွန်, အရက်မွန်လျက်, အလွန်ဆိုးညစ်, အမုန်ရစ်၍, ရှင်ချစ်သေဌ်နင်း, သုံးလူ့မင်းကို, အတင်းအကြုပ်, ဝိညာဏ်ပြတ်အောင်, ထိုးသတ်အံ့ငှါ, ရှေ့ရှုလာသည့်, နာဋ္ဌ ဂိရိ, တောင်ရှိနီးနီး, ဆင်ပြောင်ကြီးကိုရှင်း။

စောရဋ္ဌ—ခရီးဝေးကွာ, ယူဇနာကို, လျင်စွာ ပြေးစွမ်း, တောမြိုင်တန်းက, လူဖမ်း လက်ဖြတ်, သေအောင် သတ်၍, နန်းရပ်ကျော်, မွေးမယ်တော်ကို, မြင်သော် စိုက်စိုက်, ဓားဖြင့် လိုက်၍, မကိုဋ်ထွဋ်တင်, ဘုရားရှင်ကို, အသင် ရှောင်ဝေး, ဘယ့်ကြောင့် ပြေးဟု, ဓားရေးပြကာ, သတ်မည့် လာသား, လွန်စွာ ဆိုးဘိ, အင်္ဂုလိခေါ်, သူခိုးကျော်ကိုရှင်း။

စိဋ္ဌမာကာဠ– အလှန်ကောက်ကျစ်, တိတ္ထိညစ်တို့, အပြစ်ရှာကြံ, မကောင်းဉာဏ်ဖြင့်, စိမံ ဆုံးဖြတ်, စေလွှတ် လတ်၍, ပရိသတ်ထဲ, အရှက်ကွဲအောင်, စွပ်စွဲတတ်စွာ, စိဉ္စမာ ဟု, သညာ ဖေါ် ထုတ်, မိန်းမယုတ်ကိုရင်း။

သစ္စက်– မစင်မဖြူ, မိစ္ဆာယူဖြင့်, မည်သူ့ကိုမျှ မာန် မချဘဲ, ဝါဒချင်းပြိုင်, သူက ပိုင်အောင်, အနိုင် လွှမ်းမိုး, အယူဆိုးသည့်, တိတ္ထိမျိုးမိုက်, သစ္စကပရဗိုဇ်ကိုရင်း။

နာဂဠ–ဒေါသလွှမ်းမိုး, မျက်စောင်းထိုးက, အရိုးကျေမွ, ဖွဲ့ပြာ ကျသို့, တေဇထန်ပြင်း, နန္ဒောပနန္ဒ နဂါးမင်းကိုရင်း။

ဗကဠ–ဉာဏ်မြင် ကင်းကွာ, နိစ္စသာ ဟု, မိစ္ဆာ လွှမ်းမိုး, အယူ ဆိုးသည့်, တန်ခိုး အရောင်, ထိန်ပြောင် ညီးညီး, ဗကဗြဟ္မာကြီး ကိုရင်း။

အဇ်ိနို–ဒိဋ္ဌိကိုချ, ဒေါသကို ပယ်, မာန်စွယ်ကို ချိုး, သဒ္ဓါဖြိုး လျက်, ရှိခိုးတုပ်ကွ, ပြားပြားကျအောင်, ဆုံးမသွန်သင်, အောင်ပွဲ တော် ယင်ခဲ့လေပြီ၊ ဝေတေန သစ္စဝဇ္ဇေန - အောင်ခြင်း ရှစ်ချက်, ဂုဏ်တော်နက်ကို, နှုတ်မြွက် ဖေါ်ကြား, ဤ သစ္စာစကားကြောင့်၊ မေ- မအောင်သေးခင်, အောင်ကြွေး တင်၍, အောင်မြင်ရန်မြှော်, တပည့်တော်၏၊ (ဝေါ တုမှာကံ- မအောင်သေးခင်, အောင်ကြွေး တင်၍ , အောင်မြင်ရန်မြှော်တောင်း , သင် တရားနာ ပရိသတ်

အပေါင်း, သူတော်ကောင်းတို့၏၊) ဇယမင်္ဂလာ-အောင်ရန်အတိတ်, အောင်နိမိတ်နှင့်, အောင်ဘိသိက်သွင်း, အောင်ဟိတ် ကျင်းလျက်, အောင်ခြင်း စဉ်ကာ, မင်္ဂလာသည်၊ ဟောတု–တက်သစ် နေဝန်း, ထွန်းသစ် လစန်း, ပွင့်သစ် ပန်းသို့, ဆန်း အဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန် မသေ့, ဖြစ်ပေါ်ပါစေ သတည်း။

သာဓု.... သာဓု.... သာဓု။

ယနေ့ည နာဠာဂိရိဆင် အောင်မြင်တော်မူပုံကို ဟောရမယ် လို့ဆိုတော့ ရှေးဦးစွာ ရာဇဂြိုဟ်မြို့ထဲ ဘုရားရှင် ဆွမ်းခံကြွတော် မူရင်း နာဠာဂိရိဆင်ကို အောင်မြင်တော်မူပုံကို အာရုံပြုပြီး, အောင်မြင်တော်မူပုံ ရှစ်လုံးဘွဲ့ဂါထာလေးနဲ့ ဒီတရားပွဲကြီး ဖွင့်ကြ ရအောင် လက်အုပ်ချီပြီး လိုက်ဆိုကြပါအုံး၊ ပရိသတ်ကြီးက ရှုံပြည့်လို့ဆိုတော့ အားလုံးက အလုံးစုံ အောင်မြင်တော်မူတဲ့ ဘုရားရှင်ကို လက်အုပ်ချီမိုး ရှိခိုးတယ်လို့ ဆိုတော့ ကိုယ့်မှာလဲ အောင်မြင်နိုင်တဲ့ ဓာတ်သတ္တိတွေ ကူးလာတယ်၊ အားလုံးက လက်အုပ်ချီထားပြီး ရာဇဂြိုဟ်မြို့ထဲ နောက်ပါ သံဃာတော်တွေနဲ့ ဘုရားရှင် ဆွမ်းခံကြွတော်မူရင်း နာဠာဂိရိဆင်ကြီးကို အောင်မြင် တော်မူပြီး, ဘုရားရှင်ရဲ့ရှေ့မှာ ဆင်ကြီး ဒူးတုပ်နေပုံကို အာရုံပြုပြီး စိတ်ထဲမှာ မှန်းထားလိုက်တော့ ကိုယ့်သန္တာန်မှာ ဘုရားရောက် လာပါတယ်၊ ကဲ–အဲဒါ အာရုံပြုပြီး လိုက်ဆိုကြပါ။

"ဆင်မင်းရန်ဆိုး, ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊

လက်စုံမိုး၍, ရှိခိုးဦးတင်၊
အောင်စေကြောင်း, ဆုတောင်း ပဏ္ဏာဆင်။

( ၃ ခေါက် ချ, ဆို။ )

ကဲ–အားလုံးက ဦးညွှတ်လိုက်ကြပါ၊ အားလုံး အသီးအသီး သူတော်ကောင်း ဓာတ်သတ္တိတွေနဲ့ ဒီတရားပွဲကြီးကို ဖွင့်ပြီးတော့ နာဠာဂိရိဆင်ကို ဘုရားရှင် အောင်မြင်တော်ပုံကို အကျင့်တဝင့် ပြောဆိုရမယ်၊ ဒီ နာဠာဂိရိဆင်ကို ဘယ်သူက လွှတ်ခဲ့ပါသလဲဆိုရင် ဘုရားရှင်ကို အမြဲတန်း ရန်လုပ်နေတဲ့ အရှင်ဒေဝဒတ်က လွှတ်ခဲ့ပါသည်၊ ဒါ့ကြောင့် အရှင်ဒေဝဒတ်အကြောင်းကလေး မပါဘဲနဲ့လဲ မပြီးသေးဘူးပေါ့။

## အရှင်ဒေဝဒတ် သာသနာဝင်လာပုံ

"အရှင်ဒေဝဒတ်"လို့ဆိုတာဟာ ဘုရားရှင်ရဲ့ ညီလဲတော်တယ်၊ ယသော်ဓရာဒေဝီရဲ့ မောင်ကြီးမို့လို့ ယောက်ဖလဲ တော်တယ်၊ အရှင်ဒေဝဒတ် ( ဒေဝဒတ္တမင်းသား )ဟာ ဘုရားရှင် ဘုရားဖြစ်ပြီးလို့ သိပ်ပြီး မကြာခင်မှာဘဲ ကပိလဝတ် နေပြည်တော် ဘက်ကို ကြွရောက်လို့ လာတယ်၊ အဲဒီအချိန်မှာ သာသနာ့ဘောင် ဝင်ခဲ့တယ်၊ ဘုရားရှင်ရဲ့ နောက်ပါရဟန်းတော်တွေထဲမှာ ဆွေတော်မျိုးတော်တွေကလဲ ရဟန်းဝင်ပြုကြမှ တော်မယ်လို့ဆိုပြီး တာဝန်တွေ အသီးအသီး ခွဲလိုက်ကြတဲ့နေရာမှာ....

"အာနန် ဒေဝ, ဘဒ္ဒ အနု, ဘဂု ကိမိ, ခြောက်ယောက်ရှိ,
သာကီ ဆွေမဟာ၊
ဥပါလိလျှင်, အတူဝင်, မြတ်ရှင် သာသနာ"....

ဆိုတဲ့အတိုင်း မြတ်စွာဘုရားရဲ့ အလုပ်အကျွေးဖြစ်တဲ့ အရှင်အာနန္ဒာ ရယ်လို့ နောင်မှာ ထင်ရှားတဲ့ အာနန္ဒာမင်းသားရယ်၊ ဒိဗ္ဗစက္ခု အဘိညာဏ်နေရာမှာ ဧတဒဂ် ရတော်မူတဲ့ အရှင် အနုရုဒ္ဓါရယ်လို့ နောင်တချိန်မှာ ထင်ရှားတော်မူတဲ့ အနုရုဒ္ဓါမင်းသားရယ်၊ ဘဒ္ဒိယ မင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား ဟူသော ထင်ရှားတဲ့ မင်းသားငါးပါး နှင့်တကွ ဒေဝဒတ္တလို့ ခေါ်တဲ့ ဒေဝဒတ်မင်းသား ကလဲ သာသနာ့ဘောင်ကို ဝင်လာခဲ့ကြတယ်။

ဘုရားရှင် ကပိလဝတ် နေပြည်တော်ကနေပြီးတော့ ရာဇဂြိုဟ် မြို့ဘက်ကို ပြန်ကြွတော်မူတဲ့အခါ အနုပိယလို့ဆိုတဲ့ နိဂုံးမှာ သီတင်း သုံးတော်မူစဉ် ရဟန်းဝင်ပြီး ဝတ်လိုက်ကြတယ်၊ ဒီလို ရဟန်းဝင်ပြီး ဝတ်ခဲ့ကြရင်းက ရှင်ဒေဝဒတ်ဆိုတာက သူများဝတ်လို့သာ ဝင်ပြီး ဝတ်ခဲ့ရတာ စိတ်ထဲမှာ ဘုရားရှင်ရဲ့ အပေါ်မှာ မကျေနပ်ချက်က "ငါ့ရဲ့ နှမကိုလဲ ယူထားသေးတယ်၊ ပြီးတော့ ပြစ်ထားခဲ့ပြီး တောထွက်သွားတယ်၊ သိဒ္ဓတ္ထ မတရားဘူး"လို့ ဆိုပြီး ကြည်ညိုရင်းစွဲ စိတ်က မပါလှပါဘူး၊ အဲဒီ အခံခါတ်ကလေးကြောင့် သူများ ရဟန်းဝတ်လို့သာ ရောပြီးဝတ်လာတာ ဘုရားနားမှာလဲ ကြာကြာ မနေချင်လှဘူး။

ဒါပေမဲ့လို့ ဘုရားရှင် ညွှန်ပြတော်မူတဲ့အတိုင်း တရားဘာဝနာ အလုပ် အားထုတ်လိုက်တဲ့ အခါမှာ မကြာမတင် ဆောလျင်စွာဘဲ အရှင်အာနန္ဒာတို့, အရှင် အနုရုဒ္ဓါတို့, အရှင် ဘဒ္ဒိယ, အရှင် ဘဂု, အရှင် ကိမိလတို့က သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာတွေ ဖြစ်ကုန်ကြပြီ၊ အရှင်ဒေဝဒတ်ကတော့ မြေလျိုး မိုးပျံ ဆိုတဲ့ လောကီ အဘိညာဉ်တွေကို ရတယ်၊ အဲဒီလိုနဲ့ ကမ္ဘာနဲ့ချီပြီး ဘုရားရှင်နဲ့ မတွေ့လာခဲ့တာလို့ဆိုတော့ ဘုရားရှင်ကို မြင်လိုက်ရင်ဘဲ ခေတ်က မတွေ့ချင်ဘူး၊ သူက ဒါနဲ့ ဘာကြံလိုက်တုန်းလို့ ဆိုတော့ ဈာန်အဘိညာဉ် တန်ခိုးတွေကိုတော့ဖြင့် ငါရပြီ၊ ဒို့ ဘုန်းကြီးဘဝ ဆိုတာ ပစ္စည်း လာဘ်လာဘပေါဘို့ အရေးကြီးနေသေးတယ်၊ ဒီ လာဘ်လာဘပေါဘို့အတွက် ငါဘယ်ကိုသွားပြီး ပစ္စည်းစုရပါမလဲ၊ ငါ ဘယ်လိုလုပ်ရပါမလဲလို့ ကြံလိုက်တဲ့ အခါမှာ ရာဇဂြိုဟ်မြို့မှာ ဗိမ္ဗိသာရမင်းကြီးရဲ့ သားကလေး အဇာတသတ်ကို သွားပြီးတော့ မြင်တယ်။

## ဘုရားရှင်ကို လုပ်ကြံဘို့

အဲဒီမင်းသားကလေးဟာ ဖြင့် ငယ်သေးတယ်၊ ဒီတော့ ငါပြော သလိုလဲ ရမှာဘဲလို့ဆိုပြီး တန်ခိုးအဘိညာဉ်နဲ့လဲ ပြည့်စုံတဲ့ပုဂ္ဂိုလ် လို့ဆိုတော့ ကောင်းကင်ကနေပြီး လာလိုက်တာ မင်းသားကလေး ရဲ့ ရှေ့နားမှာ ဖြုန်းကနဲ သူ့ကိုယ်သူ အလမ္ပါယ် သမားအလား အဝတ်အစားတွေ ဆင်ပြီး မြွေတွေ လည်ပင်းမှာရော၊ လက်မှာရော ခေါင်းပေါ်မှာရော မြွေပန်းတွေ ပန်ပြီး မင်းသားကလေးရဲ့ရှေ့မှာ

သူက ပြလိုက်တယ်၊ အဲဒီတော့ အဇာတသတ် မင်းသားကလေးက လန့်ပြီး " အမယ်လေး.... ဒါ ဘယ်သူတုန်း " လို့ ဆိုလိုက်တော့ "မင်းသားလေး လန့်သွားသလား " " ဟာ........မလန့်ဘဲ နေပါ့ မလား၊ ခင်ဗျားက ဘယ်သူလဲ"။

ငါက သူမျှားမဟုတ်ပါဘူး၊ ဒေဝဒတ်ပါ၊"အို-အရှင်ဒေဝဒတ် ဆိုရင် ရဟန်းတော် မဟုတ်ဘူးလား၊ ရဟန်းအသွင်နဲ့ ပြတော်မူပါ ဘုရား"၊ " အေး- ကောင်းပြီ၊ ကောင်းပြီ " လို့ ဆိုပြီး ရဟန်း အသွင်နဲ့ ပြလိုက်တယ်၊ အဇာတသတ် မင်းသားကလေးက သိပ်ပြီး တော့ အထင် ကြီးသွားတယ်၊ အမယ်လေး .... ကြည့်ပါအုန်း၊ ဦးဒေဝဒတ်တို့မျှား တယ်ပြီး တန်ခိုးကြီးတာကိုး၊ အဲဒီလို အထင် ကြီးသွားတဲ့အချိန်မှာ သူက ဖမ်းတော့တာဘဲ၊ မင့်ဆီကို ငါလာခဲ့ တာတော့ တခြား အကြောင်းကြောင့် မဟုတ်ဘူး၊ ရှေးတုန်းက လူတွေဆိုတာ သက်တမ်း ရှည်ကြတယ်ကွ၊ ယခုကာလ လူတွေက သက်တမ်း တိုကုန်ကြပြီ။

မင်းဟာ- ဒီအတိုင်း ဆက်ပြီး နေသွားလို့ ရှိရင် မင်းကလဲ သက်တမ်းက တို၊ မင့်အဖေကြီးကလဲ နန်းက မလွှဲသေးဘူးလို့ ဆိုတော့ မင်းတော့ အိမ်ရှေ့မင်းဘဝနဲ့ဘဲ သေသွားရတော့မှာပေါ့ ကွ၊ ဒီတော့ မင်းက မင့်အဖေကို သတ်ပြီးတော့ ရှင်ဘုရင်လုပ်၊ ငါက လဲဘဲ ဂေါတမဘုရားကို သတ်ပြီးတော့ ဘုရား လုပ်မယ်၊ အဲဒီကြ မတော့မှ မင်းက ရှင်ဘုရင်၊ ငါက ဘုရား၊ ဆရာ-ဒကာ နှစ်ဦး လက်ဘဲ့ပြီး သာသနာ ပြုကြရအောင်။

အရှင်ဘုရား ဖြစ်နိုင်ပါ့မလား၊ အို....တယ်ပြီး ခက်တဲ့အကောင်ဘဲ ကိုး၊ မင်း ဒီလိုနဲ့ သာ နေသွားလို့တော့ ရှင်ဘုရင်ဖြစ်ကိန်းကို မမြင် တော့ဘူး၊ လူ့တွေက သက်တမ်းက တိုပါတိသနဲ့၊ ကဲ ဘုရား.... အဲဒီလိုဆိုရင် အရှင်ဘုရားပြောတဲ့အတိုင်းဘဲ တပည့်တော်ရဲ့ ခမည်း တော်ကြီးကို လုပ်ကြံပါ့မယ်လို့ လျှောက်လိုက်တယ်၊ အဇာတသတ် မင်းသားကလေးဟာ သူ့အဖေကို လုပ်ကြံ သတ်ဖြတ်ဘို့လို့ ဆိုပြီး နန်းတွင်းကို ဝင်ပြီးသွားတော့ ဟိုက အကြံအစည်တွေ သိပြီး ဖမ်း ကြလို့ မသတ်ဖြစ်ပါဘူး၊ ဗိမ္ဗိသာရမင်းကြီးကလဲ သားတော်ကို ခေါ်ပြီးတော့ ထီးနန်းကို အပ်လိုက်တယ်၊ ရှင်ဘုရင်ဖြစ်သွားပြီပေါ့။

အရှင်ဒေဝဒတ်က အဲဒီအခါ မင်းကတော့ ရှင်ဘုရင်ဖြစ်သွားပြီ ကွ၊ ငါက ဘုရားကို သတ်ဘို့အတွက် မင်းက ကူအုံး၊ ဘာတွေများ ကူရမလဲ ဘုရား၊ အေး.... လူ သန်သန်မာမာ သတ်နိုင် ဖြတ်နိုင် သွက်သွက်လက်လက် ၄၀ လောက် လိုချင်တယ်ကွ၊ အဇာတသတ် မင်းသားကလေးကလဲ ရှင်ဘုရင်ဖြစ်စလို့ ဆိုတော့လွှတ်ပေးလိုက်တာ ပေါ့၊ အဲဒါနဲ့ မြတ်စွာဘုရား တောထဲ တောင်စောင်းတနေရာမှာ စင်္ကြံကြွပြီး နေတော်မူတဲ့အခါမှာ အရှင်ဒေဝဒတ်က မြတ်စွာဘုရား ကို သတ်ဖြတ်ဘို့ ကြံလိုက်တယ်။

ပဌမဆုံး လူတယောက်ကိုလွှတ်လိုက်တယ်၊ မင်း-ဟောဒီလမ်းက နေပြီး သွား၊ ဟောဒီနားမှာ ရဟန်းကြီး ဂေါတမ လမ်းလျှောက် နေလိမ့်မယ်၊ အဲဒါ သတ်ခဲ့၊ သတ်ပြီးတော့ မင်းက ဟောဒီဘက် လမ်းကနေပြီး ကွေ့ပြီးတော့ ပြန်လာခဲ့၊ အဲဒီလို ပြောပြီးတော့

လူတယောက်ကို လွှတ်လိုက်တယ်၊ ပဌမဆုံးလူကို ပြောတဲ့အချိန်မှာ ဘယ်သူ့ကိုမှ မကြားစေရဘူး၊ နောက်အခါ လူနှစ်ယောက်ကိုခေါ်ပြီးတော့ ကိုင်း–မင်းတို့နှစ်ယောက်ကတော့ ဟောဒီလမ်းကသွား၊ ဘယ်နားကစောင့်၊ ဟိုကနေပြီးတော့ လူတယောက်ပြန်လာလိမ့်မယ်၊ လက်နက်နဲ့ ပြန်လာလိမ့်မယ်၊ အဲဒီသူကို မင်းတို့က သတ်ပေတော့၊ သတ်ပြီးတော့ မင်းတို့က ဟောဒီလမ်းကနေပြီး ကွေ့ပြီးတော့ လာခဲ့။

တခါ အဲဒီလူနှစ်ယောက်ကို ပြောပြီးတော့, နောက်ကနေပြီး ၄ ယောက် ထပ်ပြီးတော့ လွှတ်လိုက်ပြန်တယ်၊ အဲဒီ ၄ ယောက်ကိုလဲ မှာတယ်၊ လူနှစ်ယောက် ပြန်လာလိမ့်မယ်၊ အဝတ်အစားက ဘယ်လို, လူပုံသဏ္ဌာန်က ဘယ်လို၊ လက်နက်တွေကိုထမ်းပြီးပြန်လာကြလိမ့်မယ်၊ မင်းတို့က အဲဒီလူတွေကို ဖမ်းသတ်ပြီးတော့ ဘယ်ဘက်ကလမ်းက ပြန်လာခဲ့ စသည်ဖြင့်ပေါ့လေ၊ အဲဒီလိုနဲ့ အစပျောက်, လက်စပျောက် ကြံလိုက်တာ၊ အားလုံး ၄ ယောက်ကို သတ်ဘို့ရာ ၈ ယောက်၊ ၈ ယောက်ကို သတ်ဘို့ရာ ၁၆ ယောက် လွှတ်လိုက်တယ်၊ အဲဒီလို လွှတ်လိုက်တဲ့သူတွေဟာ သူထင်သလို မဟုတ်ဘဲ မြတ်စွာဘုရားထံကို ရောက်ကြတဲ့ အခါမှာ သတ်ဘို့ မပြောနဲ့ ဘုရားရှင်ကိုကြည်ညိုပြီး ရဟန်းဝင်ပြီးပြုကြလို့ မြတ်စွာဘုရားက တရားဟောလိုက်တာ တရားထူးကို ရသွားကြတာဘဲ။

အဲဒါလို ပဌမအကြံ မအောင်မြင်တော့ နောက်အခါ ကျောက်တုံးကြီး မောင်းဆင်ချပြီးတော့ သတ်ပြန်တယ်၊ ဒါလဲဘဲ

မအောင်မြင်ပါဘူး၊ နောက်ဆုံး အဇာတသတ်ထလာပြီး သကာလ ရာဇဂြိုဟ်မြို့ထဲမှာ အဇာတသတ်မင်းရဲ့ ဆင်တွေထားတဲ့ ဆင်တင်းကုတ် ဆင်းထိန်းတွေရဲ့ထံ သွားပြီးသကာလ "မောင်တို့ ငါက ရှင်ဘုရင်နဲ့ ရင်းနှီးပြီး ရှင်ဘုရင်ကိုးကွယ်တဲ့ ဆရာတော်ဖြစ်တယ်၊ ဒီတော့လေ- ငါတို့ ရှင်ဘုရင်နဲ့ ရင်းနှီးပြီးသား ပုဂ္ဂိုလ်တွေဆိုတာ ရာထူးမရှိသေးတဲ့သူတွေကိုလဲဘဲ ရာထူးရှိအောင် လုပ်ပေးနိုင်တယ်ကွ၊ ရာထူးနိမ့်ကျနေတဲ့ သူတွေကိုလဲဘဲ ရာထူး တက်လာအောင် လုပ်ပေးနိုင်တယ်၊ ရာထူးမြင့်နေတဲ့ သူတွေကိုလဲဘဲ ငါတို့က နိမ့်အောင် စွမ်းနိုင်တယ်။

ငါပြောတဲ့ စကားကို နားထောင်မယ်ဆိုလို့ရှိရင် ရပြီးသား ရာထူးတွေ တိုးအောင်၊ မရသေးတဲ့ ရာထူးတွေကို ရအောင်၊ ငါက စွမ်းဆောင်ပေးနိုင်တယ်"လို့ ဖြားယောင်းတယ်၊ "ဒီတော့ ဘပည့်တော်တို့ ဘာလုပ်ပေးရမှာတုန်း ဘုရား"၊ ဟောဒီ ရာဇဂြိုဟ်မြို့ထဲ ရဟန်းဂေါတမ ဆွမ်းခံကြွလာတဲ့အချိန်မှာ မင်းတို့ ဆင်တင်းကုတ်ထဲက အင်မတန် ကြမ်းကြုတ်ပေ့လို့ ဆိုတဲ့ လူကို သတ်တတ်တဲ့ နာဠာဂိရိဆင်ကြီးကိုသာ အရက်တိုက်ပြီးတော့ လွှတ်လိုက်ကြပေတော့ကွ၊ ရဟန်းဂေါတမ လာတဲ့အချိန်မှာ ဆွမ်းခံရင်းနဲ့ ဒီ ရာဇဂြိုဟ်မြို့ထဲမှာဘဲ ဆင်နင်းသတ်လို့ သေလိမ့်မယ်ပေါ့ကွာ။

အဲဒီလို စီမံလိုက်တယ်လို့ ဆိုရင်ဘဲ မြတ်စွာဘုရား ဆွမ်းခံကြွလာတဲ့အချိန်မှာ အရှင်ဒေဝဒတ်နဲ့ အဇာတသတ်တို့ ပေါင်းပြီး စီမံထားချက်အရ နာဠာဂိရိဆင်ကြီးကို အရက်တွေတိုက်ပြီးတော့

မြတ်စွာဘုရား ဆွမ်းခံကြွတော်မူတဲ့ ခနရာကို လွှတ်လိုက်တော့ တခါထဲ ဆင်ကြီးက အရက်တွေမူးပြီး နားရွက်ကြီးတွေကား၊ အမြီးကြီးတွေငေါက်လဲထောင်ပြီးတော့ မြတ်စွာဘုရားသော ဘာသော နားမလည်ဘူး တခါထဲ ထိုးတော့မယ်၊ သတ်တော့မယ်၊ နင်းတော့ မယ်လို့ဆိုတဲ့ အနေမျိုးနဲ့ တဟုန်တည်း ပြေးလာတယ်၊ ဒီတော့ နောက်က ရဟန်းတော်တွေက....

ပဋိက္ကမတု ဘန္တေ ဘဂဝါ၊ ပဋိက္ကမတု သုဂတော။

အရှင်ဘုရား.... ဟိုရှေ့က နာဠာဂိရိဆင်ကြီး လာနေပါတယ်၊ ဒီလမ်းကိုတော့ဖြင့် ကြွတော်မမူပါနဲ့၊ "နာဠာဂိရိ"ဆိုတဲ့ ဆင်ရိုင်း ကြီးဟာ တွေ့တဲ့သူတိုင်းကို ထိုးသတ်တတ်ပါတယ်၊ ဆင်ထိန်းသမား တွေ မပါရင်ဖြင့် သတ်တတ် ဖြတ်တတ်ပါတယ်၊ အဲဒီလို လျှောက် ကြတယ်၊ ဒါနဲ့ မြတ်စွာဘုရားက....

ဘုရားရှင်များ သူတပါးသတ်လို့ မရ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော, ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ = ရဟန်းတို့.... ဘုရားရှင်တို့ မည်သည် သူတပါး လုပ်ကြံလို့ ပရိနိဗ္ဗာန်စံရရိုး မဟုတ်ကုန်၊ (သူတပါး လုပ်ကြံသတ်ဖြတ်လို့ မသေနိုင်ကုန်၊) မကြောက်ကြနဲ့၊ ငါဘုရားနောက်က လိုက်မြဲလိုက်ခဲ့ကြလို့ မိန့်တော်မူတယ်၊ ဒကာ- ဒကာမများလဲ ယခု ဘုရားရှင် မိန့်လိုက်တဲ့ "အဋ္ဌမေတံ" အစရှိတဲ့

ပါဠိကို (သူ့ရဲ့ ဆိုလိုရင်းအဓိပ္ပါယ်လဲ ခြုံငုံသိပြီး)ရွတ်ဆိုအာရုံပြုနိုင်ပါတယ်၊ မကြာမကြာရွတ်ဆိုနေသူဟာ သူများလက်နက်စသည်နဲ့ လုပ်ကြံလို့ မအောင်မြင်နိုင်ဘူးလို့ ဆရာစဉ်ဆက် ယုံကြည်ကြတယ်၊ လက်သုံးပြုကြတယ်၊ အဲဒါကို ယုံယုံကြည်ကြည် ရွတ်ဆိုနိုင်ကြပါတယ်၊ ဒီကိစ္စဟာလဲ ရှေ့မာရ်နတ်လက်နက်တွေဟာ ပန်းပွင့် ပန်းကုံး ပန်းဆိုင်းဖြစ်တယ် ဆိုတဲ့ "မာရာရိဗလ ဝိသဇ္ဇာ" အစရှိတဲ့ ဂါထာတုန်းက ဘုန်းကြီး ရှင်းပြခဲ့သလိုဘဲပေါ့၊ ဘုရားရှင်ဟာ သူတပါးလက်နက်နဲ့ မသေနိုင်ပုံ အာရုံပြုပြီး ဒီပါဠိကို ရွတ်၍နေရတာဖြစ်တော့ အဲဒီဘုရားရဲ့ ပါရမီအရှိန်တွေ ဘုန်းဟုန်တွေ သတ္တိတွေ မိမိခန္ဓာကိုယ်ထဲ ဓာတ်ကူးပြီးတော့ ဒီ "ဥပစ္ဆေဒက မရဏ" လို့ ခေါ်တဲ့ သူများလုပ်ကြံလို့ သေရသူမျိုးတွေမှ လွတ်တော့တာပေါ့၊ အဲဒါ ယုံယုံကြည်ကြည်သာရွတ်ပါ၊ ပွားပါ၊ မုချ အကျိုးရှိပါတယ်။

ပြီးတော့—မြတ်စွာဘုရားက ဆင်ကြီးဆီကို ဦးတည်ပြီး မေတ္တာပို့လိုက်ပါတယ်၊ လက်နှိပ်ဓာတ်မီးများ ထိပ်ဝကို စုပြီး ထိုးလိုက်သလိုဘဲ တခြားမှာ ဖြန့်ထားတဲ့မေတ္တာတွေကို ဆင်ကြီးဆီကိုချည်း ဦးတည်ပြီး လွှတ်လိုက်တယ်၊ အဲဒီ မေတ္တာဓာတ် အဟုန်တွေနဲ့ဘဲ ဆင်ကြီးမှာ အမူးတွေ အကုန်ပြေ၊ ထိုးသတ်မယ်၊ နင်းသတ်မယ် ဆိုတဲ့ ကြမ်းကြုတ်တဲ့စိတ်တွေ အကုန်ပျောက်ပြီးတော့ သွားတယ်။

ဘုရားရှင်လို ပုဂ္ဂိုလ်ကြတော့လဲ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တွေ "ကြီးဘိ ပညာ လွန်ကဲသာရှိ" လို့ ဆိုတဲ့အတိုင်း သီလ

သမာဓိ ပညာလို့ ဆိုတဲ့ ဂုဏ်တွေနဲ့ ထုံမွမ်းပြီး သန့်ရှင်း စင်ကြယ်တော်မူတဲ့ ဘုရားရှင်ရဲ့ ခန္ဓာတော်က လွှတ်လိုက်တဲ့ မေတ္တာတော်လို့ ဆိုတော့ ဆင်ကြီးမှာ တခါထဲ အမူးတွေ အကုန်ပြေပြီး သွားတယ်၊ ကြမ်းတန်းတဲ့စိတ်တွေ အကုန်ကိုဘဲ ပြယ်လို့သွားသတဲ့။

ဒါကြောင့် မေတ္တာရဲ့ အစွမ်းသတ္တိဆိုတာ အင်မတန်ကို အံ့သြစရာ ကောင်းပါတယ်၊ ကိုယ်ကလဲ စောစောကတဲက အလေ့အလာ ပြုလုပ်ထားမယ်လို့ ဆိုခဲ့ရင် ပွားတဲ့ ပို့တဲ့ နေရာမျိုးမှာလဲ မိမိရဲ့ မေတ္တာအားကို ယုံယုံကြည်ကြည်ကြီးနဲ့ သိမ်းပိုက်ပြီးတော့ စိတ်က လွှတ်နိုင်မယ်လို့ ဆိုခဲ့ရင် ဒါ သေချာပေါက်ကိုဘဲ အောင်မြင်နိုင်ပါတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကဲ့သို့ မဟုတ်သော်လဲဘဲ ဘုရားရှင် နည်းပါး အောင်မြင်နိုင်ပါတယ်။

ဘုန်းကြီးတို့အားလုံး ပုထုဇဉ်တွေ အနေနဲ့ကြတော့ မေတ္တာပို့လို့သာ ပို့နေကြရပေမယ်လို့ မစင်ကြယ်လှဘူး၊ ဆိုပါတော့ ခုနင်က ဆင်ကြီးလာနေတဲ့ အချိန်မှာ ဘုန်းကြီးတို့သာ ဆိုရင် ပို့တော့ ပို့လိုက်မှာဘဲ၊ ဒါပေမဲ့လို့ ငါပို့လိုက်တဲ့ မေတ္တာက စူးမှ စူးပါ့မလား၊ ရောက်မှ ရောက်ပါ့မလား၊ ထိုးမျှား ထိုးသတ်လိုက်မလားလို့ ဆိုတဲ့ တထိတ်ထိတ် တလန့်လန့်နေတာ မပါပေဘူးလား၊ ( ပါမှာပါဘုရား )၊ အဲဒီလို ထိတ်လန့်နေပြီလို့ ဆိုကတဲက သံသယတွေ ဒေါသတွေဝင်ပြီး နေပြီ၊ အဲဒါ မေတ္တာ အားနည်းကုန်ပြီ၊ မေတ္တာ မစစ်တော့ဘူးတဲ့။

## ဘုန်းကြီးနဲ့ ကျဲ

မေတ္တာအား မစစ်တော့ မေတ္တာ အားနည်းကုန်တော့တာပေါ့၊ ရှေးတုန်းက ဆရာတော်ကြီးတပါး တောရွာ တရွာမှာ ခရီးသွားတော့ တရွာကနေပြီး တရွာ ထီးကြီးဆောင်းပြီး ဆရာတော်ကြီးက ရှေ့ကသွား၊နောက်က ကပ္ပိယ ဖိုးသူတော်ကြီးကလဲ ပြစ်တောင်းကြီး နှစ်လုံးကို ထမ်းပိုးနဲ့ထမ်းပြီး ဆရာ တပည့် သွားကြတယ်၊ နေ့လည်အချိန် နေပူပူမှာ ဆရာတော်ကြီးကလဲ ကြွလို့ အလာ့ ရွာနှစ်ရွာကြား တောစပ် လယ်ကွင်းထဲမှာ ကျဲအုပ်နဲ့ တွေ့ကြပါရော၊ တွေ့တယ်လို့ ဆိုရင်ဘဲ ကျဲကြီး တကောင်က ခတ်မလို့ ဆိုပြီး ဆရာတော်ကြီးဆီကို မော့မော့ မော့မော့နဲ့ လာတယ်။

တောအရပ်တွေမှာ သီတင်းသုံးပြီး သွားရ လာရတဲ့ ဘုန်းကြီးများမှာ ဟောဒီ ကျဲနဲ့တွေ့တဲ့ ဒုက္ခဟာ ဒုက္ခတခုဘဲနော်၊ ကျဲကလဲ ဘုန်းကြီး ဆိုလို့ရှိရင် ဘာပြုလို့ မုန်းမှန်းမသိပါဘူး၊ ဒါနဲ့ စပ်ပြီးတော့ ဘုန်းကြီးက"ကျဲတွေ ဘုန်းကြီးကိုမြင်ရင် ဘာပြုလို့ခတ်ချင်ရတာတုန်း"လို့ တကာကြီးတယောက်ကိုမေးကြည့်ဘူးတယ်၊ သူကပြောတယ်၊ ဒီလို ကိုယ်တော်တဲ့၊ သင်္ကန်းကို မြင်လိုက်ပြီလို့ ဆိုရင် သူတို့စိတ်ထဲ ဖြစ်လာတာက " ဟိုဘဝက ငါ ဒီလိုအဝတ်မျိုးကို ဝတ်ပြီး သူများဟာတွေကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ တရားနှလုံး မသွင်းဘဲ စားလား သောက်လား လုပ်လာခဲ့လို့ ငါ ဒီလို ကျဲဖြစ်ရတာဟနော်" ဆိုပြီး မုန်းနေတာတဲ့၊ (ပရိသတ်က ရယ်ကြသည်၊) သူပြောပုံအတိုင်း ဆိုရင် ဘုန်းကြီးတွေ မသက်သာလိုက်တာနော်၊ (ရယ်သံများ)။

“ငါ ဟိုဘဝတုန်းက စားစားသောက်သောက်နဲ့ ဒီအဝတ်မျိုးကို ဝတ်ပြီး ပစ္စဝေက္ခဏာ မဆင်ခြင်, ဘာမဆင်ခြင်နဲ့ နေခဲ့မိလို့ ငါ ကျွဲဖြစ်ပြီး သူတို့ ခိုင်းသမျှကို ယခုတော့ ငါခံနေရပြီဟ နော်”လို့ ဆိုပြီး ဒီအဝတ်ကို မြင်ရင် ခတ်ချင်နေတာတဲ့ ဦး မြသန်းရဲ့၊ ဒီတကာကြီး ဖြေတဲ့အတိုင်း ဆိုရင် အဖြေကြီးက မဆိုးလွန်းဘူး လား၊ (ဆိုးပါတယ် ဘုရား)။

ဒီဒကာကြီး ပြောသလိုဆိုရင် ဘုန်းကြီးတို့ ဂန္ဓာရုံတိုက်က သံဃာတွေဟာ ချိုပေါက်ဘို့ ငါးရာ ခြောက်ရာလောက် စုံပြီး နေကြရတာနဲ့ တူနေတယ်၊ တချို့ကတော့လဲ ပြောကြသေးတယ်၊ ကျွဲနဲ့ ရေလို့ ပါတဲ့၊ ကျွဲနဲ့ တူလို့ ပါတဲ့၊ သင်္ကန်းက နီညိုညို ဝါတာတာ အရောင်, ထီးကိုဆောင်းလို့ဆိုတော့ ကျွဲနဲ့ တူလို့ ပါတဲ့၊ ဘုန်းကြီးများ ကျွဲနဲ့ တူသလား ဦးမြသန်း၊ ( မှန်ပါ့ တူပါဘုရား၊) ဟော-ဗျ—တူသလား၊(ပရိသတ်များ ရယ်ကြသည်၊) ဒကာ ဦးမြသန်း၊ ဘုရား... သတိလေးလဲထားပြီးတော့ ထောက် နော်၊ (မှန်လှပါ, အိပ်ခြင်ပြေအောင်လို့ ပြောလိုက်တာပါဘုရား) ( ရယ်သံများ၊ ) ဒီနားမှာ ကျွဲတွေက အများကြီးထိုင်နေတာ နော်၊ အတော်ကြာ အကုန်ထပြီး ခုန်အုပ်အုံးမယ်၊ ( တရားပွဲ၌ ဂန္ဓာရုံတိုက်မှ သံဃာများ တရားနာနေကြသည်၊ ) ဝါတာတာ နီညိုညိုမြင်ရင် ကျွဲထင်လို့ လိုက်တာပါတဲ့။

ဒါနဲ့ ဆရာတော်ကြီးက ကျွဲကြီးက မော့မော့ကြီး လာနေတော့ “ဟ.... အကျိုးတော့ နဲ့ပြီဟေ့၊ ကျွဲကြီးတော့ လာနေပြီ၊ ကိုင်း-

ငါတော့ မေတ္တာဘဲ ပို့ရတော့မှာဘဲ 'လို့ ဆိုပြီး "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ"နဲ့ စောစောတုန်းက ကြိုတင် ပွားထားတာလဲ မဟုတ်ဘဲနဲ့ ယခုမှ အရေးပေါ် မေတ္တာ ပို့လိုက်ရတာလို့ဆိုတော့ သူ့မေတ္တာက မစူး မရောက်တော့ဘဲ ကျွဲကြီးက တညွှမ့်ညွှမ့်နဲ့ လာမြဲလာနေတယ်၊ ဒီတော့ နောက်က ကပ္ပိယ ဖိုးသူတော်ကြီးက "အင်း- ငါ့ဘုန်းကြီး မေတ္တာတော့ ဟန်ပုံမရတော့ဘူးကွ"လို့ ဆိုပြီး ပြစ်တောင်းနှင်လုံးကို ဖြုန်းဆို မြေပေါ် ချလိုက်ပြီး ထမ်းပိုးချွတ်ပြီး ကျွဲကြီးရဲ့ ချိုနှစ်ခုကြား ချလိုက်တော့မှ ကျွဲကြီးက ညွှမ့်....ဆို အော်ပြီး ပြန်လှည့်ပြေးသတဲ့။

ဆရာတော်ကြီးက အဲဒီအခါမှာ " အေးကွဲ့ ငါ့မေတ္တာထက် ဖိုးသူတော် မေတ္တာက ပိုပြီး စူးသဟေ့ "ဆို့ ပြောလိုက်သတဲ့၊ (ရယ်သံများ)၊ အရေးပေါ် မေတ္တာဆိုတာ မစွမ်းဘူးဗျနော်၊ နေ့စဉ်နဲ့အမျှ ဘာဝနာတမျိုးအနေနဲ့ မေတ္တာကို ထုံမွမ်းထားမယ်လို့ ဆိုရင် လိုရာကိုသုံးနိုင်ပါတယ်၊ အားလုံးက အရေးပေါ်မှ ထထ သုံးချင်ကြတယ်၊ အရေးတဲ့ ဆိုရင် အသုံးကျအောင် စောစောက ပွားထားရတယ်။

## နာလံထနှင့် လိပ်ကြီး

လူတယောက် ကြားဘူးသေးတယ်၊ သူက နာလံ ထခါစတဲ့၊ အားကလဲ မရှိသေးဘူး၊ ရေဆိပ်ရှိရာ ရေချိုး သွားတာပေါ့၊ သူ ရေစလောက် ရောက်တယ်ဆိုရင်ဘဲ လိပ်ကြီးတကောင်က သူ့ရှေ့က

နေပြီး ရေထဲ ကားကား ကားကားနဲ့ ဆင်းသွားတယ်၊ ထမင်းကလဲဆာ နာလံထစလဲဖြစ်တော့ သူဟာ လိပ်သား တယ် စားချင်နေတာကိုး၊ ဟာ-လိပ်ကြီးဟာ အံမာ, ငါတော့ ဒီလိပ်သား စားရရင်တော့ ကောင်းမှာဘဲ၊ အင်း.... မတော်ဘူး ထင်ပါတယ်သေး၊ ငါ့ကို "မေတ္တာသမား မေတ္တာသမား"လို့ လူတိုင်းက ပြောနေကြတယ်၊ လိပ်သားကလဲ စားချင်၊ ဒါနဲ့ သူ တောင်တောင်ကြည့် ဘေးပတ်လည် ကြည့်လိုက်တော့လဲ ဘေးမှာ ဘယ်သူမှ မရှိဘူး၊ မဖြစ်ပါဘူးကွာ ဖမ်းအုံးမှပါဘဲလို့ ဆိုပြီး ရေစပ် ရောက်နေတဲ့ လိပ်ကြီးကို လိုက်ပြီးတော့ ဆွဲတယ်၊ လိပ်ကြီးကလဲ မြေကြီးကို အတင်းကုတ်ပြီး ရေထဲ အတင်းဆင်း၊ နာလံထကလဲဆွဲ၊ သူက နောက်ကဆွဲ၊ လိပ်ကြီးက ရေထဲ ရှေ့ကနေပြီး အတင်းရုန်းပြီး ဆင်း၊ တဖြေးဖြေး ရေထဲ မြုပ်မြုပ်သွားတော့ လိပ်ကြီးကို မလွှတ်ရင် သူပါ ရေနစ်တော့မှာ၊ အဲဒီအခါကျမှ 'ကိုင်းဟာ နင့် တခါလွှတ်, ငါ့ကို ဆယ်ခါလွှတ်ပေး"လို့ ပြောပြီး လွှတ်လိုက် သတဲ့၊ ဘယ်လောက်စူးမဲ့ မေတ္တာလဲနော်၊ အဲဒီလူ မေတ္တာမျိုးကြတော့ မစူးနိုင်တော့ဘူး။

## ဟော့....နင်မပါဘူး, ပြန်ဝင်-တဲ့

ရှိသေး, ပြောရအုံးမယ် ပုံတခု၊ မေတ္တာကွက်ကြားသမား အကြောင်းတွေကို ပြောရအုံးမယ်နော်၊ လူတယောက် ဒီလိုဘဲတဲ့၊ မေတ္တာပို့ပို့ပြီး နေလေ့ရှိသတဲ့၊ တနေ့တော့ သူက အမှိုက်တွေကို တံမြက်စီးလှည်းပြီး ပုံထားသတဲ့၊ အမှိုက်ပုံကိုလဲ မကျုံးချင်တော့

တံမြက်စီးကြီးကို ကိုင်ပြီး ပြန်လာခဲ့ပြီးတော့ နောက်တနေ့ မနက် စောစောရောက်မှ သူက မီးနဲ့ရှို့သတဲ့၊ သူက မီးရှို့ခါနီးမှာ ဒီထဲ အကောင်အလျှောင်တွေများ ဝင်နေရင် ခက်ရချေရဲ့လို့ ဆိုပြီး မီးကို တဘက်ကရှို့၊ တဘက်ကလဲ တံမြက်စီးကြီးနဲ့ ထိုး ပေါ့လေ။

ပါးစပ်ကလဲ ကျွန်းမချိုကျပါစေ၊ ချမ်းသာကြပါစေ ဒီထဲမှာ ပိုးကောင်တွေရှိရင် သွားကြကွဲ့, ထွက်ကြကွဲ့, လွတ်ရာကိုသွားကြ ကွဲ့၊ မင်းတို့ကို လောင်စေချင်လို့တော့ မဟုတ်ပါဘူးကွယ် အမိုက် ပုံကြီး ရှင်းသွားအောင်လို့ပါကွဲ့နဲ့၊ ဟိုထိုး ဒီဆွနဲ့ လုပ်နေတော့ ညတုန်းက ဝင်နေသလားတော့ မသိဘူး, လိပ်ကြီးတကောင်ဟာ ကားစား ကားကားနဲ့ ထွက်လာတယ်၊ ဒါနဲ့ သူက လိပ်ကြီးကို မြင်တော့ ဟာ- လိပ်ကြီးဟာ၊ ဒီလိပ်ကြီး မီးထဲ ရောသေသွားလဲ အကောင်းသားဘဲ၊ လိပ်သားစားရတာပေါ့၊ ပိုးကောင်မွှားကောင် လေးတွေကိုတော့ သူက မေတ္တာပို့ထုတ်နေပြီး လိပ်ကြီးကြတော့မှ သူက မထုတ်ချင်ဘူး၊ ဒီလိပ်ကြီးကို မီးထဲကျပြီးတော့ သေစေချင် တယ်၊ သူ့ဘာသာလဲမသတ်ရဲဘူး၊ လူမြင်မှာကလဲစိုးတယ်၊ မေတ္တာ သမားလို့ခံယူထားပြီး ဒီလိပ်ကြီးသတ်လိုက်ရမှာကလဲခက်နေတယ်။

ဒါနဲ့ လိပ်သားကလဲ စားချင်နေ၊ လိပ်ကြီးကလဲ အမှိုက်ပုံ အပြင်ဘက်ကို ကားကား ကားကားနဲ့ ထွက်သွားတော့ တံမြက်စီး ကြီးနဲ့ ရှေ့ကကာပြီး"ဟေ့-နင်မပါဘူး ပြန်ဝင်, ဟေ့-နင်မပါ ဘူး, ပြန်ဝင်"လို့ ဆိုသတဲ့၊ လိပ်ကြီး သူ့ဘာသာသူ မီးလောင်ပြီး သေသွားလို့ ပံသုကူသား ရခဲ့တယ်ပေါ့လေ၊ သူက ဒီလိုဖြစ်ချင်

တာ၊ အဲဒီလို မေတ္တာမျိုးကတော့ ကွက်ကြားမေတ္တာမျိုး ဖြစ်နေတယ်။

ဘုရားရှင်ရဲ့ မေတ္တာတော်ကတော့ ကွက်ကြား မဟုတ်တော့ဘူး၊ မိမိရဲ့ သီလအား၊ သမာဓိအား၊ ပညာအားတွေနဲ့ ထုံထားတဲ့ မေတ္တာအား၊ ဒါ့ကြောင့် ဆင်မင်းကြီးရဲ့အပေါ်မှာ ဖြန့်ပြီးတော့ လွှတ်ထားလိုက်တော့ တခါထဲ ဆင်မင်းကြီးဟာ အရက်မူးတွေပြေ၊ ကားနေတဲ့ နားရွက်ကြီးတွေချ၊ ဘုရားရှင်ရဲ့ရှေ့မှာ နှာမောင်းကြီးမျှားသိမ်းပြီး ဒူးတုပ်ကာ ဘုရားရှင် ဟောတော်မူတဲ့ တရားတော်ကို နာယူပြီး ဝပ်ချနေတယ်၊ ဒါနဲ့ မြတ်စွာဘုရားက....

မာကုဉ္ဇရ နာဂမာသဒေါ၊ ဒုက္ခံ ဟိ ကုဉ္ဇရ နာဂမာသဒေါ။

ကုဉ္ဇရ-တောတောင်မြေအပြင်မှာ ကျင်လည်ကျက်စားလေ့ရှိတဲ့ အို-ဆင်မင်း၊ နာဂံ- ငါဘုရား တည်းဟူသော ဆင်ပြောင်ကြီးကို၊ မာ အာသဒေါ — မထိခိုက် မစော်ကားမိ ပါစေသင့်၊ ကုဉ္ဇရ— ဆင်ပြောင်ကြီး၊ နာဂမာသဒေါ- ငါကဲ့သို့သော ဆင်ပြောင်ကြီးကို ပြစ်မှား ကျူးလွန်မိသည်ရှိသော်၊ ဒုက္ခံ – ဘဝသံသရာ၊ သွားလေရာမှာ၊ နှစ်ဖြာ ကိုယ်စိတ်၊ ဆင်းရဲကြောင်း ဒုက္ခသည်၊ ဟောတိ— စင်စစ်မသွေ ဖြစ်နိုင်ပေ၏။

အို—ဆင်ပြောင်ကြီး.... ငါလဲဘဲ ဆင်ပြောင်ကြီး၊ သင်လဲဘဲ ဆင်ပြောင်ကြီး၊ သင်ကတော့ တောတောင်တွေ ကြားထဲမှာ ကျက်စား လှည့်လည်နေတဲ့ ဆင်ပြောင်ကြီး၊ ငါက "အရဟန္တ"လို့ ခေါ်ဆိုရတဲ့ ဘွဲ့ထူးကို ရထားတဲ့ ဆင်ပြောင်ကြီးပါ၊ ကိုယ့် နာဂ အချင်းချင်း ဘာပြုလို့ ညှဉ်းပန်းချင်ရသလဲ၊ အဲဒါ မြတ်စွာ

ဘုရားက သူ့ကိုယ်သူ ဆင်လုပ်လိုက်တာနော်၊ မြတ်စွာဘုရားတောင်မှ ဆင်ဖြစ်သေးတာဘဲ၊ ဘုန်းကြီးတို့ ကျားဖြစ်တာ မဆန်းသေးပါဘူးနော် ဉာဏ်မြသန်း၊ ( ရယ်သံများ၊ ) မြတ်စွာဘုရားက သူ့ကိုယ်သူ ဆင်အဖြစ် သိမ်းသွင်းလိုက်ပြီးတော့, ငါကဲ့သို့သော ဆင်ပြောင်ကြီးကို မနှိပ်စက်ပါနဲ့တဲ့၊ နှိပ်စက်မိရင်တော့ ဘဝသံသရာမှာ ဒုက္ခတွေ ခံစားရမယ်တဲ့။

သူတပ ါးတွေက မြှောက်ပေးတိုင်း, သူတပါးတွေကခိုင်းတိုင်း မလုပ်မိပါစေနဲ့လို့၊ ဟောဒီလို ဘုရားရှင် ဟောတော်မူတယ်၊ ဘုရားရှင်ရဲ့ မေတ္တာတော်, တန်ခိုးတော် အရှိန်အဟုန်ကြောင့် နာဠာဂိရိဆင်ကြီး အဲဒီနေရာမှာပင် ဒူးကိုတုပ်ပြီး တခါထဲ ယဉ်ကျေးသွားလိုက်တာ အဲဒီကနောက် လူတွေကို တခါမှ မသတ်တော့ဘူးတဲ့၊ ဘေးကလဲ အုတ်အုတ်ကြက်ကြက်ဖြစ်သွားပြီး လူတွေ ထွက်ပြီးတော့ ကြည့်ကြတာပေါ့၊ အဲဒီလိုနဲ့ ဆင်မင်းကြီးကို အောင်တော်မူတယ်၊ ကဲ— ဆင်မင်းရန် အောင်မြင်ပုံနဲ့ ထပ်ပြီး ကန်တော့ကြအုံးစို့၊ လိုက်ဆိုကြ။

"ဆင်မင်းရန်ဆို, ဖျက်ချိုးအောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊
လက်စုံမိုး၍, ရှိခိုးဉာဏ်တင်၊
အောင်စေကြောင်း, ဆုတောင်းပဏ္ဍာဆင်။
( ၃ ခေါက် ချ, ဆို။)

နာဠာဂိရိဆင်ကို အောင်မြင်တော်မူပုံ
ပြီး၏။

# (၄) အင်္ဂုလိမာလကို အောင်မြင်တော်မူပုံ

[အမရပူရမြို့ အမှတ် (၈) မော်တော်ယာဉ် အသင်းကြီး၏ မဟာဘုံ ကထိန်ပွဲ၌ ဟောတော်မူသည်။ ]

ယခု နာဠာဂိရိဆင်ကို အောင်မြင်တော်မူပုံကို ဟောပြီးသွားတော့ " အင်္ဂုလိမာလ " လို့ ခေါ်တဲ့ ခိုးသူကြီး အောင်မြင်တော်မူပုံကို ပြောရမယ်။

စောရဋ္ဌ - ခရီးဝေးကွာ၊ ယူဇနာကို၊ လျင်စွာ ပြေးစွမ်း၊ တောမြိုင်တန်းက၊ လူဖမ်း လက်ဖြတ်၊ သေအောင် သတ်၍၊ နန်းရပ်ကကျော်၊ မွေးမယ်တော်ကို၊ မြင်သော် စိုက်စိုက်၊ ဓားဖြင့် လိုက်၍၊ မကိုဋ် ထွဋ်တင်၊ ဘုရားရှင်ကို၊ အသင် ရှောင်ဝေး၊ ဘယ်ကြောင့်ပြေးဟု၊ ဓားရေးပြဘာ၊ သတ်မည့်လာသား၊ လွန်စွာဆိုးတဲ့၊ အင်္ဂုလိခေါ်၊ သူခိုးကျော်ကိုလည်း၊ အဇိန္နီ - ဒိဋ္ဌိကိုချ၊ ဒေါသကိုပယ်၊ မာန်စွယ်ကိုချိုး၊ သဒ္ဒါမြိုးလျက်၊ ရှိခိုးတုပ်ကွ၊ ပြားပြားကျအောင်၊ ဆုံးမသွန်သင်၊ အောင်ပွဲတော် ယင်ခဲ့လေပြီဘကား....။

သာဓု....သာဓု....သာဓု....။

## လက်နက်တွေ မီးရောင်တောက်

အဲဒီ သူခိုးကျော်ကို အောင်မြင်တော်မူပုံကို ဘုန်းကြီး ဆက်ပြီးတော့ ဟောမယ်နော်၊ သာဝတ္ထိပြည်ကြီးကို စည်ထီးခရိုင် နိုင်ငံ

အုပ်ချုပ် မင်းလုပ်နေတာက ကောသလမင်းကြီး၊ အဲဒီ ကောသလ မင်းကြီးရဲ့ ပုရောဟိတ်ကြီးက ဘဂ္ဂဝ ပုဏ္ဏားကြီး ဖြစ်တယ်၊ အဲဒီ ပုရောဟိတ်ကြီး ကတော်က မန္တာနီ ပုဏ္ဏေးမတဲ့၊ တနေ့တော့ အဲဒီ မန္တာနီ ပုဏ္ဏေးမမှာ သားရတနာတဦး ဖွားမြင်တယ်၊ အဲဒီ သား ရတနာ ဖွားတဲ့နေ့မှာဘဲ ရှင်ဘုရင်ရဲ့ လက်နက်တိုက်တွေ အရောင် တပြောင်ပြောင်နဲ့ မီးရောင်တွေ ထပြီးတော့ တောက်နေတယ်၊ မီးတောက် မီးလျှံတွေထပြီး အရောင်တပြောင်ပြောင်ထပြီး တောက် တယ်ပေါ့။

ကောသလမင်းကြီးရဲ့ အမြဲ သုံးနေကြဖြစ်တဲ့ သန်လျက်တော် မှာပင် အရောင် တဝင်းဝင်းနဲ့ မီးတွေ ထတောက်တယ်၊ ညမှာ ဖွားတာလို့ဆိုတော့ လက်နက်တွေ အရောင်တွေဟာ ပိုပြီး တဝင်း ငင်း တလက်လက် ဖြစ်ကုန်တယ်၊ ပုဏ္ဏားကြီးက အပြင်ကို ထွက်ပြီး နက္ခတ်ကို ကြည့်လိုက်တော့ စောရနက္ခတ်မျိုး တွေ့ရတယ်၊ ငါ့အိမ်က ဖွားတဲ့ကလေးဘဲ၊ ငါ့အိမ်က မွေးဖွားတဲ့ကလေးဟာ စောရနက္ခတ်နဲ့ ယှဉ်ပြိုင် ရင်ဆိုင်ဖွားတဲ့ သားဘဲ၊ တိုင်းပြည်ကြီးကို ခြောက်ခြား အောင် လုပ်မဲ့သားဘဲလို့ ရိပ်မိတယ်၊ မနက်ကျတော့ နန်းတော်ကို သွားပြီး မင်းကြီးကို "ချမ်းချမ်းသာသာနဲ့ စက်တော် ခေါ်တော် မူရပါရဲ့လား ဘုရား၊ ချမ်းချမ်းသာသာ စံနေတော်မူရပါရဲ့လား ဘုရား"လို့ ကောသလမင်းကြီးကို မေးတော့ ကောသလမင်းကြီးက "အရှင် ပုဏ္ဏားကြီး ညက လက်နက်တွေ အရောင်တပြောင်ပြောင်နဲ့ တောက်တယ်ဆိုတာ သိရဲ့မဟုတ်လား"၊ သိပါရဲ့ဘုရား၊ သိပါရဲ့။

အဲဒါ ဘာ့အခြင်းအရာတုန်း၊ ဘာလက္ခဏာတုန်း၊ မှန်လှပါဘုရား၊ ဘုန်းတော်ကြောင့် လျှောက်ရမယ်ဆိုရင် ကျွန်တော်မျိုးအိမ်မှာ ညက သားတော်ကလေးတယောက် ဖွားမြင်ပါတယ်ဘုရား၊ အဲဒီသားသည် ခေါရနက္ခတ်နဲ့ ယှဉ်ပြိုင် ရင်ဆိုင်ပြီး မွေးတဲ့သားဖြစ်လို့ အားလုံးသော လက်နက်တွေ အရောင် တောက်ရပါတယ်ဘုရား၊ တိုင်းပြည်ကို ခြောက်ခြားစေမဲ့သား ဖြစ်ပါတယ်၊ ဒီတော့ ကျွန်တော်မျိုးရဲ့ သားတော်ကို သုတ်သင်လိုက်ရမလား၊ ဘယ်လို စီမံလိုက်ရမယ်လို့ဆိုတာကို အမိန့်ရှိပါဘုရား၊ အမိန့်တော်ကိုလဲ ကျွန်တော်မျိုးကြီး နာခံလျက်ပါဘုရား။

ပုဏ္ဏားတော်ကြီး နေပါအုံး၊ သူက အစုအဝေးနဲ့ သူပုန်သမဲ့သားလား၊ သို့မဟုတ် ဘယောက်ထဲ တကိုယ်တော်ထဲ သောင်းကျန်းမဲ့ ကလေးသား၊ မှန်လှပါဘုရား၊ သူ့ရဲ့ ဇာတာ အင်္ဂါလက္ခဏာ နက္ခတ်ကို ကြည့်ရတာတော့ တယောက်ထဲ ဆိုးသွမ်းမဲ့ ကလေးပါဘုရား၊ အို- ဒီလိုဆိုရင် ပုဏ္ဏားတော်ကြီးရဲ့ သားလဲ ဖြစ်တော့၊ တဦးတယောက်ထဲ ဆိုးသွမ်းမှာ ဆိုလို့ရှိရင် ကြည့်ပြီး ဆုံးမ သွန်သင်သွားကြတာပေါ့၊ နေပါစေ၊ ကြည့်ရှု စောင့်ရှောက်ပြီးတော့ဘဲ မွေးမြူလိုက်ပါတော့လို့ အမိန့်ချလိုက်တယ်၊ မွေးလာစဉ်က လက်နက်တွေ အရောင် တပြောင်ပြောင်နဲ့ တောက်သော်လဲ ဘာကိုမျှ မညှဉ်းဆဲလို့ "အဟိံသက" လို့ နာမည်ပေးထားတယ်။

## တက္ကသိုလ် ဆရာကြီးထံ ဂုံးတိုက်

တခြေးခြေးနဲ့ ကြီးပြင်းပြီး လာခဲ့ရာက အချိန်တန်လို့ အရွယ်ရောက်တော့ မိဘများက တက္ကသိုလ်ကို ပညာသင်ရန် ဆိုပြီး လွှတ်

လိုက်ကြတယ်၊ ပညာသင်တဲ့အခါမှာလဲဘဲ ဆရာ့ဝတ်ကို အင်မတန် ကျေပြွန်ကြတယ်၊ ဉာဏ်ရည် ဉာဏ်သွားကလဲ ထက်တယ်၊ တိုင်းပြည် အသီးသီးက တရာ့တပါးသော မင်းတွေရဲ့ သားတွေနဲ့ ရောပြီး ပညာသင်ရတဲ့ ဟိံသကဟာ အဲဒီ တပည့်တွေထဲမှာ ဝတ္တရား ကျေတဲ့ ကောင်ကလေးဘဲလို့ ဆိုပြီး ဆရာကတော်ကြီးက မြင်မြင် ခြင်း ချစ်ခင်လို့ စောင့်ရှောက်တယ်၊ ဆရာကြီးနဲ့ ဆရာကတော် ကြီးရဲ့ အပေါ်မှာ ဝတ္တရား အတော်ကျေတယ်၊ ဝတ်ကြီး ဝတ်ငယ် တွေကိုလဲ အလိုက်သိ မခိုင်းရဘဲနဲ့ ပြုပေးတယ်၊ ပညာသင်ရတာမှာ အဆင်ပြေလို့၊ ဆရာကြီးနဲ့ ဆရာကတော်ကြီး ၂ ဦးလုံးက ချစ်ကြ ခင်ကြတယ်။

အဲဒီလို ချစ်ခင်ကြတယ်ဆိုရင်ဘဲ ကျန်တဲ့တပည့်တွေက မနာလို ကြဘူး၊ မနာလိုကြတော့ တဖြေးဖြေးနဲ့ ဆရာကြီးနား ကပ်ပြီး တော့ ဆရာကတော်ကြီးနဲ့ နေပုံထိုင်ပုံတွေ မသန့်ရှင်းဘူး၊ ဘာဘာ ညာညာနဲ့ ပြောကြ၊ တိုက်ကြ၊ နားသွင်းကြတာပေါ့၊ ဆရာကြီးက လဲဘဲ အစတုန်းကတော့ မယုံပါဘူး၊ တခါပြော၊ နှစ်ခါပြော၊ သုံးခါပြော၊ လေးခါပြော၊ ဒီအထိ မယုံပါဘူး၊ "တိုက်ပါ များတော့ ပွန်း၊ တွန်းပါများတော့ လဲ" ဆိုတာလို ခလုတ် တောင်မှ တိုက်ပါများတော့ နဲ့သေးတာဘဲ၊ အဲဒီနည်းနဲ့ ဆရာကြီး ကို ပြောကြ၊ နားသွင်းကြလုပ်နေကြတော့ ဆရာကြီးက နောက်ပိုင်း တော့ သံသယဝင်ပြီး လာတယ်။

ပြောဆိုကြတဲ့အတိုင်း ဆရာကတော်ကြီးနဲ့ နေပုံထိုင်ပုံတွေကို အကဲခတ်လိုက်တဲ့အခါမှာ ဆရာကြီးက သံသယ ပိုပြီးဝင်လာတယ်၊

အမေလို သားလို ဖြစ်နေပြီး ဝတ်ကြီးဝတ်ငယ်တွေ ပြုစုနေတာကို ဆရာကြီးက အထင်နဲ့နဲ့လွဲလာပြီး ဆရာကတော်ကြီးနဲ့ အဟိံသကက တဘက်၊ ဆရာကြီးနဲ့ ကျန်တဲ့ တပည့်တွေက တဘက် ဖြစ်သွားကြပြီ၊ အားခွန်ဗလကလဲ ကောင်းတယ်၊ ဥပဓိကလဲဘဲ စွန့်စားမဲ့ လက္ခဏာရှိတယ်၊ သူ့ကို သတ်ပြစ်ဘို့ကလဲ မတော်၊ သိသိသာသာ နှင်ထုတ်ဘို့ကလဲ မလွယ်တာနဲ့ တနည်းတဖုံတော့ ကြံမှဘဲလို့ ဆိုပြီး ဒီလိုစိစဉ်လိုက်တယ်။

## ပညာသိဒ္ဓိတင်ဘို့ လက်ညှိုးတထောင်

ကိုင်း-မောင်အဟိံသက၊ မင်းမှာ လိုချင်တဲ့ပညာ အကုန်တတ်သွားပြီကွာ၊ ဒီတော့ မင်းရဲ့ပညာကို အောင်ပန်း ဆွတ်ခူးတဲ့အနေနဲ့၊ အောင်ပွဲဆင် သိဒ္ဓိဘင်တဲ့အနေနဲ့ လုပ်စရာတခု ရှိနေသေးတယ်၊ အဲဒါ တခြားတော့မဟုတ်ဘူး၊ မင်းရဲ့ပညာကို အထွတ်တပ်တဲ့အနေနဲ့ လူဥပေါင်းတထောင်ကို သတ်ရမယ်လို့ အကြံပေးလိုက်တယ်၊ အမှန်ကတော့ ဆရာကြီးက ဒီကောင် လူပေါင်းတထောင် သတ်မှတော့ ဒီတထောင်ထဲက တယောက်ယောက်ကတော့ သူ့ကိုပြန်သတ်လို့ သေမှာဘဲလို့ဆိုတဲ့အကြံနဲ့ ခိုင်းလိုက်ခြင်းပါဘဲ။

အဲဒီလို အမိန့်ချလိုက်တော့ အဟိံသကက "ဆရာကြီးခင်ဗျာ.... ကျွန်တော်တို့ အမျိုးက လူသတ်တဲ့ အမျိုးလဲ မဟုတ်ပါဘူး၊ "ပါဏာတိပါတ"လို့ ဆိုတဲ့ သူများအသက်သတ်မှုကို မိဘမျိုးရိုး

ကစပြီး ရှောင်ကြဉ်ခဲ့ပါတယ်၊ အဲဒီ အလုပ်ကိုတော့ဖြင့် မလုပ်ပါရစေနဲ့၊အခြားနည်းနဲ့ ကျွန်တော်ရဲ့ပညာကို အထွတ်တင်ဘို့ပြောပြမယ်၊ ခိုင်းမယ်လို့ဆိုရင်တော့ ကျွန်တော်မျိုးလုပ်ပါ့မယ်”၊ မရဘူးမောင်ရေ၊ ဒီနည်းလမ်းဘဲရှိတယ်၊ မင်းသင်ထားတဲ့ပညာက ဒီလိုမလုပ်လိုက်ရင် အလကား ဖြစ်သွားတော့မှာပေါ့။

ကောင်းပါပြီ ဆရာကြီး၊ ဒီလိုဆိုရင်လဲ ကျွန်တော်မျိုး လုပ်ပါတော့မယ်၊ ဆရာကြီး ဖြစ်စေချင်တဲ့ အတိုင်းဘဲ ကျွန်တော်မျိုး လုပ်ဆောင်ပါ့မယ်လို့ ဝန်ခံပြီး၊ ဆရာကြီးရဲ့ ကောက်ကျစ်တဲ့ အကြံညဏ်တွေကြောင့် အဟိံသကမှာ လက်နက် လေးမြှား၊ ဓား အစရှိသည်တွေကို ရှာဖွေပြီး တောထဲကို ထွက်သွားခဲ့ရတယ်၊ တောထဲရောက်တော့ လာသမျှလူတွေ ဖမ်းဖမ်းပြီး သတ်လိုက်ရတာ၊ လူတွေကို သတ်လိုက်၊ ဘယ်နှစ်ယောက်ရှိပြီလို့ ရေထားလိုက်၊ သတ်ပြီးရေထားလိုက်၊ ကြာတော့ မေ့ကုန်တော့တာပေါ့။

သတ်ရမှာက တထောင်ပြည့်အောင်လို့ ဆိုတော့ တောအုပ်ထဲဝင်လာတဲ့သူတိုင်း ဟိုလူ့ဖမ်းသတ်၊ ဒီလူ့ကို ဖမ်းသတ်နေတော့ လူတွေကလဲ အကုန်လန့် ကုန်ကြပြီ၊ နောက် သူ့မှာလဲဘဲ ဘယ်နှစ်ယောက် သတ်ပြီးပြီလို့ သတ်ခဲ့တဲ့ အရေအတွက်မှန်ကို မသိဘဲ ဖြစ်နေတယ်၊ ဒီတော့ ရေလို့တွက်လို့လွယ်အောင် လူတယောက် သတ်ပြီးတိုင်း သတ်ပြီးတိုင်း၊ လက်ညှိုးကိုဖြတ်ယူထားမှ တော်မယ်လို့ ဆိုပြီး၊ သတ်ပြီးတိုင်း သတ်ပြီးတိုင်း လက်ညှိုး တချောင်း တချောင်းဖြတ်ပြီး ယူထားလိုက်တယ်၊ ဟိုချုံကြားထား၊ ဒီသစ်ပင်

ကြားထား၊ ထားတာနဲ့ တခါပျောက်ကုန်ရော၊ ခြေဉ် …….. ခက်တော့တာဘဲ၊ ငါထားတဲ့လက်ညှိုးတွေကို စွန့်ချိသွား၊ ကျီးကန်း က ထိုးသွားနဲ့ ဘယ်နှစ်ယောက်ရှိသွားမှန်း မသိတော့ပြန်ပါဘူး။

ကိုင်း—ဒီကရှေ့တော့ဖြင့် သတ်ပြီးသားလူတွေ ဘယ်နှစ်ယောက် ရှိပြီဆိုတာ သိရအောင် လူတယောက် သတ်ပြီးတိုင်း လက်ညှိုးကို ဖြတ်ယူ၊ ၎င်းဒီ လက်ညှိုးတွေကို နွယ်ကြိုးနဲ့ ဖေါက်သီထားပြီး လည်ပင်းမှာ ဆွဲထားတော့မယ်လို့ အကြံဖြစ်တယ်၊ ရက်ရက်စက်စက် သူတပါးအပေါ် တကယ်သတ်ချင်လို့ သတ်နေရတာတော့ မဟုတ် ပါဘူးနော်၊ ဒီလို ဆိုးသွမ်းချင်လို့ မဟုတ်သော်လဲဘဲ ဆရာကြီးရဲ့ ပရိယာယ်ဉာဏ် လည်ဆယ်မှုနဲ့ကြံတဲ့ အကြံကြောင့် သူ့ခမျာမှာ အမှားကြီးမှားနေရရှာတာပါ။

အဲဒီ လက်ညှိုးတွေကို ရသမျှ နွယ်ကြိုးနဲ့သီပြီး လည်ပင်မှာဆွဲ ထားပြီး လက်ညှိုးတွေက ပန်းကုံးကြီးနဲ့ တူနေလို့မို့ သူ့ကို (အဟိံသကကို) "အင်္ဂုလိမာလ"လို့ အဲဒီအချိန်က စပြီးတော့ "တောပုန်းကြီး အင်္ဂုလိမာလ"လို့ နာမည်တွင်သွားတယ်၊ အင်္ဂုလိ ဆိုတာက လက်ချောင်း၊ မာလာ-ဆိုတာက ပန်းကုံးကြီး၊ အဲဒီ လက်ညှိုးပန်းကုံးကြီး လည်ပင်းမှာ ဆွဲထားလို့မို့ အင်္ဂုလိမာလလို့ ခေါ်တယ်၊ သူရှိတာနဲ့ တောထဲကိုလဲ ဘယ်သူမှ မသွားရဲကြတော့ ဘူး၊ တောတွေထဲလဲ လူတွေမရှိတော့ဘဲ ချောက်ခြားပြီး အသွား အလာတွေလဲ ဘယ်မှ မရှိကြတော့ဘူးပေါ့။

တောထဲကို လူတွေ မလာကြတော့ တောရွာကလေးတွေမှာ ညအခါဝင်ပြီး ဖမ်းသတ် လက်ဖြတ်ယူ လုပ်ရတော့တာပေါ့၊ သူ့ရဲ့ အတတ်ပညာက ဒီလိုနည်းနဲ့မှ အထွတ်အထိပ်သို့ ရောက်မှာလို့ ဆရာကြီးက ပြောလို့သာ လုပ်နေရတာကိုး၊ အဲဒီလိုနဲ့ သူခိုးကြီး အင်္ဂုလိမာလ တောရွာတွေမှာ ညအခါ သတ်တတ်တယ်လို့ ဆိုပြီး လူတွေက မြို့နိဂုံးတွေဆီကို ပေါင်းကြရတယ်၊ မြို့တွေလဲ နောက်ကြတော့ ပေါင်းလိုက်ကြရတယ်၊ လယ်ယာ ကိုင်းကျွန်းတွေလဲ လုပ်ကိုင်မဲ့သူ ဘယ်သူမှ မရှိကြတော့ဘူး။

အဲဒီအခါမှာ လူတွေဟာ မနေနိုင်ကြတော့ဘဲ ကောသလ မင်းကြီး ကြားအောင် ဟစ်တိုင်ကနေပြီး တက်ပြီးအော်ကြရတယ်၊ ယခုခေတ်လလို ရေဒီယို သတင်းစာ ခေတ်က မဟုတ်ကြတော့ ဟစ်တိုင်ကနေပြီး ရှင်ဘုရင်နား ကြားရအောင် တက်ပြီး ဟစ်ကြရ တယ်၊ အဲဒီလို အော်ကြ ဟစ်ကြတော့ ကောသလမင်းကြီးက ဖမ်းဘို့ဆီးဘို့ စီမံရတာပေါ့၊ အဲဒီလိုသတင်းလာရင်းက အင်္ဂုလိမာလက စဉ်းစားမိတယ်၊ ဩော်....ငါ လူတွေသတ်လာလိုက်တာ ယနေ့အထိ ဆိုရင် လက်ညှိုးတချောင်းဘဲ ကျန်တော့တယ်၊ (လိုတော့တယ်၊) ငါ့မှာလဲဘဲ ဟိုက သူပုန် ဒီက သူခိုးနဲ့ အော်ကြ ဟစ်က, အစား ဆင်းရဲ အနေဆင်းရဲနဲ့လဲ နေခဲ့ရတာ ကြာပြီ၊ ဒီတခါ လက်ညှိုး တချောင်း ရပြီးရင်ဘော့ ငါ့ကိစ္စ ပြီးစီးတော့မယ်၊ အဲဒီလို စဉ်းစားပြီး လူအလာ စောင့်နေတယ်။

တတိုင်းပြည်လုံး တွေ့တဲ့နေရာမှာ အင်္ဂုလိမာလကို ဖမ်းရမယ် လို့ ကောသလမင်းကြီးက စည်လည်စေပြီးတော့ ကြေငြာတာကို

ပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီးကကြားတော့ ပုရောဟိတ်ပုဏ္ဏားကြီးက မန္တာနီပုဏ္ဏေးမကြီးကို ပြောတယ်၊ အဲဒါ တခြားမဟုတ်ဘူး မင်းရဲ့ သား နေမှာဘဲလို့ ပြောတယ်၊ ငါ တွက်ချက်တုန်းကလဲ ဒီလို တဥုးတည်း တကိုယ်တော်တည်း သောင်းကျန်းလိမ့်မယ်လို့ ဆိုတာ တွက်ချက်လို့ ရခဲ့တယ်၊ ကေန္တ မင်းရဲ့သား နေမှာဘဲ။

## အကျွမ်းမဝင်သင့်သော ၃ မျိုး

အို....ဒီလိုဆို ဘယ့်နှယ်လုပ်ကြမတုန်း၊ ဒီလိုဆို အရှင်ပုဏ္ဏားကြီး သွားမှခတော်မှာပေါ့၊ ကိုယ်တိုင်သွားပြီး ကိုယ့်သားကလေး ချော့မော့ ဖြားယောင်းပြီးတော့ ခေါ်ခဲ့မှပေါ့လို့ ပြောလိုက်တော့၊ အမယ် လေး မလုပ်ပါနဲ့ဗျာ.... ငါတော့ဖြင့် မသွားရဲပါဘူး၊ လောကမှာ အကျွမ်းမဝင်ရတာ ၃ မျိုးရှိတယ်၊ သူခိုး ဓားမြကို အကျွမ်းတဝင် မချစ်ခင်ရဘူးတဲ့၊ နောက်ပြီး တိုင်းပြည် အုပ်ချုပ် မင်းလုပ်ရတဲ့ သူကိုလဲ အကျွမ်းတဝင် မလုပ်ရဘူး၊ နောက်ပြီး မြက် သစ်ရွက် စတဲ့ နေရာထိုင် အခင်းဟောင်းကိုလဲ ငါ မနေ့က ထိုင်ခဲ့တဲ့နေရာဘဲ လို့ ဆိုပြီး အမှတ်တမဲ့နဲ့ အကျွမ်းတဝင် လုပ်ပြီး မထိုင်လိုက်ရ ဘူးတဲ့၊ ထိုင်လိုက်ရင် အခင်းအောက်မှာ ဝင်နေတဲ့ မြွေ ကင်းတွေ ပေါ် ထိုင်မိပြီး သူတို့ကိုက်လို့ ဒုက္ခ ရောက်တတ်တယ်၊ ဒီတော့ ငါ မသွားရဲဘူး။

## မိခင်ကြီးကို ဓားဖြင့် လိုက်

မာတု ဟာဒယံ နာမ မုဒုကံ၊... မာတု - အမိ၏၊ ဟာဒယံနာမ - နှလုံးသား မည်သည်မှာ၊ မုဒုကံ - နူးညံ့ပါတယ်၊ မိဘ နှစ်ပါးမှာ

မိခင်ရဲ့ နှလုံးသားက ပိုပြီး နူညံ့သတဲ့နော်၊ ဒီတော့ မိခင်လုပ်တဲ့သူက သူ့သားကလေးကို ရှင်ဘုရင်က ဖမ်းပြီး သတ်တော့မယ်လို့ ဆိုတော့ ကောသလတိုင်းကြီးရဲ့ အနီးက "ဇာလိယ" လို့ ဆိုတဲ့ တောအုပ်ကြီးဆီသို့ မိခင်ကြီးက လာပြီး သားကို ရှာတယ်ပေါ့၊ တောထဲကို ရောက်တယ်လို့ ဆိုရင်ဘဲ မိခင်ကြီးက "သားရေ........ အမေ လာတယ်ကွဲ့ သားရဲ့၊ အမေလာတယ်ကွဲ့၊ သားလေး ဒုက္ခရောက်တော့မယ်၊ အမေ့ထံကို ကြားရာအရပ်က နေပြီး လာခဲ့ပါ" လို့ ဆိုပြီး တကြော်ကြော် အော်ခေါ်ပြီး သွားနေတယ်။

အင်္ဂုလိမာလ ကလဲ အင်း — ဟိုဆီက ဖွေးဖွေး ဖွေးဖွေးနဲ့ အဖွားကြီးတယောက်တော့ဖြင့် လာပြီ၊ ဒီနေ့တော့ဖြင့် အမေသော အဖေသော ချန်မထားနိုင်တော့ဘူး၊ လက်ညှိုးတချောင်းသာ ရရင် ငါ ကျေအေးမှာနေ့ဘဲ၊ ဘာဘဲဖြစ်ဖြစ် ဟိုက လာနေသူကိုတော့ ငါ လိုက်သတ်ရတော့မှာဘဲလို့ ကြည့်ပြီးနေတယ်။

## ဘုရားရှင်က ကြားဝင်ရ

အဲဒီနေ့မှာဘဲ နံနက်စောစော သဗ္ဗညုတ ရွှေဉာဏ်တော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကလဲ သဗ္ဗညုတရွှေဉာဏ် ကွန်ယက် ဖြန့်ကျက်ပြီး ကြည့်လိုက်တဲ့အချိန် အဲဒီ အင်္ဂုလိမာလ ခိုးသူကြီးဟာ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ သဗ္ဗညုတရွှေဉာဏ် ကွန်ယက်ထဲ ထင်ပြီး လာလို့ ကြည့်လိုက်တော့ မိခင်ကိုသတ်မဲ့ အခရေးဟာလဲ ပေါ်လာတယ်၊ မိခင်ကို သတ်မိရင်ဖြင့် "မာတုဃာတက မဟာဇာနိယ" လို့

ခေါ်တဲ့ အမိသတ်ကံ ထိုက်ပြီး ရဟန္တာဖြစ်မဲ့ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ဉာဏ်ကြီးရဲ့ အတားအဆီး အနှောက်အယှက် အန္တရာယ်ကြီး ဖြစ်တော့မှာဘဲ၊ ငါ စောစောစီးစီး သွားပြီးတော့ ကယ်မှဘဲလို့ ဆိုပြီး ဘုရားရှင်ကလဲ ကြွလို့ အလာ....။

စောရစ္ဆ - ခရီး ဝေးကွာ, ယူဇနာကို, လျှင်စွာ ပြေးစွမ်း, တောမြိုင်တန်းက, လူဖမ်း လက်ဖြတ်, သေအောင်သတ်၍, နန်းရပ်ကကျော်, မွေးမယ်တော်ကို, မြင်သော် စိုက်စိုက်, ခုတ်ဖြင့်လိုက်၍, မကိုင်ထွင့်ထွင့်တင်, ဘုရားရှင်ကို, အသင် ရှောင် ဝေး, ဘယ်ကြောင့် ပြေးဟု, ခေါ်ရေး ပြုကာ, သဘ်မည့် လာသား, လွန်စွာဆိုးဘိ, အင်္ဂုလိခေါ်, သူခိုးကျော်ကိုရင်း၊ ဆိုတဲ့အတိုင်း........

အဲဒီလို မယ်တော်ကြီးကို လက်ညှိုး ရဘို့အရေး ခုတ်နဲ့ လိုက် နေတဲ့အချိန်မှာ အင်္ဂုလိမာလကို မာတုဃာတကကံကြီး မထိုက်စေရန် အတွက်နဲ့ မိခင်ကိုလဲ မသတ်မိစေရန် ဘုရားရှင်ကိုယ်တော်မြတ်က ကြွလာတော်မူပြီး သူတို့နှစ်ယောက်ရဲ့ ကြားထဲက ကိုယ်တော်ရဲ့ အရောင်ကို ပြတော်မူပြီး ဝင်ရပ်တော်မူတယ်၊ "အား.... အမေကို သတ်ဘို့လို့ ဆိုပြီး ငါ လိုက်လာလိုက်တာ ကြားထဲက ရဟန်းဦးပြီး ကတုံးတယောက်တော့ တွေ့ပြန်ပြီ၊ အမေကို လွှတ်ပြီးတော့ ဒီရဟန်း ရဲ့ လက်ကိုဘဲဖြတ်ပြီးတော့ ယူရတော့မှာဘဲ" လို့ ဆိုပြီး ဘုရားရှင် ရှိတော်မူရာဘက်သို့ လှည့်ပြီးတော့ လိုက်ပြန်တယ်။

အဲဒီလို လိုက်တယ်လို့ ဆိုရင်ဘဲ ဘုရားရှင်က တန်ခိုးတော်နဲ့ ဖန်ဆင်းထားလိုက်တာ၊ အင်္ဂုလိမာလက ဘုရားရှင်ကို မှီလုနီးနီး

အနေမျိုးလဲ ဖြစ်စေရမယ်၊ ဘုရားရှင်ကလဲ မမှီလောက်တဲ့ အနေ အားဖြင့် ရှေ့က ကြွတော်မူဘာလဲ ဖြစ်စေရမယ်လို့ စီမံထားတော် မူလိုက်တယ်၊ အဲဒီမှာ အင်္ဂုလိမာလက တဟုန်ထိုး အရှိန်နဲ့ ပြေးလိုက် လိုက်တာ၊ အဲဒီလို တဟုန်ထိုး ပြေးလိုက်ရင်း မှီမဲ့ကြံရင်း ကြားထဲက မြောင်းကြီး ခံသွားလိုက်ပြန်ပြီ၊ တော်တော်လေး ပြေးလိုက်လို့ မှီမဲ့ကြံလိုက်ရင်း တောင်ကမူကြီးက ကြားထဲက ခံသွားပြန်တယ်၊ အဲဒီ တောင်ကမူပေါ်ကို အပြေးလိုက်တက်၊ ဟိုဘက်ကို လှမ်းကြည့်၊ ဟာ- ဟိုဘက်မှာ ရဟန်းကြီး ရှိသေးသာဘဲ ဆိုပြီး ပြေးလိုက်။

အဲဒီလို ဘုရားရှင် ကိုယ်တော်မြတ်ကို မှီလု မှီလု အနေမျိုးနဲ့ လိုက်လာလိုက်တာ၊ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ နောက်ကို အပြေး လိုက်ရာက မယ်တော်ကြီးကိုလဲ မျက်ခြည်ပြတ်သွားပြီ၊ သူလဲ အတော် ကလေး မောလာပြီ၊ ဒီတော့ သူက စဉ်းစားလိုက်တယ်၊ အင်း.... ငါ ခါတိုင်းလိုဆို ဒီလောက် အပြေး မလိုက်ရပါဘူး၊ အင်မတန် အပြေးသန်တဲ့ သမင်, ဒရယ်, ဂျယ်, စိုင်, ဆတ် တွေကို တောင်မှ ငါ အမိဖမ်းနိုင်ခဲ့တယ်၊ ဒီထက် အပြေးသန်တဲ့ မြင်းတွေကိုပင်လျှင် ငါ အပြေးလိုက်ပြီးဖမ်းနိုင်ခဲ့တယ်၊ ငါ့ရဲ့ အရှိန်အဟုန်ဟာ ဒီလောက် ပြင်းထန်ပါလျက်ကယ်နဲ့ ဒီရဟန်းကြမှ ငါ ဘာပြုလို့ မမှီရတာ ပါလိမ့်မလဲလို့ ဆိုပြီး အပြေးရပ်ပြီးတော့ လှမ်းအော်လိုက်တယ်။

## ငါဘုရားက ရပ်နေသူ, သင်က အပြေးသမား

" တိဋ္ဌ မဟာသမဏ, တိဋ္ဌ မဟာသမဏ၊– အို.... ရဟန်းကြီး၊ တိဋ္ဌ-ရပ်အုံး ရပ်အုံး"လို့ သူက လှမ်းပြီး အော်လိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကလဲ " ဌိတောဟံ အင်္ဂုလိမာလ တွမ္မေဝ တိဋ္ဌ၊ အင်္ဂုလိမာလ– ချစ်သား - အင်္ဂုလိမာလ၊ အဟံ – ငါသည်၊ ဌိတော-ရပ်မြဲ ရပ်နေပါတယ်။

ငါက ရပ်နေပါတယ် အင်္ဂုလိမာလ၊ တွမ္မေဝတိဋ္ဌ = သင်က သာ ရပ်ဘို့လိုပါတယ်၊ သင်ကသာ မရပ်ဘဲ ပြေးနေခြင်း ဖြစ်ပါ တယ်; ငါက ရပ်နေသူပါလို့, ဘုရားက မိန့်တော်မူလိုက်တယ်၊ ဒီတော့ အင်္ဂုလိမာလက အံ့မယ် ရဟန်းကြီးနှယ် ပြောလိုက်တဲ့ စကားက ဆန်းကြယ်လိုက်ပါပေ့နော်။

ပြေးနေတာက သူကပြေးနေတာ၊ ငါက ရဟန်းကြီး ရပ်အုံးလို့ ပြောဆိုရင်း ငါက ရပ်နေတာ၊ သူက ပြေးနေပါလျက် " ငါက ရပ်မြဲ ရပ်နေတယ်၊ သင်ကသာ ပြေးနေတယ်၊ သင်ကသာ ရပ်ဘို့ လိုပါတယ် "လို့ ပြောကယ်၊ ဆန်းလိုက်တဲ့စကား ဆန်းလိုက်တဲ့ စကားတွေ၊ ဒီရဟန်းကြီးတော့ အဲဒီစကားဆန်းကို သေသေ ချာချာ မေးအုံးမှဘဲဆိုပြီး မေးလိုက်တယ်။

ဂစ္ဆံ ဝဒေ ဌိတောမှိတိ, မံစ ဗြူသိ အဌိတောတိ၊
ပုစ္ဆာမိ တံ သမဏ, ကထံ ဌိတော မဌိတောတိ။

မဟာသမဏ– ရဟန်းကြီး၊ ဂစ္ဆံ ( ဂစ္ဆန္တော )– သင်ဟာ တရွေ့ရွေ့ တလျားတလျား ရှေ့သို့ သွားနေသူ ဖြစ်ပါလျက်၊ ဌိတော-ငါရပ်နေသည်၊ အမှိ-ဖြစ်၏၊ ဣတိ-ဤသို့၊ ဝဒေ-ပြောဆို ဘိ၏။

ရဟန်းဆိုတာ မလိမ္မာမညာကောင်းဘူးကိုယ်တော်၊ ရဟန်းကြီး သင်ဟာ ကျွန်ုပ်ရှေ့မှာပင် တလှုပ်လှုပ်သွားနေသူ ဖြစ်ပါလျက်နဲ့ ရပ်နေတယ်လို့ ဘယ့်နှယ်ကြောင့် လိမ်ပြီးတော့ ပြောနေရသလဲ။

မံစ-ရပ်နေတဲ့ ကျွန်ုပ်ကိုလဲ ဘဲ၊ အတိဋ္ဌကော-မရပ်ဘဲ တလှုပ်လှုပ် ပြေးနေသူဟူ၍၊ ဗြူသိ—ပြောဆိုဘိ၏။

ရပ်ပြီးတော့နေတဲ့ အကျွန်ုပ်ကိုတော့ အသင်က တလှုပ်လှုပ် ပြေးနေသူလို့ ပြောပြန်တယ်၊ ကျွန်ုပ်ရဲ့ မျက်စိအောက်မှာပင်လျှင် ရဟန်းကြီး လိမ်လှချေလား၊ အလိမ်အညာတွေ များလှချေသား ရဟန်းကြီး၊ အသင်ရဟန်းကြီးကို ကျွန်ုပ်တခုမေးပါရစေ၊ အသင်က သွားနေသူ ဖြစ်ပါလျက်နဲ့ အဘယ်နည်းဖြင့် ရပ်နေတယ်လို့ ပြောဆိုနိုင်ပါသလဲ၊ အကျွန်ုပ် ရပ်နေသူကိုတော့ အသင်ရဟန်း ကြီးက ဘာ့ကြောင့် ပြေးနေသူလို့ ဆိုနိုင်ပါသလဲ-လို့ မေးလိုက် တယ်။

သူ့စိတ်ထဲမှာ ထူးဆန်းတဲ့အကြံ ဖြစ်လိုက်တာက ခါတိုင်းဆိုရင် ငါတဟုန်ထိုးလိုက်ရင် ဘယ်လောက် အပြေးသန်တဲ့သူဘဲ ဖြစ်ဖြစ် မလွတ်ပါဘူး၊ မိခဲ့တာချည့်ပါဘဲ၊ သူတောထဲနေတုန်းကလဲ ထမင်း ဆာလို့ သားကောင်တွေကို လိုက်ဖမ်းပြီး စားတဲ့အခါမှာ ရိုးရိုး တောင်မှ မဖမ်းလိုက်သေးဘူးတဲ့၊ သာမင် ဒရယ်တွေ စုပုံနေတယ်လို့ ဆိုရင် ဟိုချုံကိုပုတ်၊ ဒီချုံကို ခဲနဲ့ပစ်လိုက်ပြီး လှန့်လိုက်သေးတယ်ဘဲ့ နော်၊ ထွက်ပြေးကြပြီလို့ ဆိုတော့မှ အဲဒီအုပ်ကြီးထဲက သူကြိုက်တဲ့

အကောင်ကို အပြေးလိုက်ဖမ်းလိုက်ရင် မိတာဘဲတဲ့၊ အပြေးမှာ အဲဒီလောက်သန်တဲ့ အင်္ဂုလိမာလတဲ့။

တဟုန်ထိုး တဟုန်ထိုး တခါလောက် ပြေးလိုက်ပြီဆိုလို့ရှိရင် သုံးယူဇနာဝေးတဲ့ခရီးကို တချက်ထဲ ရောက်သွားနိုင်သတဲ့၊ သုံးယူဇနာလို့ဆိုတာ မိုင်ပေါင်း သုံးဆဲ့ခြောက်မိုင်ပေါ့၊ အဲဒီလို အဟုန်ပြင်းတဲ့သူသည်ပင် ဘုရားရှင် ကိုယ်တော်မြတ်ကို မမှီတော့ အံ့ဩတဲ့စိတ် ဖြစ်နေတယ်၊ ပြောလိုက်တဲ့ စကားကလဲ ဆန်းနေလို့ မေးတာပေါ့ဘဲ၊ အဲဒီအခါမှာ ဘုရားရှင်က ပြန်ဖြေတယ်။

ဌိတော ဟံ သဗ္ဗဒါ တာတ, ဒဏ္ဍမောဓာယ ပါဏိနံ၊
န ဒဏ္ဍ မုပနိဓာယ, တွမေဝ အဋ္ဌိတော စရေ။

တာတ-ချစ်သား အင်္ဂုလိမာလ၊ အဟံ-ငါသည်၊ ပါဏိနံ-သတ္တွာတို့၏ အပေါ်မှာ၊ ဒဏ္ဍမောဓာယ — သတ်မယ် ဖြတ်မယ်လို့ ဆိုတဲ့ အလုပ်တွေကို ချထားပြီး ဖြစ်လေသောကြောင့်၊ ဝါ— အကုသိုလ် ဒုစရိုက်တွေကို အကုန်ပယ်သတ်ပြီး ဖြစ်လေသောကြောင့်၊ ဝါ— သံသရာခရီးကို သွားရာ သွားကြောင်းဖြစ်တဲ့ ကုသိုလ် အကုသိုလ် တရားတွေကို သုတ်သင် ရှင်းလင်းပြီး ဖြစ်လေသောကြောင့်၊ ဝါ— သံသရာခရီးကြီးကို လည်စေကြောင်းဖြစ်သော လောဘဓာတ်, ဒေါသဓာတ်, မောဟဓာတ်တွေကို မရှိအောင် အရှင်းပယ်သတ်ပြီး ဖြစ်လေသောကြောင့်၊ အဟံ— ငါသည်၊ ဌိတော— ရပ်တည်တော်မူပြီးဖြစ်၏၊ တွမေဝ — သင်သည်သာလျှင်၊ ဒဏ္ဍံ — ဒဏ်ကို၊ ဝါ—

သတ္တဝါအများတို့၏ အပေါ်၌ ညှဥ်းဆဲကြောင်းဖြစ်သော ကိလေသာ အပေါင်းကို၊ နဥပနိခါယ— မချနိုင်သေးသည်ဖြစ်၍၊ ဝါ— သုံးဆဲ့တဘုံသံသရာခရီးကြီးကို ခေါက်တုန့်ခေါက်ပြန်သွားကြောင်း ဖြစ်တဲ့ လောဘ, ဒေါသ, မာနစသော ဓာတ်တွေကို သင်က မပယ်သတ်နိုင်သေး၍ တဘဝမှ တဘဝသို့ ကူးပြောင်းသွားရမှာ ဖြစ်လေသောကြောင့်၊ တွမေဝ—သင်ကသာလျှင်၊ အဋ္ဌိတောစရေ- မရပ်မနေ, တဟုန်ထိုး ပြေးသွား၍ နေလေတော့သတည်း။

သာဓု....သာဓု....သာဓု....။

အင်္ဂုလိမာလ၊ ငါဘုရား မိန့်တော်မူမဲ့စကားကို သင်နားစိုက်ပြီး သတိထား ထောင်ကြည့်စမ်း၊ ငါဘုရားသည် သုံးဆဲ့တဘုံတည်း ဟူသော သံသရာခရီးကြီးကို တပြောင်းပြန်ပြန် ကျင်လည်ကြောင်း ဖြစ်သော ကိလေသာအညစ်အကြေးတွေကို အမြစ်ပြတ် ပယ်သတ် ပြီးဖြစ်လေသောကြောင့် ငါဘုရားရှင်က ဒီခန္ဓာကိုယ်ကြီး ပရိနိဗ္ဗာန် စံပြီးသည်နှင့် တပြိုင်နက်, ငါဘုရား ဘယ်လိုဘဝမျိုးမှ မသွား တော့ဘူး၊ ဘယ်လိုဘဝမျိုးကိုမှ မရောက်တော့ဘူး၊ ဘယ်လို ဘဝ မျိုးကိုမှ သွားစရာမလိုတော့တဲ့အတွက်ကြောင့် ငါဟာ ရပ်နေတဲ့ သူလို့ ပြောလိုက်ခြင်းဖြစ်သည်။

သင်ကတော့ သုံးဆဲ့တဘုံ သံသရာခရီးသွားသွားကြီးဖြစ် တယ်၊ အပါယ်လေးပါးစသော ဘဝတွေထဲကို ပြေးသွားကြောင်း အကုသိုလ် အညစ်အကြေးတွေ မစင်ကြယ်သေးသောကြောင့်, " နတ်ဘုံ ဗြဟ္မာ့ဘုံ "လို့ ဆိုတဲ့ အထက်တန်း ဘုံဘဝတွေကို

ပြေးကြောင်းဖြစ်တဲ့ ကုသိုလ်ကံတွေ၊ အဲဒီ ကုသိုလ် အကုသိုလ်တို့ရဲ့ အခြေခံ ပင်မဖြစ်တဲ့ လောဘ ဒေါသ စေတ်ညစ်တွေကို သင် ချစ်သားရဲ့ သန္တာန်မှာ မပယ်သတ်နိုင် သေးသောကြောင့် သင်က ခရီးသွား လူသားကြီးဘဲ၊ သင် ချစ်သားက သုံးဆဲ့တဘုံ ခရီးခဲကြီး ထဲမှာ မပြတ်အောင် ပြန်လည် သွားနေရအုံးမည် ဖြစ်လေသော ကြောင့် ယခု မျက်မြင်အနေနဲ့ ရပ်နေတယ်လို့ ဆိုရငြားသော်လဲဘဲ သံသရာ ခရီးခဲကိုတော့ဖြင့် ပြေးသွားမြဲ ပြေးသွားနေတဲ့ လူသား တယောက်ဘဲ၊ အဲဒါကို ရည်ရွယ်ပြီးတော့ ငါဘုရားရှင် ကိုယ်တော် မြတ်က ချစ်သားကို အပြေးသမားလို့ ဆိုလိုက်တယ်၊ ချစ်သား သင် သတိထားလို့ မိန့်တော်မူလိုက်တယ်။

အဲဒီလိုပြောလိုက်တော့ အင်္ဂုလိမာလ မျက်နှာကြီး အောက်စိုက် ပြီးတော့ ငေးကျသွားတယ်၊ အင်း... ဟုတ်လိုက်တာ၊ ဟုတ်လိုက် တာနဲ့၊ ပင်ကိုယ်က ပါရမီစေတ်ခံကလဲ ပါလာတော့ ဘုရားရှင်က တရားကိုက်ပြီးတော့ ပြလိုက်တော့ သဘောပေါက်သွားလိုက်တာ၊ ပါရမီစေတ်ခံတွေနဲ့ ဘုရားရှင်ရဲ့ တရားတော်တွေနဲ့ တွေ့ဆုံလိုက် တော့ နေအရုဏ်တွေ့တဲ့ ပဒုမ္မာကြာလို အသိဉာဏ် ကြာပန်းဟာ ပွင့်လန်းသွားတယ်။

## အပြေးသမားလား, အရပ်သမားလား

ဒါ့ကြောင့် ယနေ့ တရားနာလာကြတဲ့ ဒကာ–ဒကာမတွေဟာလဲ သုံးဆဲ့တဘုံ တည်းဟူသော သံသရာခရီးခဲကြီးထဲမှာ လူ နတ် ဗြဟ္မာ အပါယ်လေးရွာစသော ဘဝတွေမှာ ဖြစ်ကြရအုံးမဲ့သူတွေ ဖြစ်လေ

သောကြောင့် ရပ်နေတဲ့သူတွေ မဟုတ်ကြပါ၊ ယခု တရားထိုင်နေပြီး သကာလ ဒီနေရာမှာ တရားဟောရာ အမရပူရ စိန်မြို့လယ် ဓမ္မာရုံကြီးထဲမှာ ရောက်နေကြသော်လဲ ခရီးသွားတွေလား, ခရီးနားတွေလားလို့ မေးလာခဲ့ရင်၊ ရပ်နေသူတွေလား, ဆက်ပြီး သွားအုံးမဲ့သူတွေလားလို့ မေးခဲ့ရင် ရဟန္တာ မဖြစ်သေးသမျှ ခရီး ဆက်ပြီး သွားကြရအုန်းမဲ့ သူတွေချည့်ဘဲ၊ အဲဒီ သံသရာ့ခရီးကြီးထဲကို သွားစေတတ်သူတွေက ဘယ်သူတွေလဲလို့ ဆိုလိုက်ရင် လောဘ, ဒေါသ, မောဟတွေ၊ အထူးသဖြင့်....

အပရာ ပရံ ဂစ္ဆန္တိ, ဘဝနေတ္တိ သမူဟတာ။

ဘဝနေတ္တိ သမူဟတာ – တဘဝမှ တဘဝသို့ ဆွဲဆောင်သွားတတ်သော တဏှာ၏ အဆွဲ အခေါ် အငင်ကို ခံယူနေရတဲ့ သတ္တဝါမှန်သမျှတို့သည်၊ အပရာ ပရံ ဂစ္ဆန္တိ- သုံးဆဲ့တဘုံ ဆန် စုံ မျောပါး တပြောင်းတပြန်ပြန် ခရီးသွားသူတို့ မည်ကုန်၏။

ခရီးသွားတွေချည့်ဘဲတဲ့၊ ဒီတော့- ယနေ့ တရားနာနေကြတဲ့ ဒကာ- ဒကာမတွေ အင်္ဂုလိမာလနဲ့ တူသလား၊ အင်္ဂုလိမာလထက် သာသလားလို့များ မေးခဲ့ရင် အင်္ဂုလိမာလကြီး ခရီးသွားဖြစ်သလိုဘဲ၊ ယနေ့ တရားနာ ပရိသတ်တို့ကလဲ ရဟန္တာ မဟုတ်သေးသူ မှန်သမျှ သုံးဆဲ့တဘုံ သံသရာခရီးကြီးကို သွားကြရအုံးမည် ဖြစ်လေသောကြောင့် အပြေးသမားတွေချည့် ဖြစ်နေကြလေသည်၊ မမှားဘူးနော်၊ ကဲ- အားလုံးသော တရားနာ ပရိသတ်ကြီးက ဖြေကြစမ်းပါ၊ အားလုံးဟာ အပြေးသမားတွေလား, အရပ်သမားတွေလား၊ (အပြေးသမားတွေပါ ဘုရား)။

ကဲ ကဲ....ဒါဖြင့် ဒီလင်္ကာကလေးကို လိုက်ဆိုကြစမ်းပါအုံး။

ကိုယ့်ကိုယ်ကို တွေး၊ ကိုယ် မေးလေပါ၊
ပြေးလား-ရပ်လား၊ ငါကား ဘယ်ဟာ၊
ရပ် နာမ် ၂ ချက်၊ ဖြစ် ပျက် ရှုကာ၊
အပြေးဖြတ်၊ အရပ် ကြိုးစားပါ။

(ဥ-ခေါက် ချ-ဆို)။

သုံးဆဲ့တဘုံထဲ ကျင်လည် သွားကြရအုံးမည့်သူတွေ မှန်သမျှ အပြေးသမားတွေချည့် ဖြစ်နေပါသည်၊ ငါဟာ ဘယ်လိုလူတုန်း၊ အပြေးသမားထဲကလား၊ အရပ်သမားထဲကလား၊ ရပ်နေတာလား၊ ပြေးနေတာလား၊ ပြေးနေတုန်းလား၊ ပြေးရအုံးမဲ့သူလား၊ ကိုယ့်ကိုယ်ကိုသာ မေးလိုက်ကြပါတဲ့၊ ဝိပဿနာ အလုပ်ကို လုပ်နေတဲ့ အချိန်ကလေးသာလျှင် အရပ် ဂိုဏ်းထဲဝင်တဲ့ အချိန် ဖြစ်သည်၊ အပြေးလမ်းကြီး ဖြတ်ပြီး၊ အရပ်လမ်းစဉ်ကို ကြိုးစားရာရောက်တယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားက....

## မှီလျှင် လှုပ်မည်

နိဿိတဿ စလိတံ ဟောတိ၊ စလိ တေ သတိ ပဿဒ္ဓိ န ဟောတိ၊
ပဿဒ္ဓိယာ အသတိ၊ အာဂတိ ဂတိ ဟောတိ။

နိဿိတဿ-မှီနေတဲ့ ပုဂ္ဂိုလ်အတွက်၊ စလိတံ-လှုပ်ရှားခြင်းသည်၊ ဟောတိ ဖြစ်၏၊ စလိတေ သတိ- လှုပ်တယ်လို့ဆိုရင်ဖြင့်၊ ပဿဒ္ဓိ-

ငြိမ်းအေးမှုသည်၊ နှ ဟောတိ - မဖြစ်သေး၊ ပဿဒ္ဓိယာ အသတိ - မငြိမ်းအေးဘဲ တလှုပ်လှုပ် ဖြစ်နေတယ်လို့ ဆိုရင်ဖြင့်၊ အာဂတိ ဂတိ — ဟိုဟို ဒီဒီ တပြောင်းပြန်ပြန် ပြေးသွားနေရ ခြင်းသည်၊ ဟောတိ-ဖြစ်၏။

တုံးကြီးတတုံးကို လူတယောက်က မှီနေတယ်လို့ ဆိုကြပါစို့၊ တုံးကြီးက လှုပ်လို့ရှိရင် မှီတဲ့သူလဲ လှုပ်မယ်၊ ယနေ့ တရားနာ ပရိသတ်တွေဟာ သားခန္ဓာ, သမီးခန္ဓာဆိုတဲ့ တုံးကလေးတွေကို မှီ၍ နေကြပါသည်၊ အိမ်မှာ ရှာဖွေ စုဆောင်းထားတဲ့ စီးပွား ဥစ္စာ ရတနာဆိုတဲ့ တုံးတွေကို မှီနေကြပါသည်၊ ဘယ်လို မှီနေတုန်းလို့ ဆိုရင် လောဘခေတ်ကလေးနဲ့ ငါ့သားကလေး, ငါ့သမီးကလေး ဆိုတဲ့ အချစ်ခေတ်ကလေးတွေနဲ့ မှီနေကြပါသည်။

ငါ့သား, ငါ့သမီးလို့ဆိုပြီး လောဘခေတ်တွေနဲ့ ဒိဋ္ဌိ သံယောဇဉ် ခေတ်တွေနဲ့ မှီပြီး အချစ်ခေတ်ကလေးတွေနဲ့ မှီနေကြပါသည်၊ သားအပေါ်မှာ တွယ်တာ၊ သမီးအပေါ်မှာ တွယ်တာ၊ ပစ္စည်း အပေါ်မှာ တွယ်တာ ခင်မင် မက်မော စုံမက်နေတယ်လို့ ဆိုတာ မှီနေတယ်လို့ ခေါ်တယ်၊ အဲဒီလို မှီနေတော့ တုံးကို မှီနေတဲ့ အမျိုးသား, သို့မဟုတ် အမျိုးသမီး တယောက်သည် တုံးကြီးက လှုပ်ရင် မှီတဲ့သူလဲ လှုပ်ရသည်၊ တုံးကြီးက လိမ့်ရင် မှီတဲ့သူလဲ လိမ့်သည်။

## အမှီ ၃ ပါး, အမှား ၃ ချက်

ယနေ့ အားလုံးသော သတ္တဝါတွေဟာလဲ အဲဒါလိုဘဲတဲ့၊ သား ခန္ဓာ, သမီးခန္ဓာ ဆိုတဲ့ တုံးတွေကို မှီပြီးတော့ ငါ့သား, ငါ့သမီးနဲ့

အဲဒီ ငါ့သားလို့ဆိုတဲ့ အထဲမှာ အမှားက သုံးချက်ပါနေပါတယ်၊ ငါ့ဟာ-ဆိုတာက လောဘနဲ့မှီတဲ့ အမှိ၊ သား-ဆိုတာက ရုပ်နမ် အစုသာရှိတဲ့ သားအပေါ်မှာ သားအကောင်အထည်နဲ့ သွားပြီး တော့ စွဲလိုက်တဲ့ သက္ကာယဒိဋ္ဌိနဲ့ မှီတဲ့ အမှိ၊ အဲဒါ လောဘနဲ့ ဒိဋ္ဌိ နှစ်မျိုးနဲ့မှီနေတဲ့ အမှီဖြစ်သည်၊ အဲဒီ အထဲမှာမှ ရုပ်နာမ်သာရှိတဲ့ သားကို ရုပ်နာမ်အဖြစ်နဲ့ မမြင်နိုင်အောင် ကာကွယ်တာက မောဟ ဘဲ၊ မရှိတဲ့သား ကို သား အဖြစ်နဲ့ အမှားမြင်အောင် ကာကွယ်ပေး တာလဲ မောဟဘဲ၊ အဲဒီလို အမှန်မမြင်အောင်, အမှားမြင်အောင် လုပ်ဘာကို မောဟနဲ့မှီဘယ်လို့ ခေါ်တယ်၊ အဲဒီလို ငါ့သားဆိုတဲ့ အထဲမှာ အမှီတရားသုံးပါး ပါနေတယ်။

နာမ်ရုပ်နှစ်တန်, မသိပြန်, အမှန် မောဟသာ....

ဆိုတဲ့အတိုင်း, ရှိနေတာကို ရှိနေတဲ့အတိုင်း မမြင်တာကို "အဝိဇ္ဇာမောဟ"လို့ ခေါ်သည်၊ သား လို့ဆိုဒါ အဟုတ်မရှိနိုင်၊ သားလို့ သမုတ်ထားတဲ့"သန္တာန်"လို့ခေါ်တဲ့ ရုပ်စု နာမ်စု, ရုပ်ပုံ နာမ်ပုံကြီးသာရှိတဲ့ သားခန္ဓာ သမီးခန္ဓာ၊ အဲဒီ ရုပ်နာမ် အစုအဝေး မျှသာရှိတဲ့ သားခန္ဓာ သမီးခန္ဓာ အပေါ်မှာ မိမိက သား-လို့ အထင်စွဲလိုက်တာဘဲ၊ အဲဒါ ပညတ်နဲ့ အစွဲ၊ အတ္တဝိညာဉ်ကောင် အနေနဲ့ အစွဲ၊ လိပ်ပြာကောင်အနေနဲ့ အစွဲ၊ အထည်ထွတ္ထုဒြဗ်စဉ် အနေနဲ့ စွဲပြီလို့ ဆိုလိုက်သည်နှင့်တပြိုင်နက် ဒါကိုဘဲ "သက္ကာယ ဒိဋ္ဌိ"ဝင်တယ်လို့ ခေါ်တယ်။

ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မမြင်ဘဲနဲ့ (အထည်ဝတ္ထုဖြစ်) အနေနဲ့ သက္ကာယဒိဋ္ဌိစွဲနဲ့ စွဲလိုက်ရင် ဒိဋ္ဌိဆိုတဲ့တရားနဲ့ မှီတယ်လို့ ခေါ်ရမယ်၊ အဲဒီအထဲမှာမှ ငါ့သား ငါ့သမီးလို့ ဆိုတဲ့ ငါ့လို့ ဆိုတာလေး သုံးနေခြင်းသည်၊ အဲဒီ ငါဆိုတဲ့ အသံကလေးသည် လောဘရဲ့အသံသာ ဖြစ်သည်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း၊ ငါ့အိမ်လို့ ဆိုတာတွေလဲ လောဘခေတ်နဲ့ မှီနေပါသည်၊ သားလို့ ဆိုတဲ့၊ သမီးလို့ဆိုတဲ့ ဒိဋ္ဌိနဲ့ မှီနေကြပါသည်၊ အဲဒီ လောဘ ဒိဋ္ဌိ နှစ်ပါးနဲ့ မှီဘို့ရန်အတွက် ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မမြင်နိုင်အောင် ကာကွယ်ပြီး ပေးထားလိုက်တာက မောဟပါ၊ ဒါ့ကြောင့် "လောဘ၊ ဒိဋ္ဌိ၊ မောဟ"လို့ ဆိုတဲ့ တရားသုံးပါးနဲ့ မှီနေကြပါသည်။

အထူးသဖြင့် လောဘနဲ့ ဒိဋ္ဌိ နှစ်ပါးက မှီပြီးတော့ နေလိုက်တော့၊ သားကလေးက အကြောင်းအား လျော်စွာ ရုပ်နာမ်ခန္ဓာ သင်္ခါရအတိုင်း ပျက်စီးပြီလို့ဆိုတော့ ဒီက ကျန်ရစ်သူတွေ မျက်ရည်ကြီးငယ် ကျကြရပြီ၊ အဲဒါကို "လှုပ်ပြီလှုပ်ပြီ"လို့ ခေါ်တယ်။

နိဿိတဿ-မှီနေတဲ့ပုဂ္ဂိုလ်အတွက်၊ စလိတံ-လှုပ်ရှားခြင်းသည်၊ ဟောတိ-ဖြစ်၏၊ တုံးကြီးကို မှီနေတဲ့သူဟာ တုံးကြီးကလှုပ်ရင် သူလဲ လှုပ်တယ်လို့ဆိုတယ် မဟုတ်လား၊ (မှန်ပါ့ဘုရား၊) သားခန္ဓာ သမီးခန္ဓာ အပေါ်မှာလဲ တဏှာဒိဋ္ဌိနဲ့ မှီပြီးတော့ ဥပါဒါန်တရား နှစ်ပါးနဲ့ မှီပြီးတော့နေလိုက်တော့ ဒကာ-ဒကာမတွေမှာ သားကလေးက အရာရာ အဆင်ပြေနေရင် လောဘခေတ်ကလေးနဲ့မှီ

ပြီးတော့ နေလိုက်တယ်၊ တစ်ခုတစ်ခု ပညာရေး ကျန်းမာရေး အဆင်မပြေလိုက်ပြီလို့ ဆိုရင် ထိတ်ကနဲ ဖြစ်လို့လာတယ်။ စိုးရိမ်ပူဆွေးစိတ်မအေးရဆိုတဲ့ တရားတွေဖြစ်လာကုန်ပြီ၊ အဲဒါကို "လုပ်တယ်" လို့ ခေါ်သည်၊ ဘာပြုလို့လုပ်ပါသလဲလို့ဆိုရင် မှီလို့လုပ်ပါသည်။

အားလုံးသော ဒကာ-ဒကာမတွေ ဘာပြုလို့ လုပ်ပါသလဲ၊ (မှီလို့ လုပ်ပါတယ်ဘုရား၊) တုံးကြီးကိုမှီနေသူဟာ တုံးကြီးလှုပ်လို့ရှိရင် လှုပ်ရပါမယ်၊ ဒါဖြင့် မလှုပ်ချင်ရင် မမှီဘဲနေလိုက်မှ မလှုပ်မှာပေါ့၊ လောဘ, ဒေါသ, မောဟစေတ်တွေက ရဟန္တာပုဂ္ဂိုလ်တွေကြတော့, သား သမီး ခန္ဓာတွေ ပျက်စီးပေမယ်လို့ မျက်ရည်မကျတော့ပါ၊ စိုးရိမ်ငိုကြွေး ပူဆွေးခြင်းလို့ဆိုတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿလဲ မဖြစ်တော့ပါ၊ အဲဒါသည်ပင် မလှုပ်ခြင်းဖြစ်သည်၊ ဘာပြုလို့မလှုပ်တာလဲလို့ဆိုရင် မမှီလို့ မလှုပ်ခြင်းဖြစ်သည်။

ဒါ့ကြောင့် အားလုံးက လှုပ်တယ်၊ လှုပ်တယ်လို့ဆိုတာ မှီနေကြလို့ လှုပ်ပါသည်၊ ဘာတွေနဲ့ မှီနေတုန်း-၊ စောစောက ပြောခဲ့သလို ငါ့သားလို့ဆိုတဲ့ အထဲမှာ "ငါ"လို့ ဆိုတာက လောဘရဲ့အသံ၊ "သား"လို့ ဆိုတာက သက္ကာယဒိဋ္ဌိရဲ့အသံ၊ ဒါ့ကြောင့် မမှီမှ မလှုပ်မှာ၊ မလှုပ်မှလဲ, အာဂတိ ဂတိ ဟောတိ-လောဘ ဒေါသစေတ်တွေ မငြိမ်းသေးဘူးလို့ဆိုရင်ဖြင့် ဟိုဘဝ သွားလိုက်, ဒီဘဝ သွားလိုက်, အာဂတိဂတိတွေ ဖြစ်မယ်လို့ ဟောထားတာ ဖြစ်လေတော့ "လှုပ်"ဆိုသည်နှင့် တပြိုင်နက်, ကုသိုလ် အကုသိုလ်ကံတွေ ပြုမလာကြပေဘူးလား၊ ( မှန်ပါဘုရား၊ ) သားကလေးကို

အကြောင်းပြုပြီး သားကလေးကိုချစ်လိုက်တာနဲ့ သားကိုချစ်သည့် ချစ်ဇောအတွက် ပါဏာတိပါတ အကောင်အလောင်တွေသတ်ရတဲ့ မုဆိုး တံငါအမှုကို ပြုရမယ်၊ ပြုတယ်လို့ ဆိုထားတဲ့ ဒီ အကုသိုလ်ကံကြောင့် အပါယ်လေးပါးကို သွားရအုံးမယ်၊ အဲဒါကို ပြေးတဲ့ အလုပ်ကို လုပ်မိရက်သား ဖြစ်သွားပြီလို့ ဆိုရတယ်။

အကြောင်းအား လျော်စွာ ဒီ သားကလေးကို ချစ်ခင်မှုကို အကြောင်းပြုပြီးတော့ ပညာရေး ကျန်းမာရေးတွေ ကောင်းအောင် တံတားခင်းတယ်, ညောင်ရေလောင်းတယ်, ဆွမ်းကျွေးတယ်၊ ကုသိုလ် ကောင်းမှုတွေကို ပြုဖြစ်သွားတယ်လို့ ဆိုလိုက်တော့, ဒီသား ကလေးရဲ့ ကျန်းမာရေး ချမ်းသာရေးကို အကြောင်းပြုပြီး ပြုလိုက်ရတာ ဖြစ်လေသောကြောင့်, ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း မဟုတ်လေသေးကြောင့် ဘဝအထွေထွေရောက်ကြောင်း ကံတရား ဖြစ်လေသောကြောင့် အပြေးတရားဖြစ်နေတယ်၊ အကုသိုလ်ကံလို့ ဆိုတာက အောက်ဘက်ကိုပြေးမဲ့ တရား၊ ကုသိုလ်ကံ ဆိုတာက အထက်ဘက်ကိုပြေးသွားမဲ့တရား၊ နောက်ဆုံးချုပ်လိုက်တော့ အဲဒီ တရားနှစ်ပါးလုံး အပြေးတရားတွေချည့်ဖြစ်နေတယ်၊ အဲဒီ အပြေး တရားနှစ်ပါးကို ပယ်သတ်နိုင်မှ မြတ်စွာဘုရားက ရပ်တဲ့သူတဲ့။

## မမှီဘဲ ရပ်အောင်ပြုတယ်ဆိုဒါ

ဒီတော့ ရပ်အောင် ဘာတွေကို ကြိုးစားလိုက်ရမလဲလို့ ဆိုရင် ဝဋ်ဆင်းရဲကြီးကို ငြီးငွေ့ ကြောက်ရွံ့ပြီးပြုတဲ့ ဒါနနဲ့ သီလကုသိုလ်,

ဝိပဿနာကုသိုလ်, မိမိသန္တာန်မှာဖြစ်အောင် ကြိုးစားနေတဲ့အချိန်သည် ရပ်အောင်ပြုနေတဲ့ အချိန်ဘဲလို့ ဟောတော်မူသည်၊ ကိုယ့်ကိုယ်ကို အပြေးသမားထဲကလား, အရပ်သမားထဲကလား၊ ကိုယ့်ကိုယ်ကို မေးလိုက်ကြစမ်းပါတဲ့၊ နောက်ပြီးတော့ ငါဟာ ဘုရားဘက်က လူလား, အင်္ဂုလိမာလဘက်က လူလား၊ ရုပ်နာမ်နှစ်ပါးကို ဝိပဿနာတင်ပြီး ကိုယ့်ကိုယ်ကို ရှုပွားနေတဲ့ အချိန်ကလေးသည် အပြေးရပ်နေတဲ့အချိန်လို့ ခေါ်သည်။

ကဲ....လိုက်ဆိုကြစမ်းပါ—

ကိုယ့်ကိုယ်ကိုတွေး, ကိုယ်မေးလေပါ၊
ပြေးလား ရပ်လား, ငါကား ဘယ်ဟာ၊
ရုပ်နာမ် ၂ ချက်, ဖြစ်ပျက် ရှုကာ၊
အပြေးဖြတ်, အရပ် ကြိုးစားပါ။ (၃-ခေါက်)။

ဒါဖြင့်-တရားနာ ပရိသတ်အားလုံး အပြေးသမားတွေ မဖြစ်စေကြဘဲ အရပ်သမားတွေ ဖြစ်အောင် အင်္ဂုလိမာလ ကဲ့သို့ ၃၁ ဘုံ သံသရာခရီးကြီးထဲ ဆက်လက်ပြီး ပြေးသွားနေတဲ့သူ မဖြစ်ရလေအောင် အပါယ်လေးပါးဆိုတဲ့ ချောက်ကြီးတွေထဲကို မတော်တဆ ချော်လို့ကျနိုင်တဲ့ ၃၁ ဘုံ သံသရာခရီးခဲကြီးထဲမှာ လူ့ဘုံ နတ်ဘုံမှာ ဖြစ်နေကြရသော်လဲ အို, နာ, သေ ဆိုတဲ့ တရားတွေနဲ့ ရောပြွမ်းနေတဲ့ သံသရာခရီးကြမ်းကြီးထဲမှာ အပြေးသမားတွေ မဟုတ်ကြစေဘဲနဲ့ အရပ်သမားတွေဖြစ်အောင်လို့ ဆိုရင် ဝဋ်ပြတ်ငြိမ်းမဲ့ ဒါနတွေ ပြု, သီလတွေထိန်းပြီး ရုပ်နာမ် နှစ်ချက်ရဲ့ ဖြစ်ပျက်ဟန်ကို

ကိုယ့်သန္တာန်မှာ မြင်အောင် ကြိုးစားလိုက်ကြပါ၊ ကြိုးစားလိုက်တယ်လို့ဆိုရင် ဒို့ ဒကာ-ဒကာမတွေ အားလုံးကို မြတ်စွာဘုရားက မမှိတ်သူတွေပါတဲ့၊ မဟာသတိပဋ္ဌာန် သုတ်တော်ကြီးမှာလဲ မြတ်စွာဘုရားက....

အနိဿိတောစ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

မဟာ သတိပဋ္ဌာနသုတ်တော်ကြီးရဲ့ အဆုံး ရုပ်နာမ် နှစ်ပါးကို ဖြစ်ပျက် ရှုရတဲ့ အပိုင်းမှာ – အနိဿိတောစ- မမှီဘဲ နေနိုင်သည်လည်း....တဲ့၊ ဘာနဲ့မမှီတုန်း၊ တဏှာ ဒိဋ္ဌိနဲ့ မမှီသည်ကိုပြောသည်၊ ရုပ်နာမ်တွေရဲ့ အပေါ်မှာ ပြောနေတာ၊ ဒါ့ကြောင့် ဘုန်းကြီးတို့ ရုပ်နာမ် ကွဲအောင် ရုပ်နာမ်တွေရဲ့ အပေါ်မှာ ဖြစ်ပျက် မြင်လာအောင် နည်းပေးဘို့ လိုလာပြန်တယ်၊ ဒီမှာတော့ ဟောတရားလို့ဆိုတော့ မှတ်မိလောက်ရုံဘဲ ဟောပြနိုင်မယ်နော်၊ ယနေ့-တရားနာပရိသတ်အပေါင်းတို့မှာ တရားနာလာခဲ့တဲ့ ကိစ္စကိုဘဲ အခြေခံပြီးတော့ ဘုန်းကြီးက ပြောပါ့မယ်။

## တရားနာ လာရာ၊ ရုပ်နာမ်ခွဲ

ဟောဒီကို တရားနာ လာခဲ့ကြတယ်လို့ဆိုတဲ့ကိစ္စမှာ အားလုံးရဲ့ သန္တာန်မှာ တရားနာ လာချင်တယ်လို့ဆိုတဲ့ စိတ်ဆန္ဒလေး ပေါ်လာမယ်၊ အဲဒီ စိတ်ဆန္ဒ သဘောကလေးသည် နာမ်သဘော၊ စိတ်သဘော၊ ဒီတရားနာလာလိုတဲ့ စိတ်သဘောလေးကြောင့် တရားနာ

လာခြင်း, သွားခြင်းဆိုတဲ့ ရုပ်အမူအရာတွေ ပေါ်လာပြီး ဒီကို ရောက်လို့လာကြတယ်၊ လာချင်တယ်လို့ ဆိုတဲ့ စိတ်ဓာတ်၊ နာလို တယ်၊ လာလိုတယ်၊ ထိုင်လိုတယ်လို့ဆိုတဲ့ (လို) ဆိုတဲ့ စိတ်သဘော လေးဟာ နေရာတိုင်းနေရာတိုင်းမှာ ရှေ့ပြေးအနေနဲ့ သူရှိနေတယ်၊ အဲဒါ နာမ်ရဲ့ သဘောလေးဘဲ၊— ကဲ....လိုက်ဆိုကြစမ်းပါ။

> သွားလို ရပ်လို့, ထိုင်နေလို့, အိပ်လို စိတ်ဟု သိ၊
> စိတ်ကြောင့်ဖြစ်သော, ဓာတ် ဝါယော, နှံ့နှော ကိုယ်ဝယ်ပြည့်၊
> ဝါယောဖြစ်သော်, ရုပ်သစ်ပေါ်, ရုပ်သော် သွားပေ၏၊
> ပုဂ္ဂိုလ်မသွား, ငါမသွား, ရုပ်သွား ဉာဏ်ဖြင့် သိ။

ယခု တရားနာလာကြတဲ့ကိစ္စမှာပင် အားလုံးက ငါသွားတယ် လို့ ထင်နေကြသည်၊ ပြောနေကြသည်၊ တကယ်တော့ ငါသွားသည် မဟုတ်ပါ၊ ငါဆိုဘာလဲ မရှိပါ၊ ခန္ဓာကိုယ်ထဲမှာ သွားခြင်းကို ဖြစ်စေတတ်တဲ့ စိတ်ဝိညာဏ်ဓာတ်၊ အဲဒီ စိတ်ဝိညာဏ်ဓာတ်ကြောင့် ဘာပေါ်လာတုန်းလို့ ဆိုလိုက်တော့ သွားလိုတဲ့စိတ်အားလျော်စွာ ဒီခန္ဓာကိုယ်ထဲမှာ ဝါယောလို့ ခေါ်တဲ့ လေဓာတ်တွေ ဦးစီးတဲ့ ရုပ်တွေ တွန်းကန် လှုပ်ရှားပြီးတော့ ပေါ်လာတယ်၊ အဲဒီ တွန်းကန် လှုပ်ရှားမှု ဝါယော ရုပ်တွေကြောင့် စိတ္တဇ (စိတ်ကြောင့် ဖြစ်တဲ့) ရုပ်မှကြွင်းကျန်တဲ့ ရုပ်သုံးပါး အပေါင်းကလဲ ခြေထောက်ထဲမှာ တဖွားဖွား ပေါ်လာနေတယ်၊ အဲဒီ လှုပ်ရှား ပေါ်လာပြီး တရားနာ လာတယ်လို့ဆိုတဲ့ ရုပ်စု ရုပ်ပုံကြီးရဲ့ လှမ်းခြင်း, သွားခြင်း အမူ အရာတွေ ပေါ်လာပြန်တယ်။

အဲဒီနောက် ဒီမှာ ထိုင်ချင်တယ်ဆိုတဲ့ စိတ်တွေ ပေါ်လာပြီး ထိုင်တဲ့ ရုပ်တရားပေါ်၊ တရားနာချင်တယ်လို့ ဆိုတဲ့ စိတ်ဝိညာဏ် ဓာတ်၊ အဲဒီ စိတ်ဝိညာဏ် နာမ်ဓာတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယောရုပ်တွေ ဦးစီးပြီး ဖြစ်ပေါ်လာတဲ့ ရုပ်ဓာတ်တွေရဲ့ တွန်းကန် လှုပ်ရှားမှုကြောင့် ဟောဒီ ရောက်လာအောင် လာခြင်း လို့ဆိုတဲ့ ရုပ်စုရုပ်ပုံတို့ရဲ့ လှုပ်ရှားသော အခြင်းအရာ၊ လှမ်းသော အခြင်းအရာ၊ ကွေးလို ဆန့်လိုဖြစ်ပြီး ရောက်လာတဲ့ ရုပ်အစု၊ နာမ် အစုအဝေးကြီးသာ ဖြစ်တယ်။

ရုပ်နာမ်ဘဲ ဒီခန္ဓာကိုယ်မှာ ရှိနေတာကို ဒို့ဒကာ ဒကာမတွေက ငါတရားနာသွားတယ်၊ ငါတရားနာဘို့ရာ သွားနေတယ်လို့ဆိုပြီး ငါဆိုတာလေး ဝင်ပြီး ပါနေခြင်းသည် " သက္ကာယဒိဋ္ဌိ " လို့ ခေါ်တယ်၊ ရှိနေတာက ရုပ်နဲ့ နာမ်၊ ထင်လိုက်တာက ငါ သူ၊ ငါ တရားနာ သွားတယ်၊ သူလဲ လိုက်လာတယ်၊ ဒီ ခန္ဓာကိုယ်ထဲမှာ သွားတတ်တဲ့ အကောင်ကလေး ရှိနေတယ်လို့လဲ ထင်နေလိုက်ကြ သေးတယ်၊ ဒီနေရာမှာ ဘုန်းကြီးတို့ စာထဲမှာတော့ လှည်းရယ်၊ နွားရယ်၊ လှည်းမောင်းသမားရယ်လို့ ဆိုပြီး ဥပမာကလေး တခု ပေးထားတယ်၊ ယခုကာလ ရထားခေါင်းကို ဥပမာပေးပြီးတော့လဲ ဘုန်းကြီး မေတ္တာသုတ် တရားတော်မှာတုန်းက ဟောခဲ့ဘူးပါတယ်။

## မီးရထားနဲ့ ပမာတင်

ရှေးတုန်းက ရေနွေးငွေ့နဲ့ သွားနေတဲ့ မီးရထားခေါင်းကြီးတွေ ရှိပါတယ်၊ အဲဒီ ရထားခေါင်းကြီးတွေ သွားတဲ့နေရာမှာ ရေနွေးငွေ့

အားနဲ့သွားတဲ့ ရထားခေါင်းကြီးမှာ- (၁) ရထားမောင်းတဲ့သူရယ်၊ (၂) ရေနွေးငွေ့အားတွေရဲ့ တွန်းကန် လှုပ်ရှားမှုရယ်၊ (၃) ရထားကြီး ဘီးတွေလည်ပြီး သွားတာရယ်၊ အဲဒီ သုံးချက်နဲ့ သွားတဲ့ကိစ္စမှာ ရထားမောင်းသူက ဟိုခလုတ်နှိပ်၊ ဒီခလုတ်နှိပ်နဲ့ လုပ်လိုက်တော့ ရေနွေးငွေ့အားတွေက တရှူးရှူး တရှဲရှဲနဲ့ တွန်းကန်ရတယ်၊ အဲဒီ ရေနွေးငွေ့အားတွေရဲ့ တွန်းကန် လှုပ်ရှားမှုကြောင့် ရထားလက်တန်ကြီးတွေ လှုပ်ရှားပြီး ဘီးကြီးတွေလည်ပြီး ရထားခေါင်းကြီးကို (ရထားကြီးကို) သွားတယ်လို့ ပြောနေကြတယ်၊ အဲဒီ ရထားကြီး သွားနေတာကို လူကြီးတယောက်နဲ့ ကလေးတယောက်က ဘေးကနေပြီး ထိုင်ကြည့်နေတယ်၊ ကလေးက ရထားခေါင်းကြီးက သွားတယ် ရထားကြီးကသွားတယ်လို့ သူ့စိတ်ထဲမှာ ထင်လာတယ်၊ ဒီ ရထားခေါင်းကြီးထဲမှာ သွားတတ်တဲ့ (သွားစေနိုင်တဲ့) အကောင်ကလေး သတ္တကလေး ရှိနေတယ်လို့ ထင်နေတယ်။

လူကြီးအမြင်နဲ့ကြတော့ ပြောင်—ဒီရထားကြီးဟာ ရေနွေးငွေ့အားတွေက တွန်းလို့ ကန်လိုက်လို့ မောင်းလက်တန်ကြီးတွေက လှုပ်ရှားလာပြီး ဘီးတွေကလဲလည်ပြီး ခေါင်းကြီးက သွားနေတာဘဲလို့ မြင်တယ်၊ ဒီ တရှူးရှူးတရှဲရှဲ သွားနေခြင်းဟာလဲ အပေါ်က လူက ဟိုခလုတ် ဒီခလုတ်တွေကို နှိပ်လိုက်၊ မီးထိုးလိုက် လုပ်ပေးနေလို့ သွားနေတာဘဲကိုးလို့ မြင်တယ်၊ လူကြီးကြတော့ အဲဒီလို ခွဲပြီးတော့ သိလိုက်တယ်၊ ယနေ့ အားလုံးသော တရားနာပရိသတ် အပေါင်းတို့ရဲ့ ကိုယ်ခန္ဓာကြီးထဲမှာလဲ "စိတ်" လို့ ခေါ်တဲ့

ရထားမောင်းသမား၊ "စိတ္တဇဝါယော"လို့ ခေါ်တဲ့ ရေနွေးငွေ့ အားတွေ၊ အဲဒီအားတွေက တွန်းလို့ ကန်လို့ ရထားကြီးသွား တာလို့ ခန္ဓာကိုယ်ရထားကြီး ဒီကိုရောက်လာတယ်၊ တရားနာ လာချင်ပါတယ်လို့ ဆိုတဲ့ စိတ်ဝိညာဉ် ရထားမောင်းသမားကြောင့် အဲဒီ ရထားမောင်းသမား စိတ်ဝိညာဉ်ရဲ့ အလိုကျ "စိတ္တဇဝါယော ဓာတ်"လို့ ခေါ်တဲ့ တဖွားဖွား တဟုန်းဟုန်း ဖြစ်ပေါ်လာတဲ့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေဟာ တရှူးရှူး တရှဲရှဲ ပေါ်နေတယ်၊ ဒါပေမဲ့ ကြာကြာနေသလားလို့ ဆိုတော့ ကြာကြာ မနေပါဘူး၊ ပျောက်ပျောက်သွားတဲ့ သဘောရှိတယ်။

ရထားကြီးမှာ ရှူးရှူးရှဲရှဲနဲ့ ရေနွေးငွေ့တွေဟာ ကြာကြာ မနေဘဲ ပျောက်သွားတယ်၊ "စိတ္တဇဝါယောဓာတ်"လို့ ခေါ်တဲ့ ဝါယောရုပ်တွေကလဲ ခြေထောက်ထဲမှာ အခုပေါ် အခုပျောက် အခုပေါ် အခုပျောက်နဲ့ ဝါယောရုပ်တွေက တွန်းကန်ပေးလိုက် တယ်၊ အဲဒီလို တွန်းကန်လိုက်လို့ ခန္ဓာကိုယ် တည်းဟူသော မီးရထားကြီး ဒီနေရာထိအောင် ရောက်လာခဲ့တယ်၊ ဒါ့ကြောင့် ငါသွားတယ်လို့ ပြောတဲ့ အပြောနဲ့ အမြင်ဟာ ရထားခေါင်း ကြီးကို ကလေးမြင်မြင်ပြီးတော့ ပြောသော အပြောနဲ့ အမြင်နဲ့ တူတယ်။

ဝိပဿနာနဲ့ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း ခွဲပြီး လူကြီးမြင် မြင်လိုက်ကြမယ်လို့ ဆို လိုက်ရင်ဖြင့် သွားလိုတဲ့စိတ်ကြောင့် စိတ္တဇ ဝါယောရုပ်တွေ ပေါ်လာရတယ်၊ အဲဒီ စိတ္တဇဝါယောဓာတ်တွေရဲ့

လှုပ်ရှား တွန်းကန်မှုကြောင့် ကျန်ရှိနေတဲ့ ရုပ်စု ရုပ်ပုံကြီးက တဒွေ့ဒွေ့နဲ့ လှုပ်ရှားခြင်း ဖြစ်လာရတယ်လို့ မြင်လိုက်ရမယ်၊ သိလိုက်ရမယ်။

ရေနွေးငွေ့တွေကြောင့် ရထားဘီးကြီးတွေနဲ့ ရထားကြီးမှာ သွားဟန် လာဟန် ပုံကြီးတွေ ပေါ်လာရတယ်၊ ရုပ်နာမ် နှစ်ပါးတို့ရဲ့ သူ့သဘောကို သူဆောင်ပြီးတော့ သူ့အကြောင်းနဲ့ သူ့အကျိုး ပေါ်လာပုံကို တွေ့ရတယ်၊ ဒါ ရုပ်နဲ့နာမ် ပေါ်လာတာဘဲ၊ အဲဒီ တကယ်ရှိနေတဲ့ ရုပ်နဲ့နာမ်ကို ပါဠိလိုတော့ သက္ကာယလို့ ခေါ်တယ်၊ သ—ပရမတ္ထအားဖြင့် ထင်ရှားရှိနေတဲ့၊ ကာယ—ရုပ်နာမ်အပေါင်း၊ သွားချင်နေတယ် တရားနာလာချင်နေတယ်လို့ ဆိုတဲ့ စိတ်ဟာ တကယ်ရှိပါ၊ အဲဒီ တကယ်ရှိကြောင့် "စိတ္တဇ ဝါယော"လို့ခေါ်တဲ့ ရေနွေးငွေ့နဲ့တူတဲ့၊ တွန်းကန်အားနဲ့တူတဲ့ စိတ်ကြောင့်ဖြစ်တဲ့ လေရုပ်ဓာတ်တွေကလဲ တကယ်ရှိပါ၊ အဲဒီ တကယ်ရှိ ရုပ်တွေကြောင့် ခန္ဓာကိုယ်ကြီးလို့ ဆိုတဲ့ ရုပ်စု နာမ်စုကြီးရဲ့ "သွားခြင်း, လာခြင်း, မြောက်ခြင်း, ကြွခြင်း"လို့ ဆိုတဲ့ မီးရထားဘီးကြီးလိမ့်သွားသလို လာခဲ့တဲ့ရုပ်တွေကလဲ တကယ်ရှိပါ။

ပရမတ္ထအားဖြင့်လဲ အဟုတ်ရှိပါ၊ အဲဒီ အဟုတ်ရှိကို "သက္ကာယ"လို့ ခေါ်ပါတယ်၊ အဲဒီ တကယ်ရှိနေတဲ့ ရုပ်နာမ်ကို ယနေ့ဒို့ ဒကာ-ဒကာမတွေက ရုပ်နာမ် အနေနဲ့ မမြင်လိုက်ကြဘဲ ငါ သွားတယ်, သူသွားတယ်၊ သွားစေတတ်တဲ့ ဓာတ်သတ္တိ အကောင်ကလေးက သွားခိုင်းလို့ သွားတယ်လို့ မြင်လိုက်ရင် ရှိနေတာက

ရုပ်နဲ့နာမ်၊ သိနေတာက "ငါ-သူ"လို့ ဆိုတော့ လွဲသွားတော့တာပေါ့၊ အဲဒါကို သက္ကာယလို့ ဆိုတဲ့ တကယ်ရှိတဲ့ ရုပ်နာမ်အပေါ်မှာ အမြင်လွဲခြင်းကြောင့် "သက္ကာယဒိဋ္ဌိ"လို့ ခေါ်တယ်။ အဲဒီ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ရမယ်၊ အဲဒီ သက္ကာယဒိဋ္ဌိကို ပယ်တယ်လို့ ဆိုတာ ရုပ်နာမ် ကွဲတဲ့ဉာဏ် ကိုယ့်သန္တာန်မှာဖြစ်နေတာကို ပြောနေတာဘဲ။

## မင်္ဂဖိုလ်ပေါ်မှု နာရီ ဥပမာပြု

ဒီ သက္ကာယဒိဋ္ဌိကို တဒင်္ဂပယ်၊ (တခဏပယ်၊) အများကြီးပယ်၊ ပယ်ပေါင်းများလာတော့ "သောတာပတ္တိမဂ်"လို့ ခေါ်ရတဲ့ မဂ်ခတွဖိုလ်တွေ မိမိသန္တာန်မှာ ဥပါဒ်ပြီးတော့ လာမယ်၊ ဘယ်အရာဝတ္ထုမျိုးမဆို ထုထယ်ကြီး ကြီးလာတယ်ဆိုတာ သေးသေးကလေးက လာခဲ့ကြတာချည့်ဘဲ၊ နာရီလက်တန်ကလေး(၇)နာရီက (၈)နာရီအကွက်ကို ပြောင်းတယ်လို့ဆိုတာ ဗြုန်းကနဲ တချက်ထဲ ပြောင်းလိုက်တာ မဟုတ်ဘူး၊ မိနစ်ခြောက်ဆယ် အကွက်ကလေးတွေ ပြောင်းပြောင်းပြီးတော့မှ စက္ကန့်အနေနဲ့ တရွေ့ရွေ့ခြင်း ပြောင်းလာပြီးတော့မှ (၇)နာရီက (၈)နာရီ အကွက်ကြီးကို ပြောင်းသွားတယ်လို့ ပြောကြရတယ်။

ထို့အတူပင်လျှင် ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ သက္ကာယဒိဋ္ဌိကို ပယ်တဲ့၊ ရုပ်နာမ်နှစ်ပါး ကွဲပြီးသကာလ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်တယ်လို့ ဆိုတဲ့ တဒင်္ဂပယ်ကလေးတွေ၊ စက္ကန့် အစိတ်အပိုင်း

ကလေးတွေ များများလာတော့ တမိနစ်ဖြစ်၊ အဲဒီ မိနစ်(၆၀)လို့ ဆိုတဲ့ အစိတ်အပိုင်းကလေး တခုပြည့်တော့ အဲဒီ မိနစ်(၆၀)ဆိုတဲ့ ပယ်သတ်မှုကလေးတွေ များလာတော့ တနာရီထိုးပြီ၊ ၂-၃-၄- နာရီထိုးပြီလို့ ဆိုတာ "သောတာပတ္တိမဂ်, အနာဂါမိမဂ်, သကဒါဂါမိမဂ်, အရဟတ္တမဂ်"လို့ ဆိုတဲ့ နာရီ ပြည့်လို့ လာတာနဲ့ တူတယ်၊ ဒါ့ကြောင့် အများကြီးကို ပယ်ဘို့ရာ နဲ့နဲ့ကလေးက နေပြီးတော့ သတ်ရမယ်လို့ ဆိုတာ သေချာပါတယ်၊ အဲဒါကို "တဒင်္ဂပယ်"လို့ ခေါ်သည်။

## အဖြစ်အပျက်မြင်မှု ဝိပဿနာ

အဲဒီလို ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းမြင်ပြီးနောက် ဘာဆက်ပြီး လုပ်ရမတုန်းလို့ ဆိုရှိရင် ဒီရုပ်နာမ်ရဲ့ သဘောက ဘယ်လိုပါလိမ့် မလဲလို့ ဆိုတာ ဆက်ပြီးတော့ ကြည့်လိုက်ပါအုံးတဲ့၊ ဆက်ကြည့် လိုက်တော့....

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ - အကြောင်းကိုစွဲ၍ ရတ်ကနဲ ဖြစ်ပေါ်လာကြတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်၊ အနိစ္စာ- အခုပေါ်ပြီး အခုပျောက်တဲ့ သဘောတို့သာတည်း။

ရုပ်နာမ်ဓမ္မ သဘာဝတွေသည် အခုပေါ် အခုပျောက်၊ ယခု ဖြစ် ယခုပျက်နေကြပါတယ်၊ ဖြစ်ပျက်မှာ နောက်ဆုံး လာပြီးတော့ လမ်းဆုံးပါတယ်၊ ဒါကို မြတ်စွာဘုရားက ဟောတော်မူတဲ့အတိုင်း

သိတော့ သုတမယဉာဏ်(ကြားသိ)လို့ ခေါ်သည်၊ ဘုရားရှင် ဟော တော်မူတဲ့အတိုင်း ဘုန်းကြီးဟောရတယ် ၊ဘုန်းကြီးဟောတဲ့အတိုင်း ဒကာ ဒကာမတွေက ဪ... ဒီရုပ်နာမ်ဟာ ဖြစ်ပြီး ပျက်သွား တာဘဲ ဆိုပါလားလို့ ဆိုတဲ့ အသိဉာဏ်ကို "သုတမယဉာဏ်သိ"လို့ ခေါ်သည်၊ အဲဒီ သုတမယဉာဏ်ကနေပြီး တဆင့် ဪ... ဖြစ်ပျက် တွေဆိုတာ ဟုတ်ပေလိမ့်မယ်၊ အဲဒီလို ဖြစ်ပြီး ပျက်သွားလို့ သာ တရားနာချင်တုန်းက ဖြစ်ပေါ်နေတဲ့ စိတ်တွေ ယခုတိုင်အောင် မရှိ တော့ပါလား၊ အဲဒီလို မရှိတာကိုထောက်ရင်တော့ ပျက်သွားလို့ဘဲ ဆိုတဲ့ အသိက "စိန္တာမယဉာဏ် (ကြံသိ)"လို့ ခေါ်တယ်။

အဲဒီ သုတမယ, စိန္တာမယဉာဏ်သိရဲ့ အပေါ်မှာ တဆင့်တဆင့် တက်ပြီးသကာလ ပွားများပြီးတော့ သိတဲ့အသိကိုမှ တကယ့်အသိ "ဘာဝနာမယဉာဏ်" လို့ ခေါ်တယ်၊ အဲဒီ အသိကို ရောက်မှလဲ တကယ့်ကို ပယ်ရ ရောက်ပါတယ်၊ ဒီလို ပွားသိကို ရောက်ဘို့ရာကို ကြတော့ မိမိတို့ ဆရာသမားတွေ ပေးထားကြသည့်အတိုင်း ရုပ် နာမ် ဖြစ်ပျက်ကို ရှုရပါတယ်၊ ယခု တရားနာလာကြရင်းဘဲ ရှုမှတ် လိုက်မယ်လို့ ဆိုရင် ရုပ်နာမ် ဖြစ်ပျက်၊ သို့မဟုတ် ထိုင်နေရင် ထိုင် နေတဲ့ ခန္ဓာကိုယ်ကြီးကို အာရုံပြုပြီးသကာလ ရုပ်နာမ် ဖြစ်ပျက်လို့ ရှုပါ၊ ရှုခါစမှာတော့ ဉာဏ်ထဲမှာ ထင်ချင်မှ ထင်မယ်၊ မထင်ချင် ထင်, ထင်ချင်ထင် ရှုဘို့တာဝန်က ကိုယ့်တာဝန်၊ ကြာကြာရှုတော့ ပေါ်လာမှာပေါ့။

ထိုင်နေရင်းဆိုရင် ထိုင်နေလို့ ထိနေတဲ့ အခြင်းအရာကလေး ကို ထိတယ်လို့ သိတဲ့အသိကလေး ပေါ်လာမယ်၊ ထင်ရှားရာက

စပြီးတော့ ရှုကြမယ်လို့ ဆိုရင်လဲ ဝိပဿနာ ပါဠိတော်ဘာသာ နိဒေသာ- ဝိပဿနာတို့မည်သည် ထင်ရှားရာက ဖမ်းပြီး ရှုကြရစမြဲ၊ ဒါ့ကြောင့် ထိ သိ ကလေးကို အာရုံပြုပြီး သကာလ ထိတဲ့ ရုပ်စု ရုပ်ပုံကြီးကို သိတဲ့ နာမ်တရားလို့ ဆိုတဲ့ စိတ်၊ အဲဒီ ရုပ်စု ရုပ်ပုံ နာမ်စု နာမ်ပုံ ကိုဘဲ ရုပ်နာမ် ဖြစ်ပျက်လို့ ဉာဏ်နဲ့ သိမ်းလိုက်ပါ၊ ဉာဏ် တည်းဟူသော လက်နဲ့ ဆုပ်လိုက်ပါ၊ ခါးပိုက်ထဲကို ထည့်လိုက်ပါ၊ အဲဒီ ရုပ်နဲ့ နာမ်သည် ဖြစ်ပျက် ဖြစ်ပျက်၊ ရုပ်နာမ် ဖြစ်ပျက်လို့ ခန္ဓာ ကိုယ်ကြီးကို ထိ သိလေး အာရုံပြုပြီးတော့ ရှုနေလိုက်ရင် ဥစ္စာ ပဋ္ဌမတော့ မထင်သလိုလို ရှိပါလိမ့်မယ်၊ ဉာဏ် မမှီသလိုလို ရှိပါလိမ့်မယ်။

ထင်ထင်၊ မထင်ထင်၊ ရှုဘို့တာဝန်က ကိုယ့်တာဝန်၊ သမာဓိ ရလာလို့ လေးနက်လာလေလေ အဲဒီ ရုပ်နာမ်ကလေးတွေက ထင်းကနဲ ထင်းကနဲ ပေါ်လာလေလေ၊ ထိသိကို အာရုံပြုနေလိုက်ရင်းက နားထဲမှာ တစုံတခု ကြားလိုက်ရရင်လဲ ကြားတာကို ဖမ်းပြီးတော့ ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်နာမ် ဖြစ်ပျက်လို့ ရှုလိုက်ပါ၊ ကြားတယ်လို့ ဆိုတော့ ဘယ်ရုပ်နာမ် ဖြစ်ပျက်တုန်းလို့ ဆိုရင် ဘုန်းကြီး ဟော ပြောနေတဲ့ အသံကိုဘဲ နားထဲ လာလာပြီး ကြားတယ်လို့ ဆိုပါတော့၊ သဒ္ဒါရုံဆိုတဲ့ ရုပ်တရား၊ အဲဒီ သဒ္ဒါရုံလို့ခေါ်တဲ့ ရုပ်တရား သဒ္ဒရုပ်ကလေး ဖြစ်ပေါ်ချိန်မှာ ကြားတယ်လို့ဆိုတဲ့ စိတ်ကလေး ဖြစ်ပေါ်လာပါသည်၊ အဲဒါ နာမ်ပေါ်တယ်လို့ ခေါ်ပါသည်။

ကိုယ်ကလဲ ရုပ်နာမ် လို့ဘဲ ရှုလိုက်ဘယ်၊ လာပြီး ကြားလိုက် တာကလဲ သဒ္ဒရုပ်နဲ့ ကြားသိလိုက်တဲ့ နာမ်၊ အဲဒီလို ရုပ်နဲ့နာမ်သည်

အခုဖြစ် အခုပျက်၊ မိမိရှုလိုက်တဲ့ ဉာဏ်ကလဲ အခုဖြစ် အခုပျက်လို့ ဆိုတော့ အရှိနဲ့ အသိ ထပ်မိသွားတယ်၊ ဖြစ်ပျက်ကို ဖြစ်တဲ့ ပျက်တဲ့ အတိုင်း သိသွားတော့ အမြင်မှန်ကိုလဲ ရောက်ပြီးတော့ သွားတယ်၊ အဲဒါကိုဘဲ "သမ္မာဒိဋ္ဌိ မဂ္ဂင်" ပေါ်လာတယ်လို့ ခေါ်တယ်၊ သမ္မာ-မှန်ကန်တဲ့အတိုင်း၊ ဒိဋ္ဌိ - မြင်တယ်၊ မှန်တဲ့အတိုင်း မြင်သွားပြီတဲ့၊ မှန်တဲ့အတိုင်း မြင်လိုက်သည်နှင့် တပြိုင်နက် သားရယ်, သမီးရယ်, ငါရယ်, သူရယ်လို့လဲ မရှိတော့ပါဘူး။

ရုပ်နာမ်ကို ရုပ်နာမ်လို့ အမှန်အတိုင်း အသိပေါ်လာတဲ့ အချိန်ကလေးသည် ဒိဋ္ဌိနဲ့ လောဘလို့ ခေါ်တဲ့ တရားနှစ်ပါးကို ပယ်သတ်ပြီးလဲ ဖြစ်သွားတယ်၊ ဒိဋ္ဌိလို့ ဆိုတာကလဲ ဥပါဒါန်၊ လောဘလို့ ဆိုတာကလဲ ဥပါဒါန်၊ ဒိဋ္ဌုပါဒါန်နဲ့ ကာမုပါဒါန်လို့ ဆိုတဲ့ ဥပါဒါန် နှစ်ပါးဘဲ၊ ရုပ်နာမ် အရှိကို အမှန်အတိုင်း မြင်လိုက်တဲ့ အခိုက်အတန့်တိုင်းမှာဖြင့် အဲဒီ ဥပါဒါန် နှစ်ပါးကို ပယ်ပြီးသား ရှင်းပြီးသား သုတ်သင်ပြီးသား ဖြစ်နေလေသောကြောင့် အဲဒီလို ဒိဋ္ဌိနဲ့ လောဘကို အထူးသဖြင့် လောဘကို ပယ်သတ်နိုင်တဲ့ အချိန်သည်၊ လောဘဒိဋ္ဌိကို ပယ်သတ်တဲ့ ဝိပဿနာဉာဏ် မိမိမှာ ပေါ်နေတဲ့ အချိန်သည် လောဘက သုံးဆဲ့တာဘုံ သံသရာခရီးကြီးကို သွားမဲ့ ကိစ္စကို ရုတ်သိမ်းပေးလိုက်တဲ့ အချိန်၊ တားပေးလိုက်တဲ့ အချိန်၊ ဆီးပေးလိုက်တဲ့အချိန်လို့ ခေါ်တယ်။

ဒီလို မဟုတ်ဘဲနဲ့ ဒီကုသိုလ်ကောင်းမှုကြောင့် ဘယ်ကို သွားရပါလို၏၊ ဘာဖြစ်ရပါလို၏လို့ ဆိုခဲ့ရင်ဖြင့် ဒီကုသိုလ် တွေကြောင့်

သွားကြရအုံးမယ်တဲ့၊ အဲဒီလိုဘဲ သွားကြရအုံးမယ်လို့ ဆိုရင်ဖြင့် အင်္ဂုလိမာလ အပြေးသမားထဲကိုရောက်လို့ သွားကြမယ်၊ ဒါ့ကြောင့် အပြေးကို ဖြတ်ပြီး အရပ်ကို အားထုတ်ကြရမယ်လို့ ဆိုတော့ ဝိပဿနာ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ အချိန်သည် အပြေး ဖြတ်ပြီး အရပ်ဘက်ကိုရောက်နေတဲ့သူတဲ့၊ ဝိပဿနာ ကိုယ့်သန္တာန် မှာ မဖြစ်ပေါ်သေးတဲ့အချိန်သည် မကြိုးစားရသေးဘူးလို့ ဆိုလိုက် ရင်တော့ ဩော်......ငါတို့ အင်္ဂုလိမာလကြီး ပြေးသလို ငါတို့လဲ အပြေးသမားတွေဘဲလို့သာ မှတ်လိုက်ကြပေတော့။

## အင်္ဂုလိမာလ ရဟန်းပြု

ဒီတော့မှ မြတ်စွာဘုရားက.... ချစ်သား စဉ်းစားလိုက်စမ်း၊ ငါဘုရားက ပြေးရာပြေးကြောင်း ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ ဓာတ်တွေကို အမြစ်ပြတ် ဖြတ်ပြီးဖြစ်လေသောကြောင့် သွားနေပင် သွားနေငြားသော်လဲ ရပ်နေတဲ့သူ၊ သင်ချစ်သားသည်ကား သုံးဆဲ့ တဘုံ သံသရာခရီးကြီးထဲ တပတ်ပတ်လည်ပြီး သွားလာနေအုံးမည် ဖြစ်လေသောကြောင့် အပြေးသမားလို့ ပြောတာလို့ ဘုရားရှင်က မိန့်တော်မူလိုက်တော့၊ အဲဒီနေရာမှာပင် အင်္ဂုလိမာလ သဘော ပေါက်ပြီး....

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ၊ တပည့်တော် မှားပါပြီဘုရား၊ တပည့်တော် အမြင်မှန် ရပါပြီဘုရား၊ တပည့်တော်ရဲ့လက်ထဲမှာရှိတဲ့ လက်နက်တွေကိုလဲဘဲ

ဟောဒီချောက်ထဲကို ပစ်ချလိုက်ပါပြီ ဘုရားလို့ ဆိုပြီး လက်နက်တွေကို အကုန်ပစ်ချလိုက်ပြီးတော့ မြတ်စွာဘုရားထံကို ရှင်ရဟန်းပြုခွင့် တောင်းတယ်၊ တောထဲကိုရောက်နေတာလို့ဆိုတော့ သပိတ် သင်္ကန်း ဘယ်ရှိနိုင်ပါ့မလဲ၊ ဒီတော့ မြတ်စွာဘုရားက ရှေးအတိတ်ကြောင်း ဥပနိဿယကို ကြည့်တော်မူရပြန်ပါတယ်၊ အင်္ဂုလိမာလကတော့ ရဟန်းအဖြစ်ကို တောင်းနေပြီ၊ သူဟာ ရှေးအတိတ်ဘဝကာလတုန်းက သင်္ကန်း, သပိတ်, ပရိက္ခရာများ လှူခဲ့ဘူးရဲ့လားလို့ သူ့ရဲ့ ဇာတ်ကြောင်းကို ပြန်ပြောင်းပြီး ကြည့်လိုက်တဲ့ အခါမှာ သင်္ကန်း, သပိတ်, ပရိက္ခရာတွေ လှူခဲ့ဘူးသည်ကို မြင်တော်မူရတယ်။

အဲဒီလို သင်္ကန်း, သပိတ်, ပရိက္ခရာတွေ လှူဘူးတဲ့သူကိုမှ "ဧဟိဘိက္ခု"ခေါ်လို့ ရနိုင်ဘာတဲ့ သူ့ရဲ့ ရှေးအတိတ်ကံကရှိလို့ "ဧဟိဘိက္ခု" ခေါ်လိုက်ရင်ဘဲ အလိုလိုပေါ်မဲ့ သင်္ကန်း, သပိတ်, ပရိက္ခရာတွေ ရှိသားဘဲလေလို့ ဆိုပြီးတော့ "ဧဟိဘိက္ခု" ရဟန်းအဖြစ်နဲ့ ဘုရားရှင်က ခေါ်တော်မူလိုက်ပါတယ်။

ယခု မော်တော်ယာဉ်အသင်းကြီးက အများဝိုင်းပြီး သင်္ကန်း, သပိတ်, ပရိက္ခရာတွေ လှူကြတယ်လို့ ဆိုတဲ့အကျိုးဟာ ယောကျ်ား ဆိုလို့ရှိရင် "ဧဟိဘိက္ခု"အခေါ်ခံရပြီး ရဟန္တာဖြစ်မှ အကျိုးပေးကုန်သွား ပါတယ်၊ မိန်းမသားများကြတော့ ဝိသာခါတို့လို ကိုးကုဋေလောက်တန်တဲ့ မဟာလတာတန်ဆာကြီးကို ဝတ်ဆင်ပြီး တရားထူးရပြီးမှ အကျိုးကုန်နိုင်ပါတယ်၊ ဟော- ယခု အင်္ဂုလိမာလ

သက်န်းလှူခဲ့ဘူးတဲ့ ကုသိုလ်ကံကြောင့် ''ဟေဟိဘိက္ခု'' အခေါ်ခံရပြီး ရဟန်းဖြစ်သွားတယ်၊ ရဟန်းဖြစ်သွားတော့မှ ချစ်သား လိုက်ခဲ့ပေတော့လို့ ဆိုပြီး ခေါ်သွားတော်မူတယ်။

## အင်္ဂုလိမာလဖမ်းဖို့ ကောသလမင်း တပ်ချီထွက်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သွားကြပြီ၊ အဲဒီအချိန်မှာမှ ကောသလမင်းကြီးက ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တွေနဲ့ အင်္ဂုလိမာလကို ဖမ်းမယ် ဆီးမယ်လို့ ဆိုပြီး ထွက်လို့လာတယ်၊ အဲဒီအချိန်မှာ အင်္ဂုလိမာလက ဘုရားဘေးနားမှာ ထိုင်နေတယ်၊ ကောသလမင်းကြီးကလဲ တိုင်းသူပြည်သားတွေ ဆူလို့ ပွက်ကြလို့သာ ထွက်လာရတယ်၊ ကြောက်ကြောက်နဲ့ ထွက်လာခဲ့ရတာ၊ မထွက်ပြန်ရင်လဲ တိုင်းပြည်က ဝိုင်းပြီး ဆူနေကြအုံးမှာဘဲ၊ ငါတော့ ထွက်တော့ ထွက်လိုက်အုံးမှ၊ ဒါပေမဲ့ မြတ်စွာဘုရားထံကို အရင်ဝင်ပြီး ကန်တော့သွားလိုက်အုံးမှဘဲဆိုပြီး ဘုရားကျောင်းဝင်လာတယ်၊ သူ့အကြံက ဒီလိုတဲ့။

မြတ်စွာဘုရားက ငါ ရှုံးပုံပေါ်လို့ရှိရင် '' မဟာရာဇာ.... ဒီသူခိုးကို သွားဖမ်းလို့ ဘာမှ အကျိုးမရှိဘူး မဟာရာဇာ'' လို့ အမိန့်ရှိတန် ရှိပေလိမ့်မယ်၊ အဲဒါလို မိန့်တော်မူလိုက်ရင်တော့ ငါကလဲ မသွားချင်တာနဲ့တော့ အတော်ဘဲ၊ ဘာဘဲပြောပြော ''ငါတော့ သွားတော့သွားတာဘဲ၊ ဘုရားက မဖမ်းနဲ့လို့ ပြော

လိုက်လို့ မဖမ်းဘဲပြန်ခဲ့ရတာ''လို့ ငါပြောမယ်၊ ဘုရားထံဝင်လာတာက ညဏ်နဲ့နော်၊ အဲဒီလို အင်္ဂုလိမာလကို ဖမ်းမယ်လို့ဆိုပြီး ထွက်လာရင်းက ဘုရားကျောင်းတော် ဝင်သွားတယ်၊ ဘုရားထံကို ရောက်တော့ "ဒကာတော် ဘယ်ကိုသွားမလို့တုန်း''လို့ မေးတော်မူရင် " မှန်လှပါဘုရား— အင်္ဂုလိမာလ ခိုးသူကြီး သူပုန်ထနေလို့ ဖမ်းမယ်လို့ဆိုပြီး ထွက်လာခဲ့ပါတယ်ဘုရား ''လို့ လျှောက်တယ်။ "ဒကာတော်မင်းမြတ်၊ အဲဒီ အင်္ဂုလိမာလကို သင်္ကန်းဝတ်နဲ့များ မြင်လိုက်ရရင် အသင်မင်းကြီး ဘယ်လိုသဘောရသလဲ''၊ "မှန်လှပါ၊ အဲဒီလိုများ သင်္ကန်းဝတ်နဲ့ တွေ့မြင် လိုက်ရမယ်လို့ ဆိုရင် တပည့်တော်များ လက်အုပ်ချီမိုး ရှိခိုး ကန်တော့ရမှာပေါ့ ဘုရား၊ ပစ္စည်းလေးပါးများလဲ ဖိတ်မန်ပြီး တပည့်တော်များ ရှိသေစွာ ကိုးကွယ်ပါမယ် ဘုရား၊ ဒါပေမဲ့ ဒကာတော် လျှောက်စမ်းပါရစေအုံး ဘုရား၊ ဒီလောက် မိုက်တေပြီး သူများကို သတ်ဖြတ်ပြီး မိုက်တေနေတဲ့ အကောင်မျိုးတော့ ရဟန်းမပြုတန်ပါဘုရား၊ အရှင်ဘုရား မေးတော်မူလို့သာ ဖြေရပါတယ်''လို့ လျှောက်တော့—

အင်္ဂုလိမာလက ဘုရားဘေးနားထိုင်နေတယ်၊ ဒါနဲ့ ဘုရားရှင်က "မဟာရာဇာ—ဟောဒီထိုင်နေတာဟာ တခြားသူ မဟုတ်ဘူး, အင်္ဂုလိမာလ''လို့ ပြောလိုက်ရော ကောသလမင်းကြီးလန့်ပြီးတော့ ထပြေးမယ်လို့ ကြံလိုက်သေးသတဲ့၊ စောစောက သူက "ဒီလောက် မိုက်တေနေတဲ့ တိရစ္ဆာန်, မိုက်တေနေတဲ့ အကောင်မျိုး, ရဟန်း မဖြစ်နိုင်ပါဘူးဘုရား''လို့ စကားလွန်သွားခဲ့တာဖြစ်လို့ ကောသလ မင်းကြီး လန့်ပြေးမယ်ကြံလိုက်တော့ ဘုရားရှင်က "မဟာရာဇာ… မကြောက်ပါနဲ့, မလန့်ပါနဲ့။

"နတေ အင်္ဂုလိမာလသာ ဘယံ ဟောတိ– ဟောဒီ အင်္ဂုလိမာလ အတွက် ဘာဘေးမှ မဖြစ်ပါဘူး မဟာရာဇာ" လို့ မိန့်တော်လိုက်တော့မှ ရာဇာဓိရာဇ်ကြီးသဘာဝပြီးတော့ "အရှင်ဘုရား ကျွန်းမာတော်မူပါရဲ့လား ဘုရား၊ ပစ္စည်းလေးပါး အလိုရှိရင် ဒကာတော်ကို အမိန့်ရှိတော်မူပါဘုရား" လို့ လျှောက်ပြီး ဝမ်းမြောက် ဝမ်းသာနဲ့ နေခိုက် အောက်က နောက်ပါတပ်သားတွေ မင်းချင်းယောကျ်ား စစ်သည်ဗိုလ်ပါတွေ တဆင့်တဆင့် ကြားသွားပြီး "ဟေ့ – အင်္ဂုလိမာလ ကျောင်းပေါ်မှာ ရောက်နေသတဲ့" လို့ ဆိုပြီး ပြေးလိုက်ကြတာ နန်းယင်ပြင်ကို ရောက်ကြရောလို့ ဆိုတာဘဲ၊ အင်္ဂုလိမာလ ရဟန်းဖြစ်ပြီလို့ ဆိုတဲ့ အကြောင်းကို ကောသလမင်းကြီးက ရှင်းပြလိုက်တော့မှ သိကြရသတဲ့။

## ပရိတ်ကြီး အင်္ဂုလိမာလသုတ် ပေါ်လာပုံ

နောက်ပိုင်း တိုတိုပြောကြစို့ ဆိုတော့ အင်္ဂုလိမာလ ရဟန်းတော် ဆွမ်းခံကြွတော်မူပြီလို့ ဆိုရင် ဘယ်လို အရပ်ကိုဘဲ ရောက်ရောက် "ဟောဒီကောင်ကြီးပေါ့၊ ငါ့အဖေကို သတ်ပြီး လက်ဖြတ်တာ၊ ဟောဒီ ကတုံးကြီးပေါ့ဗျာ၊ ကျုပ်အမေကို သတ်ပြီး လက်ကို ဖြတ်ယူသွားတာ" နဲ့ သူ့ကိုမြင်ရင် မုန်းကြ၊ တိမ်းကြ၊ ရှောင်ကြလို့ ဘယ်သူကမှ ဆွမ်းတဇွန်းမှ မလောင်းကြဘူးတဲ့၊ အမှတ် (၈) မော်တော်ယာဉ် ရုံးရှေ့ ရောက်လာရင်လဲ "ဒီကောင်ကြီးပေါ့ကွ ငါ့အမျိုးကို သတ်သွားတာ၊ ကားပေါ် မတင်နဲ့ ဆွဲချဟ" လို့ ပြောကြမှာဘဲ ထင်တယ်နော် ဦးမြသန်း၊.... (မော်တော်ယာဉ်

သမားများ ဒါလောက် မရှိင်းကြပါ ဘုရား )၊ ပြော်.... သာခု.... သာခု....။

အဲဒီလိုနဲ့ အရှင် အင်္ဂုလိမာလမှာ ဆွမ်း ဆွမ်းဟင်း လောင်းမဲ့သူ မရှိလို့ လှူမဲ့သူ မရှိလို့၊ မြတ်စွာဘုရားက တခါတော့ အမျိုးသမီး တယောက် မီးမဖွားနိုင်တာကို အကြောင်းပြုပြီးတော့၊ ချစ်သား- အင်္ဂုလိမာလ.... အဲဒီ အမျိုးသမီး မီးမဖွားနိုင်တာကို မီးဖွားနိုင်အောင် သစ္စာပြုပေတော့လို့ မိန့်တော်မူလိုက်ပြီး........

"ယတော ဟံ ဘဂိနိ၊ အရိယာယ ဇာတိယာ ဇာတော၊
နာဘိ ဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု၊ သောတ္ထိ ဂဗ္ဘဿ"

ဆိုတဲ့ သစ္စာမန္တာန်ကို ပေးတော်မူတယ်၊ မီးမဖွားနိုင်တဲ့ အမျိုးသမီးရဲ့ ကန့်လန့်ကာလေး အပြင်ဘက်ကနေပြီးတော့ ညောင်စောင်းပေါ်ကို ထိုင်ပြီး "ငါသည် မြင့်မြတ်တဲ့ အရိယာဇာတ်လို့ ခေါ်တဲ့ ရဟန္တာဖြစ်တဲ့အချိန်က စပြီးတော့ (သောတာပတ္တိမဂ်ဖိုလ် အရိယာဇာတ်ဖြစ်တဲ့ အချိန်ကစပြီးတော့) တစုံတခုသော အသက်ကိုမျှ ငါ သတ်မိသည်ဟု မရှိတော့ပါ ချစ်နှမ".... "ဤ မှန်ကန်သော သစ္စာစကားကြောင့် အသင်သည်၎င်း၊ အသင်ရဲ့ ကိုယ်ဝန် သူငယ်သည်၎င်း၊ ကျန်းမာ ချမ်းသာပါစေ" လို့ သစ္စာပြုဘို့ ဘုရားရှင်က သင်ပေးတော်မူတဲ့ အတိုင်း သစ္စာပြုလိုက်တာ ကျန်းကျန်းမာမာ မီးဖွားသွားနိုင်တယ်၊ အဲဒီက စပြီးတော့ ပရိတ်ကြီးမှာ လာတဲ့ အင်္ဂုလိမာလသုတ်ရယ်လို့လဲ ပေါ်လာခဲ့တယ်။

ဒါ့ကြောင့် ပရိတ်ကြီးထဲမှာ ယခုတိုင် အင်္ဂုလိမာလသုတ်ဘော် ရယ်လို့ ရှိပါတယ်၊ အဲဒီ အင်္ဂုလိမာလသုတ်တော်ကို ယုံယုံကြည်ကြည် နဲ့ ရွတ်ဆိုနိုင်ခဲ့ရင် ကိုယ်ဝန်ဆောင် အမျိုးသမီးနှင့် တကွ ကိုယ်ဝန် သူငယ်ပါ ချမ်းသာမှုကို ရရှိနိုင်ပါတယ်၊ ဒါဟာ အင်္ဂုလိမာလကို ချမ်းသာရာ ရသွားအောင် ဘုရားရှင် ကိုယ်တော်မြတ်က တနည်း တဖုံနဲ့ ကယ်တော်မူလိုက်တာဘဲ၊ အဲဒီနည်းနဲ့ အင်္ဂုလိမာလကို ဘုရားရှင် ချွတ်တော်မူတဲ့ အကြောင်းကို....

စောရဋ္ဌ-ခရီးဝေးကွာ, ယူဇနာကို, လျင်စွာပြေးစွမ်း, တောမြိုင် တန်းက, လူဖမ်း လက်ဖြတ်, သေအောင် သတ်၍, နန်းရပ်ကကျော်, မွေးမယ်တော်ကို, မြင်သော် စိုက်စိုက်, ဓားဖြင့် လိုက်၍, မကိုဋ္ဌ ထွဋ်တင်, ဘုရားရှင်ကို, အသင် ရှောင်ဝေး, ဘယ့်ကြောင့် ပြေးဟု, ဓားရေးပြကာ, သတ်မည့်လာသား, လွန်စွာဆိုးဘိ, အင်္ဂုလိခေါ်, သူခိုးကျော်ကိုလည်း၊ အဇိနီ—ဒိဋ္ဌိကိုချ, ဒေါသကိုပယ်, မာန်စွယ်ကို ချိုး, သဒ္ဓါဖြိုးလျက်, ရှိခိုးတုပ်ကွ, ပြားပြားကျအောင်, ဆုံးမ သွန်သင်, အောင်ပွဲတော် ယင်ခဲ့လေပြီ၊ ဧတေန သစ္စေန - မှန်ကန် လှစွာ, ဤ ဝစီသစ္စာကြောင့်၊ မေ-မအောင်သေးခင်, အောင်ကြွေး တင်၍, အောင်မြင်ရန်မျှော်, တပည့်တော်၏၊ ( ဝေါ တုမှာကံ- မအောင်သေးခင်, အောင်ကြွေးဘင်၍, အောင်မြင်ရန်မျှော်တောင်း, သင် တရားနာ ပရိသတ်အပေါင်း, သူတော်ကောင်းတို့၏၊ ) ဇယ မင်္ဂလံ- အောင်ရန်အတိတ်, အောင်နိမိတ်ဖြင့်, အောင်ဘိသိက်သွင်း, အောင်ဟိတ်ခင်းလျက်, အောင်ခြင်းစဉ်ကာ, မင်္ဂလာသည်၊ ဟောတု- တက်သစ် နေဝန်း, ထွန်းသစ်လဆန်း, ပွင့်သစ်ပန်းသို့, ဆန်းအဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန်မသွေ, ဖြစ်ပေါ်ပါစေသတည်း။

သာဓု....သာဓု....သာဓု....။

ကဲ.... အင်္ဂုလိမာလ အောင်မြင်တော်မူပုံကို အာရုံပြုပြီး ရှိခိုးကြရအောင် လက်အုပ်ချီပြီး လိုက်ဆိုကြစမ်းပါ။

သူခိုးရန်ဆိုး, ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊
လက်စုံရိုး၍, ရှိခိုးဦးတင်၊
အောင်စေကြောင်း ဆုတောင်း ပဏ္ဏာဆင်....။

ဦးညွှတ်လိုက်ကြပါ—။

အင်္ဂုလိမာလကို ဘုရားရှင်အောင်မြင်တော်မူပုံကို အာရုံတန်းမှန်း ရှိခိုးကန်တော့ရသော ကုသိုလ် စေတနာ၏ အစွမ်းကြောင့် အားလုံးသော ရန်ဟူသမျှ အောင်မြင်ကြပြီးလျှင် နိဗ္ဗာန်စခန်း တရားတော်မြတ် တည်းဟူသော အောင်ရာအရပ်ကိုလဲ ရောက်ကြရ, ရကြရပါလို ကုန်သော ဟူ၍ ပတ္ထနာ အောင်ဆု ပြုလိုက်ကြကုန်ရာ သတည်း။

သာဓု.... သာဓု.... သာဓု။

အင်္ဂုလိမာလကို အောင်မြင်တော်မူပုံ
ပြီး၏။

# (၅) စိဋ္ဌမာဏ အောင်မြင်တော်မူပုံ

[အမရပူရမြို့ အောင်မြေရွှေဘုံဘုရားပွဲတော်၌ ဟောတော်မူသည်။]

ကဲ-စကြဥုးစို့ရဲ့၊ ယနေ့ညလဲ ကျွဲဘုန်းကြီး, ကျားဘုန်းကြီးနဲ့ ဥုးမြသန်း ပြန်တွေ့ကြပြန်ပြီနော်၊ မှတ်မိသေးရဲ့လား ဥုးမြသန်း၊ ( မှန်ပါဘုရား၊ ) မှတ်မိမှာပေါ့၊ ကိုယ်က ပြောထားတာလို့ ဆိုတော့, ခံထားရတဲ့သူက သာပြီးတော့ အမှတ်ရသေးတယ်၊ ဥုးမြသန်းကိုမြင်လိုက်ရင်ဘဲ ကျွဲနဲ့ ကျားတော့ အဆိုခံရတော့မှာ ဘဲလို့ စိတ်ထဲမှာ ထင်နေတယ်၊ ဒီဇာပွဲတော့ လွတ်ကောင်းပါရဲ့ နော်၊ (မှန်ပါ လွတ်မှာပါဘုရား၊ ) ဥုးမြသန်းက လွတ်တယ်လို့ ပြောနေပေမဲ့ ဘုန်းကြီးစိတ်ထဲက မအေးသေးဘူး၊ (အဲဒီတုန်းက မှားသွားလို့ပါဘုရား၊) အံမယ်လေး–မှားချက်ကလဲ နာလိုက်တာ နော်၊ သူကတော့ မှားတာတဲ့၊ ဒီမှာတော့ အကုန်လုံး ကျွဲဖြစ်, ကျားဖြစ်ကုန်ကြပြီ။

## သားရေသံနဲ့ လေသံ အကွဲကြီးပါ

ဥုးမြသန်းကိုမြင်ရင် လန့်လန့်နေတယ်လို့ ဆိုတာနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီး တရားမဟောခင် ပြောရအုံးမယ်၊ ရှေးတုန်းက ဒကာတယောက် လူပျိုပေါ့လေ၊ ရှေးခေတ်ကတော့ ရှောင်ထုံးကြီး တွေနဲ့ပေါ့၊ သူက သူ့ရဲ့အမျိုးသမီးရှိရာအိမ်ကို ထုံးစံအတိုင်း လူပျို လှည့်သွားတာပေါ့၊ ရှေးခေတ်က ယောကျ်ားလေးနဲ့ မိန်းကလေး

လူပျို အပျိုလှည့် လာကြပြီလို့ဆိုရင် လူကြီးတွေကိုက ဘေးဖယ်ပေးကြတယ်၊ သူတို့ကလဲ သစ္စာရှိရှိနဲ့ စကား ထိုင်ပြောကြရင်း ထုံးစံ အတိုင်း စကားထာ ဝှက်ကြ တယ် ပေါ့၊ တယောက်ရဲ့ အကြောင်း တယောက် သိအောင်, တယောက်ရဲ့ စိတ်တွေကို တယောက်သိရအောင် အကဲခတ်တဲ့အနေနဲ့ သုံးနှစ်သုံးမိုးလောက် တောင်မှ ကြာအောင် လူပျိုလှည့်ကြရသတဲ့၊ တသက်လုံး ပေါင်းကြရမှာလို့ဆိုတော့ တယောက်ကိုတယောက် အကဲခတ်ကြရတာပေါ့။

အဲဒီလို တယောက်နဲ့ တယောက် သဘောချင်း ကိုက်ပြီး, စိတ်ချင်းတူညီ, သဘောချင်း တိုက်ဆိုင်အောင် ချိန်ဆပြီးတော့မှ သုံးနှစ်သုံးမိုး စမ်းသပ်ပြီးတော့ လက်ထပ်ကြတယ်လို့ ဆိုတော့, "မောင်ကလူတော့, မယ်ကြည်ဖြူ၊ မယ်လူဒါန်းတော့, မောင်ရှင်လန်း"ဆိုတဲ့အတိုင်း တသက်လုံး မင်္ဂလာဖိုလ်နိဗ္ဗာန် အထိ ဖြောင့်တန်းတဲ့ အိမ်ထောင်ရေးကြီးက ပါရမီဖြည့်ဘက်အဖြစ်နဲ့ ပါသွားကြတယ်။

ယခုခေတ်က ဂြိုဟ်တုခေတ်, ဒုံးပျံခေတ်လို့ဆိုတော့ အတွဲမြန်အကွဲမြန်ဘဲ၊ ဟိုတလောက ကာတွန်းထဲမှာ တွေ့လိုက်ရတယ်၊ ခေါင်းစီးက"ယခုခေတ် အိမ်ထောင်ရေး"တဲ့၊ ဒီနေ့ တယောက်နဲ့ တယောက် တွေ့ကြပြီး, မနက်ဖန်ခါ ရုံးတက်ပြီး လက်မှတ်ထိုး၊ သဘက်ခါကြတော့ ပြတ်စဲကြောင်း ကြေငြာသတဲ့။

ခုနက လူပျိုက သူရဲ့ဇနီးလောင်းအိမ်ကို သွားပြီးလည်တော့ ထုံးစံအတိုင်း သားခရေနွယ်ပိုင်းကလေးကို ခင်းပေးသတဲ့၊ အဲဒီမှာ

ထိုင်ပြီး စကားထာဝှက်, ပုံပြင်ပြော စသည်ဖြင့် ပြောကြတာပေါ့၊ အဲဒီလို စကားပြောရင်း လုပ္ပါက ဖြတ်ကနဲဆို အမှတ်တမဲ့ လေလည်လိုက်မိတယ်၊ အဲဒီအခါ ဇနီးလောင်း အမျိုးသမီးအပျိုက ရယ်တာပေါ့လေ၊ ဒါနဲ့ လုပ္ပါက သူလေသည်တာ မဟုတ်လေဟန်, သားရေ အခင်းက မြည်တဲ့ အသံ ဖြစ်လေဟန်နဲ့ အောက်က ခင်းပေးထားတဲ့ သားရေနွယ်ပိုင်းကလေးကို လက်သည်းနဲ့ ကျွတ်ကျွက်,ကျွတ်ကျွက်နဲ့ မြည်အောင် ကုတ်ခြစ်လိုက်သတဲ့၊ လေလည်တာ မဟုတ်ဘူးပေါ့လေ၊ သားရေပွတ်မိလို့ မြည်တယ်ပေါ့၊ အဲဒါနဲ့ အမျိုးသမီးက ရိပ်မိလို့, "မောင်ရယ်, ဟန်လုပ်မနေပါနဲ့ သားရေသံနဲ့ လေသံ အကွဲကြီးပါ" လို့ ပြောလိုက်သတဲ့။

ဒီတော့ လုပ္ပါက ငါ့အကြောင်းကို ငါ့ရည်းစားကတောင်မှ သိသွားပြီလို့ဆိုပြီး မျက်နှာတွေပ ါထူအမ်းပြီးရှက်တာနဲ့ ဆက်လက် မနေရဲတော့ဘဲ "ကဲဗျာ့ ကျုပ် ဒီနေ့ည ပြန်အုံးမယ်" လို့ ဆိုပြီး ထပြန်ဆင်းလာတော့ ရှက်ရှက်နဲ့ လေလယ်မိတာကို စိတ်ထဲမှာစွဲပြီး ဆင်းလာလိုက်တာ အောက်လှေခါးရင်းကြတော့ ဘိနပ်တဘက်က ဘယ်ကိုရောက်နေမှန်း မသိဘူး, ပျောက်နေတယ်၊ ဒါနဲ့ ဟိုရှာ ဒီရှာ ကုန်းရှာနေတုန်း ယောက်ခမလောင်းကြီး တခြားအိမ်က ပြန်အလာနဲ့ ဝင်တွေ့နေတော့ "ဟင်း–မောင်ရင် ဘာပျောက်လို့ ရှာနေတာတုန်း" လို့ မေးလိုက်သတဲ့၊ "ဟောဒီဗျာ အီးတဘက် ပျောက်နေလို့" လို့ ပြောမိသွားတယ်၊ စိတ်က အီးပေါက်တာကို ရှက်လို့ စွဲနေတော့, "ဘိနပ်တဘက်ပျောက်နေတယ်" လို့ ပြောရမှာ "အီးတဘက် ပျောက်နေလို့" လို့ မှားပြောမိတယ်။

ဒါနဲ့ အပေါ်ကရှက်ပြီး ဆင်းလာခဲ့ပါတယ်လို့ ဆိုမှ အောက်ကျတော့ စကားကမှားသွားပြန်တော့ ပိုရှက်ပြီး ဘိနပ်ကိုလဲ မရှာနိုင်တော့ဘဲ ထွက်ပြေးလိုက်တာ ရွာထဲကို မနေရဲအောင်ဖြစ်သွားတယ်၊ အညာသား-လို့ဆိုတော့ အောက်ပြေအောက်ရွာကိုသွားပြီး လယ်ကူလီလုပ်ပြီး နေလိုက်တာ သုံးနှစ် သုံးမိုးလောက် ကြာသွားတာပေါ့၊ ကဲလေ– ငါ့ကိုလဲ မေ့လောက်ကြပါပြီ၊ ငါလဲ ရွာကို လွမ်းနေတယ်လို့ ဆိုပြီး ပြန်အလာမှာဘဲ၊ ရွာနား ရောက်ရောက်လာလေလေ ရှိတ္တနှိရှိတ္တနှိ ဖြစ်လာလေ၊ ဟိုတုန်းက အီးပေါက်မူကြီး မှတ်မျှား မှတ်မိနေကြအုံးမှာလေလားနဲ့၊ တနွေးနွေးနဲ့ ကြံပြီး အလာ၊ ကြောက်ကြောက်နဲ့ လာနေရပါမှဘဲ ရွာထိပ် တံခါးဝမှာ ဟိုတုန်းက ယောက်ခမလောင်းကြီးနဲ့ ပက်ပင်းဝင်တိုးနေတယ်။

မတွေ့ချင်တဲ့သူနဲ့မှ ဝင်တွေ့နေတော့ ဟို ဒကာကြီးကတော့ ဘာရယ်လို့ မဟုတ်ပါဘူး ရိုးရိုးပါဘဲ၊ "မောင်ရင် ပေါက်လာပြီလား"လို့ မြင်မြင်ခြင်း မေးလိုက်မိတယ်ကိုး၊ မေးတာကတော့ ထုံစံအတိုင်း ပြန်လာပြီလား ရောက်ပြီလားလို့ဆိုတဲ့ အမေးမျိုးပါ၊ ဒါကိုဘဲ "ပေါက်လာပြီလား"လို့ ရှေးထုံးစံနဲ့ မေးလိုက်တာပါ၊ အဲဒါလိုမေးလိုက်တော့ သူကိုယ်တိုင်ကလဲ စိတ်ထဲက မလုံတော့ "ဟာ–ကျုပ်ဟာကျုပ်ပေါက်တာ ဘာဖြစ်သေးတုန်းဗျာ" လို့ ပြောလိုက်သတဲ့။

ဘုန်းကြီးကလဲ ဉူးမြသန်းကို မြင်လိုက်တော့ ကျားဖြစ်တာကို သွားပြီး အမှတ်ရနေတယ်၊ စိတ်က စွဲနေတတ်တာကို ပြောတာပါ

နေ၍၊ ကိုင်း–ထားပါတော့၊ ယနေ့တရားပွဲက "ဗုဒ္ဓပူဇနိယ" လို့ ဆိုတဲ့ ဘုရားပူဇော်ပွဲကို အခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့ တရားပွဲ၊ ဒီ အောင်မြေရွှေဘုံ ဘုရားကို....

တကောင်း-သခရ, ပုဂံရွှေ, မှတ်လေ ပင်းယခေတ်၊
စစ်ကိုင်း-အင်းဝ, မှတ်ပ ကြံ့, သတ္တ ကုန်းဘောင်ခေတ်–

လို့ ဆိုတဲ့ မြန်မာနိုင်ငံရဲ့ ခေတ်ကြီး (၇) ခေတ်မှာ ဒုတိယဖြစ်တဲ့ သရေခေတ္တရာခေတ်ကထဲက စတင် တည်ထား ကိုးကွယ်ခဲ့တယ်လို့ သိရတယ်၊ ဒီဘုရားကို ဆိုင်ရာဒကာ-ဒကာမတွေက နှစ်စဉ်ကျင်းပမြဲ ဖြစ်တဲ့ ပူဇော်ယ်ပွဲကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ တရားပွဲ။

ရလောက်တဲ့သူရွှေ ပြောမှ တွက်ခြေကိုက်

ဘုန်းကြီးစလိုက်တဲ့ ဆေးရုံအတွက် အလှူခံတာလေး တွေလဲ အားလုံးက ဒီဘုရားပွဲမှာဘဲ လှူနေကြသေးတယ်လို့ သိရတယ်၊ ဥုးမြသန်း ရေ... ဇာတ်တော်တခုထဲမှာ ပုဏ္ဏားတယောက် သူ့ရဲ့ ရပ်ရွာ ဇာတိကို စွန့်ပြီးတော့ တခြားအရပ်ကို သွားပြီးတော့ စီးပွား ရှာနေတယ်၊ သုံးနှစ်လောက် ကြာတော့မှ ရွှေလေး တမတ်သား လောက် ရလို့ ပြန်လာတယ်၊ ပုဏ္ဏေးမထံ မျက်နှာပန်းလှအောင်လို့ ဆိုပြီး အဝတ်အစွန်မှာ ကျစ်ကျစ်ပါအောင် ထုပ်ပြီး ပြန်အလာမှာ လမ်းခရီးအကြား ချောင်းတခုကို ဖြတ်ကူးတော့ အဲဒီ ရွှေတမတ် သားက ရေထဲကို ကျရစ်ပါရော။

ဟိုဘက်ကမ်းကို ရောက်တော့ သုံးနှစ်သုံးမိုး ရှာလို့ ရထားတဲ့ ရွှေတမတ်သား ရေထဲကို ကျနေရစ်မှန်း သိသွားပြီး မျက်နှာပန်း

မလှတော့တာနဲ့ ရွှေကို ခရီးဆက်မသွားတော့ဘဲ ကမ်းတဘက်မှာ ထိုင်ပြီး မှိုင်နေတယ်၊ ထမင်းမစားနဲ့ ရေမသောက် မှိုင်ပြီးနေတော့ ဟိုက ဒီက နွားကျောင်းသား ကျွဲကျောင်းသားတွေက တွေ့တဲ့သူ တိုင်းက "ဟေ့… ဟိုမှာ ပုဏ္ဏားမှိုင်နေတယ်၊ ဘာများ ဖြစ်တာပါ လိမ့်မလဲ"လို့ ဆိုပြီး မေးကြ မြန်းကြတယ်၊ သူက ဘာမှ မပြော ဘူးတဲ့၊ မှိုင်မြဲ မှိုင်နေတာဘဲ၊ ဒီလိုနဲ့ ရက်ပေါင်း များလာတော့ ဟိုခေတ်က ပုဏ္ဏားတွေများ ထိုင်မှိုင်နေပြီလို့ဆိုရင် တိုင်းပြည်ရင်လဲ ပျက်တတ်တယ်၊ ရောဂါဆိုး ဘေးဆိုးတွေသော်လဲ ကျရောက်လာ တတ်တယ်လို့ အယူအကြည်ရှိတယ်။

ပုဏ္ဏားမှိုင်နေတာ မေးလို့မရ ခေါ်လို့မထူး ဘာများ ဖြစ်ပါ လိမ့်မလဲလို့ ဆိုပြီး အုတ်အုတ်ကျက်ကျက် ဖြစ်နေတော့ ရှင်ဘုရင်ရဲ့ နား ကြားသွားတယ်၊ အဲဒီအခါ ရှင်ဘုရင်ကိုယ်တိုင်လာပြီး "ဘာလဲ ပုဏ္ဏား ဘယ်လိုဖြစ်တာတုန်း"လို့ မေးတော့ ပုဏ္ဏားက မော့ကြည့် ပြီး ရှင်ဘုရင်မှန်း သိတာနဲ့ "တခြားတော့ မဟုတ်ပါဘူး အရှင် မင်းကြီး၊ ကျွန်ုပ်မှာ သုံးနှစ်သုံးမိုး ရှာဖွေ စုဆောင်းပြီး ရလာတဲ့ ရွှေတမတ်သား ဒီချောင်းကို ဖြတ်ကူးရင်း ရေထဲကို ကျနေရစ်လို့ စိတ်ပျက်တာနဲ့ ထိုင်မှိုင်နေတာဘဲ"လို့ ပြောလိုက်တယ်။

ဒါနဲ့ ရှင်ဘုရင်က "ဩော်…. ဒီလိုလား၊ ဟေ့-မင်းချင်း တယောက် နန်းတော်ကို သွားပြီးတော့ ရွှေတမတ်သား ယူချေ စမ်း"လို့ ခိုင်းလိုက်ပြီး "ရော့….ရော့"လို့ ပေးပြီးတဲ့နောက် "နေပါအုံး ပုဏ္ဏား၊ စောစောက ဟိုကမေး၊ ဒီကမေး၊ မေးနေကြ

တုန်းကတော့ ဘာပြုလို့ ဒီအကြောင်းကို မပြောတာလဲ ” လို့ မေးတော့ “ အရှင်မင်းကြီး – စကားတခွန်းဆိုတာ ရမ်းပြောလို့ တော်တာ မဟုတ်ဘူး၊ ရလောက်တဲ့သူရဲ့ ရှေ့မှာ ပြောမှ တွက်ခြေ ကိုက်တော့ မယ်ပေါ့၊ ယခု ကျုပ်ကို လာမေးနေတာတွေက နွား ကျောင်းသား, ကျွဲကျောင်းသားတွေက လာမေးနေတော့ သူတို့ကို ရွှေတမတ်သား ပျောက်လို့ပါလို့ ပြောလိုက်ရင် ဘယ်သူက ဒီ ရွှေ တမတ်သားကို လာပေးမှာတဲ့တုန်း၊ ကြည့်လေ.... ယခု အရှင် မင်းကြီးက လာမေးလို့ ပြောလိုက်တော့ ကျွန်ုပ် ရွှေတမတ်သား ရပြီလေ၊ ဒါ့ကြောင့် စကားတလုံးဆိုတာ ရလောက်တဲ့သူရဲ့ ရှေ့မှာ ပြောလိုက်မှ တွက်ခြေကိုက်တယ် အရှင်မင်းကြီးရဲ့ ” တဲ့။

ဘုန်းကြီးလဲဘဲ ဆေ ရှိအတွက် ငွေလိုနေတာနဲ့ ဟိုပြော ဒီပြော ပြောနေတာဟာ ရလောက်တဲ့သူတွေရဲ့ ရှေ့ချည့် ဒီပုဏ္ဏားလေးလို ပြောမိနေပြီနဲ့ တူတယ် ဦးမြသန်း၊ နောက်ထပ် ဘယ်လောက် များများ ထွက်လာ အုံးမှာတုန်းလို့ ဆိုပြီး နှိုက်နေ တာနော်၊ ကျန်းမာရေး အတွက် ဆေးလျှူမှုနဲ့ စပ်ပြီး မြတ်စွာဘုရား ကလဲ ဟောတော်မူထားခဲ့ပါတယ်။

ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ ဥပဋ္ဌဟေယျ။

ဘိက္ခဝေ–ချမ်းသာလိုလား, အို....အမျိုးသား, အမျိုးသမီးတို့၊ ယော- အကြင် ပုဂ္ဂိုလ်သည်၊ မံ – ငါဘုရားကို၊ ဥပဋ္ဌဟေယျ – ပြုစု လုပ်ကျွေးလို၏၊ သော–ထိုပုဂ္ဂိုလ်သည်၊ ဂိလာနံ–မကျန်းမမာသူကို၊ ဥပဋ္ဌဟေယျ–ပြုစု လုပ်ကျွေးရာ၏။

မြတ်စွာဘုရားကိုယ်တော်တိုင်က "ငါ့ကို ပြုစုလုပ်ကျွေးလိုလျှင် ဂိလာန မမာမကျန်းသူကို ပြုစုလုပ်ကျွေးကြ" လို့ ဟောတော်မူခဲ့ပါတယ်၊ ဒါ့ကြောင့် ဂိလာနကို ပြုစုလုပ်ကျွေး စောင့်ရှောက်ရတာက မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးရတဲ့ အကျိုးနီးပါး ရတယ်တဲ့၊ ဘုရားရှင်ကိုယ်တော်တိုင် ချီးမွမ်းတော်မူခဲ့တဲ့ အလုပ်၊ ဂိလာနလို့ ဆိုတာ ကိုယ်အား စိတ်အားတွေ နဲ့နေတတ်ပါတယ်၊ မိမိတို့က ဂိလာနကို ပြုစုလိုက်ခြင်းဖြင့် အဲဒီ နဲ့နေတဲ့ ကိုယ်အား စိတ်အားတွေကို အားဖြည့်ပေးလိုက်ရာ ရောက်သွားတယ်၊ ဒါ့ကြောင့် ဘုရားရှင်က အကျိုး အကြီးဆုံးရယ်လို့ ချီးမွမ်းတော်မူတဲ့ အလုပ်ကို ဘုန်းကြီးကစပြီး လုပ်နေပါတယ်။

ကဲ........ဒီကဏ္ဍတွေကို ရပ်ပြီးတော့ ဘုန်းကြီး ဟောလက်စ အောင်ခြင်းရှစ်ပါးကို ဆက်ပြီးတော့ ဟောပါမယ်၊ ဒါ့ကြောင့် စိဥ္စမာဏကို အောင်မြင်တော်မူပုံကို ဟောပါမယ်၊ အားလုံးကြည်ညိုရအောင် အောင်ခြင်းရှစ်ပါးဂါထာကို ရွတ်ပြီးမှ ဝတ္ထုကြောင်းကို ဆက်ပါမယ်။

မာရံ ယက္ခံ ဂဇံ စောရံ,
စိဥ္စမာဏဥ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနော ဇိနိ,
ဟောတု မေ ဇယမင်္ဂလံ။

ဇိနော — အောင်သူတကာတို့၏ အထွဋ်, တမွတ်ဥဿျောင်, ဘုန်းခေါင် ဘုန်းဖျား, ငါတို့ မြတ်စွာဘုရားသည်၊ မာရဥ္စ — ဂိရိ

မေခလာ, ဆင်မဟာကို, လျင်စွာတက်စီး, ပလ္လင်နှီးဂယ်, လေကြီးမိုးသည်းကြီး, ပြာပူမီးနှင့်, မှောင်ကြီးတတန့်, ဓားလှံမကြွင်း, ပစ်ခတ်ခွင်းလျက်, အချင်း သိဒ္ဓတ်, ပလ္လင်မြတ်မှ, အမြန်ထလော့, စိန်းမြညိုလွင်, ဗောဓိပင်နှင့်, ပလ္လင်တော်ကား, ထင်အရှားငင်, သင်ကားမဆိုင်, ငါသာပိုင်ဟု, စွဲကိုင်လက်နက်, ရဲစစ်မက်ဖြင့်, အောက်ထက်ဝန်းရံ, သောသောညံအောင်, အသံဟစ်ကြွေး, မယဉ်ကျေးသည့်, ရန်ဘေးတသင်း, မာရ်နတ်မင်းကိုရှင်း။

ယက္ခဋ္ဌ– ဓားမိုး လှံမိုးသည်း, မီးကြီးမိုးသည်းကို, ရှာဖြိုး သွန်းချ, ယမ်းမီးကျသို့, ကောခပြင်းထန်, ငါ့ဗိမာန်မှ, အမြန်ထွက်သွား, နှင်ရက်အားသည့်, တရားကင်းကွာ, ကြမ်းကြုတ်စွာသား, အာဠဝက, တေဇသန်ပြင်း, ဘီလူးမင်းကိုရှင်း။

ဂဇဋ္ဌ– အစွယ်ထက်ချွန်, အရက်မွန်လျက်, အလွန်ဆိုးညစ်, အမုန်ရစ်၍, ရှင်ချစ်သေဌ်နင်း, သုံးလူ့မင်းကို, အတင်းအကြပ်, ဝိညာဏ်ပြတ်အောင်, ထိုးသတ်အံ့ငှါ, ရှေးရှုလာသည့်, နာဠာဂိရိ, တောင်ရှိနှီးနှီး, ဆင်ပြောင်ကြီးကိုရှင်း။

စောရဋ္ဌ–ခရီးခဝးကွာ, ယူဇနာကို, လျင်စွာ ပြေးစွမ်း, တောမြိုင်ဘန်းက, လူဖမ်း လက်ဖြတ်, သေအောင် သတ်၍, နန်းရပ်ကကျော်, မွေးမယ်တော်ကို, မြင်သော် စိုက်စိုက်, ဓားဖြင့် လိုက်၍, မကိုင်မှီထွင်မှီအောင်, ဘုရားရှင်ကို, အသင် ရှောင်ဝေး, ဘယ့်ကြောင့် ပြေးဟု, ဓားရေးပြကာ, သတ်မည့် လာသား, လွန်စွာ ဆိုးဘိ, အင်္ဂုလိမာလ်, သူခိုးကျော်ကိုရှင်း။

စိဥ္စမာဏာဥ္စ— အလှန်ကောက်ကျစ်, တိတ္ထိညစ်တို့, အပြစ်ရှာကြံ, မကောင်းဉာဏ်ဖြင့်, စီမံဆုံးဖြတ်, စေလွှတ်လတ်၍, ပရိသတ်ထဲ, အရှက်ကွဲအောင်, စွပ်စွဲတင်စွာ, စိဥ္စမာဟု, သညာဖေါ်ထုတ်, မိန်းမယုတ်ကိုရင်း။

သစ္စကံ— မစင်မဖြူ, မိစ္ဆာယူဖြင့်, မည်သူ့ကိုမျှ, မာန်မချဘဲ, ဝါဒချင်းပြိုင်, သူက ပိုင်အောင်, အနိုင်လွှမ်းမိုး, အယူဆိုးသည့်, တိတ္ထိမျိုးမိုက်, သစ္စကပရဗိုဇ်ကိုရင်း။

နာဂဋ္ဌ-ဒေါသလွှမ်းမိုး, မျက်စောင်းထိုးက, အရိုးကျေမွ, ဖွဲ့ပြာကျသို့, တေဇထန်ပြင်း, နန္ဒောပနန္ဒ နဂါးမင်းကိုရင်း။

ဗကဋ္ဌ—ဉာဏ်မြင် ကင်းကွာ, နိစ္စသာဟု, မိစ္ဆာလွှမ်းမိုး, အယူဆိုသည့်, တန်ခိုးအရောင်, ထိန်ပြောင်ညီးညီး, ဗကဗြဟ္မာကြီးကိုရင်း။

အဇ္ဇိနိ—ဒိဋ္ဌိကိုချ, ဒေါသကိုပယ်, မာန်စွယ်ကိုချိုး, သဒ္ဓါဖြိုးလျက်, ရှိခိုးတုပ်ကွ ပြားပြားကျအောင်, ဆုံးမသွန်သင်, အောင်ပွဲတော် ယင်ခဲ့လေပြီ။ ဧတေန သစ္စဝဇ္ဇေန - အောင်ခြင်း ရှစ်ချက်, ဂုဏ်တော်နက်ကို, နှုတ်မြွက်ဖေါ်ကြား, ဤသစ္စာစကားကြောင့်၊ မေ- မအောင်သေးခင်, အောင်ကြွေး တင်၍, အောင်မြင်ရန်မြော်, တပည့်တော်၏၊ (ဝေါ တုမှာကံ- မအောင်သေးခင်, အောင်ကြွေး တင်၍, အောင်မြင်ရန်မြော်တောင်း, သင် တရားနာ ပရိသတ်

အပေါင်း၊ သူတော်ကောင်းတို့၏၊) ဇယမင်္ဂလာ-အောင်ရန်အတိုက်၊ အောင်နိမိတ်နှင့်၊ အောင်ဘိသိက်သွင်း၊ အောင်ဟိတ်ကျင်းလျက်၊ အောင်ခြင်း ဧဥ်ကာ၊ မင်္ဂလာသည်၊ ဟောတု—တက်သစ် နေဝန်း၊ ထွန်းသစ် လစန်း၊ ပွင့်သစ် ပန်းသို့၊ ဆန်း အဖုံဖုံ၊ စခန်းစုံအောင်၊ အစွမ်းကုန် မသွေ၊ ဖြစ်ပေါ်ပါစေ သတည်း။

သာဓု.... သာဓု.... သာဓု။

ယနေ့ည စိဥ္စမာဏဝိကာ(စိဥ္စမာဏ)လို့ ခေါ်တဲ့ မိန်းမယုတ်ကို အောင်မြင်တော်မူပုံကို ဟောရမယ်၊ ရှေ့အပိုင်းတွေမှာ အောင်မြင်တော်မူပုံကို လက်ာကလေးနဲ့ အာရုံပြုပြီး ရှိခိုးကာ တရားပွဲဖွင့်သလို၊ ဒီမှာလဲဘဲ စိဥ္စမာဏဝိကာ အောင်မြင်တော်မူပုံကို အာရုံပြုပြီး လက်အုပ်ချီမိုး ရှိခိုးပြီး တရားပွဲကြီးကို ဖွင့်ကြစို့ရဲ့၊ ဘုရား ရှိခိုးပြီး ဖွင့်လိုက်ရတယ်လို့ဆိုတော့ ပိုပြီး စူးရှတာပေါ့၊ ပရိသတ်ကြီးရဲ့အလယ်မှာ ကြမ်းကြုတ်စွာ ပြောဆိုစွပ်စွဲပြီးနေတဲ့ စိဥ္စမာဏဝိကာကို ဘုရားရှင် ခန္တီမေတ္တာဓာတ်တွေနဲ့ အောင်မြင်တော်မူပုံကို အာရုံပြုပြီး ယနေ့ည တရားပွဲဖွင့်ပါ့မယ်၊ အားလုံး လက်အုပ်ကလေး ကိုယ်စီချီထားလိုက်ကြပါ၊ ကဲ– လိုက်ဆိုကြ။....

"မိန်းမညစ်ဆိုး၊ ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း၊ အောင်ပန်းသခင်၊
လက်စုံမိုး၍၊ ရှိခိုးဦးတင်၊
အောင်စေကြောင်း၊ ဆုတောင်း ပဏာဆင်။

( ၃ ခေါက် ချ၊ ဆို။)

အဲဒါလို တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ပဏာမစေတနာနဲ့ ဒီ တရားပွဲကြီးကို အောင်မြင်စွာ ဖြင့် ဖွင့်လိုက်ရပါတယ်၊ တကြိမ်တခါလေးက ရှိခိုးလိုက်ရတယ်လို့ ဆိုလို့ မျှားသေးသေး မွှားမွှားလေး မထင်လိုက်ပါနဲ့၊ ဒီ စေတနာကလေးက လက်ဖျစ်တတွက် လျှပ်တပျက် အတွင်းမှာ စေတနာပေါင်း ကုဋေ တသိန်းမျှ ဖြစ်သွားလေတော့၊ ဒီ မျိုးစေ့ကလေးက လူ့ရွာ နတ်ဌာန်၊ ချမ်းသာစံလျက်၊ နိဗ္ဗာန်အထိ ရောက်စေနိုင်တဲ့ မျိုးစေ့ ကောင်းလေးလို့ မှတ်ယူလိုက်ကြပါ။

ယခု ဘုန်းကြီးရွတ်ဆိုလိုက်တဲ့ လင်္ကာကလေးကို အာရုံပြုပြီး သဘောပေါက်လိုက်မယ်၊ ယုံကြည်လိုက်မယ်လို့ ဆိုလို့ရှိရင် မိမိ နှလုံးသားထဲကို ရောက်ရှိလာတဲ့ ဘုရား အာရုံ ကို ယူလိုက်ရင် အောင်မြင်တော်မူတဲ့ ဘုရားရှင်ရဲ့ ဓာတ်တွေ ကူးစက် လာနိုင်ပါတယ်၊ အဲဒီ အောင်တော်မူ ဘုရားရှင်ရဲ့ ဓာတ်တွေက မိမိတို့ ကိုယ်တွင်း သွေးကြောတွေကိုပါ လိုက်ပြီး၊ အောင်ဓာတ်တွေဆက်ပြီးတော့ လာနိုင်တယ်၊ ယုံယုံကြည်ကြည်သာ ရှိခိုးလိုက်ကြစမ်းပါ၊ မိမိတို့ လုပ်ကိုင်လိုရာအားလုံး အောင်မြင်မှုရရှိလာတာကို တွေ့ရပါ လိမ့်မယ်၊ အကျဉ်းကိုသိပြီးတော့ အကျယ် အောင်မြင်တော်မူပုံကို အာရုံပြုရန်အတွက် စိဋ္ဌမာဏဝိကာ အမျိုးသ္မီးက ဘုရားရှင်အား စွပ်စွဲပုံ၊ ဘယ်လိုနည်းနဲ့ ဖြစ်ပေါ်လာသလဲလို့ ဆိုရင်....

## ရာဇဂြိုဟ်သေဌေးရဲ့ စန္ဒကူးသပိတ်

အားလုံးသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ရဲ့ ကိုးကွယ်ရာ သခင် ဘုရားရှင်ကိုယ်တော်မြတ်သည် ဘုရားဖြစ်တော်မူပြီး (၇)ဝါ

မြောက် ရောက်တော်မူတဲ့ အချိန်မှာ– (၃၅)နှစ် ဘုရားဖြစ်ဘော် မူတယ်လို့ဆိုတော့ ဝါတော်အားဖြင့် (၇)ဝါဖြစ်ပြီး, သက်တော် အားဖြင့် (၄၂)နှစ်လောက် ရောက်သည့်အခါပေါ့၊ (၄၂)နှစ်လို့ ဆိုတော့ အရွယ်တော်ကလဲ အတော်ကောင်းနေတဲ့အချိန်, အားခွန် ဗလနဲ့လဲ ပြည့်စုံတဲ့အချိန်, ဘုန်းကံပါရမီတော်တွေကလဲ တက်တဲ့ အချိန်, ရုပ်ရည်ဥပမိတော်ကလဲ အတုမရှိလို့ဆိုတော့ ဒိတ်ဒိတ်ကြဲ ဖြစ်နေတဲ့ အချိန်ပေါ့။

အဲဒီ (၇) ဝါမြောက် ရောက်တဲ့အခါမှာ ရာဇဂြိုဟ်မြို့က သေဌေးတဦးက ဂင်္ဂါမြစ်ထဲကိုဆင်းပြီး ရေချိုးရင်း စန္ဒကူးတုံး တခု မျောပါလာတာကို ရလိုက်တယ်၊ ဒါနဲ့ သူက အကြံရပြီး ပစ္စည်းကလဲရှိတာနဲ့ ပန်းပုပွတ်လုံးထိုးသမားဘွေဆီကို သွားပြီး တော့ သပိတ်လုပ်ခိုင်းတယ်၊ အဲဒီလို ခိုင်းပြီးတော့ " ကိုင်း.... လောကကြီးထဲမှာ ဟိုကဘုရား ဒီကဘုရားနဲ့ ဘုရားတွေကပေါလိုက် တာ၊ ဟိုကလဲရဟန္တာ ဒီကလဲ ရဟန္တာနဲ့, ရဟန္တာတွေကလဲ ပေါလိုက်ကြတာ၊ ကိုင်း– ငါတော့ စမ်းလေဦးမှဘဲ "လို့ ဆိုပြီး သေဌေးကလဲ သူအကြံရတဲ့အတိုင်း စန္ဒကူးသပိတ်ကြီးကို ဆွမ်းဟင်း အပြည့်အစုံနဲ့, သကၤန်း-ပရိက္ခရာ အပြည့်အစုံဘင်ပြီး သူ့အိမ် ရှေ့မှာ အမြင့်အတောင် (၆၀) လောက်ရှိအောင် စိုက်ထူထားတဲ့ တိုင်ကြီးမှာ ကြိုးနဲ့ချိတ်ပြီး သူက ကြေငြာလိုက်တယ်၊ "လောကမှာ ဘုရား ရဟန္တာလို့ ဆိုတဲ ပုဂ္ဂိုလ်တွေ အများကြီးရှိကြပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေသည် ဘုရား ရဟန္တာ ဟုတ်ရိုးမှန်ခဲ့ရင် ဟောဒီသပိတ်ကို ကောင်းကင်ကနေပြီး ယူနိုင်ပါစေသား"လို့ ကြေငြာလိုက်တယ်။

"အဲဒီလို ယူနိုင်တဲ့ပုဂ္ဂိုလ်ကိုသာ ကျွန်ုပ် လှူဒါန်းမယ်၊ ကိုးကွယ်နိုင်မယ်၊ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့မယ်"လို့ ဆိုပြီး သပိတ်ကို အတောင် (၆၀)လောက် ရှိတဲ့ တိုင်မှာ ချိတ်ပြီး မြို့ထဲကို ကြေငြာချက် ထုတ်လိုက်တယ်၊ သေဌေးကလဲ အတော့်ကိုခက်တဲ့ သေဌေးဘဲ၊ လှူချင်တာကို အသာတကြည် မလှူလိုက်ဘူး၊ စမ်းပြီးတော့မှ လှူနိုင်မယ်တဲ့၊ အဲဒီလို ရဟန္တာ ဟုတ်လို့ ရှိရင် ယူနိုင်လိမ့်မယ်လို့ ကြေငြာလိုက်တော့ တိတ္ထိဆရာကြီးတွေ ခက်ကုန်ကြတော့တာပေါ့၊ ယခုနွယ်များ ဒီ အမရပူရမြို့ထဲက ဒကာ တယောက်ယောက် အဲဒီ ရာဇဂြိုဟ်သေဌေး အားကျပြီး ဝါးလုံးကြီးတလုံး ထောင်ပြီး အဲဒီ သပိတ်မျိုး ချိတ်ပြီး ကြေငြာလိုက်ရင် ဘယ်လို လုပ်ပါ့မတုန်း ဦးမြသန်း၊ ( လှေခါးထောင် တက်မှာပါဘုရား )၊ (ရီသံများ)၊ ဟင်း— ဝါးလုံးကြီးက အမြင့်ကြီးဘဲဟာ၊ ဘယ်လှေခါးမှီမှာတုန်း၊ ပြီးတော့ သူက ကောင်းကင်ကလာပြီး ယူနိုင်မှလို့လဲ ကြေငြာထားတာဘဲဟာ။

ဒကာ ဦးမြသန်းက တယ်ပြီးတော့ အကြံနဲ့တယ်ကိုး၊ ဘုန်းကြီး အကြံလောက်မှ မကောင်းဘူး၊ ည လူခြေတိတ်တဲ့အချိန်မှာ ဘတ်ခွ ( လောက်လေး )နဲ့ ပြစ်ချရရင် မကောင်းဘူးလား၊ (ကောင်းပါဘုရား)၊ (ရီသံများ)၊ ဒိထက်ကောင်းတာ ရှိသေးတယ်၊ အတောင် (၆၀) မကလို့ (၆၀၀) ဖြစ်ပါစေ၊ မြင့်ချင်သလောက် မြင့်ပါစေ လွယ်လွယ်ကလေး ယူလို့ရတဲ့နည်း ရှိတယ်၊ အဲဒါ ဦးမြသန်း သိရဲ့လား၊ (မသိပါဘုရား)၊ ဟယ်လီကော်ပတာ လေယာဉ်တစင်း ငှါးပြီး သွားဖြုတ်မှာပေါ့ ဦးမြသန်းရဲ၊ (ရီသံများ)၊ ရှေးတုန်းက

ဟယ်လီကော်ပတာ မရှိရှာကြလို့ ရှင်သာရိပုတြာ ရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးတွေ ဟယ်လီကော်ပတာ စီးဘူး သတဲ့လား၊ (မစီးဘူးပါဘုရား)၊ ဖော်ကာရော (မစီးဘူးပါဘုရား)၊ ဂျက်ကော (မစီးဘူးပါဘုရား)၊ သနားစရာဘဲနော်။

## မင်းတုန်းမင်းကြီးနဲ့ ဖွာလူဒါ

ဒါနဲ့စပ်လို့ ပုံတခုပြောရအုံးမယ်၊ ဟော်တယ် ( ဟိုတယ် ) တခုထဲ ဖွာလူဒါ သောက်နေကြရင်းနဲ့ သမိုင်း လေ့လာတဲ့ ကျောင်းသားလေး တွေက ပြောသတဲ့၊ မင်းတုန်းမင်းကြီးကွာ မန္တလေးမြို့ကြီး တည်သွား၊ ပဋ္ဌမ သင်္ဂါယနာတွေ တင်သွား၊ ကျောက်ထက်အက္ခရာတွေ ထွင်းသွားပြီး ကုသိုလ်တော် ဘုရားကြီး တွေ တည်ထား ကိုးကွယ်သွားတာတော့ ကောင်းပါရဲ့တဲ့၊ ဒါပေမဲ့ ဖွာလူဒါလေး တခွက်လောက်မှ သောက်မသွားလိုက်ရတာတော့ သနားပါတယ်တဲ့၊ အဲဒါလို ပြောရမယ်ဆိုရင် အရှင် သာရိပုတြာ အစရှိတဲ့ ကိုယ်တော်ကြီးများ ဂျက်ကလေးမှ စီးမသွားရရှာဘူးလို့ ပြောရမလို ဖြစ်နေပြီးနော်။

အဲဒီလိုနဲ့ အဘောင် (၆၀)လောက် ရှိတဲ့ တိုင်ထိပ်မှာ စန္ဒကူး သပိတ်ကြီး ချိတ်ထားလိုက်ပြီး "ရဟန္တာ မှန်ခဲ့ရင် ဤ စန္ဒကူး သပိတ်ကို ယူနိုင်ပါစေသား" လို့ ကြေငြာလိုက်တော့ မယူနိုင်တဲ့ ပုဂ္ဂိုလ်တွေက အနေရ ခက်ကုန်တော့တာပေါ့။

## အရှင်မောဂ္ဂလ္လာန်နဲ့ အရှင်ပိဏ္ဍောလ

ဒီအချိန်မှာ အရှင်မောဂ္ဂလ္လာန်နဲ့ အရှင်ပိဏ္ဍောလ ဘာရဒွါဇ တို့ကလဲ ဆွမ်းခံကြွဘို့ရာ အလာ၊ ဒါနဲ့ ရဟန္တာ အရှင်မြတ်ကြီး နှစ်ပါးက "ငါ့ရှင်–ဒို့ ဒါကိုမယူလိုက်လို့ရှိရင်တော့ လောကကြီး ထဲမှာ ရဟန္တာ မရှိဘူးလို့ ထင်သွားလိမ့်မယ်၊ ဒါကိုတော့ ယူနိုင်မှ ဖြစ်မယ်" လို့ ဆိုပြီး အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက အရှင် ပိဏ္ဍောလ ဘာရဒွါဇကို ယူဘို့ တိုက်တွန်းတယ်၊ အရှင် မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်သာ ယူပါရန် ပြန်ပြီး လျှောက်လိုက်တဲ့အခါ "ဟာ.... မဟုတ်ပါဘူး၊ ငါ့ရှင်ဘဲ ဒီကိစ္စ ဖြစ်နိုင်လောက်ပါတယ်" လို့ ဆိုပြီး အရှင်ပိဏ္ဍောလဘာရ ဒွါဇကိုဘဲ ပြန်ပြီး တာဝန်ပေးအပ်လိုက်ပါတယ်။

ဒါနဲ့ အရှင်ပိဏ္ဍောလဘာရဒွါဇ မထေရ်မြတ်ကြီးကလဲ ယူတာမှ ရိုးရိုးတောင်မှ မယူလိုက်ဘူးတဲ့၊ ခြေမကြားမှာ ကျောက်ဖျာကြီး ညှပ်ပြီး ရာဇဂြိုဟ်မြို့ပေါ်မှာ တဝဲဝဲနဲ့ ပျံပြီး လူတွေ သိအောင် လုပ်ပြီးမှ ယူလိုက်တယ်၊ မြို့ပေါ်မှာ ဝဲတော့ အရိပ်ကြီး ဖြစ်သွား တာပေါ့၊ အဲဒီအခါ လူတွေက အထက်ကိုမော့ပြီး ကြည့်လိုက်တော့ ကျောက်ဖျာကြီးကို မြင်တာနဲ့ ကြောက်ပြီး "အရှင်ဘုရား.... မြဲမြဲ ညှပ်ထားတော်မူပါ ဘုရား၊ လွှတ်များ မချလိုက်ပါနဲ့ ဘုရား၊ တပည့်တော်တို့ အပေါ်ကို ကျမှာ ကြောက်ပါတယ် ဘုရား" နဲ့ အော်ကြသတဲ့။

အဲဒီလို လူတွေ သိကုန်ကြပြီလို့ ဆိုတော့မှ ကျောက်ဖျာကြီးကို သူ့နေရာသူ သွားထားပြီး စန္ဒကူးသပိတ်ကို သွားပြီး ယူတယ်၊

ရာဇဂြိုဟ်သေဋ္ဌေးနဲ့ လူတွေက ကြည်ညိုလွန်းလို့ လှူဘွယ်ဒါန်းဘွယ်တွေနဲ့ နောက်ကလိုက်လာကြတော့ မြတ်စွာဘုရား ကျောင်းတော်အနီးသို့ရောက်လာတယ်၊ ဘုရားရှင်က "အာနန္ဒာ-ဟိုကလူတွေဆူပွက်ဆူပွက်နဲ့ ဘာများ ဖြစ်ကြတာတုန်း" လို့ မေးတော်မူတော့ "ရာဇဂြိုဟ်သေဋ္ဌေးက စန္ဒကူးသပိတ်ကို ချိတ်ထားလို့ အရှင်ပိဏ္ဍောလဘာရဒွါဇက တန်ခိုးပြပြီး ယူလာပါတယ်ဘုရား။"

"အင်း....အဲဒီသပိတ်ကိုယူခဲ့၊ ပိဏ္ဍောလဘာရဒွါဇကိုလဲ ခေါ်ခဲ့၊ ငါဘုရားသာသနာက တန်ခိုးပြပြီးတော့စားရတဲ့ သာသနာမဟုတ်ဘူး အာနန္ဒာ၊ ငါ့သာသနာမှာ ပစ္စည်းလေးပါးကို တန်ခိုးနဲ့ပြပြီး စားရတဲ့ အစဥ်အလာကြီး တရပ် ဖြစ်သွားလိမ့်မယ်၊ နောင်ကို တန်ခိုးပြပြီး ပစ္စည်းလေးပါးကို ခံယူရင် အာပတ်သင့်စေ" လို့ ပညတ်တော်မူတယ်၊ အဲဒီ သပိတ်ကိုလဲ ခွဲနဲ့ခွဲပြီး မီးရှို့ပစ်စေတော်မူပါတယ်၊ အဲဒါနဲ့ တိတ္ထိတွေက အကွက်တွေ့သွားတယ်၊ "ဟာ- ဂေါတမဘုရားက သူ့သာဝကတွေကို တန်ခိုးမပြရဘူးတဲ့၊ ဟန်တာဘဲ၊ ဒို့နဲ့အတူတူဘဲ ဖြစ်သွားပြီ, ဘာထူးသေးလဲ" လို့ ဆိုပြီး "ဒို့ဘဲ တန်ခိုးပြမယ်" လို့ ကြွကြွ ကြွကြွနဲ့ပေါ့သေး၊ ဟိုနားပြော ဒီနားကြော်ငြာနဲ့ လုပ်နေကြတယ်။

## ဘုရားရှင်ကိုယ်တိုင် တန်ခိုးပြရ

ဒါနဲ့ ကောသလမင်းကြီးက မြတ်စွာဘုရားကို သွားလျှောက်တယ်၊ "မြတ်စွာဘုရား... ဒီလိုဒီလိုဘဲ၊ တိတ္ထိတွေက တန်ခိုးပြမယ်လို့

ပြောနေကြပါတယ်ဘုရား ”လို့ လျှောက်လိုက်တော့ “ ကဲ- ဒီလို ဆိုရင် ငါဘုရားလဲ တန်ခိုးပြမယ်ဲလ”တဲ့၊ အဲဒီတိတ္ထိတွေကို နှိမ်ချင် တာနဲ့ (၇)ဝါမြောက်မှာ တန်ခိုးပြာဋိဟာတေ့ ပြတော်မူရပါ တယ်၊ ဘယ်ဘက် ပခုံးက ရေတွေထွက်အောင်, ညာဘက် ပခုံးက မီးတွေထွက်အောင်, ဘယ်ဘက် မျက်လုံးက ရေတွေထွက်အောင်, ညာဘက်မျက်လုံးက မီးတွေထွက်အောင်, “ ယမကပါဋိဟာရိယ” လို့ ခေါ်တဲ့ အစုံလိုက်အစုံလိုက် တန်ခိုးအမျိုးမျိုးတွေပြပြီးတော့ တိတ္ထိတွေကို နှိမ်တော်မူရပါတယ်။ [ ယမက=အစုံလိုက်အစုံလိုက်+ ပါဋိဟာရိယ-တန်ခိုး။ ]

အဲဒီနောက်မှ တာဝတိံသာ နတ်ပြည်မှာ ဝါဆိုတော်မူပြီး အဘိဓမ္မာတရားတော်တွေ ဟောတော်မူပါတယ်၊ ဝါကျွတ်ပြီး လူ့ပြည်ကို ပြန်ရောက်တဲ့အခါ ဘုရားသာသနာတော်ကြီးမှာ ပစ္စည်း လာဘ်လာဘတွေပေါပြီး ဂုဏ်တွေက တက်ပြီးလာနေတော့ တိတ္ထိ တွေမှာ လာဘ်လာဘတွေ တနေ့တခြား ဆုတ်ယုတ်ပြီးသွားတယ်၊ ဒါ ထုံးစံဘဲ၊ တဘက်ကတိုးရင် တဘက်က ဆုတ်ယုတ်မြဲပါဘဲ၊ ဒီလိုနဲ့ လာဘ်လာဘတွေ ဆုတ်, နာမည်တွေ ပျက်, လူ အဝင် အထွက်တွေ မရှိနဲ့ လို့ဆိုတော့ ကြံမိကြံရာ ကြံကြရတယ်၊ ဂေါတမ သိပ်ပြီးတော့ တက်နေတယ်၊ တနည်းနည်းနဲ့ နာမည်ပျက်အောင် တော့ ကြံမှဘဲ၊ တနည်းနည်းနဲ့တော့ ချိုးဖျက်အုံးမှဘဲလို့ ကြံနေတဲ့ အချိန်မှာ သူတို့ တပည့်မ စိဉ္စမာဏဝိကာကလဲ အင်မတန်လှ, အင်မတန်လဲချောတဲ့ အမျိုးသမီးအရွယ် ဖြစ်နေတယ်။

## မန်ကျီးပင်က သွီးပျို

သူမက လူ့ခန္ဓာကိုယ်ထဲက ဖွားတာ မဟုတ်ဘူး၊ မန်ကျီးပင် ခွကြားထဲမှာ သန္ဓေတည်ပြီး သံသေဒဇဖြင့် မွေးဖွားလာတဲ့ အမျိုး သွီးပါ၊ ပဒုမ္မာကြာပန်းထဲမှာ သန္ဓေဘည်ပြီးဖွားရတော့ ပဒုမဒေဝီ မိဖုရားဖြစ်တာလို၊ ဝါးပင်မှာ သန္ဓေတည်ပြီး မွေးဖွားလာတာ ကြတော့ ဝေဠုဝတီမိဖုရားလို့ ခေါ်သလို၊ သူကလဲ မန်ကျီးပင် ခွကြားထဲမှာ သန္ဓေတည်ပြီး မွေးဖွားခဲ့ရလို့ "စိဉ္စမာဏဝိကာ"လို့ ခေါ်တယ်၊ စိဉ္စ - မန်ကျီးပင်မှာ၊ မာဏဝိကာ — ဖြစ်သော သွီးပျို၊ အင်မတန်ကို ရုပ်ရည်ကချောတယ်၊ သူ့မှာ တိတ္ထိတွေရဲ့ တပည့်မ သွားပြီးဖြစ်ရရှာပါတယ်၊ တိတ္ထိတွေကို ကိုးကွယ်နေရတယ်၊ ဘုရား သာသနာတော်ကို မကိုးကွယ်မိရှာဘူး။

သူ့ဆရာကြီးတွေဆီကိုသွားတော့ ပြောတယ်၊"တပည့်မရေ— ဒို့တော့ဖြင့် ဒုက္ခရောက်နေပြီ, မင်းမကယ်နိုင်တော့ဘူးလား"၊ "အရှင်ဘုရားတို့မှာ ဘာများ ဖြစ်နေလို့တုန်း"၊ "ဒီလိုလေ— ရဟန်းဂေါတမက သိပ်ပြီးတော့ တက်နေတယ်၊ ဒို့ကို ကူညီတဲ့ အနေနဲ့ ရဟန်းဂေါတမကို နာမည်ပျက်အောင် ကြံစမ်းပါအုံး၊" "ဒီလိုဆို ဒီကိစ္စအတွက်နဲ့တော့ မပူပါနဲ့၊ အရှင်ဘုရားတို့ စိတ် ချမ်းသာ ကိုယ်ချမ်းသာ သီတင်းသုံး နေတော်မူကြပါ၊ တပည့် တော်မ အရှင်ဘုရားတို့ဘက်က ကူညီလုပ်ဆောင် ကြံစည်ပါ့မယ်" လို့ တာဝန်ယူလိုက်တယ်ပေါ့လေ။

## လူတွေ သံသယဖြစ်အောင် ဥာဏ်ဆင်

မြတ်စွာဘုရားရဲ့ ကျောင်းတိုက်ထဲမှာ နေ့ နာရီပြန် နှစ်ချက် အချိန်ပိုင်းလောက်မှာ နေ့စဉ်လိုလို တရားပွဲ ရှိပါတယ်၊ (၃)နာရီ (၄)နာရီလောက် တရားနာပရိသတ်ကြီးက တရားနာပြီး ပြန်ကြပြီလို့ဆိုရင် စိဥ္စမာဏဝိကာက ဖြီးလိမ်းဝတ်ဆင်ပြီး တယောက်ထဲ ဇေတဝန်ကျောင်းဘက်ကို ထွက်လာခဲ့တယ်၊ တရားနာမှ ပြန်လာကြတဲ့ ပရိသတ်တွေက "ဟင်း– ဒီကောင်မလေး ဒီအချိန်ရောက်မှ တယောက်ထဲ ဘယ်ကိုသွားမလို့လဲ"နဲ့ မေးကြတော့ "ဘယ်သွားသွား၊ ကျမသွားတဲ့နေရာကို ရှင်တို့သိလို့ ဘာအကျိုးရှိမှာတုန်း၊ ဘာဖြစ်လို့ မေးနေရတာတုန်း၊ မေးနေစရာ မလိုပါဘူး၊ ကျုပ်ဇေတဝန်ကျောင်းဘက်ကို ခဏသွားမလို့ပေါ့၊ ဘာပြုလို့ စစ်လားမေးလား လုပ်နေကြရတာတုန်း" နဲ့ပေါ့လေ၊ သူကလဲ ရုပ်ကချောချောဆိုတော့ မာန်ကလေးနဲ့ခံပြီး ပြောလိုက်တယ်၊ သိပ်ပြီးတော့လဲ မမေးရဲကြဘူး၊ မိုးကြီးချုပ်မှ ဇေတဝန်ကျောင်းဘက်ကို သွားမလို့တဲ့၊ ဘာများ လုပ်မလို့ပါလိမ့်နဲ့ ဟိုတွေးဒီတွေး တွေးကြတယ်၊ သူက လူတွေကို သံသယဖြစ်အောင် လုပ်နေတာ၊ ညမှာကြတော့ ဇေတဝန်ကျောင်းအနီး တိတ္ထိတွေရဲ့ ကျောင်းတကျောင်းမှာ ဝင်အိပ်တယ်၊ နောက် မနက်စောစော ဇေတဝန်ကျောင်း ရှိရာသို့ ဘုရားရှင်ရဲ့တရား နာလိုကြတာက တကြောင်း၊ ဘုရားရှင်ကို ဆွမ်းကပ်ချင်တာလဲ တကြောင်းမို့ လူတွေက လာကြတယ်။

ဇေတဝန်ကျောင်းဆိုတာ သာဝတ္ထိမြို့ရဲ့ အနောက်တောင်ဘက် ခတ်လှမ်းလှမ်းမှာရှိတယ်၊ မနက်လင်းရင် ဇေတဝန်ကျောင်းဘက်က

သူက ပြန်လာတယ်၊ မြို့နဲ့ ကျောင်းနဲ့ကလဲ ငါးဖါလုံလောက် ဝေးတယ်၊ အဲဒီလို စိတ္တမာဏဝိကာဘက ပြန်လာပြီဆိုရင် လူတွေက တွေ့တဲ့သူတိုင်း မေးကြတယ်ပေါ့၊ “ကလေးမက စောစောစီးစီး ဘယ်က လာတာတုန်း၊ ဘယ်က ပြန်လာတာတုန်း”နဲ့ “မေးစရာ လိုသလား၊ လာတဲ့ဘက်ကို ကြည့်ပေါ့ ” လို့ သူက ခနဲ့တဲ့တဲ့ ပြောတယ်၊ အဲဒီလိုနဲ့ ညနေ ပြန်တဲ့သူတွေ မနက်စောစော လာတဲ့ သူတွေနဲ့ တွေ့အောင် တမင်လုပ်နေတယ်။

ညအချိန်မှာတော့ သင့်တော်ရာ တိတ္ထိကျောင်း ဝင်အိပ်တယ်၊ တလ နှစ်လ သုံးလလောက် ကြာတော့ “သွားလှပါလား၊ ဘယ်ကို သွားနေတာတုန်း”လို့ မေးရင် တချို့ကိုပြောတယ်၊ တချို့ကိုတော့ မပြောဘူး၊ “ဒီမှာလေ ရှင်ကြီး ဂေါတမနဲ့ ကျုပ်နဲ့လေ ညတိုင်း ဂန္ဓကုဋီထဲမှာ ဟဲဟဲဟဲ” ဒီလို မထိတထိလုပ်တော့ လူတွေက ယုံထင် ကြောင်ထင် ဖြစ်ကုန်ကြပြီ၊ ဒီလို လူတွေ အထင်မှားအောင် သုံးလ လေးလလောက် လုပ်ပြီးတော့ အသွား အလာ နဲနဲဖြတ်လိုက်တယ်၊ ပျောက်သွားတယ်ပေါ့လေ။

## ပရိသတ်စုံရာမှာ စွပ်စွဲပြီ

ခြောက်လ ခုနစ်လလောက် ကြာတော့ သူ့ကိုယ်သူ ဝမ်းဗိုက် ပေါ်က သစ်ခေါက်တွေကို ကြိုးနဲ့စည်းပြီး အဝတ်တွေနဲ့ ထပ်ပြီး တော့ ပတ်၊ ကိုယ်ဝန် အရင့်အမာ ဖြစ်လာပြီပေါ့လေ၊ တခါ သူ့ ကိုယ်သူ နွားမေးရိုးကလေး မျာနဲ့ ခြေဖမိုးတွေ ခြေသလုံးတွေ

လက်ဖမိုးတွေ မျက်နှာတွေကို ဆတ်ဆတ်ဆတ်ဆတ်နဲ့ ရိုက်ထားပြီး ကိုယ်ဝန်ရှိလို့ အသားအရေတွေ ရောင်နေတယ်ပေါ့လေ၊ အဲဒီလိုနဲ့ သစ္စာခန်လုပ် သရုပ်နဲ့တူ ဆိုဟာလိုပေါ့၊ ဒီလိုလုပ်ပြီး တနေ့သော အခါမှာ ဘုရားရှင်က ပရိသတ်ကြီးကို တရားဟောနေတဲ့ အချိန်၊ စောစောက အတုလုပ်ထားတဲ့ ကိုယ်ဝန်ကြီးနဲ့ အပေါ်ကလဲ ကိုယ်ဝန်ဆောင် ဝတ်တဲ့ အဝတ်များ ဝတ်ဆင်ပြီး ပရိသတ်ထဲ ရဲရဲကြီး ဝင်လာပြီး ဘုရားရှင်အနား ရောက်တော့ သူက ဘာပြော လိုက်တုန်းဆိုတော့....

"မဟာသမဏ မဟာဇနဿ ဓမ္မံ ဒေသေတိ= ရဟန်းကြီး၊ မင်း သေဌေး ကုန်သည်စတဲ့ ပရိသတ်ကြီးနဲ့ တရားဟောနေတာ တော် ပါပေရဲ့၊ ကောင်းပါပေရဲ့၊ မခုရောဟိ တေ သဒ္ဒေါ-အရှင်ဘုရားရဲ့ အသံတော်ကလဲ သာယာပါပေတယ်၊ စွဲလောက်ပါပေတယ်၊ ကြားရတဲ့သူ မသွားနိုင်လောက်အောင် ဆွဲဆောင်ခတ်လဲ ရှိပါ ပေတယ်၊ ဒန္တာဝရဏံ သုဖုသိတံ=အရှင်ဘုရားရဲ့ အာစလျှာစကလဲ ပီပြင်ပါပေရဲ့၊ ကြည်လဲ ကြည်ပါပေရဲ့၊ ဟောလိုက်တဲ့ တရား ကောင်းသလောက် ပရိသတ်ကြီးကလဲ အရှင်ဘုရားကို ကြည်ညို ပါရဲ့။

တပည့်တော်မ မှာတော့ အရှင်ဘုရားနဲ့ ဖြစ်ပေါ်လာခဲ့တဲ့ ကိုယ်ဝန်ကြောင့် နေ့စဉ်နှင့် အမျှ မျက်ရည် သုတ်ပြီး ကုန်ခဲ့ရတဲ့ အချိန်တွေ အခန်းအောင်းပြီးတော့နေရတဲ့ ဒုက္ခတွေကို သည်းခံနိုင် တော့လို့ တပည့်တော်မ ယခု လာခဲ့ရပါတယ်၊ အရှင်ဘုရားဟာ

တကယ်တော့ တပည့်တော်မအတွက် သိဘိုင့်ကွက်ဘို့ တစေ့တစောင်း ကြည့်ပြီး စောင့်ရှောက်ဘို့ ကောင်းပါသေးတယ်၊ အခုတော့ ကြည့်ပါအုံး တပည့်တော်မကို "အဘိရမိတုံ ယေဝ ဇာနာသိ—ပျော် ပါးဘို့လောက်သာ သိပြီး၊ ဂဗ္ဘပရိဟာရံ န ဇာနာသိ – ကိုယ်ဝန် စောင့်ရှောက်ဘို့ကြတော့ နားမလည်ပါလား"တဲ့ စွပ်စွဲပြီနော်။

## နတ်သုဒ္ဓါ ထမင်းပွဲ, မစင် ခဲနဲ့ ထုသလို

နတ်သုဒ္ဓါထမင်းပွဲ , မစင် ခဲနဲ့ ထုသလိုပေါ့နော်၊ ဘုရားရှင်က တရားဟောနေတယ်၊ ပရိသတ်ကြီးကလဲ စိတ်ဝင်စားစွာ တရားနာ နေတဲ့အချိန်မှာ ရက်ရက်စက်စက် ဝင်ပြောလိုက်တာနော်၊ ပရိသတ် ကြီးကလဲ အမျိုးမျိုး လူပေါင်းစုံ ဆိုတော့ သံသယတွေ ဝင်ကုန် တော့တာပေါ့၊ မဆုံးဖြတ်နိုင်ကြဘဲ ဖြစ်ကုန်တာပေါ့။

ပရိသတ်တွေမှာ တချို့လဲ ဟိုတွေး ဒီတွေး ဖြစ်ကုန်တာပေါ့၊ အင်း.... ညနေ ညနေ သွားပြီး မနက်ကြမှ ပြန်လာနေတာကိုတော့ တွေ့တွေ့နေရဘယ်၊ မဟုတ်နိုင်ဘူး ထင်ပါရဲ့လေ၊ မသိနိုင်ဘူးလေ၊ ဘုရားကလဲ ယခုမှ အသက်လေးဆယ်ကျော် ဆိုတော့ ဟုတ်ချင်လဲ ဟုတ်နိုင်တာပေါ့၊ ထင်တဲ့သူက ထင်၊ တချို့ကလဲ မဟုတ်နိုင်ပါဘူး လို့ တထစ်ချ ဆုံးဖြတ်ကြတယ်၊ ပုထုဇဉ်တွေ အနေနဲ့ကြတော့ သို့လော သို့လော တွေးတောကြ၊ အရိယာ ပုဂ္ဂိုလ်တွေကတော့ မဟုတ်နိုင်ကြောင်း ဆုံးဖြတ်နိုင်ကြတယ်ပေါ့၊ စိဉ္စမာဏကလဲ ရဲရဲ တင်းတင်းနဲ့ ရက်ရက် စက်စက် စွပ်စွဲနေပြီ၊ " အရှင်ဘုရား....

တော်တော်ကို ရက်စက်နိုင် လွန်းတယ်၊ တကယ်လို့ ဆိုရင် အရှင်ဘုရားကိုယ်တိုင် တပည့်တော်မရဲ့ ကိုယ်ဝန်ကို မပြုစု မစောင့်ရှောက်နိုင်ရင် ထားလိုက်ပါအုံး။

တုမှာကံ ပန ဥပဋ္ဌာကာနံ ကောလသ မဟာရာဇာနံ ဝါ
အနာထ ပိဏ္ဍိကံ ဝါ ဝိသာခံ ဝါ ဉာမိဿာ ကတ္တဗ္ဗယုတ္တကံ
ဇာနာဟိတိ ဝတ္တုံ ယုတ္တံ။

ဒီမှာ ရှင်ကြီး ဂေါတမ— အရှင်ဘုရားရဲ့ အလုပ်အကျွေးတွေထဲက တယောက်ယောက် ကိုတော့ ညွှန်းဘို့ ကောင်းပါတယ်၊ ကောသလမင်းကြီးကို ညွှန်လိုက်လဲ ဖြစ်နိုင်တာဘဲ၊ အရှင်ဘုရားရဲ့ ကျောင်းဒကာကြီး အနာထပိဏ်ကို ညွှန်လိုက်လဲ ဖြစ်တာဘဲ၊ ကျောင်းအမကြီး ဒေါ်ဝိသာခါကို ဒီကလေးမ အတွက် ကြည့်ပြီး စောင့်ရှောက် လိုက်ပါလို့ မှာထားလိုက်လဲ ဖြစ်တာဘဲ၊ အဲဒီလို ဆိုတော့ တော်သေးတာပေါ့၊ အရှင်ဘုရားက ရက်စက်ခဲ့ပြီး မျက်နှာလွှဲ ခဲ့ပြစ် အတော်ကို လုပ်လွန်းပါတယ်”၊ ပရိသတ်ထဲကို ဒီလို ဝင်ပြီး စွပ်စွဲလိုက်တယ်၊ ဒီတော့မှ မြတ်စွာဘုရားက...

ဘဂိနိ တယာ ကထိတဿ ဝစနဿ တထဘာဝံ ဝါ
အတထဘာဝံ ဝါ တွံ စေဝ အဟံ စ ဇာနာမ။

ဘဂိနိ- အို နှမ၊ တယာ ကထိတဿ ဝစနဿ-သင် ပရိသတ်ထဲ ဝင်ပြီး ကြမ်းကြမ်း တမ်းတမ်း စွပ်စွဲ ပြောဆိုနေသော စကား၏၊

တထဘာဝံဝါ- ဟုတ်မှန်သည်၏ အဖြစ်ကိုရင်း၊ အတထဘာဝံဝါ– မဟုတ်မှန်သည်၏အဖြစ်ကိုရင်း၊ ဝါ-မှန်သည်ကိုရင်း, မမှန်သည်ကို ရင်း၊ တွံ့ ဧဝ အဟံစ–သင်နဲ့ငါ ၂ ဦးတည်းသာလျှင်၊ ဇာနာမ- သိနိုင်ကြကုန်၏။

အို နှမ၊ ယခု သင်ပြောနေတဲ့စကားတွေ ဟုတ်တယ်, မဟုတ်ဘူးလို့ ဆိုဘာ သင်နဲ့ငါ နှစ်ယောက်ထဲဘဲ သိဘယ်၊ သင်နဲ့ ငါက လွဲလို့ ဒီအကြောင်းအရာကို ဘယ်သူမှ မသိနိုင်ကြဘူး၊ မြတ်စွာဘုရားက ဟောလက်စတရားကို ဖြတ်ပြီးတော့ မေတ္တာနဲ့ မိန့်ဟော်မူနေပါတယ်၊ ဒီလို မိန့်တော်မူနေသော်လဲ သူ့ကို စိဉ္စမာဏလို့ မြတ်စွာဘုရားက မမြင်ပါဘူး၊ သြော်.... ငါ့အပေါ်မှာ ခုတ်ဆိုး ခုတ်ညစ်တွေရဲ့ ( လောဘ, ဒေါသ, မာန စတဲ့ တရားတွေရဲ့ ) အလိုလိုက်ပြီး ပြောဆိုပြစ်မှားမိနေရှာပြီလို့ ခုတ်ကိုမြင်ပါတယ်။

ဒီအပြစ်ဒဏ်တွေကိုဘော့ဖြင့် ခံရတော့မှာဘဲလို့ဆိုတဲ့ သနားတဲ့ မေတ္တာနဲ့မြင်ပြီး မိန့်တော်မူနေတာပါ၊ "အို နှမ၊ ဒီစကား ဟုတ် မဟုတ် ဒို့နှစ်ဦးသာ သိသည်၊ သင် ပြောဆို စွပ်စွဲမှုကြောင့် ပရိသတ်ကြီး ဇဝေဇဝါ ဖြစ်ကုန်ကြပြီ"။

## ဝိပါက်တော် လည်ပြီ

မြတ်စွာဘုရားက ကြားဖြတ်ပြီး စဉ်းစားတော်မူ လိုက်တယ်၊ "ဘယ်သူ့ခပြု၊ မိမိမှု"ဆိုတဲ့ အတိုင်း ငါဘုရားမှာ ဟို ရှေးအတိတ်

ကာလဆီတုန်းက ရှင်ပစ္စေကဗုဒ္ဓါတပါးကို ရက်ရက်စက်စက် ဝစီကံနဲ့ ပြစ်မှားမှုပြစ်ဒဏ် ဝိပါက်တော်တော့ ယခု ပေါ်ပြီ၊ အလောင်းတော်ဘဝတုန်းက လွန်ကျူးခဲ့မိတဲ့ ဝိပါက်တော်တော့ လည်ပြီလို့ ဆိုပြီး သည်းခံတော်မူနေပါတယ်၊ ဒီလို စွပ်စွဲခံရတာဟာ ဝိပါက်တော် လည်လာတာဘဲ။

စိဉ္စမာဏ, မိန်းမစေကျွန်၊
ကိုယ်ဝန်ရှိသော, ဆိုပြော အလွန်၊
လက်သည်ထားလို့, ဘုရားကိုညွှန်၊
စွပ်စွဲခဲ့, အဘယ့် ဝိပါက်ဝန်။

မြတ်စွာဘုရားကို စိဉ္စမာဏက လက်သည်ကြီးလုပ်ပြီး စွပ်စွဲနေတာဟာ အဘယ်ဝိပါက်ကြောင့်လဲလို့ ဆိုရင် ဘုရားအလောင်းတော် ပါရမီဖြည့်စဉ် အခါကာလတုန်းက “မုနာလိ” ဆိုတဲ့ သေသောက်ကြူးတယောက် ဖြစ်ခဲ့ဘူးတယ်၊ ဒီတုန်းက သောက်စား ပျော်ပါးပြီး, မော်ကြွား နေသူလဲ ဖြစ်၊ ရတနာသုံးပါးကိုလဲ ကျောခိုင်း၊ ကုသိုလ်ရေးတွေကိုလဲ မယုံကြည်၊ ကောင်းတာဆိုလို့ စိတ်ထဲကို ရောက်မလာဘူးတဲ့၊ အပေါင်းမှားပြီး လူပေ လူတေ မျိုးထဲမှာ ဖြစ်ခဲ့ဘူးတယ်။

အဲဒီလို မူးရူးပြီး အပေါ်အပေါင်းတွေနဲ့ မနက်စောစော ထန်းတောကနေပြီး မြို့ထဲကိုပြန်လာခဲ့တဲ့ အချိန်မှာ, အရှင်ပစ္စေကဗုဒ္ဓါတပါးကလဲ မြို့ပေါက်နားမှာ ဆွမ်းခံဝင်ဘို့ သင်္ကန်းရုံနေ

တယ်၊ အဲဒီ အခိုက်မှာဘဲ မိန်းမတယောက်က ချုံကြားတခုထဲက အခင်းကြီးပြုပြီးလို့ ထွက်လာပြီး မြို့ထဲကို ဝင်သွားပါရော။

အဲဒါကိုကြည့်ပြီး အလောင်းတော် အမူးသမားကြီးက သူ့ သူငယ်ချင်းတွေဘက်ကို လှည့်ပြီး "ဟော့– ဟိုမှာ မိန်းမတယောက် ချုံကြားက ထွက်လာတယ်၊ ဒီရဟန်းကလဲ ဒီအနားမှာ မယောင် မလည်နဲ့ တွေ့တယ်ကွ၊ ဒါ အရှင်းကြီးဘဲ၊ ဟား....ဟား...ဟား"၊ အဲဒီလို ပြက်ရယ် ပြောင်လှောင်ရင်း စွပ်စွဲတယ်၊ ဒါတင် မကာ သေးဘူး။

အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွတဲ့အချိန်မှာလဲ နောက်ကလိုက်ပြီး "အံမာ ဒုဿီလကြီး၊ အလကား သီလကြောင်ကြီး၊ ကိုယ့်လက် ကိုယ့်ခြေ သန်သန်မာမာရှိရဲ့နဲ့ လုပ်ကိုင်မစားဘူး၊ ဒီကောင် ကြီးကို ဘာမျှပေးမနေကြနဲ့ဟ၊ လုပ်စားရမှာကြောက်လို့ သူများ အိမ်ပေါက် ခွက်မဲကြီးပိုက်ပြီး လှည့်တောင်းစားနေတာ၊ ဒီကနေ သူပြန်သွားလို့ ကျောင်းကိုရောက်တယ်ဆိုရင်၊ ဒီကပေးလိုက်တဲ့ သူများဟာတွေကိုစားပြီး ဟိုမိန်းမတယောက်နဲ့ အိပ်နေမှာ သေချာ တယ်၊ မပေးလိုက်ကြနဲ့၊ ဘာတရားမှလဲရှိတဲ့ အကောင်ကြီး မဟုတ် ဘူး" ရယ်လို့ ပရိသတ်ထဲမှာ အရှင်ပစ္စေကဗုဒ္ဓါကို စွပ်စွဲခဲ့ဘူးတဲ့ ဝဋ်ကြွေးတော်။

အရှင် ပစ္စေကဗုဒ္ဓါအား ငါ အလောင်းတော် ဘဝတုန်းက စွပ်စွဲခဲ့ဘူးတဲ့ "ဝစီကံ ဝဋ်ကြွေးဘဲ"လို့ ဘုရားရှင်က ပြန်ပြောင်း ဆင်ခြင်တော်မူပြီး သည်းခံတော်ရတယ်။

မုနာလိဟု၊ မည်ရှိလောင်းတော်၊
သောက်စား မောက်ကြွား၊ မိုက်မှားရှင်ပျော်၊
ရှင်ပစ္စေက၊ ဗုဒ္ဓမြင်သော်၊
ဒုဿီဘဲ့၊ စွပ်စွဲ ဝဋ်ကြွေးပေါ်။

"ဝဋ်ကြွေး"လို့ ဆိုတာ ဘုရားသော်မှလဲ ချမ်းသာမပေးဘူး၊ " ဝဋ်မှာ အမြဲ၊ ငရဲမှာ အပ " ဆိုတာလိုပေါ့၊ ငရဲကျလောက်တဲ့ အကုသိုလ်တွေ ပြုလုပ်ထားပေမဲ့ ကုသိုလ်တွေကို များများ ပြုလုပ်လိုက်ရင် ပျောက်သွားနိုင်သေးတယ်၊ သူ့ဘပါးတွေကို ခြေဖြတ်လက်ဖြတ်၊ ဂုဏ်အသရေပျက်အောင်လုပ် ၊ သူ့ဘပါး ကိုယ်ဆင်းရဲစိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့တဲ့ကံတွေကျတော့ ပြန်ပြီးတော့ဝဋ်လည်တတ်တယ်၊ ဝဋ်ကြွေးကြတော့ ဘုရားတောင်မှ ချမ်းသာမပေးဘူး၊ အရှင်ပစ္စေကဗုဒ္ဓါကို ဒုဿီလကြီးဘဲလို့ စွပ်စွဲခဲ့မိတဲ့ ဝစီကံ၊ ယခု ခံရပြီလေ၊ ကိုယ်ပြုတဲ့ကံ၊ ကိုယ့်ထံ ပြန်လာတာပါဘဲ။

## ကိုယ်ပြုသည့်ကံ၊ ကိုယ့်ထံပြန်

ကိုယ့်ကာယကံ၊ ကိုယ့်ထံပြန်၊ ပဲ့တင်သံမလွဲ၊ တထပ်ထဲ။
ကိုယ့်ဝစီကံ၊ ကိုယ့်ထံပြန်၊ ပဲ့တင်သံမလွဲ၊ တထပ်ထဲ။
ကိုယ့်မနောကံ၊ ကိုယ့်ထံပြန်၊ ပဲ့တင်သံမလွဲ၊ တထပ်ထဲ။

ကာယကံနဲ့ သူတပါးကို မကောင်းပြုမိပြီလို့ဆိုရင် ကိုယ့်ထံကို အဲဒီ ကာယကံတွေက ပြန်လာတယ်၊ ဘာနဲ့ တူတုန်းလို့ ဆိုတော့ ပဲ့တင်သံလိုဘဲတဲ့၊ တော တောင် ကမ်းပါးကြီးတွေ အနားမှာ ကိုယ်က "ဟေး"လို့ အော်လိုက်ရင် ဟိုကလဲ "ဟေး"လို့ဘဲ ပြန်ပြီး အော်တယ်၊ ကိုယ်က " အကောင်း " ခေါ်လို့ ရှိရင် သူကလဲ "အကောင်း"ဘဲ ပြန်ပြီးတော့ ခေါ်တယ်၊ ကိုယ်က "မကောင်း" ခေါ်လိုက်ရင် သူကလဲ"မကောင်း"ဘဲ ပြန်ပြီး ခေါ်တယ်။

ဆိုပါတော့ ကိုယ်က တောင်နံရံတို့ လှိုင်ခေါင်းကြီးတို့ တခုနား သွားပြီး " ဟေး, သူတော်ကောင်းကြီး " လို့ အော်လိုက်ရင် ဟို ကလဲ "ဟေး, သူတော်ကောင်းကြီး"လို့ဘဲ ပြန်ပြီး အော်ပါတယ်၊ "ဟေး, သူယုတ်မာကြီး"လို့ အော်လိုက်ပြန်ရင်လဲ ဟိုကလဲ "ဟေး သူယုတ်မာကြီး"လို့ ပြန်အော်တယ်၊ ဒါကြောင့် ကိုယ်က သူများကို သူယုတ်မာကြီးလို့ ခေါ်ခဲ့ရင် သူကလဲ ကိုယ့်ကို သူယုတ်မာကြီး လို့ဘဲ ပြန်ခေါ်မယ်၊ ကိုယ်က အကောင်းတွေ လုပ်နေရင် ကိုယ့်မှာ အကောင်းတွေချည့် ပုံလာတယ်၊ သူ့ကို ကိုယ်က အကောင်းပြော အကောင်းကြံလိုက်ရင် ကိုယ့်ကိုလဲ အကောင်း ပြန်ပြီး အပြောခံရ အကြံခံရမယ်။

ဒါ့ကြောင့် မကောင်းတဲ့ ကာယကံ ဝစီကံ မနောကံနဲ့ များ ဘယ်တော့မှ မပြုလုပ် မပြောဆို မကြံစီမိကြစေနဲ့၊ အထူးသဖြင့် ကျေးဇူးရှိတဲ့ မိဘ ဆရာသမားတွေ အပေါ်မှာ ကာယကံ ဝစီကံ မနောကံမှားနဲ့ ပြစ်မှားမိလိုက်ရင် နောင်ဘဝ အထိကို မဆိုင်း

တော့ဘူး၊ ယခုဘဝမှာပင် ဆိုးကျိုး ပြန်လာတယ်၊ ငယ်စဉ်တုန်းက သားဆိုး သမီးဆိုးအဖြစ်နဲ့ ဆိုးတေခဲ့ရင် ကိုယ့်သား သမီးကြတော့လဲ သားဆိုးသမီးဆိုးတွေနဲ့ တွေ့တတ်တယ်၊ မိဘကို ခြေဆောင့်, ဖနောင့်ဆောင့်, ဒုန်း ဒိုင်း, ဂျောင်း ဒိုင်းနဲ့ လုပ်ခဲ့မိရင် ကိုယ့်သား သမီးလေးတွေကြတော့လဲ ဒုန်း ဒိုင်း ပြန်အလုပ်ခံရတတ်တယ်၊ မယုံရင်လဲ လက်တွေ့ စမ်းကြည့်ကြပေါ့၊ သိပ် မကြာခင်မှာပင် တွေ့ရပါလိမ့်မယ်၊ မိဘကို ဆိုဆဲ ပြန်အော် စိတ်မချမ်းသာ နားမချမ်းသာအောင် လုပ်ခဲ့မိရင် အဲဒီအကျိုးအတိုင်း ပြန်လာမယ်၊ ဒါ ဒီဘဝမှာ ဖြစ်မှာကို ပြောနေတာ၊ ဒါ့ကြောင့် ဒီကံ သုံးပါးနဲ့ တော့ဖြင့် ဘယ်သူ့ကိုမှ ငါ မပြစ်မှားမိအောင် စောင့်ထိန်းမယ်လို့ အဓိဋ္ဌာန်ထားလိုက်ကြပါ၊ ပြုမိရင်လဲ ပြန်ပြီး ခံရမယ်လို့ ဆိုတာ သတိပြုကြပါ။

## နဲနဲကလေးကိုပင် သတိထားတဲ့ ဆရာတော်

ဝင်္ဂနဲ့ ပတ်သက်ပြီး ပညာရှိ သူတော်ကောင်းများ သတိထားပုံ, အနည်းငယ်ကလေးဘဲလို့ အမှတ်တမဲ့ မလုပ်ပုံ ဘုန်းကြီး လက်တွေ့လေး တခုကို ပြောပြအုံးမယ်၊ ဘုန်းကြီးတို့ ဂန္ဓာရုံ ဆရာတော်ဘုရားကြီးနဲ့ ဘုန်းကြီးနဲ့ဟာ နံနက် ဩဝါဒ ပြီးချိန်မှာ နေ့စဉ်ကျောင်းတိုက်ထဲ လှည့်လေ့ ရှိတယ်၊ ဘုန်းကြီးက ဆရာတော်ခိုင်းစရာ လုပ်စရာရှိရင် လုပ်ရအောင်လို့ လိုက်သွားရတယ်၊ တနေ့တော့ အဲဒီလိုသွားနေစဉ် ဆွမ်းစားကျောင်းကြီးရဲ့ မြောက်ဘက်နားရောက်တော့ တခြားက ခွေးသစ်ကလေး (ကျောင်းထဲ အမြဲနေတဲ့ ခွေးမဟုတ်တဲ့ ခွေးကလေး)တကောင် ရောက်နေတာကို ကျောင်းက

ခွေးကြီး၊ ခွေးကလေး တအုပ်ကြီးက သူတို့နယ်ထဲကို ဝင်လာရမလား လို့ ဆိုပြီး ဝိုင်းကိုက်ကြမလို့ ပြေးလာကြတယ်၊ ညှော်သည့် ခွေးသစ်ကလေးက မပြေးဘဲ အမြီးကလေး ကုတ်ပြီး "မင်းတို့ ငါ့တော့ အရမ်းဝင်ပြီး မကိုက်လိုက်ကြနဲ့၊ ငါလဲ ငါ တတ်နိုင်သမျှ ပြန်ခံမယ်" ဆိုတဲ့ အနေနဲ့ ခပ်ကုတ်ကုတ် ရပ်နေတယ်။

အဲဒါ ဘုန်းကြီးနဲ့ ဆရာတော်ကြီးတို့ ကြည့်နေတုန်း ထုံးစံ အတိုင်းပေါ့၊ ခွေးချင်းကိုက်ရင် ကိုယ့်ခွေးက နိုင်မှ ကြိုက်တာ ဆိုတော့ ဘုန်းကြီးက လက်ခုပ်တီးပြီး ရှူးရှူးရှူးနဲ့ လုပ်လိုက်မိ တယ်၊ ဒီတော့ ဆရာတော်ဘုရားကြီးက "ဟေ့ ဟေ့ မလုပ်နဲ့၊ မလုပ်နဲ့၊ မလုပ်ရဘူး၊ မင်း ဝဋ်ပါတတ်တယ်" တဲ့၊ "သံသရာမှာ သွားနေရတဲ့သူတွေ ဆိုတာ တနေရာရာမှာ ကိုယ်က တယောက်ထဲ၊ မုန်းနေတဲ့ သူတွေက နှစ်ယောက် သုံးယောက် ဝိုင်းပြီး လုပ်မယ်လို့ ကြံနေတဲ့အချိန်မှာ ဘေးကလူတွေက မလုပ် လုပ်အောင် တိုက်တွန်းမှု ခံရတတ်တယ်"တဲ့၊ ဒီတော့မှ ဘုန်းကြီးက သတိရပြီး ဟုတ်သားဘဲ လို့ ဆိုပြီး သံဝေဂ ဖြစ်မိတယ်။

ဘုရား ရင့်မာကြီး ဖြစ်နေပါလျက် ဟိုတုန်းက အရှင် ပစ္စေက ဗုဒ္ဓါ တပါးကို စွပ်စွဲခဲ့တဲ့ ဝဋ်ကြွေး လာပေါ်နေပြီ၊ ဒါ့ကြောင့် ဝိပါက်လို့ဆိုတာ ဘုရားတောင်မှ မလွတ်နိုင်ဘူး၊ ကဲ....လိုက်ဆိုကြ စမ်းပါ။

ဝိပါက်ရောက်ရေး, ကြောက်သွေးတုန်ဘွယ်၊
ဘုရားသော်လဲ, ရှောင်လွှဲ မလွယ်၊
တွေ့ကြုံမြဲမို့, တဝဲသယ်လယ်၊
မလွတ်သေး, ဝဋ်ကြွေး ခက်လှတယ်။

## လူမုန်းတာထက် ကံမုန်းတာကို ကြောက်ကြ

မကောင်း ပြုလုပ်မိထားပြီလို့ ဆိုမှတော့ ဘုရားရှင် သော်မှ ချမ်းသာ မပေးဘူး၊ ဒါကြောင့် "လူမုန်းမှာထက် ကံမုန်းမှာကို ကြောက်ကြပါ" တဲ့၊ လူမုန်းလို့ ရိုက်နှက်လိုက်တာက ဒီ ဘဝ မှာဘဲ ခံရမှာပါ၊ ကံမုန်းပြီလို့ ဆိုမှဖြင့် ဘုရားဖြစ်သည့်အထိ ချမ်းသာ မပေးဘူး၊ ခံရတယ်၊ ယခု ကြည့်ပါ၊ ပရိသတ်ထဲမှာ အထိ လာပြီး စွပ်စွဲတယ်၊ ပရိသတ်ကို ဘယ်သူမှ ဝင်ပြီး ဖြေရှင်း မပေး နိုင်ဘူး၊ စိဉ္စမာဏ ပြောနေတာ ဟုတ်များ ဟုတ်လေရော့သလား၊ မဟုတ်လေသလား၊ သံသယ ဖြစ်နေကြတယ်၊ တိုးတိုး တိုးတိုးနဲ့၊ အင်း... စောစောကတော့ သွားလာ ဝင်ထွက်နေတာ တွေ့နေရ တာဘဲ၊ ဟုတ်ချင် ဟုတ်နေမှာလို့ ပြောတဲ့သူက ပြောကုန်ကြပြီ။

ကြင်နာထောက်ထား, သနား မြော်ခေါ်၊
ကုသိုလ်ပွားမှု, အားပြုကြနော်၊
နှိပ်စက် ညှဉ်းပန်း, သရမ်းပျက်ချော်၊
ရှောင်ကြဉ်ရေး, ဝဋ်ကြွေး စင်ဘို့မျှော်။

အဲဒီ ဝဋ်ကြွေးတွေ မရှိအောင်ဆိုရင် ကာယကံ ဝစီကံ မနော ကံနဲ့ ပြုလုပ်မဲ့ အလုပ်တွေကို အသေးစားလေးတွေက စပြီးအမှား ရှောင်လိုက်ကြပါ၊ သတိမထားလိုက်ကြဘူးလို့ဆိုရင် အဲဒီ အသေး စားလေးတွေက စပြီးတော့ ပါတတ်ပါတယ်၊ တခါတခါ မိမိက ဟုတ်တာတွေ လုပ်၊ မှန်တာတွေ ပြော၊ ကောင်းတာတွေ ကြံနေ

ပါလျက် ဘေးကနေပြီး စွပ်စွဲနေတတ်ကြသေးတယ်၊ အဲဒီလို စွပ်စွဲလာပြီလို့ဆိုရင် ငါပြုဘူးတဲ့ကံတွေက ပြန်လာပြီလို့ ဆိုပြီး ဘုရားရှင်ကို သတိရပြီး သည်းခံရပါတယ်။

ဒီလိုနဲ့ ဘုရားရှင်က “ စိဉ္စမာဏ၊ သင်နဲ့ ငါ့ ဒီကိစ္စ ဟုတ် မဟုတ်ဆိုတာ ဒို့နှစ်ဦးသားကလွဲလို့ ဘယ်သူမှ မသိနိုင်ပါ ”လို့ ပြောလိုက်တော့ သူက ပိုပြီးတော့တောင် ကဲလာလိုက်သေးတယ်၊ “ အံမာ ကိုယ်တော်နဲ့ တပည့်တော်ဘဲ သိမှာပေါ့၊ ဒီကိစ္စက ကိုယ်တော်နဲ့ တပည့်တော် နှစ်ယောက်ထဲရဲ့ ကိစ္စဘဲ ’လို့ ဆိုပြီး သရုပ်ပါပါ ပိုပြီးတော့တောင်မှ တဆင့် ရဲလာလိုက်သေးတယ်၊ တချို့ ပရိသတ်တွေကလဲ ဝမ်းနည်းပက်လက် ဖြစ်နေကြရှာတယ်။

အဲဒီအချိန်မှာ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဟာ ပူပြင်းသော အခြင်းအရာကို ပြလို့ , ဘာပါလိမ့်မလဲလို့ ကြည့်လိုက်တော့ ဪ… မြတ်စွာဘုရားကို စိဉ္စမာဏက စွပ်စွဲနေတာပါလားလို့ သိလိုက်တယ်၊ ဒီတော့မှ သိကြားမင်းဟာ နတ်သားတွေနဲ့လာပြီး ကြွက်ယောင်ဆောင်ကာ စိဉ္စမာဏဗိုက်မှာ ချိတုပ်ထားတဲ့ ကြိုးတွေကို ကိုက်ဖြတ်စေလိုက်တယ်၊ သစ်ခေါက်ကြီးက ခြေဖမိုးပေါ် ပြုတ်ကျ, ကြိုးတွေလဲ လျှောကျလာတော့မှ ပရိသတ်ကြီးက တအံ့တသြ ဖြစ်ကြရတယ်။

“ သက်သက် မြတ်စွာဘုရားကို ငေါ်ပြီးတော့ အရှက်ခွဲတဲ့ အကောင်မပါလား”လို့ ဆိုပြီး ထုကြ ထောင်းကြ, ဆဲကြ ဆိုကြ

လုပ်ကြလို့ စိဥ္စမာဏလဲ ထွက်ပြေးလိုက်တာ မြတ်စွာဘုရားရဲ့ "ဒဿနူပစာရ"လို့ ခေါ်တဲ့ မြင်လောက်ရာအရပ်မှ ကွယ်လျှင် ကွယ်ချင်းပင် မဟာပထဝီမြေကြီးက မပြောသော်လဲ ပြောဘိသကဲ့သို့ "ငါလေ-မြင့်မိုရ်တောင်ကြီးနဲ့ တိုက်တာအိမ်ခြေ၊ သစ်ပင်အသီးသီးတွေ ထမ်းထားရတာ မလေးပါဘူး၊ သင်လို သဗ္ဗညုတရွှေညာဏ်သခင် ဘုရားရှင်ကို စွပ်စွဲခဲ့တဲ့ မိန်းမယုတ် တယောက်ကိုတော့ဖြင့် ငါထမ်းလို့ မထားနိုင်ဘူးဟေ့"လို့ ဆိုပြီး မဟာပထဝီမြေကြီးသည် စိဥ္စမာဏဝိကာ ရောက်တဲ့နေရာက နှစ်ခြမ်းကွဲပြီး အဝီစိငရဲအထိ ပို့လိုက်လေသည်၊ အဲဒါ စိဥ္စမ ဏ မိန်းမယုတ်ကို အောင်မြင်တော် မူပုံပါဘဲ၊ ကဲ ကဲ.... တရားအဆုံးသတ်မှာ အဲဒီအောင်တော်မူပုံလင်္ကာနဲ့ အဆုံးသတ်ရအောင် အားလုံး လက်အုပ်ချီပြီး လိုက်ဆိုကြ။

"မိန်းမညစ်ဆိုး၊ ဖျက်ချိုးအောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း၊ အောင်ပန်းသခင်၊
လက်စုံမိုး၍၊ ရှိခိုးဦးတင်၊
အောင်စေကြောင်း၊ ဆုတောင်း ပဏာဆင်။

(၃ ခေါက် ချ၊ ဆို။)

သာဓု....သာဓု....သာဓု....။

စိဥ္စမာဏကို အောင်မြင်တော်မူပုံ
ပြီး၏။

# (၆) သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူပုံ

[ အမရပူရမြို့ သတ္တဋ္ဌာနဘုရားပွဲတော်၌ ဟောတော်မူသည်။ ]

ဒီကနေ့ည ဆဋ္ဌမမြောက်ဖြစ်တဲ့ သစ္စကပရဗိုဇ် အောင်မြင်တော်မူပုံကို ဟောရပါမယ်၊ အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့က သစ္စကပရဗိုဇ်ကို ဘုရားရှင် အောင်မြင်တော်မူပုံကို အာရုံပြုပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြရအောင်။....

မာရံ ယက္ခံ ဂဇံ စောရံ,
စိဉ္စမာဏဉ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနော ဇိနိ,
ဟောတု မေ ဇယမင်္ဂလံ။

ဇိနော – အောင်သူတကာတို့၏ အထွဋ်၊ တမွတ် ဥသျှောင်, ဘုန်းခေါင် ဘုန်းဖျား, ငါတို့ မြတ်စွာဘုရားသည်၊ မာရဉ္စ – ဂိရိမေခလာ, ဆင်မဟာကို, လျင်စွာတက်စီး, ပလ္လင်နီးဝယ်, လေကြီးမိုးကြီး, ပြာပူမီးနှင့်, မှောင်ကြီးတတန်, ဓားလှံမကြွင်း, ပစ်ခတ်ခွင်းလျက်, အချင်း သိဒ္ဓတ်, ပလ္လင်မြတ်မှ, အမြန်ထလော့, စိန်းမြည်းလွင်, ဗောဓိပင်နှင့်, ပလ္လင်တော်ကား, ထင်အရှားပင်, သင်ကားမဆိုင်, ငါသာပိုင်ဟု, စွဲကိုင်လက်နက်, ရဲစစ်မက်ဖြင့်, အောက်ထက်ဝန်းရံ, သောသောညံအောင်, အသံဟာစ်ကြွေး, မယဉ်ကျေးသည့်, ရန်ဘေးတသင်း, မာရ်နတ်မင်းကိုရင်း။

ယက္ခဥ္စ– ဓားမိုး လှံမိုးသည်း, မိုးကြီးမိုးသည်းကို, ရွာဖြိုးသွန်းချ, ယမ်းမီးကျသို့, ကောဓပြင်းထန်, ငါ့ ဗိမာန်မှ, အမြန်ထွက်သွား, နှင်ရက်အားသည့်, တရားကင်းကွာ, ကြမ်းကြုတ်စွာသား, အာဠဝက, တေဇထန်ပြင်း, ဘီလူးမင်းကိုရင်း။

ဂဇဥ္စ-အစွယ်ထက်ချွန်, အရက်မွန်လျက်, အလွန်ဆိုးညစ်, အမုန်ရစ်၍, ရှင်ချစ်သေဌ်နှင်း, သုံးလူ့မင်းကို, အတင်းအကြပ်, ဝိညာဏ်ပြတ်အောင်, ထိုးသတ်အံ့ငှါ, ရှေးရှုလာသည့်, နာဠာဂိရိ, တောင်ရှိနီးနီး, ဆင်ပြောင်ကြီးကိုရင်း။

စောရဥ္စ–ခရီးဝေးကွာ, ယူဇနာကို, လျင်စွာ ပြေးစွမ်း, တောမြိုင်တန်းက, လူဖမ်း လက်ဖြတ်, သေအောင် သတ်၍, နန်းရပ်ကာ ကျော်, မွေးမယ်တော်ကို, မြင်သော် စိုက်စိုက်, ဓားဖြင့် လိုက်၍, မကိုဋ္ဌထွဋ္ဌတင်, ဘုရားရှင်ကို, အသင် ရှောင်ဝေး, ဘယ့်ကြောင့် ပြေးဟု, ဓားရေးပြုကာ, သတ်မည့် လာသား, လွန်စွာ ဆိုးဘိ, အင်္ဂုလိခေါ်, သူခိုးကျော်ကိုရင်း။

စိဥ္စမာဏာဥ္စ– အလွန် ကောက်ကျစ်, တိတ္ထိညစ်တို့, အပြစ်ရှာကြံ, မကောင်း ဉာဏ်ဖြင့်, စိမံ ဆိုးဖြတ်, စေလွှတ် လတ်၍, ပရိသတ်ထဲ, အရှက်ကွဲအောင်, စွပ်စွဲတတ်စွာ, စိဥ္စမာ ဟု, သညာ ဖေါ်ထုတ်, မိန်းမယုတ်ကိုရင်း။

သစ္စကံ– မဇင်မဖြူ, မိစ္ဆာယူဖြင့်, မည်သူ့ကိုမျှ, မာန် မချဘဲ, ဝါဒချင်းပြိုင်, သူက ပိုင်အောင်, အနိုင် လွှမ်းမိုး, အယူဆိုးသည့်, တိတ္ထိမျိုးမိုက်, သစ္စကပရိဗိုဇ်ကိုရင်း။

နာဂဋ္ဌ—ဒေါသလွှမ်းမိုး, မျက်စောင်းထိုးက, အရိုးကျေမှ, ဖွဲ့ပြာကျသို့, တေဇထန်ပြင်း, နန္ဒောပနန္ဒ နဂါးမင်းကိုရှင်း။

ဗကဋ္ဌ—ဉာဏ်မြင် ကင်းကွာ, နိစ္စသာ ဟု, မိစ္ဆာ လွှမ်းမိုး, အယူဆိုးသည့်, တန်ခိုး အရောင်, ထိန်ပြောင် ညီးညီး, ဗကဗြဟ္မာကြီး ကိုရှင်း။

အဇိနိ—ဒိဋ္ဌိကိုချ, ဒေါသကို ပယ်, မာန်စွယ်ကို ချိုး, သဒ္ဓါဖြိုး လျက်, ရှိခိုးတုပ်ကွ ပြားပြားကျအောင်, ဆုံးမသွန်သင်, အောင်ပွဲ တော် ယင်ခဲ့လေပြီ၊ တေန သစ္စဝဇ္ဇေန - အောင်ခြင်း ရှစ်ချက်, ဂုဏ်တော်နက်ကို, နှုတ်မြွက် ဖေါ်ကြွား, ဤ သစ္စာစကားကြောင့်၊ မေ- မအောင်သေးခင်, အောင်ကြွေး တင်ရှိ, အောင်မြင်ရန်မြှော်, တပည့်တော်၏၊ (ဝေါ တုမှာကံ- မအောင်သေးခင်, အောင်ကြွေး တင်ရှိ, အောင်မြင်ရန်မြှော်တောင်း, သင် တရားနာ ပရိသတ် အပေါင်း, သူတော်ကောင်းတို့၏၊) ဇယမင်္ဂလံ- အောင်ရန်အတိတ်, အောင်နိမိတ်နှင့်, အောင်ဘိသိက်သွင်း, အောင်ဟိတ် ကျင်းလျက်, အောင်ခြင်း စဉ်ကာ, မင်္ဂလာသည်၊ ဟောတု—တက်သစ် နေဝန်း, ထွန်းသစ် လစန်း, ပွင့်သစ် ပန်းသို့, ဆန်း၊ အဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန် မသွေ, ဖြစ်ပေါ်ပါစေ သတည်း။

သာဓု.... သာဓု.... သာဓု။

ဘုရားရှင် ဝဇ္ဇီတိုင်း ဝေသာလီမြို့ကြီးရဲ့ အနီး, မဟာဝုန်တော ကြီးထဲမှာ စုလစ်မွတ်ချွန် အထွတ်တင်ပြီး ဆောက်လုပ်ထားတဲ့ ကျောင်းတော်ကြီးမှာ ယာပိုထ် လေးလီ, မျှညီ မေ့လျော်, စံနေ

တော်မူတဲ့ အချိန်၊ ဝေသာလီမြို့ဆိုတာက ဂဏအုပ်ချုပ်ရေးစနစ်နဲ့ စုပေါင်းပြီး (ဒီမိုကရေစီ)ဆန်ဆန် လိစ္ဆဝီမင်းသားတွေ အုပ်ချုပ်ပြီးတော့ နေကြတယ်၊ အဲဒီခေတ်က ဒီမိုကရေစီလို့ ဆိုတာ ဝေသာလီမြို့ကြီး မှာဘဲ ရှိပါတယ်၊ တခြား နိုင်ငံတွေကတော့ ပဒေသရာဇ် အုပ်ချုပ်ရေးတွေ များပါတယ်၊ အဲဒီ ဝေသာလီပြည်ကြီးမှာ လိစ္ဆဝီမင်းသားတွေ အုပ်ချုပ်ပြီးတော့ နေတဲ့ အချိန်ပေါ့၊ အဲဒီ ဝေသာလီမြို့တော်ကြီးရဲ့ အနီးမှာရှိတဲ့ " ကူဋာဂါရ " လို့ ခေါ်တဲ့ အထွဋ်တပ်တဲ့ ကျောင်းတော်ကြီးမှာ ဘုရားရှင်က သီတင်း သုံးနေတော်မူပါတယ်။

## ပါမောက္ခကြီး သစ္စကနဲ့ ကြုံးဝါးသံ

အဲဒီ ဝေသာလီမြို့ထဲမှာလဲ လိစ္ဆဝီမင်းသား ငါးရာတို့ကို အတတ်ပညာ သင်ပေးနေတဲ့ တက္ကသိုလ်ဆရာကြီး ဂဏပါမောက္ခကြီး သစ္စကပရိဗိုဇ်လို့ ဆိုတာလဲ ရှိတယ်၊ လိစ္ဆဝီမင်းသား ငါးရာလောက်ကို အတတ်ပညာ သင်ပေးရလောက်အောင် ပညာကလဲ တတ်ထားတော့ ဝါဒတွေကလဲ ပေါင်းစုံ နားလည်ထားတယ်၊ လောကီပညာ အင်္ဂဝိဇ္ဇာ လက္ခဏာပညာ အတတ်တွေပါ တတ်ထားတယ်၊

လူအတော်များများကလဲ သူ့ကို တွေ့လိုက်ရင် ဆရာကြီး, ဆရာကြီးနဲ့ ခေါ်ကြတယ်၊ လေးစားကြတယ်၊ ရိုသေကြတယ်၊ အရိုအသေကိုလဲ ခံရတယ်၊ ပွဲနေပွဲထိုင် အခမ်းအနားရောက်ပြီလို့ဆိုရင်လဲ သူ့ကို အမွန်အမြတ် ဆက်ဆံကြရတယ်၊ သို့သော် သူက ဗုဒ္ဓဘာသာ

တော့ မဟုတ်ပါဘူး၊ မဟုတ်တဲ့အပြင် ပရိသတ် စည်စည်နဲ့ အစည်းအဝေး တခုလောက် ရှိပြီလို့ ဆိုရင် သူက ဘာပြောတတ်တုန်း ဆိုတော့........

နာဟံ တံ ပဿာမိ သမဏံဝါ ဗြာဟ္မဏံဝါ သံဃိံဝါ
ဂဏိံဝါ ဂဏာစရိယံဝါ အပိ အရဟန္တံ သမ္မာသမ္ဗုဒ္ဓံ
ပဋိဇာနမာနံ၊ ယော မယာ ဝါဒေန ဝါဒံ သမာရဒ္ဓေါ
တော န သင်္ကမ္ပေယျ န သမ္ပဝေဓေယျ န သမ္ပကမ္ပေယျ။

ပရိသတ်စည်စည် ရှိပြီလို့ဆိုရင် အဲဒီလို ကြိမ်းဝါးလေ့ရှိတယ်၊ သူက ဘာကိုဆိုလိုတာတုန်းလို့ဆိုရင်... ယော-အကြင်ပုဂ္ဂိုလ်သည်၊ မယာ-ငါက၊ ဝါဒေန — ဝါဒတခုဖြင့်၊ ဝါဒံ — သူတို့ရဲ့ဝါဒကို၊ သမာရဒ္ဓေါ—ပြိုင်ဆိုင် ပြောဆို တွေ့ဆုံအပ်သည်ရှိသော်၊ န သင်္ကမ္ပေယျ — မလှုပ်ရှားဘဲ နေနိုင်ရာ၏၊ န သမ္ပဝေဓေယျ— မယိမ်းဘဲ နေနိုင်ရာ၏၊ န သမ္ပကမ္ပေယျ - မယိုင်ဘဲ နေနိုင်ရာ၏၊ တံ ပုဂ္ဂလံ— ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို၊ သံဃိံဝါ - နောက်လိုက် ပုဂ္ဂိုလ်တွေ များစွာရှိတဲ့ ပုဂ္ဂိုလ်မျိုး၊ ဂဏိံဝါ — နောက်ပါ ဂိုဏ်းကြီးရှိပြီး သကာလ ထိုဂိုဏ်းကြီးကို ဦးစီး အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်မျိုး၊ ဂဏာစရိယံဝါ-ဂိုဏ်းကို အုပ်ချုပ်ပြီး ဂိုဏ်းရဲ့ ဆရာကြီးရယ်လို့ အခေါ်ခံပြီး အတတ်ပညာ အမျိုးမျိုးကို သင်ပေးနေတဲ့ ပုဂ္ဂိုလ်မျိုး၊ အပိ အရဟန္တံ — လောကကြီးထဲမှာ ရဟန္တာလို့ အခေါ်ခံနေတဲ့ ပုဂ္ဂိုလ်မျိုး၊ အပိ သမ္မာသမ္ဗုဒ္ဓံ ပဋိဇာနမာနံ – ကိုယ့်ကိုယ်ကို လောကကြီးထဲမှာ ဘုရားလို့ ဝန်ခံနေတဲ့ ပုဂ္ဂိုလ်မျိုး၊ တံ ပုဂ္ဂလံ - ထိုကဲ့သို့သော

ပုဂ္ဂိုလ်မျိုးကို၊ အဟံ- ငါသည်၊ န ပဿာမိ- ယနေ့အထိ မတွေ့ရ မမြင်ရသေးပါ။

ဒီလောကကြီးထဲမှာလေ... ငါနဲ့ ယှဉ်ပြိုင်ပြီး ပြောမဲ့ ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂဏပါမောက္ခဂိုဏ်းရဲ့ ဆရာကြီးတွေနှင့်တကွ ကိုယ့်ကိုယ်ကို ဘုရား ရဟန္တာ ရဟန်းပညာရှိ ပုဏ္ဏားပညာရှိအများသည်ပင် လျှင် ငါကသာ ဝါဒနဲ့ ပြောဆို ယှဉ်ပြိုင်လိုက်ရရင် တုန်လှုပ်မသွားတဲ့သူ၊ ယိမ်းယိုင်မသွားတဲ့သူ၊ ထိုးလဲမသွားတဲ့သူ ဟူ၍ ငါ တစ်ယောက်မျှ မတွေ့ဘူးသေးပေ၊ နောက်ဆုံး ကုန်ကုန်ပြောမယ် လေ၊ ကိုယ့်ကိုယ်ကို အရဟံ သမ္မာသမ္ဗုဒ္ဓ ( ဘုရား ရဟန္တာပါလို့ ) ဝန်ခံထားတဲ့ ပုဂ္ဂိုလ်ကြီးတွေသော်မှ ငါက မေးလိုက်ရင် ဝါဒ စစ်ပွဲ ဆင်နွှဲလိုက်ရင် ငါ့ကို ရှုံးမသွားတဲ့၊ ကြောက်မသွားတဲ့၊ တိမ်းမသွားတဲ့သူ တစ်ယောက်မျှ မတွေ့ဘူးသေးဘူးတဲ့။

## သစ်ငုတ်တောင် ခေါင်းငြိမ့်ရ

ဘဝင်ကလဲမြင့်လိုက်တာ၊ ကြွားနေတာ၊ တယောက်ထဲကြုံးဝါး နေတာ၊ နောက်ဆုံး သူက ဘယ်လောက်အထိ ပြောဆို ကြုံးဝါး လာသလဲလို့ဆိုရင်....

ခါဏုမ္ပိ စေ အစေတနံ အဟံ ဝါဒေန သမာဒပေယျံ။

အဟံ-ငါသည်၊ အစေတနံ- စိတ် စေတနာမရှိသော၊ ခါဏုမ္ပိ- သစ်ငုတ်ကို သော်မှလည်း၊ ဝါဒေန - ဝါဒဖြင့်၊ သမာဒပေယျံ-

ပြောဆိုမေးမြန်း အပြစ်တင်လိုက်ကြွားအံ့၊ သာပိ–ထို့စိတ်စေတနာ မရှိတဲ့ သစ်ငုတ်ကြီးသော်မှလည်း၊ သက်မွေယျ–လှုပ်ရှားသွားရာ၏၊ သမ္ဘကမွေယျ–ခေါင်းညိတ်လာရာ၏၊ သမ္ဘဝေဓေယျ–ယိုင်ထိုးသွားရာ၏။

စိတ်စေတနာရှိတဲ့ ရဟန်းသမဏ, ဗြာဟ္မဏ ဂိုဏ်းဆရာကြီး အမျိုးမျိုးတွေကို မပြောနဲ့, စိတ်စေတနာ မရှိတဲ့ သစ်ငုတ်ကြီးက ပင်လျှင် ငါ ပြောချလိုက်ရင် ခေါင်းညိမ့်လာရတယ်၊ ငါ့ဝါဒနဲ့ တွန်းလှန်လိုက်ရင် ယိုင်လဲသွားမယ်။

## သစ္စကရဲ့ မိဘမျိုးရိုး

ဘဝင်မြင့်မယ်ဆိုလဲ မြင့်လောက်ဘာပေါ့၊ သူ့အမေက ဝါဒငါးရာ တတ်ကျွမ်းတဲ့ အမေ၊ သူ့အဖေကလဲ ဝါဒငါးရာတတ်ကျွမ်းတဲ့ အဖေ၊ ဒီ အဖေ-အမေတွေက မွေးဖွားတဲ့ သစ္စကဆိုတော့ ဘယ်သူ့ကိုမှ မမှုလောက်ဘူးလို့ ထင်နေတယ်၊ အမေ-အဖေက တိတ္ထိပရဗိုဇ်တွေ ဖြစ်ကြတယ်။

သစ္စကရဲ့ အမေ-အဖေများဟာ အပျို လူပျို ဘဝတုန်းကပင် ဝါဒငါးရာစီ တတ်ကျွမ်းကြတယ်၊ အဲဒီလို တတ်ကျွမ်းတာဆိုတော့, ဟိုမြို့ ဒီနယ်ကို လှည့်လည်ပြီး ဝါဒပြိုင်လေ့ရှိကြတယ်၊ ဒီလိုလှည့်လည်ပြီး ပြိုင်လာကြရင်းက ဝေသာလီမြို့ကို ရောက်လာကြတာပေါ့၊ ( ရှေးတုန်းကတော့ ဇမ္ဗူဒီပမှာ ဒီလို ဝါဒပြိုင်ပွဲတွေ

ရှိကြတယ်၊ ဗမာပြည်မှာသာ မရှိတာ၊) တခါတခါ ဝါဒတွေကလဲ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ကတ်သီးကထ်သတ် ဝါဒတွေကလဲ ရှိသေးတယ်၊ အားလုံးက ကျီးကို မဲတယ်လို့ သိထားကြတယ်၊ အဲ–သူတို့က ကျီးဆိုတာ ဖြူတယ်, မမဲဘူးတဲ့၊ မဲနေတာ မြင်ရဲ့နဲ့ ဘာပြုလို့ဖြူတယ်လို့ ပြောရသလဲလို့ဆိုရင် "အို–အမွေးကို နှုတ်ကြည့်၊ အသားကိုခွါကြည့်၊ အရိုးတွေကိုကြည်တဲ့၊ ဖြူတာ တွေ့ရမယ်"တဲ့၊ ဒီလိုဘဲ သူများက မဲရင်, သူတို့က ဖြူတာဘဲ။

ဒါဖြင့် ဗျိုင်းဖြူသလား မဲသလား, (ဖြူပါတယ် ဘုရား၊) အဲ-သူတို့က ဗျိုင်းမဲတယ်၊ မဲတာကိုသိချင်ရင် အမွေးကိုနှုတ်ကြည့်တဲ့၊ အသားက မဲလို့တဲ့၊ တလောကလုံးက ဗျိုင်းကို ဖြူနေတာကို သူတို့က မဲတယ်၊ ဟုတ်တယ် သူတို့ပြောမှ ကတ်ကတ်သတ်သတ် သိရတယ်၊ အဲဒီလို "ကျီးဖြူတယ်, ဗျိုင်းမဲတယ်"ဆိုပြီး သူဘပါးနဲ့ မတူတဲ့ ဝါဒတွေ၊ အဲဒီ ဝါဒပြိုင်ပွဲရှိရာကို သစ္စကရဲ့အမေလောင်းကလဲ လှည့်ပြီး ပြိုင်သလိုက်တာ, အဖေလောင်းကလဲ လှည့်ပြီး ပြိုင်လာလိုက်ကြတာ သူတို့ချင်းတွေ့တော့ ဝေသာလီမြို့မှာ လိစ္ဆဝီမင်းတွေက ဝါဒပြိုင် ကောင်းတဲ့သူ နှစ်ယောက်မို့ သူတို့ချင်း ထိမ်းမြား ပေးထားလိုက်ကြတယ်။

အဲဒီ ဝေသာလီမြို့က သူတို့နှစ်ယောက်ကို အိမ်တွေ ယာတွေ ပေးပြီး "ပဏ္ဍိတ်တွေဘဲ" လို့ ဆိုပြီး ပူဇော် ပ–သ ထားလိုက်ကြတယ်၊ ဒါနဲ့ သူတို့နှစ်ယောက်က မွေးဖွားတဲ့ အထဲမှာ " သစ္စက ပရဗိုဇ်"လို့ ဆိုတာ အငယ်ဆုံးသား ဖြစ်ပါတယ်၊ သူ့အထက် အမ

၄ ယောက် ရှိပါသေးတယ်၊ သစ္စာရယ်, လောလာရယ်, အာစာရဝတီရယ်, ပဋာစာရာတဲ့၊ အမ ၄ ယောက်ကလဲ ဒီလိုဘဲ၊ အမေ-အဖေဆီက ဝါဒငါးရာစီ, ငါးရာစီ၊ တထောင်သော ဝါဒတွေနဲ့ လှည့်လည်ပြီး လိုက်ပြိုင်နေကြတယ်၊ ဟိုမြို့ ဒီမြို့ကို လှည့်ပြိုင်နေကြတယ်ပေါ့၊ သူတို့ရဲ့ ဝါဒကို နိုင်အောင် ပြိုင်နိုင်တဲ့ လူဝတ်ကြောင်များ ဆိုလို့ရှိရင် အဲဒီအိမ်မှ ခြေရင်းအလုပ်အကျွေး မယားအဖြစ်နဲ့ နေကြမယ်တဲ့၊ အမျိုးသမီးထဲက သူတို့ကိုနိုင်အောင် ပြိုင်နိုင်ရင်လဲ အဲဒီအိမ်ကို လိုက်သွားပြီး အစေခံကျွန် အလုပ်အကျွေး ပြုကြမယ်။

သို့မဟုတ်လို့ သမဏ ဗြာဟ္မဏ, ရဟန်းပုဏ္ဏား သူတော်စင်တွေထဲက သူတို့ရဲ့ ဝါဒကို နိုင်သွားပြီလို့ ဆိုရင်, အဲဒီ ပုဂ္ဂိုလ်ထံကို ရဟန်းပြုကြမယ်၊ အဲဒါ သူတို့ရဲ့ကြွေးကြော်ချက် တခုပါဘဲ၊ ဒီလိုနဲ့ သစ္စကရဲ့ အမ ၄ ယောက်ဟာ တရွာဝင် တရွာထွက် ဝါဒပြိုင်ပွဲ ဆင်နွှဲပြီး သွားလိုက်ကြတာ, သာဝတ္ထိမြို့ကိုရောက်ကြတယ်၊ အဲဒီလို ရောက်လာကြရင် သူတို့က မြို့အဝင်မှာ သဲပုံလေးတခုပေါ်မှာ သပြေခက်ကလေးတခက်ထိုးပြီး အဲဒီလို အမှတ်အသားတခု ပြထားခဲ့ကြတယ်၊ အဲဒီ သပြေခက်က ဘာတုန်းလို့ဆိုရင် ဇမ္ဗူဒီပါလကျွာ တောင်ကျွန်းမှာ အထွဋ်အမြတ် အနေနဲ့မို့ ထိုးပြသွားကြတာတဲ့။

သူတို့က ဘယ်လိုများ ကြွေးကြော် ကြိမ်းဝါးပြီး မြို့ထဲဝင်သွားကြသလဲလို့ ဆိုရင်, ဒို့နဲ့ ဝါဒချင်းပြိုင် ရင်ဆိုင်ပြောဆိုမည့်သူဆိုရင် ဒီသပြေခက်ကို ဒီသဲပုံပေါ်မှာသော်လဲ နင်းချေပစ်ခဲ့ကြပါ၊ သို့မဟုတ် သဲပုံမှနှုတ်ယူပြီး တခြားမှာ လွှင့်ပစ်ခဲ့ပါ-တဲ့၊ အဲဒီလို ကြွေးကြော်ပြီး-

သပြေခက်ကို သပုံမှာ ထိုးထားခဲ့ကြတယ်၊ အဲဒီ သပြေခက်ကို နင်းခြေရဲတဲ့သူနဲ့ ဝါဒချင်း ပြိုင်ကြမှာဘဲ၊ အဲဒီ အမှတ်အသားကို ပြုပြီးတော့ သူတို့ဟာ မြို့ထဲကိုဝင်သွားကြတယ်၊ အရှင် သာရိပုတြာ ကိုယ်တော်မြတ်ကြီးကလဲ နံနက်စောစော မြို့ထဲ ဆွမ်းခံဘို့ကြွအလာ၊ ဒီအမှတ်အသားကို မြင်လိုက်ရတော့ အနီးမှာရှိနေတဲ့ကလေးတွေကို မေးလိုက်တယ်။

ဒီ သပြေခက်ကို ဘယ်သူ စိုက်သွားတာတုန်း၊ မှန်လှပါ့, ပရဗိုဇ်မ အမျိုးသမီး ၄ ယောက် စိုက်သွားပါတယ်ဘုရား၊ သူတို့က ဘာတွေများ မှာသွားသေးတုန်း၊ သူတို့နဲ့ ဝါဒပြိုင်ဆိုင်နိုင်တဲ့သူ ဆိုလို့ရှိရင် ဒီ သပြေခက်ကို သပုံက ချွတ်ပြီးတော့ ခြေမှုန်းပစ်ခဲ့ပါလို့ မှာထားသွားပါဘုရား၊ အေး အေး.... ဒီလိုဆိုရင် နှုတ်ပစ်လိုက်, နှုတ်ပစ်လိုက်လို့ အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးက ခိုင်းလိုက်တော့, ကလေးတွေက ကြောက်လို့ မနှုတ်ရဲကြပါဘူး၊ အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးကလဲ နှုတ်သာ နှုတ်ပစ်လိုက်ပါ၊ နှုတ်ပြီးလို့ သူတို့ပြန်လာတဲ့အခါမှာ ဝါဒချင်းပြိုင်ချင်ပါတယ် ဆိုလို့ရှိရင် ဇေတဝန်ကျောင်းတော်ကို လိုက်ခဲ့၊ ငါ့နာမည်ကလဲ သာရိပုတြာ-တဲ့လို့ မှာထားပြီး ကြွသွားတော်မူတယ်။

သစ္စကရဲ့ အမ ၄ယောက်ကလဲ မြို့ထဲမှာ သွားစရာရှိတာသွား, စားစရာရှိတာစားပြီး မြို့ထဲက ပြန်အလာ၊ သူတို့ စိုက်ထားခဲ့တဲ့ သပြေခက်ကို ချိုးဖျက်ထားတာကို မြင်လိုက်ရတော့ အနီးမှာ ရှိတဲ့ ကလေးတွေကို ဒါ ဘယ်သူချိုးဖျက်သွားတာလဲလို့ မေးလိုက်

တော့ ကလေးတွေက ဉူးသာရိပုတြာလို့ ပြောသွားတာဘဲ၊ သူနဲ့ ဝါဒချင်းပြိုင်ချင်ရင်လဲ ဇေတဝန်ကျောင်းတိုက်ကို လိုက်ခဲ့လို့ မှာသွားတယ်၊ သူဟာ ဝါဒပြိုင်လိုသတဲ့လို့ ဆိုတာနဲ့ သူတို့ ၄ယောက်လုံး ဇေတဝန်ကျောင်းသို့ လိုက်သွားကြတယ်၊ အရှင်သာရိပုတြာကိုယ်တော်မြတ်ကြီးနဲ့ တွေ့တော့ သူတို့ ၄ ယောက်ကဘဲ ရပြီးလေးဘက်လေးတန်ကနေပြီး ပြဿနာတွေ မေးကြတယ်။

အမေ့ဆီက ဝါဒငါးရာ၊ အဖေ့ဆီက ဝါဒငါးရာ ဆိုတာတွေနဲ့ မေးကြ မြန်းကြတော့ အရှင်သာရိပုတြာကလဲ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီးလို့ ဆိုတော့ သူတို့မေးတိုင်း ဖြေလိုက်ပါတယ်၊ ဘုန်းကြီးတို့လိုဆိုရင် ဘာလုပ်လို့ လုပ်ရမှန်း၊ ဘာပြောရမှန်း မသိတာနဲ့ အဲဒီနားမှာဘဲ ဒုက္ခရောက်မှာ သေချာပါတယ်၊ သူတို့အားလုံး မေးပြီးသွားတော့ အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးက သူတို့ကို ပြန်ပြီး သင်တို့မေးတာ ငါဖြေပြီးပြီ၊ ယခုတခါ ငါက မေးပြီဟေ့လို့ ဆိုပြီး....

ဧကံ နာမ ကိံ — လောက သတ္တဝါတွေရဲ့ တခုသောတရားလို့ဆိုတာ ဘာလဲ၊ ကမ္ဘာလောက သက်ရှိသတ္တဝါတွေနဲ့ ဆိုင်တဲ့ တရားတပါးက ဘာလဲတဲ့၊ သူတို့ ဝါဒဘထောင်ထဲလဲ မပါဘူး၊ ဘာပြောလို့ ဘာဖြေကြရမှန်းလဲ မသိကြတော့ဘူး၊ သတ္တဝါတိုင်းအရေး အကြီးဆုံး လက်မလွှတ်နိုင်တဲ့ တရားဘပါးက ဘာလဲတဲ့ မေးလိုက်တယ်၊ အမျိုးသမီးလေးယောက် မဖြေနိုင်ရှာကြလို့ မှိုင်နေရှာကြတယ်၊ ဒါနဲ့ အရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးက သူတို့ မဖြေနိုင်မှန်း သိတာနဲ့။....

ကော် ဓမ္မံ–သတ္တဝါတိုင်းနဲ့ မကင်းနိုင်တဲ့ တရားတမျိုးလို့ဆိုတာ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ.... သဗ္ဗေ — အလုံးစုံ ကုန်သော၊ သတ္တာ–သတ္တဝါတို့သည်၊ အာဟာရဋ္ဌိတိကာ–အာဟာရလျှင် တည်ရာ ရှိကြကုန်၏၊ အားလုံးသောသတ္တဝါတိုင်း အာဟာရကို (အကြောင်း တရားကို) မှီပြီး နေကြရတာတဲ့! အဲဒီလိုနဲ့၊ ဒွေ ဓမ္မာ ကိံ – နှစ်ခု ဆိုတာ ဘာလဲ၊ သုံးခုဆိုတာ ဘာလဲ၊ လေးခုဆိုတာ ဘာလဲနဲ့ လျှောက်ပြီး မေးလိုက်တာ သူတို့တခုမှ မဖြေနိုင်ကြပါဘူး။

အဲဒီလို မဖြေနိုင်ကြတာနဲ့ ဝါဒပြိုင်လိုက်ကြတာ ရှုံးပြီး အရှင် သာရိပုတြာ ကိုယ်တော်မြတ်ကြီးထံမှာ ဘိက္ခုနီမ ဝင်ဝတ်ကြလို့၊ တရားအားထုတ်ကြလို့ အာသဝေါကင်းကွာ ရဟန္တာမကြီးတွေ ဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံသွားကြပြီ။

သူတို့ကို ပေါ့ပေါ့ သွားပြီးတော့ မတွေးလိုက်ကြနဲ့နော်၊ နောက်ပိုင်းမှာ လက်အုပ်ချီမိုး ရှိခိုးလောက်တဲ့အထိ ရောက်လို့ သွားကြတယ်၊ ပုဂ္ဂိုလ်တိုင်း သတ္တဝါတိုင်း ရင်မဆိုင်ချင်ဘဲ ဆိုင်ကြရ၊ မတွေ့ဆုံချင်ဘဲ ဆုံကြရတဲ့ အို နာ သေဘေးကြီးတွေမှ လွတ်မြောက် သွားကြပြီ၊ ယခု သစ္စကဟာ အဲဒီ အမကြီး လေးယောက်ရဲ့ အငယ် ဆုံးဖြစ်တဲ့ မောင်ဖြစ်သူဘဲ၊ အမေ့ဆီက ဝါဒငါးရာ၊ အဖေ့ဆီက ဝါဒငါးရာ ရထားတဲ့သား၊ ဒါ့ကြောင့် သစ္စကဟာ "ငါက မေးလိုက် တိုင်း မေးလိုက်တိုင်းတဲ့ တုန်မသွား လှုပ်မသွားတဲ့သူ မရှိဘူး၊ ကိုယ့်ကိုယ်ကို ဘုရား ရဟန္တာလို့ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေသော်မှ တုန် လှုပ်သွားကြရတယ်"တဲ့၊ ဘဝင်ကလဲ မြင့်လိုက်တာနော်။

## သစ္စကနဲ့ အရှင်အဿဇိ တွေ့ကြပြီ

အဲဒီလို မိဘများထံကရတဲ့ ဝါဒတထောင်နဲ့ရော, ကိုယ်တိုင်တည်ထွင်ထားတဲ့ ဝါဒတွေနဲ့ရော ကြုံးဝါး ကြုံးဝါးပြီးတော့နေတဲ့ သစ္စက၊ နောက်ပြီး လိစ္ဆဝီမင်းသား ငါးရာတို့ကိုလဲ ပညာသင်ပေးနေတဲ့ ဆရာကြီးကလဲ ဖြစ်နေ၊ လိစ္ဆဝီရှိသတ်တွေကလဲ ဆရာကြီးဆရာကြီးနဲ့ ခေါ်နေကြတော့ ဘဝင်ကလဲ မြင့်နေ၊ ပရိသတ်စိစိရှိပြီလို့ဆိုရင် ဒီလိုဘဲ ကြုံးဝါးပြီး နေလေ့ရှိတယ်၊ တနေ့တော့ သူကလဲ မြို့ထဲ လမ်းလျှောက်ပြီးအလာ ပဉ္စဝဂ္ဂီ ငါးဦးထဲက အရှင်အဿဇိမထေရ်ကလဲ မြို့ထဲကို ဆွမ်းခံကြွလို့အလာ လမ်းမှာတွေ့လိုက်ကြတော့ "အင်း— ငါတော့ ဒီနေ့ ရဟန်းကြီးဂေါတမနဲ့ သွားပြီးဝါဒ ပြိုင်အုံးမှာဘဲလေ၊ ရဟန်းဂေါတမနဲ့ မပြိုင်ခင် သူ့ရဲ့တပည့်ရဟန်းငယ်ကို အရင် မေးကြည့်လိုက်အုံးမှဘဲ" လို့ ဆိုပြီး အရှင်အဿဇိရဲ့နောက်က လိုက်သွားပြီးတော့ မေးလိုက်တယ်။

ကထံ ပန ဘော အဿဇိ သမဏော ဂေါတမော သာဝကေ ဝိနေတိ၊… ဘော အဿဇိ - အို ရဟန်းတော် အဿဇိ၊ ကထံ ပန- အဘယ်ပုံ အဘယ်နည်းဖြင့်၊ သမဏော ဂေါတမော - ကိုယ်တော်တို့ရဲ့ ဆရာကြီး ဂေါတမသည်၊ သာဝကေ-သူ့ရဲ့ တပည့်သာဝကတို့ကို၊ ဝိနေတိ-ဆုံးမပါသနည်း။

ကထံဝါ ဗဟုလာ ပန သမဏဿ ဂေါတမဿ သာဝကေသု အနုသာသနီ၊…. သမဏဿ ဂေါတမဿ=ကိုယ်တော်တို့ရဲ့ဆရာကြီး

ဂေါတမရဲ့၊ သာဝကေသု – သူ့ရဲ့ တပည့် သာဝကတို့အပေါ်၌၊ အနုသာသနီ- သွန်သင် ဆုံးမလေ့ရှိတဲ့ အဆုံးအမက၊ ကထံဝါ ဗဟုလာ- အများအားဖြင့် အဘယ်သို့များ အဆို အဆုံးအမ ရှိပါသလဲ ကိုယ်တော်။

ကိုယ်တော်တို့ ဆရာကြီးက ဘယ်တရားကို အမာခံ ကြောရိုးလက်ကိုင်ထားပြီး သူ့တပည့်တွေကို ဆုံးမလေ့ရှိသလဲ ကိုယ်တော်လို့ စုံစမ်းတဲ့အနေနဲ့ နောက်ကလိုက်ပြီးတော့ မေးတယ်၊ ဒီတော့ အရှင်အဿဇိ ကိုယ်တော်မြတ်ကြီးက ဒကာတော် ငါကလဲ ရဟန်းပြုပြီးလို့ မကြာသေးဘူး၊ ဒါပေမဲ့ ဒို့ဆရာ အမာခံ ကြောရိုးထားပြီး ပြောရိုးရှိတဲ့ တရားကိုတော့ ငါ သိသလောက် ပြောပါ့မယ်။

ရူပံ အနိစ္စံ-ဒီ ရုပ်ခန္ဓာကြီးလဲ မမြဲဘူး၊ ဝေဒနာ အနိစ္စာ-ခံစားမှုဆိုတဲ့ ဝေဒနာကလဲ မမြဲဘူး၊ သညာ အနိစ္စာ — မှတ်သားမှုဆိုတဲ့ သညာကလဲ မမြဲဘူး၊ သင်္ခါရာ အနိစ္စာ-ကြွင်းသော စိတ် စေတသိက်တွေကလဲ မမြဲဘူး၊ ဝိညာဏံ အနိစ္စံ - စိတ်ဆိုတဲ့ ဝိညာဏ်ကလဲ မမြဲဘူး၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ-အားလုံးသော သင်္ခါရတရားတွေဟာ မမြဲကြဘူး၊ အကောင်းမရှိကြဘူး၊ အမာခံ မရှိဘူး၊ အစိုးမရဘူး၊ အနတ္တချည့်ဘဲ၊ ဘယ်ဟာမှ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်နိုင်ကြဘူး၊ သူတို့ဖြစ်ချင်သလို ဖြစ်ကြပြီး ပျက်ကြတယ်။

ဉုးပဥ္စင်းတို့ ဆရာ ဘုရားက ဒီတရားတွေကို အမာခံ ကြောရိုးထားပြီးတော့ ဟောရိုးရှိပါတယ်လို့ ပြန်ပြီးတော့ ဖြေလိုက်တယ်၊

အကျဉ်းချုပ်ကတော့ ခန္ဓာငါးပါးလုံးဟာကိုယ့်အလိုမပါ သူ့ဖြစ်ချင်သလို ဖြစ်ပြီး အစိုးမရ ကိုယ်မပိုင်ဘဲ အနှစ်သာရမရှိဘဲ အကောင်အထည်လဲ မရှိလို့ အနတ္တတို့ချည်းသာ ဖြစ်ကြတယ်။

အမာခံမရှိတဲ့ အဖြစ်ကိုလဲ အနတ္တ၊ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်တာကိုယ်လဲဘဲ အနတ္တလို့ နှစ်ချက် မှတ်ထားလိုက်ပါ၊ အဲဒီလို အရှင်အဿဇိ ကိုယ်တော်မြတ်က ဖြေလိုက်တော့ သူက ဘာပြောတုန်းလို့ဆိုတော့။

## ဘုရားရှင်ကို သစ္စကက ချွတ်ဘို့ကြံ

ဒုဿုတံ ဝတ ဘော အဿုမှ, ယေ မယံ သမဏံ ဂေါတမံ အဿုမှ၊ ကိုယ်တော်, ကိုယ်တော့်ဆရာကြီး ရဟန်းဂေါတမက ခန္ဓာငါးပါး ရုပ်နာမ်တရားတွေလို့ ဆိုတာ မမြဲဘူး၊ အနတ္တ-အမာခံ မရှိဘူး၊ အတ္တ-အကောင်အထည် မရှိဘူး၊ ကိုယ့်အလို မပါဘူး၊ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်ဘူးလို့ဆိုတဲ့ ကိုယ်တော့်ဆရာ ရှင်ကြီး ဂေါတမရဲ့ အယူအစွဲကို ကြားလိုက်ရတာဖြင့် တပည့်တော် ဒီနေ့ မင်္ဂလာမရှိလိုက်တာ ကိုယ်တော်။

**အပ္ပေဝနာမ မယံ တေန သမဏေန ဂေါတမေန သမာဂစ္ဆေယျာမ။**

ကိုယ်တော်တို့ဆရာကြီး ဂေါတမနဲ့ တပည့်တော်နဲ့ တနေ့နေ့တော့ တွေ့ကောင်း တွေ့ပါလိမ့်အုံးမယ်, ကြုံကောင်း ကြုံပါလိမ့်အုံးမယ်။

အပေ္ပဝနာမ မယံ သမဏံ ဂေါတမံ တမှာပါပကာ ဒိဋ္ဌိဂတာ ဝိဝေစေယျာမ။

သမဏံ ဂေါတမံ—ကိုယ်တော်တို့ဆရာကြီး ရှင်ကြီးဂေါတမကို၊ တမှာပါပကာ ဒိဋ္ဌိဂတာ— သူ စွဲယူထားတဲ့ ခန္ဓာ ငါးပါး မမြဲဘူး၊ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်ဘူးလို့ဆိုတဲ့ အယူမှား အယူဆိုးကြီးမှ၊ မယံ—တပည့်တော်တို့က၊ အပေ္ပဝနာမဝိဝေစေယျာမ— အဲဒီ အယူစွဲကြီး ပျောက်အောင်, ကျွတ်အောင်, ပြောနိုင်တန်ပါသေးရဲ့ ကိုယ်တော်၊ သူက ဘုရားကို ချွတ်မယ်လို့တဲ့၊ အယူမှားတာက သူကနော်၊ ကိုယ်တော်တို့ဆရာကြီး ဂေါတမ, အယူလွဲကြီး အယူမှားပြီးနေတဲ့ အစွဲကြီးကိုတော့ တနေ့နေ့ တပည့်တော်နဲ့တိုက်ဆိုင်တဲ့အခါ, ကြုံတဲ့အခါ ချွတ်နိုင်ကောင်းပါသေးရဲ့၊ ကျွတ်နိုင်စရာရှိပါရဲ့လို့ ပြောလိုက်တော့ အရှင်အဿဇိ ကိုယ်တော်မြတ်ကြီးကလဲ ဘာမှ မပြောတော့ဘူး။

ဒီလိုနဲ့ ကျောင်းကိုပြန်ပြီး ကြွသွားတယ်၊ အင်း.... ငါတော့ တနေ့နေ့ ရဟန်းဂေါတမဆီကို သွားအုံးမှဘဲ၊ ရှင်ကြီးဂေါတမနဲ့ ဝါဒချင်းတော့ ပြိုင်လိုက်အုံးမှဘဲနဲ့၊ သူက မြတ်စွာဘုရားလို ပုဂ္ဂိုလ်နဲ့ ဝါဒချင်း ပြိုင်မလို့တဲ့၊ ပြိုင်လိုက်လို့ နိုင်သွားသတဲ့လို့ ဆိုတဲ့အသံကို သူက ကြားချင်နေတာ၊ မြတ်စွာဘုရားကလဲ ဒီအချိန်မှာ နာမည်ကြီးနေတာလို့ဆိုတော့, နိုင်တာ မနိုင်တာကို အသာထား ဘုရားရှင်လို ပုဂ္ဂိုလ်နဲ့ ဝါဒပြိုင်နိုင်တယ်လို့ ဆိုရင်ဘဲ သူမှာ ဂုဏ်တက်သွားမယ်လို့ တွက်ထားတယ်၊ တနေ့မှာ လိစ္ဆဝီ

မင်းသားငါးရာကို စာပေပညာသင်ပေးရင်း သူက ပြောလိုက်တယ်၊ ငါ ဒီနေ့ ရှင်ကြီးဂေါတမနဲ့ ဝါဒချင်းသွားပြီးပြိုင်မလို့ မင်းတို့လဲ ကြည့်ချင်ရင် လိုက်ခဲ့ကြလို့ သူက ပြောလိုက်တယ်။

အဲဒီ ရဟန်းဂေါတမဟာ လှဲနေတဲ့ အယူကြီးကို စွဲမြဲစွာယူထားတယ်၊ အဲဒီ အယူစွဲကြီးကိုလဲ ချတ်ရင်းနဲ့ ဝါဒပြိုင်သွားမယ်၊ လိုက်ခဲ့ကြလို့ ပြောလိုက်တော့ နောက်က လိစ္ဆဝီမင်းသားတွေကလဲ ခေါ်လို့သာလိုက်ရတယ်၊ တယ်ပြီးတော့ မထင်လှဘူး၊ သူတို့ကလဲ ဘုရားအကြောင်းကို အရိပ်အမြွက် ကြားထားပြီးသားလို့ဆိုတော့ ကဲ-ဒီနေ့တော့"ကျားနဲ့ ဆင့် လယ်ပြင်မှာ တွေ့ကြသေးတာပေါ့" လို့ ဆိုပြီး နောက်က တတွတ်တွတ်နဲ့ပြောပြီး လိုက်လာကြတယ်၊ သူတို့ဆရာကြီးရှေ့မှာလဲ တိုက်ရိုက် မပြောရဲကြဘူး၊ ဒီလိုနဲ့ ဘုရားရှေ့မှောက် ရောက်လို့လာကြတော့ သူဟာဘဲ စပြီးတော့ မေးလိုက်တယ်။

အရှင်ဘုရား....အရှင်ဘုရား လက်ကိုင်ကျော်ရိုး အမာခံထားပြီး တပည့်သာဝကတွေကို ဟောပြောလေ့ရှိတဲ့ တရားက ဘာတရားပါလဲလို့ သစ္စကက စပြီးမေးလိုက်တယ်၊ ဒီတော့ မြတ်စွာဘုရားက စောစောက အရှင်အဿဇိရဲ့ အဖြေအတိုင်းဘဲ၊ " ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ မမြဲဘူး " လို့ ငါဘုရား အမာခံကျောရိုး ထားပြီး သာဝကတွေကို ပြောဆို ဆုံးမလေ့ရှိတယ် သစ္စက၊ အဲဒီ ခန္ဓာငါးပါးသည် ကိုယ့်အလို မပါ၊ ကိုယ့်အကြိုက် မလိုက်လို့၊ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်သည့်အတွက်"အနတ္တ"လို့ ပြောဟောလေ့

ရှိပါတယ်၊ အရှင်သဿဇိ ဖြေတဲ့အတိုင်းဘဲ ဘုရားရှင်ကဖြေဆိုတော်မူပါတယ်၊ ဒီတော့ သစ္စကက အရှင်ဘုရားကို တပည့်တော် ဥပမာ ဇာလေးတခု ပြောပါမယ်တဲ့။

## သစ်ပင်မှန်သမျှ မြေကြီးမှာ မှီရသလို

ယေ ကေစိ ဘော ဂေါတမ ဗီဇဂါမဘူတဂါမာ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇန္တိ၊ ပထဝိံ နိဿာယ ပထဝိယံ ပတိဋ္ဌာယ။

ရှင်ကြီးဂေါတမ... ....ကမ္ဘာလောကထဲမှာ ပေါက်ရောက်တဲ့ သစ်ပင်ကြီးငယ် အသွယ်သွယ်တွေဟာ ပေါက်လာတယ်လို့ ဆိုရင် မြေကြီးကိုမှီပြီး ပေါက်လာရပါတယ်, ကြီးပွားရပါတယ်၊ အဲဒီလိုဘဲ အားလုံးသော သတ္တာတွေဟာလဲ ပုည-အပုညကို ပြုလုပ်ကြတယ်လို့ ဆိုတာ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ အပေါ်မှာ မှီပြီးတော့ ပြုကြရတာပါ ကိုယ်တော်၊ ဒီ ခန္ဓာငါးပါးကို အရှင်ဘုရားက အမာခံ မဟုတ်ဘူး၊ ကိုယ်စိုးကိုယ်ပိုင်မဟုတ်ဘူး၊ မမြဲဘူးနဲ့ ဘာပြုလို့ပြောရတာလဲ ကိုယ်တော်၊ ဒီခန္ဓာငါးပါးဟာ အမာခံ အစစ်ပါဘဲ၊ အားလုံးလဲ ကိုယ်ဖြစ်ချင်သလို ဖြစ်နိုင်တဲ့ အမာခံတွေဘဲ၊ ဒါကို ဘာ့ကြောင့် "အနတ္တ"လို့ ပြောရတာလဲ။

ယေကေစိ ဗလကရဏီယာ၊ သဗ္ဗေ တေ ပထဝိံ နိဿာယ ပထဝိယံ ပတိဋ္ဌာယ။

တပည့်တော် ပြောအုံးမယ်၊ အားနဲ့ အင်နဲ့ လုပ်ရတဲ့ လုပ်ငန်းတွေ မှန်သမျှလဲ ဒီမြေကြီးကို မှီပြီးတော့ လုပ်ကိုင်ကြရတယ်လေ၊ ဒီလိုမဟုတ်လား၊ လယ်ထွန်၊ ကုန်ရောင်းတဲ့ အလုပ်တွေ၊ စက်မှု လက်မှု အလုပ်တွေဆိုတဲ့ အားနဲ့အင်နဲ့ လုပ်ရတဲ့ အလုပ် မှန်သမျှလဲ ဒီမြေကြီးကို မှီပြီး လုပ်ကိုင်နေကြရတယ်၊ အဲဒါလိုဘဲ၊ တပည့်တော်တို့ ကမ္ဘာလောကမှာရှိတဲ့ ပစ္စည်း ဝတ္ထုတွေဆိုတာလဲ ခန္ဓာငါးပါးလို့ ခေါ်တဲ့ ရုပ်နာမ်တွေပေါ် မှာမှီပြီး ကုသိုလ်တွေပြုကြ၊ အကုသိုလ်တွေ ပြုကြ၊ ရောင်း ဝယ် လယ်လုပ် သွားကြ လာကြတာတွေဟာ လဲဘဲ ဒီခန္ဓာငါးပါးရဲ့ အပေါ်မှာ မှီပြီးတော့ ဖြစ်ကြရတာပါလား ကိုယ်တော်။

ဒီရုပ်တွေ ဒီနာမ်တွေဟာ ကိုယ်စိုး ကိုယ်ပိုင် ကိုယ်ဖြစ်ချင်သလို ဖြစ်တဲ့ အမာခံတွေ မဟုတ်ပေဘူးလား၊ ဘာပြုလို့ အဲဒီဟာတွေကို အနတ္တလို့ ပြောရသလဲ၊ သစ္စကဟာ သူကိုယ်တိုင်ကတော့ ဒီ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ကိုယ်ပိုင်တယ် ကိုယ်ဆိုင်တယ် အမာခံ သဘောလို့ ယူထားလိုက်တယ်၊ အတ္တလို့ ယူထားတယ်ပေါ့၊ ဒီတော့ ဘုရားရှင်က ပြန်မေးတယ်၊ နေပါအုံး သစ္စက.... သင်က ရုပ်ကို အစိုးရတယ်၊ ကိုယ်ဆိုင် ကိုယ်ပိုင်တယ်၊ အားလုံး ခန္ဓာငါးပါးကို ကိုယ်ပိုင် ကိုယ်ဆိုင်တယ်၊ ကိုယ်ဖြစ်ချင်သလို ဖြစ်တယ်လို့ ဆိုလိုတာလားတဲ့၊ ဘုရားက ဒီလို မေးလိုက်တော့ သူ့စိတ်ထဲနဲ့ တွန့်သွားတယ်၊ ဘုရားက နာမည်ကြီးတဲ့ သဗ္ဗညူလို့ဆိုတော့ သူ ပြိုင်လို့သာ ပြိုင်နေတာ ခတ်ကြောက်ကြောက်ဘဲ၊ ဘုရားရှင်က တရားဟောလိုက်ပြီ ဆိုလို့ရှိရင် ထိပ်ထိပ်ကြဲ များစွာသော ပညာရှိ

ကြီးတွေသေ့မှ ဘုရားရှင်ဘက်ကို ပါသွားတယ်လို့ ဆိုတာလဲ ကြားဘူးထားတယ်၊ ဒါနဲ့ ကြောက်နေတာ။

## သူခိုး သေဖေါ်ညှိတဲ့ သစ္စက

ဒါနဲ့ မြတ်စွာဘုရားက ထပ်ဆင့်ပြီးတော့ မေးတော်မူပြန်ပါတယ်၊ နေပါအုံး သစ္စက၊ သင်က ဒီလိုဆိုရင် ခန္ဓာငါးပါးကို ကိုယ်ပိုင်လို့ ယူထားဘာလား၊ အမာခံ အတ္တလို့ ယူထားတာလားလို့ မေးလိုက်တော့ ဩော်....ရှင်ကြီး ဂေါတမနှယ်၊ ကျုပ်လဲ ဒီလိုယူတာဘဲ၊ ဟောဒီ ကျုပ်နောက်က လိစ္ဆဝီမင်းသား ငါးရာလဲ ဒီလိုယူတာဘဲ။

ဒီလို အားလုံးယူနေကြတာဘဲလို့ သူက သူခိုး သေဖေါ်ညှိတဲ့ အနေနဲ့ လိစ္ဆဝီမင်းသားတွေရှိတဲ့ နောက်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်၊ မြတ်စွာဘုရားကလဲ သစ္စက ငါက သင့်ကိုသာ မေးနေတယ်၊ သင်ကသာ ငါနဲ့ ဝါဒပြိုင်ဘို့ဆိုပြီးလာလို့ သင့်ကိုဘဲ ငါမေးနေတယ်၊ နောက်က မင်းသားတွေကို ဆွဲလို့ မထည့်လိုက်ပါနဲ့တဲ့၊ တိုတို ပြောလိုက်တော့ သူခိုး သေဖေါ် မညှိပါနဲ့ပေါ့၊ သင်ကသာ ဝါဒပြိုင်ဘို့လို့ ဆိုပြီး လာတာ၊ သင်တယောက်ထဲဘဲ ဖြေဆိုပါတဲ့၊ ဟုတ်ပါတယ် ရှင်ကြီးဂေါတမ၊ ဒီ ရုပ်တရားဟာ ကိုယ့်အလိုကို ပါတယ်၊ ကိုယ်စိုး ကိုယ်ပိုင်ဖြစ်တယ်၊ အမာခံအတ္တလို့ ယူပါတယ်။

## သစ္စက အဖြေမပေးတော့

ဒါနဲ့ မြတ်စွာဘုရားက သစ္စက– သင့်ကို ငါ ဥပမာလေးတခု ပြောစမ်းပါရစေအုံး၊ ဟောဒီ ကောသလတိုင်းကြီးကို ကောသလ ဘုရင် ပိုင်ဆိုင်တယ်၊ မဂဓတိုင်းကြီးကိုကြတော့ အဇာတသတ်ဘုရင် ပိုင်ဆိုင်တယ်၊ အဲဒါကို သင် နားလည်တယ်မဟုတ်လား၊ ဟုတ်ပါ တယ်၊ တပည့်တော် နားလည်ပါတယ်၊ အဲ့ဒီတိုင်းကြီးတွေကို ပိုင်တဲ့ ရှင်ဘုရင်ရဲ့ အလိုကို တိုင်းသူပြည်သားတွေက လိုက်ကြရတယ်၊ အဲဒီ တိုင်းပြည်အတွင်းမှာ နေကြတဲ့သူတွေကို အဲဒီ ပိုင်ဆိုင်တဲ့ဘုရင်က....

ဃာတေတာယံ၊ ဃာတေတုံ= သတ်သိုက်တဲ့ သူတွေကို သတ် စေလို့ သူက အမိန့်ထုတ်လိုက်တယ်၊ အဲဒီလို အမိန့်ထုတ်လိုက်ရင် သတ်ပေးကြရတယ်၊ အသတ်ခံကြရတယ်၊ အားလုံးက သူ့အလိုကို လိုက်ကြရတယ် မဟုတ်လား၊ အော်.... လိုက်ရတာပေါ့ ကိုယ်တော်၊ သူ့လက်အောက်ကို နေတာဘဲ၊ ခံရတာပေါ့ ကိုယ်တော်၊ သူပိုင် နေတာဘဲ။

ဇာပေတာယံ၊ ဇာပေတုံ=အဲဒီကောသလမင်း အဇာတသတ် မင်းတို့က ဥစ္စာဒဏ်၊ ကြိမ်ဒဏ် ခံထိုက်တဲ့ သူတွေကို အပြစ်ဒဏ် ပေးစေလို့ များ အမိန့်ချလိုက်ရင် သူတို့အလိုကျ မဖြစ်ကြရဘူးလား၊ ဖြစ်ကြရ သလား၊ ဟာ– ဖြစ်ကြရတာပေါ့ ကိုယ်တော်၊ အရှင် ဘုရားပြောတာ အရှင်းကြီးဘဲတဲ့။

ပဗ္ဗာဇေတာယံ၊ ပဗ္ဗာဇေတုံ = တိုင်းပြည် မြို့ရွာမှ နှင်ထုတ် စေလို့ အမိန့်ထုတ်လိုက်ရင်ကော၊ အနှင်ထုတ်ခံကြရ၊ နှင်ထုတ်မပေး

ကြရဘူးလား၊ သူတို့အစိုးရတာ သူ့ဘို နယ်နိမိတ်ဘဲ၊ သူတို့ခိုင်းသလို သူတို့အလိုကျအောင် လိုက်ကြရတာပေါ့ ကိုယ်တော်၊ ကောင်းပြီ့, သစ္စက.... သင်က သင့်ရုပ်ကို သင်ဆိုင်တယ်၊ သင်ပိုင်တယ်၊ သင် အစိုးရနေတယ်လို့ ပြောနေတယ်၊ သင်ပိုင် သင်ဆိုင် သင်အစိုးရရင်....

ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ ဟောတူတိ
ဝသော ဝတ္တတိ။

ငါ့ရဲ့ ရုပ်ကလေးသည် ချောချောလှလှ ဖြစ်ပါစေ၊ မလှမပ မဖြစ်ပါစေနဲ့၊ ငါ့ရဲ့ ရုပ်ကလေးသည် အင်္ဂါ ခြေ လက် မျက်စိ မျက်နှာတွေ ပြည့်ပြည့်စုံစုံ ဖြစ်ပါစေသတည်း၊ ဥပမိကောင်းကောင်း နဲ့ ပညာတတ်ကလေး ဖြစ်ပါစေ၊ လှပသော ရုပ်အဆင်းလေး ဖြစ်ပါစေ၊ မလှမပ မဖြစ်ပါစေနဲ့၊ ဖြောင့်စင်းတဲ့ ကိုယ်ခန္ဓာ ရှိသူ ဖြစ်ပြီး ကောက်ကွေးတဲ့သူ မဖြစ်ပါစေနဲ့၊ သင် အဲဒီလို သင့်ရုပ်ကို အမိန့်ချပေးလို့ ရနိုင်သလား။

သစ္စကပရိဗိုဇ် မပြောဘူး၊ ငိုင်ပြီးတော့ ရပ်နေတယ်၊ သစ္စက ပြောပါလေတဲ့၊ သင့်ရဲ့ ရုပ်တရားဟာ ငါပိုင်ဆိုင်တယ်၊ ငါအစိုးရ တယ်လို့ဆိုရင် သင်ဖျားနာတဲ့အချိန်မှာ "ဧဝံ မေ ရူပံ ဟောတု– ငါ့ရုပ်ကလေး ကျန်းကျန်းမာမာ ဖြစ်ပါစေသား၊ ဧဝံ မေ ရူပံ မာ ဟောတု–မကျန်းမမာ ဂိလာနဖြစ်ပြီး ကျင်နာ ကိုက်ခဲနေတဲ့ရုပ်ကြီး တွေ မဖြစ်ပါစေနဲ့ "လို့ သင် ပိုင်ဆိုင်ပြီး အစိုးရနေတဲ့ ရုပ်ကြီးကို အမိန့်ပေးလို့ ရသလားတဲ့။

အားလုံး တကာ-တကာမတွေ ကိုယ့်ရုပ်ကလေးကို ရုပ်ချော ရုပ်လှလေး ဖြစ်ချင်ကြပေမယ်လို့ ဒီရုပ်ခန္ဓာကြီးက အရုပ်ဆိုးချင် ဆိုးနေတတ်တယ်၊ ကျန်းမာချင်ပေမဲ့လဲ သူက မမာမကျန်းဖြစ်ချင် ဖြစ်နေတယ်၊ ကိုယ့်အလိုဆိုလို့ ဘယ်နေရာမှ မလိုက်ပါ၊ မြတ်စွာ ဘုရားကလဲ ဒါကို မေးနေကာဘဲ၊ သစ္စက သင်က သင့်ရုပ်သင် အမာခံ အတ္တဖြစ်တယ်၊ ပိုင်တယ် အစိုးရတယ်လို့ ပြောနေတယ်၊ အဲဒီရုပ်ကြီး သင်က ဖြစ်ချင်သလို ဖြစ်ရဲ့လားတဲ့၊ ဝေဒနာ သညာ သင်္ခါရတွေကလဲ ဒီလိုဘဲ၊ သင့်စိတ်ကလေးကို အမြဲတန်းစိတ်ကောင်း စိတ်သန့်လေးချည်း ဖြစ်ပါစေသား၊ စိတ်ညစ်တွေ မဖြစ်ပါစေနဲ့၊ စိတ်ဆိုး စိတ်ကောက်တွေ မဖြစ်ပါစေနဲ့၊ သင့်စိတ်ကို သင် အမိန့် ပေးလို့ ရရဲ့လား၊ သင်ပိုင်ရဲ့လားလို့ မေးတော်မူတယ်။

သစ္စကာ မဖြေဘူး၊ နောက်တခါ ဒုတိယအကြိမ် ဘုရားက မေးပြန်ဘယ်၊ သစ္စကက မဖြေဘူး၊ နောက် တတိယ အကြိမ် မေးမယ်လို့လုပ်တော့ ဘုရားရှင်က, သစ္စက ဒို့ သမ္ဗုဒ္ဓတထာဂတ တို့ဟာ သုံးကြိမ်တိုင် မေးပြီးလို့ မဖြေဘူးလို့ဆိုတဲ့သူကို အန္တရာယ် တခုခု ကျရောက်ဘတ်တယ်၊ ငါဘုရား မေးထားတာ နှစ်ကြိမ်ရှိပြီ ဖြေပါတဲ့၊ တတိယအကြိမ်မေးလို့ သင်မဖြေဘူးဆိုရင် ဒီနေရာ မှာဘဲ အန္တရာယ်တခုခု ကျရောက်တတ်တယ်လို့ သတိပေးနေတယ်၊ သူဟာလဲ အဖြေရခက်နေတယ်၊ ပြောထားလိုက်တာကလဲ ရုပ်ဆိုတာ ကိုယ်စိုး ကိုယ်ပိုင်တယ်, အမာခံအတ္တဖြစ်ဘယ်လို့ ပြောမိရက်သား ဖြစ်နေတော့ ခက်နေတယ်ပေါ့။

သဉ္စက သင်ထင်သလို သင့်ရဲ့ရုပ်က ဖြစ်သလား၊ သင် အမိန့် ပေးတဲ့အတိုင်း နားထောင်ရဲ့လား၊ အမာခံအတ္တရော ရှိရဲ့လားလို့ မေးထားလိုက်တော့ ဖြစ်ပါတယ် ကိုယ်တော်လို့ ပြောလိုက်ရင် ကိုင်း- ဒါဖြင့် သင့်ရုပ်ကလေး ဒီနေရာမှာဘဲ ဒီထက်လှအောင် အမိန့်ပေးလိုက်စမ်း၊ ဆုတောင်းလိုက်စမ်း၊ အလိုပါအောင် လုပ်ပြ စမ်းလို့ များ ခိုင်းလိုက်ရင် ငါတော့ ခက်ချေရဲ့၊ မဖြစ်နိုင်ပါဘူး လို့ ဆိုလိုက်ရင်လဲ ငါရှုံးရကျတော့မယ်၊ သူ့ရှေ့ကို မတိုးသာ၊ နောက်ကို မဆုတ်သာ၊ မထွေးသာ မမျိုသာဖြစ်ပြီး အဖြေရခက် နေလို့ ပေပြီးတော့နေတယ်။

သစ္စက ငါတို့ သဗ္ဗညုပုဂ္ဂိုလ်တွေရဲ့အမေးကို နှစ်ကြိမ်တိုင်တိုင် ပေနေရုံနဲ့ ကိစ္စမရှိဘူး၊ သုံးကြိမ်ရောက်အောင် ပေနေရင်တော့ တစ်ုံတခု အန္တရာယ် သင့်မှာ ကျရောက်တော့မယ် ဖြေပါလို့ မိန့်တော်မူတယ်။

## သိကြား ကူရပြီ

အဲဒီ အချိန်မှာ ဘာရောက်လာသလဲလို့ဆိုတော့ "သာသနာ သိကြားစောင့်"လို့ ဆိုတဲ့အတိုင်း သိကြားမင်းက ဆင်းပြီးတော့ ကူရတယ်၊ သိကြားက သိကြားပုံဟန်အတိုင်း မဟုတ်ဘဲ၊ အင်မတန် အရုပ်ဆိုးတဲ့ ဘီလူးအယောင်ဆောင်ပြီး လက်ထဲမှာလဲ ဝရဇိန် လက်နက်ကြီးကို ကိုင်လို့ပေါ့လေ၊ ဘုရားရှင် အနီးအနားမှာ ကြောက်စရာ ဘီလူးရုပ်ကြီး ပေါ်လာတယ်၊ ဒီ ဘီလူးကြီးကိုလဲ

ဘုရားရှင်နဲ့ သစ္စက နှစ်ယောက်ထဲဘဲ မြင်တယ်၊ နှစ်ယောက်ထဲ မြင်စေသတည်းလို့လဲ ဓိဋ္ဌာန်ပြီး ပြုလိုက်တယ်။

အနားက လိစ္ဆဝီမင်းသားတွေထဲက ဘယ်သူမှ မမြင်ကြဘူး၊ သစ္စကကတော့ ဘီလူးကြီးပေါ်လာတာကိုလဲ မြင်တယ်၊ ဘီလူးကြီး လက်ထဲမှာ ဝရဇိန်လက်နက်ကြီးကိုင်ပြီး, သင်-ဘုရားက သုံးကြိမ် တိုင်မေးလို့ ဖြေရင်ဖြေ, မဖြေရင် ဒီ ဝရဇိန်လက်နက်နဲ့ သင့် ခေါင်းကို ပေါက်ခွဲလိုက်မယ်လို့ဆိုတဲ့ အမူအရာကိုလဲ သိနေတယ်၊ သစ္စကဟာ ဘီလူးကြီးကို သူသာမြင်တယ်၊ နောက်က လိစ္ဆဝီ မင်းသားတွေကို ကြည့်လိုက်ပြန်တော့လဲ စကားပြောမပျက်၊ အပြုံး မပျက်၊ ဒီဘီလူးကြီးကို မြင်ကြဟန်မတူဘူး၊ သူနဲ့ ဘုရားနဲ့သာ မြင်နေတယ်လို့ဆိုတာကို သူရိပ်မိသွားပြီး ဒီ ဘီလူးကြီးဟာ ငါ့ကို အန္တရာယ်ပြုမဲ့သူဘဲလို့ဆိုပြီး ကြောက်လာတယ်။

အဲဒါနဲ့ ရှင်ကြီးဂေါတမ စောစောက ကျုပ်ကိုမေးတာလေး ပြန်မေးလိုက်စမ်းပါအုံး၊ ကျုပ် မေ့သွားလို့၊ ကျုပ် ဒီတခါသာ မေးလိုက်ရင် ဖြေပါတော့မယ်လို့ ဝန်ခံလိုက်တယ်၊ မြတ်စွာဘုရား ကလဲ စောစောက မေးခဲ့တဲ့အတိုင်း သင့်ရုပ်ကလေးသည် သင် ဖြစ်ချင်သလို ဖြစ်ရဲ့လား၊ ငါဖြစ်ချင်သလိုဖြစ်ရဲ့လားလို့ မေးတော် မူပါတယ်၊ ကောသလမင်း, အဇာတသတ်မင်းတို့ ဖြစ်ချင်သလို သူတို့ပိုင်ဆိုင်ရာတွေက သူတို့အလိုကျ သူတို့အကြိုက် လိုက်ရသလို, သင့်ရဲ့ရုပ်ခန္ဓာကြီးကလဲ သင့်ရဲ့အလိုကျ လိုက်တယ်၊ သင်ပိုင်တယ်, သင်ဖြစ်ချင်သလို ဖြစ်တယ်လို့ဆိုရင် ရုပ်ချောချောလေးဖြစ်ချင်လို့

ဖြစ်ရဲ့လား၊ ကျန်းကျန်းမာမာလေး ဖြစ်စေချင်လို့ ဖြစ်ရဲ့လားလို့ မေးတော်မူတော့။

နော ဟောတံ ဘော ဂေါတမ၊ အရှင်ဂေါတမ.... မဖြစ်နိုင်ပါဘူးလို့ ဆိုပြီး လက်လျှော့သွားတယ်နော်၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တွေလို့ဆိုတာလဲ ဒီလိုဘဲ မေးပြီးတော့, သစ္စက၊ ရုပ်သည် နိစ္စလား, အနိစ္စလား၊ မြဲသလား, မမြဲဘူးလား၊ အနိစ္စ ဖြစ်လို့ မမြဲပါဘူးဘုရား၊ ဝေဒနာဆိုတဲ့ ခံစားမှုရော မြဲသလား, မမြဲဘူးလား၊ မမြဲပါဘူး ဘုရား၊ သညာဆိုတဲ့ မှတ်သားမှုရော မြဲသလား, မမြဲဘူးလား၊ မမြဲပါဘူးဘုရား၊ ဟိုကိစ္စ ဒီကိစ္စမှာ စီမံတိုက်တွန်း နှိုးဆော်တတ်တဲ့ "သင်္ခါရက္ခန္ဓာ"လို့ ခေါ်တဲ့ နာမ် အစုအဝေးခကာ မြဲသလား, မမြဲဘူးလား၊ မမြဲပါဘုရား၊ ဟိုအာရုံ ဒီအာရုံကို သိတယ်လို့ဆိုတဲ့ စိတ်ဆိုတဲ့တရားကရော မြဲသလား, မမြဲဘူးလား သစ္စကလို့ မေးတော်မူတယ်၊ မမြဲပါဘုရား။

## အမလေးအောင်ရတဲ့ ဒုက္ခနဲ့, မအောင်ရတဲ့ ဒုက္ခ

အဲဒီ မမြဲတဲ့တရားကို သင်က ကောင်းတယ်လို့ ပြောမလား, ဆိုးတယ်လို့ဘဲ ပြောမလား၊ ဒုက္ခကို မေးနေတာနော်၊ "ဒုက္ခ" လို့ ဆိုလိုက်ရင် ဘုန်းကြီးတို့ အားလုံးက ဆင်းရဲတာကိုချည်း မြင်နေတတ်ကြတယ်၊ ဆင်းရဲ ချမ်းသာလို့ဆိုတာ တွဲနေတာ၊ ဆင်းရဲတယ်ဆိုတာ ပစ္စည်းမရှိလို့ ဆင်းရဲတာ၊ အနာကြီး အနာငယ်တွေ ပေါက်လို့ တအောင့်အောင့်နဲ့ ဆင်းရဲတာ, နာကြင် ကိုက်ခဲပြီး

အခံရခက်လို့ ဆင်းရဲတာ၊ ဒါလောက်ကိုဘဲ မြင်နေကြပါတယ်၊ ဝိပဿနာ နယ်ထဲက ရုပ်နာမ် ခန္ဓ သဘာဝ ပရမတ္ထလေးတွေရဲ့ ဆင်းရဲလို့ ဆိုတာက မကောင်းတဲ့ စက်ဆုပ်စရာ ဖြစ်သွားတာ၊ နာတာ ကျင်တာကိုသာ မဟုတ်သေးဘူး၊ သင်္ခါရဒုက္ခတွေရဲ့ ဒုက္ခ သဘောက ဖြစ်ပျက်ဒဏ်ကို ခံရလို့ မကောင်းတဲ့သဘော၊ နာလိုက် တာ၊ ကျင်လိုက်တာ၊ ကိုက်ခဲလိုက်တာ ဆိုတာကို " ဒုက္ခ "လို့ ခေါ်တယ်၊ ဒုက္ခက ၂ မျိုးရှိတယ်၊ အမယ်လေး, အလိုလေး အော် ရတဲ့ ဒုက္ခရယ်၊ အမယ်လေး, အလိုလေး မအော်ရတဲ့ ဒုက္ခရယ် ၂ မျိုး၊ နာတာ ကျင်တာ ကိုက်ခဲတာတွေက အမယ်လေး, အလို လေး အော်ရတဲ့ ဒုက္ခပေါ့၊ ရုပ်နာမ်ခန္ဓ သဘာဝတွေရဲ့ မကောင်းတဲ့ သဘော, ဖြစ်ပျက်ဒဏ် ခံရတဲ့သဘောကိုတော့ အမယ်လေး, အလို လေး မအော်ရတဲ့ ဒုက္ခလို့ ခေါ်တယ်၊ ဒုက္ခအစစ်, ပရမတ္ထဒုက္ခလို့ ခေါ်တယ်၊ ရုပ်နာမ်ခန္ဓ သဘာဝတွေရဲ့ ပျက်သွားတယ်လို့ ဆိုတာ အကောင်းမဟုတ်ဘဲ၊ အဆိုးဘဲ၊ ဒုက္ခဘဲ၊ ဝိပဿနာဉာဏ်နဲ့ အဲဒီ ဒုက္ခ ထိအောင် မြင်အောင် ရှုရမှာ။

အဲဒီ မကောင်းဘူး၊ စက်ဆုတ်စရာဆိုဒါ ပျက်သွားလို့ မကောင်း တာဘဲ၊ ပျက်တယ်ဆိုဒါ သေတာဘဲ၊ လောကမှာ သေတဲ့ဒုက္ခဟာ အကြီးဆုံး ဒုက္ခဘဲ၊ အဲဒါကိုဘဲ စာက ပိုပြီး သရုပ်ပေါ်အောင်လို့ "အနိစ္စတာ နာမ မရဏံ = အနိစ္စတာ နာမ - မမြဲဘူး၊ မမြဲဘူးလို့ ဆိုတာ၊ မရဏံ-သေခြင်းတမျိုးပါဘဲ၊ ရုပ်နာမ်ခန္ဓ သဘာဝတွေရဲ့ မမြဲလို့ ပျက်သွားတယ်လို့ ဆိုတာ တကယ်တော့ သေတာပါဘဲတဲ့။

လူတယောက် မမြဲဘူးလို့ဆိုတာလဲ သေတာကို ပြောနေတာ၊ လူတယောက် သေပြီလို့ဆိုရင်လဲ အနိစ္စရောက်တယ်လို့ ပြောကြသားဘဲ၊ ဒါ့ကြောင့် ရုပ်နာမ်ဓမ္မ သဘာဝလေးတွေရဲ့ အနိစ္စ-မမြဲဘူးလို့ဆိုတာ ဘာကို ဆိုလိုတာလဲလို့ဆိုရင် သေတာကို ပြောလိုက်တာတဲ့၊ ဖြစ်ပြီး ပျက်သွားတာ၊ ဒါကိုဘဲ ရုပ်သေ နာမ်သေ ခေါ်ပြန်တယ်၊ အဲဒီ သေတယ်လို့ဆိုတာ အနိစ္စတာ နာမ မရဏံ - မမြဲဘူး၊ မမြဲဘူးလို့ဆိုတာ သေတာကို ပြောနေတာတဲ့၊ မရဏဘော ဥတ္တရိ ဒုက္ခံ နာမ နတ္ထိ၊... မရဏတော - သေခြင်းထက်၊ ဥတ္တရိ - လွန်ကဲသော၊ ဒုက္ခံ နာမ - ဒုက္ခမည်သည်၊ နတ္ထိ - မရှိနိုင်၊ သေခြင်းထက် ပိုပြီး ဆင်းရဲတာ မရှိနိုင်တော့ဘူးတဲ့။

သေတဲ့ ဒုက္ခဆိုတာ အကြီးကျယ်ဆုံး ဖြစ်တယ်၊ အဆင်းရဲဆုံး ကြောက်စရာ အကောင်းဆုံး ဖြစ်တယ်၊ ဒါ့ကြောင့် ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ အပေါ်ကိုလဲတဲ့ ဒီလိုသဘောနဲ့ ကြည့်လိုက်ကြပါတဲ့၊ မမြဲဘူးလို့ ဆိုတာ စက်ဆုပ်စရာကောင်းတဲ့ ဒုက္ခ၊ ဒုက္ခလို့ ဆိုလိုက်မှတော့လဲ ကိုယ့်အလိုကျ မဖြစ်နိုင်တော့ဘဲ ကိုယ်က ချမ်းသာ စေချင်တယ်၊ မြဲစေချင်တယ်၊ ကိုယ့်အလိုကျ မဟုတ်တော့ဘဲ သူက မမြဲဘူး၊ ပျက်သွားတယ်လို့ ဆိုမှတော့ အမာခံ မဟုတ်ဘူး၊ အထည်ကိုယ်မရှိဘူး၊ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်တော့ဘူးပေါ့၊ အဲဒါ အနတ္တပေါ့။

## ကျွမ်းကျင်တဲ့ မြွေဆေးကု သမားတော်ကြီးလို

အဲဒါကို ဘုရားကလဲ မေးနေတာ၊ "သစ္စက- အဲဒီလို မမြဲလို့ မကောင်းတဲ့သဘောဟာ အတ္တလို့ ပြောလိုက်မလား၊ အနတ္တလို့

ပြောလိုက်မလား” သစ္စကက “မှန်လှပါဘုရား၊ အနတ္တပါဘုရား” လို့ ဖြေတယ်၊ ဘုရားရှင်က သစ္စကကို စောစောက နိစ္စ သုခ အတ္တလို့ ပြောထားတဲ့သူရဲ့ ပါးစပ်ကဘဲ အနိစ္စ ဒုက္ခ အနတ္တလို့ ပြောအောင် လုပ်နေတာ၊ ဘာနဲ့ တူသလဲလို့ဆိုတော့ အင်မတန် တတ်ကျွမ်းတဲ့ မြွေဆေးကု သမားကြီးလိုဘဲတဲ့၊ အင်မတန် ကျွမ်းကျင်တဲ့ မြွေဆေးကု သမားကြီးများကြတော့ လူဘယောက် မြွေအကိုက်ခံရပြီလို့ဆိုရင် ဒီမြွေကိုရအောင် ခေါ်ပြီးတော့ သူကိုက်လို့ တက်နေတဲ့ အဆိပ်တွေကို သူ့ဘာသာ ပြန်ပြီးတော့ စုပ်ပြီး အယူခိုင်းတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲဘဲ သစ္စကကိုယ်တိုင် “နိစ္စ—မြဲတယ်၊ သုခ - ချမ်းသာတယ်၊ အတ္တ - အမာခံ ကိုယ်စိုး ကိုယ်ပိုင် ကိုယ့်အလို လိုက်တယ်လို့” ပြောထားတဲ့စကားတွေကို သူကိုယ်တိုင် သူ့ပါးစပ်နဲ့ပင် ပြန်ပြီးတော့ “အနိစ္စ- မမြဲပါဘူးဘုရား၊ ဒုက္ခ—စက်ဆုပ်စရာ သဘောပါဘုရား၊ အနတ္တ - အမာခံ မဟုတ်ပါ”လို့ သူ့ကိုယ်တိုင် ဖြေလာအောင် ဘုရားရှင် ကိုယ်တော်မြတ်က ဆုံးမသွန်သင်နေတယ်၊ သစ္စကပရိဗိုဇ် ယူထားလိုက်တာက မြဲတယ်၊ ကောင်းတယ်၊ အမာခံ အတ္တဖြစ်လို့ ကိုယ်စိုး ကိုယ်ပိုင်ဖြစ်တယ်လို့ ယူထားတယ်။

သစ္စကသာ ယူနေတာ မဟုတ်သေးဘူး၊ သောတာပန် မဖြစ်သေးသမျှ ဝိပဿနာ လက်သုံး မပြုနိုင်သေးသမျှ ယနေ့ ဒကာ ဒကာမတွေလဲ မြဲတယ်၊ ချမ်းသာတယ်၊ အမာခံ အတ္တလေးရှိတယ်၊ ကိုယ်စိုး

ကိုယ်ပိုင် ရှိတယ်လို့ ယူနေတတ်ကြပါသေးတယ်၊ အားလုံးက ကိုယ့်သား၊ ကိုယ့်သမီးလေးကို ကြည့်လိုက်တယ်လို့ ဆိုရင်ဘဲ မနေ့တုန်းကလဲ ဒီရုပ်ခန္ဓာ ဒီကိုယ်၊ ဒီနေ့လဲ ဒီရုပ်ခန္ဓာ ဒီကိုယ်လို့ ထင်နေတတ်ကြပါတယ်၊ အဲဒါကိုလဲ "နိစ္စသညာ" လို့ ခေါ်ပါတယ်၊ အားလုံးက ဘာလေးကိုဘဲ မြင်လိုက် မြင်ဆိုက် မြဲတယ်လို့ချည့် ထင်နေတတ်ကြပါတယ်။

အဲဒီလို စွဲယူနေတာကို နိစ္စစွဲ၊ နိစ္စအယူလို့ ခေါ်တယ်၊ အဲဒီအယူကိုဘဲ ဒိဋ္ဌိလို့ ခေါ်ပြန်တယ်၊ သစ္စကာမှ အယူမှားတယ်လို့ ထင်မနေလိုက်ကြပါနဲ့၊ အားလုံးသော ကမ္ဘာလောက သားတွေကလဲ နိစ္စလို့ဘဲ ထင်စွဲနေတတ်ကြပါတယ်၊ ဝိပဿနာနဲ့ ပယ်မထုတ်နိုင်သေးသမျှ အားလုံးရဲ့ သန္တာန်မှာ နိစ္စဆိုတဲ့ အစွဲက တန်းလန်းရှိနေပါတယ်၊ အဲဒီလိုယူနေလိုက်ကြရင် သစ္စကာဘက်သားတွေလား၊ ဘုရားဘက်သားတွေလားလို့ များ မေးခဲ့ရင် သစ္စကာရဲ့ ဘက်သားတွေ ဖြစ်နေသေးတာပေါ့။

မြင် သိ ခံစား၊ မှတ်သား ပြုပြင်၊
ရုပ်နာမ် အစု၊ ငါးခု ပေါ်လျှင်၊
ငါ သူတပါး၊ အကြားမဝင်၊
ဉာဏ်နဲ့သိ၊ ဒိဋ္ဌိ ကွာမည်ပင်။

အားလုံးသော တရားနာ ပရိသတ်တို့က ပုထုဇဉ်တွေ ဖြစ်နေကြသေးတော့ "သက္ကာယဒိဋ္ဌိ" လို့ ဆိုတာ မပြုတ်နိုင်ကြသေးဘူး၊

အတွင်းမှာ အမာခံ အတ္တအကောင်ကလေးရှိတယ်လို့ ထင်နေတယ်၊ ငါလို့ ထင်နေတယ်၊ အဲဒါ ဒိဋ္ဌိ၊ မြဲတယ်လို့ ယူနေတယ်၊ ဒါလဲ ဒိဋ္ဌိဘဲ၊ ရုပ်နာမ်ကို ရုပ်နာမ်လို့ မမြင်ဘဲနဲ့ "ငါ"လို့ မြင်လိုက်ရင် ဒိဋ္ဌိဘဲ၊ အားလုံးက ကိုယ့်ကြည့်ကြည့် သူ့ကြည့်ကြည့် ဒီနေ့ခန္ဓာနဲ့ မနေ့ကခန္ဓာ အတူတူဘဲလို့ ယူနေကြတယ်၊ အဲဒါ ဒိဋ္ဌိ။

မြင်လိုက်ရမှာက သွားခန္ဓာ သိမ်းခန္ဓာ, ကိုယ့်ခန္ဓာ ကိုယ်ကြည့် လိုက်တိုင်း ကြည့်လိုက်တိုင်း ရုပ်နာမ်ခမ္မ သဘာဝတွေရဲ့ ဖြစ်ပျက် နေတဲ့ သဘောတွေပါလားလို့ မြင်လိုက်ရမယ်၊ ရုပ်နာမ်ဓမ္မသဘာဝ တွေရဲ့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ တဖြုန်းဖြုန်း တရှိန်းရှိန်း ဖြစ်ပျက် နေပုံကို မြင်လိုက်ရမယ်။

စာက ဥပမာပေးထားတယ်၊ ရုပ်နာမ်ဓမ္မ သဘာဝတွေဟာတဲ့၊ နဒီသောတော ဝိယ, အဂ္ဂိဇာလာ ဝိယ-မြစ်ကမ်းနဖူးတခုမှာ သွား ရပ်လိုက်တယ်လို့ဆိုရင် အမှန်မြင်တဲ့ဉာဏ် စဉ်းစားတတ်တဲ့ ဉာဏ် မရှိရင်ဘော့ ရောက်လာစ ကြည့်နေတုန်းကလဲ ဒီရေဘဲ၊ အတော် ကြာအောင် ကြည့်နေလဲ ဒီရေဘဲလို့ မြင်နေတယ်၊ အမှန်ကတော့ မဟုတ်နိုင်ပါ၊ ရေက တသွင်သွင်စီးနေတာလို့ဆိုတော့ စောစောက မိမိကမ်းစကို ရောက်လာစက ရေသည် တဝေါဝေါနဲ့ စီးနေပြီး အောက်ကို တော်တော်ရောက်သွားပြီ၊ သူ့ရှေ့မှာ လျှော့မသွားဘဲ ရှိနေတဲ့ရေတွေက နောက်ထပ် နောက်ထပ် ရောက်ရောက်လာတဲ့ ရေတွေ၊ ဒါ သေချာတယ်နော်။

ဘုန်းကြီးတို့သတ္တာတွေရဲ့ ရုပ်အစဉ် နာမ်အစဉ်တွေကလဲ အဲဒါလိုဘဲ၊ ရှေ့ ရုပ်နာမ်အစဉ်တွေက အမြဲတန်း ဖြစ်ပျက် ဖြစ်ပျက်နဲ့ တဖြုန်းဖြုန်း ဖြစ်ပျက်၍ နေကြပါသည်၊ သားခန္ဓာ သမီးခန္ဓာ ကိုယ့်ခန္ဓာ ကြည့်လိုက်တိုင်းသော ခန္ဓာတွေကို အမြင်သန်လာတဲ့ ယောဂီပုဂ္ဂိုလ်, အလေ့အလာ များလာပြီလို့ ဆိုတဲ့ ယောဂီပုဂ္ဂိုလ်ကြတော့ ဩော်........ "ကံ, စိတ်, ဥတု, 'အာဟာရ" ဆိုတဲ့ အကြောင်းတရား လေးပါး, ဒွါရအားရုံဆိုတဲ့ အကြောင်းတရားတွေကြောင့် ပြောင်းလဲနေတဲ့ ရုပ် နာမ် အစဉ်တွေဘဲလို့ မြင်လိုက်တယ်၊ ဒီပုံမပျက် ပန်းမပျက် မြင်နေရပေမဲ့ တကယ်တော့ ရုပ်နာမ်ဓမ္မ သဘာဝတွေ အမြဲတန်း ဖြစ်ပျက်နေတဲ့သဘောဘဲလို့ ဉာဏ်နဲ့ ငုံငုံပြီး မြင်လာပြီလို့ဆိုရင် အဲဒါကို ဒိဋ္ဌိကင်းစင်လာပြီလို့ ဆိုရတယ်။

မမြဲတာကို မြဲတယ်လို့ယူ၊ အဲဒါလဲ ဒိဋ္ဌိဘဲ၊ ဆင်းရဲတဲ့သဘောကို ချမ်းသာတယ်လို့ယူ၊ အဲဒါလဲ ဒိဋ္ဌိဘဲ၊ အမာခံအတ္တ မရှိပါဘဲလျက် ကိုယ်စိုး ကိုယ်ပိုင် မဟုတ်ပါဘဲလျက်, အမာခံရှိတယ် ကိုယ်ပိုင်တယ်လို့ ယူနေလိုက်ရင် အဲဒါလဲ ဒိဋ္ဌိဘဲ၊ ငါဘဲ သူဘဲလို့ ယူနေလိုက်ရင်လဲ ဒိဋ္ဌိဘဲ၊ ရုပ်နာမ်ဓမ္မ သဘာဝလို့ ဆိုတဲ့ သက္ကာယရဲ့ အပေါ်မှာ ငါဘဲ, သူဘဲ, အစွဲများသမျှ "သက္ကာယဒိဋ္ဌိ"ခေါ်တယ်၊ သက္ကာယလို့ ဆိုတာ တကယ်ရှိနေတဲ့ ရုပ်နာမ်ဓမ္မ သဘာဝတွေကို ခေါ်တာ၊ သ=အဟုတ်ရှိသော+ကာယ=ရုပ်နာမ်အပေါင်း၊ အဲဒီလို အဟုတ်ရှိနေတဲ့ သက္ကာယ ရုပ်နာမ်ဓမ္မသဘာဝရဲ့အပေါ်မှာ မမြဲပါဘဲလျက် မြဲတယ်လို့ယူ၊ အဲဒါ ဒိဋ္ဌိ၊ မချမ်းသာဘဲ ဆင်းရဲဒုက္ခသို့

ရောက်နေတဲ့သဘော, ပျက်ပျက်သွားလို့ မကောင်းတဲ့သဘောကို ချမ်းသာတယ်လို့ထင်၊ ဒါလဲ သက္ကာယဒိဋ္ဌိပါဘဲ၊ အမာခံအတ္တ အကောင်အထည်မရှိပါဘဲလျက် ရှိတယ်လို့ထင်၊ အဲဒါလဲ သက္ကာယ ဒိဋ္ဌိဘဲ။

## သက္ကာယဒိဋ္ဌိ ဆူးငြောင့်ကြီးကို အပ်နဲ့ထွင်, ဇာဂနာနဲ့နှုတ်

ပုထုဇဉ်မှန်သမျှ အဲဒီ သက္ကာယဒိဋ္ဌိ ဆူးငြောင့်ကြီးက ရင်ထဲ နှလုံးထဲ စူးဝင်နေတာနော်၊ ဝိပဿနာ ရှုပွားနေတဲ့အချိန်မှာတော့ တဒင်္ဂအနေနဲ့ ခဏလေး ကင်းသွားတယ်၊ နောက်တော့ အနုသယ ဓာတ်က မကင်းသေးတော့ ပြန်ပြီး ကိန်းနေတာပါဘဲ၊ အဲဒါကို ဝိပဿနာနဲ့ နှုတ်, ဝိပဿနာနဲ့ ကော်ပြီး သက္ကာယဒိဋ္ဌိ တည်းဟူ သော ဆူးငြောင့်ကြီးကို မိမိတို့ နှလုံးသားသန္တာန်မှ ထွက်သွား အောင် ဘုရားသာသနာတော်ကြီးနဲ့ တွေ့ကြုံခိုက်, ဘုရားရှင်ရဲ့ ဝိပဿနာမဂ်တည်းဟူသော ဇာဂနာနဲ့နှုတ်မှ ဝိပဿနာ တည်းဟူ သော အပ်နဲ့ထွင်မှ ကျွတ်ထွက်မှာ။

အဲဒီ သက္ကာယဒိဋ္ဌိ ဆူးငြောင့်ကြီး နဲ့နဲ့လာပြီး နောက်ဆုံး မမြဲတာကို မမြဲတဲ့အတိုင်း သိလာလိုက်တော့မှ မမြဲတဲ့ဟာသည် မကောင်းဘူးဆိုတဲ့ အသိသဘောက နောက်က လိုက်လာတယ်၊ အဲဒီမှာ ငါစိုး ငါပိုင်ဆိုတာ တခုမှ မပါပါလား၊ အမာခံအတ္တ မရှိဘဲ သူ့ဖြစ်ချင်သလိုဖြစ်ပြီး သူ့သဘာဝအတိုင်း ဆောင်နေပြီး

ကိုယ်စိုး ကိုယ်ပိုင် မပါတဲ့ ဓာတ်သဘာဝတွေပါလားလို့ သဘော ပေါက်မှုကလေးတွေ နဲနဲက များများ, များရာကနေပြီး ဒီထက် များများ, များရာက ထုထယ်နဲ့ဖြစ်လာပြီလို့ဆိုမှ အဲဒီ ဝိပဿနာ အစဉ်တွေတက်ပြီး နောက်ဆုံး သောတာပတ္တိမဂ် စတဲ့ မဂ်ဖိုလ် တွေကို တက်သွားမယ်။

ဒါ့ကြောင့် ကိုယ့်ခန္ဓာထဲမှာ မမြဲတာကို မြဲတယ်လို့ထင်၊ ဆင်းရဲတာကို ချမ်းသာတယ်လို့ထင်၊ အမာခံအတ္တ မရှိတာကို အတ္တ လို့ထင်၊ ငါထင် သူထင်ဆိုတဲ့ စွဲနေတဲ့ သက္ကာယဒိဋ္ဌိကြောင့်ကြီးကို ဘုရားရှင် ပေးတော်မူအပ်ခဲ့တဲ့ ဝိပဿနာမဂ် အပ်နဲ့ထွင်, ဝိပဿနာ မဂ် ဇာဂနာလက်နက်နဲ့ နှုတ်လိုက်ကြပါ၊ အဲဒါကို နှုတ်နိုင်မှ သစ္စကပရိုဗိုဇ်ဂိုဏ်းသား အဖြစ်မှ လွတ်နိုင်ကြမယ်။ သစ္စကပရိဗိုဇ်ကို ဘုရားရှင်က ဒီနည်းနဲ့ နှုတ်ပေးလိုက်တာ တော်တော် သဘော ပေါက်သွားပြီး သဘောကျသွားတော့မှ မြတ်စွာဘုရားက "သစ္စက သင်က ဘယ်သူမဆို ငါမေးတာကို ရင်မဆိုင်ရဲဘူး၊ ငါကသာ မေးလိုက်ရင် ယိုင်မသွားသူ, ယိမ်းမသွားသူ, တုန်မသွားသူ မရှိ ဘူးနဲ့ ကြိမ်းဝါးနေတယ်လို့ဆိုတာ ဟုတ်သလား"လို့ ဘုရားရှင်က မေးတော်မူတယ်။

ပြီးတော့ သင်ကပြောတယ်တဲ့၊ "ငါများ အမေးခံလိုက်ရတဲ့ ပုဂ္ဂိုလ်ဟာ ချွေးတွေများ ပြိုင်းပြိုင်းကျကုန်တယ်ဆို၊ ယခု သစ္စက ငါ့ကို ကြည့်ပါအုံး၊ ချွေးထွက်သလား"လို့ဆိုပြီး မြတ်စွာဘုရားက သင်္ကန်းတော်များလှပ်ပြီး ပြတော်မူတယ်၊ သစ္စကမှာတော့ ချွေး

တွေ့ကို ကျလို့၊ ဘုရားရှင်နဲ့ ဝါဒပြိုင်နေတုန်း နောက်က လိစ္ဆဝိမင်းသားလေးတွေက တတွတ်တွတ် လုပ်ကုန်ပြီ၊ "သစ္စကကြီး ဘုရားကိုနိုင်အောင် ပြောမယ်လို့ ဆိုပြီး ဘယ့်နှယ်လဲကွ" လို့ နောက်က တတွတ်တွတ် ပြောကြလေ၊ သူ့မှာ ချွေးတွေပြန်လေပေါ့၊ ရှေ့က ဘုရားကမေး၊ နောက်က လိစ္ဆဝိမင်းသားတွေက ပြောနဲ့ သစ္စကမှာ ညှပ်ပူးညှပ်ပိတ်နဲ့ ဒုက္ခကိုဖြစ်လို့။

ခန္ဓာ ၅ ပါး

ကိုယ့်ခန္ဓာမှာ ခန္ဓာငါးပါးကလွဲလို့ ဘာမှ မရှိဘူး၊ ရှိတာက ရူပက္ခန္ဓာ၊ ရူပက္ခန္ဓာလို့ဆိုတာ ပါဠိလို ပြောထားတာ၊ ဒီခန္ဓာကြီးမှာ ရုပ်စု ရုပ်ပုံ ရုပ်မွှားလေးတွေ ပေါင်းစုံ တွဲနေတာဘဲ ရှိတယ်၊ အဲဒါကို ရူပက္ခန္ဓာ၊ ထင်လွယ်မြင်လွယ်အောင်လို့ ဒီကိုယ်ကြီးတခုလုံး သိမ်းကြုံးပြီး ပြောထားလိုက်တာ၊ ဝိပဿနာနယ်က ဒီ ရူပက္ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တ ရှုပြီလို့ဆိုတော့ ဒီခန္ဓာ အကောင်ကြီးပေါ်မှာ ရှုတာဟာ အကြမ်းစားရှုနည်း ဖြစ်တယ်၊ အမှန်စင်စစ်ကတော့ ရုပ်နာမ် ဓမ္မ သဘာဝအပေါ်မှာ လှုစ်ကနဲလှုစ်ကနဲ၊ ယုတ်ကနဲယုတ်ကနဲ ပေါ်ပြီး ပျောက်သွား၊ ဖြစ်ပြီးပျက်သွားတဲ့ သဘောလေးတွေ၊ အမူအရာကြီယာသဘောလေးမျှ ယုတ်ကနဲယုတ်ကနဲ၊ ဖြတ်ကနဲဖြတ်ကနဲ ဖြစ် ပျောက်သွားတဲ့ သဘောလေးတွေ၊ ဖြစ် ပျက်သွားတဲ့ သဘောလေးတွေ ဒီအထိ ထင်လာမှ ရူပက္ခန္ဓာဟာ ဝိပဿနာ ဉာဏ်ထဲမှာ ထင်တယ်။

အားလုံးကို နားလည်အောင်ပြောလိုက်ရရင် ဒီခန္ဓာကိုယ်ကြီးမှာ ရုပ်စု ရုပ်ပုံကြီးကတစု ဖြစ်တယ်၊ ရုပ်ကို ပါဠိလို ရူပ၊ အစုအပုံလို့ ဆိုတာက ခန္ဓာ၊ ၂ခုပေါင်းတော့ ရူပက္ခန္ဓာ၊ မှုန့်မှုန့် မှုန့်ညက်ကလေး တွေ မြေညက်မှုန့် အစုကလေးတွေကို ရေနဲ့ နယ်ပြီးတော့ ခဲအောင် သမအောင်လုပ်ပြီးတော့ နွားရုပ်၊ ကျွဲရုပ်၊ မင်းသားရုပ်၊ မင်းသမီးရုပ် စသည်တွေ ပြုလုပ်လို့ ဖြစ်လာနိုင်တယ်၊ အဲ့ဒီ အရုပ်ကလေးတွေကို ပြန်ပြီး ဖျက်ကြည့်လိုက်မယ်လို့ ဆိုရင် ရုပ်မှုံ ရုပ်မွှားကလေးတွေ ကိုဘဲ ပြန်ပြီးတော့ တွေ့နိုင်တယ်။

ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီး တည်ဆောက်ထားလိုက်တဲ့ ရုပ်မှုံ ရုပ်မွှားတွေကလဲ ဒီလိုဘဲ၊ အဲဒီ ရုပ်မှုံ ရုပ်မွှားလေးတွေ ကိုဘဲ ပရမတ်နဲ့ ခွဲပြီး ပြောလိုက်ရရင် အဆပေါင်းများစွာခွဲပြီး မြင်နိုင်တဲ့ မှန်ဘီလူးကြီးနဲ့ မြင်ရတဲ့ ရုပ်စု ရုပ်ပုံ ရုပ်မွှားလေးတွေ သည်ပင် ပရမတ္ထမဟုတ်သေးဘူး၊ ပညတ်သဘောမျိုးရှိနေသေးတယ် ၊ပရမတ် အစစ် ဆိုတာကြတော့ အမှုအရာမျှပါဘဲ၊ အလုံး အပြား အဝိုင်း ပုံသဏ္ဌာန်ဆိုလို့ ဘာမျှ ခေါ်လို့ မရနိုင်ဘူး၊ ဉာဏ်ထဲမှာ လှစ်ကနဲ အာရုံအဖြစ်နဲ့ ထင်တဲ့ ရုပ်စု ရုပ်ဆိုင်၊ အဲဒါကိုကြတော့မှ ရုပ်စစ်၊ ပရမတ္ထနယ်တဲ ဆိုက်ရောက်သွားတဲ့ရုပ်လို့ ခေါ်တယ်။

ကမြင်းမနီကောင်လေးတွေဟာ သေးသေးလေးပါဘဲ၊ အဲဒီ ကမြင်းမနီကောင်လေးတွေမှာဘဲ ရုပ်စု ရုပ်မွှားလေးတွေ ကုဋေ ကုဋာပေါင်း များစွာ ရှိနေတယ်၊ ပရမတ္ထဆိုက်တဲ့ ရုပ်တခုလို့ ဆိုတာ ပုံသဏ္ဌာန်နဲ့ ပြောလို့ကို မဖြစ်နိုင်ဘူး၊ သဘောမြီမြီမျှ

လေးဘဲ ရှိတယ်၊ အဲဒီ သဘောမြိုမြိုမျကို ဆိုက်အောင် ဉာဏ်နဲ့ ရှုနိုင်မှ ဝိပဿနာ ဖြစ်တယ်၊ အဲဒီ ရုပ်ကတခု၊ ဝေဒနက္ခန္ဓာလို့ ခေါ်တဲ့ ခံစားမှု၊ မျက်စိပေါက်ကဘဲ ဆိုပါတော့ မြင်လိုက်ရင် ကြည့်လို့ ကောင်းသားဘဲလို့ ဆိုတာလေး ရှိတယ်၊ အဲဒါကို ခံစားမှု သုခဝေဒနာလေးလို့ဘဲ ခေါ်တယ်။

ကြည့်လို့ မကောင်းလိုက်တာလို့ တခါတခါ ပေါ်တယ်၊ အဲဒါကို ဒုက္ခဝေဒနာလို့ ခေါ်တယ်၊ တခါတခါကြတော့ ကြည့်ကောင်းတာမဟုတ်၊ ကြည့်မကောင်းတာရယ်လို့လဲ မဆိုသာတာ ရှိတယ်၊ တရားနာလာရင်းဘဲ လမ်းမှာ ဟိုအာရုံ ဒီအာရုံတွေ တွေ့ခဲ့ကြပါလိမ့်မယ်၊ စိတ်ထဲမှာ ကောင်းလှတယ်လို့လဲမဟုတ်၊ မကောင်းဘူးလို့လဲ မဟုတ်တဲ့သဘောတွေ ဖြစ်ပေါ်လာခဲ့တယ်၊ အဲဒါကို "ဥပေက္ခာဝေဒနာလို့" ခေါ်တယ်၊ အဲဒီ ဝေဒနာပေါင်းစုံကလဲ ဒီခန္ဓာထဲမှာ တဖြုန်းဖြုန်း တရှန်းရှန်း ဖြစ်ပျက်ပြီးတော့ နေကြတာလို့ ဆိုတော့ အဲဒီ နာမ်ခန္ဓာတွေရဲ့ အစုအဝေးကို ဝေဒနက္ခန္ဓာ-ခံစားမှုလို့ ခေါ်တယ်၊ ဝေဒနာ- ကောင်းတယ် မကောင်းဘူး၊ ကောင်းတယ်လဲမဟုတ်၊ မကောင်းတယ်လဲမဟုတ်တဲ့ ဝေဒနာ၊ ခန္ဓာ-အစုအပုံ။

သညာက္ခန္ဓာကြတော့ ကျုပ်ကို မှတ်ထားလိုက်ကြပါနော်၊ ကျုပ် မှတ်ထားပါတယ်၊ မှတ်မိပါတယ်၊ ကျုပ်ပစ္စည်းတွေက ဘယ်လောက်ရှိတယ်နဲ့ မှတ်သားကြတယ်၊ အဲဒါကို သညာက္ခန္ဓာလို့ ခေါ်တယ်၊ ဒီသညာက္ခန္ဓာ အစုအပုံကြီးတွေကလဲ အားလုံးရဲ့

သဏ္ဌာန်မှာ အကြိမ်ပေါင်းများစွာ အစုပေါင်းများစွာ ဖြစ်ပျက်လို့နေကြတယ်၊ သညာ – မှတ်သား တတ်တဲ့၊ ခန္ဓာ – အစု အပုံ၊ ဒီမှတ်သားမှု အစုအပုံကြီးတွေကိုဘဲ "သညက္ခန္ဓာ" လို့ ခေါ်တယ်၊ မှတ်ထားပါနော်၊ ကျုပ်များ တွေ့ရင် ခေါ်ပါနော်လို့ ပြောကြသေးတယ်၊ ကျုပ်ကလဲ မှတ်ထားပါမယ်၊ အိမ်က ဘယ်နားမှာပါ မှတ်ထား၊ ဘယ်လိုလာရမှာ၊ မှတ်ထားပါလို့ ဆိုတာ အားလုံးသည် သညက္ခန္ဓာကို ပြောနေကြတာချည့် ဖြစ်တယ်။

သင်္ခါရက္ခန္ဓာကြတော့ စေ့ဆော် တိုက်တွန်းမှု၊ တရားနာသွားကြရအောင်၊ တရားနာ သွားမယ်၊ ကုသိုလ်လုပ်ငန်းကို လုပ်အုံးမယ်၊ လှူအုံးမယ်လို့ ဆိုတာတွေဟာ စေတနာဘဲ၊ အဲဒီစေတနာတွေ ဦးစီးနေတဲ့ နာမ်ခန္ဓာကြတော့ သင်္ခါရက္ခန္ဓာ၊ သဘော သဘာဝအနေနဲ့ ဖြစ် ပျက် နေတာလေးတွေကို လိုက်ပြီး ခေါ်ပေးနေတာပါ၊ အဲဒီ သင်္ခါရက္ခန္ဓာ ဆိုတာ စေတနာ၊ အဲဒီ စေတနာလေးက ဘာလုပ်တတ်တုန်းလို့ ဆိုတော့ လှူအောင် ဒါန်းအောင် လုပ်တတ်၊ စေ့ဆော်တတ်ပါတယ်၊ တရားနာ သွားအောင်လဲ လုပ်တတ်တယ်၊ သတ်အောင်၊ ဖြတ်အောင်၊ ခိုးအောင်၊ ၄ှက်အောင် တိုက်တွန်းတယ်လို့ဆိုတာ သင်္ခါရက္ခန္ဓာရဲ့ သဘောဘဲ။

ဝိညာဏက္ခန္ဓာလို့ ဆိုတာကြတော့ သိမှု သဘောကလေး၊ အာရုံကို တွေ့သဘော၊ သိသဘောလို့ ဆိုတာကိုဘဲ ဝိညာဏက္ခန္ဓာလို့ ခေါ်တယ်၊ မျက်စိပေါက်က မြင်နေရတာကလေးမှာပင် ခန္ဓာငါးပါးလုံး ပါဝင်နေတယ်၊ မျက်စိပေါက်က မြင်မှုကိစ္စ တခုမှာ

အင်္ဂါရှိသေးတယ်၊ မျက်စိပေါက်အတွင်းမှာ မှန်ရုပ် အကြည်ရုပ်ရှိမှ မြင်နိုင်တယ်၊ အတွင်းခံ စက္ခုပသာဒရုပ်မရှိဘဲနဲ့ မျက်စိက မြင်လို့ မရနိုင်ဘူး၊ မွေးကတည်းက စက္ခုပသာဒရုပ် ချို့တဲ့လာတဲ့သူတွေ ကြတော့ မြင်မှုလို့ဆိုတာ မရှိနိုင်တော့ဘူး၊ ဒါဖြင့် မြင်တယ်လို့ ဆိုတာ အတွင်းက စက္ခုပသာဒရုပ်လို့ ခေါ်တဲ့ အခံရုပ်၊ အပြင် ဘက်ကလာပြီးတော့ တိုက်တယ်လို့ဆိုတဲ့ မြင်စရာအာရုံရုပ်၊ ဒီ ၂ခု တိုက်မှ မြင်မှုလို့ဆိုတာ ပေါ်လာနိုင်တယ်။

မှန်ကြီး ထောင်ထားလိုက်ရင် ရှေ့က ဖြတ်သွားသမျှ မြင်ကြရမယ်၊ အဲဒီ မှန်ရှေ့က ဖြတ်သွားတာမှန်သမျှက ရူပါရုံနဲ့ တူတယ်၊ ကိုယ်လုံးပေါ်မှန်ကြီးက အတွင်းက စက္ခုပသာဒလို့ ခေါ်တဲ့ အခံရုပ်ခံတာနဲ့တူတယ်၊ မြင်ဆိုတဲ့ကိစ္စမှာ အတွင်းခံ စက္ခုပသာဒရုပ်လို့ ခေါ်တဲ့ ပသာဒရုပ်ရယ်၊ လာပြီးတော့တိုက်တဲ့ ရူပါရုံရုပ်ရယ်၊ ပေါင်းမိပြီး ဆုံမိတော့မှ မြင်ဆိုတဲ့စိတ် ပေါ်လာတယ်၊ အပြင်က လာပြီးတော့ တိုက်တာ မရှိအောင် မျက်စိကို မှိတ်ပြီးတော့ထား လိုက်ရင် မြင်မှုလို့ဆိုတာ မရှိတော့ပါဘူး၊ ဒါဖြင့် မြင်မှုဆိုတဲ့ ကိစ္စမှာ စက္ခုပသာဒနဲ့ ရူပါရုံတို့ရဲ့ တိုက်ဆိုင်မှု ရုပ်တရားတွေ ပါနေတယ်။

## မြင်မှုကိစ္စ၌ ခန္ဓာ ၅ပါး ပါပုံ

အဲဒီ မြင်မှုကိစ္စမှာ စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်လိုက် တော့မှ မီးခတ်နဲ့ မီးခတ်ကျောက် ခတ်လိုက်တော့ ကြားထဲမှာ

မီးကလေး ပေါ်လာသလို မြင်သိစိတ် ဆိုတဲ့ စက္ခုဝိညာဉ်စိတ် ကလေးတခု ပေါ်လာတယ်၊ အဲဒီ သိတာလေးကို "စိတ်" လို့ ခေါ်တယ်၊ "ဝိညာဏက္ခန္ဓာ"လို့ ခေါ်တယ်၊ စက္ခုပသာဒ အစိုးရုပ်နဲ့ ရူပါရုံ အတိုက်ရုပ်က ရူပက္ခန္ဓာ၊ သိစိတ်ကလေးက ဝိညာဏက္ခန္ဓာ၊ ဝိညာဏ–စိတ်၊ ခန္ဓ–အစုအပုံ၊ တခုထဲဖြစ်သွားတာမဟုတ်ဘူး၊ လက်ဖျစ်တတောက်(တစက္ကန့်လောက်) အချိန်ကလေးမှာ ကုဋေ တသိန်းလောက် ဖြစ်သွား ပျက်သွားတာ၊ အဲဒီစိတ် အစုအပုံကြီးကို "ဝိညာဏက္ခန္ဓာ" လို့ ခေါ်တယ်၊ ဒီတော့ မြင်မှုကိစ္စလေး တချက်မှာ ရူပက္ခန္ဓာရယ်၊ ဝိညာဏက္ခန္ဓာရယ်၊ ခန္ဓာ ၂ ပါး၊ အစုအပုံ ၂ မျိုး၊ အဲဒီ မြင်လိုက်တာလေးကိုဘဲ ကောင်းတယ် မကောင်းဘူးလို့ ဆိုတဲ့ ခံစားမှုလေးလဲ ပါတယ်၊ အဲဒါ ဝေဒနက္ခန္ဓာ။

အဲဒီ ခံစားလို့ကောင်းတာလေးကို မှတ်ထားလိုက်တယ်၊ ဒါက ကောင်းတယ် ဒါက မကောင်းဘူး လို့လဲ မှတ်သားမှုလေးလဲ ရှိတယ်၊ အဲဒါ သညာက္ခန္ဓာ၊ ကြည့်မြင်မှုကိစ္စ ပေါ်အောင် ကြည့်လို့ကောင်းတော့ ထပ်ပြီး ကြည့်အောင်၊ မကောင်းတော့ မကြည့်အောင် တိုက်တွန်းစေ့ဆော်မှုလဲ ပါတယ်၊ အဲဒါက သင်္ခါရက္ခန္ဓာ၊ ဒီတော့ မြင်တဲ့ကိစ္စလေး တခုထဲမှာဘဲ "မြင်သိ ခံစား၊ မှတ်သားပြုပြင်"တဲ့၊ "မြင်"လို့ ဆိုတာ ရူပက္ခန္ဓာကို ပြောလိုက်တာဘဲ၊ "သိ"လို့ဆိုတာ ဝိညာဏခန္ဓာကို ပြောလိုက်တာ၊ "ခံစား" လို့ ဆိုတာက ဝေဒနက္ခန္ဓာကို ပြောလိုက်တာ၊ "မှတ်သား"လို့ ဆိုတာက သညာက္ခန္ဓာကို ပြောလိုက်တာ၊ "ပြုပြင် (စေ့ဆော်၊ တိုက်တွန်း)"လို့ ဆိုတာကြတော့ သင်္ခါရက္ခန္ဓာကို ပြောလိုက်တာ။

## ကြားသိနဲ့ ပွားသိဉာဏ်

မျက်စိပေါက်က ကြည့်လိုက်တဲ့ အခိုက်အတန့်ကလေးမှာဘဲ ခန္ဓာငါးပါး ပါနေပြီ၊ ကိုယ်မသိလိုက်ပေမယ်လို့ ပါလျက်ချည့်ဘဲ၊ ဘုန်းကြီးတို့က သုတမယဉာဏ်နဲ့ ဒီအသိလေးကို သိပါစေလို့၊ ဒီသဘောလေးကို ပေါက်ကြပါစေလို့၊ မြင်လိုက်တဲ့ အခိုက်အတန့်မှာ၊ ခန္ဓာငါးပါး ပါနေပုံကို သိပါစေလို့ဆိုပြီး ပြောနေရတယ်၊ သုတမယဉာဏ်နဲ့ သိပြီးတဲ့နောက် ထပ်တလဲလဲ ကြိုးစား၊ သိအောင် ကြိုးစား၊ ဖြင်ပျက်မှုကို သိအောင်ကြိုးစား၊ ဖြစ်ပျက်ကို ရှုနေလိုက်ရင် ခန္ဓာငါးပါး တပါးပါးကို ရှုမိရက်ဖြစ်နေပြီလို့ ဆိုရတော့ ဘာဝနာမယဉာဏ် သူ့ဟာသူ ပေါ်လာမယ်တဲ့၊ ပွားသိ ဖြစ်သွားမယ်ပေါ့။

အဲဒီ ပွားသိကလဲ ဘာဝနာမယဉာဏ် ဆိုတာ၊ ကြားသိကမှ တဆင့် တက်ရတာ၊ ကြားသိကိုမှ မယူလိုက်ရင် ခန္ဓာငါးပါးကို ပွားသိကို မရှုတတ်ပါဘူး၊ ကြားသိဗဟုသုတ ရှိဘို့ရာလဲ အတော်ကိုဘဲ လိုပါတယ်၊ ခန္ဓာငါးပါး ဖြစ်တယ် ပျက်တယ်ကိုမှ မကြားဘူးရင်လဲ မရှုတတ်ပါဘူး၊ ဒါ့ကြောင့် မြင်လိုက်တာက ရုပ်၊ ရူပက္ခန္ဓာ၊ သိ-ခံစား၊ မှတ်သား ပြုပြင်တာက နာမ်၊ နောက်ခန္ဓာ ၄ ပါးက စိတ်-စေတသိက်တွေမို့လို့ နာမ်တရားလို့ ခေါ်တယ်၊ ရုပ်နာမ်နှစ်ခု ပေါ်တာဘဲ၊ မြင်တော့ ဘာဖြစ်တုန်း၊ မြင်တော့ မြင်လိုက်တဲ့ အခိုက်အတန့်ကလေးမှာ ငါ-သူတပါး၊ ယောကျ်ား မိန်းမလို့ ဝင်ပြီး စွဲလိုက်တတ်ကြတယ်၊ ငါ မြင်တယ်လို့လဲ

ပြောကြတယ်၊ မြင်လိုက်တာက စက္ခုပသာဒနဲ့ ရူပါရုံနဲ့ မြင်စိတ်ရဲ့ လုပ်ငန်း၊ ဝေဒနာ, သညာ, သင်္ခါရတွေရဲ့ လုပ်ငန်း၊ အဲဒါကို လူက ကြားကာဝင်ပြီးတော့ ငါ-သူလို့ လုပ်လိုက်ကြတယ်။

ကြားမှာ မဝင်လိုက်ကြပါနဲ့တဲ့၊ ကြားမဝင်လိုက်တော့ ဘာဖြစ်တုန်းလို့ဆိုတော့ ကြားမဝင်လိုက်တော့ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေဘဲလို့ ဉာဏ်နဲ့ သိလိုက်ပါတဲ့၊ အဲဒီလို သိလိုက်တော့မှ တသံသရာလုံးက စွဲလာခဲ့တဲ့ အမြင်မှားတွေ အယူမှားတွေ ကွာသွားတယ်တဲ့။

## တွေးသိနဲ့ ပွားသိဉာဏ်

မျက်စိပေါက် တပေါက်ထဲမှာဘဲ ခန္ဓာငါးပါး ဖြစ်ပုံရယ်, အဲဒီခန္ဓာငါးပါးအပေါ်မှာ ဒိဋ္ဌိခွဲပုံကိုလဲ ဉာဏ်လေးနဲ့ သိလိုက်ပါတဲ့၊ ဒါဖြင့် ဘယ်လိုလုပ်ရမှာတုန်းဘုရား တွေးသိရမှာလားလို့ဆိုတော့ တွေးသိ မဟုတ်ဘူးတဲ့၊ အဲဒီ တွေးသိက " စိန္တာမယဉာဏ် " လို့ ခေါ်တယ်၊ ဘုရားရှင်ရဲ့ တရားတော်ကလဲ တွေးပြီးသိရမှာမဟုတ်ဘူး၊ ပွားသိနဲ့ သိရမှာ၊ မြင်လိုက်တဲ့ အခိုက်အတန့်ကလေးမှာဘဲ ရုပ်နာမ် ဖြစ်ပျက် ဖမ်းရှု၊ ကြားလိုက်တဲ့ အခိုက်အတန့်, နံလိုက်တဲ့ အခိုက်အတန့်, လျက်လိုက်တဲ့ အခိုက်အတန့်, တွေ့ထိလိုက်တဲ့ အခိုက်အတန့် အားလုံးကို ဒီလိုဘဲဖမ်းပြီး ရှုနေမှာ။

ဒီလို မြင်ခိုက်မှာ ရှုလိုက်တာနဲ့ အရှုခံ ရုပ်နာမ်နဲ့ ရှုဉာဏ် တည့်ရဲ့လားလို့ဆိုတော့ စက္ခုပသာဒနဲ့ ရူပါရုံက ရုပ်၊ သိတာရယ်,

ခံစားတာရယ်၊ မှတ်သားတာရယ်၊ စေ့ဆော်လိုက်တာရယ်လို့ ဆိုတာတွေက နာမ်၊ ဟော–ချုပ်လိုက်တော့ ရုပ်နဲ့နာမ်ဘဲရှိတယ်၊ ရှုလိုက်တာကလဲ ရုပ်နာမ်ဘဲလို့ ဆိုပြီးတော့ ရှုတာနဲ့ အရှုခံ ရုပ်နာမ်နဲ့ တည့်သွားတယ်၊ အဲဒါသည်ပင် ရုပ်နာမ်ကို ပိုင်းခြားသိတယ်လို့ ခေါ်တယ်၊ နာမရူပပရိစ္ဆေဒဉာဏ် ပေါ်လာတာဘဲ၊ အဲဒီ ရုပ်နာမ်ကလေး သည်ပင် ဖြစ်ပျက်၊ ပေါ်-ပျောက် သွားဘာမို့ ဖြစ်ပျက်ကို မြင်သွားတယ်လို့ ဆိုရတယ်၊ ဟိုကလဲ ဖြစ်ပျက်၊ ဒီကလဲ ဖြစ်ပျက်လို့ ရှုလိုက်တာလို့ ဆိုတော့၊ အရှိန့် အသိကလဲ ထပ်မိသွားတယ်။

အဲဒီ အသိမျိုးကလေးတွေ တခဏခြင်း ဖြစ်ရာကနေပြီးတော့ များများကြီး ဖြစ်လာအောင်၊ များရာက ဒီထက် များများကြီး ဖြစ်လာအောင် ကြိုးစားဘို့ လိုနေပြီ၊ အဲဒီလိုဆိုရင် တဖြေးဖြေးနဲ့ ဒိဋ္ဌိ တဏှာတွေ နဲ့သွားတယ်၊ နဲ့ရာက ကျဲ၊ ကျဲရာကနေပြီး ပါး၊ ပါးရာက နေပြီးတော့ ပေါက်၊ ပေါက်ရာက နေပြီး ပျောက်သွားတယ်လို့ ဆိုတာ အရိယာစခန်း တက်လှမ်းပြီးသား ဖြစ်သွားနိုင်တယ်၊ ဒီမျက်စိတပေါက်ကိုဘဲ နမူနာထားပြီးပြောလိုက်ရင် ကျန်တဲ့ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောပေါက်က ခန္ဓာငါးပါးလုံး နားလည်လောက်ပါတယ်၊ ကဲ.... လိုက်ဆိုကြပါ။

မြင် သိ ခံစား၊ မှတ်သား ပြုပြင်၊
ရုပ်နာမ် အစု၊ ငါးခုပေါ်လျှင်၊
ငါ သူတပါး၊ အကြားမဝင်၊
ဉာဏ်နဲ့သိ၊ ဒိဋ္ဌိ ကွာမည်ပင်။

စိတ်ဆိုတဲ့ တရားကလဲ ဟာဒယဝတ္ထုလို့ ခေါ်တဲ့ နှလုံးသား ရုပ်ပေါ်မှာ မှီပြီးတော့ ကြံတယ်၊ သိတယ်၊ ဒီတော့ ဟာဒယဝတ္ထုရုပ်က ရူပက္ခန္ဓာ၊ ကျန်တာက ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာတွေပေါ့၊ ခန္ဓာငါးပါး ဖြင့်ပုံကို ဒွါရခြောက်ပါးက နေပြီးတော့ ဒကာ ဒကာမတွေကို သုတမယဉာဏ်နဲ့ ကြားသိကလေး ဖြစ်သွားအောင် ဘုန်းကြီးကပြောပေးနေပါတယ်၊ အဲဒါကို ပွားသိဖြစ်သွားအောင် ဘယ်ဒွါရပေါက်ကဘာဘဲပေါ်ပေါ်၊ မြင်သိရုပ်နာမ်ဖြစ်ပျက်၊ ကြားသိ ရုပ်နာမ် ဖြစ်ပျက် စသည်ဖြင့် ရှုပေးပါ၊ အဲဒီလို ဖမ်းပြီး ရှုနေတော့ ပရမတ္ထသဘာဝ ရုပ် နာမ် ဖြစ်ပျက်ကလေးတွေ အသေးစိပ်ပေါ်လာပြီး အလေ့အလာ များသလောက် ပေါ်လာ မြင်လာပါလိမ့်မယ်။

## ဆယ်ဘဝနဲ့ အို, နာ, သေ, ငြိမ်းလျှင်လဲ အရှုံးမရှိပါဘူး

နောက်တော့ အလေ့အလာ များလာပြီလို့ ဆိုတော့ ဘာကိုဘဲ မြင်လိုက် မြင်လိုက် သူ့ဟာသူ ရုပ်နာမ် ဖြစ်ပျက်၊ ဖြစ်ပျက်လို့ မြင်လိုက်တဲ့ ဉာဏ်က ဦးစီးပြီးတော့ လာတယ်၊ မိမိကပင် တမင် ကြောင့်ကြ မစိုက်ရဘဲနဲ့ ဖြစ်ပျက် ပေါ်လာတိုင်း ရှုမိရက်သားချည့် ဖြစ်သွားတယ်၊ နာရီများ သံပတ်ကလေး ပေးထားလိုက်တော့ သူ့ဘာသာ တချက်ချက်နဲ့ လှုပ်ရှားသွားနေသလိုပေါ့၊ ရှုအား သန်လာပြီလို့ဆိုတော့ သူ့ဟာသူ နိုင်လာလိမ့်မယ်၊ ဒီလို နိုင်ပေါင်း များလာပြီလို့ ဆိုတော့ အရိယာ စခန်းထိအောင် ဒီဘဝ, သို့မဟုတ်ရင် နောက်တဘဝ၊ နောက်တဘဝ

မဟုတ်ရင် ဘဝ တခုခုမှာတော့ ကျေးဇူး ပြုပါလိမ့်မယ်၊ နောက်ဆုံး ဆယ်ဘဝနဲ့ မင်္ဂဖိုလ်ကို ရမယ်လို့ ဆိုတောင်မှ အရှုံး မဟုတ်နိုင်သေးပါဘူး၊ အမြတ်ပါဘဲ။

ဘဝ အသင်္ချေနဲ့ အနန္တ ထပ်တလဲလဲ အိုရ နာရ သေရမည့် ဒုက္ခတွေ ဒင်းကြမ်းဖြစ်မဲ့ ကိစ္စမှာ (၁၀) ဘဝနဲ့ ကုန်သွားတယ် ဆိုရင် အမြတ် ရတာဘဲပေါ့၊ ဒီတော့ ရုပ်နာမ် ခန္ဓာငါးပါးရဲ့ အပေါ်မှာ ရှုကွက်၊ ရှုပုံ၊ ရှုနည်း သိပြီလို့ဆိုရင် သစ္စကာပရမိုဇ်ရဲ့ နယ်တွင်းက လွတ်လိမ့်မယ်၊ ဒီလိုမှမဟုတ်ရင် သစ္စကဂိုဏ်းသားတွေ ဖြစ်သွားမယ်။

## သစ္စကမှာ အထိုကလေးရ

အဲဒီလို သစ္စကကို မြတ်စွာဘုရားက ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပြပြီးတော့ ဟောတော်မူလိုက်တယ်၊ ဒါပေမဲ့ ပင်ကိုယ်က ဒိဋ္ဌိအယူစွဲကြီးက ခတ်ခံရှိနေလို့ သစ္စက တရားရသွားတယ်လို့ ဒီနားမှာ စာထဲမှာ ပါမလာဘူး၊ ဒါပေမဲ့ နောက်ပိုင်းမှာကြတော့ တရားထူး ရသွားပါတယ်၊ အဲဒီလို နောင်အချိန် တရားထူးရဘို့ ယခုအခါ အထိုကလေး ရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားရှင် ကလဲ တရားပြနေရတာ။

ဒါနဲ့ ဘုရားကို ကြည်ညိုပြီး ဘုရားရှင် ကိုယ်တော်မြတ်ကို ဆွမ်းစားများတောင် ပင့်သွားလိုက်သေးတယ်၊ ဆွမ်းစားပင့်တယ်

လို့ ဆိုပေမဲ့ "သူကြီးဘုရား အမျှားကောင်းမှု" ဆိုတာလို သူ့ရဲ့ တပည့်တွေက ရှိနေကြတာဖြစ်တော့ "ကဲ-ငါ မနက်ဖန် ဘုရားရှင်ကို ဆွမ်းကပ်မယ်" လို့လဲ ပြောလိုက်ရော တပည့်ဖြစ်တဲ့ လိစ္ဆဝီမင်းသား တွေက အသီးသီး ဆွမ်းတွေ ဟင်းတွေ ချက်ပြုတ်ပြီး ပို့ကြလို့ ဘုရားရှင်ကို ဆွမ်းများ ကပ်လှူပြီးတော့ ဘုရားရှင် ကိုလည်း ဆည်းကပ်ကိုးကွယ်တဲ့ အမျိုးသားတွေ ဖြစ်သွားကြတယ်၊ တရားထူး ရတယ်လို့ မပါဘူးနော်၊ ဘုရားက ယခု လောလောဆယ်မှာ တရားထူးမရမှန်း သိရဲ့နဲ့ ဘာပြုလို့ ဒီလောက် ပြောဟောနေရ သလဲဆိုတော့....

ဝါသနတ္တာယ... တဲ့၊ နောင် တရားထူးရဘို့ အထုံဝါသနာလေး ပါစိမ့်သောငှါ သစ္စကပရိဗိုဇ်မှာ နောင် ကျွတ်တန်းဝင်ဘို့ အတွက် အထုံကလေး ရသွားပြီးတဲ့၊ ဒါ့ကြောင့်လဲ နောင်တော့ တရားထူး ရသွားပါတယ်၊ စောစောက ခန္ဓာ ငါးပါး ဖြစ်ပုံ ကလေးတွေ ပျက်နေပုံကလေးတွေကို ဘုန်းကြီးက ခွဲခြားပြီး ပြောလိုက်တော့ အားလုံး တရားနာ ပရိသတ်တို့မှာလဲ အထုံကလေး ရသွားပြီ၊ အဲဒီ အထုံကလေးလောက် ရသွားပြီလို့ ဆိုရင်ဘဲ ဘုန်းကြီးမှာလဲ မောရကျိုးနပ်၊ ပရိသတ်မှာလဲ အကျိုးရှိတန် သလောက် ရှိသွားပြီ။

သစ္စကာဠ- မစင်မဖြူ၊ မိစ္ဆာယူဖြင့်၊ မည်သူ့ကိုမျှ၊ မာန်မချဘဲ၊ ဝါဒချင်းပြိုင်၊ သူကပိုင်အောင်၊ အနိုင်လွမ်းမိုး၊ အယူဆိုးသည့်၊ တိတ္ထိမျိုးမိုက်၊ သစ္စကပရိဗိုဇ်ကိုလည်း၊ အစ်နို- ဒိဋ္ဌိကိုချ၊ မဒါသကို ပယ်၊ မာန်စွယ်ကိုချိုး၊ သဒ္ဓါဖြိုးလျက်၊ ရှိခိုး တုပ်ကွ၊ ပြားပြား

ကျအောင်, ဆုံးမသွန်သင်, အောင်ပွဲတော် ယင်ခဲ့လေပြီ၊ ဧတေန
သစ္စဝဇ္ဇေန - အောင်ခြင်း ရှစ်ချက်, ဂုဏ်တော်နက်ကို, နှုတ်မြွက်
ဖေါ်ကြား, ဤ ဝစီသစ္စာစကားကြောင့်၊ မေ- မအောင်သေးခင်,
အောင်ကြွေးတင်ရှိ, အောင်မြင်ရန်မျှော်, တပည့်တော်၏၊ (ဝေါ
တုမှာကံ - မအောင်သေးခင်, အောင်ကြွေးတင်ရှိ, အောင်မြင်ရန်
မျှော်ခြောင်း, သင် တရားနာ ပရိသတ်အပေါင်း, သူတော်ကောင်း
တို့၏၊) ဇယမင်္ဂလံ-အောင်ရန်အတိတ်, အောင်နိမိတ်နှင့်, အောင်
ဘိသိက်ကျင်း, အောင်ဟိတ် သွင်းလျက်, အောင်ခြင်း စဉ်ကာ,
မင်္ဂလာသည်၊ ဟောတု-တက်သစ်နေဝန်း, ထွန်းသစ်လစန်း, ပွင့်သစ်
ပန်းသို့, ဆန်း အဖုံဖုံ, စခန်းစုံအောင်, အစွမ်းကုန်မသွေ့, ဖြစ်ပေါ်
ပါစေ သတည်း။

သာဓု....သာဓု....သာဓု....။

ကဲ....သစ္စကပရမိုဇ် အောင်မြင်တော်မူပုံကို အာရုံပြုပြီး ဒီလင်္ကာ
ကလေး ရွတ်ပြီး တရားပွဲ သိမ်းကြရအောင်၊ လက်အုပ်ချီထားပြီး
လိုက်ဆိုလိုက်ကြစမ်းပါ။

"တိတ္ထိညစ်ဆိုး, ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊
လက်စုံမိုးရှိ, ရှိခိုးဦးတင်၊
အောင်စေကြောင်း, ဆုတောင်း ပဏ္ဍာဆင်။

(၃ ခေါက် ချ, ဆို ။)

ဤကဲ့သို့ သစ္စကပရဗိုဇ်ကြီးအား အောင်မြင်တော်မူပုံ, ဘုရားရှင်ရဲ့ဂုဏ်ကို အာရုံပြုပြီး နာကြားကြရတဲ့ ဓမ္မသဝန ကုသိုလ်စေတနာ၊ သံဃာတော် (၁၀၀၀) ကျော်တို့အားလည်း သံဃဒါန ဆွမ်းသောင်းလှူပူဇော်ကြရ, ကန်တော့ကြရသောကုသိုလ်စေတနာ၊ ယခု တရားတော်ကို နာကြားကြရပြီး ဒါန သီလ ဘာဝနာတို့ကို အားထုတ်လိုက်ကြရသော ကုသိုလ်စေတနာတို့ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရား၏ ဖြစ်ပျက်ပုံကို မြင်အောင် အဖန်ဖန် ရှုပွားနိုင်ကြကုန်သည်ဖြစ်၍ ထို ဝိပဿနာမဂ်မှ တဆင့်တက်၍, အရဟတ္တမဂ် အရဟတ္တဖိုလ်ကြအောင် ကူးစက်ပြီးလျှင် ဒုက္ခခပ်သိမ်းတို့ရဲ့ အေးငြိမ်းရာမှန် အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို ဤဘဝ ဤကိုယ်ဖြင့်ပင် ရကြရ, ရောက်ကြရပါလိုကုန်သော ဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာ သတည်း။

သာဓု.... သာဓု.... သာဓု။

**သစ္စကပရဗိုဇ် အောင်မြင်တော်မူပုံ**
**ပြီး၏။**

# (၇) နန္ဒောပနန္ဒနဂါးမင်းကို အောင်မြင်တော်မူပုံ

[အမရပူရမြို့ အမှတ် (ဂ) မော်တော်ယာဉ်အသင်းကြီး၏ မဟာဘုံကထိန်ပွဲတော်၌ ဟောတော်မူသည်။]

၁၃၄၁—ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၂) ရက်နေ့ ညမှာ အမရပူရမြို့ (စိန်မြို့လည်ရုံကြီး)၌ ကျင်းပအပ်သော ဤတရားပွဲသည်ကား မန္တလေး-အမရပူရ အမှတ် (ဂ) လိုင်း မော်တော်ယာဉ်အသင်းကြီးရဲ့ (၂၃)ကြိမ်မြောက် မဟာဘုံကထိန်ပွဲတော်ကြီးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ တရားပွဲ၊ ဒါ့ကြောင့် ယနေ့ညအနေနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ "အပြင် အောင်ခြင်းရှစ်ပါး"လို့ ခေါ်ဆိုရတဲ့ အောင်ခြင်းရှစ်ချက်အနက်က ရှေ့ခြောက်ပါး အောင်မြင်တော်မူပုံကို ဟိုဟို ဒီဒီ ဟောခဲ့ပြီးဖြစ်သောကြောင့် ယနေ့ည နန္ဒောပနန္ဒနဂါးမင်း အောင်မြင်တော်မူပုံနှင့်, ဗကဗြဟ္မာကြီးအား အောင်မြင်တော်မူပုံ, ချေချွတ်တော်မူပုံကို ဟောရပါ့မယ်၊ ဟောဘို့အစီအစဉ်လဲ ရှိပါတယ်၊ ဒါ့ကြောင့် ဒီနေ့ည နှစ်မျိုးသော အောင်မြင်တော်မူပုံကို အာရုံပြုပြီး နာကြရအောင်။...

မာရံ ယက္ခံ ဂဇံ စောရံ,
စိဉ္စမာဏဉ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနော ဇိနိ,
ဟောတု မေ ဇယမင်္ဂလံ။

ဇိနော — အောင်သူတကာတို့၏ အထွဋ်, တမွတ် ဥသျှောင်, ဘုန်းခေါင် ဘုန်းဖျား, ငါတို့ မြတ်စွာဘုရားသည်၊ မာရဉ္စ — ဂိရိ

မေခလာ, ဆင်မဟာကို, လျင်စွာတက်စီး, ပလ္လင်နီးဝယ်, လေကြီး မိုးကြီး, ပြာပူမီးနှင့်, မှောင်ကြီးတတန်, ခဲလှံမကြွင်း, ပစ်ခတ် ခွင်းလျက်, အချင်း သိဒ္ဓတ်, ပလ္လင်မြတ်မှ, အမြန်ထလော့, စိန်းမြ ညိုလွင်, ဗောဓိပင်နှင့်, ပလ္လင်တော်ကား, ထင်အရှားပင်, သင်ကား မဆိုင်, ငါသာပိုင်ဟု, စွဲကိုင်လက်နက်, ရဲစစ်မက်ဖြင့်, အောက်ထက် ဝန်းရံ, သောသောညံအောင်, အသံဟစ်ကြွေး, မယဉ်ကျေးသည့်, ရန်ဘေးတသင်း, မာရ်နတ်မင်းကိုရှင်း။

ယက္ခဥ္စ– ခဲမိုး လှံမိုး, မီးကြီးမိုးကို, ရွာဖြိုး သွန်းချ, ယမ်းမီးကျသို့, ကောခပြောင်းထန်, ငါ့ ဗိမာန်မှ, အမြန်ထွက်သွား, နှင်ရက်အားသည့်, တရားကင်းကွာ, ကြမ်းကြုတ်စွာသား, အာဠဝက, တေဇထန်ပြင်း, ဘီလူးမင်းကိုရှင်း။

ဂဇဥ္စ-အစွယ်ထက်ချွန်, အရက်မွန်လျက်, အလွန်ဆိုးညစ်, အမုန် ရစ်၍, ရှင်ချစ်သေဌ်နှင်း, သုံးလူ့မင်းကို, အတင်းအကြပ်, ဝိညာဏ် ပြတ်အောင်, ထိုးသတ်အံ့ငှါ, ရှေးရှုလာသည့်, နာဠာဂိရိ, တောင်ရှိ နီးနီး, ဆင်ပြောင်ကြီးကိုရှင်း။

စောရဥ္စ—ခရီးဝေးကွာ, ယူဇနာကို, လျင်စွာ ပြေးစွမ်း, တော မြိုင်တန်းက, လူဖမ်း လက်ဖြတ်, သေအောင် သတ်၍, နန်းရပ်က ကျော်, မွေးမယ်တော်ကို, မြင်သော် စိုက်စိုက်, ခဲဖြင့် လိုက်၍, မကိုင်ရှထွင်ရှတင်, ဘုရားရှင်ကို, အသင် ရှောင်ဝေး, ဘယ့်ကြောင့် ပြေးဟု, ခဲရေးပြကာ, သတ်မည့် လာသား, လွန်စွာ ဆိုးဘိ, အင်္ဂုလိခေါ်, သူခိုးကျော်ကိုရှင်း။

စိဋ္ဌမာဏာဋ္ဌ— အလွန် ကောက်ကျစ်, တိတ္ထိညစ်တို့, အပြစ်ရှာကြံ, မကောင်း ဉာဏ်ဖြင့်, စိမံ ဆုံးဖြတ်, စေလွှတ် လတ်၍, ပရိသတ်ထဲ, အရှက်ကွဲအောင်, စွပ်စွဲတတ်စွာ, စိဋ္ဌမာ ဟု, သညာ ဖေါ်ထုတ်, မိန်းမယုတ်ကိုရှင်း။

သစ္စကံ— မစင်မဖြူ, မိစ္ဆာယူဖြင့်, မည်သူ့ကိုမျှ, မာန် မချဘဲ, ဝါဒချင်းပြိုင်, သူကပိုင်အောင်, အနိုင် လွှမ်းမိုး, အယူဆိုးသည့်, တိတ္ထိမျိုးမိုက်, သစ္စကပရဗိုဇ်ကိုရှင်း။

နာဂဋ္ဌ-ဒေါသလွှမ်းမိုး, မျက်စောင်းထိုးက, အရိုးကျေမွ, ဖွဲ့ပြာကျသို့, တေဇထန်ပြင်း, နန္ဒောပနန္ဒ နဂါးမင်းကိုရှင်း။

ဗကဋ္ဌ—ဉာဏ်မြင် ကင်းကွာ, နိစ္စသာ ဟု, မိစ္ဆာ လွှမ်းမိုး, အယူဆိုးသည့်, တန်ခိုး အရောင်, ထိန်ပြောင် ညီးညီး, ဗကာဗြဟ္မာကြီးကိုရှင်း။

အဇိနို—ဒိဋ္ဌိကိုချ, ဒေါသကို ပယ်, မာန်စွယ်ကို ချိုး, သဒ္ဓါဖြိုးလျက်, ရှိခိုးတုပ်ကွ, ပြားပြားကျအောင်, ဆုံးမသွန်သင်, အောင်ပွဲတော် ယင်ခဲ့လေပြီ၊ တေန သစ္စဝဇ္ဇေန - အောင်ခြင်း ရှစ်ချက်, ဂုဏ်တော်နက်ကို, နှုတ်မြွက် ဖေါ်ကြား, ဤ သစ္စာစကားကြောင့်၊ မေ- မအောင်သေးခင်, အောင်ကြွေး တင်၍, အောင်မြင်ရန်မြှော်, တပည့်တော်၏၊ (ဝေါ ဟု မှာကံ- မအောင်သေးခင်, အောင်ကြွေး တင်၍, အောင်မြင်ရန်မြှော်တောင်း, သင် တရားနာ ပရိသတ်

အပေါင်း၊ သူတော်ကောင်းတို့၏၊) ဇယမင်္ဂလံ-အောင်ရန်အတိတ်၊ အောင်နိမိတ်နှင့်၊ အောင်ဘိသိက်သွင်း၊ အောင်ဟိတ်ကျင်းလျက်၊ အောင်ခြင်း စဉ်ကာ၊ မင်္ဂလာသည်၊ ဟောတု—တက်သစ် နေဝန်း၊ ထွန်းသစ် လစန်း၊ ပွင့်သစ် ပန်းသို့၊ ဆန်း အဖုံဖုံ၊ စခန်းစုံအောင်၊ အစွမ်းကုန် မသွေ၊ ဖြစ်ပေါ်ပါစေ သတည်း။

သာဓု.... သာဓု.... သာဓု။

ဒီနေ့ နန္ဒောပနန္ဒနဂါးမင်းကို အောင်မြင်တော်မူပုံကို စတင်ပြီး ပြောရမှာဖြစ်ပါတယ်၊ အားလုံးသော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ကိုးကွယ်ရာသခင် ဘုရားရှင် ကိုယ်တော် မြတ်သည် သာဝတ္ထိပြည်မှန် ဇေတဝန် ရွှေကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူချိန်မှာ၊ အနာထပိဏ် သေဌေးကြီးက ဘုရားရှင်နှင့်တကွ နောက်ပါ သံဃာတော်များပါ ဆွမ်းစား ပင့်သွားတယ်၊ အနာထပိဏ် သေဌေးအိမ်ကို နံနက် စောစော သံဃာ ငါးရာနဲ့ ဆွမ်းဘုဉ်းပေး ကြွတော်မူရမဲ့နေ့မှာဘဲ ဘုရားရှင်တို့ရဲ့ ဓမ္မတာအတိုင်း နံနက်စောစော ကမ္ဘာလောကကြီး ထဲကို သဗ္ဗညုတာ ရွှေဉာဏ်ကွန်ယက် ဖြန့်ကြက်ပြီး ရှာတော်မူ၊ ကျွတ်ထိုက်တဲ့ သတ္တဝါကို ကြည့်တော်မူသောအခါ နန္ဒောပနန္ဒ နဂါး မင်းဟာ ဉာဏ်တဲမှာ ထင်လာတယ်။

အဲဒီလို ဉာဏ်ထဲမှာ ထင်လာပြီလို့ ဆိုရင်ဘဲ ထပ်ပြီးတော့ ငါ ဘယ်လိုချွတ်ရမှာတုန်း၊ ဘယ်တရား ဟောရမှာလဲ၊ ငါတပါးတည်း သွားရမှာလား၊ နောက်ပါ သံဃာနဲ့ သွားရမှာလား၊ ဘယ်လို

အခြင်းအရာနဲ့ ချွတ်ရမှာလဲ၊ ဘယ်လို ဖြစ်မှာတုန်း၊ ဘယ်လို သွားရမှာတုန်းလို့ တိုက်ပွဲဝင်ရမဲ့ အကွက်ကို အရင် ဆင်ခြင်တော်မူရ၊ ပြင်ဆင်တော်မူရပါသေးတယ်၊ ဒီတော့....

နာဂရာဇာ ဉာဏမုခေ ပါတုရဟောသိ= နန္ဒောပနန္ဒ နဂါးမင်းတော့ဖြင့် ဉာဏ်ဝမှာ ထင်လာပြီ၊ ကိံ နုခေါ သော ဘဝိဿတိ= ဘယ်လို ချွတ်ရမှာလဲ၊ ဘယ်လို ဆုံးမရမှာလဲလို့ ဆက်လက် ဆင်ခြင်သုံးသပ်တော်မူပြီးတဲ့နောက် အစီအစဉ်ကို ဆွဲတော်မူပြီး ဘုရားရှင်ကိုယ်တော်မြတ် နံနက်လင်းတဲ့ အချိန်မှာ အလုပ်အကျွေး အရှင်အာနန္ဒာကို ခေါ်၍ "အာနန္ဒာ... ယနေ့ နောက်ပါ ပရိသတ် ရဟန်းငါးရာ ခြံရံလျက် "ဒေဝစာရိက" လို့ ခေါ်တဲ့ နတ်ပြည်ခရီး ဒေသစာရီ ကြွချီတော်မူဖို့ လှည့်လည်ဖို့ အစီအစဉ်ရှိတယ်၊ အဲဒီ နတ်ပြည်ခရီး ဒေသစာရီ ကြွချီပြီးမှ ကျောင်းဒကာကြီး အနာထပိဏ်သေဌေး အိမ်ကို ဆွမ်းဘုဉ်းပေးကြွရလိမ့်မယ်၊ အဲဒီ အစီအစဉ်ကိုသာ ရဟန်းတော်များအား စီစဉ်ပေတော့"လို့ အရှင်အာနန္ဒာကို အမိန့်ချတော်မူလိုက်တယ်။

## ဘုရားရှင်နဲ့ ရဟန္တာငါးရာ တာဝတိံသာခရီး

ဒီတော့ အလုပ်အကျွေး အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ဒေသစာရီက နတ်ပြည်ခရီးကို ကြွတော်မူမယ်လို့ ဆိုကထဲက သာမန်တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေလောက်နဲ့ မဖြစ်ဘူးလို့ သိလိုက်တယ်၊ တန်ခိုးအရာမှာ ဒိတ်ဒိတ်ကျဲ မြေလျှိုး မိုးပျံ့ ဈာန်အဘိညာဏ်တွေ

ရထားတဲ့ ရဟန္တာ အရှင်မြတ်ကြီးတွေချည့် ရွေးတော်မူရတယ်၊ အဲဒီ ရွေးလိုက်တဲ့ ငါးရာထဲမှာလဲ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီး တောင်မှ မလိုက်ရဘူး၊ အဲဒီလို တန်ခိုး အဘိညာဉ်ရတဲ့ ရဟန္တာ အရှင်မြတ်ကြီးတွေကို ရွေးလို့ရတော့မှ ဇေတဝန်ကျောင်းကနေပြီး မြောက်အရပ် မြင့်မိုရ်တောင် ရှိရာသို့ ဦးတည်ပြီး တာဝတိံသာ ခရီးကို ကြွတော်မူလာတယ်။

နန္ဒောပနန္ဒ နဂါးမင်းရဲ့နေရာ ဘယ်နေရာလို့တော့ စာထဲမှာ မပါဘူး၊ သို့သော် ခန့်မှန်းကြည့်ရတာတော့ ဘုန်းကြီးတို့ဒေသနာတော် နည်းအရ ဆိုလို့ရှိရင် မြင့်မိုရ်တောင်မင်းရဲ့ ပတ်လည်မှာ သတ္တဘဏ္ဍရ - တောင်စဉ် ခုနစ်ထပ်လို့ ဆိုတာ ရှိသေးတယ်၊ အဲဒီ တောင်စဉ်ခုနစ်ထပ်ရဲ့ ကြားထဲမှာ သီတာ ခုနစ်တန်လို့ ခေါ်တဲ့ မြစ်ကြီး ခုနစ်စင်းကလဲ ကြားခြားပြီးတော့ နေတယ်၊ အဲဒီ သတ္တဘဏ္ဍရ- တောင်စဉ်ခုနစ်ထပ်နဲ့ သီတာခုနစ်တန် မြစ်ကြီး(၇)မြစ်ကို မရောက်ခင် ဒီဘက်မှာ နန္ဒောပနန္ဒ နဂါးမင်းရဲ့ ဘုံဗိမာန် ဖြစ်ရမှာဘဲ။

## နန္ဒောပနန္ဒရဲ့ သေသောက်ပွဲကြီး

အဲဒီနေ့မှာဘဲ နန္ဒောပနန္ဒ နဂါးမင်းဟာ သေသောက်ပွဲကြီး ကျင်းပနေတယ်၊ တသ္မိံ ဒိဝသေ အာပါဏဘူမိံ နန္ဒောပနန္ဒဿ သဇ္ဇယိံသု = နန္ဒောပနန္ဒနဂါးမင်း အတွက် အဲဒီနေ့မှာဘဲ သေသောက်ပွဲကြီး ပြင်ဆင် နေကြတယ်၊ နန္ဒောပနန္ဒ နဂါးမင်းက သေသောက်ပွဲကြီးကျင်းပမယ်လို့ စားစရာ သောက်စရာတွေပြင်ပြီး

ထားတယ်၊ သူက နဂါးမင်းကြီးလို့ ဆိုတော့ နဂါးပျိုမလေး တွေက ဘေးကဝိုင်းရံပြီးနေရတယ်၊ မဏ္ဍပ်ကနားတွေကလဲ ခမ်းနား၊ ဝတ်စားတန်ဆာတွေကလဲ ခမ်းခမ်းနားနား ပေါ့လေ၊ သူ့ဗိမာန် တခုလုံးကို ပြုပြင်မွမ်းမံပြီးတော့ နေကြရတယ်၊ မစားခင်မသောက် ခင်မှာဘဲ နန္ဒောပနန္ဒနဂါးမင်းကလဲ ပြင်ဆင်ထားတဲ့ သူ့ရဲ့ ပလ္လင်ပေါ်မှာ ထိုင်ပြီး အတီးအမှုတ်တွေနဲ့ ကကြ၊ သီဆိုကြပြီး နဂါးပျိုမကလေးတွေကလဲ သူ့အနားမှာ ဝိုင်းရံ နေတာတွေကို ရှုစားပြီး ကြည့်ပြီးတော့ ပီတိတွေ ဖြစ်နေတယ်၊ အရသာယူနေ တယ်ပေါ့လေ။

အဲဒီ အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ ရဟန္တာအရှင် မြတ်ကြီး(၅၀၀)တို့ကလဲ နန္ဒောပနန္ဒနဂါးမင်းရဲ့ ဘုံဗိမာန်ပေါ်က ကျော်ဖြတ်ပြီး တာဝတိံသာနတ်ပြည်သို့ ဦးတည်ပြီး ကြွတော်မူ နေကြတယ်၊ ဒါနဲ့ နန္ဒောပနန္ဒနဂါးမင်းဟာ အပေါ်ကို မော့လို့ ကြည့်လိုက်တော့၊ ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ (၅၀၀) ကို မြင်လိုက်ရတော့ စိတ်ထဲ ထောင်းကနဲ ဖြစ်သွားတယ်၊ ဒီကိုယ် တော်တွေ ငါ့တို့ခေါင်းပေါ်က ကျော်ကျော်ပြီး တယ်ပြီး သွားကြ လာကြတယ်၊ ဒီလိုသာ ခဏခဏ သွားနေရင်တော့ ငါကိုယ်တိုင် ကြက်သရေရှိအောင် ပြင်ဆင်ပြီးထားတဲ့ အခမ်းအနားနဲ့ စားဘွယ် သောက်ဘွယ်တွေလဲ သူတို့ရဲ့ ခြေမှုန့်တွေ ကျကုန်တော့မှာဘဲ၊ ကြက်သရေ ယုတ်တော့မှာဘဲလို့ ဆိုပြီး ဒေါသဖြစ်ဖြစ်နဲ့ ဘာကို ပြောလိုက်တုန်း ဆိုတော့။ —

ဣလမေ ဟိ နာမ မုဏ္ဍကာ သမဏကာ အမှာကံ ဥပရိဘာဝနေန ဒေဝါနံ တာဝတိံသာနံ ပဝိသန္တိပိ နိက္ခမန္တိပိ။

ဟောဒီ ရဟန်းယုတ်၊ ကတုံးစုတ်တွေဟာတဲ့၊ စိတ်က ဆိုးဆိုးနဲ့ ဆိုတော့ ရဟန်းယုတ်၊ ကတုံးစုတ်တွေတဲ့- ဒကာ ဦးမြစိန်ရဲ့၊ ဘုန်းကြီးတို့မှာ ဒီ ကတုံးလေး တသသလုပ်ပြီး လှူလုပ်နေရတာ၊ သူက ကတုံးစုတ်တဲ့၊ ဒကာမြစိန်ရဲ့၊ စာထဲမှာ လာတဲ့အတိုင်း ပြောလိုက်တာနော်၊ မုဏ္ဍ-ဆိုတာက ကတုံး၊ က-ဆိုတာက စက်ဆုတ် စရာလို့ အဓိပ္ပါယ်ရတယ်၊ ဘုန်းကြီးများကို နှိမ်ချင်ပြီလို့ ဆိုရင် ဒီ ကတုံးကလေးချည့် ထိခိုက်ထိခိုက်ပြီး ကိုင်ပြောကြတယ်၊ အဲဒါ ဘုန်းကြီးတွေကို ငယ်နိုင်ကိုင်တာလို့ ခေါ်တယ်၊ ဒီ ရဟန်းယုတ်၊ ကတုံးစုတ်တွေဟာတဲ့၊ ငါ့ ဗိမာန်ပေါ်က ဖြတ်ဖြတ်ပြီးတော့ တာဝတိံသာနတ်ပြည်ကို ဝင်ချည် ထွက်ချည် လုပ်လွန်းလှတယ်။

နဒါနိ ဣတောပဋ္ဌာယ တာဝတိံသာနံ ဂန္တုံ ဒဿာမိ။

သိကြရောပေါ့၊ ငါ့ခေါင်းပေါ်က ဖြတ်ကျော်၊ ငါ့ဘုံဗိမာန် ပေါ်က ဖြတ်ကျော်၊ စားဘို့သောက်ဘို့ ပြင်ဆင်ထားတာတွေကိုလဲ ဘာမှ နားမလည်ကြဘဲ၊ အလိုက်ကန်းဆိုး မသိကြဘဲ၊ ငါစားဘို့ သောက်ဘို့ ကြက်သရေရှိအောင် ပြင်ဆင်ထားတဲ့ဟာတွေလဲ ခြေ မှုန့်တွေချပြီး ကြက်သရေယုတ်အောင် လုပ်နေကြတဲ့ ဒင်းတို့ကို တော့ဖြင့် ဒီနေ့ကစပြီး တာဝတိံသာနတ်ပြည်ကို ဝင်ခွင့်ကို မပေး တော့ဘူး၊ သိကြရောပေါ့လို့ ကြိမ်းတယ်၊ ကြိမ်းပြီး စားဘို့

သောက်ဘို့ ပြင်ဆင်ထားတာတွေကို အသာထားခဲ့ပြီး သူကလဲ နတ်နဂါးလို့ ဆိုတော့ ရဟန်းတော်တွေရဲ့ ရှေ့ကို ရောက်အောင် တန်ခိုးနဲ့ ခပ်သုတ်သုတ် ပြေးတော့တာဘဲ။

## တာဝတိံသာက ဝေဇယန္တာပြာသာဒ်ကို ကွယ်ထား

ပြေးပြီးတော့ ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ ရောက်မလာခင် သူ့ခန္ဓာကိုယ်ကြီးနဲ့ မြင့်မိုရ်တောင်ကို (၇)ပတ် ပတ်လိုက်တယ်၊ ပတ်လိုက်ပြီးတော့ တာဝတိံသာ နတ်မြို့တော်နဲ့ တကွ ဝေဇယန္တာပြာသာဒ်ရဲ့ အထွဋ်ထုပိကာ တံခွန်တို့ကိုပါ ပါးပျဉ်းနဲ့ အကုန်အုပ်ပြီးတော့ ထားလိုက်တယ်၊ အဲဒါလို ဖုံးပြီးတော့ထား လိုက်တော့ ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ ကောင်းကင် ခရီးက စျာန်ဟုန်စီးပြီး တငြိမ့်ငြိမ့် ကြွတော်မူလာကြရင်း တနေ ရာကိုရောက်တော့, အရှင်ရဋ္ဌပါလက မေးတယ်။

## ပုဗ္ဗေ ဘန္တေ ဣတော သိနေရုံ ပဿာမ, တာဝတိံသာနံ ပဿာမ။

မြတ်စွာဘုရား....ခါတိုင်း ဒီနေရာလောက်ရောက်လျှင်, တပည့်တော်တို့ မြင့်မိုရ်တောင်ကိုတော့ မြင်နေရပါပြီဘုရား၊ ယခု မြင့်မိုရ်တောင်ကြီးလဲ မမြင်ရပါလားဘုရား၊ ခါတိုင်း ဒီနေရာကိုရောက်ပြီလို့ ဆိုရင်, တာဝတိံသာ နတ်မြို့တော်ကိုလဲ မြင်နေရပါပြီဘုရား၊ တာဝတိံသာက ပြာသာဒ်ကြီးတွေကိုလဲ မြင်နေရပါပြီဘုရား၊ ဝေဇယန္တာပြာသာဒ်ရဲ့ ထိပ်ဖူးဖြစ်တဲ့ အထွဋ္ဌထုပိကာကို

လဲဘဲ မြင်နေရပါပြီဘုရား၊ ခါတိုင်း ဒီနေရာကိုရောက်ရင် မြင်ရစမြဲ ဖြစ်ပါလျက်၊ ယခု မမြင်ရပါလား ဘုရား-လို့ ဘုရားရှင်ကို လျှောက်တယ်။

## ဓူဝံကြယ် ဆိုဒါ

ဝေဇယန္တာပြာသာဒ်ရဲ့ အထွဋ်ထိပ်ဖူးကို ယခုကာလ နက္ခတ်တာရာ ဆရာတွေ ပြောနေကြတာတော့ ဟို-မြောက်တည့်တည့်မှာ အရောင်တပြောင်ပြောင်နဲ့ အချိန်မရွေး ည အချိန်မှာ မြင်ရတဲ့ "ဓူဝံကြယ်"ဆိုတာ သူဘဲလို့ ပြောကြတာဘဲ၊ အဲဒီနေရာကို မမြင်ရတော့ဘူး၊ ဒီတော့ ဘုရားရှင်က....

နန္ဒောပနန္ဒောနာမ နာဂရာဇာ, တုမှာကံ ကုပိတော မနေန ပဋိစ္ဆာဒေတိ။

ရဋ္ဌပါလ....နန္ဒောပနန္ဒနဂါးမင်းက သူ့ဘုံဗိမာန်ပေါ်က ဖြတ်-ဖြတ်ပြီး တာဝတိံသာနတ်မြို့တော်ကို ဝင်ချည် ထွက်ချည် လုပ်လွန်းလို့ သင်တို့ကိုစိတ်ဆိုးပြီး သူ့ပါးပျဉ်းနဲ့ ဖုံးအုပ်ထားတယ်၊ ဘုရားရှင်ကတော့ ရန်တိုက်ပေးလိုက်ပြီ၊ ဒီတော့ အရှင်ရဋ္ဌပါလက.... "ဒမေမိ နံ ဘန္တေ၊ ဒီလိုဆိုရင် ဒီကောင်ကြီးကို တပည့်တော် ဆုံးမစမ်းပါရစေဘုရား"လို့ လျှောက်လိုက်တော့, ဘုရားရှင်က.... အာဂမေဟိ ရဋ္ဌပါလ= အို ရဋ္ဌပါလ အသာနေအုံး, အသာနေအုံး လို့ ဘုရားက တားထားတယ်၊ ဒါနဲ့ အရှင်ဘဒ္ဒိယက ထွက်လာပြီး

ဒီလိုဆို တပည့်တော် ဆုံးမပါ့မယ်ဘုရား၊ အာဂမေဟိ ဘဒ္ဒိယ= ဘဒ္ဒိယ သင်လဲ အသာနေအုံး့, အသာနေအုံးလို့ တားထားတော် မူတယ်။

သားတော်လေး ရာဟုလာကလဲ ထွက်လာပြီး ဒီလိုဆိုရင် တပည့်တော် ဆုံးမပါ့မယ် ဘုရား၊ အာဂမေဟိ ရာဟုလ = ရာဟုလာ အသာနေစမ်းအုံးလို့ တားထားဘယ်၊ ဘယ်သူ့ကိုမှ ဘုရားရှင်က ဆုံးမခွင့် မပေးသေးဘူ ၊ နောက် အတော်လေးကြာ တော့မှ အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက, သူဆုံးမပါမည့် အကြောင်း လျှောက်တယ်၊ " တန်ခိုးအရာမှာ တေဒဂ်ရသူ " လို့ ဆိုတော့ သူထွက်ပြီး လျှောက်လိုက်တော့မှ ဘုရားရှင်က– "မနသိ ကရောဟိ မောဂ္ဂလ္လာန – ဆုံးမတော့, ဆုံးမပေါ့တဲ့၊ ဒါပေမဲ့ သတိတော့ထားနော်"တဲ့၊"မဟိဒ္ဓိကော နာဂေါ မဟာနုဘာဝေါ- နန္ဒောပနန္ဒနဂါးမင်းက တန်ခိုးကြီးတယ်နော်၊ သတိထားပြီးတော့ ဆုံးမပေါ့ "တဲ့။

## တန်ခိုးရတာချင်း တူပေမဲ့

ရဟန္တာ အရှင်မြတ်ကြီးတွေ တန်ခိုးရဘာချင်းကြတော့ အတူတူ ပါဘဲ၊ ဒါပေမဲ့ အခြား ရဟန္တာ အရှင်မြတ်ကြီးတွေကို ဆုံးမခွင့် မပေးဘဲနဲ့ အရှင်မဟာ မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး ကိုသာ ဆုံးမခွင့် ပေးတယ်၊ တန်ခိုးရတာချင်း တူပေမယ်လို့ လျင်ပုံ သွက်ပုံချင်း မတူသေးဘူးတဲ့၊ ဘုန်းကြီးတို့ ဒီလောကကြီးထဲမှာလဲ

ပညာတတ်တာချင်း အတူတူပေမဲ့လို့ ပြသတဲ့နေရာမှာ ကြတော့ လျင်ပုံသွက်ပုံချင်းမတူသေးဘူး၊ အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော် မြတ်ကြီးကလဲ အဲဒီလိုဘဲ၊ တန်ခိုးရတာချင်း တူပေမဲ့လို့ "ခိပ္ပနိသန္တိ" လို့ ခေါ်တဲ့ တစက္ကန့် တမိနစ်အတွင်းမှာပင် ဖြုန်းဖြုန်း ဒိုင်းဒိုင်း ကာကွယ်နိုင်၊ ပြစွမ်းနိုင်တဲ့သတ္တိက အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးမှာမှ ရှိတယ်တဲ့။

ဒါ့ကြောင့်မို့ ဘုရားရှင်က အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော် မြတ်ကြီး ကိုသာ ခွင့်ပြုတော်မူလိုက်တယ်၊ ခွင့်ပြုတာ တောင်မှ ဘုရားရှင် ကိုယ်တော်မြတ်က " မနသိကရောဟိ မောဂ္ဂလ္လာန-မောဂ္ဂလ္လာန် သတိထားပြီး လုပ်နော်" လို့ သတိပေးတော်မူလိုက် သေးတယ်၊ သိပ်မပေါ့နဲ့တဲ့၊ မဟိဒ္ဓိကော နာဂေါ မဟာနုဘာဝေါ- " နန္ဒောပနန္ဒက တန်ခိုး ကြီးတယ်နော်တဲ့၊ ဒါနဲ့ အရှင် မဟာ မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးကလဲ "မှန်လှပါဘုရား၊ နန္ဒောပနန္ဒလို နဂါးမျိုး တကောင်မက၊ ဆယ်ကောင်၊ အကောင်တရာ၊ တထောင်၊ တသောင်း၊ တသိန်း ဖြစ်ပါစေဘုရား၊ တပည့်တော် နိုင်နင်းအောင် ဆုံးမနိုင်ပါမယ် ဘုရား" လို့ အာမခံပြီးတော့ ဘုရား ကို လျှောက်တယ်၊ တန်ခိုးအရာမှာ ဧတဒဂ်ရတော်မူတဲ့ ပုဂ္ဂိုလ် ကြီးမို့ ရဲရဲတောက် လျှောက်ရဲတာနော်၊ ဘုန်းကြီးတို့မျှားတော့ တီကောင်ကိုမြင်ရင်တောင်မှ ကြောက်တယ်၊ မိုးသည်းရွာတုန်း အောက် ဆင်းရင် အောက်က တီကောင်ရှိနေပြီလို့ဆိုမှဖြင့် ဟိုကျော် ဒီခွနဲ့ ခြေလှမ်းတွေ မှားကုန်ကြပြီ၊ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော် မြတ်ကြီးကြတော့ ကြည်ညိုစရာဘဲ။

## အရှင်မောဂ္ဂလ္လာန်နှင့် နဂါးမင်း တန်ခိုးပြိုင်

ဒါနဲ့ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက နန္ဒောပနန္ဒ နဂါးမင်းထက် နှစ်ဆလောက်ကြီးတဲ့ နဂါးကြီးလို သူ့ကိုယ်သူ ဖန်ဆင်းပြီးတော့ နန္ဒောပနန္ဒ ရစ်ပတ်ထားတဲ့ အပတ် အခွေရဲ့ အပေါ်က (၁၄)ပတ် (၁၄)ခွေ ထပ်ပြီးတော့ ရစ်ပတ်၊ ပါးပျဉ်း ပေါ်မှာ ထပ်ပြီး ပါးပျဉ်းချင်း အုပ်ပြီးတော့ အောက်က မြင့်မိုရ် တောင်ကြီးနဲ့ အပေါ်က သူ့နဂါးခွေကြီးနဲ့ ပတ်ပြီး ဖိညှပ်ပြီး ထားလိုက်တော့ နန္ဒောပနန္ဒ နဂါးမင်းကြီးက စိတ်တွေ ဆိုးပြီး "ငါ့ပေါ်က ဘယ်သူတုန်း"လို့ အော်ပြီး မေးလိုက်တယ်၊ အဲဒီလို မေးပေမဲ့လဲ မပြောဘူး။

ဒါနဲ့ နန္ဒောပနန္ဒ နဂါးကြီးက စိတ်တွေဆိုးပြီး မီးခိုးတွေ လွှတ်တော့ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးကလဲ မီးခိုး တွေ ပြန်ပြီး လွှတ်လိုက်တယ်၊ နန္ဒောပနန္ဒလွှတ်လိုက်တဲ့ မီးခိုးတွေက အရှင်မဟာ မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး ဆီကို မရောက်ဘူး၊ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက စတုတ္ထစျာန်ဝင်စား ပြီးတော့ အဓိဋ္ဌာန် ထားတာ ဖြစ်တော့ ဘယ်ရောက်နိုင်ပါ့မလဲ၊ နန္ဒောပနန္ဒရဲ့ မှုတ်လွှတ်လိုက်တဲ့ အခိုးနဲ့ များ ကိုယ်ခန္ဓာကို လာပြီး ထိလိုက်ရင်တဲ့ အရိုး အသားတွေ ကြေမွပြီးတော့ ပြာကျသွားနိုင် တယ်တဲ့၊ ဒါလောက် ပြင်းတဲ့အခိုးကို လွှတ်လိုက်တာ။

ဒါနဲ့ အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက လွှတ်တဲ့ အခိုး ကသာ နန္ဒောပနန္ဒကို ထိပြီး နန္ဒောပနန္ဒက လွှတ်လိုက်တဲ့ အခိုးက

အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးကို မထိဘူး၊ ဒီလို မထိဘာနဲ့ တခါ စိတ်ဆိုးပြီးတော့ နန္ဒောပနန္ဒက မီးလျှံတွေ လွှတ်ပြန်တယ်၊ အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးကလဲ မီးလျှံတွေ ပြန်လွှတ်လိုက်တယ်။

ဒီအချိန်မှာ အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးမှာ နန္ဒောပနန္ဒရဲ့ မှုတ်လိုက်တဲ့ အခိုးတွေ မထိအောင် ကာကွယ်ရတဲ့ တန်ခိုးကလဲ တမျိုး, နန္ဒောပနန္ဒ လွှတ်သလို မီးလျှံတွေ ပြန်ပြီး လွှတ်ရတဲ့ တန်ခိုးက တမျိုး, နှစ်မျိုး ဖန်ဆင်းရတယ်၊ နန္ဒောပနန္ဒက စိတ်ဆိုးရာကနေပြီး စိတ်တွေ ပျော့သွားတယ်၊ ကြည့်ပါအုံး၊ ငါ့အပေါ်က နေပြီးတော့လဲ မြင့်မိုရ်တောင်နဲ့ အထပ်ထပ် ညှပ်ထားလိုက်သေးတယ်၊ ပါးပျဉ်းချင်းလဲ ထပ်ပြီး အုပ်ထားလိုက်သေးတယ်၊ အခိုးတွေ မီးလျှံတွေကိုလဲ သူက ပြန်ပြီးတော့ လွှတ်တယ်၊ ငါ့အခိုးနဲ့ မီးလျှံတွေက သူ့ဆီကို မရောက်ဘူး၊ သူလွှတ်တဲ့ အခိုးနဲ့ မီးလျှံတွေက သာ ငါ့ဆီကိုရောက်လာပြီး ထိတယ်၊ ပူလောင်ကုန်ပြီ၊ အေးလေ.... ငါတော့ အကြမ်းနည်းနဲ့ လုပ်လို့မရရင် အနုနည်းနဲ့တော့ ချော့အုံးမှဘဲလို့ ဆိုပြီး....။

ကောသိ တွံ ဘော.... ဘော – အို အရှင်၊ တွံ – သင်သည်၊ ကောသိ- အဘယ်သူ ဖြစ်ပါသနည်း။

"ကျွန်ုပ်ရဲ့ အပေါ်ကနေပြီး ဖိညှပ်ပြီးတော့ ထားတာ ဘယ်သူပါတုန်း"လို့ မေးတော့၊ "အဟံ မောဂ္ဂလ္လာနော – ငါဟာ ဘုရား

ရှင်ရဲ့ လက်ဝဲတော်ရံ တန်ခိုးအဘိညာဉ် အရာမှာ ဧတဒဂ်ရတဲ့ မောဂ္ဂလ္လာန်ဘဲ” လို့ ဆိုလိုက်တော့မှ “ ဪ.... အရှင် မဟာ မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးလား ဘုရား၊ တပည့်တော် အရှင်မြတ်ကြီးမှန်း မသိလို့ပါဘုရား၊ ဒီလိုဆိုရင် ရဟန်းအသွင်နဲ့ပြတော်မူပါဘုရား, ရဟန်းအသွင်နဲ့ ပြတော်မူပါ”လို့ တောင်းပန်တယ်၊ ဒါပေမဲ့ သူ့စိတ်ထဲ ကတော့ ကျေသေးတာ မဟုတ်ဘူး၊ လစ်ရင်လစ်သလို တွယ်လိုက်မယ် နှက်လိုက်မယ်ဟဲ့လို့ဆိုပြီး ရဟန်းအသွင်နဲ့ ပြတော်မူပါလို့ ပြောနေတာ၊ ဒီတော့ အရှင်မဟာ မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးကလဲသိတယ်လေ၊ ဒါနဲ့ ပတ်ထား တာတွေဖြေပြီး ရဟန်းအသွင်နဲ့ ပြလိုက်တယ်၊ ရဟန်းအသွင်နဲ့ ပြလဲပြတယ်၊ ပြပြဝင်ဝင်ဘဲ အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ် ကြီးက နန္ဒောပနန္ဒရဲ့ ဘယ်ဘက်နားထဲက ဝင်ပြီး ညာဘက်နား ပေါက်ကိုထွက်၊ ညာဘက်နားပေါက်ကနေ ပြန်ဝင်ပြီး ဘယ်ဘက် နားပေါက်ကထွက်နဲ့ နန္ဒောပနန္ဒရဲ့ ဟိုဘက်ဒီဘက် နားထဲ လမ်း လျှောက်ပြီး နေလိုက်တယ်။

## နားထဲ ပရွက်ဝင်တာလို

နန္ဒောပနန္ဒကြီး ဘယ်လောက် အနေရ ခက်လိုက်မယ်လို့ ဆိုတာကို စဉ်းစားသာ ကြည့်လိုက်ကြပေတော့၊ ဘုန်းကြီးတို့နားထဲ ပရွက်ဆိပ်ကလေးတကောင် ဝင်ရင်ဘဲ အနေရခက်လိုက်တာ၊ အဝင် ခံရဘူးတယ် မဟုတ်လား. ဒကာ ဦးမြစိန်၊ ( မှန်လှပါဘုရား၊ ) “ကြံသဆာ, ထန်းလျက်ခိုး, ပရွက်နဲ့တိုး ” ဆိုတာလိုဘဲ၊ ညအချိန်

ကြံသကာ ထန်းလျက်ခိုးစားပြီး အိပ်ပျော်သွားလိုက်ရင် နားထဲ ပရွက် ဝင်တတ်တယ်၊ ပရွက်အနီ ဝင်တာက တော်သေးတယ်၊ ဖြေးဖြေးဝင်တာ၊ ပရွက်နက်များ ဝင်ပြီလို့ဆိုမှဖြင့် နားထဲ ဒုန်းစိုင်းပြီး လမ်းလျှောက်နေတတ်လို့ အလွန်အခံရခက်တာဘဲ၊ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး နန္ဒောပနန္ဒရဲ့ နားထဲဝင်တာထက် ဆိုးသေးတယ်၊ နားထဲ ပရွက်ဝင်တာနဲ့ စာကြည့်လိုက်မယ်လို့ ဆိုရင်၊ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက နန္ဒောပနန္ဒရဲ့နားထဲ ဝင်လိုက်ထွက်လိုက် လုပ်နေတာ ဘယ်လောက် အခံရခက်လိုက်မယ်လို့ ဆိုတာ စဉ်းစားလို့သာ ကြည့်လိုက်ကြပေတော့။

ဒါနဲ့ နန္ဒောပနန္ဒကြီးက "အံမယ်လေး သည်းခံတော်မူပါဘုရား၊ ဒီလောက်ကြီး မနှိပ်စက်ပါနဲ့ဘုရား"လို့ တောင်းပန်တယ်၊ သည်းခံတော်မူပါဘုရားလို့သာ သူက တောင်းပန်နေတာ၊ စိတ်ထဲကတော့ မလျော့သေးဘူး၊ မလစ်လိုက်နဲ့ လစ်လိုက်ရင် တွယ်အုံးမယ်လို့ဆိုတဲ့ အကြံက သူ့မှာ ရှိနေသေးတယ်၊ ဒါနဲ့ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးက နားထဲက ပြန်ထွက်လာပြီး ဘယ်ဘက်နှာခေါင်းထဲကဝင်၊ ညာဘက် နှာခေါင်းထဲက ထွက်၊ ညာဘက် နှာခေါင်းထဲကဝင်၊ ဘယ်ဘက် နှာခေါင်းထဲက ထွက်နဲ့ လုပ်နေပြန်ရော၊ နန္ဒောပနန္ဒကြီးကလဲ"အံမယ်လေး နာလှချေရဲ့၊ ယားလှချေရဲ့"လို့ အော်တယ်၊ ဘုန်းကြီးတို့ နှာခေါင်းထဲ ဆံပင်ချည်ကလေးနဲ့ ထိုးလိုက်ရင်ဘဲ ဟပ်ချီး ဟပ်ချီးနဲ့ ချေတတ်ကြတယ်၊ နန္ဒောပနန္ဒကြီးလဲ ဒီလိုဘဲ ခံစားနေရတယ်။

ဒါနဲ့ သူက စိတ်တွေဆိုးလာပြီး ကိုက်တော့မလိုလို ခဲတော့မလိုလိုနဲ့ အစွယ်တွေ သွားတွေများ ဖော်ပြပြီး ပါးစပ်ကိုဟလိုက်တယ်၊ ဖြုန်းဆို နှာခေါင်းထဲကထွက်ပြီး ပါးစပ်ထဲကို အပြေးဝင်သွားလိုက်တယ်၊ တန်ခိုးရှင်မို့ဗျနော်၊ တီကောင်တောင်ကြောက်တတ်တဲ့ ဘုန်းကြီးတို့လိုဆိုရင် မလွယ်ဘူး၊ အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးက နန္ဒောပနန္ဒရဲ့ အူထဲမှာ စင်္ကြန်များတောင်လျှောက်နေလိုက်သေး သတဲ့၊ အဲဒီလို အူထဲမှာ စင်္ကြန်လျှောက်နေတော့ အခံရခက်လွန်းလို့ နဂါးကြီးက အရှင်မဟာမောဂ္ဂလ္လာန်ကို အပြင်ထွက်ကြွဘို့ တောင်းပန်ပြန်တယ်။

ဒါနဲ့ သူဘာမှလဲ မတတ်နိုင်တော့တာနဲ့ အရှင် မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးကလဲ အပြင်ကို ထွက်ပေးလိုက်ပါတယ်၊ " နဂါးတို့မျက်စောင်း အကြောင်းမရွေး "လို့ ဆိုတဲ့ အတိုင်းဘဲ အရှင်မဟာမောဂ္ဂလ္လန် အပြင်ကို အထွက်လိုက်မှာဘဲ ထွက်ထွက်မှတ်မှတ် မျက်စောင်းထိုးပြီး တခါထဲ နှာခေါင်းလေနဲ့ မှုတ်ချလိုက်သတဲ့၊ ရိုးရိုးသူသာ အမှုတ်ခံလိုက်ရရင် ပြာကျလောက်အောင် အစွမ်းထက်တဲ့နှာနဲ့ မှုတ်လွှတ်လိုက်တာ၊ အရှင် မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးကလဲ တခဏချင်း လျင်မြန်စွာ စတုတ္ထဈာန်သမာပတ်ကို ဝင်စားလိုက်ပြီး ခုခံကာကွယ်တော်မူလိုက်ရတယ်။

ဘုရားရှင်က စိတ်မချလို့ အရေးတကြီး မှာတော်မူနေတာဟာ ဒီနေရာဘဲတဲ့၊ ဒီပြင် ရဟန္တာအရှင်မြတ်ကြီးတွေသာ ဆိုလို့ရှိရင် နန္ဒောပနန္ဒရဲ့လက်ချက်ကို မိသွားနိုင်သတဲ့၊ အရှင်မဟာမောဂ္ဂလ္လာန်

ကိုယ်တော်မြတ်ကြီးကသာ သူ့စိတ်ကို ကြိုတင်ပြီး သိထားတာမို့ ကာကွယ်နိုင်တာ၊ သူ ဘာလုပ်လိမ့်မယ်, ဘာစိတ်ကူး နေတယ်, ဘယ်လိုအကြံ ရှိနေတယ်ဆိုတာကို ကြည့်ရတာက တမျိုး၊ ကိုယ်က သူ့ကို ခုခံနိုင်အောင် ကြိုးစားရတာက တမျိုးလို့ဆိုတော့ တန်ခိုး အရာမှာ လှစ်လှစ် လှစ်လှစ်နဲ့ နေအောင် လုပ်နေရတာပေါ့၊ သူ ဘယ်လိုပင်လုပ်လုပ် ဒီအထိ အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးကလဲ မလျော့သေးဘူး။

## နန္ဒောပနန္ဒ သရဏဂုံတည်

ဒါနဲ့ အရှင် မဟာမောဂ္ဂလ္လာန် အရှင်မြတ်ကြီးက ဂဠုန်ကြီးယောင် ဆောင်ပြီး နန္ဒောပနန္ဒ နဂါးကြီးကို လိုက်တော့မှ ကြောက်လန့်ပြီးတော့ ပြေးရင်းလွှားရင်း ဘုရားရှင်ရဲ့ ခြေတော် မှောက် လုလင်ကလေးအသွင်နဲ့ ရောက်လာပြီးတော့, ကယ်တော်မူပါဘုရား, ကယ်တော်မူပါဘုရားနဲ့ တောင်းပန်ရတော့တာပေါ့၊ အဲဒီ ကယ်တော်မူပါဘုရားလို့ ဆိုတာသည်ပင်“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ပါဘုရား၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏ ဘုရား၊ ဘုရားရှင်ကို တပည့်တော် ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါတယ်၊ တပည့်တော်ကို ကယ်တော်မူပါ၊ ရှင်ဘော် ဘုရားရဲ့ သံဃာတော် အရှင်မြတ်တို့ကိုလဲဘဲ ဆည်းကပ် ကိုးကွယ် ပါတယ်၊ အရှင်ဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေကို လဲဘဲ ဆည်းကပ်ပါတယ် ဘုရား”လို့ လျှောက်ပြီး နောက်ဆုံး သရဏဂုံတည်သွားတယ်။

ကိုင်း— နန္ဒောပနန္ဒ နဂါးမင်းကြီးကို ဘုရားရှင် အောင်တော်မူပုံ ဇာတ်ကြောင်းကို ဒို့ ဒကာ ဒကာမတွေ အာရုံပြုပြီး ဘုရားရှိခိုး ကန်တော့ကြရအောင်၊ ဘုန်းကြီး ပြောခဲ့သလို ဘုရားရှင်နဲ့ ရဟန္တာ အရှင်မြတ်ကြီးတွေ နန္ဒောပနန္ဒ နဂါးမင်းကြီး အောင်မြင်တော်မူပုံကို မှန်းပြီး အာရုံပြုပြီးတော့ လက်အုပ်ချီပြီး လိုက်ဆိုကြစမ်းပါ။

နဂါးရန်ဆိုး, ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရှောင်လျှမ်း, အောင်ပန်းသခင်၊
လက်စုံမိုး၍, ရှိခိုးဦးတင်၊
အောင်စေကြောင်း, ဆုတောင်း ပဏ္ဍာဆင်။
( ၃ ခေါက် ချ, ဆို။ )

နန္ဒောပနန္ဒ အောင်မြင်တော်မူပုံကို အာရုံပြုပြီး တကြိမ်တခါ တမိနစ် တစက္ကန့်လောက်မျှ ရှိခိုးလိုက်ရသော ကုသိုလ် စေတနာကို နည်းတယ်လို့ မျှား မအောင့်မေ့ လိုက်ပါနဲ့၊ လက်ဖျောက် တချက်တီးလောက် အချိန်မှာ ဖြစ်လိုက်တဲ့ စိတ်တွေက စုပုံထားလို့ မျှားရစကောင်းရင် လှည်းတစီးမှာ စပါးတင်းပေါင်း (၁၀) တင်ထားတဲ့ လှည်းအစီးပေါင်း ( ၁၀ )တိုက် စပါးပုံကြီးရဲ့ စပါးစေ့လေးတွေလောက် ရှိပါတယ်တဲ့၊ ဒီ တကြိမ်တခါလောက် ရှိခိုးလိုက်ရသော ကုသိုလ် စေတနာတွေက အောင်မြင်စရာရှိတာတွေ အောင်မြင်ရန် အတွက် ဘေးရန်အန္တရာယ် အသွယ်သွယ်တွေ ကင်းဘို့ရာ အတွက် အထောက်အပံ့ကောင်းကြီး ဖြစ်တယ်လို့ ဆိုပြီး ယုံယုံကြည်ကြည်နဲ့

အောင်တော်မူ မြတ်စွာဘုရားကို တနေ့ တကြိမ် တခါလောက် အနည်းဆုံး ရှိခိုးကြပါ၊ အထူးသဖြင့် မိမိမှာ ဘေးရန် အန္တရာယ်တွေများ ပေါ်နေတဲ့ အခါမှာ ဒီအောင်တော်မူပုံကို အာရုံပြုပြီး ရှိခိုးလိုက်ရင် မုချ အောင်မြင်တာကို တွေ့ရပါလိမ့်မယ်၊ အဲဒီလို ယုံယုံကြည်ကြည်နဲ့ အောင်ဘုရင် မြတ်ဘုရားကို ရှိခိုးနိုင်ကြကုန်လျက် အောင်စရာ ရှိသမျှ အောင်မြင်ကြလျက် နိဗ္ဗာန် ဟူသော အမြတ်ဆုံး အောင်ပန်းကို ဆွတ်လှမ်းနိုင်ကြရပါလိုကုန်သော ဟူ၍ ပတ္တနာအောင်ဆု ပြုလိုက်ကြကုန်ရာ သတည်း။

သာဓု....သာဓု....သာဓု....။

နန္ဒောပနန္ဒ နဂါးမင်း အောင်မြင်တော်မူပုံ
ပြီး၏။

# (၈) ဗကဗြဟ္မာကြီး အောင်မြင်တော်မူပုံ

နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်တော်မူပုံ ဟောပြီးသွားတော့, ဗကဗြဟ္မာကြီး အောင်မြင်တော်မူပုံကို ဆက်ကြရအောင်....

ဗကဗြဟ္မာ-ဉာဏ်မြင် ကင်းကွာ, နိစ္စသာ ဟု, မိစ္ဆာ လွှမ်းမိုး, အယူဆိုးသည့်, တန်ခိုးအရောင်, ထိန်ပြောင် ညီးညီး, ဗကဗြဟ္မာကြီးကို ငှင်း၊....ဘုရားရှင် ကိုယ်တော်မြတ်ကြီး "ဥက္ကဋ္ဌ" လို့ ဆိုတဲ့ မြို့ရဲ့ အနီး အင်ကြင်းတောကြီးထဲမှာ ယာပိုထ် လေးလီ, ရှင်ကြည် မေ့လျော်, သီတင်းသုံးတော်မူနေသည့် အချိန်မှာ, နံနက် စောစော အချိန် သဗ္ဗညုတဉာဏ်ကွန်ယက် ဖြန့်ကျက်ပြီး ဘုရားရှင်တို့ရဲ့ ထုံးစံဓမ္မတာ အတိုင်း ကမ္ဘာလောကကြီးကို ကြည့်တော်မူလိုက်တော့ ဗြဟ္မာ့ဘုံ (၂၀) ရှိတဲ့ အထဲက အောက်ဆုံးဗြဟ္မာ့ဘုံမှာနေတဲ့ ဗကဗြဟ္မာကြီး ဉာဏ်သဲဝင်လာတယ်၊ ဗြဟ္မာ (၂၀) ဆိုတာ လူ့ဘုံကနေ အထက် တက်သွားရင် နတ်ပြည် (၆) ထပ် ရှိတယ်၊ ဒီ နတ်ပြည်(၆)ထပ်ရဲ့ အထက်မှာမှ ပဌမဆင့်, ဒုတိယဆင့်, တတိယဆင့်, စတုတ္ထဆင့် အနေနဲ့ (၄)ဆင့်ရှိတယ်၊ ဈာန်နဲ့ပြောရင် ပဌမဈာန်ဘုံ, ဒုတိယ ဈာန်ဘုံ, တတိယဈာန်ဘုံ, စတုတ္ထဈာန်ဘုံ-လို့ (၄)ပါး ရှိတယ်၊ ဒီအထဲက ပဌမဆင့် ပဌမဈာန်ဘုံမှာ အလွှာသုံးလွှာ, အထပ် သုံးထပ်ရှိတယ်၊ ဒုတိယဈာန်ဘုံမှာလဲ ဒီလိုဘဲ, သုံးထပ် သုံးလွှာ၊ တတိယဈာန်ဘုံမှာလဲ သုံးထပ် သုံးလွှာ၊ စတုတ္ထဈာန်ဘုံကြတော့ (၇)လွှာ ရှိတယ်၊ ဒီ တဆယ့်ခြောက်ဘုံကို "ရူပဗြဟ္မာ" လို့ ခေါ်တယ်၊ ရုပ်ရော နာမ်ရော အစုံလောက်ရှိတယ်၊ မသိုချင်လို့

ပယ်ထားတာက နည်းနည်းပါးပါး၊ အဲဒီ အထက်မှာမှ အရူပစျာန် ဘုံ(၄)ထပ် (၄)လွှာ ရှိတယ်၊ ပေါင်းလိုက်တော့ ဗြဟ္မာ့ဘုံ(၂၀) ရှိသွားတယ်။

စိတ်ဆိုတာ ဘယ်လောက်ဝေးဝေး မှန်းလိုက်ရင် တခဏချင်း ရောက်တယ်၊ စိတ်နဲ့မှန်းပြီး အဲဒီ ဗြဟ္မာ (၂၁) တို့တွင် ပဌမဆင့် ဆိုတဲ့ ဘုံမှာရှိတဲ့ ဗကဗြဟ္မာကြီး သဗ္ဗညုတဉာဏ်တော်ထဲ ထင် လာတယ်၊ စောစောက နန္ဒောပနန္ဒနဂါးမင်းတုန်းကလိုဘဲ ဘယ်လို အခြေအနေရှိသလဲလို့ဆိုပြီး ဆင်ခြင်တော်မူရာ ငါတပါးထဲ ကြွရ မှာပါလားလို့ ဆိုပြီး ဗကဗြဟ္မာကြီးရှိရာ ပဌမစျာန်ဘုံသို့ ကြွလာ တော်မူဘယ်။

အဲဒီ ဗြဟ္မာကြီးက ဘယ်လို အစွဲတွေစွဲပြီး၊ ဘယ်လို အပြော မျိုးတွေ ပြောနေသလဲလို့ ဆိုတော့ " ဣဒံ နိစ္စံ ဣဒံ ဓုဝံ ဣဒံ သဿတံ၊ ငါတို့နေရာ ဗြဟ္မာ့ဘုံကြီးနှင့်တကွ အထူးသဖြင့် ငါ့နေရာ ပဌမစျာန်ဘုံကြီး ငါ့ခန္ဓာကိုယ်ကြီးဟာ ဘယ်သောအခါမျှ မပျက် မစီး အမြဲ တည်နေတယ်၊ ငါ့ရဲ့ ဘုံနဲ့ ငါ့ရဲ့ ခန္ဓာကြီးကလဲ ဘယ်သောအခါမျိုးမှ မပျက်မစီး အမြဲ ထင်ရှားရှိနေတယ်၊ အမြဲ ခိုင်ခန့်နေတယ်၊ ဤ ဗြဟ္မာဘဝနဲ့ဘဲ ဒီဘုံမှာ ဘယ်လို အချိန် လာကြည့်ကြည့် တွေ့နိုင်တယ်၊ ဣဒံ ကေဝလံ - ဒီ ဗြဟ္မာပြည်ဟာ ဆိုလို့ရှိရင် အထွတ်အမြတ် အပြည့်စုံဆုံးဘဲ၊ ဣဒံ အစဝန ဓမ္မံ—ဤ ဗြဟ္မာ့ဘုံကနေပြီး ဘယ်ကိုမှ မရွေ့လျော့ဘူး၊ ငါ့ ခန္ဓာကြီးကလဲ ဘယ်တော့မှ မရွေ့လျောတော့ဘူး။

ဣဒံ န ဇာယတိ န ဇီယတိ န စဝတိ–ဤခန္ဓာကြီးနဲ့ ဤဗြဟ္မာ့ဘုံကြီးသည် နောက်ထပ် နောက်ထပ် ပဋိသန္ဓေနေရတာတွေ မရှိတော့၊ အိုရတယ်လို့ ဆိုတာတွေလဲ ကင်းတယ်၊ နာတယ်လို့ ဆိုတာ မရှိနိုင်တော့ဘူး၊ သေတယ်ဆိုတာလဲ ဒီမှာ မရှိဘူး၊ ဒီ ဗြဟ္မာ့ဘုံကြီးဟာ အကောင်းဆုံးဘဲ။

ဣတော စ နတ္ထိ ပနညံ ဥတ္တရိ နိဿရဏံ-ဒီဗြဟ္မာ့ဘုံထက် သာလွန်မြင့်မြတ်တဲ့ လွတ်မြောက်နိုင်မှုလို့ ဆိုတာလဲ ဘယ်မှာမှ မရှိနိုင်တော့ဘူး၊ ဒို့ ဗြဟ္မာဘုံ, ဗြဟ္မာဘဝ ဆိုတာ အကောင်းဆုံးဘဲ၊ “နိဗ္ဗာန်ဆိုတာ ဒါဘဲ”လို့ အဲဒီဗြဟ္မာကြီးက အယူအစွဲ ဒီလိုရှိနေတယ်၊ အဲဒီ အယူအစွဲကြီးနဲ့ဘဲ ဟိုနား ဒီနား ပရိသတ်ထဲရောက်ပြီလို့ဆိုရင် သူက ပြောလေ့ရှိတယ်၊ ဒီဗြဟ္မာကြီးဆီကို ဘုရားရှင်ကြွတော်မူတော့, ဘုရားရှင် ကြွလာတော်မူတာကို သူမြင်တယ်၊ သူကလဲ သူ့ပရိသတ်နဲ့ သူ့အခြံအရံနဲ့, သေးတာတော့ မဟုတ်လှဘူး။

“ဧဟိ မာရိသ၊ ဩြော်....ရဟန်းကြီးဂေါတမ ကြွလာသလား၊ လာပါဘုရား, ကြွပါဘုရား၊ သွာဂတံ တေ မာရိသ၊ အရှင်ဘုရား ဒီကိုကြွလာတာလဲ ကောင်းသော ကြွလာတော်မူခြင်းပါဘဲဘုရား” လို့ ဆီးပြီး နှုတ်ဆက်လိုက်တယ်။

“စိရဿံ ခေါ မာရိသ ဣမံ ပရိယာယ မကာသိ၊ ယဒိဒံ ဣဓာဂမနာယ၊ အရှင်ဘုရား....တပည့်တော်တို့ ဗြဟ္မာ့ပြည်ကိုများ တခါ

တခေါက် ကြွရောက်ဘို့အရေး အကြာကြီးနေမှ အလှည့်ပေးတယ် ဘုရား၊ မကြာမကြာများ ကြွခဲ့ရောပေါ့”လို့ လျှောက်လိုက်တယ်၊ ဂုဏ်ရှိသိရှိရှိတဲ့သူ ကိုယ့်အိမ်ကို လာပြီလို့ ဆိုရင် သဘောကျတာ ချည့်ဘဲ၊ ကိုယ့်အိမ်ကို ရာထူးဂုဏ်ထူးရှိတဲ့သူက သွားရင်း လာရင်း ဆိုတာလို ဝင်သွားရင် ဘာဘောကျကြ တယ်နော်၊ ဘုရားရှင် ကိုယ်တော်မြတ်ကလဲ ( ၃၁ )ဘုံ တိုင်းလုံး တုန်ပြီး ပြဟ္မာဘုံ တိုင်အောင် ဂုဏ်သတင်း ကျော်စောခြင်းရှိနေတော်မူတယ်၊ သူက စောစောကတည်းက ဘုရားရှင်ရဲ့သတင်းကို ကြားထားမှာပေါ့။

ဒီတော့ ဘုရားရှင်လိုပုဂ္ဂိုလ်ကြီးက သူ့ဗိမာန်ကို ကြွလာတော်မူတယ်လို့ ဆိုတော့ ရာထူး ဂုဏ်ထူးရှင်ကြီးတယောက် မိမိအိမ်ကို ဝင်လာတာထက် ပိုပြီး ဝမ်းသာမှာပေါ့၊ အဲဒီလိုနဲ့ ဗကဗြဟ္မာ ကြီးက အားရဝမ်းသာနဲ့ သူတို့ဆီကို ကြာမှ အလှည့်ပေးပြီး ကြွလာတဲ့အကြောင်းကို ပြောလိုက်ပြီး, ဘာဆက်ပြီး ပြောလိုက် တုန်းလို့ ဆိုတော့“ဣဒံ နိစ္စံ ဣဒံ ဓုဝံ-အရှင်ဘုရား ဒီကိုကြွလာတာ အင်မတန်ကို ကောင်းတယ်၊ တပည့်တော်တို့ရဲ့ ဒီ ပြဟ္မာဘုံနဲ့ တပည့်တော်တို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ ဘယ်တော့မှ မပျက် မစီး တော့ဘဲ အမြဲထင်ရှားလို့ နေပါတယ်ဘုရား။

ဣဒံ သဿတံ-အမြဲလဲရှိတယ်ဘုရား၊ ဒီမှာ “အိုတယ်, နာတယ် သေတယ်”လို့ ဆိုတာတွေလဲ မရှိဘူးဘုရား၊ အပြည့်စုံဆုံးဘုံကို ပြပါလို့ဆိုရင် တပည့်တော်တို့ဘုံကို လက်ညှိုးထိုးလို့ ပြရပါလိမ့် မယ်၊ အကောင်းဆုံးခန္ဓာကိုယ်ကို ပြပါလို့ဆိုရင်လဲ တပည့်တော်တို့

ခန္ဓာကိုယ်ကို ပြရပါလိမ့်မယ်၊ ကြည့်လေတဲ့၊ တပည့်တော်တို့ဘုံထက် သာတာကို အရှင်ဘုရား တွေ့ဘူးခဲ့ရဲ့လား၊ မရှိနိုင်ပါဘူး ဘုရား၊ အရှင်ဘုရား ကြွလာတော်မူတာကိုက ကံကောင်းတာဘဲ။”

သူက သူ့ဘုံ သူ့ဌာနနဲ့ သူ့ခန္ဓာ သူ့အစုံကလေးကို ထုတ်ပြီးတော့ ကြွားလိုက်သေးတယ်၊ ဒီတော့မှ ဘုရားရှင်ကိုယ်တော်မြတ်က ဘာကို မိန့်တော်မူလိုက်ဘုန်းလို့ ဆိုတော့ “အဝိဇ္ဇာ ဂတော ဝတ ဘော ဗကော ပြဟ္မာ၊ အဝိဇ္ဇာ ဂတော ဝတ ဘော ဗကော ပြဟ္မာ.... ဗကော ပြဟ္မာ-ဗကပြဟ္မာကြီးသည်၊ အဝိဇ္ဇာ ဂတော ဝတ-အဝိဇ္ဇာ မှောင်ကြီး ကာဆီးလေစွတကား၊ အဝိဇ္ဇာအမှောင်ထုကြီး ကာဆီး လေစွတကား၊ ဗကော ပြဟ္မာ - ဗကာ ပြဟ္မာကြီးသည်၊ အဝိဇ္ဇာ ဂတောဝတ-မိုက်လုံး ထွားလေစွတကား”....။

“ဗကပြဟ္မာကြီး— သင်ဟာ အဝိဇ္ဇာ ထူထဲလိုက်လေ၊ မိုက်လုံး ထွားလိုက်လေ၊ အသိဉာဏ် ကင်းလိုက်လေ”လို့ မိန့်တော်မူလိုက်တယ်၊ ဘုရားရှင်တို့မည်သည် ကိုယ့်ကို ကြူဆို ယုယ နှုတ်ဆက်လိုက်လို့မျှား ညာလိမ့်မယ်လို့ မထင်လိုက်နဲ့၊ မညာဘူး၊ ဘုရားရှင်တို့ မည်သည် မြောက်တန်လျှင် မြှောက်၊ ချောက်တန် ချောက်ပြီးမှ ချော့ချတ်တော်မူရိုး ရှိတယ်၊ ဘုရားရှင်ကတော့ မညာဘူး၊ ဘုန်းကြီး တို့သာဆိုရင် ဒီလို နှုတ်ဆက်ပြီး ဖိတ်မံတာက ပြုလိုက်ရင် အားနာ တာနဲ့ ဘာမျှ မပြောတော့ဘဲ လှည့်ပြီး ပြန်လာချင် လာနေမှာ၊ ကိုယ့်ကို တယုတယနဲ့ ပြုစု နှုတ်ဆက်နေတာလို့ ဆိုတော့ သူ့ကို ပြောလိုက်ဘို့က အတော့်ကို ခက်သွားမယ်။

## သားငယ် လည်ချောင်းထဲက ချိတ်အပ်

ယခု ဘုရားရှင် ကိုယ်တော်မြတ်ကတော့ ရက်ရက်စက်စက် ပြောလိုက်တယ်၊ ဘာနဲ့ ဥပမာတူသလဲလို့ဆိုတော့ မသိတတ်တဲ့သားငယ်ကလေးက အပ်ချိတ်ကို ကောက်ပြီးတော့ မျိုတယ်၊ အမေလုပ်သူက မြင်လိုက်တော့ ဒီကလေးရဲ့ အပ်ချိတ်သာ ဝမ်းထဲကို ရောက်သွားလိုက်ရင် အူတွေပေါက်ပြီး သေရချေရဲ့လို့ ဆိုပြီး ကလေးရဲ့ခေါင်းကို မိမိ ဒူး ၂ လုံးကြားထဲ ညှပ်ထားလိုက်ပြီး လက်တဘက်နဲ့ ဖိညှပ်ကာ လက်တဖက်က လည်ချောင်းထဲက ချိတ်ကို ကော်ထုတ်ရတယ်၊ သွေးတွေများ ထွက်အောင်တောင်မှ အခံရခက်ပါတယ်၊ ဒါပေမဲ့ ဒီအပ်ချိတ်ကြီး ဝမ်းထဲကို ရောက်သွားလိုက်ရင် အူတွေ အသဲတွေကို ဒုက္ခပေးပြီး အသက်ပါ သေသည်အထိ ရောက်သွားနိုင်တယ်၊ ဒီလို ဆွဲထုတ်လိုက်လို့ နာတာက သေသွားတာထက်တော့ သက်သာသေးတယ်၊ ဒီလို ခဏလေး နာလိုက်တာက တော်ပါသေးတယ်လို့ ဆိုတာလိုပေါ့။

ဘုရားရှင် ကိုယ်တော်မြတ်ကလဲ ဒုက္ခရောက်မဲ့ သတ္တဝါ တစုံတယောက်ကို ချမ်းသာစေလိုတော် မူသည့်အတွက် သူတို့ရဲ့ စိတ်နှလုံးမှာ မခံသာသော်လဲ (အခံရ ခက်သော်လဲ) မမိန့်ချင်ဘဲ, မပြောချင်ဘဲ ကြမ်းတမ်းသော စကားတော်ဖြင့် မိန့်လိုက်ရတယ်၊ လည်ချောင်းထဲ ရောက်သွားတဲ့ အပ်ကလေး ဆွဲထုတ် လိုက်တော့ အတော်အတန် နာတာလောက်တော့ နာမှာပေါ့၊ ဒါပေမဲ့လို့ သေရတာထက်တော့ ချမ်းသာတာ အမှန်ဘဲ။

မိခင်သည် သားငယ်ရဲ့ လည်ချောင်းထဲမှာ ကျလုဆဲဆဲ ဝမ်းထဲဆင်းလုသော အပ်ချိတ်ကို သနားကရုဏာ အပြည့်အဝနဲ့ လက်နဲ့ကော်ထုတ်လိုက်သလို ဘုရားရှင်ကလဲ ဗကပြဟ္မာကြီးရဲ့ သန္တာန်မှာ စူးဝင်နေတဲ့ အစွဲအငြိ ဒိဋ္ဌိ အပ်ချိတ်ကြီးကို ဆွဲထုတ်လိုလို့ "ဗက ပြဟ္မာကြီး သင် မိုက်လိုက်လေ၊ မိုက်တွင်း နက်လိုက်လေ"လို့ ဗက ပြဟ္မာကြီးကို အမိန့်ရှိလိုက်ရတယ်၊ ဗကပြဟ္မာကြီး ယူသားတာက သဿတဒိဋ္ဌိစွဲ ခေါ်တယ်၊ သူတို့အားလုံးက မြဲနေကြတယ်၊ ဘယ်တော့မှ မပျက်နိုင်တော့ဘူး၊ အခါခပ်သိမ်း ထင်ရှားရှိနေတယ်လို့ ယူနေတယ်၊ ယူလဲ ယူသင့်တယ်၊ ဘာပြုလို့တုန်းလို့ ဆိုတော့ သူတို့ ပြဟ္မာကြီးတွေရဲ့ သက်တမ်းက ကမ္ဘာနဲ့ချီပြီးတော့ ရှည်တာကိုး။

## လူတွေရဲ့ သက်တမ်းနဲ့ ပလူကောင်တွေ

မိမိတို့ အသက်က ကမ္ဘာတခုလုံး မပျက်မစီး တည်ရှိနေရပုံကို ကြည့်ပြီးတော့ လူတွေ ဟိုနားက ပျောက်သွား၊ ဒီနားက သေလိုက်ကြ၊ ဆိုပါတော့—မိုးသည်းရွာတဲ့အခါ ပလူကောင်လေးတွေ တွင်းထဲက ထွက်ပြီး ပျံတက်ကြတယ်၊ ညဦးအခါမှာ ပျံတက်ပြီးလို့ မနက်ရောက်တော့ အတောင်တွေ ကျွတ်ပြီး ဟိုနား တစုကြီး, ဒီနားမှာ တစုကြီး ကျသေ၊ ဟိုငှက်က စား, ဒီငှက်က စားဒါကို မြင်လိုက်ရတော့ ဩ်....ခဏလေး ပျံပြီး ခဏလေး သေကြတာပါလားလို့ ပြောကြတယ်။

ထို့အတူပင် ယနေ့ အားလုံး ကမ္ဘာသူ ကမ္ဘာသားတို့နေထိုင်ရာ လူ့လောကကြီးမှာ သက်တမ်းအားဖြင့် ၁၂၀ ရှည်တယ်၊ ၁၀၀

ရှည်တယ်၊ ၇၅ နှစ် ရှည်တယ်လို့ ပြောရသော်လဲ ဗုဒ္ဓမြတ်စွာကြီးတို့ သက်တမ်းနဲ့ တိုက်လိုက်ပြီလို့ ဆိုမှဖြင့် တရက် တညဥ့် တနာရီ အတွင်းမှာ သေကြတာနဲ့ တူနေတယ်၊ လူ့ဘုံ လူ့ဌာနကို လှမ်းပြီး ကြည့်လိုက်လျှင် ဒီလိုဘဲ သူက မြင်နေတယ်၊ နတ်ဘုံ နတ်ပြည်တွေကို ကြည့်လိုက်တော့လဲ ကမ္ဘာနဲ့ ချီပြီး ရှည်တာ မဟုတ်တော့ အဲဒီလို ချည့် မြင်နေတယ်၊ ဒီတော့ သူက "ပြော်.... ဒို့မှ လွဲလို့ တခြား ဟာတွေ ဘာမှ မဟုတ်ပါလား၊ ကြည့်ရင်း ကြည့်ရင်း ခဏ ခဏ ပျောက်ပျောက် သွားနေလိုက်ကြတာ၊ ဒို့ဘဲ အမြဲ တည်တာဘဲ"လို့ ဆိုတဲ့ အစွဲမျိုး ဝင်လာတယ်၊ သူ့အစွဲမျိုးကို ကြတော့ "သဿတဒိဋ္ဌိ"စွဲလို့ ခေါ်တယ်။

## ဆက်မှား, ပြတ်မှား, အယူ ၂ ပါး

မြင်မြင်သမျှ ဘယ်တော့မှ မပျက်မစီးတော့ဘူး၊ အမြဲ ရှိနေတယ်၊ တဆက်ထဲ တည်နေတယ်လို့ ယူနေတာကို "သဿတဒိဋ္ဌိ=ဆက်မှား အယူ" လို့ ခေါ်တယ်၊ ဗုဒ္ဓမြတ်စွာကြီးက ဒီအယူကို ယူနေတယ်၊ အယူကလဲ "ဆက်မှား, ပြတ်မှား"လို့ နှစ်မျိုးရှိတယ်၊ ဆက်မှားလို့ ဆိုတာကြတော့ သဿတဒိဋ္ဌိ၊ ပြတ်မှားလို့ ဆိုတာကြတော့ ဥစ္ဆေဒဒိဋ္ဌိ အယူကို ပြောတာ၊ ဥစ္ဆေဒဒိဋ္ဌိ အယူသမားကြတော့ သေပြီး မြေကြီးထဲကို ရောက်သွားတာဘဲ၊ မသေခင်မှာ လုပ်ချင်တာကို လုပ်ကြ၊ သေပြီး, ပြီးရော၊ မြေကြီး ထဲရောက်၊ မြေဩဇာ ဖြစ်သွား၊ ပြတ်သွားတာဘဲ၊ ဟိုဘက် ဘယ်ကိုမှ ဆက်ပြီး မသွားတော့ဘူး၊ ကောင်းမှု မကောင်းမှုတွေလဲ ဘာမှ မလိုက်ဘူး၊

အဲဒီအယူကို "ပြတ်မှားအယူ" လို့ ခေါ်တယ်၊ ပါဠိလို ဥစ္ဆေဒ ဒိဋ္ဌိတဲ့၊ ဥစ္ဆေဒ-ပြတ်သွားတယ်လို့ဆိုတဲ့၊ ဒိဋ္ဌိ-အယူမှား။

## ဆက်မှား ပြတ်မှား, သား ၂ ယောက်ရဲ့ မိခင်

ဗကပြဟ္မာကြီး ယူထားတာကြတော့ (ဆက်မှား) အယူ၊ ဒီ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အယူ နှစ်မျိုးဟာ ဘယ်က ပေါက်ဖွားလာ သလဲလို့ ဆိုရင် သက္ကာယဒိဋ္ဌိက ပေါက်ဖွားလို့လာတယ်၊ ယနေ့ အားလုံးသော တရားနာနေကြတဲ့ ဒကာ-ဒကာမတွေမှာ ရှိနေတဲ့ " သက္ကာယဒိဋ္ဌိ "လို့ ဆိုတဲ့ မိခင်ကြီးက သဿတနဲ့ ဥစ္ဆေဒ သားကလေးနှစ်ယောက် ပေါက်ဖွားလာတတ်ကြတယ်၊ ငါတဲ့ သူတဲ့ ယောကျ်ားတဲ့ မိန်းမတဲ့ရယ်လို့ စွဲနေကြတဲ့ သက္ကာယဒိဋ္ဌိက ပေါက် ဖွားလို့ လာတာ။

## ဗုဒ္ဓဘာသာနဲ့ သဿတဒိဋ္ဌိ

ဒီတော့ သက္ကာယဒိဋ္ဌိကနေပြီး သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပေါက်ဖွားလာတဲ့ နှစ်မျိုးတွင် ဗကပြဟ္မာကြီးသည် "သဿတဒိဋ္ဌိ" လို့ ဆိုတဲ့ (ဆက်မှား)အယူကြီးကို စွဲပြီးယူနေတယ်၊ ဘုန်းကြီးတို့ အားလုံးက ဗကပြဟ္မာကြီးသာ ဒီအယူ ဒီအစွဲတွေနဲ့ စွဲနေတာ၊ ဒို့မှာ မစွဲပါဘူးလို့များ မထင်လိုက်နဲ့၊ အဲဒီ သဿတ ဥစ္ဆေဒ ဆက်မှား, ပြတ်မှား အယူနှစ်မျိုးတွင် ဗုဒ္ဓဘာသာလို့ ဆိုကြပေမဲ့ (ဆက်မှား)လို့ ဆိုတဲ့ ဒိဋ္ဌိစွဲဟာ ဗုဒ္ဓဘာသာ အများစု ယူနေကြ သေးတယ်၊ (ဆက်မှား)စွဲလေးတွေ စွဲနေလိုက်ကြသေးတယ်။

## ဘဝကူး ပြဿနာ

ဘာပြုလို့တုန်းဆိုရင် ဘဝကူးပြဿနာတွေနဲ့ လာပြီလို့ ဆိုရင် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေမှာ ဒီ သဿတဒိဋ္ဌိဟာ မလွတ်ချင်ကြသေးဘူး၊ ဒီခန္ဓာကိုယ်လေးက သေပြီးလို့ရှိရင် နောက်ဘဝကို ရောက်လို့ သွားရောတဲ့၊ ရောက်သွားတာက မှုပါတယ်၊ ယူဆပုံကြတော့ မမှန်ကြတော့ပြန်ဘူး၊ ဘယ်လို ယူဆနေကြတုန်းလို့ အားလုံးကို မေးကြည့်ရင် အသက်ကလေးက သေရင်ထွက်သွားပြီး ဒီခန္ဓာကိုယ်ကြီးက နေရစ်တာဘဲ၊ အသက်လို့ဆိုတဲ့ ဝိညာဉ်ကောင်ကလေးက ထွက်သွားပြီး နောက်ဘဝ အမေ-အဖေရဲ့ ဝမ်းခေါင်းထဲမှာဝင်နေပြီး လူကောင်လေး ပြန်ဖြစ်လာရောတဲ့။

ဒီလိုစွဲ၊ ဒီလိုယူ၊ ဒီလိုကိုဘဲ ပြောနေကြတယ်၊ ဒီအစွဲ၊ ဒီအယူ၊ ဒီအပြောတွေနဲ့ လျှောက်ပြီး လုပ်နေကြတာတွေကို တွေ့လိုက်ရတော့ ဘယ်လိုပင် မယူပါဘူး၊ မစွဲပါဘူး၊ မပြောပါဘူး ပြောနေကြပေမဲ့ လုပ်ငန်းဆောင်တာ၊ ပြောပုံလုပ်ပုံတွေက သက်သေပြနေတယ်၊ တချို့များ သေတဲ့အခါ ကူးတို့ခများတောင် ထည့်လိုက်ကြသေး သတဲ့၊ ဘာပြုလို့ ကူးတို့ခ ထည့်ပေးလိုက်ရတာလဲလို့ဆိုတော့ ဒီအသက်ဝိညာဉ်ဆိုတဲ့ အကောင်ကလေးက ဒီခန္ဓာကိုယ်ထဲက ဖြုတ်ဆို ထွက်သွားပြီး နောက်ခန္ဓာကိုယ်ကို လိုက်ရှာနေတဲ့ အခါမျိုးမှာ ဒီ ရွာထဲ မြို့ထဲမှာပင် တွေ့ချင်မှ တွေ့မှာဆိုတော့ မြစ်ကူး ချောင်းကူးတွေနဲ့ တမြို့တရွာကို သွားပြီးတော့များ အမေ လိုက်ရှာရရင် မြစ်ချောင်းကို မကူးနိုင်မှာစိုးလို့တဲ့၊ ကူးတို့နဲ့ကူးဘို့

ကူးတို့ခကလေး တမတ်တမတ် ထည့်ထည့် ပေးလိုက်ကြသေးတယ် နော်၊ သေသွားတဲ့သူ ဘယ်နားက ကူးတို့ခ လှေသမားကိုပေးပြီး ကူးသွားတယ်လို့ ဘယ်နှင်ခါမျှား ကြားဘူးကြတုန်း၊ (တခါမှ မကြားဘူးပါဘုရား၊) မကြားဘူးပေမယ်လို့ ယနေ့အထိ ကူးတို့ခ ထည့်နေရတဲ့ထုံးစံကြီး ရှိနေကြသေးတယ်။

## သေတဲ့သူ ကူလိငှါးရမလို

တချို့ ရှမ်းပြည်အရပ်ဒေသတွေမှာ ဆိုလို့ရှိရင် ကြားဘူးသေးတယ်၊ သေသွားတဲ့သူအတွက် ဝတ်စုံသုံးစုံ၊ ခေါင်းအုံးတလုံး၊ အိပ်ယာခင်းတထည်၊ ဘိနပ်အသစ်တရံ၊ ထီးတလက်၊ သင်ဖြူး တချပ်၊ စောင်တထည်၊ အသစ်တွေချည့် ဝယ်ထည့်ကြရ သတဲ့၊ ဘာပြုလို့တုန်းလို့ ဆိုတော့ သူသွားလေရာ နေပူ မိုးရွာရင် ဘိနပ်စီးပြီး ထီးဆောင်းသွားရအောင်လို့တဲ့။

ဟိုဘက် အမိဝမ်းထဲမရောက်ခင် လမ်းမှာ (ကြားထဲမှာ) ကြာ နေရင် ရောက်ရာအရပ်မှာ အိပ်ယာခင်း၊ ခေါင်းအုံးနဲ့ စောင် အသစ်ကလေးကိုခင်းပြီး အိပ်ရအောင်လို့တဲ့၊ အမြဲဝတ်ရအောင်က တစုံ၊ ရေချိုးတဲ့အခါ လဲဘို့ တစုံ၊ ထသွား လာသွားက တစုံလို့ ဆိုပြီး အဝတ်သုံးစုံ ထည့်လိုက်ကြရ သတဲ့၊ အဝတ်အထည်ဈေး တွေက ကြီးပါဘိနဲ့၊ သေရမှာတောင်မှ ဈေးတက် ဈေးကျကြည့် ပြီး သေရမလိုဘဲနော်၊ သူ့ခမျာ သေသွားရပါတယ်လို့ ဆိုမှ ဒီ အထုပ်အပိုးတွေကို သယ်နေရတာနဲ့ မသက်သာတော့ဘူး၊

သေတာတောင်မှ လက်လွှတ် မသွားရရှာဘူးနော်၊ ကူလီများ ငှါးနေရရင် မခက်ပေဘူးလား၊ ကူလီခတွေကလဲ ဈေးကြီးပါဘိနဲ့၊ အဲဒါ ဘာအယူလဲလို့ဆိုရင် " သဿတဒိဋ္ဌိ "လို့ ဆိုတဲ့ အယူ၊ အဲဒါကိုဘဲ (ဆက်မှား)လို့ ခေါ်တယ်။

ဒါဖြင့် ဒီလိုမသွားရင် နတ်ပြည်ရောက်တယ်၊ ဘယ်ဘုံကို ရောက်တယ်ဆိုတာ ဘယ်လိုသွားတာတုန်းလို့ ဆိုတော့ ဘုန်းကြီး ရှင်းပြပါ့မယ်၊ ဘုန်းကြီးဘို့ ဗုဒ္ဓဘာသာလူတယောက် မသေခင်မှာ ကုသိုလ်တွေပြုထားတယ်၊ နောက်ဘဝ လူပြန်ပြီးဖြစ်တယ်၊ နတ်ဘဝမှာ ဖြစ်တယ်၊ ဒါဟာ ဒီက ဝိညာဉ်လေးသွားတာ မဟုတ်ဘူး လားလို့ဆိုတော့၊ ဗုဒ္ဓကျမ်းစာ ဓမ္မက္ခန်အရ ဒီကသွားတာ မဟုတ်ဘူး၊ " အရှင်ဘုရားဟာက သွားတယ်လို့ ပြောတယ်၊ ဒီက သွားတာ မဟုတ်ဘူးလို့လဲ ပြောသေးတယ်၊ နတ်ဖြစ်-လူဖြစ်တယ် လို့လဲ ပြောတယ်၊ ဘယ်လိုမှတ်ရမှာလဲ"လို့ ဆိုတော့ သွားတော့ သွားတာမှန်သည်၊ ဆက်သွားသွားတဲ့ အသွားမဟုတ်ဘူး။

## တံဆိပ်ထုနဲ့ ဖယောင်းမီးကူး ဥပမာ

ဒီဘက်ဘဝ ရုပ်နာမ်ခန္ဓာ ဟိုဘက်ဘဝသို့ တခုမှ သွားသည် မဟုတ်ပါ၊ သွားနိုင်တဲ့ သဘောသတ္တိလဲမရှိပါ၊ အကြောင်း အကျိုး အဆက်ဆက်နဲ့ သွားတာသာဖြစ်ပါသည်၊ ဒီနေရာမှာ ကျမ်းဂန် ဒေသနာတော်က၊ ဥပမာ ဘာပေးတုန်းဆိုတော့၊ တံဆိပ်ထုတဲ့ ဥပမာ၊ ဖယောင်းမီးကူး ဥပမာပေးတယ်၊ တံဆိပ်ထုတဲ့ ဥပမာ

ဆိုတာ တဆိပ်တုံးနဲ့ မှင်နဲ့တို့ပြီးတော့ စက္ကူပေါ်ရိုက်လိုက်တော့ တံဆိပ်ကလေး ပေါ်လာတယ်၊ အဲဒီ စက္ကူပေါ်က တံဆိပ်သည် ရာဘာတုံးကလေးထဲ ကတံဆိပ် ရောက်သွားတာလား, မဟုတ်ပါ၊ ရာဘာတုံးထဲကတံဆိပ်က ရာဘာတုံးထဲမှာဘဲ ရှိသည်၊ ဟိုသွားထင် တာက ရာဘာတုံးထဲက တံဆိပ်ရဲ့ အမှတ်လက္ခဏာသာ ဖြစ်သည်၊ အတူတူ တထပ်ထဲဘဲလားလို့ ဆိုတော့လဲ မဟုတ်ဘူးလို့ဖြေရမယ်။

ဒီလိုဆို စက္ကူပေါ်မှာထင်တဲ့ တံဆိပ်တုံးရာသည် ရာဘာတံဆိပ် တုံးဟူသော အကြောင်းနဲ့ ကင်းရဲ့လားဆိုရင် မကင်းနိုင်ပါ၊ ဘဝ ကူး ဆိုတာလဲ ဒီအလားတူ ယူရမယ်၊ ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတွေကြောင့် နောက်ဘဝ လူခန္ဓာ နတ်ခန္ဓာ တံဆိပ် ရာလေး သွားထင်တယ်၊ ဒီကုသိုလ် အကုသိုလ်တွေနဲ့ ဒီက ခန္ဓာ တွေက ဟိုရောက်သွားသလား၊ မရောက်ပါ၊ အကြောင်း ကင်းရဲ့ လား ဆိုရင်လဲ မကင်းပါ၊ ဖယောင်းမီးကူး ဥပမာ ဆက်ပြောကြ ဦးစို့၊ ဖယောင်းတတိုင် မီးထွန်းထား၊ နောက် ဖယောင်းတတိုင်နဲ့ မီးကူးယူ၊ အရင်မီးတောက်ကို နောက်တတိုင်နဲ့ လာပြီး တို့တယ်၊ မီးတောက်ကလေး ပါသွားတယ်၊ ပဌမ ဖယောင်းတိုင်က မီးသည် ဒုတိယ ဖယောင်းတိုင်ရဲ့ မီးဆီ ရောက်သွားသလား၊ မရောက်ပါ၊ ရောက်သွားရင် ပဌမ ဖယောင်းတိုင်က မီးသေပြီး ငြိမ်းပြီးသွားမှာ ပေါ့၊ ဒါဖြင့် တခြားစီလား ဆိုတော့လဲ အကြောင်း အကျိုး ဆက် ပါသည်။

ဒီ ပဌမဖယောင်းတိုင်က ဖယောင်းဆီနဲ့ မီးစာကြိုးကြောင့် ပဌမ မီးတောက်၊ ဒုတိယ ဖယောင်းဆီနဲ့ မီးစာကြိုးကြောင့် ဒုတိယ

မီးတောက် သူ့အကျိုးနဲ့ သူ့အကြောင်း တောက်နေကြသည်၊ ဒါဖြင့် ပဋ္ဌမ ဖရောင်းတိုင်ရဲ့ အကြောင်း ကင်းရဲ့လားလို့ မေးရင် မကင်းပါ၊ ဘဝကူး ပဋိသန္ဓေနေတယ် ဆိုတာလဲ အဲဒီလို ယူရပါ သည်၊ အကုသိုလ်ကံပြုတဲ့သူ ငရဲ ရောက်သွားတယ်ဆိုတာ ဒီဘဝက ရုပ်နာမ်တွေ ဘာတခုမှ ပါသွားတာ မဟုတ်ဘူး၊ ပရမတ္ထ အဘိဓမ္မာ သဘာဝက ဒီရုပ်နာမ်တွေဟာ တဆံချည်လောက်မျှ တည်နေရာ အရပ်က မရွေ့ မပြောင်းဘူး။

ဒီနေရာမှာ ဖြစ်ရင် ဒီနေရာမှာပင် ချုပ်ကြသည်၊ သို့သော် အပါယ် ပဋိသန္ဓေ ရောက်သွားကြတဲ့ ဝိညာဏ်နှင့်တကွ ရုပ်တွေ နာမ် တွေဟာ ဒီဘဝက အကြောင်း ကင်းရဲ့လား ဆိုတော့ ဒုတိယ ဖရောင်းတိုင်ရဲ့ မီးတောက်ကလေးလိုဘဲ ဘယ်အကြောင်း ကင်းပါ့ မလဲ။

## မှန်နဲ့ မှန်ထဲကအရိပ် ဥပမာ

ပိုပြီး ထင်လွယ် မြင်လွယ်အောင်ပြောရမယ်ဆိုရင် ကိုယ်လုံးပေါ် မှန်ကြီးတခု ထောင်ထား၊ လူတယောက်က ကိုယ်လုံးပေါ် မှန်ကြီး ရှေ့ သွားရပ်တယ်၊ ရုပ်ပုံပေါ် လာတယ်၊ မှန်ထဲပေါ် တဲ့ ရုပ်နဲ့ အပြင် ဘက်က ရပ်တဲ့ရုပ် အတူတူဘဲလား မေးရင် အတူတူ မဟုတ်ပါ၊ အတူတူပါဘဲဆိုရင် မှန်ထဲက သူ့ရဲ့ခေါင်းကို ဒုတ်နဲ့ ရိုက်လိုက်လျှင် အပြင်ဘက်က ရပ်နေတဲ့သူလဲ နာကျင်ရမှာဘဲ၊ ယခုတော့ မနာပါ။

အတူတူမဟုတ်လို့ မနာတာပေါ့၊ ဒါဖြင့် မှန်ရှေ့ လာရပ်တဲ့ သူနဲ့ မှန်ထဲကအရိပ်ရုပ် တခြားစီလားဆိုလျှင် အကြောင်းမကင်း

ပါ၊ ရွှေမှာ လာရပ်လို့ မှန်ထဲ လူရိပ်ပေါ်တာဘဲ၊ ထို့အတူဘဲ ဘဝကူးတယ်ဆိုတာ သဿတဒိဋ္ဌိလွတ်အောင် အဲဒီလို ယူရပါမယ်၊ သဿတဒိဋ္ဌိသမားက ဒီလိုယူတာ မဟုတ်ဘူး၊ ဒီဘဝက အသက်ကလေးက ရှူးဆို ထွက်သွားပြီး တခြား ဘဝတခုထဲ ရောက်သွားတာလို့ ယူတာ၊ စောစောက ပြောသလို လမ်းမှာ ကူးတို့ ကူးစရာရှိရင် အခပေး ကူးရတယ်လို့ဆိုတယ်နော်၊ ထီး ဘိနပ် အဝတ်တွေ ထည့်လိုက်တာဆိုရင် ဒီဝိညာဥ်ကလေးက သယ်ပိုး သွားရမှာပေါ့၊ ဒါကို သဿတဒိဋ္ဌိ ဆက်မှားခေါ်တယ်၊ ဒီအယူ အစွဲတွေက ကမ္ဘာလောကသားတွေ အများကြီးမှာ အများဆုံး စွဲ၂ါတယ်။

## နင့်အဖေကလဲ မြင်းတစီး ပေးလိုက်တယ်

ဟိုရွာတရွာမှာ ကြွားဘူးသေးတယ်၊ အိမ်တအိမ်မှာ သမီးလေးတယောက် အပျိုအရွယ်ကလေး ရှိတာ၊ အကြောင်း မတော်လို့ ပျက်စီးသွားပါရော၊ ကွယ်လွန် ပျက်စီးသွားတော့ သဿတဒိဋ္ဌိ အယူစွဲ ထုံးစံအတိုင်းပေါ့လေ၊ အလောင်း ချတဲ့အခါ ကူးတို့ခကလေး တမတ်ထည့်ပြီး ချလိုက်ဘာပေါ့၊ အဖေက ဒီလောက် မဟုတ်ဘူး၊ အမေလုပ်တဲ့သူက သမီးလေး ချစ်လွန်းလို့ နေ့စဉ်နေ့တိုင်း သင်းချိုင်း သွား သွား ငိုနေရှာတယ်၊ သမီးရေ သမီးရေနဲ့ မြေပုံပေါ် သွားသွားပြီး တတ ငိုနေတယ်၊ သူ့သမီးမြှုပ်တဲ့ မြေပုံရဲ့ မလှမ်းမကမ်း ဂူနှစ်ခုရဲ့ ကြားထဲမှာ ဘိန်းစား တယောက်ကလဲ ဘိန်း လာလာပြီး ရှူရှူနေတယ်၊ ရွာထဲ ရပ်ထဲမှာက ဘိန်းစားတွေ ဖမ်းတယ် ဆီးတယ်လို့ဆိုပြီး မလွတ်လပ်တာနဲ့ အဲဒီ သင်းချိုင်းမှာ လာပြီး ရှူရတယ်။

ဘိန်းစား ဆိုတော့ ဘိန်းကို မှိန်းပြီး ဇိမ်နဲ့ ရှူနေတဲ့အချိန် "သမီးလေးရေ၊ သမီးလေးရေ" နဲ့ လာပြီး အော်ငိုနေတော့ ဆူတယ် နားငြီးတယ်ပေါ့လေ၊ ဘိန်းစားများဆိုတာ ဘိန်းရှူရင်း စိတ်ကူး တယ်ပြီး ယဉ်ဆိုဘဲ၊ ဦးမြသန်း ယဉ်ဘူးသလား၊ (မယဉ်ဘူးပါ ဘုရား)၊ ဒီတခါတော့ ဦးမြသန်း လွတ်သွားတယ်နော်၊ တခါတခါ တရားထောက်နဲ့ တရားဟောဆိုဒါ တယောက်တယောက် အငိုက်ဖမ်းတတ်တယ်၊ ဘုန်းကြီးကတော့ ဖမ်းလိမ့်မယ်နော် ဒကာမြသန်း၊ လွတ်အောင်သာ ကြည့်ရှောင်ပေတော့၊ ဒီလို နေ့စဉ် လာငိုနေတော့ ဘိန်းစားက စိတ်ပျက်နေတယ်၊ "အား... ဒီဟာမကလဲ ဆူလိုက်တာ၊ တနေ့လာလဲ သမီးရေ၊ သမီးရေနဲ့ အချိန်ကုန်ခဲ့ရတယ်၊ ငါ စိတ်ကူးကောင်းကောင်းကို မယဉ်ရတော့ဘူး" ဆိုပြီး စိတ်ပျက်တယ်ပေါ့။

နောက်တော့ ဘိန်းစားက အကြံရတယ်၊ ဒီလောက်တောင်မှ လာလာ ငိုနေတာတော့ ငါလဲ အမြတ်တွက်အောင် ဒီဟာမလဲ လာမငိုအောင် ကြံအုံးမှဘဲဆိုပြီး ဘိန်းစားက ကြံတယ်၊ သူက ရပ်ထဲရွာထဲမှာ ပွဲသဘင်များ ကတဲ့အခါ ဝတ်တဲ့ သိကြား အဝတ်အစားကြီးကို ငှါးလာပြီး သုသာန် ယူသွားတာပေါ့၊ သုသာန်ရောက်တော့ အဲဒီ သိကြားဝတ်စုံကြီးကို ဝတ်ပြီးတော့ ဟိုမိန်းမ လာလာပြီး ငိုနေတဲ့ မြေပုံအနီးက ညောင်ပင်ကြီးပေါ် တက်ပြီး စောင့်နေတယ်၊ ဟိုမိန်းမကလဲ ထုံးစံအတိုင်း လာငိုတယ်၊ ငိုလို့ တော်တော်လေး ကြာတော့ ဘိန်းစားက ညောင်ကိုင်းကြီးကို ဖြုန်းဖြုန်း မြည်အောင် လှုပ်ပြလိုက်တယ်။

ဒါနဲ့ ဟိုမိန်းမဟာ ငိုနေရာကသန့်ပြီး မော့ကြည့်လိုက်တော့ ''ဪ.... အရှင်နတ်မင်းကြီးပါလား၊ အရှင်နတ်မင်းကြီး ဘယ်က လာခဲ့တာတုန်း''လို့ မေးတော့ ဘိန်းစားသိကြားက ''ဘယ်က လာခဲ့ရမှာတုန်းဗျ၊ တာဝတိံသာက, တာဝတိံသာက'' လို့ ခပ်တည်တည် ပြောလိုက်တယ်၊ ''ဘာကိစ္စများရှိလို့ လာခဲ့တာလဲ အရှင်နတ်မင်းကြီးရယ်''၊ ''အံမာ, ညီးရဲ့သမီးက ဝင်ခဲ့စမ်းပါအုံး ဆိုလို့ ငါလာခဲ့ရတယ်''၊ ''အံမယ်လေး— ကျမသမီးလေး ယခု ဘယ်မှာရောက်နေတုန်း အရှင်နတ်မင်းကြီးရယ်''၊ ''အို— စကားရှည်မနေနဲ့, တာဝတိံသာမှာ တာဝတိံသာမှာ၊ ငါ့မှာလဲ တာဝန်တွေရှိသေးတယ်, ငါကြာကြာမနေနိုင်ဘူး၊ ပြန်ရအုံးမှာ။

ညီးသမီးက မှာလိုက်လို့ ခဏဝင်လာတာ၊ ညီးတို့က သမီးလေး ချစ်တယ်လို့သာ ဆိုဘာကိုး၊ သူသေတုန်းက ကူးတို့ခလေးတမတ်ထဲ ထည့်လိုက်တယ်၊ တာဝတိံသာတော့ ရောက်လာပါရဲ့, ဟိုမှာ သူများတွေက ဝတ်ကြဆင်ကြ, ပုတီး-နားဒောင်း, လက်ကောက် တွေ ဆင်ကြနဲ့၊ ညီးတို့က ညီးသမီးလေး သေတုန်းက ကူးတို့ခလေး တမတ်သာထည့်ပြီး လက်ဝတ်လက်စား သူ့အသုံးအဆောင်တွေ မထည့်လိုက်တော့ မဝတ်မဆင်ရလို့ မျက်နှာငယ်ပြီး ငိုငိုနေရှာ တယ်၊ အဲဒါ သူက မှာလိုက်တယ်၊ ငါ လူ့ပြည်သွားမှာကို သိလို့ အရှင် ဖိုးသိကြားရယ်— လူ့ပြည်ရောက်လို့ အခမဘိုနဲ့များတွေ့ရင် ပုတီး, နားဒောင်း, လက်ကောက်, ခြေကျင်းလေးတွေ တောင်းခဲ့ စမ်းပါဆိုပြီး မှာလိုက်လို့ ငါလာခဲ့ရတာ။

အံမယ်လေး-ဖိုးသိကြားကြီးရယ်, ဒီလိုဆို ခဏလေး စောင့်ပါအုံး၊ ကျမ အိမ်ကိုပြေးယူချေပါအုံးမယ်လို့ ပြောတော့- "သွားသွား, မြန်မြန်ပြေးယူခဲ့၊ မြန်မြန်သွားချေ"၊ ဒီတော့ ရွာဘက်ပြန်ပြေးလာပြီး, အိမ်ပေါ်အတင်းပြေးပြီးတက်၊ သေတ္တာကို အမြန်ဖွင့်ပြီး သွီးလေးဝတ်တဲ့လက်ဝတ်လက်စားတွေကို လက်ကိုင်ပုဝါနဲ့ မြန်မြန်ထုပ်ကာ အိမ်တံခါးနဲ့ သေတ္တာတွေလဲ မပိတ်ခဲ့နိုင်တော့ဘဲ ပြေးဆင်းသွားပါရော၊ ဘိန်းစား သိကြား ကလဲ ဒီ အချိန်မှာ ညောင်ပင်ပေါ်က ဆင်းပြီး စောင့်နေပြီ၊ သူသာန်ရောက်တော့ မိုးသိကြားလက်ထဲ ထည့်ပေးနေပြီး, သူမှာစရာရှိတာ လေးတွေမှာနေတဲ့အချိန်။

အဲဒီမိန်းမရဲ့ယောကျ်ားကလဲ ရပ်ထဲရွာထဲ သွားနေရာက အိမ်ပြန်လာတော့, အိမ်တံခါးတွေလဲပွင့်လို့ သေတ္တာတွေလဲပွင့်နေတာတွေ့တော့ "အင်း.... ဧကန္တ သူခိုးတော့ဝင်ပြီ ထင်တယ်" ဆိုပြီး သူ့မိန်းမခေါ်တော့လဲ မတွေ့၊ အိမ်နားနီးချင်းတွေမေးကြည့်တော့ "ခင်ဗျားမိန်းမ ဘာဖြစ်လာတယ်တော့ မသိဘူး၊ စောစောက သုသာန်သွားငိုနေရာက ခပ်သုတ်သုတ် ပြန်ပြေးလာပြီး အိမ်ပေါ်တက်ပြီး ပြန်ဆင်းလာတော့, လက်ထဲသဲ အထုပ်ကလေး ဆွဲပြီး ပြေးသွားလေရဲ့"လို့ ပြောကြတယ်၊ "အင်း.... ဘာမျှား ဖြစ်ပါလိမ့်မလဲ၊ တခုခုတော့ဖြစ်ပြီ၊ အိမ်ရှိတဲ့ ရွှေတိုငွေစတွေလဲ ပါသွားတယ်၊ ငါလိုက်အုံးမှဘဲ"ဆိုပြီး အိမ်ရှိတဲ့မြင်းကိုစီးပြီး ဒုန်းစိုင်းပြီး လိုက်တော့တာပေါ့၊ သုသာန်ရောက်တော့ ဘိန်းစားသိကြားထံ အထုပ်အပ်နေပြီ။

ဒါနဲ့ ဘိန်းစားသိကြားက ယူပြီးတော့ "စိတ်သာချပါ၊ ညီးသွီး ပေးလိုက်ပါ့မယ်" စသည်ဖြင့် ပြောနေတုန်း၊ ဟိုယောကျ်ားက မြင်းနဲ့ရောက်လာ၊ "ဟ ဟ၊ ဟော့–ရှင်မ၊ ဘာဖြစ်တာတုန်း၊ အဲဒီ အထုပ်ကြီးက ဘာဖြစ်လို့ ပေးလိုက်တာတုန်း" လို့ မေးတော့ "အံမာ– တော်က ဘာဖြစ်တာတုန်းလုပ်နေ၊ သွားချင်ရာသွားနေ ပြီးတော့၊ ဟိုမှာ သွီးလေး မစားရမသောက်ရ၊ မဝတ်ရ မဆင်ရ ဖြစ်နေလို့ စိတ်ဒုက္ခရောက်ပြီး နေ့တိုင်း ငိုငို နေတယ်တဲ့၊ သူသေ တုန်းက ကူးတို့ခလေး တမတ်နဲ့ ဘာမှ အလုပ်မဖြစ်လို့ ချို့ချို့ တဲ့တဲ့ နေရသတဲ့တော့၊ တော့သွီး ဒီမှာ ဖိုးသိကြားနဲ့ တွေ့လို့ သာပေါ့တော်"လို့ ပြောလိုက်တော့။

"ဟာ–ဘယ်ကဖိုးသိကြားဟုတ်ရမှာလဲ၊ ဒီကောင် လူညာနေမှာ၊ ဘာလို့ပေးရမှာတုန်း၊ ဟော့ကောင် အထုပ်ပြန်ပေး"လို့ အော်တော့ ဘိန်စားက ပြေးပါလေရော၊ ပြေးတော့ "မင်းဘာပြေးလို့ ရမလဲ" ဆိုပြီး မြင်းနဲ့လိုက်တာပေါ့၊ ဘိန်းစား သိကြားက အပါးဘဲ၊ သုသာန်ကဂူတွေက အစီအစဉ်နဲ့ မဟုတ်ဘဲ ဟိုကွေ့ ဒီကောက် တည်ထားတာဆိုတော့ မြင်းနဲ့ ဂူကြားထဲ လိုက်မရဘူးဆိုတာသိလို့ ဂူကြားထဲ လှည့်ပြေးတယ်၊ ဟိုယောကျ်ားက နောက်ကမြင်းနဲ့ လိုက်၊ ဘိန်းစား သိကြားက ဂူတွေကြားထဲကို လှည့်ပတ်ပြေး၊ ဒီးတော့ မြင်းသမားက "ကြာရင် ဒီကောင် ပျောက်သွားတော့ မှာ"ဘဲလို့ ဆိုပြီး မြင်းကို တနေရာမှာ ချိတ်ထားခဲ့ပြီး ခြေလျင် ဆင်းပြီးတော့လိုက်တယ်။

နှစ်ယောက်သား ပြေးလား လိုက်လားနဲ့ လုပ်နေရင်းက ဘိန်းစား သိကြားက ဟိုယောကျ်ား ချိတ်ထားခဲ့တဲ့ မြင်းဆီကို ပြေးတဲ့ပြီး မြင်းပေါ်ကို လွှားကနဲဆို တက်စီးလိုက်ပြီး မြင်းကို မောင်းပြေးပါရော၊ သူ့မြင်းကို ဖြုတ်ပြေးတော့ နောက်ကနေပြီး အတင်းလိုက်၊ ဟိုက မြင်းနဲ့ပြေးတာဖြစ်တော့ လိုက်လေ ဝေးလေ ဖြစ်ပြီး ကျန်ရစ်တော့တာပေါ့၊ သူကလဲ သိကြားဟုတ်သလား၊ မဟုတ်ဘူးလား ဆိုတာကလဲ မခွဲခြားနိုင်ဘူး၊ လိုက်သာလိုက်နေရတယ်၊ သူလိုက်လို့ မမီတော့မဲ့ပုံကလဲ မပေါ်တော့တာနဲ့ ကိုင်း— ငါလဲဘဲ မထူးဘူး၊ အရှုံးခံလိုတော့ မဖြစ်ဘူးလို့ဆိုပြီး " ဗျို့.... ဖိုးသိကြားကြီးခင်ဗျား၊ ကျုပ်သမီးလေးနဲ့ တွေ့လို့ရှိရင် ညီးအဖေ ကလဲ မြင်းတစီး လက်ဆောင်ပေးလိုက်တယ်လို့သာ ပြောလိုက်ပါ တော့ဗျို့ "လို့ အော်ပြီး မှာလိုက်ရသတဲ့။ (ရယ်သံများ၊)

နဲနဲမှ ကျေးဇူးတင်ခံရခံရ၊ လိုက်လို့မမီတော့တဲ့အတူတူ သူကလဲ မြင်းတစီး ပေးလိုက်တယ်လို့ မှာလိုက်ရတော့တယ်၊ သူ့အမေက ဝတ်စားတန်ဆာတွေ ပေးလိုက်ပြီကိုး၊ သူ့အမေချည့်လဲ ကျေးဇူး တင် မခံနိုင်ဘူး၊ သူ့ကိုလဲ ကျေးဇူးတင် ခံချင်သေးတာကိုး၊ မြင်း ကလဲ ပါသွားပြီလေ၊ နောက်ဆုံးတော့ ဒီလိုဘဲ အော်လိုက်ရတော့ မှာပေါ့၊ ယခုကာလတော့ ဒီလောက်ဆိုးတဲ့သူတွေ ရှိမယ်လို့မထင် ပါဘူး၊ ရှိတော့ရှိမှာပေါ့၊ ပုတီး၊ နားဒွောင်း ပို့ရလောက်အောင် တော့ ရှိမယ်လို့ မထင်ပါဘူး၊ အဲဒါသည်ပင် ဘယ်ကလာခဲ့သလဲ လို့ ဆိုရင် သဿတဒိဋ္ဌိအယူလို့ဆိုတဲ့ ဆက်မှားက လာခဲ့သည်။

## ဗုဒ်ဂိုဏ်းလား၊ ဗဂိုဏ်းလား

ဗကပြဟ္မာကြီး သဿတဒိဋ္ဌိ အယူစွဲကြီး စွဲနေတာ ဖြစ်မှ ဖြစ်ရလေနဲ့ ပြောကြတယ်၊ အားလုံးလဲ သဿတဒိဋ္ဌိ အယူစွဲကြီးတွေက များကြသည်၊ သဿတ အယူစွဲကြီးနဲ့ ဒီ ဝိညာဉ်လေး ထွက်ပြီး နောက်ဘဝကို ရောက်သွားတယ်လို့ ထင်နေသူတွေဟာ ဘုရားဂိုဏ်းသားလား၊ ဗက ဂိုဏ်းသားလား၊ (ဗက ဂိုဏ်းသားတွေပါ ဘုရား)၊ ကဲ–ဒါဖြင့် လိုက်ဆိုကြစမ်းပါ....

ကိုယ့်ကိုယ်ကိုတွေး၊ ကိုယ်မေးလေပါ၊
ဗုဒ်ဂိုဏ်း ဗဂိုဏ်း၊ ဘယ်ဂိုဏ်း ငါဟာ၊
သက်ဝိညာဉ်လေး၊ ဆက်ပြေးယူရှာ၊
ဗရဲ့ဂိုဏ်း၊ မိုက်ရိုင်းလေတော့တာ။

ကိုယ့်ကိုယ်ကို မေးကြပါတဲ့၊ ငါ ဘုရားဂိုဏ်းသားလား၊ ဗကဂိုဏ်းသားလား မေးပါတဲ့၊ ဗုဒ်လို့ဆိုတာ ဗုဒ္ဓ= ဘုရား၊ ဒီသဿတအယူကြီး ရှိနေလို့ရှိရင် တရားထူးကို မရနိုင်ဘူး၊ ဘုရားဂိုဏ်းက ဒီလိုအယူမျိုး မရှိနိုင်ပါ၊ ဒီအစွဲတွေ လွတ်ရဲ့လား၊ မလွတ်ဘူးလားလို့ဆိုတာ ကိုယ့်ကိုယ်ကို မေးကြည့်ပါတဲ့၊ ဗ-ဆိုတာကြတော့ ဗကပြဟ္မာကြီးကို ပြောတာ၊ အဲဒီ သဿတအယူစွဲပြီး အကုသိုလ်တွေကိုပြုလုပ်မိရင် ဗကပြဟ္မာကြီး ဂိုဏ်းထဲကိုဝင်ပြီး သံသရာထဲမှာလည်အုံးတော့မှာဘဲတဲ့၊ အမိုက်ဂိုဏ်း၊ အရိုင်းဂိုဏ်းဝင်တဲ့။

ဒါကြောင့် ယနေ့ ဒကာ–ဒကာမတွေ ပဋိသန္ဓေဝိညာဉ်ကူးလို့ဆိုတဲ့ အဆစ်အပိုင်းကလေးသည် တိမ်မရောင်ရောင်နဲ့ နက်နေပါ

သည်၊ လွယ်မရောင်ရောင်နဲ့လဲ ခက်နေပါသည်၊ ဒို့ ဒကာ ဒကာမတွေ သဿတဒိဋ္ဌိနဲ့ စွဲနေကြတာကို အသိနဲ့ ပယ်နိုင်အောင်, အသိနဲ့ ဖြတ်နိုင်အောင် ဘုန်းကြီးက ပြောနေပါတယ်၊ ဒါ့ကြောင့် ဆက်ပြီးတော့ သွားတာမဟုတ်ဘူး၊ သွားတာတော့ သွားတယ်၊ ဒီက ရုပ်နာမ်ကြီးက ဟိုကို မသွားပါ၊ ဒီက အကြောင်းကြောင့် ဟိုမှာ အကျိုးပေါ်တယ်၊ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်မည်လို့ ဆိုရင် ဘဝပစ္စယာ ဇာတိ-တဲ့၊ မိုးကုတ် ကျွေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ စက်ဝိုင်းနဲ့ ကြည့်မယ်လို့ဆိုရင် ကမ္မဘဝ ပစ္စယာ-ကမ္မဘဝဟူသော အကြောင်းတရားကြောင့်၊ ဇာတိ- လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, အပါယ်ဘဝ ဟူသော ဇာတိသည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်၍ လာ၏။

သူ့အကြောင်းနဲ့ သူ့အကျိုး စွဲပြီး ဖြစ်ပေါ်လို့ လာတယ်၊ အဲဒီလို သူ့အကြောင်းနဲ့ သူ့အကျိုးကို စွဲပြီး ဖြစ်တယ်လို့ သိပြီလို့ ဆိုရင် သဿတဒိဋ္ဌိစွဲကနေပြီး လွတ်သွားပြီတဲ့၊ ယခု ဗကဗြဟ္မာကြီး ယူနေတဲ့အယူက သဿတဒိဋ္ဌိအယူ ဖြစ်ပါတယ်၊ ဘုရားရှင်က "ဗက ဗြဟ္မာကြီး အဝိဇ္ဇာ ထူလိုက်လေ" လို့ ပြောလိုက်တော့ ဗကဗြဟ္မာကြီးက မခံနိုင်ဘူး၊ မြဲလို့ မြဲတယ် ယူတာ၊ ဟုတ်လို့ ဟုတ်တယ်လို့ ယူတာ၊ မှန်လို့ မှန်တယ် ပြောတာဘဲလို့ သူက ခံပြီး ငြင်းလိုက်သေးတယ်၊ ဒါနဲ့ ဘုရားရှင်ကိုယ်တော်မြတ်က ဗက....သင် ဒီကနေ ဘယ်မှ မပြောင်းဘူး၊ ဘယ်ကမှလဲ လာခဲ့တာ မဟုတ်ဘူး၊ ဒီမှာ ဘယ်ကမှ နောက်ထပ်လဲ အဖြစ်မရှိဘူးလို့ သင် ယူလို့သာ ယူနေတာ၊ သင်ဟာလေ....။

## ဗက ပြဟ္မာကြီးရဲ့ ရှေးဖြစ်ရပ်တွေ

"ဟိုအထက် သင်ဖြစ်ခဲ့တဲ့ စတုတ္ထဈာန်ဘုံကနေပြီး တဖြေးဖြေး ဆင်းလာလိုက်တာ ဗက၊.... သင့်ရဲ့ ဘဝ ၊ သင့်ရဲ့ တန်ခိုး၊ သင် ဖြစ်ခဲ့ရာကို ငါသိတယ် ဗက....၊ သင့်အကြောင်းတွေကို ငါအကုန် သိတယ် ဗက" လို့ ပြောလိုက်တော့ ဗကပြဟ္မာကြီး နဲ့နဲ စိတ်ထဲမှာ တွေသွားတယ်၊ သင့်အကြောင်းတွေကို ငါ အကုန်သိဘယ်၊ ငါ အကုန် ပြောပြမယ်လို့ ဆိုတော့ လောက သတ္တဝါတွေဟာ ကိုယ့် အကြောင်းလေးကို ပြောပြမယ်ဆိုလို့ရှိရင် နားထောင်ချင်ကြတာ ချည့်ဘဲ၊ ဗေဒင် မေးကြတယ်လို့ဆိုတာ ကိုယ့်အကြောင်းလေးကို နားထောင်ချင်လို့ မေးနေကြတာဘဲ၊ လက္ခဏာ၊ အင်္ဂဝိဇ္ဇာဆရာ တွေဆီကို သွားပြီး ဟောပေး၊ ပြောပေးစမ်းပါလို့ ဆိုတာ ကိုယ့် အကြောင်းလေးကို အပြောခိုင်းကြတာဘဲ၊ ပြောများ ပြောလိုက် ပြီလို့ ဆိုရင်လဲ ကောင်းကောင်း၊ မကောင်းကောင်း နားထောင်ချင် ကြသေးတာဘဲ။

ဟော- ဗကပြဟ္မာကြီး သူ့အကြောင်းကို ဘုရားက ပြောမယ် လို့ ဆိုလိုက်တော့ နားထောင်ချင်လာတယ်၊ "သင်ဟာ စတုတ္ထ ဈာန်ဘုံက တတိယဈာန်ဘုံကို ဆင်းပြီးတော့ လာခဲ့၊ ဖြစ်ခဲ့ဘာ၊ တတိယဈာန်ဘုံက ဒုတိယဈာန်ဘုံ၊ ဒုတိယဈာန်ဘုံက ဒီ ပဌမ ဈာန်ဘုံကို ရောက်နေတာကို သင် ပြန်ပြီး ကြည့်လိုက်ပါအုံးလေ" လို့ ဆိုလိုက်တော့မှ ပြန်ပြီးကြည့်လိုက်တော့ ဘုရားရှင်ပြောလိုက်တဲ့ အတိုင်း ဟုတ်နေတယ်၊ သူကလဲ့ဘဲ သေးတာတော့ မဟုတ်လှဘူး၊

ဒိဗ္ဗစက္ခုဉာဏ်နဲ့ ပြန်ပြီးတော့ ကြည့်နိုင်တယ်၊ ကြည့်နိုင်ပေမဲ့လို့ မေ့ပြီးတော့ ဒီရောက်နေတဲ့နေရာကို နှစ်သက်ပြီး ငါဟာ ဘယ်ကမှ လာခဲ့တာ မဟုတ်နိုင်ဘူး၊ ဒီထက် သာတာလဲ ဘယ်မှ မရှိနိုင်ဘူး၊ မြဲနေတယ်လို့ အထင်ရောက်နေလိုက်ဘာ။

ဒီတော့ ဘုရားရှင်က သတိပေးလိုက်လို့ အထက်ကဘုံတွေကို မြင်လာတော့မှ အဝိဇ္ဇာ နန့်နန့်ကွာသွားပြီး ရှင်းသွားတယ်၊ ဘုရားက " ဒါတင် မကသေးဘူး၊ ဗကာ.... သင် အတိတ် ရှေးက ကုသိုလ် ကောင်းမှု ပြုခဲ့ဘာတွေကိုလဲ ငါပြောပြအုံးမယ်" ဆိုပြီး သူ့အတိတ် ကောင်းမှုတွေ ပြောပြတယ်။

တခါတုန်းက သင်က ရသေ့ဖြစ်ပြီးတော့ ဂင်္ဂါမြစ်ကမ်းတဘက်မှာ နေတယ်၊ အဲဒီလိုနေတော့ သဲကန္တာရကြီးထဲမှာ လှည်းငါးရာကုန်သည်တွေ ရေပြတ်ပြီးတော့ ဒုက္ခရောက်နေတာကိုလဲဘဲ သင် ကယ်ခဲ့ဘူးတယ်၊ သင် ပြဟ္မာ့ပြည်ကို မရောက်ခင်တုန်းက သင့်ကုသိုလ်တွေကို ငါ ပြန်ပြောမယ်လို့ ဆိုပြီး ပြောနေတာ၊ ဒီလို လှည်းငါးရာ သဲကန္တာရကြီးထဲမှာ ရေပြတ်ပြီး ဒုက္ခရောက်နေတဲ့အချိန်မှာ သင်က ဂင်္ဂါမြစ်ထဲက ရေတွေကို "ဟောဒီရေတွေ သဲကန္တာရထဲမှာ ရောက်လို့ သေမတတ် ဖြစ်နေတဲ့ လူတွေဆီကို တခါထဲ ဒလဟော ရေတွေ စီးပါစေသား" လို့ သင့် တန်ခိုး စျာန်အဘိညာဏ် အစွမ်းနဲ့ ခိုင်းလိုက်လို့ ဂင်္ဂါမြစ်ထဲက ရေတွေဟာ သဲကန္တာရ ကြီးထဲမှာ ရေကြောင်းကြီးပေါက်ပြီး စီးသွားလို့ လှည်းသားငါးရာ ချမ်းသာခဲ့ဘူးတယ်၊ ကယ်ခဲ့ဘူးတယ်၊ ဒါက တချီ။

နောက်တချိကာလဲဘဲ သင် တန်ခိုးအဘိညာဉ်နဲ့ ပြည့်စုံပြီး ဒီလို ရသေ့ဘဝနဲ့ ဂင်္ဂါမြစ်ကမ်းမှာဘဲနေတော့ သင့်ရဲ့ အနီးအနားမှာ ရှိတဲ့ ရွာကြီးတရွာမှ ကြက်ငှက် ကျွဲနွားမှစပြီး လူတွေပါ အကုန် သတ်မယ်လို့ ဆိုပြီး, သူခိုး ဓားပြတွေက အကုန် မောင်းပြီးထုတ် သွားတဲ့အချိန်မှာ ငါ့မျက်စိအောက်မှ ဖြင့် ဒုက္ခ မရောက်ကြပါ စေနဲ့ ဆိုပြီး တဘက်က ရှင်ဘုရင်နဲ့ စစ်ဘပ်ကြီးအသွင် ဖန်ဆင်း ပြီး ပြလိုက်လို့ ခိုးသား ဓားပြတွေ ထွက်ပြေးကြပြီး အားလုံးကို သင် ကယ်ခဲ့ဘူးတယ်၊ ဒါကလဲ တချို၊ အဲဒီလို ပြန်ပြောလိုက်တိုင်း ဗကဟာ သူ့ကိုယ်သူ သတိရလို့နေတယ်။

တခါတုန်းကလဲလေတဲ့၊ ဂင်္ဂါမြစ်အညာမှာရှိနေတဲ့ လူတသိုက်နဲ့ ဂင်္ဂါမြစ်အောက်အကြေမှာ ရှိနေတဲ့လူဘသိုက် အာဝါဟ, ဝိဝါဟ လက်ထပ်မင်္ဂလာ အခမ်းအနားကိစ္စနဲ့ ဂင်္ဂါမြစ်ထဲမှာ အတီးအမှုတ် တွေနဲ့ ပျော်စရာရွှင်စရာ ဖေါင်ကြီးတွေဖွဲ့ပြီး ဆင်းလာတဲ့ အချိန်, ဂင်္ဂါမြစ်ထဲက နဂါးကြီးဘကောင်က အဲဒီသူတွေကို စိတ်ဆိုးပြီး ပါးပျဉ်းကြီးထောင်ပြီး လိုက်တယ်၊ အဲဒီ အချိန်မှာ လူတွေလန့်ပြီး အော်ဟစ်တဲ့အသံကို ဂင်္ဂါမြစ်ကမ်းမှာနေတဲ့ သင်္ခမ်းကျောင်းထဲက သင်ကကြားလို့ သင်က ဂဠုန်ယောင် ဆောင်ပြီး နဂါးကြီး ကြောက်အောင် လန့်အောင် ချောက်လှန့်ပြီး လူ အပေါင်းကို ကယ်ခဲ့ဘူးတယ်၊ အဲဒါကလဲ တချို၊ အဲဒီလို ကယ်ခဲ့တဲ့ ကုသိုလ် အဟုန်အရှိန် သတ္တိတွေကိုလဲဘဲ ငါကမြင်တယ်။

## ဗကဗြဟ္မာက တန်ခိုးပြိုင်

သင့်ဘဝတွေ ဆက်ဆက်ပြီး ကူးပြောင်း လာတာတွေကိုလဲ ငါကမြင်တယ် ဗက-လို့ ပြောလိုက်တော့မှ ဗကက နဲနဲသဘောကျ သွားတယ်၊ သဘောကျပေမဲ့ သူက ဘုရားကို ဟုတ်တယ်လို့ ဝန်မခံ ချင်သေးတဲ့အပြင်, သူက ဘာပြန်ပြောလိုက်သေးတုန်းလို့ဆိုတော့ ကိုင်း— ကိုယ်တော်, ကိုယ်တော်နဲ့ တပည့်တော် တန်ခိုး ပြိုင်ရ အောင်၊ တပည့်တော်က ကိုယ်ရောင်ဖျောက်ပြီး တန်ခိုးပြမယ်တဲ့၊ ဘုရားက သူ့ပရိသာ်ရှေ့မှာ သူပြောသမျှကို ချေဖျက်နေတော့, ဗကဗြဟ္မာဟာ ရှက်နေတယ်၊ ဒါနဲ့ ကြံမိကြံရာကြံပြီး ကိုယ်ဖျောက် မယ်လို့ ပြောလိုက်တာဘဲ။

ဘုရားကလဲ "ကဲ-ဗက, ဖျောက်ပြပါလေ"လို့ ဆိုလိုက်တော့ ကိုယ်တော် တပည့်တော်ကိုကြည့်နေ ဖျောက်တော့မယ်လို့ ပြော လိုက်ပြီး ဖျောက်လိုက်တာ ဗကကြီးရဲ့ ကိုယ်က မပျောက်ဘူး၊ ဘယ်ပျောက်ပါ့မလဲ၊ ဘုရားက ဗကကြီးကို ကိုယ်ရောင်ဖျောက်လို့ မရပါစေသား-လို့ အဓိဋ္ဌာန်ထားတာကိုး၊ ဖျောက်ကြည့်လိုက်မရ၊ ဘေးက ဗြဟ္မာတွေက ဦးဗကကြီး ကိုယ်ရောင်ဖျောက်ပြနေတာ မပျောက် သေးဘူး၊ ကျုပ်တို့တောင် မှ မြင်နေ သေး တာဘဲလို့ ဆိုတာနဲ့ ဗိမာန်ထဲကိုပြေးပြီးပုန်းလိုက်ပြန်တယ်၊ ဟင်း-ဦးဗကကြီး ဗိမာန်ထဲ ဝင်ပုန်းနေတာ မြင်နေရတာဘဲလို့ ဆိုတာနဲ့ ပဒေသာ ပင်အောက်ထိုင်ပြီး ပုန်း, မရဘူး၊ ဟား—မြေကြီးပေါ် ပုပြီး ဝပ်နေ မရဘူး၊ ဗကဗြဟ္မာကြီး အရှက်ကွဲပြီး အကြီးအကျယ် ဒုက္ခရောက် နေတယ်။

ဒါနဲ့ ဘုရားရှင် ကိုယ်တော်မြတ်က… ဗက, သင်ဘယ်လိုဘဲ ဖျောက်ဖျောက် မရဘူးတဲ့၊ သင်ငါ့ကိုကြည့်နေတဲ့၊ ငါဖျောက်ပြမဲ့ အလှည့်ရောက်လာပြီတဲ့၊ ဗကကြီးနဲ့ မြတ်စွာဘုရား တူတူပုန်းတမ်း ကစားနေကြတာနော်၊ ဘုရားရှင်က ကြည့်ကြည့်လို့ ဆိုလိုက်ပြီး, အကြွင် တန်ခိုးအဘိညာဏ်နဲ့ ပြုစီရင်ခဲ့သည်ရှိသော် ဘုရားရှင်ရဲ့ ကိုယ်တော်, ရုပ်ခါတ်နာမ်ခါတ်တော်ကို ပြဟ္မာအားလုံးနှင် တကွ မည်သူမျှ မမြင်နိုင်၊ ထိုတန်ခိုး အဘိညာဉ်ကို ပြုစီရင်၍ ကိုယ် ဖျောက်တော်မူလိုက်လေ သတည်း၊ ဘုန်းကြီးတို့ "ဣတိပိသော" စတဲ့ ဂုဏ်တော်ကိုးပါးထဲက ဘဂဝါဂုဏ်တော်ပါဘဲ။

အန္နမြူသဘွယ်, ပျောက်ကွယ် သိမ်မွေ့, မမြင်တွေ့အောင်,
ရုပ်ဆောင် ဖန်ဆင်းနိုင်သော, အဏိမာဘုန်းတော်– ဆိုဒါပေါ့။

တခါထဲ ဗကပြဟ္မာမျက်စိနဲ့တောင်မှ မမြင်ရအောင် ဖျောက် လိုက်တာ ပျောက်သွားတယ်၊ ပျောက်သွားတော့ ဗကကြီးနဲ့ ပြဟ္မာအားလုံးကို ငါဘုရား ဒီနားမှာဘဲ ရှိနေတယ်၊ တခြားကို မသွားဘူးလို့ ဆိုတာလဲ သိအောင်လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဂါထာရွတ်ပြီး အသံပေးလိုက်သေးတယ်။

ဘဝေဝါဟံ ဘယံဒိသွာ, ဘဝဉ္စ ဝိဘဝေသိနံ၊
ဘဝံ နာဘိဝဒိံ ကိဉ္စိ, နန္ဒိံ စ န ဥပါဒိယိံ။

အဟံ-သင်လိုထပ်တူ, နတ်လူပြဟ္မာ, သတ္တာတို့၏, ဆရာစင်စစ် ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ – ဖြင်လျှင်ပျက်မြဲ, မလွဲ

တံထွာ, သံသရာနွှောင်တွင်း, ထောင်အကျဉ်း၌၊ ဘယ်- အို နာ သေ ရေး, ဒုက္ခဘေးမှ, ဧ၍ရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိဿာ ဧဝ - ကောင်းစွာ ပိုင်နင်း, သိမြင်တော်မူခြင်းကြောင့် သာလျှင်၊ ဘဝဥ္စ-ကာမရူပ, အရူပဟု, လောကသုံးဘုံ, အလုံးစုံကိုင်း၊ ဝိဘဝေ သိနံ့–ဘဝကင်းရာ, ရှာကြံပါလည်း, သုံးဖြာ ဘဝ, ကျင်လည်ရ သည့်, မျှားစွ သောင်းသောင်း, သတ္တာအပေါင်းကိုင်း၊ ဒိသွာ- ဆုံးစကုန်စင်, သိမြင်တော်မူရသည်ဖြစ်၍၊ ကိဥ္စိဘဝံ-လူ့ဘုံ နတ်ဘုံ, ဗြဟ္မာ့ဘုံဟု, သုံးဘုံဌာန, တစုံတခုသော ဘဝကိုမျှ၊ နာဘိဝဒိ- စုံစုံမက်မက်, နှစ်သက်ခင်မင်, လိုချင်တောင့်တတော် မမူ၊ နန္ဒိံစ– လူ့ဘုံ နတ်ဘုံ, ဗြဟ္မာ့ဘုံဝယ်, စုံစုံမက်မက်, နှစ်သက်တွယ်တာ, ဘဝတဏှာကိုလည်း၊ န ဥပါဒိယိ-စွဲလမ်းလွတ်ကင်း, အမြစ်ရင်းက, အလျှဉ်းပြတ်စေ, ဖြတ်တောက်တော်မူခဲ့ပေသတည်း။

သာဓု....သာဓု .. သာဓု....။

ဘုရားရှင်က တခြားကိုသွားပြီး ပုန်းနေတယ်လို့ ထင်မှာစိုးလို့ အနားကနေပြီး အသံပေးနေတယ်၊ ဗကရေ—ဘဝဆိုတာ သေးသေး လေးဘဲဖြစ်ဖြစ်, ကြီးကြီးကြီးဘဲ ဖြစ်ဖြစ်၊ သင်စုံမက်နေတဲ့ဘဝ, တွယ်တာနေတဲ့ ဘဝတွေဟာ ဘယ်ဘဝမှ ကောင်းတာ မရှိဘူး၊ ဘာပြုလို့လဲဆိုတော့, မစင်ကျင်ကြီးဟာလေ နဲနဲကလေး သေးသေး ပင် ဖြစ်သော်လဲ စက်ဆုတ်ရွံရှာဘွယ်သာ ဖြစ်သလို, ဘဝလို့ဆိုတာ လဲ ဘယ်လိုဘဝမျိုးဘဲ ဖြစ်ဖြစ်, အို နာ သေတွေနဲ့ ရောပြီးနေလို့ စက်ဆုတ်စရာကြီးဘဲ၊ မစင်မှန်လျှင် စက်ဆုတ် ရွံရှာဘွယ်ဖြစ်သလို, ဘဝဆိုတာလဲဘဲ စက်ဆုတ်စရာအတိ ဖြစ်တယ်။

ဘဝရဲ့ ဒုက္ခသစ္စာပြစ်ချက်ကို ဘုရားရှင်က ကိုယ်ရောင်ဖျောက်ထားတဲ့ ကြားထဲက ဟောနေတာ၊ အဲဒီ ဘဝကို ခင်မင်တွယ်တာနှစ်သက်နေတယ်လို့ ဆိုတာ သမုဒယသစ္စာတဏှာ၊ ဘဝရဲ့အပြစ်ကို မမြင်နိုင်အောင် ဖုံးထား ကွယ်ကာ ပေးထားတာက အဝိဇ္ဇာ၊ ထို ဘဝရဲ့ အပြစ်ကို မသိလို့ စွဲလမ်း နှစ်သက်နေတာက တဏှာ၊ ဒီအဝိဇ္ဇာနဲ့ တဏှာ နှစ်ပါးကြောင့် ဒီဘဝတွေကို ရနေကြတယ်၊ နှစ်သက် တွယ်တာနေကြတယ်၊ ဘဝဆိုတာ ဘာတုန်းလို့ ဆိုရင် ဒုက္ခအစုအဝေးဖြစ်တယ်လို့ မှတ်လိုက်ရမယ်၊ တနည်းလဲ ဘဝဆိုတာ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောရင် ဇာတိ၊ ဇာတိဆိုတာလဲ ရုပ်သစ် နာမ်သစ်ရဲ့ အဖြစ်ဘဲ၊ အဲဒီ အဖြစ်ဆိုတဲ့ ဇာတိ ရှိလာလေတော့။

ဘဝဇာတိ, သူရှိလာလျှင်၊
အို နာ သေရေး, ငိုကြွေးဖျင်ဖျင်၊
**ကိုယ်** စိတ် ဆင်းရဲ, ထန်သဲ ပူပင်၊
ဒုက္ခတုံး, မဆုံး စက်အသွင်... တဲ့။

**ဗကကိုပြတဲ့ သစ္စာ ၄ ပါး**

ဇာတိ ရှိလာလို့ရှိရင် ဇရာ - အိုတယ်၊ ဗျာဓိ - နာတယ်၊ သောက- စိုးရိမ်ရ ပူဆွေးရတယ်၊ ပရိဒေဝ- ငိုကြွေးရတယ်၊ ဒုက္ခ- ကိုယ်ဆင်းရဲရတယ်၊ ဒေါမနဿ- စိတ်ဆင်းရဲရတယ်၊ မရဏ- သေရတယ်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်နဲ့ ကြည့်လိုက်တော့ အကုန် ဒုက္ခတွေ တစဉ်တတန်းကြီး လည်လာတာဘဲ၊ အဝိဇ္ဇာက ဒီပြစ်ချက်တွေကို မသိအောင်လို့ ကာကွယ်ထား ဖုံးထားတယ်၊ ဒါကြောင့်သာ ဘဝကို ခင်မင်နေကြရတာ၊ တကယ်တော့ ခင်မင်စရာကို မဟုတ်ပါ

ဘူး၊ အဲဒါကို ဘုရားရှင် ကိုယ်တော်မြတ်က ကိုယ်ဖျောက်ထားတဲ့ ကြားထဲက နေပြီးတော့ ဘဝဆိုဒါ ဘာတခုမှ မကောင်းဘူး ဗက လို့ ဘဝရဲ့ ဒုက္ခသစ္စာ ပြစ်ချက်ကိုလဲ ပြတယ်၊ အဲဒီ ဒုက္ခသစ္စာ ဘဝရဲ့ ပြစ်ချက်ကြီးကို ခင်မင် တွယ်တာနေတဲ့ တဏှာလောဘ သမုဒယသစ္စာကိုလဲ ပြတယ်။

အဲဒီ သမုဒယသစ္စာ တဏှာလောဘကို ပယ်သတ်နိုင်ခဲ့ရင် ဘဝ တွေ မျိုးပြုတ်မယ်၊ အမြစ်ပြတ်မယ်၊ သမုဒယသစ္စာ တဏှာကိုပယ်ဘို့ ဘဝရဲ့အပြစ်ကို အပြစ်အတိုင်း မြင်ပြီလို့ ဆိုရင်တော့ သမ္မာဒိဋ္ဌိ ပေါ်လာတယ်၊ အဲဒါကိုဘဲ မဂ္ဂသစ္စာလို့ ခေါ်ပြန်တယ်၊ ဒီသမ္မာဒိဋ္ဌိ အမြင်မှန်ဖြင့် မဂ္ဂသစ္စာကိုလဲ ပြတယ်၊ မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိနဲ့ မြင်နေ အောင် ဝိပဿနာအလုပ်ကို ကြိုးပမ်း အားထုတ်မယ်လို့ ဆိုခဲ့ရင် ဒီဘဝတွေရဲ့ အေးရာ, ဒီဘဝတွေရဲ့ ငြိမ်းရာ, ဒီဘဝတွေရဲ့ အပူ ဇာတ် သိမ်းရာ ဝဋ္ဋဒုက္ခကင်းရာ နိဗ္ဗာန်လို့ ခေါ်တဲ့ အအေးဓာတ်ကြီး ဘက်ကို သမ္မာဒိဋ္ဌိ ခေါ်တဲ့ အမြင်မှန်က မျက်နှာ လှည့်နေတယ်၊ ဦးတည် ပေးနေတယ်၊ အဲဒါကိုဘဲ နိဗ္ဗာန်ကို အနုမာနနည်းနဲ့ မျက်မှောက်ပြုနေတယ်လို့ ခေါ်တယ်။

## ဘဝပြစ်ချက်မြင်, သစ္စာ ၄ ပါးဝင်

ဘဝရဲ့ ပြစ်ချက်ကို မြင်တိုင်း မြင်တိုင်း ဒကာ-ဒကာမတွေရဲ့ သဏ္ဍာန်မှာ သစ္စာလေးချက် ပေါ်နေပါတယ်၊ ဘဝဆိုတာ အိုတယ် နာတယ် သေတယ်လို့ ဘဝရဲ့ပြစ်ချက်တွေကို ဉာဏ်ထဲမှာ ခဏလေး မြင်လာအောင်ရှုရင် ဒုက္ခကို ပိုင်းခြား သိတာဘဲ၊ အဲဒီလို သိမြင်လျှင် ဘဝအပေါ်မှာ သာယာတာလေး ပျောက်ကွယ်သွားတယ်၊ ဘဝကို

လိုချင်တဲ့ တဏှာတွေလဲ ပျောက်သွားတယ်၊ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့နေရာတိုင်းမှာ ဒီဘဝကို စက်ဆုပ် ရွံမုန်းပြီး ဘဝမှလွတ်ရာ ရည်မှန်းပြီး လုပ်ရမယ်၊ ဒီဘဝကိုရလာရင် ဒုက္ခ ဒေါမနဿစတဲ့ ဆင်းရဲတွေ နောက်က တသီကြီး လိုက်နေတာပါလားလို့ မြင်လိုက်တော့ ဘဝကို မလိုချင်တော့ဘူး၊ မခင်မင်တော့ဘူး၊ အဲဒါသည်ပင် သမုဒယသစ္စာ တဏှာ ပယ်တယ်လို့ခေါ်တယ်။

ဘာပြုလို့ သမုဒယသစ္စာ တဏှာ သေရသလဲလို့ဆိုရင် ဘဝရဲ့ အပြစ်ကို အပြစ်အတိုင်း မြင်လိုက်လို့၊ အဲဒီအပြစ်အတိုင်း မြင်တာဟာ သမ္မာဒိဋ္ဌိလို့ခေါ်တဲ့ မဂ္ဂသစ္စာဘဲ၊ အဲဒီ မဂ္ဂသစ္စာက ဘယ်ကို ဦးတည်နေပါသလဲလို့ဆိုရင် ဒီဘဝတွေရဲ့လွတ်ရာကို ဦးတည်နေတယ်၊ အဲဒီ လွတ်ရာဆိုတာ နိရောဓသစ္စာ နိဗ္ဗာန်ပါဘဲ၊ တိုက်ရိုက် မျက်မှောက်ပြုတာကတော့ အရိယာမဂ်နဲ့မှ တိုက်ရိုက် မျက်မှောက် ပြုနိုင်ပါတယ်၊ ယခု ပြောနေတာက ဝိပဿနာဉာဏ် (လောကီ မဂ်ဉာဏ်)နဲ့ အနုမာနနည်းနဲ့ မျက်မှောက်ပြုတာကို ပြောနေတာပါ။

"သိ-ပယ်-ဆိုက်-ပွား, ၄ ပါးအချက်, တပြိုင်နက်, မဂ်၏ ကိစ္စတည်း"လို့ ဆိုတဲ့အတိုင်းဘဲ သိ ပယ် ဆိုက် ပွား လေးပါးသော သစ္စာကို တပြိုင်နက်ရသည်၊ အဲဒါကို ဘုရားရှင် ကိုယ်တော်မြတ်က ဗကပြဟ္မာကြီးကို ဟောနေပါတယ်၊ အကျဉ်းကနေပြီး အကျယ်ကို ဟောလိုက်တာ ဗက ပြဟ္မာကြီးနှင့်တကွ ပြဟ္မာပေါင်းတသောင်း မဂ္ဂဖလ အမတပါနံ ပိဝိံသု....မဂ္ဂဖလ အမတပါနံ-မဂ်ဖိုလ် တည်းဟူသော အမြိုက်ရေကို၊ ပိဝိံသု - သောက်သုံးကြရကုန်ပြီ၊ ဗကပြဟ္မာကြီး ကျွတ်သွားပြီနော်၊ ဒါ့ကြောင့်....

ဗကဋ္ဌ - ဉာဏ်မြင်ကင်းကွာ၊ နိစ္စသာဟု၊ မိစ္ဆာလွှမ်းမိုး၊ အယူဆိုးသည့်၊ တန်ခိုးအရောင်၊ ထိန်ပြောင်ငြိုးငြိုး၊ ဗကဗြဟ္မာကြီးကိုလည်း၊ အစိန္တိ - ဒိဋ္ဌိကိုချ၊ ဒေါသကိုပယ်၊ မာနစွယ်ကိုချိုး၊ သဒ္ဓါဖြိုးလျက်၊ ရှိခိုးတုပ်ကွ၊ ပြားပြားကျအောင်၊ ဆုံးမသွန်သင်၊ အောင်ပွဲတော်ယင်ခဲ့လေပြီ တကား။

သာဓု.... သာဓု.... သာဓု။

ကဲ— ဒီနေ့ညလဲ ဗကဗြဟ္မာကြီးကို အောင်မြင်တော်မူပုံကို အာရုံပြုပြီး လက်အုပ်ချီမိုး ရှိခိုးလျက် လင်္ကာလေး လိုက်ဆိုလိုက်ကြရင်း တရားသိမ်းကြရအောင် ကိုင်း- လိုက်ဆိုလိုက်ကြစမ်းပါ။

ဗြဟ္မာညစ်မျိုး၊ ဖျက်ချိုး အောင်မြင်၊
ဘုန်းတော်ရောင်လျှမ်း၊ အောင်ပန်းသခင်၊
လက်အုပ်မိုး၍၊ ခိုရှိုးဦးတင်၊
အောင်စေကြောင်း၊ ဆုတောင်း ပဏာဆင်။

သာဓု.... သာဓု.... သာဓု။

ဗကဗြဟ္မာကို အောင်မြင်တော်မူပုံ
ပြီး၏။

အောင်ခြင်းရှစ်ပါးတရားတော် ပြီးပြီ။

ပဉ္စမအကြိမ်

အုပ်ရေ (၂၀၀၀)

မျက်နှာဖုံးရိုက် — "လွင်"

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၀၉၃၅)

ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့်အမှတ် (၀၁၂၅)

ထုတ်ဝေသူ — ဒေါ်ခင်ခင်

မှတ်ပုံတင်အမှတ် (၀၃၀၁၁)

စာပေတိုက်အမည် — သရိုင်စာပေ

အမှတ် (၅၀၇) ၃၆/၃၇-လမ်းကြား၊ ၈၂-လမ်း, မန္တလေး။

ပုံနှိပ်သူ — ဒေါ်ခင်ခင်, လွင်ပုံနှိပ်တိုက်

မှတ်ပုံတင်အမှတ် - (၀၂၆၃၄)

တာဝန်ခံဖြန့်ချိသူ — ဒေါ်ခင်ခင်

အမှတ် (၅၀၇) ၃၆/၃၇-လမ်းကြား၊ ၈၂-လမ်း, မန္တလေး။



# ဂျင်ကရှနမူတိသ
# ၏
# အောင်ငြိမ်းချမ်း
# တရားတော်